
www.burmeseclassic.com




မြန်မာ့သာသနာမော်ကွန်းတင်

# ဓမ္မဒူတ

တတိယတွဲ

ဓမ္မာစရိယဦးဒွေးလှိုင်

ပန်းချီစံတိုး

www.burmeseclassic.com

www.burmeseclassic.com

# ဓမ္မ ဒူတ ဩဝါဒတော်

စရထ ဘိက္ခဝေ စာရိကံ ဗဟုဇနဟိတာယ ဗဟုဇနသုခါယ လောကာနုကမ္ပာယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ၊ မာ ဧကေန ဒွေ အဂမိတ္ထ။

(ဝိနယ မဟာဝဂ္ဂပါဠိတော်)

BURMESE CLASSIC

ရဟန်းတို့၊ များစွာသောလူတို့၏ အစီးအပွား ဖြစ်ခြင်းငှာ၊ ချမ်းသာခြင်းငှာ၊ လောကကို စောင့်ရှောက်ရန် အလို့ငှာ၊ နတ်လူတို့၏ အကျိုးစီးပွားဖြစ်ခြင်း ချမ်းသာခြင်းငှာ ဒေသစာရီ လှည့်လည်ကုန်လော့။ ခရီး တကြောင်းလျှင် နှစ်ပါးမသွားကြကုန်လင့်။

www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓအသံစာစဉ်အမှတ် - ၁၀

# ဓမ္မဒူတ

(တတိယတွဲ)

## ဓမ္မာစရိယဦးဓွေးလှိုင်

BURMESE CLASSIC .com

ရေးသားစီစဉ်သည်။

ဖြန့်ချိရေး

ဗုဒ္ဓအသံစာပေ

စာတိုက်ဘူးအမှတ်-၁၃၂၃။

ဗဟိုစာတိုက်ကြီး၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com


ဘာသာရေးဆိုင်ရာ ခွင့်ပြုချက်အမှတ် ၆၇၂/၉၁ (၁၀)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၁၅၉/၉၁ (၁၂)

* ပုံနှိပ်ခြင်း - (ပထမအကြိမ်)
၁၉၉၁ ခု၊ ဒီဇင်ဘာလ
* အုပ်ရေ - ၂၀၀၀
* တန်ဖိုး - ၈၀ိ
* အဖုံးပန်းချီ - စံတိုး
* အဖုံးရိုက် - ဦးစံလှ (မြ-၀၂၂၀၉)
စိုးမိုးမိတ်ဆက်ပုံနှိပ်တိုက်
၁၄၆၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။
* ထုတ်ဝေသူ - ဒေါ်ကြင်မြင့် (မြ-၀၂၀၀၉)
ဗုဒ္ဓအသံစာပေ၊ ၁၉ (စ) မြစပါယ်လမ်း၊
(၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။
ဖုန်း - ၆၅၂၁၁။
* ပုံနှိပ်သူ - ဒေါ်မြရီ (၀၁၄၁၃)
ကျော်ဝင်းဆွေပုံနှိပ်တိုက်
၁၃-အေ၊ ၉၈-လမ်း၊ ကန်တော်ကလေး။
ရန်ကုန်မြို့။
* စာအုပ်ချုပ် - အောင်ဝင်း စာအုပ်ချုပ်လုပ်ငန်း။

www.burmeseclassic.com

www.burmeseclassic.com



## မာတိကာ


ရှေးဦးအမှာစကား ၅

ဒါနကထာ

သံဃာတစ်သိန်းခွဲ ကိုယ်တိုင်ဆွမ်းချက်ကပ်သူ

၁။ ရွှေသီ၏ ရေအလှူ ၁၃

၂။ ဦးဘတုတ်၏ မျက်မှောက်ဒါနအကျိုးပေး ၂၆

၃။ ရုပ်ရှင်ဇာတ်လိုက် ကျောင်းအမကြီး မငွေစိန် ၃၄

သီလကထာ

၄။ ဓမ္မကဗျာဆရာ၏ နှလုံးသားထဲက ရွှေစေတီများနိုင်ငံ မြန်မာပြည် ၅၃

၅။ မြန်မာနိုင်ငံမှ အံ့ဖွယ် ဆဒ္ဒန်ဆင်မင်းကြီး ၈၀

၆။ ရခိုင်ပြည်က နဂါးဥပုသ်သည်များ ၁၀၀

၇။ ဥပုသ်စောင့်သော ငါး၏ကတိသစ္စာ ၁၀၅

၈။ ဖခင်ကိုသတ်သူနှင့် မိခင်ကိုပါးရိုက်၍ မြေမျိုခံရသူ ၁၁၃

၉။ ကိုယ်တွေ့ ရုက္ခစိုးနတ်သမီးဝတ္ထု ၁၂၇


www.burmeseclassic.com

www.burmeseclassic.com



## သင္ဂကထာ

- ငါမှားလျှင် သူတစ်ပါးအပြစ်ကို ငါခံမည်
၁၀။ ကျတ်တီးကုန်းမှာပွင့်သောပန်း ၁၆၄
၁၁။ ညောင်တုန်းမြို့ ဒုတိယစံကျောင်းဆရာတော်ကြီး၏ အံ့ဖွယ်သစ္စာ ၁၇၆
၁၂။ ဗိုလ်ကလေးဦးသက်ရွှေ၏ မဇ္ဈိမဒေသ ဝါတော်စဉ် ဆုတေသနခရီးနှင့် ကိုယ်တွေ့သစ္စာအစွမ်း ၁၈၃
၁၃။ ဘုရားကြည်ညိုမှုအရာတွင် စံတင်လောက်သော သစ်ဆိမ့်ကြီးရွာ ဥပါသကာကြီး ၁၉၉

## မင္ဂကထာ

- မြန်မာနိုင်ငံမှ အနာဂါမ်ယောဂီမတစ်ဦး
၁၄။ မြန်မာပြည်က တရားအားထုတ်သောတိရစ္ဆာန်ကလေးများ ၂၁၄
၁၅။ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး ဒေါ်ဝဏ္ဏ ၂၂၃

## သာသနာ့ဝံသကထာ

- သထုံမြို့က တကယ့်သံဃာညီညွတ်ရေး
၁၆။ ကမ္ဘာသိ သာသနာပြုမြန်မာ့ပုဂ္ဂိုလ်ကျော် ကုသိနာရုံ ဆရာတော် စန္ဒြမဏိ သာသနာပြုစံချိန်ချိုးလိုက်ခြင်း ၂၄၉
၁၇။ သာကီဝင်နီပေါနိုင်ငံ၌ အသက်စွန့်၍ ထေရဝါဒ သာသနာထူထောင်ကြပုံ ၃၃၅
၁၈။ လွန်ခဲ့သော နှစ်ပေါင်း ၁၃၀ ကျော်က ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ရာဇဂုရုသုံးဘွဲ့ရ ပထမဆုံး မြန်မာ့သာသနာပိုင်ဆရာတော်ဘုရားကြီး ၃၆၉
၁၉။ နှစ်ပေါင်းလေးရာကျော်က မြန်မာနိုင်ငံဇောတိဂိုဏ်းအကြောင်း ၃၉၃

မာတိကာ ပြီး၏။

www.burmeseclassic.com

www.burmeseclassic.com

## နိဒါန်းစကား

'ဓမ္မဒူတ၊ မြန်မာ့သာသနာ မော်ကွန်းတင်'ဟူသော စာတန်းအရ ဓမ္မဒူတစာစဉ်သည် မြန်မာ့သာသနာကို မော်ကွန်းတင်သော စာစဉ်ဖြစ်ပါသည်။ ကမ္ဘာအရပ်ရပ် သာသနာတော် ၂၅၀၀ ခရီးတစ်လျှောက် ဖြတ်သန်းခဲ့ရာ ဒေသတို့၌ သာသနာနှင့်စပ်၍ မှတ်သားဖွယ်ဖြစ်ရပ်များ ကျန်ရှိနေတတ်ပါသည်။

ထိုထိုဖြစ်ရပ်များကို ပညာရှင်များက မှတ်တမ်းပြုလုပ်ထားလေ့ရှိကြပါသည်။ ဥပမာ

- အိန္ဒိယ၌ဖြစ်ပျက်ခဲ့သော ဖြစ်ရပ်များ ( ဇမ္ဗူဒိပုပ္ပတ္တိကထာ ခေါ်ရသဝါဟိနီ )
- သီဟိုဠ်-သီရိလင်္ကာဖြစ်ရပ်များ (မဓုရရသ ဝါဟိနီနှင့် သဟာဿဝတ္ထုစသည်) ယင်းဖြစ်ရပ်များကို ပါဠိဘာသာဖြင့် မှတ်တမ်းတင်ထားကြသည်ဖြစ်၍ နောင်လာနောက်သားတို့အား ရာစုနှစ်ပေါင်းများစွာ သင်ခန်းစာပေးနေကြပေလိမ့်ဦးမည်။

မြန်မာနိုင်ငံမှ ကောင်း-ဆိုးဖြစ်ရပ်များကိုလည်း ယင်းသို့ မှတ်တမ်းတင်ထားရန် ရည်ရွယ်ပါသည်။ ဤ ဓမ္မဒူတစာစဉ်သည် မြန်မာနိုင်ငံမှ (သုစရိုက်၊ ဒုစရိုက်နှင့်စပ်သော) ကောင်းဆိုး ဖြစ်ရပ်များကို အကြမ်းဖျင်းမှတ်စုထားခြင်းမျှသာ ရှိပါသေးသည်။ ပို၍ ခိုင်မာသည်ဟု ယူဆရသော ဖြစ်ရပ်များကို ရွေးထုတ်၍ ပါဠိဘာသာ စသည်တို့ဖြင့် မှတ်တမ်းတင်ရန်ဖြစ်ပါသည်။

စိတ်ပါဝင်စားသော စာရေးဆရာများကလည်း စိတ်ကူးယဉ်ဝတ္ထုများကို ထုတ်လုပ်ကြမည့်အစား တကယ့် ဖြစ်ရပ်များကို အပိုအချဲ့မပါ အဖြစ်မှန်အတိုင်း ရေးသားလိုစိတ်များရှိလာရန် အရေးကြီးပါသည်။ ဤဓမ္မဒူတစာစဉ်ပါ ဖြစ်ရပ်မျိုးကို စာရေးကောင်းတိုင်း ရေးလို့မရနိုင်ပါ။ ရှေးမီနောက်မီပုဂ္ဂိုလ်များထံ

www.burmeseclassic.com



ချဉ်းကပ်၍၊ သို့မဟုတ် ကာယကံရှင်ထံ ချဉ်းကပ်၍ တကယ့်ဖြစ်ရပ်မှန်များကို 'ဆည်းစု' လေ့လာနိုင်မှုသည် ပဓာနဖြစ်ပါသည်။

ကျွန်ုပ်သည် သတ်မှတ်ထားသော မကြီးမငယ်စာတစ်အုပ်ကို တစ်လနှစ်လခန့်မျှဖြင့် အပြီးရေးပါသည်။ ထိုသို့ရေးနိုင်ရန် လေ့မှတ်ဖတ်ရှုခြင်းကိုမူ ကာလအတန်ကြာ အချိန်ယူထားခဲ့ရပါသည်။ ကိုယ်ပိုင်ဟန်ဖြင့် ရေးရသော စာတစ်အုပ်ကို တစ်လနှစ်လဖြင့် ရေးနိုင်သော်လည်း ဤမဇ္ဈိမဒေသတစာအုပ်မျိုးကိုမူ တစ်လနှစ်လနှင့် မရပါ။ တစ်နှစ် ၂ နှစ်နှင့်လည်း မရပါ။ အနည်းဆုံး သုံးလေးနှစ် အချိန်ယူရပါသည်။

ဤမဇ္ဈိမဒေသ (တတိယအုပ်) ကို ပြုစုနေရသည်မှာ သုံးနှစ်ကျော်သွားပါသည်။ ရေးပြီးသောအခါတွင်လည်း စာမူ အစစ်ဆေးခံရခြင်း၊ စက်တင်ပုံနှိပ်ရခြင်းများအတွက် နောက်ထပ် အနည်းဆုံး တစ်နှစ် အချိန်ပေးရပါသည်။ ကိုးလလွယ်၊ ဆယ်လဖွားရသော ဒုက္ခကြီးကြောင့် နောက်ထပ် သားမလိုချင်တော့သော မိခင်၏ခံစားမှုမျိုး ဖြစ်ရပါသည်။ ဖွံ့ဖွံ့ထွားထွား မွေးဖွားလာသော ကလေးငယ်၏မျက်နှာကို မြင်ရပြန်တော့လည်း ကိုယ်ဝန်ဆောင်ရမည့် ဒုက္ခကြီးကို မေ့နေတတ်ပြန်ပါသည်။

မည့်သို့ဖြစ်စေ မျှော်လင့် စောင်စားနေကြသော ကျွန်ုပ်၏ စာဖတ်ပရိသတ်များအတွက် ဤမဇ္ဈိမဒေသ (တတိယအုပ်) လည်း တန်ဖိုးမဖြတ်နိုင်သော ဘာသာရေးအသိဉာဏ်များကို ပေစွမ်းနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

အထူးသဖြင့် ဤတတိယအုပ်တွင် သာသနာပြုအာဇာနည် မြန်မာရဟန်းတော်များ၏ -

၁။ ဗုဒ္ဓပွင့်ရာ မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံကြီး၌ ပြန်လည်၍ ထေရဝါဒသာသနာ မျိုးစေ့ချပုံသမိုင်း၊

၂။ ဗုဒ္ဓဇာတိ နီပေါနိုင်ငံ၌ ရာစုနှစ်ပေါင်းများစွာ ဆိတ်သုဉ်းနေခဲ့သော ထေရဝါဒသာသနာကို အသက်စွန့်၍ ပြန်လည်ထူထောင်ကြပုံ၊

၃။ လွန်ခဲ့သောနှစ်ပေါင်း ၁၃၀ ကျော်မှစ၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ထေရဝါဒသာသနာ ပြန်လည်ထူထောင်ပုံတို့ကို လက်လှမ်းမီသမျှ ရသမျှ အထောက်အထားဖြင့် သမိုင်းမော်ကွန်း ထိုးလိုက်ပါသည်။ ဆက်လက်၍လည်း ကွင်းဆင်းလေ့လာရန် စီမံထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



(မှတ်ချက် ။ ။ မဏိပူရ အာသံ၌ ထေရဝါဒ ပြန်လည်ထူထောင်ပေးခဲ့ပုံကို ဓမ္မဒူတပထမတွဲ၌ ပြည့်စုံဖော်ပြခဲ့ပြီး။)

အိမ်နီးချင်းနိုင်ငံများ ဒေသများအတွက် သာသနာပြုအာဇာနည် မြန်မာ ရဟန်းတော်များ မည်မျှဒုက္ခခံ၍ သာသနာပြုအောင်မြင်ခဲ့ကြသည်ကို ကြည်ညို အားကျရန် ဖြစ်ပါသည်။ ပစ္စည်းလေးပါး တတ်နိုင်သူများကလည်း စွမ်းအားရှိသမျှ ပံ့ပိုးကြရန် ရည်ရွယ်ပါသည်။ သာသနာ့အာဇာနည်များကမူ သာသနာပြု "လက်ထုတ်"များကိုသာမက ယခုအခါ ထေရဝါဒနယ်ပယ်သစ်များကိုပင် ကမ္ဘာနှင့်အဝှမ်း ထွန်းဆောင်တော်မူနေကြပေပြီ။

နိုင်ငံတော် အစိုးရတို့ကလည်း သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနကြီးတစ်ခုဖွင့်ခဲ့ကာ ပြည်တွင်းပြည်ပ ဆတက်ထမ်းပိုးတို့၍ သာသနာပြုနိုင်ကြစေရန် စီမံဆောင်ရွက်လျက်ရှိနေသည်ကို အများအသိပင် ဖြစ်ပါသည်။ သမိုင်းအဖြစ်သို့ မရောက်လာသေးသော လုပ်ဆောင်ချက်များကိုမူ သာသနာတော် စစ်ကြောင်းအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များကိုယ်တိုင် မလစ်မလပ် မှတ်တမ်းတင်ထားကြရန် အထူးမေတ္တာရပ်လိုပါသည်။

ယနေ့ မြန်မာနိုင်ငံ၏ သာသနာတော်စစ်ကြောင်းအသွယ်သွယ်တို့မှာ အားရဖွယ် ကောင်းလှပါသည်။ ရှေးကနှင့်စာလျှင် ဘာသာဝါဒ လေ့လာလိုက်စားသည့် လိုက်နာကျင့်သုံးသူတို့ အရေအတွက်လည်း အံ့သြလောက်အောင် တိုးတက်လာနေကြောင်း အလွန်ထင်ရှားပါသည်။ အလွန်လည်း ဝမ်းမြောက်ရပါသည်။

စာရေးသူ၏ မုဂ္ဂလိကထိတွေ့မှု အတိုင်းအတာကလေးမျှနှင့်ပင် အရှိန်အဟုန် တိုးတက်လာနေသည်ကို မြင်နေရပါသည်။

- စာရေးသူ၏စာအုပ်များ ဖတ်ရှုအားကျပြီး တောတောင်အတွင်း လှည့်လှည်လျက် သုံးလေးနှစ် တရားအားထုတ်ပြီး လာရောက် ကျေးဇူး စကား မိန့်ကြားသော တောရယောဂီ ရဟန်းတော်များ၊
- မြန်မာပြည်အစွန်အဖျား ဒေသများမှာပင် ကျွန်ုပ်တို့ထံလာရောက်၍ ကျေးဇူးစကားဆိုလာသူများ၏ တိုးတက် အောင်မြင်မှုများ၊
- နိုင်ငံရပ်ခြား ရဟန်းရှင်လူ ပုဂ္ဂိုလ်များထံမှ အကူအညီ တောင်းခံလွှာများနှင့် ကျေးဇူးတင်လွှာများ၊
- ဘယ်စာအုပ် ဘယ်စာအုပ် ဖတ်ရ၍ဟုဆိုကာ ဘာသာ အသီးသီးမှ

www.burmeseclassic.com

www.burmeseclassic.com



-ကူးပြောင်းကာ "ဗုဒ္ဓဘာသာဝင်ဖြစ်ရသည့်အတွက်ဝမ်းမြောက်ကြောင်း" လာရောက်ပြောဆိုသူများ များပြားလာခြင်း၊
-ကမ္ဘာ့ပိဋကတ်တိုက်ကြီး စာကြည့်တိုက်ကြီး ၂၂ တိုက်အတွက် ကျွန်ုပ်တို့၏ စာအုပ်များ အစုံလိုက် ၂၂ စုံပေးပို့ရခြင်း စသော အခြေအနေများသည် စာရေးသူ ပုဂ္ဂလိက ဝမ်းမြောက်ရခြင်း ထက် ပိုလွန်သော ဓမ္မပီတိများ ခံစားရပါသည်။

ဤသည်ပင် ပုဂ္ဂလိက အတိုင်းအတာအရ ခန့်မှန်း၍ရသော မျက်မှောက်ခေတ် သာသနာရေးအခြေအနေ ဖြစ်ပါသည်။ တကယ်တော့ ကျွန်ုပ်တို့၏ ပုဂ္ဂလိက အတိုင်းအတာသည် လက်ရှိအရှိန်အဟုန်နှင့်စာသော် လွန်စွာ ကျဉ်းမြောင်း၍ နေပေလိမ့်ဦးမည် ဖြစ်ပါသည်။

ဓမ္မဒူတစာစဉ်အတွက် စာမူရှာဖွေဖတ်ရှု တည်းဖြတ်ရသော တာဝန်သည် ကိုယ်ပိုင်ရေးရသည်ထက် ပင်ပန်းလွန်းပါသည်။ ထို့ကြောင့် ဤတတိယအုပ်ပြီးလျှင် ဓမ္မဒူတစာစဉ်ကို ကာလအတန်ကြာ ရပ်နားထားဦးမည်ဖြစ်ကြောင်း စာရှုသူများအား ပြောကြားပါရစေ။

နိဂုံးချုပ်အားဖြင့် ဤစာအုပ်တွင် ဖော်ပြထားသော စာမူများကို မူလရေးရင်း ပုဂ္ဂိုလ်များအား အထူးကျေးဇူးတင်ကြောင်း ဖော်ပြဂုဏ်ပြုအပ်ပါသည်။ စာအုပ်ပုံနှိပ်ရာ၌ ကြိုတင်စိစစ် တည်းဖြတ်ပေးသူ မြန်မာပြည်စာအုပ်တိုက် ဆရာကြီး မြင့်ဆွေ၊ ကျော်ဝင်းဆွေ ပုံနှိပ်တိုက်၊ ဖိုမင် ဦးလှသိန်းနှင့် စာစီပညာရှင်များအားလုံး အထူးကျေးဇူးတင်ရှိပါကြောင်း။

ဤစာအုပ်နှင့် စပ်သမျှ ကိုယ်စိတ်နှလုံး ချမ်းမြေ့ကြပါစေ။

ဋ္ဌေးလှိုင်
(ဓမ္မာစရိယဦးဋ္ဌေးလှိုင်)

ဒုတိယဝါဆိုလဆန်း (၁)ရက်
၁၃၅၃-ခုနှစ်၊ (၁၂-၇-၁၉၉၁)၊
ကမ္ဘာအေး၊ ရန်ကုန်။

www.burmeseclassic.com

www.burmeseclassic.com

## မကြားဖူးသော အံ့ဖွယ်အလှူကြီး

ရဟန္တာဟု ကျော်ကြားသော ဘုန်းတော်ကြီး ဦးသီလ ၁၂၆၂-ခုနှစ်က တည်ခဲ့သော ညောင်တုန်း ရွှေဟင်္သာတောရကိုက်ကြီးကား သံဃာ ၂၀-မှ စခဲ့ရာ၊ ယခု နှစ်ရာကျော်၊ သို့သော်. . . .

သံဃာများ ဆွမ်းခံမကြွရ၊ မထေရ်ကြီးတစ်ပါးက ဆွမ်းခံကျွေး၍ ရသမျှနှင့် မျှတကာ စာကိုသာ ကြိုးစားကြရသည်၊ နေ့စဉ် ဆွမ်းနှင့် ဟင်းအိုးကြီး နှစ်လုံးသာ ချက်ရသည်။ ဟင်းတစ်အိုး ၄ဝိ-ခန့်မျှသာ ကုန်ကျခဲ၏။ တစ်ပါးလျှင် အိုးကြီးဟင်း ပြား၄၀-ဖိုး၊ ပိုးထိုးငရုတ်သီးမှုန့် ပေါလောပေါ်သော ငါးပိရေကျဲ တစ်ခွက်နှင့် တို့စရာ၊ ခဲဆွမ်းမှ ဟင်းတစ်ခွက်၊ နေ့စဉ် ဤမျှသာ။

ယင်းကို သိထားသော ပန်းတနော်မြို့မှ ကိုင်းလုပ်သားကြီး ဦးအောင်ချစ်ဖေ၊ ဒေါ်သောင်းကြည်တို့ မိသားစုက နှစ်သုံးဆယ်ကျော် ဆွမ်းကပ်ခဲ့ကြဖူးရာ၊ ၁၃၂၉-ခုနှစ်မှစ၍မူ နှစ်စဉ် တစ်လတိတိ ကိုယ်တိုင် ကျောင်းလာ ချက်ပြုတ်၍ မွန်မွန်မြတ်မြတ် ဆွမ်းဆက်ကပ်ကြသည်။ ထင်းခွဲ ရေခပ်က အစ လူမငှား၊ မိသားစု လုပ်အားလှူကြသည်။

'မြန်မာနိုင်ငံမှာ ရှေးက မကြားဖူး၊ မရှိဖူးသော အံ့ဖွယ်အလှူကြီး'ဟု စစ်ကိုင်း အဘိဓဇရွှေဟင်္သာဆရာတော်ကြီးက ဂုဏ်ပြု၏။ သို့သော် ဆွမ်းဒကာက သူ့အကြောင်းမေးလို့ မပြောလို။ အထင်ကြီးမှာကိုလည်း မခံချင်၊ ထင်ပေါ်မှုလည်း မကြိုက်။ အိမ်မှာလည်း နေ့စဉ် အသားကို ဆွမ်းလောင်း၊ အမြီးနှင့်ခေါင်းမျှသာ စားတတ်ကြရာ၊ ရံခါ သားသမီးငယ်များက ညည်းညူလျှင် ဤသို့ပြောလေ့ရှိ၏။ " ကိုရင် ဦးပဉ္စင်းတွေ နေ့ရောညပါ တစာစာ အံရတဲ့စာနှင့် နင်တို့သင်ရတဲ့စာ ဘာမှမဆိုင်ဘူး၊ ဒီလောက် စားရတာ ကျေနပ်ကြ" ဟူသတည်း။

ရွှေဟင်္သာတောရ ၈၅-နှစ်မြောက် စာစောင်မှ။

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




ကျောင်းအစ်မကြီးဒေါ်ဥ
(မိုးတား)

www.burmeseclassic.com

www.burmeseclassic.com



ပန်းတနော်–ညောင်တုံးမြို့မှ
အသဒိသ ဆွမ်းဒကာမိသားစု၊



ရွှေလီမြစ်ရိုးမှ မျက်မှောက်ဒါန
အကျိုးပေးသူ ဦးဘတုတ် မိသားစု

www.burmeseclassic.com

www.burmeseclassic.com

# ရွှေသီ၏ ရေအလျဉ်

## (၁)

အချိန်ကား ၁၉၅၉-ခုနှစ်၊ ဒီဇင်ဘာလ။

နေရာကား စစ်ကိုင်းတိုင်း ကသာမြို့နယ်၊ မိုးတားမြို့။

"သား . . . အမေဟာ ဒီအကြောင်းကိုပြောရင် နေမကောင်းချင်ဘူး၊ ဒါ့ကြောင့်မို့ ဒီအကြောင်း ဘယ်သူ့ကိုမှ အမေ မပြောဘူး၊ ဒါပေမယ့် သားက ရန်ကုန်ပြောင်းမှာမို့ သားအကျိုးကိုငဲ့ပြီး အမေ ပြောရတာပေါ့၊ ကဲ . . . သေသေချာချာ နားထောင်။

"ဟို . . . အရင်တုန်းက အမေတို့ မိုးတားမြို့ဦး အရှေ့စူးစူး တောင်ကုန်းမြင့်ပေါ်က ဗောဓိကျောင်းဆိုတာ ရှိတယ်သားရဲ့၊ ကျောင်းခြေရင်းက နေပြီး ဧရာဝတီမြစ်ထဲကို ဆင်းတဲ့ သစ်သားလှေကား တံတားကြီးကလဲ အရှည်ကြီးပဲ ဆောက်လုပ်ထားကြတယ်၊ ဒီတံတားက အခုလဲရှိနေတာ သားအမြင်ပဲလေ၊ အမေပြောချင်တာက ဟို . . . ရှေးရှေးတုန်းက အဲဒီတံတားထိပ်က အိမ်ကလေးတစ်အိမ်မှာ ရွှေသီဆိုတဲ့ မိန်းကလေးတစ်ယောက် ရှိခဲ့ဖူးတယ်၊ အဲဒီအချိန်က သူ့အသက် ၁၄ နှစ်လောက်ပဲ ရှိဦးမယ်"

ကျွန်ုပ်၏ မွေးသည့်မိခင် ကျေးဖူးရှင်ကြီးသည် ရန်ကုန်သို့ နှစ်ရှည်လများ ခွဲခွာသွားရမည့် သားဖြစ်သူ ကျွန်ုပ်အား ကြည့်လိုက်၊ တစ်စုံတစ်ရာ လေးလေးနက်နက် စဉ်းစားလိုက်နှင့် ပြောဆိုနေ၏။ ကျွန်ုပ်မှာ တစ်စုံတစ်ရာ ဝင်ရောက်မေးမြန်းခြင်းမပြုဘဲ မိခင်ကြီးစကားကိုသာ နားစိုက်နေမိပါသည်။

သို့ရာတွင် 'ဒီအကြောင်းကိုပြောရင် အမေ နေမကောင်းချင်ဘူး' ဆိုသည်ကိုတော့ နားမရှင်းလှပါ။ မိခင်ကြီးက စကားကိုဆက်ပြန်၏။

"အဲဒီ ရွှေသီတို့မိသားစုဟာ အလွန့်ကို ဆင်းရဲရှာကြတယ်၊ လယ်လုပ်သူက လုပ်၊ ရက်ကန်းရက်သူက ရက်၊ မုန့်တီဟင်းချို လုပ်ရောင်းသူက

www.burmeseclassic.com

www.burmeseclassic.com



ရောင်းတယ်၊ ဒီလို ဆင်းဆင်းရဲရဲနှင့် မိဘကို လုပ်ကျွေးရတာ ရွှေသီက အားမရဘူး၊ ချမ်းသာချင်တယ်၊ သူများတကာတွေ ချမ်းချမ်းသာသာနှင့် နေထိုင်စားသောက်ကြရတာ မြင်လေ သူ့မှာ စိတ်မချမ်းသာလေ ဖြစ်နေရှာတယ်။

တစ်နေ့တော့ ကံအားလျော်စွာ ဗောဓိကျောင်းဆရာတော်ထံ ရောက်သွားပြီး သူ့စိတ်ထဲ ရှိတဲ့အတိုင်း ရွှေသီလေးက ဆရာတော်ကို ခုလို လျှောက်တယ်"

(၂)

ရွှေသီ။ ။ ဆရာတော်ဘုရား၊ တပည့်တော်မတို့ မိသားစုဟာ ဆင်းရဲလိုက်တာ၊ ဘာဖြစ်လို့ ဆင်းရဲရတာလဲဘုရား။

ဆရာတော်။ ။ ရှေးရှေးဘဝတွေတုန်းက ကိုယ်ပြုခဲ့တဲ့ အလှူဒါန နည်းခဲ့လို့ပေါ့ တဲ့။

ရွှေသီ ။ ။ ခုဘဝလှူရင် နောက်ဘဝမှာ ချမ်းသာမှာလားဘုရား။

ဆရာတော်။ ။ ချမ်းသာမှာပါ တဲ့။ နင် ချမ်းသာချင်ရင် တစ်ခုခု လှူပေါ့။

ရွှေသီ ။ ။ တပည့်တော်မတို့မှာ သူများနည်းတူ လှူစရာပိုက်ဆံမှ မရှိတာ၊ ဘယ်ကလာ လှူနိုင်ပါ့မလဲဘုရား။ မရှိလို့ မလှူ မလှူလို့ မရှိဆိုတာ တပည့်တော်မတို့လို ဆင်းရဲသားတွေကို ပြောကာပဲ မဟုတ်လားဘုရား။ ချမ်းသာဖို့ရာ ကမ်းမမြင်လမ်းမမြင်မို့ တပည့်တော်မတို့မှာ စိတ်အားငယ်ပါတယ်။ တစ်ခါတလေများ ဝမ်းနည်းလွန်းလို့ အသံကုန် ဟစ်ပြီးတော့တောင်မှ အားရပါးရ ငိုလိုက်ချင်တယ် ဘုရား။

ဆရာတော် ။ ။ ဖြစ်မှဖြစ်ရလေ ရွှေသီရယ် (ဧရာဝတီမြစ်ကြီးကို လက်ညှိုးထိုးလျက်) ဟိုမှာ ကြည့်စမ်း၊ အဲဒီ ဧရာဝတီမြစ်ရေတွေကို ပိုက်ဆံပေး ဝယ်ရသလား။

ရွှေသီ ။ ။ ပိုက်ဆံပေး မဝယ်ရပါဘုရား။

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်။ ။ ဒီလိုဆိုရင် နင် ဘုရားတရားသံဃာ ရတနာသုံးပါးကို ရေလှူဖို့ ပိုက်ဆံရှိစရာ လိုသေးသလားတဲ့။

ရွှေသီ။ ။ ဒါတော့ ပိုက်ဆံရှိဖို့ ဘယ်လိုမှာလဲဘုရား။

ဆရာတော်။ ။ အေး . . . ပိုက်ဆံမရှိပေမယ့် ကုသိုလ်လိုချင်ရင် အဲဒီ ဧရာဝတီမြစ်ထဲက ရေတွေဟာ လူတိုင်း လှူလို့ရပါတယ်။ ရေလှူတဲ့သူဟာ ဆုမတောင်းဘဲနဲ့ ရေအကျိုး(၁၀)ပါး ရတယ်လို့ ရွှေသီ ကြားဖူးတယ်မဟုတ်လား။

ရွှေသီ ။ ။ မှန်ပါ တပည့်တော်မ ကြားတော့ ကြားဖူးပါတယ်ဘုရား။ ဘာတွေဘာတွေဆိုတာသာ မသိတာ၊ ဆရာတော် အမိန့်ရှိပေးပါလားဘုရား။

ဆရာတော်။ ။ အေး . . . သိချင်ရင် ငါ ပြောပြမယ်၊ နင် သေသေချာချာ နားထောင်၊ အလှူဒါနဆိုတာ ပိုက်ဆံရှိမှ မဟုတ်ဘူးဟဲ့၊ ရေလှူရင် လှူတဲ့သူမှာ-

(၁) ကျော်စောသတင်း ပျံ့လွင့်ခြင်း၊ ကျော်ကြားမယ်ပေါ့ဟယ်။ တချို့ လူတွေထဲမှာ ပညာလဲတတ်တယ်၊ ဥစ္စာလဲရှိတယ်။ ရာထူးဂုဏ်သိန်လဲ ရှိမယ်။ ဒါပေမယ့် ထိုက်ထိုက်တန်တန် ကျော်စောချင်မှ ကျော်စောတယ်။

(၂) ကိုယ်ခန္ဓာ၌ စင်ကြယ်ခြင်း၊ တချို့မှာ မွေးကတည်းက ရေဆေးငါးလို ဖွေးလို့ လှလို့ စင်စင်ကြယ်ကြယ် သန့်သန့်ရှင်းရှင်း ရှိတယ်။ တချို့မှာတော့ အမွေး အမှင်တွေ၊ အမာရွတ်တွေ ရှုပ်လို့ထွေးလို့ ကြေးတွေညှော်တွေနဲ့ ရေချိုးပေမယ့် မစင်ကြယ်ဘူး။ ဒါလဲ နင် သတိထားကြည့်ရင် တွေ့ဖူးမယ်။

(၃) နောက်ပြီး ခွေရံပေါ်များခြင်း၊ အခြွေအရံဆိုတာ ခြွေမှရံတယ်လို့ ပြောတတ်ကြတယ် မဟုတ်လား။ ဒါပေမယ့် မဟုတ်သေးဘူး။ တချို့မှာ ကိုယ်က ခြွေပေမယ့် ရံမယ့်လူက သူ့ဆီမှာ ရံရတာ မပျော်ပိုက်ဘူး။ တချို့ရောက်တော့ ကိုယ်ကတောင် မခြွေရဘဲနဲ့ သူ့စရိတ်နှင့်သူ လာပြီး အခိုင်းခံရတာကိုပဲ ပျော်နေ တတ်ကြတယ်။

(၄) လျင်မြန်ဖျတ်လတ်မှုရှိခြင်း၊ ဘယ်အလုပ်မှာမဆို သူများထက် အတွေး လျင်မြန်တယ်၊ အပြော လျင်မြန်တယ်၊ အလုပ်လဲ လျင်မြန်တယ်။ ဒီတော့ သူများထက် အရာရာမှာ လက်ဦးပြီး တစ်ပန်းသာတာပေါ့၊ တစ်ပန်းသာတော့ ကြီးပွားစရာရှိရင် ကိုယ်ကအရင်။

(၅) ဆာလောင်မွတ်သိပ်မှုမရှိခြင်း၊ ရေလှူတဲ့လူမှာ ဖြစ်လေရာဘဝတိုင်း

www.burmeseclassic.com

www.burmeseclassic.com



ဆာလောင်မွတ်သိပ်မှု မရှိဘူးတဲ့။ ဆာလို့ တောင့်တလိုက်တာနှင့် မကြာခင် ပြည့်စုံလာတတ်တယ်၊ ကိုယ့်စိတ်မှာလဲ အလိုရမ္မက်မကြီးဘူး။

(၆) အသက်ရှည်ခြင်း၊ အသက်ရှည်တယ်ဆိုတာ ကျန်းမာလို့ အသက်ရှည်တာပဲ၊ လောကကြီးမှာ ရေသာမရှိလျှင် မြက်သစ်ပင်ကအစ၊ တိရစ္ဆာန်ကလေးတွေက အစ၊ ဘယ်သူမှ အသက်ရှင် မနေနိုင်ဘူး၊ ရေဟာ သက်ရှိသက်မဲ့အားလုံးတို့ရဲ့ အသက်သခင်၊ ဒါထား၊ နောက်မှ ပြောဦးမယ်။

(၇) နောက်ပြီး ချမ်းသာခြင်း၊ ဖြစ်လေရာဘဝမှာ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ချမ်းသာခြင်းနှင့်လဲ ပြည့်စုံမယ်၊ ချမ်းသာရင် ဘာလိုသေးလဲ။

(၈) အဆင်းလှခြင်း၊ လှပသန့်ရှင်းတဲ့ ရေအလှူကြောင့် ကြော့ရှင်းလှပတဲ့ ရုပ်ရည်ပိုင်ရှင်ဖြစ်မယ်၊ ရေဟာ အပြင်က အညစ်အကြေးတွေကို ဆေးလိုက်သလိုပေါ့။

(၉) ခွန်အားဗလရှိခြင်း၊ ဆာလောင်မွတ်သိပ်နေတဲ့သူဟာ ရေအေးအေးလေး တစ်ခွက်လောက် သောက်လိုက်ရတယ်ဆိုရင်ပဲ အားရှိသွားတယ်၊ လန်းဆန်းသွားတယ်။

(၁၀) ဉာဏ်ပညာထက်မြက်ခြင်း၊ ကျန်းမာချမ်းသာပြီး အားရှိလာတယ်ဆိုရင် ဉာဏ်ပညာတွေလဲ ထက်မြက်လာတော့တာပေါ့။

ရေလှူတာနှင့် ဒီအကျိုး ၁၀ ပါးကို ဆုမတောင်းဘဲနှင့် ရနိုင်တယ် ရွှေသီရဲ့၊ ရမှာပေါ့၊ ရေကပြုတဲ့ ကျေးဇူးကလဲ ကြီးမားပေတာကိုးကွဲ့။ ရေသာမရှိရင် သက်ရှိသက်မဲ့ လောကကြီးတစ်ခုလုံး ဆိတ်သုဉ်းသွားနိုင်တယ်၊ မြက်သစ်ပင် တိရစ္ဆာန်ကလေးမှ အစ သက်ရှိသက်မဲ့တွေအားလုံးဟာ ရေကိုသာ မသောက်ကြရရင်၊ ရေမရှိရင် ရေငတ်ပြီး သေကုန်ကြမှာပဲ၊ အသက်ကို ရှင်စေတဲ့ရေဟာ အသက်သခင် ကျေးဇူးရှင်ကြီးပဲ၊ ဘယ်သူမဆို အသက်ထက် ဘာကိုမှ ပိုပြီး တန်ဖိုး မထားထိုက်ဘူး၊ ရေဟာ အသင်သခင်ဆိုတာ သဲကန္တာရ ခရီးသည်များအဖို့ ပိုပြီးတော့ ထင်ရှားတယ်။

ခရီးသွားရလို့၊ ဒါမှမဟုတ်ရင် အလုပ်အကိုင် ပင်ပင်ပန်းပန်း လုပ်ရလို့ မောပန်း နွမ်းနယ်နေတဲ့အခါမျိုး ရေအေးအေးကလေး တစ်ခွက်လောက် သောက်လိုက်ရရင် ရင်ထဲမှာ အေးသွားတယ်၊ အမောလဲ ပြေတယ်၊ အဆာလဲ ပြေတယ်၊ အားလဲ ရှိသွားတယ်၊ နေ့တိုင်း သောက်နေကျမို့ အထူးသတိမထားမိကြပေမယ့် သေသေချာချာ စဉ်းစားကြည့်ရင် ရေရဲ့ကျေးဇူးတွေကို မြင်လာမယ်၊ ဒါတင် မကသေးဘူး၊ ချွေးတွေ သံတွေနဲ့ ညစ်ပေနေမယ် ပူလောင်နေမယ်ဆိုရင် ရေကိုချိုးလိုက်ရ သောက်လိုက်

www.burmeseclassic.com



ရရင် တစ်ခါတည်း သန့်ရှင်း စင်ကြယ်သွားတယ်၊ အပူတွေငြိမ်းပြီး အေးမြသွားတယ်၊ နောက်ပြီး ရွှင်လန်းချမ်းသာမှုတွေ တောက်လျှောက် ဖြစ်လာတော့တာပဲ။

ဒီလောက်ဆိုရင် ရွှေသီဟာ ရေရဲ့ကျေးဇူး ဘယ်လောက်ကြီးတယ်ဆိုတာ သိရောပေါ့၊ ဘယ်အရာမဆို 'တူသော အကျိုးပေးတယ်' ဆိုတာ ဒါကို ပြောတာ၊ ရေအကျိုးကျေးဇူးက ပြောလို့မကုန်သလို ရေလှူတဲ့ အကျိုးလဲ ၁၀ ပါး ဆိုပေမယ့် ပြောလို့မကုန်ဘူး ရွှေသီရဲ့။

ရွှေသီ ။ ။ ဆရာတော်ဟောမှ တော်တော်တော့ သဘောပေါက်ချင်လာပြီ ဘုရား၊ အဲဒီတော့ တပည့်တော်မ ဘာလုပ်ရမတုံး။

ဆရာတော် ။ ။ အေး ... နေရာကျပြီ၊ ဒါထက် နေဦး ငါဆက်ပြောဦးမယ်။ အဲသလို ရေအကျိုးကြီးတာကို သိကြလို့ ရှေးကလူတွေဟာ ခုခေတ်လူတွေလို ရေကို ရောင်းမစားကြဘူးကွဲ့။ အတ္တဟိတ ပရဟိတ သူ့အကျိုးကိုယ့်အကျိုး ဆောင်တဲ့အနေနဲ့ တစ်ချက်ခုတ်နှစ်ချက်ပြတ် ကိုယ်တတ်နိုင်သလောက် ရေတွင်းရေကန်တွေတူးပြီး ထာဝရကုသိုလ် လုပ်ကြတယ်။ ရေတွင်းရေကန်ထဲက ရေကိုငင်ပြီး နေရာတကာမှာ ခရီးသွားများ သောက်သုံးရန် ရေချမ်းစင်ကလေးတွေ တည်ထားတာကိုလဲ ရွှေသီ မြင်ဖူးမှာပေါ့။ တချို့များ နွားကျွဲ တိရစ္ဆာန်တွေ သောက်ဖို့တောင် ရေအလှူ လုပ်လေ့ရှိကြတယ်။

ဒီတော့ တို့ ရှေးကလူတွေဟာ ယခုလူတွေထက် ရောဂါနည်းတယ်၊ အသက်တမ်း ပိုရှည်ကြာစွာ နေကြရတယ်။ ရေအလှူ တစ်ခုတည်းကိုပဲ အကြောင်းအကျိုး ဆက်ပြီး ကြည့်တတ်ရင်မြင်တယ်။ မကြည့်တတ်ရင်တော့ မမြင်ဘူး။ မမြင်တော့လဲ မယုံဘူးပေါ့ကွယ်။

ရွှေသီ ။ ။ တပည့်တော်မ ယုံပါပြီဘုရား၊ တပည့်တော်မတို့တော့ ရေတွင်းရေကန်လဲ မတူးနိုင်ဘူး၊ ရေကို ဘယ်လိုလှူရမှာလဲဘုရား။

ဆရာတော်။ ။ အေး ... ရေတွင်းရေကန်လဲ တူးဖို့မလိုပါဘူး။ ငါ ခုနက ပြောပြီကော၊ ဟို ဧရာဝတီမြစ်ထဲက ရေတွေ။

ရွှေသီ ။ ။ မှန်ပါ၊ တပည့်တော်မ ဘယ်လိုလှူရမလဲ ဘုရား။

ဆရာတော်။ ။ အေး ... ကောင်းပြီ။ လောကမှာ အမြတ်ဆုံးပုဂ္ဂိုလ်ကို ပြပါဆိုရင် သုံးလောကထွတ်ထား မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးပဲ၊ ကိုယ့်အလှူကိုလဲ အမြတ်ဆုံးအလှူဖြစ်စေချင်ရင် အမြတ်ဆုံး မြတ်စွာဘုရားရှင်ကို

www.burmeseclassic.com

www.burmeseclassic.com



လှူရမယ်။ အမြတ်ဆုံး ကောင်းကျိုးမင်္ဂလာတွေ ဖြစ်လာမယ်လို့လဲ စိတ်ထဲက နှစ်နှစ်ကာကာ ယုံကြည်ရမယ်။ စေတနာကိုလဲ ထက်ထက်သန်သန် ရှိစေရမယ်။ ရေချမ်းတော် ကပ်လှူလိုတဲ့ ဆန္ဒစေတ်တွေလဲ ပြင်းပြရမယ်။

အတုမရှိတဲ့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးကို သက်တော်ထင်ရှားရှိနေသလို စိတ်ထဲက ရည်မှတ်ပြီး 'ငါ့ရှေ့မှာ သောက်တော်ရေ အလှူခံဖို့ ကြွရောက်တော်မူလာပြီ' လို့ အာရုံယူရမယ်။ အကောင်းဆုံး ရေခွက်ထဲမှာ 'အသန့်ပြန့်ဆုံးဖြစ်အောင် ရေကိုလုပ်ပြီးလှူ အတုမရှိတဲ့ မြတ်စွာဘုရားကို လှူတဲ့နေရာမှာ စေတနာထားပုံ၊ သန့်ရှင်းစင်ကြယ်အောင် အလှူလုပ်ပုံကို ဘယ်လူ ဘယ်နတ်နှင့်မှ မတူအောင် စေတနာအကောင်းဆုံးထားပြီး ကပ်ရမယ်။ ဘယ်သူ့စေတနာ ထားပုံနှင့်မှ မတူစေနှင့်၊ အပြတ်အသတ် ကွာပေ့စေ၊ သာပေ့စေ။

ရွှေသီ တစ်နေ့ ရေဘယ်နှခါ သောက်သလဲ။

ရွှေသီ ။ ။ သုံးလေးခါလောက် သောက်ပါတယ်ဘုရား။

ဆရာတော်။ ။ အေး . . . ကိုယ် ရေငတ်ရင် ဘုရားကိုလဲ သောက်တော်ရေကပ်ဖို့ မမေ့နှင့်၊ မနက် အိပ်ရာက နိုးတယ်ဆိုရင်ပဲ မျက်နှာသစ်မယ်၊ ဘုရားကိုလဲ မျက်နှာသစ်တော်ရေ မကပ်သင့်ဘူးလား၊ နောက်ပြီး တစ်နေ့တစ်ခါလောက်မှ ရေမချိုးဘူးဆိုရင် ကိုယ်မှာ သန့်ရှင်းပါ့မလား၊ ကျန်းကော ကျန်းမာပါ့မလား။ ဒီတော့ ဘာလုပ်သင့်သေးလဲ။

ရွှေသီ ။ ။ ကိုယ် မျက်နှာသစ်တိုင်း၊ ကိုယ် ရေချိုးတိုင်း မျက်နှာသစ်တော်ရေ၊ ချိုးတော်ရေများ ကပ်လှူရမှာပါဘုရား။

ဆရာတော်။ ။ အေး . . . ဟုတ်တယ်၊ သတိထားရမှာက ကိုယ်ကပ်ထားတဲ့ရေက ပူသွားရင် အေးတာနဲ့ လဲပြီးကပ်၊ တစ်နေ့တည်းမှာ အကြိမ်တစ်ရာ ကျော်ချင်ရင် ကျော်ပေ့စေ၊ ဝီရိယဇွဲကောင်းကောင်းနဲ့ကပ်။ ပထမဆုံး တစ်ရက်လောက်၊ တစ်ပတ်လောက် စမ်းကပ်ကြည့်။ ပထမတော့ အလုပ်ပိုတယ်၊ တာဝန်လေးတယ်လို့ ထင်ချင်ထင်နေဦးမယ်။ လက်တွေ့လုပ်ကြည့်တော့ ရှေးကထက် စိတ်တွေကြည်လင်ပြီး ချမ်းသာလာတာကို ပထမဆုံး ခံစားရလိမ့်မယ်။

ရွှေသီ။ ။ မှန်ပါ၊ တပည့်တော်မ ကနေ့ကစပြီး လုပ်ပါ့မယ်ဘုရား။

ဆရာတော် ။ ။ အေး . . . သာဓု သာဓုဗျာ။

www.burmeseclassic.com

www.burmeseclassic.com



## (၃)

သား ရွှေသီဟာ ဗောဓိကျောင်းဆရာတော် အမိန့်ရှိတဲ့အတိုင်း ယုံယုံကြည်ကြည်နှင့် လုပ်ရှာတယ်။ ဒါပေမယ့် သူတို့မိသားစုမှာ ဆင်းရဲရှာလေတော့ အိမ်မှာ ဘုရားစင်တို့၊ ဘုရားကျောင်းဆောင်တို့ဆိုတာ မရှိဘူးပေါ့။ ဒီတော့ ရွှေသီဟာ ဘုရားကပ်လှူဖို့ ရေတော်အိုးကလေးကို ခေါင်းပေါ်မှာ ရွက်ပြီး မြစ်ဆိပ်တံတားကြီးထိပ်ကနေပြီး ဟို . . . ဗောဓိကျောင်းရောက်အောင် မြင့်မောက် ရှည်လျားတဲ့ တံတားကြီးအတိုင်း တက်လိုက် ဆင်းလိုက်နဲ့ ကျောင်းမှာရှိတဲ့ ဘုရားကို ရေလှူသွားရရှာတယ်။

သားမြင်တဲ့အတိုင်း တံတားကြီးက ပေတစ်ရာကျော်မက မတ်စောက်ပြီး ရှည်လျားတယ်။ သူ့မှာ တစ်နေ့ ဘယ်နှခါ တက်ရ တက်ရ၊ ဆင်းရ ဆင်းရ မမောနိုင် မပန်းနိုင်၊ ရေဝတ်ဖြည့်ရှာတယ်။ ဒီဆင်းရဲတဲ့ဘဝက လွတ်ချင်ရှာတာကိုး သားရဲ့။ ဒီလိုနဲ့ ရွှေသီကလေးဟာ အသက် ၂၀ လောက်မှာ သေဆုံးသွားရှာတယ်။

ဒါပေမယ့် ရွှေသီဟာ ဒီမိုးတားမြို့မှာပဲ မိန်းကလေးအဖြစ် ပြန်ဝင်စားတယ်။ အဲဒီ ရွှေသီဝင်စားတဲ့ မိန်းကလေးက သူ့ကိုယ်သူ 'လူဝင်စား' ဆိုတာ မသိရှာဘူး။ ဒီလိုနဲ့ နေလာခဲ့တာ ၉ နှစ်သမီး အရွယ်ရောက်တော့ သူ့အမေနှင့်အတူ ဗောဓိကျောင်းကို ဆွမ်းပို့လိုက်သွားတယ်။

သူတို့သားအမိ ဗောဓိကျောင်းရောက်ခါနီးမှာ ဆင်းဆင်းရဲရဲ အမယ်အိုကြီးတစ်ယောက်က လမ်းဖြတ်ပြီး ကူးလာတယ်။ သူတို့သားအမိကအရောက်၊ အဲဒီနေရာကို အမယ်ကြီးက လမ်းဖြတ်အကူး၊ အမယ်အိုကြီးက သူ့ ပခုံးပေါ်မှာ လျော့ရဲရဲတင်လာတဲ့ ရက်စောင်ကလေးကို ပခုံးပေါ် ယမ်းပြီး တင်လိုက်တယ်။

အဲသလို ရက်စောင်တဘက်ကလေး ယမ်းပြီး အတင်လိုက်မှာ ကလေးမကလေးရဲ့ မျက်စိကို တဘက်မြိတ်နှင့် ဖြတ်ခနဲ ရိုက်မိသွားတယ်။ ကလေးမကလေးလဲ 'အမယ်လေး'လို့ အော်လိုက်ရင်း တဘက်မြိတ်ကို ရုတ်တရက် ယောင်ရမ်းပြီး လက်နှင့်ဆွဲကိုင်လျက်သား ဖြစ်သွားလို့ ကြည့်လိုက်တော့ သူ့စိတ်ထဲမှာ 'အသိထူးတစ်ခု' ဝင်လာပြီး မျက်စိနာတာကိုတောင် သတိမရတော့ဘဲ တဘက်ကလေးကိုင်ရင်းနဲ့ ငိုင်ပြီး အံ့အားသင့်သွားတယ်။

"ဩော် . . . ဒီတဘက်ကလေးက ငါကိုယ်တိုင် ငါ့လက်နှင့်ရက်တဲ့ တဘက်ကလေးပါလား"

www.burmeseclassic.com

www.burmeseclassic.com



လမ်းဖြတ်ကူးတဲ့ အမယ်အိုကြီးခမျာလဲ အားတုံ့အားနာဖြစ်ပြီး . . .

"မတော်လို့ ခိုက်မိတာပါ သမီးရယ်၊ တော်တော် နာသွားသလား" လို့ မေးတယ်။ ကလေးမကလေးက တဘက်ကိုကိုင်ပြီး ကြည့်ရောကနေ အမယ်အိုကြီးမျက်နှာကို မော့လဲကြည့်လိုက်ရော -

'ဟင် . . . ဒါ ငါ့အမေပါလား'လို့ အသိဝင်သွားတယ်၊ ကလေးမကလေးဟာ နောက်ဘဝက အမေနှင့် ယခုဘဝအမေ နှစ်ယောက်ကြားမှာ အံ့အားသင့်နေတုန်း (ခုဘဝ) အမေက -

"ကဲ. . . ကဲ . . . သွားကြဦးစို့ သမီး၊ ဘုန်းကြီးဆွမ်း နောက်ကျနေဦးမယ်" ဆိုပြီး လက်ဆွဲခေါ်သွားတယ်။ ကျောင်းရောက်ပြန်တော့လဲ ဗောဓိကျောင်းဆရာတော်မျက်နှာကို ဖူးတွေ့ရလျှင် ဖူးတွေ့ရချင်း -

"ဟယ် . . . ဒီဆရာတော်ကြီးကလဲ ငါ့ကို ရေအလှူခိုင်းတဲ့ ဆရာတော်ကြီးပါပဲကလား"လို့ အသိပေါ်လာပြန်တယ်။ ဒါနဲ့ ကလေးမကလေးဟာ ရုတ်တရက် မမျှော်လင့်ဘဲ သိသွားတဲ့ သူ့ဇာတ်ကြောင်းကို ဆရာတော်ကို လျှောက်ချင်တာနဲ့ ဆရာတော်ကို ဦးသုံးကြိမ်ချပြီး -

"ဆရာတော်ဘုရား၊ တပည့်တော်မ တစ်ခု လျှောက်ချင်ပါတယ်" လို့ ခွင့်တောင်းလိုက်တယ်၊ ဆရာတော်က -

"ဟဲ့ကလေးမ၊ ဘာများ လျှောက်ချင်လို့တုံး၊ လျှောက်ချင်တာရှိ လျှောက်ပါလေ"လို့ ခွင့်ပေးတယ်၊ အမေလုပ်သူမှာ ဘုမသိဘမသိ သမီးကို ကြည့်နေတုန်း -

"ဆရာတော်ဘုရား၊ ဒီကျောင်းနားမှာ နေသွားတဲ့ ရွှေသီဆိုတဲ့ ကလေးမ တစ်ယောက်ကို မှတ်မိသေးလားဘုရား"

"ဟေ . . . မှတ်မိတာပေါ့ တဲ့၊ ကလေးမက ဘာဖြစ်လို့ ရွှေသီကို မေးရတာလဲ"

"အဲဒီ ရွှေသီဆိုတာ အခု တပည့်တော်မပဲ ဘုရား"

"ဟယ် . . . နင် ဘယ်လိုလုပ်ပြီး သိတုံး၊ ငါ့ကို လျှောက်စမ်းပါဦး" လို့ဆိုတော့ ကလေးမကလေးက လမ်းလာရင်း (ဇာတိဿရဉာဏ်အသိနှင့်) သူသိတာတွေကို အစအဆုံး လျှောက်လိုက်တယ်၊ အားလုံး မှန်နေလို့ ဆရာတော်ရော

www.burmeseclassic.com

www.burmeseclassic.com



သူ့အမေပါ အံ့သြကြရပါတယ်။ ဒီတော့ ဆရာတော်က ဆက်ပြီး အမိန့်ရှိလိုက်သေးတယ်။

"ဟဲ့ . . . ကလေးမ၊ နင် လျှောက်တာတွေအားလုံး အမှန်ချည်းတဲ့ပဲ၊ အဲဒီတော့ ရွှေသီဘဝတုန်းက လှူတဲ့ကုသိုလ်နှင့် ဒီဘဝကုသိုလ် ဆက်မိသွားအောင် ရေကိုသာ ထပ်ပြီး ဝတ်မပျက်အောင် လှူဟဲ့၊ မုချ နင် ချမ်းသာလိမ့်မယ်" လို့ အမိန့်ရှိလိုက်သေးတယ်။

(၄)

"ဒါဖြင့် အမေ ကျွန်တော်တို့ မိုးတားမြို့မှာ အခု ရွှေသီဝင်စားတဲ့ ကလေးမကလေး ရှိဦးမှာပေါ့နော်၊ သူ့နာမည်က ဘယ်သူတဲ့လဲ၊ ခု သူ ဘယ်မှာလဲ"

မွေးသည့်မိခင် ကျေးဇူးရှင်ကြီး စိတ်ပါဝင်စားစွာ အာရုံယူပြီး ပြောဆိုနေသဖြင့် စောစောက ကျွန်ုပ် ဘာမေးခွန်းတစ်ခုမျှ ဝင်မမေးဘဲ စိတ်ပါဝင်စားလျက် နားထောင်နေမိရာက ဤနေရာသို့ ဇာတ်လမ်း ရောက်လာသောအခါ မအောင့်နိုင်တော့ဘဲ မေးလိုက်မိ၏။

"အေး . . . သိရမှာပေါ့ သားရယ်၊ ဒါထက် ခုနက စကားကျန်သွားတယ်၊ ဗောဓိကျောင်းဆရာတော်ကြီးက ပြောလိုက်သေးတယ်။

"ကလေးမ နင် ခုပြောတဲ့အကြောင်းတွေကို ဘယ်သူမှ မပြောနှင့်၊ နေမကောင်း ဖြစ်တတ်တယ်"တဲ့။ ထိုအခါ ကျွန်ုပ်က -

"ဟင် . . . ဒါဖြင့် ဟိုတုန်းကရွှေသီဟာ ခုဘဝ အမေပဲပေါ့"

"အေး . . . ပြောရသေးတာပေါ့ သား၊ ဟိုဘဝက 'ရွှေသီ'ဟာ သားမေးသလို ခုဘဝမှာ 'ရွှေဥ'ဖြစ်လာတယ်၊ သားတို့အမေ ဒီကဒေါ်ရွှေဥပေါ့၊ ဆရာတော်ကြီးအမိန့်ရှိတိုင်း ဒီအကြောင်းကိုပြောရင် အမေ့မှာ နေမကောင်း ထိုင်မသာ ဖြစ်တတ်တယ်။ ဒါပေမယ့် သားက အခု အမေတို့နှင့် ခွဲခွာပြီး ဟို . . . ရန်ကုန်ကို ပြောင်းမှာဆိုလို့သာ ပြောပြရတာ။ အမေ့မှာ ဒီလိုပြောလို့ နေထိုင်မကောင်း ဖြစ်ဦးတော့ သားတို့အတွက် အကျိုးရှိမှာမို့ အခု ဖွင့်ပြီး ပြောရတာပဲ။

www.burmeseclassic.com

www.burmeseclassic.com



"ခုဘဝမှာ သားတို့မြင်တဲ့အတိုင်း အမေ့မှာ စီးပွားဥစ္စာဆိုလဲ ဘာမှ လိုလေသေးမရှိပါဘူး။ ရှေ့သီဘဝက ရေလှူခဲ့တဲ့ အကျိုးတွေပေါ့၊ သားတို့သာ မဟုတ်ပါဘူး၊ ဒီမိုးတားမြို့ ရပ်ဝေးရပ်နီး အမေတို့ ဘယ်လောက်ချမ်းသာတယ် ဆိုတာ သိနေကြတာပဲ၊ နောက်ပြီး အမေ့မှာ ဖျားတာနာတာ၊ ထိခိုက်ရှနာတာ ဆိုလို့ ဘယ်လိုဟာမှန်းတောင် မသိဖူးဘူး၊ ကျန်းမာရေးနှင့် ပတ်သက်လို့လဲ ဆေးဆိုလို့ အမေ့အနေနှင့် နှာတို့ လျက်ဆားတို့တောင် မသုံးဖူးဘူး၊ သားတို့ အသိပဲ၊ အခု အသက်ကြီးလာလို့ ဆံပင်နည်းနည်းဖြူပေမယ့် သွားမကျိုးဘူး၊ မျက်စိမမွဲဘူး။

"ခုလောက်ဆို အမေပြောချင်တာ ငါ့သား သိလောက်ပါပြီ"

"သားသိပါပြီ အမေ၊ အမေ နောက်ဘဝကရော၊ ဒီဘဝမှာရော ဝတ် ထားပြီး အမြဲလုပ်နေကျ မျက်နှာသစ်တော်ရေ၊ သောက်တော်ရေ၊ ချိုးတော်ရေ လှူတဲ့ဝတ်ကို သားတို့လဲ ဘယ်မှာနေနေ ဝတ်မပျက်ရအောင် လုပ်ပါ့မယ်။ ရေလှူတဲ့ အကျိုးကိုလဲ သားတို့မျက်မြင် ဖြစ်နေမှပဲ။ သား ယုံလဲ ယုံကြည်ပါတယ်"

"သာဓုတော် သာဓု သာဓု၊ ငါ့သားကြီး ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေ၊ ချမ်းသာပါစေ၊ သွားလေရာရာ အန္တရာယ်မရှိ ဘေးမငြိပါစေနှင့်"

(၅)

ကျွန်ုပ်မိခင်ကြီး ပြောပြသော ရေလှူအကျိုးမှာ ကျွန်ုပ်တို့အတွက် မျက်မြင်ကိုယ်တွေ့ ဖြစ်နေသဖြင့် ပို၍ လေးလေးနက်နက် သက်ဝင်ယုံကြည် မိပါသည်။ ကျွန်ုပ်လည်း မွေးသည့်မိခင် ကျေးဇူးရှင်ကြီး၏ ဘဝပေး အမွေကောင်း ကြီးကို ရောက်လေရာရာမှာ စွမ်းအားရှိသမျှ မပျက်မကွက်ရအောင် ဆောင်ရွက် လျက် ရှိပါသည်။ ကျွန်ုပ်၏ စာဖတ်သူများကိုလည်း ပိုမိုထင်ရှားစေရန် ကျွန်ုပ်မိခင်ကြီး၏ ရေဒါနကြောင့် ကျွန်ုပ်တို့ နေထိုင်ခဲ့ရပုံအကြောင်းကို အနည်းငယ် ပြောပြချင်ပါသေးသည်။ ဂုဏ်ယူဝင့်ဝါခြင်း မဟုတ်။ စာဖတ်သူများ သဒ္ဓါတရား ပို၍ ဖြစ်ပွားစေလိုသောကြောင့် ဖြစ်ပါသည်။

ယခု ကျွန်ုပ်မိခင်ကြီး အသက် ၈၆-နှစ် ရှိပါပြီ၊ အပ်နဖား ထိုးနိုင် လောက်အောင် မျက်စိအား ကောင်းပါသည်။ ဖျားနာဖူးခြင်း အလျင်းမရှိပါ။ စီးပွားဥစ္စာနှင့် စပ်၍လည်း ရတနာ စိန်ရွှေငွေ၊ ဆင်မြင်းကျွဲနွား အသုံးအဆောင်

www.burmeseclassic.com

www.burmeseclassic.com



အားလုံး ပြည့်စုံပါသည်။ အကောင်းဆုံးအိမ်၊ အကောင်းဆုံးအသုံးအဆောင်နှင့် အကောင်းဆုံး အဝတ်အစားများ ရရှိပါသည်။ ဘာမျှ လိုလေသေးမရှိပါ။

ကုသိုလ်ကောင်းမှုနှင့် စပ်၍လည်း မိခင်ကြီး မလှူဖူးတဲ့အလှူ မရှိသလောက် ဟုပင် ဆိုရပါမည်။ အသက် ၉၀ ကျော် နေထိုင်သွားကြရတဲ့ မိအို ဖအိုများကို ကောင်းစွာ ပြုစု ကျွေးမွေးနိုင်သည့်အပြင် ကွယ်လွန်ကြသောအခါတွင်လည်း ထိုက်ထိုက်တန်တန် သင်္ဂြိုဟ်ပြီး ကျေးဇူးတုံ့ဆပ်နိုင်ခဲ့ပါသည်။ ဘုရား၊ ကျောင်း၊ ဇရပ်၊ ပိဋကတ်၊ ရေတွင်းရေကန် မြန်မာပြည်အနှံ့ လှူပြီးပြီ။ မိခင်ကြီးမှာ ထမင်းရေချောင်းစီး အလှူကြီး လှူလိုတဲ့ဆန္ဒ သားမြေးများ ရှင်ပြုစဉ်က ပြည့်ဝသွားပါသည်။

အလှူလှူရာမှာ ကဏ္ဍာပ်ကနား၊ ကျွေးရုံ၊ အလှူရုံ၊ ဇာတ်ရုံဆောက်ရာမှ အစ အဘက်ဘက်က ပြည့်စုံ၍ စိတ်ချမ်းသာရပါသည်။ မိုးတားတစ်မြို့လုံး နီးစပ်ရာ ရွာများအားလုံးက ဝိုင်းပြီး လုပ်အားပေးကြသဖြင့် တစ်လကျော်ကျော် တောရောမြို့ပါ ဟီးနေအောင် လုပ်သော မိခင်ကြီး အလှူတွင် လုပ်အားပေး ကြတဲ့ တစ်မြို့လုံးက ပေါ်ခင်မယ်ခင် အပျိုလူပျို အစ်ကိုကာလသား ကာလ သမီးများ အားလုံးကို နေ့တိုင်း နံနက်စာ ညစာ အကျွေးအမွေးဖြင့် ဧည့်ခံပါသည်။

ထိုခေတ်က မန္တလေး နေပြည်တော်မှာ နာမည်ကျော်တဲ့ မြခြေကျင်း မင္ဂေမြိုင်ကြီးဇာတ်ပွဲ ၇-ချီနှင့် အောင်ပွဲခံခဲ့ပါသည်။ သားတွေ မြေးတွေ ရှင်ပြု ပွဲမှာ ရှင်လောင်းအပါး ၄၀ ကျော်တို့ကို ကိုယ်ပိုင်ဆင် ၁၆ ကောင်ပေါ်မှာ ရွှေထီးတဝင်းဝင်း ဆောင်မိုးလျက် မြင်းအကောင် ၂၀ ခြံရံပြီး မြိုင်မြိုင်ဆိုင်ဆိုင်ကြီး ရှင်လောင်းလှည့်ပွဲ ကျင်းပပါသည်။ ခေတ်ပုံတွေမြင်တိုင်း အပရစေတနာ တိုးပွား ကြရပါသည်။ တစ်လကျော်ကျော် အလှူကြီးပင် ဖြစ်ပါသည်။

ထိုမှတစ်ပါး မိုးတားမြို့နယ်မှာ အစဉ်အလာ ကျင်းပပြုလုပ်လေ့ရှိသော ဝါဆိုသင်္ကန်း ကထိန်သင်္ကန်း ကပ်လှူသည့် ပွဲများတွင်လည်း မိခင်ကြီးသည်

www.burmeseclassic.com

www.burmeseclassic.com



အလှူငွေ အများဆုံး ထည့်ဝင်လေ့ရှိပါသည်။ သံဃဒါန ဆွမ်းလောင်းခြင်း၊ ဆွမ်းကပ်ခြင်းများလည်း ပြတ်လှသည်မရှိပါ။ တပို့တွဲလ ထမနဲပွဲ ကျရောက်လာပြန်သော အခါတွင်လည်း ထမနဲများကို မိုးပြဒယ်ကြီး ၉၀-၁၀၀ တစ်နေကုန် ထိုးပြီး တစ်မြို့လုံး တစ်နယ်လုံးလိုလို ပျော်ပျော်ပါးပါး စားသောက်ရအောင် လှူလေ့ရှိပါသည်။

ဩဇာကိတ္တိ ရှိသည့်နေရာတွင်လည်း တစ်မြို့လုံး လေးစားရသော ဖခင်ကြီး ကိုယ်တိုင်က မိခင်ကြီးအလိုကို လိုက်လျှောခဲ့ရပါသည်။ အခြွေအရံနှင့် စပ်၍လည်း သား ၃-ယောက်၊ သမီး ၄-ယောက်၊ မြေး ၄၅-ယောက်နှင့် မြစ် ၅၂-ယောက် ရှိပါသည်။ တစ်မြို့တည်းနေ တူ-တူမများကလည်း မိခင်ကြီးထံ မပြတ်ဝန်းရံ နေလိုကြရုံမျှမက ဆမိတ်ခုံကဲ့သို့ တစ်ရပ်တစ်ကျေးက လာနေတဲ့ ဆွေမတော် မျိုးမတော် ဘကြီး ဦးဘသင်လို ပုဂ္ဂိုလ်များလည်း မရှားပါ။ ဦးဘသင်သည် အသက် ၄၀-ကျော်လောက်က အိမ်မှာလာပြီး နေခဲ့သည်မှာ အသက် ၈၀-ကျော် မပြန်တော့ပါ။

"ငါ့သား၊ မေမေတို့မှာ ကိုယ်လုပ်ခဲ့တဲ့ ကုသိုလ်ကြောင့် နေမှုစားမှု လှူမှု တန်းမှု ဘယ်လောက်အထိ ပြည့်စုံတယ်ဆိုတာ ငါ့သား အသိအမြင်ပဲ၊ ဒါတွေ အားကျစမ်းပါ ငါ့သား၊ နောက်ဆုံး အမေ မှာလိုက်ချင်တာက ငါ့သား ရန်ကုန် မြို့ကြီး ရောက်တာနဲ့ ရွှေတိဂုံစေတီတော်ကြီးကအစ ရေလှူဖြစ်အောင် လှူစမ်းပါ၊ အိမ်မှာလဲ အမေ့လို နေ့စဉ် 'ရေတော်ဝတ်' လုပ်ထားပါ၊ ပန်း ရေချမ်းကပ်တာ မိန်းမတွေအလုပ်၊ သေးသေးနုပ်နုပ်လို့များ မမှတ်ထင်လေနှင့်သား၊ ဥစ္စာရင်လို ဥစ္စာရင်ခဲ့ရတယ်၊ ကိုယ်လှူမှ ကိုယ်ရမှာ၊ ငါ့သား နေ့တိုင်းလှူ အကြိမ်ကြိမ် လှူပါလေ၊ ဒါ ဒီဘဝအတွက်တင် မဟုတ်ဘူး၊ သံသရာအတွက်ပါ ငါ့သားကို ချမ်းသာအောင် အမေပေးလိုက်တဲ့ အမွေပဲ"

ကျွန်ုပ်၏ မွေးသည့်မိခင် ကျေးဇူးရှင်ကြီးသည် ကျွန်ုပ်အား အထက်ပါ စကားများကို ပြောဆို မှာကြားပြီးနောက် ၃-ရက်လောက် နေမကောင်း ဖြစ်ရရှာ

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ အမှန်ပင် မိမိ အနစ်နာခံ၍ သား၏အကျိုးကို မျှော်ကိုးပြောပြခြင်း ဖြစ်ပါသည်။

အို . . . စာရှုသူအပေါင်းတို့၊ ကျွန်ုပ်တို့၏ မွေးမိခင် ကျေးဇူးရှင် ဒေါ်ရွှေဥ၏ အမှာစကားကို အရင်းအတိုင်း ဖောက်သည် ချလိုက်ပါသည်။ ကျွန်ုပ်ကလည်း ထပ်မံ တိုက်တွန်းလိုပါသည်။ ကျားမကြီးငယ်မဟူ၊ ဆင်းရဲသူ ချမ်းသာသူ မရွေး လူတိုင်း ရေ . . . ရေ . . . ရေအလှူ ပေးကြစမ်းပါ၊ ရေကို လှူဖြစ်အောင် လှူကြစမ်းပါ - ဟူ၍။

[၁၉၈၀-ခုနှစ်၊ ဇွန်လထုတ် ဒဂုန်မဂ္ဂဇင်းမှ ဆရာကြီး မိုးတားဦးထွန်းရှိန်၏ 'မအို မနာ သက်ရှည်ကြာ' ဆောင်းပါးကို ကူးယူဖော်ပြပါသည်။]

O

www.burmeseclassic.com

www.burmeseclassic.com

## ဦးဘတုတ်၏ မျက်မှောက်ဒါန အကျိုးပေး

ရွှေလီမြစ်ကမ်း လှေဘိုရွာ ဦးကျော်မြင့်-ဒေါ်ခင်အေး တို့သည် ထီးချိုင့်မြို့ ကမ်းနီကျောင်းကြီး ဆရာတော်ဦးပဏ္ဍိစ္စ၏ တပည့်ဒါယကာများ ဖြစ်ကြသည်။ ၁၃၄၉ ခုနှစ် တန်ဆောင်မုန်းလတွင် ၎င်းတို့သည် ကထိန်ခင်း၍ သားများကို ရှင်ပြုချင်ကြသည်။ ထိုအခါ ဆရာဖြစ်သော ကမ်းနီကျောင်းကြီး ဆရာတော်နှင့်တကွ ဧရာဝတီမြစ်ရိုးမှ ဆရာတော်ကြီးများပါ အလှူသို့ ပင့်ဆောင်ချင်ကြသည်။ ထိုကိစ္စ အတွက် ဝါမဆိုမီကပင် ကြိုတင်၍ ဆရာတော်ကြီးများကို ပင့်ဆောင်ထား ကြသည်။ ဆရာတော်ကြီးများသည် မိမိတို့အနီးအပါး၌ အမှုကိစ္စ ရှုပ်ထွေးနေ သော်လည်း တစ်ခါတစ်ရံ လာရောက် ပင့်ဆောင်သူအား ဦးစားပေးသောအားဖြင့် 'ပင့်ဆောင်ရက် အရောက်လာကြမည်'ဟု ကတိပြုခဲ့ကြသည်။

၁၃၄၉ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့သည်ကား အလှူ ဒါယကာ ဦးကျော်မြင့်-ဒေါ်ခင်အေးတို့၏ အလှူရက်ဖြစ်သည်။

ထိုအလှူရက်ကိုမီရန် တန်ဆောင်မုန်းလဆန်း ၁၂-ရက်နေ့ နံနက်အချိန် စားနပ်ရိက္ခာ အပြည့်အစုံတင်၍ နီတာဆရာတော်ဘုရားကြီး၏ စက်လှေဖြင့် တစ်နေ့လုံး ရွှေလီမြစ်ကိုဆန်တက်ရင်း အိပ်စက်ကြသည်။ လဆန်း ၁၃ ရက်နေ့ နံနက် အစုကြီးမှ နံနက် ဆန်ပြုတ်များသောက်ပြီး ဆက်လက်ဆန်တက်ရာ လဆန်း ၁၃ ရက်နေ့ ၁၁ နာရီအချိန် ရွှေဘိုရွာသို့ ရောက်သည်။

× × ×

ဦးကျော်မြင့်-ဒေါ်ခင်အေးတို့၏ အလှူပွဲကား လဆန်း ၁၄ ရက်နေ့ ဖြစ်သည်။ ထိုအလှူပွဲသို့ ရွှေလီဝဲယာရွာများမှ ဧည့်သည်များ တဖွဲဖွဲရောက်လာကြရာ မိုးလုံး ရွာမှ ဦးဘတုတ်ဆိုသူလည်း ပါလာ၏။

ထိုဦးဘတုတ်ကား ရွှေလီမြစ်ရိုးဝယ် အလှူအတန်းရက်ရောသူအဖြစ် နာမည်ကြီး၏။ ကမ္ဘာကျော် တောင်ပုလုဆရာတော်ဘုရားကိုလည်း သွားရန်

www.burmeseclassic.com



လာရန် လွန်စွာခက်ခဲသော ရွှေလီမြစ်ရိုးတစ်လျှောက် ကောက်ကောက်စင်းစင်း ပင့်ဆောင်၍ သာသနာရောင်ထွန်းပြောင်အောင် ပြုစုဆောင်ရွက်ခဲ့သူ ဖြစ်၏။

ထို့ကြောင့် ဦးဘတုတ်ကိုခေါ်ယူ၍ သိချင်သည်များကို မေးမြန်းခဲ့သည်။

"ရွှေလီမြစ်ရိုးတစ်လျှောက် ကောက်ကောက်စင်းစင်း တောင်ပုလုဆရာတော်ဘုရားကို ပင့်ဆောင်ခဲ့တာ ဦးဘတုတ်လား"

"ဟုတ်ပါတယ် . . . တပည့်တော်ပါပဲ ဘုရား"

"သည်ရွှေလီတွင်းရောက်အောင် ဆရာတော်ကြီးကို ဘယ်လိုများပင့်ခဲ့တာလဲ ပြောစမ်းပါဦး"

"တပည့်တော် ဆရာတော်ကြီးကို ပင့်ဆောင်ချင်တာ အတော်ကြာပြီဘုရား၊ ဒါပေမယ့် စိတ်သွားသလို ကိုယ်မပါတဲ့အတွက် ရုတ်တရက် မပင့်ဆောင်နိုင်ဘူး၊ ၁၃၄၂-ခုနှစ် တော်သလင်းလမှာ ပင့်ချင်တဲ့စိတ် အားကြီးတာနှင့် ဘယ်လိုအဆက်သွယ်မျှ မရှိဘဲ မိတ္ထီလာ တောင်ပုလုကျောင်းကို တစ်ဦးတည်းသွားခဲ့တယ်။ တပည့်တော်မှာ အဖော်ဆိုလို့ အထုပ်တစ်ထုပ်သာ ပါတယ်၊ အဲဒီအထုပ်က လမ်းမှာသုံးစရာ တိုလီမိုလီထည့်တဲ့ အထုပ်ပါ၊ တောင်ပုလုကျောင်းရောက်တော့ လူတွေက အများကြီး၊ ကျောင်းနှင့်အပြည့် တွေ့ရတယ်။ ဒါ ဘာလုပ်တဲ့လူတွေလဲ မေးတော့ ဆရာတော်ကို အပင့်လာကြတာတွေတဲ့၊ ဒီလူတွေ အများအပြားအတွင်း ကိုယ်က ပင့်ရဖို့ဆိုတာ ကမ္ဘာသကာပဲ ရှိတော့တာပေါ့ ဘုရား။ တောင်ပုလုမှာ တပည့်တော်သိတဲ့လူ တစ်ဦးမျှမရှိဘူး။ ဒါကြောင့် ဘယ်သူကမှလဲ တပည့်တော်ကို ဂရုမစိုက်ကြဘူး၊ တပည့်တော်ဟာ လွယ်အိတ်ထုပ်ကလေး လက်ကဆွဲပြီး ဟိုသွားရ ကောင်းနိုးနိုး၊ သည်သွားရ ကောင်းနိုးနိုး ဖြစ်နေတာပေါ့၊ သည်အချိန်မှာ ဦးပဉ္စင်းတစ်ပါး ရောက်လာပြီး ဒကာကြီး ဘယ်အရပ်ကလဲလို့ မေးတယ်ဗျာ့ . . .

"တပည့်တော်က မိုးမိတ်နယ်ကပါ"လို့ ဖြေတော့ 'ဘာကိစ္စလဲ၊ ဆရာတော်ကို အပင့်လာတာလား'လို့ မေးပြန်တယ်။

"ဟုတ်ပါတယ် ဘုရား၊ ဆရာတော်ကို ပင့်ချင်လို့ပါ ဘုရားလို့ လျှောက်ထားတော့ ဆရာတော်ကိုပင့်မှာဖြင့် လာ လိုက်ခဲ့ဆိုပြီး ကျောင်းပေါ်ကို ခေါ်သွားတယ်၊ ကျောင်းပေါ်မှာ လူတွေက အပြည့်၊ တစ်နေရာထိုင်ဖို့တောင် မမြင်ဘူး၊ ခေါ်သွားတဲ့ ဦးပဉ္စင်းက လာ ဒကာကြီး ဒီနေရာမှာ ထိုင်၊ မကြာတော့ဘူး၊ ဆရာတော်ကြီး

www.burmeseclassic.com

www.burmeseclassic.com



အဖူးမြော်ခံထွက်တော့မှာလို့ ပြောပြီး ဆရာတော်ကြီးထိုင်မယ့် ပလ္လင်အနီး နေရာ ကွက်လပ်ကလေးမှာ ထိုင်ခိုင်းတယ်ဗျာ့။

"မကြာမီ ချက်ခနဲအသံကြားရပြီး ဆရာတော်ကြီး ကြွချီလာတယ်။ ဆရာ တော်ကြီးကို ဖူးလိုက်ရတော့ တပည့်တော် ကြက်သီးမွေးညင်းတွေ ထလာတယ်၊ မကြာမီ ချွေးစေးတွေ ထွက်လာတယ်။ စိတ်တွင်းမှာလဲ နှစ်သက်ဝမ်းမြောက် လာတယ်၊ ဆရာတော်ကြီးဟာ ပလ္လင်တော်ထက် ထိုင်ပြီးပြီးချင်း တပည့်တော် ဘက်လှည့်ကာ ဘာကိစ္စလဲ ဒကာလို့ တိုးတိုးမေးပါတယ်။ တပည့်တော်က လက်အုပ် ချီပြီး တပည့်တော်မျှား တောနယ်ကို ကြွရောက် ချီးမြှောက်တော်မူပါဘုရား၊ တပည့်တော် အပင့်လာခြင်း ဖြစ်ပါတယ်လို့ ဖွတ်တိုး လျှောက်ထားပါတယ်။ ဆရာတော်ကြီးဟာ တပည့်တော် လျှောက်ထားပြီးပြီးချင်း "ဒကာက ဘယ်ကလဲ၊ ဘယ်အရပ်ကို သွားရမှာလဲ" စတဲ့ အပိုမေးခွန်းတွေ ဘာမျှမမေးဘဲ၊ အေး . . . ကြွမယ်လို့ ခပ်တိုတို မိန့်တော်မူပါတယ်။ ဆရာတော်ကြီးက ကြွမယ်ဆိုတော့ အားလုံးသော ပရိသတ်က - တပည့်တော်ကို ဝိုင်းပြီးကြည့်ကြတယ်။ သူတို့ ကြည့်ချင် သလောက် ကြည့်ပါစေ၊ ခုတော့ တပည့်တော် ပန်းပန်နိုင်ပြီမို့ ရဲရဲရင့်ရင့်ပင် အကြည့်ခံနိုင်ပါတယ် ဘုရား။

"ဆရာတော်ကြီးထံက အမိန့်ရတော့ ဆရာတော်ကြီးကို လွယ်လွယ်ကူကူ ပင့်ဆောင်ဖို့အတွက် အဖွဲ့အသီးသီးများနှင့် တိုင်ပင်ကာ တန်ဆောင်မုန်းလဆန်း ၁-ရက်နေ့ မန္တလေးလေဆိပ်က မိုးမိတ်လေဆိပ်ကို လေယာဉ်ပျံနှင့် ပင့်ဆောင် ပါတယ်။ မိုးမိတ်မြို့ ဒါယကာ၊ ဒါယိကာမတို့ရဲ့ တောင်းဆိုချက်ကြောင့် မိုးမိတ်မြို့မှာ တစ်ရက်နားပြီး ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကားဖြင့် ပင့်ဆောင်ပါတယ်။ ဆရာတော်ကြီး အာရညကင်ဓုတင် ဆောက်တည်တော်မူတဲ့အတွက် မဘိမ်းမြို့မှာ ကျိန်းစက်တော် မူစဉ်က တောရယူဖို့လို့ အရှေ့မတက်မီ နံနက် ၃-နာရီလောက်က ကားဖြင့် ပင့်ပြီး နံ့ပုန်းပုန်းတောမှာ အာရုံခံတော်မူပါတယ်။ ဆရာတော်ကြီး အာရုံခံတော်မူရာ ဌာနမှာ နောင် အမှတ်တရဖြစ်အောင် တောင်ပုလုစေတီတော်ကို တပည့်တော် တည်ထားပါတယ်၊ နံ့ပုန်းပုန်းဆရာတော်နှင့် နံ့ပုန်းပုန်း ရွာသူရွာသားများက စေတီကြီး ဖြစ်မြောက်အောင် အားပေးကူညီကြပါတယ်။

"တန်ဆောင်မုန်းလဆန်း ၃-ရက်နေ့ မဘိမ်းမြို့မှ ရေယာဉ်ဖြင့် ရွှေလီမြစ် ဝဲယာ ကျေးရွာများမှ ဒါယကာ၊ ဒါယိကာမတို့ရဲ့ အပူဇော်ကို ခံတော်မူစေ

www.burmeseclassic.com

www.burmeseclassic.com



စုန်ဆင်းခဲ့ရာ တပည့်တော်နေရပ် မိုးလုံးမှာ အပန်းဖြေတော်မူပါတယ်၊ မိုးလုံးမှ တစ်ဆင့် ရွှေလီမြစ်ရိုးအတိုင်း ရွာကြီးရွာငယ် အသွယ်သွယ်တို့ရဲ့ တောင်းဆိုချက်အတိုင်း နာရီပိုင်းမျှ၊ မိနစ်ပိုင်းမျှ အပူဇော်ခံတော်မူပြီး ဧရာဝတီမြစ်ပြင်ကို ထွက်ပါတယ်။

"ဧရာဝတီမြစ်တွင်းရောက်တော့ ဆရာတော်ကြီးကို 'အာကာစိန်' အမည်ရှိတဲ့ အမြန်ရေယာဉ်ပေါ် ပင့်ပြီး ကသာမြို့ ဒါယကာ၊ ဒါယိကာမအများ ပူဇော်ရန် ပင့်ဆောင်ပါတယ်။ ကသာမြို့မှ တစ်ဖန် ပြန်လည် စုန်ဆင်းပြီး အင်းရွာ၊ ထီးချိုင့်၊ တကောင်းစသော မြို့များမှာ အပူဇော်ခံပြီး မန္တလေးမြို့ကိုပင့်၊ မန္တလေးမှတစ်ဆင့် တောင်ပုလု သာသနာ့ရိပ်သာအထိ ချောမောစွာ ပို့ဆောင်ပါတယ် ဘုရား"

"တောင်ပုလုဆရာတော်ကို ဦးဘတုတ် နောက်တစ်ကြိမ် ပင့်သေးတယ် မဟုတ်လား"

"ပင့်တာပေါ့ ဘုရား၊ ဒုတိယအကြိမ် ပင့်တာက တောင်ပုလုက မဟုတ်ဘူး ဘုရား၊ တပည့်တော် သွားပင့်တဲ့အချိန်မှာ ဆရာတော်ကြီး မုံရွာရောက်နေတယ်။ မုံရွာက မန္တလေး မရမ်းခြံဆိပ်ကမ်းအရောက် ကားနှင့်ပင့်ပြီး မရမ်းခြံ ဆိပ်ကမ်းက တပည့်တော်ပိုင် ပေါ်ဦး မော်တော်နှင့် ပင့်ပါတယ်ဘုရား"

"ဆရာတော်ကိုပင့်တာ အဖွဲ့ငွေနှင့် ပင့်တာလား၊ ဘယ်လိုပင့်တာလဲ"

"အဖွဲ့ငွေ မရှိပါဘူး၊ တပည့်တော်ငွေနှင့် ပင့်တာပါ။ ဆရာတော်ကြီးကို အမှီပြုပြီး အများကုသိုလ် ဖြစ်ကြပါစေဆိုပြီး တပည့်တော် ကြိုးစားပြီးပင့်တာပါ ဘုရား"

"သိပ်ကောင်းတာပေါ့၊ ဦးဘတုတ်ကို အမှီပြုပြီး အများကုသိုလ် ဖြစ်သွားကြတာပေါ့၊ ဒီလို သဒ္ဓါပေါက်ဖို့ဆိုတာ မလွယ်ဘူး။ ပါရမီရှင်မို့ ဒီလို လုပ်နိုင်တာပဲလို့ မှတ်သင့်တယ်။ ဒါထက် ဦးဘတုတ်ရဲ့အကြောင်းကော မသိရဘူးလား"

"တပည့်တော်က ရွှေလီမှာနေပေမယ့် ရွှေလီသားမဟုတ်ဘူး ဘုရား"

"ရွှေလီသားမဟုတ်လို့ ဘယ်အရပ်သားလဲ ပြောစမ်းပါဦး"

"ကသာတစ်ဖက်ကမ်းမှာ ကျောက်ထုံးကြီးရွာ ရှိတယ် မဟုတ်လားဘုရား"

"ရှိတယ် ရှိတယ်၊ ဝေချောင်းနားက ကျောက်ထုံးကြီးပေါ့၊ ဟုတ်တယ် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ဘုရား၊ တပည့်တော်က ကျောက်ထုံးကြီးဇာတိပါ၊ တပည့်တော်ရဲ့အဖေက အစလာမ်တဲ့၊ မြန်မာအစစ် မဟုတ်ဘူး၊ ကုလားကပြား ဖြစ်ပါတယ်။ အမေကတော့ ဒေါ်ဖွားသစ်တဲ့၊ မြန်မာလူမျိုး အစစ်ပါပဲ။ တပည့်တော်တို့မှာ ညီအစ်ကိုမောင်နှမ ရှစ်ယောက်ရှိတယ်။ တပည့်တော်က ဒုတိယသား ဖြစ်ပါတယ်။ တပည့်တော်ရဲ့ ဖွားသက္ကရာဇ်က ၁၂၉၄ ခု၊ ဝါဆိုလဆန်း ၂ ရက်၊ တနင်္လာနေ့ဖြစ်ပါတယ်။ ကျောက်ထုံးကြီး မူလတန်းကျောင်းမှာ ၄ တန်းအထိ နေပြီး ဘုန်းကြီးဦးစက္ကိန္ဒကျောင်းမှာ သာမဏေနှစ်ဝါ ဝတ်ဖူးပါတယ်။ ဂျပန်ခေတ်မှာ လူထွက်ပြီး အသက် ၂၂ နှစ်မှာ ပထမအိမ်ထောင်ကျတယ်ဘုရား၊ သားသမီး လေးယောက်အရမှာ ပထမအိမ်ထောင်နှင့် ကွဲပါတယ်။ အဲဒီတုန်းက ရွှေလီချောင်း ငါးအိုးသစ်ရပ်ကွက် အမှတ် ၆၁ မှာ သစ်လုပ်ငန်းလုပ်ပါတယ်။ သစ်လုပ်ငန်းက အဆင်ပြေပေမယ့် စီးပွားမဖြစ်ဘူး။ ဘယ်မှာဖြစ်မလဲ အဲဒီတုန်းက တပည့်တော်က အရက်သမားပဲ။ တစ်နေ့ တစ်နေ့ အရက်ဖိုးချည်း ငွေငါးဆယ်ကုန်ပါတယ်။ တပည့်တော်ရှာတဲ့ငွေ တပည့်တော်သုံးလို့ မလောက်ပါဘူး။ ဒါကြောင့် ပထမမယားနှင့် ကွဲကြတာပါပဲ။ စီးပွားအဆင်မပြေလေ အရက်ဖိသောက်လေ၊ အရက်သောက်လေလေ စီးပွားပျက်လေလေ ဖြစ်ပါတယ် ဘုရာ့၊ ဒီအချိန်မှာ ဒေါ်ညိုနဲ့ ဒုတိယ အိမ်ထောင်ပြုပါတယ်၊ သားဦးမြင့်အောင် ၂ လသားအရွယ်မှာ မဘိမ်းမြို့နယ် မိုးလုံးရွာကို ပြောင်းရွှေ့ပြန်တယ်၊ ဒီအချိန်မှာ စီးပွားရေးကလဲ သိပ်မဟန်ဘူး၊ တပည့်တော်လဲ အရက်မပြတ်ဘူး။

"တစ်ရက်တော့ မိုးလုံးအထက် လောင်းတော်ဦးဘုရားကို ကုလား ကိုရင်ကြီး တစ်ပါး ရောက်လာတယ်။ ဂေါ်ရခါးစစ်သား၊ စစ်ထဲကပင်စင်ယူပြီး ကိုရင်ကြီး ဝတ်နေတာ ဘုရာ့၊ ကိုရင်ကြီးဘဝမှာ သက်သတ်လွတ်စားနေတယ်။ ဒါကြောင့် ဒကာ ဒကာမတွေက တော်တော်ကြည်ညိုကြတယ်။ အဲဒီ ကြည်ညိုသူတွေထဲမှာ တပည့်တော်ရဲ့မိန်းမ မခင်ညိုက ကုလားကိုရင်ကြီးကို အိမ်ပေါ်ပင့်လာပြီး ဝတ်ပြုတယ်။ တပည့်တော်ကတော့ ငယ်ငယ်ကသာ ကိုရင်ဝတ်ခဲ့တာ၊ ခုတော့ အရက်သမားကြီး လုံးလုံးဖြစ်နေပြီမို့ ဘယ်ဘုန်းကြီးမှ ဂရုမစိုက်ဘူး၊ ရှိခိုးလဲမခိုးဘူး၊ ကိုယ့်ဘာသာ အရက်သောက်နေတာပဲ။ ကုလားကိုရင်ကြီးဟာ မခင်ညိုနှင့် စကားပြောဆိုပြီးတော့ တပည့်တော် အရက်သောက်နေတာကို လှည့်ကြည့်တယ်၊ လှည့်ကြည့်ပြီးတော့. . .

www.burmeseclassic.com

www.burmeseclassic.com



"အလကား ခွေးကုလား၊ ဘာမျှအသုံးမကျတဲ့ ခွေးကုလား။ လူကတော့ ကြီးပွားမယ့်ရုပ်ပဲ၊ အကျင့်က မဟုတ်ဘူး၊ ဒီအကျင့်မျိုးနှင့်ဆိုလျှင် ခွေးတောင် ခွေးကောင်းဖြစ်မှာ မဟုတ်ဘူး၊ ခွေးစုတ်ကြီးဖြစ်မယ်"လို့ ပြောပြီး အိမ်ပေါ်က ဆင်းသွားတယ် ဘုရား။

"ကုလားကိုရင်ကြီးဟာ စကားလဲ ကောင်းကောင်းမပီပါဘူး။ ကုလား လူမျိုးလဲ အစစ်ဖြစ်ပါတယ်။ သူက တပည့်တော်ကို ခွေးကုလားဆိုတော့ တပည့်တော် မနာတဲ့အပြင် ရယ်တောင်ရယ်ချင်ပါသေးတယ်။

"ကုလားကိုရင်ကြီး ဆင်းသွားတော့ တပည့်တော် စဉ်းစားတယ်၊ ငါဟာ တစ်ရက်တစ်ရက် အရက်နဲ့ အချိန်ကုန်နေတယ်။ အရက်သောက်တဲ့အတွက် ငွေကုန်တယ်။ ကျန်းမာရေးလဲ ထိခိုက်တယ်၊ အကျင့်စာရိတ္တလဲ ပျက်တယ်၊ ငါ့ကို ခွေးကုလားလို့ခေါ်တာဟာ ခေါ်သင့်တယ်၊ ဒီအရက် မပြတ်သမျှ ငါရဲ့ တိုးတက်မှုဟာ ဘာမျှဖြစ်မှာ မဟုတ်ဘူး။ ဒီတော့ ငါဟာ အရက်ဖြတ်မှတော်မယ်၊ ဖြတ်ဆို အခု ဖြတ်မယ်၊ ယခုအချိန်ကစပြီး သေသည်အထိ ငါမသောက်တော့ဘူး၊ ငါ့ကို ဖျက်ဆီးတဲ့ အရက် သွားပေရော့လို့ အရက်ပုလင်းကို ဆွဲကိုင်ပြီး လွှင့်ပစ်လိုက်တယ်၊ ဒီတစ်ခါ မခင်ညိုက စိတ်ဆိုးလို့ လုပ်တယ်ထင်ပြီး . . .

"မောင် . . . ဘယ့်နှယ်လုပ်လိုက်တာလဲ၊ ဘုန်းကြီးပြောတာ စိတ်မဆိုး ကောင်းဘူး"လို့ ပြောတယ် ဘုရား။ တပည့်တော်က "ငါစိတ်ဆိုးလို့ လုပ်တာ မဟုတ်ပါဘူး၊ ဒီကနေ့ကစပြီး အရက်ဖြတ်မယ်ဆိုပြီး လွှင့်ပစ်လိုက်တာပါ"လို့ ပြောတယ်။ မခင်ညိုက တပည့်တော်ပြောတာ မယုံဘူး၊ ဟုတ်များမှ ဟုတ်ရဲ့လား ကွယ်လို့ သံသယစိတ်နှင့် ပြောပါသေးတယ်။

"တပည့်တော် ငယ်ရွယ်စဉ်က အရက်သမားများနှင့် ပေါင်းခဲ့မိလို့ အရက်သမားလူမိုက် ဖြစ်ခဲ့ပေမယ့် အဲဒီနေ့ကစပြီး ယနေ့အထိ အရက်နံ့ကိုတောင် မခံတော့ပါဘူး၊ မကောင်းဆိုးရွား အရက်ကိုလဲ သေသည်အထိ ရှောင်ကြဉ်မယ်လို့ သန္နိဋ္ဌာန်ချထားပါတယ်။ တပည့်တော်ရဲ့ စီးပွားရေးဟာလဲ အဲဒီနေ့ကစပြီး တစ်စတစ်စ တက်ခဲ့တာပါပဲ။ ယခင်ကတော့ ရသမျှငွေဟာ အရက်ပုလင်းထဲချည်း ဝင်သွားပြီး အရက်သမားဖြစ်တဲ့ တပည့်တော်ကလဲ အရက်နဲ့အချိန်ကုန်ပြီး အလုပ်မှ ကောင်းကောင်းမလုပ်ဘဲကိုး ဘုရား။ ဘယ်မှာ စီးပွားဖြစ်ပါ့မလဲ။ တပည့်တော်ကို

www.burmeseclassic.com

www.burmeseclassic.com



ဆဲပြီး ချွတ်သွားတဲ့ ကုလားကိုယ်တော်ကိုလဲ အလွန် ကျေးဇူးတင်ပါတယ်၊ ကုလားကိုယ်တော်ဟာ မြတောင်မြို့မှာ ရဟန်းဖြစ်ပြီး ယခု အင်းမရွာမှာ ရှိနေပါတယ်။ သူ့ဘွဲ့က 'ဦးစန္ဒသူရိယမုနိ'တဲ့ ဘုရား။

"တပည့်တော်ဟာ အရက်တော့ ကျွတ်သွားပြီ။ ဒါပေမယ့် ကံ ကံရဲ့ အကျိုးအပေါ်မှာ သိပ်ယုံကြည်မှု မရှိလှဘူး။ ဝတ်ကျေတန်းကျေ လှူလိုက်တန်းလိုက်တော့ လုပ်ပါတယ်၊ မိရိုးဖလာမှုပဲဆိုပါတော့ ဘုရား၊ တစ်ရက်တော့ ယုံကြည်ဖို့ အခွင့်ကြုံလာတယ် ဘုရား"

"အင်း . . . အင်း . . . ပြောစမ်းပါဦး"

"တပည့်တော်များ မိုးလုံးရွာမှာ ပျက်စီးနေတဲ့ ရှေးဟောင်းဘုရားကြီး (၃)ဆူ ရှိတယ်၊ ရှေးက စော်ဘွားများတည်ထားတယ်လို့ ပြောကြတာပဲ။ ဒီစေတီတော်တွေ စုပေါင်းပြီး ခတ်ပေါင်းစု စေတီတော်တည်ချင်လာတယ်၊ တစ်ဦးတည်း အင်အားနဲ့ မနိုင်လို့ ကျေးရွာအကူအညီနဲ့ ၁၃၃၃-ခုနှစ်မှာ တည်ထားတာ ငွေ ခုနစ်ထောင်ကုန်တယ်။ အဲဒီတုန်းက ငွေဈေးတက်တုန်းမို့ ငွေခုနစ်ထောင်နဲ့ ဉာဏ်တော်အမြင့် (၃၇)တောင်ရှိတဲ့ စေတီကြီး အောင်မြင်ခဲ့တယ်။ ၁၃၃၃-ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်နေ့ ထီးတင်ပွဲ၊ အနေကဇာတင်ပွဲကို ရွှေလီဂိုဏ်းထောက် အစုကြီးဆရာတော် ဘဒ္ဒန္တကောသလ္လ မဟာထေရ်ကြီး ဦးစီးပြီး ဇာတ်ပွဲ အငြိမ့်ပွဲများနဲ့ ကျင်းပနိုင်ခဲ့တယ်။ အဲဒီ ဘုရားပွဲမှာ တပည့်တော်ရဲ့မိန်းမ မခင်ညိုက ဈေးရောင်းတာ ၃-ရက်အတွင်း ငွေတစ်သောင်းကျော် မြတ်နေတာကို တွေ့ရတယ်။ ရွှေလီချောင်ဆိုတာ အင်မတန် ခေါင်တာပဲ။ မိုးလုံးဆိုတာလည်း ရွာငယ်လေးပဲ၊ သုံးရက်နဲ့ သည်လောက် မြတ်တယ်ဆိုတာ ဘုရား မ,တာပဲ၊ စေတနာ ထက်သန်လျှင် ထက်သန် သလောက် အကျိုးပေးတယ်ဆိုတာ အဲသည်ကစပြီး တပည့်တော် ယုံသွားပါတယ်။

"တပည့်တော်များ ဘုရားပွဲပြီးသည့်နောက် လောင်းတော်ဦးဘုရားပွဲကို ဆက်ပါတယ်။ အဲဒီ လောင်းတော်ဦးပွဲမှာ မခင်ညိုက မုန့်ဟင်းခါးရောင်းချင်ပြန်သတဲ့၊ ဟ . . . မင်းက ငါ့ကို မုန့်ဟင်းခါးသည်ဖြစ်အောင် လုပ်တာလား၊ မရောင်းနဲ့လို့ ပြောတော့၊ မောင့်ဟာမောင် မရောင်းချင်နေ ကျုပ်တော့ ရောင်းမှာပဲဆိုပြီး ပွဲတော်မှာ မုန့်ဟင်းခါးသည်လုပ်တယ် ဘုရား၊ မယားက မုန့်ဟင်းခါးသည် လုပ်တော့ လင်ကလဲ လုပ်ရတာပေါ့ ဘုရား၊ အဲဒီ ပွဲတော်မှာ မုန့်ဟင်းခါးရောင်းလို့ လက်မလည်ဘူး၊

www.burmeseclassic.com



အကူလူ ဆယ်ယောက်လောက် ငှားထားရတယ်၊ ပွဲတော်ပြီးတော့ ငွေတစ်သောင်း လောက် ကျန်တယ်။ နှစ်ရက် သုံးရက် မုန့်ဟင်းခါးရောင်းတာ ငွေတစ်သောင်း ကျန်တယ်ဆိုတော့ ကိုယ့်ဟာကိုယ်တောင် မယုံဘူး၊ ဘုရားမ,တာ အမှန်ပဲ၊ ဘုရား မ,တယ်ဆိုတာ ဘုရားရှင်က ကြွလာပြီး မ,တာမဟုတ်ဘူး။ ဘုရားရှင်ကို ကြည်ညိုတဲ့ စေတနာက အကျိုးပေးတာကို ဆိုလိုပါတယ်။

"အဲသည်ကစပြီး တပည့်တော်လဲ ရတနာသုံးပါးအပေါ် အလွန်ယုံကြည် လာပြီး ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်းများကိုလဲ မိမိက အများအပြား ထည့်ဝင်ပြီး ဆောက်လုပ်လှူဒါန်းခဲ့တယ်၊ ၁၃၄၅ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက် နေ့မှာ တပည့်တော် အိမ်သစ်တက်မင်္ဂလာ ပြုလုပ်ပြီး တပို့တွဲလဆန်း ၁၂ ရက်နေ့မှာ သာမဏေလောင်း (၄၄)ပါးတို့ကို ရှင်သာမဏေပြုပြီး၊ ရဟန်းလောင်း (၅)ပါးတို့ကို ရဟန်းအဖြစ် ရောက်အောင် ချီးမြှောက်ခဲ့ပါတယ်။ အဲသည်တုန်းက အရှင်မြတ်ဘုရား များကိုတောင် တပည့်တော် ပင့်ခဲ့ပါသေးတယ်။ ယခုလဲ တပည့်တော် လှူဆဲပါပဲ၊ ဘိုင်ဘင်ဘုန်းကြီးကျောင်း ဆင်းရဲနေတာမြင်လို့ ခု တပည့်တော် ကျောင်းဆောက် ပေးနေပါတယ်၊ နောင်ကိုလည်း သေသည်အထိ မလျှော့ပါဘူး၊ တတ်နိုင်သလောက် ပေးလှူမှာပါပဲ၊ အလှူပေးလို့ မွဲမသွားဘူး၊ တိုးတက်လာတယ်ဆိုတာ တပည့်တော် ကိုယ်တွေ့သိဖြစ်နေပါပြီ။ ခုဆိုလျှင် တပည့်တော်ဟာ အခြားအလုပ်များအပြင် အင်းရွာနဲ့ မန္တလေး အမြန်ပြေး ပေါ်ဦး ၁-၂ ပိုင်ရှင်ဖြစ်နေပါပြီ၊ များစွာသော လူအများ တပည့်တော်ကို အားကျပြီး လှူဒါန်းနိုင်ကြပါစေလို့ တပည့်တော် ဆုတောင်းပါတယ်ဘုရား" ဟု လျှောက်ထားပါသတည်း။

(၁၉၈၈ ခုနှစ် ဖေဖော်ဝါရီလနှင့် မတ်လထုတ် ရတနာမွန် မဂ္ဂဇင်းမှ ထီးချိုင့်နတ်စိုး၏ တောင်ပုလုဆရာတော်ဘုရားကြီး ပင့်ဆောင်ရေးနှင့် ယခုဘဝ ဒါနအကျိုး ဆောင်းပါးများကို မူရင်းအတိုင်း ထပ်မံဖော်ပြပါသည်။)

○

www.burmeseclassic.com

www.burmeseclassic.com

## ရုပ်ရှင်ဇာတ်လိုက်
## ကျောင်းအမကြီး မငွေစိန်

'အလှူရေစက် လက်နှင့်မကွာ' ဟူသော စကားပုံသည် အလှူဒါနနှင့် ပျော်မွေ့နေတတ်ကြသော ပါရမီရှင် သူတော်စင်တို့၏ ထုံးတမ်းဓလေ့ ဖြစ်သည်ဟု ဆိုသည်၊ ဆင်းရဲသောဘဝဖြစ်စေ, ချမ်းသာသောဘဝဖြစ်စေ တတ်အားသမျှတော့ လှူဒါန်းပေးကမ်းနေရမှ ကြည်လင်ပျော်မွေ့သည်၊ စိတ်ချမ်းမြေ့ ကျေနပ်တတ်သည်၊ ဘဝတစ်ခု ရနေသည့်အတွင်းမှာ လှူဒါန်းခြင်းသည်သာ အမြတ်ထုတ်ယူနည်း ဟူ၍ နားလည်ထားကြသော အထက်တန်းစား လူများ ဖြစ်ကြသည်။

'ဝါသနာဘာဂီ၊ ဆက်တိုင်းမီ' ဟူသော ဆိုရိုးစကားပုံ ရှိသေးရာ ဘဝတစ်ခု၌ စိတ်ဝါသနာအထုံ ကြီးခဲ့သော စရိုက်သည် ဘဝတွေ ခြား၍ ခြား၍ သွားနေရသော်လည်း စွဲခဲ့ဖူးသော အထုံက ဆက်တိုက်ပါသွားတတ်ခြင်းကို ဆိုသည်။ ဝါသနာအထုံသည် အကောင်းလည်းရှိ၏၊ အဆိုးလည်းရှိ၏၊ ဥပမာ - ဒါနပါရမီ ဆည်းပူးလေ့ရှိသောသူသည် နောက်ဘဝအဆက်တို့၌လည်း ဖြစ်ရာ ဘဝတွင် ပင်ပန်းခြင်း မရှိပါ၊ လှူဒါန်းပေးကမ်း၍ ကောင်းမှုအကျိုးကို မျှော်ကိုး၍ နေလို စိတ်မြတ် ကိန်းပါလာတတ်မြဲ ဖြစ်သည်၊ ဘဝနိမ့်မြင့် ဆင်းရဲချမ်းသာ ဖြစ်လေရာ ဘဝတိုင်းမှာ တတ်စွမ်းသမျှတော့ ကြုံကြိုက်သလို ကုသိုလ်ကောင်းမှု ပြု၍ ပျော်မွေ့ နေသွားတတ်ကြသည်၊ ထိုသူတို့၏ သံသရာခရီးလမ်းသည် ဆင်းရဲလွန်းခြင်း မရှိနိုင်ချေ၊ ဒုက္ခကြီးစွာ ကြုံတွေ့ရခြင်း နည်းပါးသည်၊ သက်သာစွာ ကျင်လည်နေကြရမည်သာတည်း။

www.burmeseclassic.com

www.burmeseclassic.com



ဤသဘာဝတရားကို လေ့လာကြည့်လျှင် အင်္ဂလိပ်ဘာသာ လူသားများ သာမက အဟိတ်တိရစ္ဆာန်ဘဝ ရောက်နေကြသော သတ္တဝါတို့ပင် အတိတ်ဘဝ တို့မှ ပါခဲ့သော အထုံကောင်းကြောင့် ကုသိုလ်ဒါနပြုခြင်း သီလစောင့်ခြင်းကို ပြုကြသည်၊ သဂီယနာဝင် ကျမ်းတို့၌ ထိုသဘောတရားမျိုး အများတွေ့နိုင်သည်၊ ထေရာဝတ္ထု ပါဠိတော်၌ အသီတိသာဝကတို့၏ ဝေးလှစွာသော ရှေးရှေးသော ဘဝ ကပ်ကမ္ဘာတို့က နိဗ္ဗာန်ရောက်ကြောင်း စစ္စာဉီး ဆုပန်ဆင်ကြပုံ၊ ဒါနပြုခဲ့ကြပုံ ကြောင်းရာမျိုးစုံကို အားကျဖွယ်ရာ ပါရှိလေသည်။

ဤအရှင်တို့ မျက်မှောက်ခေတ်၌လည်း မြန်မာပြည်တွင် အဟိတ် တိရစ္ဆာန်ဘဝ ရောက်နေရလျက် ကုသိုလ်ပြုရန် အခြေအနေက ထောက်မှုကြောင့် ကျောင်းဆောက်ဘုရားတည် အလှူပေးခြင်း စသည် ပြုလုပ်နိုင်စွမ်းပုံ ဖြစ်ရပ်ထူးကို တွေ့မြင်ခဲ့ရဖူး၏။ ထိုအလှူရှင်ကား ဆင်လိမ္မာကြီးတစ်ကောင် ဖြစ်သည်၊ မြန်မာ ပြည်တွင် လွန်ခဲ့သော တစ်ခေတ်အချိန်က နာမည်ကျော် ဆင်လိမ္မာကြီး မငွေစိန်ဟူ၍ ရှိခဲ့ဖူးကြောင်း ကြားဖူးကြပေလိမ့်မည်၊ အထက် မြန်မာပြည်သားတို့သည် မြင်ဖူးသူ များကြရာ သူ့ကို 'ကျောင်းအမကြီး မငွေစိန်' ဟူ၍ လူသိများကြသည်၊ 'ဘုရားအမကြီး မငွေစိန်' ဟူ၍လည်း ခေါ်ကြသည်၊ မြန်မာပြည်တွင် သမိုင်းတူပေးသော ဆင်မကြီး တစ်ကောင် ဖြစ်ခဲ့ရာ ကုသိုလ်အနေဖြင့် ကမ္ဘာတွင်လည်း သူတစ်ကောင်တည်းသာ ရှိကောင်းရှိပေလိမ့်မည်။

အဆိုပါ မငွေစိန်၏ ဘဝဇာတ်လမ်းကား ဤသို့တည်း၊ မုံရွာမြို့၏ မြောက်ဘက်၊ ၂၉ မိုင်ကျော်ကွာ ရှေးအခေါ် အလုံမြို့နယ် "ဝက်ရဲရွာ" ၌ စတင် ပေါ်ပေါက်လာခဲ့၍ ဝက်ရဲဆင်ဟူ၍ နာမည်စခဲ့သည်၊ ဤအရှင်၏ သက်တမ်း နှင့်စာလျှင် မငွေစိန်သည် ဤအရှင် မမွေးဖွားမီ ၁၅ နှစ်ခန့် စောသော ရှေးဆင် ပေါများသော ခေတ်တွင် တောဆင်ရိုင်းမှ မွေးဖွားခဲ့သည်၊ ထိုအချိန်ကား အထက် မြန်မာပြည် စစ်ကိုင်း ရွှေဘို မုံရွာ ကသာ မော်လိုက် ပခုက္ကူ စသော ခရိုင်များ အတွင်း၌ တောအုပ်တွေ ထူထပ်ပေါများလျက်ရှိနေရာ တောဆင်ရိုင်း များလည်း အုပ်နှင့်ချီ၍ ပေါများစွာ ရှိခဲ့သည်၊ လူတို့၏ လယ်ယာလုပ်ခင်းများကို မကြာခဏ ဝင်ရောက်စားသောက် ဖျက်ဆီးလေ့ရှိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ညသ၌ အဆိုပါ ဝက်ရဲရွာသားတို့သည် သူတို့ရွာအနီးရှိ လယ်ယာလုပ်ခင်းများကို လာရောက်စားသောက်နေကြသော ဆင်အုပ်ကြီးကို လူစု၍ မောင်းနှင်ကြသည်၊ လူအချို့က မြက်ခြောက်စည်းကို မီးရှို့၍ လူအချို့က ဝါးအဆစ်များကို မီးဖုတ်ပြီး ပေါက်ကွဲသံဖြစ်ပေါ်စေ၍ ခြောက်လှန့်ကြသည်၊ ထိုမှ ဤမှ လူသံ ဆူညံသံများနှင့် မီးရောင်များ ပေါက်ကွဲသံများကြောင့် ဆင်အုပ်ကြီး တောထူထပ်ရာသို့ ထွက်ပြေးသွားကြသည်။ ထိုအခါ ဆင်ငယ်မကလေး တစ်ကောင် မလိုက်နိုင်၍ ကျန်ရစ်နေသည်ကို တွေ့မြင်ကြရာ လူများက ဖမ်းယူလာခဲ့ပြီး သူတို့ရွာ ဘုန်းကြီးကျောင်း၌ ပို့လှူထားကြသည်။

ဝက်ရဲရွာကျောင်း ဘုန်းတော်ကြီး ဦးယောသသည် တိရစ္ဆာန်များကို သနားကြင်နာတတ်သောစိတ်ရှိ၍ လက်ခံယူပြီး ကျွေးမွေးထားရာ ရက်များမကြာဆင် ယဉ်လာသည်၊ သူ့ကို ငွေစိန် ဟူ၍ နာမည်ပေးထားရာ ရက်အနည်းငယ်အတွင်း သူ့နာမည်သူ သိနားလည်လာသည်၊ သူ့အား ကျွေးမွေးပြုစုထားသော ဘုန်းကြီးကို ချစ်ခင်တွယ်တာလာပုံ၊ အားကိုးပြုနေပုံကိုလည်း သိသာထင်ရှားလာသည်၊ ဘုန်းကြီး သွားလေရာနောက်က တကောက်ကောက် လိုက်နေတတ်သည်။ သာမှု နာမှု ကိစ္စကြီးငယ်ရှိ၍ တခြားရွာ တခြားကျောင်းများသို့ ကြွသွားလျှင်လည်း သူ့ကို ထားခဲ့၍ မရ၊ နောက်မှ မျက်ခြည်ပြတ်မခံ လိုက်ပါလာတတ်သည်၊ ဘုန်းကြီးက ကျောင်းပေါ်တက်လျှင် သူလည်း ကျောင်းပေါ် တက်လိုက်လာသည်။ ဘုန်းကြီးက ကျောင်းအောက်ဆင်းလျှင် သူလည်း ဆင်းလိုက်လာသည်။

တစ်ခါတစ်ရံ ဘုန်းကြီးက ကျောင်းအောက် ခုတင်ကြီးပေါ်၌ ထိုင်နေစဉ် အနီးအပါး လာရောက် ရပ်နေတတ်၍ "ဟဲ့ . . . ငွေစိန် လာခဲ့၊ ငါ ယောင်းလို့ ခြေသလုံးကို ကြိတ်ပေးစမ်း" ဟူ၍ ခိုင်းလျှင် နားလည်သည်၊ ကျောင်းသား ကိုရင်တို့ ဝတ်ဖြည့်ပေးကြသကဲ့သို့ သူ့လက်ကို ကွေးပြီး တံတောင်ဆစ်ဖြင့် ထောက်၍ ဖိ၍ ပေးတတ်သည်၊ လူနှင့်မခြား အလွန်အသိဉာဏ်ကောင်းသည်၊ ထို့ကြောင့် ရပ်နီးပတ်ဝန်းကျင်မှ ရဟန်းရှင်လူအများက အံ့သြစွာ ချီးမွမ်းကြရသည်၊ ထိုဆရာတော်သည် ကျွေးမွေးထားပြီးနောက် အတော်ကြီးပြင်းလာသော အခါ

www.burmeseclassic.com

www.burmeseclassic.com



ကျောင်း၌ ဆက်လက်ထားရန် တာဝန်ကြီးလေးမည်ဟူ၍ တောထဲ သွားလွှတ်ခိုင်းသည်၊ အကြိမ်ကြိမ် သွားလွှတ်ကြသော်လည်း သူ့စိတ်က တောထဲ၌ မပျော်တော့ချေ။ ဘုန်းကြီးကျောင်းသို့သာ ပြန်လာနေသည်၊ အနီးပတ်ဝန်းကျင် ရွာများ ကျောင်းများသို့ လှည့်ပတ်သွားလာနေတတ်သည်၊ သူ့ကို မြင်ကြသူတိုင်းက ဝက်ရဲဆင်၊ ဘုန်းကြီးဆင်ဟူ၍ သိနေကြသဖြင့် ချစ်ခင်ကြသည်။

ဤအရှင် ဖယ်စဉ်က တစ်ဆင့်စကား ကြားဖူးသည်မှာ မငွေစိန်ကို တောထဲ သွား၍ လွှတ်ကြသော်လည်း ကျောင်းသို့သာ ပြန်လာနေတတ်၍ တစ်ကြိမ်တွင်-

“ငွေစိန်၊ နင်က ဆင်မဖြစ်တယ်၊ တို့ ကျောင်း၌နေဖို့ မထိုက်တန်ဘူး၊ အရွယ်လည်း အတော်ကြီးလာခဲ့ပြီ၊ ဒါကြောင့် နင့်ကို ငါ သိမ်းဆည်းမထားနိုင်တော့ဘူး၊ တောထဲသွားပြီး ဆင်အပေါင်းအဖော်တို့နှင့်သာ နေပေတော့၊ အခု တစ်ခါ ပြောတာဟာ နောက်ပိတ်ဆုံးပဲ” ဟူ၍ ဆရာတော်က အမိန့်ရှိသောအခါ ဝမ်းနည်းပြီး အကြာကြီးရပ်လျက် မျက်ရည်တွေတွေကျကာ ငေးမှိုင်နေရှာသည် ဆို၏။ တွေးတောငေးမှိုင်နေပြီးမှ “ငါ့ကိုတော့ နှင်နေပြီ၊ သွားမှဖြစ်တော့မယ်” ဟူသော အသိဖြင့် မလှမ်းချင်လှမ်းချင်နှင့် တောအုပ်ဆီသို့ တရွေ့ရွေ့ ထွက်ခွာသွားရှာသည် ဆို၏။

ထူးခြားသည်မှာ ထိုတစ်ကြိမ်သည် ယခင်ကဲ့သို့ ခဏချင်း ကျောင်းသို့ ပြန်ရောက်မလာတော့၍ တစ်ခါတည်း အပြီး တောထဲရောက်သွား၍ မိခင် ဆင်မကြီးနှင့် တွေ့ပြီး ဆင်အုပ်နှင့် ပေါင်းဆုံနေသွားဟန်ရှိ၏ဟု တွက်ဆလိုက်ကြသည်၊ သို့ရာတွင် တစ်မိုးကြာပြီးသောအခါ မငွေစိန် ပြန်ရောက်လာပြန်တည်၊ ဤတစ်ကြိမ်မှာ ထူးခြား၏၊ သူတစ်ကောင်တည်း မဟုတ်၊ အရွယ်ရောက်ခဲ့ပြီမို့ ချစ်သူ တွေ့လာခဲ့သည်၊ ဆင်ထီးပျိုတစ်ကောင်နှင့် တွဲ၍ နှစ်ကောင် လာခဲ့ခြင်းဖြစ်သည်။ သူ၏ ဆရာ ဘုန်းကြီးကျောင်း အပေါက်ဝသို့ ရောက်သောအခါ မငွေစိန်သည် အလွန် ဝမ်းသာရွှင်ပြလျက် သူ ယခင်သွားလာနေကျအတိုင်း ဘုန်းကြီးထံသို့ ရင်းနှီးစွာ ဝင်ရောက်လာပြီး၊ ကျေးဇူးရှင် ဆရာတော်ကို ကန်တော့ရန် ငှက်ပျောတစ်ခိုင် ယူဆောင်လာခဲ့သည်၊ သူ၏ ကြင်ဖော် ဆင်ပေါက်ပျိုကား ကျောင်းတွင်းသို့ မဝင်ရဲ၍ အပေါက်ဝ၌ ရပ်ကျန်နေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မငွေစိန်သည် ဘုန်းကြီးရှေ့၌ ငှက်ပျောခိုင်ကိုချ၍ ရိုသေစွာ ပုဆစ်တုပ်လျက် ရှိခိုးသည်၊ ဘုန်းကြီး စိတ်ထဲက တိရစ္ဆာန်ဖြစ်လျက် လူနှင့်မခြား သိတတ်ပုံကို နှစ်သက်စွာချီးမွမ်းရင်း ထုံးစံအတိုင်း ကန်တော့သူအား ဆုပေးသည်ကို ရိုသေငြိမ်သက်စွာ ထိုင်လျက် နားထောင်နေသည်၊ ဘုန်းကြီးက ဆက်လက်၍ လူတို့၏ လယ်ယာခင်းများကို မဖျက်ဆီးရန်၊ ဘေးရန်ကင်းအောင် လူသူဝေးရာ တောထဲ၌ သွားနေရန် စသည်ဖြင့် ဆုံးမသြဝါဒပေးသည်ကိုလည်း နားထောင်နေသည်၊ ပြီးမှ ဘုန်းကြီးက "ကိုင်း သွားကြပေတော့၊ ဘေးရန်ခပ်သိမ်း ကင်းငြိမ်း၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ" ဟူ၍ ဆုပေးလိုက်ခါမှ ရှိခိုးပြီး ပြန်ထွက်သွားသည်၊ ကျောင်းပေါက်ဝမှ ရပ်စောင့်နေသော ဆင်ထီးပျိုနှင့်အတူ တောအုပ်ဆီသို့ ပြန်သွားကြသည်။ သူတို့၏ အပြုအမူကို ကြည့်ဖွယ်ကောင်းသော မြင်ကွင်းကဲ့သို့ ကျောင်းသားကိုရင်တို့က စောင့်ကြည့်ရင်း အံ့သြကြသည်။

တောတွင်းသို့ ပြန်သွားသော်လည်း မငွေစိန်သည် အခြား ဆင်ရိုင်းတို့နှင့် တွဲဖက်၍ တောထဲ၌ နေရခြင်းကို မပျော်ပိုက်နိုင်တော့ချေ၊ အချိန်များများ မကြာခင် သူတစ်ကောင်တည်း ပြန်လာပြန်၏။ ဆရာတော်သည် တာဝန်ကြီးလေးသည်ဟု ယူဆထားသော်လည်း သနားစိတ်ရှိပြန်၍ လက်ခံထားရတော့သည်၊ နောက်ဆုံး မတတ်သာတော့သဖြင့် ဘုန်းတော်ကြီး အမိန့်အရ ရွာလူများက သစ်ခွတ်တနယ် ရွာသူကြီး ဦးမင်းကောင်းထံ သွားရောက်အပ်ကြသည်၊ ဦးမင်းကောင်းက သိမ်းဆည်းကျွေးမွေးထား၍ ဦးမင်းကောင်းဆင် အမည်တွင်သွားပြန်သည်၊ ဦးမင်းကောင်းသည်လည်း အချိန်အတန်ကြာ ကျွေးမွေးထားပြီးနောက် ဝန်လေးသည်ဟူ၍ တောထဲသွားလွှတ်လိုက်ပြန်၏။ သို့သော် တောဝေးရာသို့ မသွားချေ၊ တောဆင်ရိုင်းများနှင့် ပေါင်းနေလိုဟန်မရှိပါ၊ သူတစ်ကောင်တည်း လွတ်လပ်စွာ ရွာနီးပတ်ဝန်းကျင်၌ လှည့်လည်၍ လယ်ယာများအတွင်း ဖြတ်သန်း၍ တစ်ရွာဝင် တစ်ရွာထွက် သွားလာနေသည်၊ သနားချစ်ခင်၍ ကျွေးမွေးကြသူများလည်း ရှိ၏၊ အများအားဖြင့် ဘုန်းကြီးကျောင်းများကို သူ၏ စားသောက်ရာ၊ ကျင်လည်ရာ အဖြစ် ဝင်ထွက်နေတတ်သည်၊ လူများကို ရန်ရှာလေ့မရှိပါ၊ ယာခင်းများအတွင်း၌

www.burmeseclassic.com

www.burmeseclassic.com



လူတို့က ခေတ္တထားသော ထမင်းတောင်းတွေ့လျှင် စားသွားတတ်သည်၊ ကြာလာသောအခါ လူများက "ဒီဆင်ဟာ နေရာတကာ ရောက်နေတယ်၊ လွှတ်မထားပါနှင့်၊ ပြန်သိမ်းပါ" ဟူ၍ ပြောဆို တိုင်တောကြသောကြောင့် မနေသာတော့၍ ဦးမင်းကောင်းက ပြန်ကောက်ရသည်။

ထိုအခါ ဦးမင်းကောင်းသည် ကျွေးမွေးထားရန် တာဝန်ကြီးသောကြောင့် ဆင်ဦးစီးတစ်ယောက် ရှာပြီး -

"ကိုင်း- မောင်ရင်၊ မင်းကို ဒီဆင် အပ်လိုက်တယ်၊ ဆင်ကိုလည်း ထိန်းပါ၊ ဆင်ခရလျှင် မင်းလည်းစားသုံးပါ၊ ဆင်ကိုလည်း ကျွေးမွေးပါ" ဟူ၍ ပြောဆို မှာကြား လွှတ်လိုက်သည်၊ ထိုအချိန်မှစ၍ အကင်းပါးသော ဆင်ဦးစီးသည် ဆင်လိမ္မာတစ်ကောင် ရထားသည်ကို နားလည်မှုယူကာ ရွှေဘိုနယ် မုံရွာနယ် တစ်ခွင်အနှံ့လှည့်လည်၍ အလှူပွဲများက ဖိတ်ကြားသမျှ အငှားလိုက်နေသည်၊ ငွေကြေးလည်း အရကောင်းနေသည်၊ မငွေစိန်ကိုလည်း လူသိများပြီး နာမည် ကြီးလာတော့သည်၊ ဘုန်းကြီးပျံပွဲများကို မငွေစိန်က ငှား၍မလိုက်ပါ၊ ဦးမင်းကောင်း လက်ထဲ၌ရှိနေစဉ် မငွေစိန်ကို ဘုံဘေဘားမား သစ်ကုမ္ပဏီက သူပိုင်သည်ဟု ပြောဆိုကာ သိမ်းယူသွားဖူး၏။ သို့ရာတွင် မငွေစိန်ကား ညွှန်သူမဟုတ်ပါ၊ "သင်းတို့ ငါ့ကိုမပိုင်ဘူး၊ ဘာဆိုင်လို့ နင်တို့ ခိုင်းစေတာ ငါလုပ်ပေးရမှာလဲ" ဟူသည့်အနေဖြင့် သစ်တစ်လုံးမျှ အဆွဲခိုင်း၍မရချေ၊ ဘယ်လိုပင် နှိပ်ကွပ်၍ ခိုင်းသော်လည်း မရ၍ နောက်ဆုံးတွင် ဦးမင်းကောင်းထံသို့ ပြန်အပ်လိုက်ရသည်။

ဆင်ဦးစီးနှင့် ဆင်လိမ္မာကြီး မငွေစိန်တို့သည် တစ်နှစ်ထက်တစ်နှစ် စန်းပွင့်ကာ နာမည်ကျော်ကြား လူသိများပြီး နယ်ကျယ်၍သွားလေရာ ရွှေဘိုနယ် မုံရွာနယ်တို့ကို ကျော်လွန်၍ အလှူကြီးများက အရအမိဖိတ်ခေါ်ကြသောကြောင့် စစ်ကိုင်း၊ မန္တလေး၊ ကျောက်ဆည်နယ်အထိ ရောက်သွားကြလေသည်။ ဆင်ဦးစီးမှာ နယ်စုံရောက်ရလေရာ ဆင်ဦးစီးတို့ မလေ့ထုံးစံ သားမယားလည်း ပါမလာခဲ့၍ ရောက်လေရာ ဒေသတိုင်းမှာ တွေ့ရာ မိန်းမယူတတ်သည်၊ ဆင်ဦးစီးက ယူထားသော မိန်းမနှင့် အနေကြာသော မြို့ရွာတို့၌ မငွေစိန်ခများလည်း ကြာကြာရပ်ဆိုင်း

www.burmeseclassic.com



နေရမြဲ ဖြစ်သည်၊ ဆင်သည် လူနှင့်နီးလှ၍ တောဆင်ရိုင်းများကဲ့သို့ မြက်ဝါးရွက်စသည်ကို မစားတော့ပါ၊ ပြောင်းဆန်ကို အားကြီးစားသည်။

မင္ဂေစိန်ဘဝတွင် အလှူပွဲများ၌ ရှင်လောင်းယူလိုက်သော အချိန်ပိုင်းသည် ကျေနပ်အားရ၍ အပျော်မြူးဆုံးအချိန် ဖြစ်သည်။ သူ့ဝမ်းအသာဆုံး အလုပ်ဖြစ်၍ မင္ဂေစိန် ရှင်လောင်းယူလိုက်ပါပုံ ဟန်ပန်အကြောင်း ပြောပြပါမည်၊ ရွှေဘိုနယ် ရှင်လောင်းလှည့်ပုံသည် မြန်မာပြည် အရပ်ဒေသအားလုံးတို့တွင် ရှေးထုံးစံမပျက် အစီစဉ်နှင့် စည်ကားပုံမှာ ယနေ့ထိ တည်မြဲလျက် ရှိသည်၊ အလှူအိမ်မဏ္ဍပ်မှ ဘုန်းကြီးကျောင်းသို့ ရှင်လောင်းယူထွက်လာသောအခါ ရှည်လျားသော ပရိသတ်တန်းကြီး၏ ပသာဒရှိပုံမှာ အလွန်ကြည့်ကောင်းပေသည်။

အစီအစဉ်မှာ လှပစွာလုပ်ထားသည့် ဘုရားပေါ်ဆောင်းသော ထီးကိုင်ဆောင်လျက် စိပ်ပုတီးနှင့် အဘိုးကြီးက ရှေ့ဆုံးမှ ထွက်လာသည်။ ထို့နောက် ကပ်လျက် ပြောအဖွဲ့သားများ တီးရင်း လိုက်ပါသည်။ ထို့နောက် ပိဋကတ်ပေစာထုပ် စာအုပ်များကို လုလင်ပျိုတို့ ကလပ်ပေါ်တင်ကိုင်ဆောင်၍ စီတန်းလိုက်ပါသည်။ ထိုနောက် အလှူဒကာက ပရိက္ခရာလွယ်၍၊ ထိုနောက်မှ သံဃာစေ့လှူရန် သပိတ်များကိုလွယ်၍ ယပ်များကိုထမ်း၍ လူကြီးများက စီတန်းလိုက်ပါသည်။

ထိုနောက်မှ အလှအပဆုံးအဖြစ် ရွေးချယ်ခံရသူ အမျိုးသမီးပျိုက ရွှေသက်န်းကိုင်၍ လိုက်ပါသည်၊ ထိုနောက် တံခွန်လုံးကို အလျားလိုက် ပျိုအိုမရွေးမိန်းမများက နှစ်ယောက်စီတွဲလျက် ကိုင်ဆောင်လိုက်ပါသည်။ ထိုနောက် ကွမ်းတောင်ကိုင် အပျိုချောနှစ်ယောက်၊ ရွှေဟင်္သာအုပ်ကိုင်နှစ်ယောက်၊ ရွှေကွမ်းအစ်ကိုင်တစ်ယောက် စီတန်းလိုက်ပါသည်၊ ထိုနောက် လှပစွာစိုက်ထားသော ရှင်ဆောင်သက်န်းလိပ်ကိုင်သူများ၊ ပရိတ်အိုးကိုင်များ၊ ထိုနောက် သံဃာစေ့လှူရန် သက်န်းခေါက်များကို ပန်းကန်ပြားပေါ်တင်ကာ ကိုင်ဆောင်သူ အမျိုးသမီးများအားလုံး တစ်ယောက်စီတန်း၍ လိုက်ပါရသည်။ (တံခွန်လုံးကိုင်သူများမှ လွဲလျှင် အားလုံး အပျိုများသာ ဖြစ်ရသည်။)

www.burmeseclassic.com

www.burmeseclassic.com



ထိုနောက်မှ ရှင်လောင်းတင်ရန် မှန်စီရွှေချထမ်းစင်များကို လူပျို လေးယောက်ကျစီ ထမ်း၍ ရွှေထီးမိုးသူ နှစ်ယောက်ကျစီနှင့် လိုက်ပါရသည်၊ ထိုနောက်မှ ဘုန်းကြီးကျောင်းသားများက ရတုဆို၍ လျှိုးထိုး၍ လိုက်ပါရသည်၊ နောက်ဆုံး၌ တူရိယာသံမြိုင် တီးဝိုင်းအဖွဲ့ပါသည်၊ ထိုနောက်မှ ကာလသားတို့၏ ဒိုးပတ်ဝိုင်းများက သီဆိုတီးမှုတ်ကခုန်ရင်း လိုက်ပါကြသည်။

ဆင်ငှားသော အလှူပွဲတွင် မငွေစိန်ကို မှန်စီ၍ တော်ဖောက်၍ထားသော အရောင်တောက်သည့် ကတ္တီပါ ကကြိုးတန်ဆာတို့ဖြင့် လှပအောင် ဆင်ယင်၍ ဝဲယာမှ လူပျိုတော်သားနှစ်ယောက်တို့ကို ရွှေထီးမိုးလျက် သစ်လွင် တောက်ပြောင်လှသည့် ရှည်လျားသော ရှင်လောင်းယူ ပရိသတ်ကြီးအတွင်း အမျိုးသမီးတို့နောက် ထမ်းစင်တို့၏ရှေ့မှ လိုက်ပါရသည်၊ ဘုန်းကြီးကျောင်းကို သုံးပတ်လှည့်ကြသောအခါ မငွေစိန်သည် ရှေ့တန်းမှ ရွှေသက်နန်းကိုင် ကွမ်းတောင်ကိုင် သမီးပျိုတို့နှင့် နင်လားငါလားမခြား သူ့နည်းသူ့ဟန်ဖြင့် အလှပဆုံး ဆင်ပြင်ထား၍ ကျေနပ်အားရလျက် ဝင့်ကြွားစွာ ကြော့ကြော့ကလေး ဟန်ပန်ဖြင့် လိုက်ပါသည်၊ သူ့နောက်မှ သာယာငြိမ့်ညောင်းစွာ တီးမှုတ်ပါလာသော တူရိယာသံများအကြား ရှေ့ဆုံးမှ တီးခေါက်သွားနေသော ဗြောသံနှင့် စည်းချက်ညီညီ သူ၏ခြေလက်များကို ယဉ်ယဉ်ကလေး ချလှမ်း၍ ကြည့်ကောင်းအောင် လိုက်ပါတတ်သည်။

ဤအရှင်ငယ်စဉ်က ရွှေဘိုနယ်တောရွာ အလှူပွဲတစ်ခု၌ မငွေစိန် ရှင်လောင်းယူလာပုံကို ယခုတိုင် မြင်ယောင်နေမိသည်၊ နောက်ပိုင်းတွင် ကျောက်ဆည်နယ်ရောက်နေစဉ် ဦးမင်းကောင်းက တခြားလွှဲမသွားစေလို၍ သူ၏ဆင်ကို ပြန်ကောက်ယူပြီး မန္တလေးမြို့ အရှေ့ပြင် မာရ်အောင်ကျောင်းတိုက် ဆရာတော်အား လှူထားလိုက်သည်၊ ထိုအခါ ဆင်ဦးစီးမှာ လခသာရနေသည်၊ ဆင်နှင့် ရှေးကလို ရပ်ဝေးမလိုက်ရ၍ တာဝန်လည်းမကြီး၊ မြို့ပေါ် လောက်သာ ရခါလိုက်ရသည်။ ဆင်ကို ဆရာတော်က တာဝန်ယူ ထိန်းသိမ်းထားသည်။

မငွေစိန်သည် လူကပြောသောစကားကို လူတို့ကဲ့သို့ ထပ်တူနားလည်သည်၊ ခွေတာရေးလည်း လိုလားသည်၊ စစ်ကိုင်းမြို့ ရောက်နေစဉ်အချိန်က ကျောက်ဆည်မြို့မှ

www.burmeseclassic.com

www.burmeseclassic.com



အလှူတစ်ခုက ငွေ-၅ဝိ/နှင့်ဖိတ်၍ လက်ခံလိုက်ပြီးလျှင် ...

"ကိုင်း ... ငွေ-၅ဝိတော့ ရပြီ တံတားကြီးပေါ်က အခပေးပြီး လျှောက်မလား၊ ရေထဲဆင်းသွားမလား၊ တံတားခတော့ ပိုမရဘူး၊ ဒီငွေထဲက နုတ်ပေးရလိမ့်မယ်" ဟု ဆင်ဦးစီးကပြောရာ မငွေစိန်က "ဒီလိုဆိုရင် ငွေကုန်မခံနိုင်ဘူး၊ ရေထဲကပဲ ဆင်းသွားလိုက်တော့မယ်" ဆိုသည့်အနေဖြင့် ဧရာဝတီမြစ်ထဲ ဆင်းသွား၍ ဖိတ်ကြားသူ အလှူဒကာများက "မဆင်းပါနဲ့ တံတားခ ခံပါ့မယ်" ဟု ပြောမှ ပြန်တက်လာခဲ့သည်၊ စစ်ကိုင်းတံတားကြီးပေါ်မှ ဖြတ်ကူးသောဆင်များကို အခွန်ဆောင်ရမြဲ စည်းကမ်းရှိသည်။

တစ်ခါက မန္တလေးမြို့၌နေစဉ် ရပ်ကွက်တစ်ခုအတွင်း မိန်းမကြီးတစ်ယောက် မငွေစိန်လိမ္မာပုံကို သနားချစ်ခင်၍ လူစားသော မုန့်ကြော်တွေ ဝယ်ကျွေးရာ၊ ဝမ်းသာအားရစားသည်၊ ဆင်ဦးစီးက ဗိုက်နာမည်လောဟု စိုးရိမ်၍ မစားရန်တားမြစ်ရာ "စေတနာကောင်းနှင့် ကျွေးတာကို တားမြစ်ရမည်လော" ဟူသည့် အသွင်ကိုပြကာ စိတ်ဆိုးပြီး ဆင်ဦးစီး သူ့အနား အကပ်မခံတော့ဘဲ တခြားထွက်သွားဖူး၏။ မြို့အရှေ့ဘက် ဝါခင်းကုန်းရောက်သွားစဉ် ပုလိပ်တို့က ဖမ်းယူပေးကြရသည်။

မန္တလေးမြို့ပေါ်၌ မငွေစိန် စန်းပွင့်၍ လူချစ်လူခင်ပေါများနေခဲ့ရာ ဟိုရပ်ကွက် သည်ရပ်ကွက်တို့မှ ဖိတ်ခေါ်ပြီး ငှက်ပျောသီး ကြံချောင်းတို့ကို ကျွေးကြသည်၊ အကခိုင်းပြီး အပျော်ကြည့်ကြသည်၊ ကျွေးမွေးသူများ ကျေနပ်အောင် မငွေစိန်ကလည်း ရွှေပွဲလာပရိသတ်အား ယိမ်းကာနွဲ့ကာဖြင့် ကြည့်ကောင်းအောင် ယဉ်ယဉ်ကလေး က, ပြတတ်သည်၊ ကြံတစ်ချောင်း နှစ်ချောင်းသာပေးပြီး အက, ခိုင်းလျှင် ကြံဝါးရင်း နည်းနည်းကလေးသာ ကပြသည်၊ ဤအရှင်ငယ်ရွယ်စဉ် သာမဏေဘဝတုန်းက မုံရွာမြို့မြင်းမူလမ်းပေါ် ညောင်ပင်ကြီးအောက်၌ မငွေစိန် ကပြနေပုံကို မြင်ခဲ့ရဖူး၏။ ကလေးများက "မငွေစိန် ကြံတစ်ချောင်း ပေးစမ်းပါ" ဟု တောင်းကြလျှင် "မပေးဘူး" ဟူသည့် အသွင်ဖြင့် ခေါင်းယမ်းပြတတ်သည်။

ဆင်တို့မည်သည် မင်္ဂလာသာ ကြိုက်ကြသည်၊ အမင်္ဂလာကို မကြိုက်ကြပါ။ မငွေစိန်တို့ ဘုန်းကြီးပျံပွဲများက ငှားကြသော်လည်း မလိုက်ပါ၊ ငြင်းဆန်သည်၊

www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းတွင် အကြိမ်ကြိမ် ဖိတ်ခေါ်နေကြရာ အားနာဖွယ်ကောင်းကြောင်း ဆင်ဦးစီးက လိုက်ပါရန် တိုက်တွန်းရာတွင်မှ ဘုန်းကြီးပျံပွဲများသို့ လိုက်ရှာ၏။ သို့သော် အလှူပြသဘောမျိုးသာ လိုက်ပါသည်။ အလောင်းတင်မခံပါ၊ အလောင်း တင်ထားသော ပြာသာဒ်ရထားမှ ကြိုးကိုပင် မဆွဲပါ၊ မငွေစိန်သာမဟုတ် အခြားဆင်များလည်း ဤနည်းပင်ဖြစ်ကြသည်။

တစ်ခါက ကျောက်ဆည်မြို့နယ်တွင် သစ်ဆွဲသော တောဆင်ရိုင်းတစ်ကောင် ယဉ်လာစဉ် ဘုန်းကြီးပျံပွဲတစ်ခုမှငှား၍ အလောင်းတင်ဆွဲစေရာ အလွန် ဝမ်းနည်းရှာပြီး မျက်ရည်တွေတွေကျကာ ငိုကြွေးလေသည်၊ သနားစရာ ထိုဆင်ကြီးသည် ငိုကြွေးပြီး အစာမစားတော့ဘဲ ထိုဈာပနပွဲအတွင်းမှာပင် ရင်ကွဲနာကျ၍ သေသွားဖူးလေသည်။

မငွေစိန်သည် မုံရွာခရိုင် ကနီမြို့၌ နေလျက်ရှိစဉ် သူ့အတွက်ရသောငွေဖြင့် မုံရွာမြို့မြောက်ဘက် (၇)မိုင်ကွာ ရှေးအခါက အလုံမြို့နယ် ယခုအခါ ဘုတလင်မြို့နယ် သစ်ခွတ်တနယ်ရွာ၏အနီး အလယ်တန်းကျောင်းနှင့် အိမ်ခြေ ၁၅၀ ကျော်ရှိ "ဝင်မနားရွာ" ဘုန်းကြီးကျောင်းကို စစ္စဦး ဆောက်လုပ်လှူဒါန်းဖူး၍ ကျောင်းအမကြီးနာမည်ရလာကြောင်း သိရဖူး၏။ တစ်ဖန် 'ကျောင်းအမကြီး' တွင်လာပုံမှာ စစ်ကိုင်းတိုင်း ရှစ်မိုင် နို့ချက်စက်ရုံနှင့် တိရစ္ဆာန်ဆေးကုဌာန ညွှန်ကြားရေးမှူး ဘုတလင်မြို့သား ဦးဖေတင် (ယခု၊ ရန်ကုန် ရွာသာကြီးစီမံကိန်း ဒါရိုက်တာဒေါက်တာဖေတင်)၏ ၁၃၂၈ ခုနှစ် ပြာသိုလဆုတ် (၃)ရက်နေ့တွင် ပျောက်ထားချက်အရ တိကျသော ကြောင်းရာစုံမှာ သစ်ခွတ်တနယ်ရွာ၌ ကျောင်းတိုက်(၃)တိုက်ရှိရာတွင် ကျောင်းကြီးကျောင်းဟု နာမည်တွင်သော မြောက်ဘက်ဆုံးကျောင်းကို မငွေစိန်၏ လုပ်အားခ ရငွေဖြင့် သူ့ကို ပိုင်ဆိုင်သူဖြစ်သော သူကြီး ဦးမင်းကောင်းက ဆောက်လုပ်လှူဒါန်းပေး၍ ကျောင်းအမကြီး နာမည်တွင်လာသည်ဆို၏၊ ဒုတိယမြောက်ကောင်းမှုဖြစ်ဟန်တူသည်။

ထို့ပြင် မန္တလေးမြို့အရှေ့ပြင် မာရ်အောင်ကျောင်း၌ နေခဲ့စဉ်အခါက ပန်ကာနှင့် မီးသီးများကို မငွေစိန်၏ကောင်းမှုအဖြစ် လှူဒါန်းဖူးသည်၊ ထိုနောက်

www.burmeseclassic.com

www.burmeseclassic.com



မငွေစိန်ဘုရားအမကြီး နာမည်ရပုံမှာ သခွတ်တနယ်ရွာ၏ အရှေ့မြောက်ထောင့် အရပ်၌ရှိသော ဝက်ရဲရွာမှ သာသနာပိုင် ဦးဥေ ယျမွေ၏ ရှေးဟောင်းစေတီကြီး တစ်ဆူကို မငွေစိန်၏ လုပ်ခရငွေနှင့် ပြုပြင်မွမ်းမံ တည်၍ လှူဖူးသောကြောင့် ဘုရားအမကြီး မငွေစိန်ဟူ၍ ခေါ်တွင်ကြပြန်သည်။ ဘုရားကြီးနှင့် အာရုံခံ တန်ဆောင်းတွင် ယခုတိုင် မငွေစိန်အထိမ်းအမှတ် ဆင်ရုပ်တုများကို တွေ့နိုင်သည်။

တိရစ္ဆာန်ဖြစ်ရသော်လည်း သူ၏ဘဝကား ထူးခြားပြောင်မြောက်ပေ၏။ ရုပ်ရှင်ဇာတ်လိုက် မငွေစိန်ဖြစ်လာရလေသေး၏။ လွန်ခဲ့သော တစ်ခေတ်က အေဝမ်း ရုပ်ရှင်ကုမ္ပဏီမှ ရိုက်ကူးသော မြိုင်ယံဘွားဇာတ်ကားတွင် ပါဝင်သော နာမည်ကျော် ဆင်လိမ္မာကြီးသည် မငွေစိန်ပင်ဖြစ်သည်၊ ဒါရိုက်တာက အစမ်းအနေဖြင့် အကခိုင်းရာ သူမကပြတတ်ပုံမှာ ခြေထောက်၍ လက်မြှောက်၍ ကိုယ်ဟန်ယိမ်းနွဲ့၍ ဦးခေါင်း အမူအရာ လှုပ်ရှားပုံ၌ ကြည့်ကောင်းအောင် ကပြတတ်သောကြောင့် သဘောကျကာ သူ့ကိုငှားပြီး ရိုက်ကူးရာ နေရာကျသည်၊ လိုသလို သရုပ်ဆောင်ပုံ အကွက်စေ့သဖြင့် ထူးခြားအောင်မြင်သော ဇာတ်ကားကောင်းကြီး ဖြစ်သွားလေသည်။ ထိုအချိန်မှ စ၍ ပင်ကိုစွမ်းရည်ကို မှီကာ "ရုပ်ရှင်ဇာတ်လိုက်" မငွေစိန်ဟူ၍ နာမည်ကျော် သွားပြန်လေသည်၊ ယင်းဇာတ်ကားကို ဘုတလင်မြို့၌ ရိုက်ကူးသည်ဟု မှတ်သား ရ၏။

မန္တလေးမြို့၌ နေစဉ်မှာပင် မာရ်အောင်ကျောင်း ဆရာတော်ကြီးက သူ့အတွက်ရသမျှငွေကို ကုသိုလ်ဖြစ်စေလိုသည်၊ "နင့်အတွက် ကောင်းမှုပြုမယ်၊ သံသရာကျင်လည်ရာတွင် ဘဝသမ္ပတ္တိပြည့်စုံအောင် နိဗ္ဗာန်ရောက်ကြောင်း ရည်မှန်းပြီး အလှူကြီးပေးမယ်၊ ဝမ်းမြောက်နေပါ" ဟူ၍ သူ၏ရှေ့၌ ရပ်၍ပြော ဆိုရာ ရပ်၍ နားထောင်နေသည်၊ သံဃာတော်အများ ပင့်ဖိတ်၍ ဆင်းရဲသား ဂါလေးများ စုပေါင်းပြီး ရှင်ပြုကာ သံဃာ့ဒါနဆွမ်းကျွေး အလှူပွဲကြီး ပေးလှူ ခဲ့ဖူးသည်၊ ထိုအချိန်တွင် အလှူ့အမကြီး မငွေစိန်ဟူ၍ ခေါ် ဆိုခြင်း ခံရပြန်သည်။

ဘဝတစ်ခု၌ အကျိုးပေးဟန်ကို ထံရားသဘောအမြင်ဖြင့် လေ့လာ ကြည့်ကြလျှင် ရှေးဘဝတို့က မကောင်းမှုအမြဲပြုခဲ့၍ အထုံပါခဲ့ခြင်းလည်း

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တတ်သည်။ သံသရာတစ်ခွင် ကျင်လည်လေသမျှ ဖြစ်ရာဘဝတိုင်းမှာ ကုသိုလ်ကောင်းမှု ပြုနိုင်ရပါလို၏ဟူ၍ ဆုတောင်းခဲ့ဖူးသောကြောင့် အခြေအနေက ဖြစ်မြောက်အောင် ထောက်ပံ့ပေးခြင်းလည်း ဖြစ်တတ်သည်။

လက်ရှိလူ့ဘဝ ရနေကြသူတို့သည်လည်း ဤနည်းအတိုင်းပင် အခြေအနေက အချိန်ပေး၍ တိုက်ဆိုင်လာခိုက် ပြုလုပ်ခဲ့သောကြောင့် ဒါနရှင်ဖြစ်လာသူတွေ များစွာ ရှိကြသည်။ ဤအရှင် ရန်ကုန်မြို့ရောက်သွားခိုက် ဒကာကြီးဦးရင်ဝှက်၊ ဒေါ်ခင်ဆိုင်တို့အိမ်၌ ပရိတ်ရွတ်အပြီးတွင် သတ္တဝါတို့၏ ကံတရားအကြောင်းနှင့် စကားစပ်၍ "အလှူဒါနပြုကြရာမှာ စေတနာသာထား၊ စေတနာထက်သန်မှုရှိလျှင် နည်းသည်များသည်မဟူ စွမ်းအားရှိသလောက်လှူ၊ မိမိ၏ စေတနာစွမ်းကြောင့် ဘယ်ဘက်ကတစ်ဆုပ်ကြဲ ညာဘက်က တစ်လှည်းဝင်ဆိုသကဲ့သို့ ပစ္စည်းဥစ္စာတွေက အလိုလိုအပေါက်ရာပြီး ဝင်လာနေကြသလို စီးပွားချမ်းသာ တိုးတက်နေလေ့ရှိကြောင်း" ပြောရာ ဒကာကြီးဦးရင်ဝှက်က သူ၏ဘဝခရီးတွင် ဘုန်းကြီးကျောင်း(၃)ကြိမ်ဆောက်လုပ် လှူဒါန်းဖူးကြောင်း လျှောက်၍ ဝမ်းမြောက်ရသည်။

ထိုနည်းတူ ရန်ကုန်မြို့ လမ်း–၅၀ မှ လမ်းမင်းကြီး ဦးကြည်မွန်ကတော် ဒေါ်ကြင်မြိုင်၏ ပေးစာတစ်စောင်တွင် "သူတို့မှာ အစိုးရ အမှုထမ်းဖြစ်၍ ရရစားစား လခစားဆိုသောဘဝမျိုးနှင့် ကျင်လည်နေကြသည့်အထဲက နေ၍ ဇရပ်ကြီးတစ်ဆောင် ဖြစ်မြောက်အောင် ဆောက်ခဲ့ဖူးခြင်း၊ ရှေးဟောင်းဘုရား ကျောင်းကြီးဖြစ်သော ဂန္ဓကုဋီတိုက်ကြီး ပြုပြင်ကြခိုက် ကြုံရာတွင် တာဝန်ခွဲဝေ ယူ၍ ပါဝင်ခဲ့ဖူးခြင်း၊ သားမြေးတွေ အကြိမ်ကြိမ် ရှင်ပြုခဲ့ဖူးခြင်းစသည်ဖြင့် နောက်ကြောင်းမှ ကောင်းမှုတွေကို ကျန်းမာရေးချို့တဲ့ခိုက် အိပ်ရာထဲနေရစဉ် ပြန်လည်အောက်မေ့မိကြောင်း" ရေးဖူးပါ၏။

လူဖြစ်လာရကြခိုက် တစ်ဘဝတွင် ဤမျှအမှတ်တရ ပြုလုပ်လှူဒါန်းခဲ့ရဖူးပြီးဆိုလျှင် ကျောင်းအမကြီး မငွေစိန်ကဲ့သို့ အလားတူစွာ အခြေအနေက ကောင်းမှုပြုခွင့်ရစေရန် တိုက်ဆိုင်အောင် ထောက်ပံ့ပေးခြင်း ဖြစ်သည်။ အလှူရေစက်

www.burmeseclassic.com

www.burmeseclassic.com



လက်နှင့်မကွာသူ ဝါသနာဘာဂီ ဆက်တိုင်းမီသူ စာရင်းဝင်ခဲ့ပြီဟူ၍ ဝမ်းမြောက်ရပါမည်။

ဤနည်းအတူ အခြားသူတို့သည်လည်း သူ့နည်းသူ့ဟန်ဖြင့် ကုသိုလ်ရှင်တွေ များစွာရှိကြ၏။ အနည်းအများသာ ခြားနားကြမည်။ မိမိတို့ ပြုလုပ်ခဲ့ဖူးသော ကောင်းမှုကို မကြာခဏ သတိရ၍ ဝမ်းမြောက်နေခြင်းသည် ကုသိုလ်အသစ် တိုးပွားနေစေခြင်းဖြစ်သည်။ စာဂါနုဿတိ ပွားများနေခြင်း ဖြစ်သည်ဟူ၍ မှတ်ပါ။

ဆင်အလိမ္မာအကြောင်း ဤမှတ်တမ်းအကျဉ်းချုပ်ကို စစ်ကြီးကာလအတွင်း ၁၃၀၃ ခုနှစ်တွင် ဤအရှင် မန္တလေးမြို့ ခရီးဖြတ်သန်းသွားစဉ် အနောက်ပြင် မစိုးရိမ်တိုက် သဒ္ဓမ္မကျောင်း၌ မိတ်ဆွေရင်း ကနီနယ်သား ဘုန်းကြီးတစ်ပါး၏ သူသိသမျှ ပြောပြချက်ကို ရေးယူခဲ့ခြင်း ဖြစ်သည်။ ထိုအချိန်မှာ ကျောင်းအမကြီး မငွေစိန် အသက်(၅၀)ရွယ်ရှိပြီဖြစ်ကြောင်းနှင့် မန္တလေးမြို့အရှေ့ပြင်၌ရှိနေကြောင်း သိခဲ့ရ၏။

ဆင်တို့၏ သက်တမ်းသည် လူတို့၏သက်တမ်းကာလအတိုင်း ရှည်ခြင်း တိုခြင်း တူညီကြမြဲဖြစ်သည်။ စစ်ကြီးကာလတစ်ချိန် မြို့ကြီးများ၌ အန္တရာယ်ကြီး နေချိန်တွင် မငွေစိန်သည် ဘေးမသီ ရန်မခဘဲ သူ၏နေရင်းဌာန မုံရွာခရိုင် သစ်ခွတ်တနယ် ရွာသူကြီး ဦးမင်းကောင်းထံသို့ ပြန်ရောက်သွားသည်။ အငြိမ်းစား ကျွေးမွေးထားသည်၊ သူကြီး ဦးမင်းကောင်း ကွယ်လွန်သွားပြီးနောက် တစ်လတိတိ အကြာတွင် မငွေစိန်သည် သစ်ခွတ်တနယ်ရွာ၏ အနောက်ဘက် သူ့ကိုထားရာစခန်း၌ ညင်သာစွာ သေဆုံးသွားရှာ၏။ ထိုနေရာအနီး၌ပင် ကျင်းတူး၍ အမှတ်တရ မြှုပ်ထား လိုက်ကြသည်။ မငွေစိန်၏ဦးခေါင်းကို ဦးမင်းကောင်း၏သား မြန်မာ့အသံ ကနီ ဦးလူညွန့်က အမှတ်တရသိမ်းဆည်းထားရန် ဖြတ်ယူသွားကြောင်းသိရ၏။ ထိုအချိန် တွင် မငွေစိန်၏ အသက်သည် ၇၅ နှစ်ခန့်လောက်ရှိပြီဟု ခန့်မှန်းရသည်။

ဆင်လိမ္မာကြီး မငွေစိန်၏ဘဝကို ချိန်၍ကြည့်လျှင် လူသူတော်ကောင်း တို့နှင့် နီးစပ်သောအကျိုးပေးရှိသည်၊ ဘုန်းကြီးများထံ၌ ရောက်နေခွင့်ကြုံသည်။ ကုသိုလ်ကောင်းမှု ဆည်းပူးနေခဲ့သော ဘဝအဆက်ဆက်တို့မှ လာခဲ့ခြင်းဖြစ်ဟန်

www.burmeseclassic.com

www.burmeseclassic.com



ရှိသည်၊ ကျောင်းအမကြီး၊ ဘုရားအမကြီး၊ အလှူအမကြီးဖြစ်သော မငွေစိန်သည် ယခုအခါ ကုသိုလ်ရှင်တို့ ပျော်စံရာဖြစ်သော အထက်နတ်ဘုံသို့ ရောက်နေပြီဖြစ်လိမ့်မည်ဟု ယုံကြည်မိပါသတည်း၊ လူများသည်လည်း သူ့ဘဝကို အားကျ အတုယူကြရန် နည်းကောင်းပေးခြင်း ဖြစ်ပါသတည်း။

(၁၃၄၄ ခုနှစ်၊ ပြာသိုလ (၁၉၈၃-ခု ဖေဖော်ဝါရီလ)ထုတ် မေ့ဗျူဟာ စာစောင် အတွဲ (၂၀)အမှတ် (၁၂)မှ ဆရာတော် ဦးဥတ္တမသာရ၏ ဆောင်းပါးကို ပြန်လည်ကူးယူ တင်ပြခြင်းဖြစ်ပါသည်။ ဝက်ရဲဇာတိ၊ ဘုတလင်မှ အထက်တန်းပြ ဆရာ တူဖြစ်သူ ဦးသန်းစိန်၊ ဒေါက်တာဖေတင်တို့၏ ပြောပြချက်များအရ ထပ်မံ စိစစ် ဖြည့်စွက်ထားပါသည်။ နိုင်ငံကျော် မေ့ကထိက ဆရာကြီးဦးလှသိန်း ရှင်ပြုစဉ်က မငွေစိန်ကို ငှား၍ ရှင်လောင်းလှည့်ပုံကိုလည်း ဆရာကြီး အတ္ထုပ္ပတ္တိ၌ ကြည့်ရှုနိုင်ပါသည်။)

○

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းအမကြီး မငွေစိန်



ဘုတလင်မြို့၌ အောဝမ်းရုပ်ရှင်မှ မြိုင်ယံဘွားဇာတ်ကား ရိုက်ကူးစဉ်က
(ဘုတလင်မြို့ ဆရာဦးသန်းစိန်ထံမှ)

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## သဒ္ဓါအားကောင်းသော
## တောထွက်ဦးပဥ္ဇင်းကြီး

မြောင်းမြမြို့ ဝေဠုဝတီရိပ်သာ ဆရာတော်ကြီး ငယ်စဉ်က ညောင်လွန့်တောရ ဆရာတော်ကြီးထံနည်းခံပြီး မိတ်ဆွေနှစ်ပါးနှင့်အတူ မြိတ်ထားဝယ်ဘက်ရှိ ကလိန်စေ့ တောင်သို့ တောထွက်မည်ရှိသောအခါ တောထွက်ဦးပဥ္ဇင်းကြီး တစ်ပါးက သူပါ လိုက်ပါ ပါရစေဟု လျှောက်သည်။ ဝိနည်းမသင်ဖူးသေး၍ အစစအရာရာ သွန်သင်ဆုံးမပါရန်လည်း လျှောက်၍ ခေါ်သွား၏။

တောင်ပေါ်ရောက်သောအခါ ဦးပဥ္ဇင်းကြီးက အလိုက်သိစွာ သစ်ပင်များကို ချိုးနုတ်ရှင်းလင်းရာ၊ "ဦးပဥ္ဇင်းကြီး၊ ရဟန်းဆိုတာ သစ်ခက် သစ်ရွက် မချိုးကောင်း" ဟု မိန့်လျှင်၊ "သြော် . . . ဟုတ်လားဘုရား၊ မသိလို့ပါ၊ ဆုံးမကြပါ၊ တပည့်တော် ကျင့်စရာတစ်ခု တိုးလာပြီ" ဟု လျှောက်၏။ စိမ်းသော မြက်သစ်ပင်ရှိရာ ကျင်ငယ်စွန့်သည်ကို မြင်၍ မလုပ်ကောင်းကြောင်း ဆုံးမလျှင်လည်း . . . "သြော် . . . ဟုတ်လားဘုရား၊ မသိလို့ပါ၊ ဆုံးမကြပါ၊ တပည့်တော် ကျင့်စရာတစ်ခု တိုးလာပြပြန်ပြီ" ဟု ပြောတိုင်း ပြောတိုင်း ဝမ်းသာအားရ ဤသို့နှင့်နှင့် နာခံ၏။

ကျင့်စရာတိုးလာလေလေ၊ ဝမ်းမြောက်လာလေ ဖြစ်လာ၏။ "မြတ်စွာဘုရားရှင်ဟာ လူတွေ မကျင့်နိုင်တာ၊ အကျိုးမရှိတာ မခိုင်းဘူး။ 'အကျိုးအပြစ် သိတော်မူလို့သာ ဖြစ်ရမည်" ဟု ဘုရားအပေါ် တရားအပေါ် ယုံကြည်ခြင်း သဒ္ဓါတရားဖြင့်သာ ပါတိမောက္ခသံဝရသီလကို လုံအောင် ထိန်းချုပ်နိုင်သည် ဟူသော မိန့်ဆိုချက်နှင့် တောထွက်ဦးပဥ္ဇင်းကြီး၏ သဒ္ဓါအင်အားသည် တစ်သားတည်း ဖြစ်တော့သည်။

(ဝေဠုဝတီဆရာတော်ကြီးထေရုပ္ပတ္တိ-မှ)

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီး ဦး ဂိုအင်ကာ ၏ အဘိုး
( ဥတ္တရပုမြို့ နေပြည်တော် )


*Baba*
SHRI BASESARLAL GOENKA
(ca. 1859 – 1932)

www.burmeseclassic.com

www.burmeseclassic.com



ဆင်ဖြူတော် (ဇာမရေရှူရ)။



ဘင်္ဂလား ပထမ သာသနာပိုင် ဆရာတော်၏
တံဆိပ်တော်၊

www.burmeseclassic.com

www.burmeseclassic.com

# ဓမ္မကဗျာဆရာ၏ နှလုံးသားထဲက ရွှေစေတီများနိုင်ငံ-မြန်မာပြည်

ယခုအခါ ကမ္ဘာအရပ်ရပ်၌ ဝိပဿနာ တရားပြဆရာကြီးအဖြစ် အများ သိရှိနေကြသော ဦးဂိုအင်ကာကြီးကား မန္တလေး နေပြည်တော်၌ ဖွားမြင်ခဲ့သူ ဖြစ်၏။ ၁၉၂၄ ခုနှစ်က ဖွားမြင်ခဲ့ရာ ယခု ၆၇-နှစ်ရှိလေပြီ။

၁၉၆၉-ခုနှစ်မှ စတင်၍ အိန္ဒိယနိုင်ငံကြီးကို ဗဟိုပြုကာ ကမ္ဘာအရပ်ရပ်သို့ လှည့်လည်လျက် ဝိပဿနာ တရားစည်ကြီးကို လည်စေခဲ့ရာ ၂၂-ပင် ကြာညောင်း ခဲ့ပြီဖြစ်၏။ ကမ္ဘာအရပ်ရပ်ရှိ တရားဌာနများ၌ နေ့စဉ် လူပေါင်း ရာပေါင်းများစွာ တရားထိုင်လျက် ရှိနေကြသည်။ လူမျိုးပေါင်းစုံ လူပေါင်း ၂-သိန်းကျော် တရားထိုင်ပြီး ကြလေပြီ။

ကံအကြောင်းတရားတို့ကား ဆန်းကြယ်လှပေစွ။ မမျှော်လင့်စကောင်းသော ပြောင်းလဲ တိုးတက်မှုများက မြင့်မားလွန်းလှသည်။ ကမ္ဘာလုံးဆိုင်ရာ ဝိပဿနာတရားပြ ဆရာကြီး ဦးဂိုအင်ကာသည် မကြာခဏ မိမိကိုယ်ကိုမိမိ စဉ်းစားနေမိ၏။ လာရာ လမ်းကြောင်းကို ပြန်ပြောင်း အောက်မေ့နေမိ၏။ တောင်ထိပ်ပေါ် ရောက်သွားသော သူသည် မိမိလာရာလမ်းကြောင်းကို ပြန်ပြောင်း ငုံ့ကြည့်သကဲ့သို့ ဖြစ်သည်။

အတိတ်မှ အရိပ်တို့သည် နှလုံးသား ပိတ်ကားပေါ်၌ တစ်လွှာပြီး တစ်လွှာ ပေါ်ထင်လာကြကုန်၏။ ထိုအခါ နှလုံးအိမ်၌ ကြည်နူးနှစ်သိမ့်မှုတို့သည် ပြည့်လျှံလာကြကုန်၏။ ကျေးဇူးရှင်တွေကိုလည်း စီကာစဉ်ကာ မြင်လာရ၏။ ကလေးငယ်ဘဝက အမှတ်မထင် ကြားခဲ့ရသော ဖာဖာ (အဘိုး)၏ အသံတို့သည် နားစည်တွင် တစ်ဖန်ပြန်၍ ပဲ့တင်ခတ်လာ၏။ ဖာဖာဂျီး၏ အမူအရာတို့သည် ပို၍ ပီပြင် ထင်ဟပ်လာကုန်၏။ ဟိန္ဒူဘုရားကျောင်းများအစား မန္တလေး မဟာ (မြတ်) မုနိဘုရားကြီးနှင့် မန္တလေးနန်းတော်ကြီးအတွင်းရှိ အေးမြလှသော ဗောဓိပင်ကြီးရှိရာသို့ မြေးကိုခေါ် ဆောင်ကာ အချိန်ကြာမြင့်စွာ အေးအေးဆေးဆေး နေတတ်ပုံများကိုလည်း မြင်ယောင်လာ၏။ ငုပ်ကွယ်နေသည့် မဖော်ပြနိုင်သော

www.burmeseclassic.com

www.burmeseclassic.com



အစိပ္ပာယ်များကိုလည်း နားလည်နေမိ၏။ ဟာဗာ ပြောပြလေ့ရှိသော အနှစ်တစ်ရာက မြန်မာလူမျိုးတို့၏ အကြောင်းလည်း ခုတော့ဖြင့် ယုံနိုင်စရာမရှိ။

ဟာဗာ၏အကြောင်း၊ ဟာဗာ၏ ကျေးဇူးဂုဏ်ကို ပြောရလျှင် (သိမြင်တတ်သူအဖို့) ကုန်နိုင်ဖွယ်မရှိ၊ ကုန်ကုန်ပြောရလျှင် သုသာန်၌ မီးရှို့ရန်ထင်းပုံပေါ် ရောက်သည်အထိ နုနယ်သေးငယ်သော ၇ နှစ်သားအရွယ် မြေးကလေး မျက်စိထဲ၌ မမေ့ပျောက်နိုင်၊ ဟုတ်ပါသည်။ ဟာဗာသည် ထင်းပုံပေါ် ရောက်သည် အထိ တစ်စုံတစ်ဦး ဆုမွန်ပေးသည့် လက်အနေအထားကို ဖော်ပြသွားခဲ့သည်။ ဟာဗာသည် ဘာကိုမြင်၍ အဘယ်သူ့အတွက် ဆုမွန်ပေးခဲ့လေသနည်း။

နောက်ပြီး၊ ဓမ္မကဗျာဆရာ၏ နှလုံးသားပိတ်ကားပေါ်တွင် ထင်ဟပ်လာလေ့ရှိသော ရုပ်ပုံလွှာတစ်ခု ရှိပါသေးသည်။ ဓမ္မဖခင်ကြီး၊ ဘဝလမ်းညွှန်ကြီး ဦးဘခင်၊ ဓမ္မကဗျာဆရာ အသက် ၃၁-နှစ်၊ ကမ္ဘာ့နိုင်ငံ အသီးသီးမှ ပါရဂူကြီးများ ကုသ၍မပျောက်နိုင်သော ခေါင်းကိုက်ရောဂါ ဝန်ထုပ်ကြီးကို ထမ်းပိုးရင်းက ဓမ္မဖခင်ကြီးနှင့် ဆုံစည်းခဲ့ရသည်။ နည်းခံတရားရှုရင်း၊ အကူတရားပြ ဆရာလုပ်ရင်း၊ ဘာသာပြန်ဆရာလုပ်ရင်း၊ တစ်ဖက်က လယ်တီဒီပနီ၊ အဘိဓမ္မာ၊ ဝိသုဒ္ဓိမဂ် စသော ဗုဒ္ဓဝါဒဆိုင်ရာကျမ်းစာများကို ဓမ္မဖခင်၏ထံမှောက်၌ သင်ယူ လေ့လာ၏။

အသက် ၄၅ နှစ်အထိ၊ ၁၄ နှစ်တိုင်တိုင်ဖြစ်သည်၊ ဓမ္မဖခင်၏ ဆုံးမစကားများသည်လည်း နှလုံးသား၌ အမြဲတမ်း ပွဲတင်ခတ်နေ၏။ ဓမ္မဖခင်၏ ရုပ်ပုံလွှာကို အဘယ်မှာလျှင် ထာဝရမထင်မြင်ဘဲ ရှိပါအံ့နည်း။ ထို့နှင့် တစ်ဆက်တည်း ကျေးဇူးတရားများက တသီကြီး ပေါ်လာလေတော့သည်။

တစ်ဖန် လွန်ခဲ့သော နှစ်ပေါင်းနှစ်ထောင်ကျော် အတိတ်သမိုင်းဆီကိုလည်း မျှော်ကြည့်သည့်အခါ ကြည့်လိုက်မိသေး၏။ အရှင်သောဏ၊ အရှင် ဥတ္တရတို့ခေတ်၊ ဓမ္မကဗျာဆရာ ယခု ခံစားနေရသော ဓမ္မရသကို ထိုအရှင်မြတ်နှစ်ပါးသည်ပင် ဤမြန်မာနိုင်ငံသို့ ယူဆောင်လာခဲ့ကြသည် မဟုတ်ပါလော။ ထိုအရှင်မြတ်နှစ်ပါးတို့၏ ကျေးဇူးကား ပထမဆုံး တွေ့ဆပ်ရမည့် ကြွေးပေတကား။

နှလုံးသား ပိတ်ကားပေါ်မှ ဆက်လက် ထင်ဟပ်လာသော ရုပ်ပုံလွှာတို့လည်း မနည်းပါချေ။ အားလုံး ပါရမီဖြည့်ဖက် ကျေးဇူးရှင်တွေချည်းပါတကား။

ဓမ္မကဗျာဆရာ၊ ကမ္ဘာ့ဝိပဿနာဆရာကြီး ဦးဂိုအင်ကာသည် ၅၀ ကျော် ၆၀ ဝန်းကျင်၊ လက်ရှိအခြေအနေပေါ်၌ ရပ်တန့်လျက်က အတိတ်ကို မျှော်လိုက်တိုင်း

www.burmeseclassic.com

www.burmeseclassic.com



ပေါ်ပေါက်လာသော ရုပ်ပုံလွှာနှင့် အတိတ်ကအသံများကို ကြားယောင်နေမိကာ ပီတိသောမနဿတို့သည် ရင်လှိုင်းခတ်မျှ ခံစားရလေ၏။ ရုပ်ပုံလွှာနှင့် အသံတို့၏ ငုပ်ကွယ်နေသော အဓိပ္ပာယ်များကိုပါ ဖတ်ကြည့်နေမိသည်။ ကတညုတ ကတဝေဒီ ကျေးဇူးသိစိတ်နှင့်အတူ အကြိမ်ကြိမ် ဦးခိုက်၍ပင် အားမရနိုင်တော့ချေ။

နှလုံးသားမှ ပီတိလှိုင်းတို့သည် ပြည့်လျှံတက်ကာ စကားလုံးများအဖြစ် နှုတ်ဖျားမှ ထွက်အန်ကျလာကြကုန်၏။ ထိုစကားလုံးကလေးများမှာ တမင် စန်ဆာ ဆင်ခြင်း မရှိ ခြယ်လှယ်မွမ်းမံမှု မပါ၊ နှလုံးသားက ထုတ်လုပ်လိုက်သည့် မူရင်း အတိုင်းပင် အစီအရီ ထွက်လာကြသည်။ သို့ရာတွင် ကာရန်နံဘေများနှင့် ထွက်ပေါ် လာကြသဖြင့် ဟိန္ဒီလို 'ဒိုဟာ' (ကဗျာ)ဟု ခေါ်ဆိုရ၏။ ဦးစွာ အနန္တ ကျေးဇူးရှင် ဗာဗာဂျီးကို မြစ်ဖျားခံ ထွက်ပေါ်လာသော ကဗျာများဖြစ်၍ 'ဗာဗာ ဒိုဟာ'ဟူသော အမည်ကိုပါ ခေါင်းစည်းတပ်၍ ထွက်ပေါ်ကြကုန်၏။

ဤ၌ ထူးခြားသည်မှာ စာရေးဆရာ၊ ကဗျာဆရာတို့ တမင် စိတ်ကူး ကြံစည်ပြီးမှ စာရွက်ပေါ်တွင် လက်နှင့်ကောက်၍ ရေးသားခြင်းမျိုး မဟုတ်၊ ထိုသဘောကို ယောဂီတို့ လွယ်ကူစွာ သဘောပေါက်နိုင်ကြလေသည်။ အဘယ့်ကြောင့် ဆိုသော် ဘုရားလက်ထက်တော်မှစ၍ ထေရ ထေရီတို့သည် မိမိတို့ ခံစားရသော ဓမ္မနှင့်စပ်၍ ရင်ထဲတွင် ခံစားနေရရုံနှင့် မရပ်၊ ပီတိသောမနဿ အလျှဉ်တို့သည် နှုတ်ဖျားမှပင် ပြည့်လျှံ ထွက်ကျလာကြကုန်၏။ ယင်းကို 'ထေရ ထေရီ ဂါထာ၊ ဥဒါန ဂါထာ' ဟု ခေါ်သည်။

ဓမ္မကဗျာဆရာ ဦးဂိုအင်ကာကြီးသည် မှတ်မိသည်များကို ပုဂ္ဂလိက ခံစားရန် အလို့ငှာသာ ရေးမှတ်ထား၏။ အင်္ဂလိပ်လိုလည်း ဘာသာပြန်ထားသည်။ ပုံနှိပ်ထုတ်ဝေရန်ကား အလျှင်းပင် မရည်ရွယ်ခဲ့၊ သို့ရာတွင် သူ၏ ကမ္မာနှင့်အဝန်း ဝိပဿနာ ၁၀ ရက်စခန်းများ၌ နေ့စဉ်နှင့်အမျှ သူ၏ အိန္ဒိယရိုးရာ ဓမ္မ ဒိုဟာ များကို ကြားနာနေကြရ၏။ အဓိပ္ပာယ် နားမလည်သူများပင်လျှင် မဖော် ပြတတ်သော ခံစားမှုများ ဖြစ်ပေါ်လာကြ၏။ ကိုယ်တွေ့ဆိုရပါမူ ၁၀ ရက်စခန်း သိမ်းသောအခါ သိမ်းသောညတွင် ထုံးစံအတိုင်း ဂုရုကြီးနှင့် မာတာကြီးတို့သည် ယောဂီရာပေါင်းများစွာတို့၏ ရှေ့စင်မြင့်ပေါ်မှနေ၍ တရားဓမ္မဟောပြောသည်၊ နောက်ဆုံးနေ့ဖြစ်၍ အထူးသဖြင့် ပြုပြုသမျှကုသိုလ်အဖို့ကို အမျှဝေသည်။ မေတ္တာပို့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒိုဟာကဗျာများကို ဂုရုကြီးနှင့် မာတာကြီးတို့သည် သံပြိုင်ရွတ်ဆိုကာ အမျှဝေ မေတ္တာပို့ကြရာ ပရိသတ်အားလုံး ရိုးတွင်းခြင်ဆီခိုက်မျှ ခံစားကြရသည်၊ ပရိသတ်များမှာ တရားရှုရင်း မျက်လွှာချ၍ နားထောင်နေကြခိုက် ဂုရုကြီးနှင့် မာတာကြီးတို့သည် နေရာမှ ထမှန်းမသိ ရွတ်ဆို သီကျူးရင်းထကာ ဓမ္မာရုံ ဂေဟာကြီး၏ နောက်ကျောဘက် မလွယ်ပေါက်မှ တဖြည်းဖြည်း ရွတ်ဆိုသီကျူးလျက် သူတို့နေသော ဓမ္မစံအိမ်ဆီသို့ ဦးတည်ထွက်သွားကြသည်။ ဓမ္မဂီတသံများလည်း တဖြည်းဖြည်း ဝေး၍ဝေး၍ မှေးမှိန်၍မှေးမှိန်၍ ပျောက်ကွယ်သွားကြသည်။ ဓမ္မာရုံအတွင်းရှိ ယောဂီများအားလုံး တစ်သက်တာတွင် မခံစားဖူးသော အရသာ ကိုယ်စီခံစားရင်း မှင်တက်မိ ကျန်ရစ်ခဲ့ကြလေသည်။

၁၀ ရက်လုံးလုံး နှုတ်ပိတ်နေခဲ့ကြရသော ယောဂီများအတွက် တရားပတ် ပြီးဆုံးသွားသဖြင့် စကားပြောခွင့်လည်း ရသွားကြလေသည်။ ထိုအခါ ဓမ္မာရုံကြီး တစ်ခုလုံး စကားပြောသံများက တိတ်ဆိတ်ခြင်းကို လွှမ်းမိုးသွားလေတော့သည်။ တရားပတ်ပြီးလျှင် ခွဲခွာကြရတော့မည်ဖြစ်၍ ယောဂီများက ဆရာမများကို လည်းကောင်း၊ ယောဂီအချင်းချင်း လည်းကောင်း လက်အုပ်ချီကာ နှုတ်ဆက် ကြလေသည်။ ယောဂီမ ကလေးများမှာ သူတို့၏ ဆရာ လက်ထောက်ကမ္မဋ္ဌာန်း နည်းပြ ဆရာမကြီးများကို လက်အုပ်ချီကျေးဇူးတင်စကားဆိုရင်း စိတ်ကို မထိန်း နိုင်ကြတော့ဘဲ ငိုရှိုက်သံများလည်း ပွဲတင်ထပ်လာပြန်လေသည်။

ထိုမြင်ကွင်း၊ ထိုခံစားချက်ကို ကျွန်ုပ်၏တစ်သက်တာတွင် မမေ့နိုင်ပါချေ။

ဆိုလိုသည်မှာ အခြားသူများအတွက် အလျင်းရည်ရွယ်ချက်မရှိခဲ့သော ဂုရုကြီး၏ပုဂ္ဂလိကဓမ္မကဗျာ (ဗာဗာဒိုဟာ) များသည် ယင်းသို့ ကြားနာခံစားဖူးသော ယောဂီများ၏ တောင်းဆိုချက်အရ ဟိန္ဒီအင်္ဂလိပ် နှစ်ဘာသာဖြင့် စာအုပ်အဖြစ် ပေါ်ထွက်လာရာ ဆရာပါရဂူကြီးက မြန်မာဘာသာ ပြန်ဆိုထားပါသည်။ ရန်ကုန်မြို့ ရွှေဘုံသာလမ်း၊ အမှတ်-၁၃၄၊ စာရေးဆရာ မောင်ရင့်ကျူး (မြောင်းမြ) ၏ အသောက စာပေတိုက်က ထုတ်ဝေခဲ့သည်။

'ဗာဗာဒိုဟာ ဓမ္မကဗျာများ' ကို ဖတ်ခြင်းအားဖြင့် အထူးသဖြင့် ယောဂီ များအဖို့ မိမိတို့လာရာ ဘဝလမ်းကြောင်း (ကံရေစီးကြောင်း)ကို ကောင်းစွာရှုမြင် နိုင်ပြီး ဘဝအဓိပ္ပာယ်ကို နားလည်နိုင်ခြင်း၊ ဓမ္မရသ ခံစားရခြင်း၊ တရားအားထုတ် ရာ၌ တွန်းအားများ ရရှိခြင်းနှင့် ရတနာသုံးပါးမှအစ မိဘဆရာသမား၊ မိသားစုတို့၏

www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးများကို တအောက်မေ့မေ့ တွေ့မြင်သိရှိလာကာ အလုပ်ခွင်မှပင် မေတ္တာပို့ အမျှပေးဝေခြင်း စသည်ဖြင့် အကောင်းဆုံး ကျေးဇူးတုံ့ ပေးဆပ်နိုင်သဖြင့် တရားတိုးတက်လွယ်ခြင်း စသော အကျိုးထူးများ ရလာမည်မှာ မလွဲပါချေ။

'ဗာဗာ ဒိုဟာ ဓမ္မကဗျာ' စာအုပ်ကို တပည့်ယောဂီများက ပုံနှိပ်ထုတ်ဝေကြမည်ရှိသောအခါ ဂုရုကြီးဦးဂိုအင်ကာသည် ထိုစာအုပ် ရှေ့ပိုင်းမျက်နှာစာ၊ စာတစ်မျက်နှာတွင် -

"ရွှေစေတီများနိုင်ငံ မြန်မာပြည်သူပြည်သားတို့အတွက် မေတ္တာစိတ်ဓာတ် အပြည့်ဖြင့် ရည်ညွှန်းပါကြောင်း" ဟု အထူး ဝိသေသပြု၍ ဖော်ပြထားလေသည်။

မြန်မာနိုင်ငံ၌ လူဖြစ်ရသည်ကိုလည်းကောင်း၊ မြန်မာနိုင်ငံ၏ ကျေးဇူးကိုလည်းကောင်း အထူးဂုဏ်ယူ၊ ဂုဏ်ပြုလိုက်ခြင်းပင် ဖြစ်ပေတော့သည်။ (ဂုရုကြီးကိုယ်တိုင် ရေးသားသော ဘဝအဓိပ္ပာယ်အဖွင့်စာများနှင့် နမူနာ ဓမ္မကဗျာများကို အောက်ပါအတိုင်း ဆက်လက် ဖတ်ရှုကြရန် ဖြစ်ပါကြောင်း။)

ဒွေးလှိုင်
(ဓမ္မာစရိယဦးဒွေးလှိုင်)

www.burmeseclassic.com

www.burmeseclassic.com

# ကျွန်ုပ်၏ ဗာဗာ(အဘိုး)အား ဂါရဝပြုခြင်း

"အရင်းငွေထက် အတိုးအဖြစ် ရရှိသည့်ငွေကို ပို၍မက်ကြ၏" ယင်း ဟိန္ဒီစကားပုံကို အခြေခံလျက် အများလက်ခံထားသော အယူအဆတစ်ခု ရှိလေသည်။

အဘိုးဖြစ်သူသည် သူ၏သားထက် မြေးကို ပို၍ချစ်လေသည်၊ (သားအချစ် မြေးအနှစ်)၊ ယင်းကို တုံ့ပြန်သည့်အနေနှင့် ဖြစ်ကောင်းဖြစ်ပေလိမ့်မည်၊ မြေးဖြစ်သူကလည်း သူ၏အဖေထက် သူ၏အဘိုးကို ပို၍ ချစ်ပုံရလေသည်။

ကျွန်ုပ်၏ အတွေ့အကြုံအရ ယင်း အယူအဆသည် မှန်ကန်မှုရှိသည်ဟု ထင်ပေသည်၊ ထို့ကြောင့်ပင် ဖြစ်ပေလိမ့်မည်။ ကျွန်ုပ် သတိရနေသည့် ငယ်စဉ်က အကြောင်းများထဲက ကျွန်ုပ်၏ အမှတ်သညာထဲတွင် အပြတ်အသား အထင်ရှားဆုံး ပေါ်နေသည်မှာ ကျွန်ုပ်၏အဘိုး 'ဘဆေဆ်လာလ်ကျီး' ဖြစ်လေသည်၊ သို့သော်လည်း အသက် ၇၃ နှစ်အရွယ် အဘိုး ကွယ်လွန်သွားချိန်၌ ကျွန်ုပ်၏အသက်သည် ၇ နှစ်၊ ၈ နှစ်မျှလောက်သာ ရှိသေးသည်။

## အဘိုးပြောတဲ့ မြန်မာပြည်

အဘိုးပြောကြားသော စကားတချို့သည် ကျွန်ုပ်၏ နုနုနယ်နယ် သူငယ်နှလုံးသား၌ နက်ရှိုင်းစွာ စွဲကျန်နေသည်။ ယင်းစကားလုံးများသည်၊ ကျွန်ုပ်၏ ဘဝတစ်လျှောက်၌ တစ်သက်လုံး ဩဇာစူးရှ လွှမ်းမိုးနေလေသည်။ အဘိုးသည် မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသူ နိုင်ငံသားများအား ထူးထူးခြားခြား ချစ်ခင်လေးစားလေသည်။ အဘိုးပြောပြသည့် မြန်မာနိုင်ငံအကြောင်းများထဲက အချို့မှာ ယနေ့ထက်တိုင် ကျွန်ုပ်၏အမှတ်သညာထဲတွင် ရှိနေတုန်းပင်ဖြစ်လေသည်။

အကြောင်းအရာ တစ်ခုကို အဘိုး မကြာခဏ ပြောပြလေ့ရှိသည်။ အဘိုး၏ အလုပ်မှာ အထည်ရောင်းဝယ်ဖောက်ကားသော အလုပ်ဖြစ်သည်။ အဘိုးသည် အခကြေးငွေဖြင့် ငှားထားသော မြင်းများနှင့်မြည်းများပေါ်တွင် ကုန်ပစ္စည်းများကို

www.burmeseclassic.com

www.burmeseclassic.com



တင်လျက် များသောအားဖြင့် မြန်မာနိုင်ငံ အရှေ့ပိုင်း တောင်ပေါ်ဒေသရပ်ရွာများသို့ လှည့်လည် ရောင်းချလေ့ရှိပေသည်။ ရှမ်းလူမျိုးများ နေထိုင်ရာ ထိုဒေသ၌ ထိုအချိန်က မြို့တစ်မြို့တစ်မြို့၌ ခုနစ်ရက် တစ်ဈေး၊ ဈေးနေ့ရှိလေသည်။

ကျွန်ုပ်၏အဘိုးလို ကုန်သည်များ အဆင်ပြေမှုရှိစေရန်အတွက် တစ်နေရာနှင့် တစ်နေရာ ရက်ခြားခြားပြီး ဈေးပတ်ကို သတ်မှတ်သွားလေသည်။ ကုန်သည်များသည် ဈေးတစ်ဈေး၌ မိမိတို့၏ကုန်ပစ္စည်းများကို ရောင်းချပြီးလျှင် နောက်နှစ်ရက် သုံးရက် ဆက်၍သွားပါက နောက်တစ်နေရာရှိဈေးသို့ အချိန်မီ ရောက်သွားနိုင်ကြလေသည်။ ထိုနည်းအားဖြင့် အဘိုးသည် တဖြည်းဖြည်း ခရီးသွားပြီးလျှင် ခရီးတစ်လျှောက်ရှိ ဈေးကစ်ဈေးစီ၌ ကုန်ပစ္စည်းများကို ရောင်းချလျက် မန္တလေးမြို့သို့ ပြန်လာလေ့ရှိပေသည်။

ယင်းလမ်းခရီးတစ်လျှောက်၌ ညအိပ်ညနေ စတည်းချရန် လူတိုင်းအတွက် တည်းခိုစခန်းချစရာ ဓမ္မသာလာများ ရှိလေသည်။ ယင်းဓမ္မသာလာများကို မြန်မာလို 'ဇရပ်' ဟု ခေါ်လေသည်။ မြန်မာနိုင်ငံအချို့နေရာများ၌ ယခုခေတ်၌ပင် ယင်းကဲ့သို့သော ဇရပ်များရှိလေသည်။ အမိုးသာရှိပြီး နံရံအကာ မရှိသော ဆင်ဝင်ဖြစ်လေသည်။ ခရီးသည်သည် ဆင့်ပေါ်၌ မိမိပစ္စည်းကို ထားပြီးလျှင် ညဥ့်အချိန်၌ စိတ်ချလက်ချ အိပ်စက်ပြီး နောက်တစ်နေ့မနက်တွင် ခရီးဆက်သွားလေသည်။ ဇရပ်တွင် တည်းခိုနေထိုင်သည့်အတွက် အခကြေးငွေ မပေးရချေ။ ထိုဇရပ်များမှာ ခရီးသည်များအတွက် အနီးအနားတွင်ရှိသော ရွာသူရွာသားများ ဆောက်ထားသော ဇရပ်များ ဖြစ်လေသည်။

ရွာသူရွာသားများသည်ပင် ပရဟိတစိတ်ဖြင့် ဇရပ်ကို တံမြက်လှည်းပြီး သန့်ပြန့်အောင် လုပ်ထားကြလေသည်။ ရေအလှူယ်တကူ ရအောင်လည်း ဇရပ်အနီးတွင် စီမံပေးထားကြပြန်လေသည်။

အဘိုးက ပြောပြ၏။ ထိုအချိန်က အရောင်းအဝယ်လုပ်ရာတွင် ငွေဒင်္ဂါးများကို အလွန်အသုံးပြုကြလေသည်။ အဘိုးသည် ငွေဒင်္ဂါးများကို သူ့ခါးတွင် ပတ်ထားသော ခါးပတ်အိတ်ကြီးတွင် ထည့်ထားလေ့ရှိလေသည်။ ညအိပ်သည့်အခါ ခါးပတ်ကြိုးကို ဖြုတ်၍ခေါင်းအုံးအောက်တွင် ထားပြီး အိပ်လေ့ရှိလေသည်။

တစ်နေ့တွင် နေမထွက်မီ နံနက်စောစောကြီးထပြီး ခရီးထွက်သွားရန် စိတ်ကူးထားလေသည်။ သို့ရာတွင် ထိုနေ့တွင် အိပ်ရာထ နောက်ကျသွားသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာက ကမန်းကတန်းထပြီး ပစ္စည်းများကို မြင်းများပေါ်တွင်တင်လျက် ခရီးဆက်လေသည်။ ၅ နာရီ၊ ၆ နာရီလောက် ခရီးပေါက်သွားပြီးသောအခါကျမှ ငွေထည့်ထားသော ခါးပတ်ကြီး ပါမလာဘဲ ဇရပ်တွင် မေ့ကျန်ခဲ့သည်ကို သိရှိသွားလေသည်၊ ထို့ခဏ၌ပင် အဘိုးသည် ပြန်ရလိုသည့်ဇောဖြင့် မြင်းသမားများအား နောက်ကြောင်း ပြန်လှည့်ရန် တောင်းပန်လေသည်။ သို့သော်လည်း မြင်းသမားက ငြင်းဆန်ကြသည်။

"ရှေ့ဈေးကို သွားမှာသာ ဆက်သွားပါ၊ ပြီးမှ ပြန်လာပါ။ ခင်ဗျား ပိုက်ဆံအိတ် ဘယ်မှ ထွက်မပြေးဘူး၊ ဇရပ်မှာ ထားခဲ့အတိုင်း တွေ့ရပါစေ့မယ်" ဟုသာ အခိုင်အမာ ပြောဆိုနေကြလေသည်။

အဘိုးသည် စိုးရိမ်ပူပန်သော်လည်း မြင်းသမားများပြောသည့် စကားကို လက်ခံလိုက်ရလေသည်။ နောက် ၄-၅-ရက်လောက်ကြာမှ ထိုဇရပ်သို့ ပြန်လာနိုင်ခဲ့လေသည်။ ဇရပ်သို့ ရောက်ခါနီး၌ အဘိုးသည် -

"ငါတော့ အရှုံးကြီး ရှုံးရတော့မည်၊ ငွေတွေအပြည့်နှင့် ပိုက်ဆံအိတ် မေ့ကျန်ခဲ့သည်၊ ဒီတစ်ခေါက်တော့ အမြတ် မပေါ် ရုံမျှသာမက အရင်းထဲကပါ ပွဲထွက်သွားတော့မည်" ဟူ၍ စိတ်တထင့်ထင့် ဖြစ်နေလေသည်။ သို့သော်လည်း ဇရပ်သို့ ပြန်ရောက်သွားသောအခါ ပိုက်ဆံအိတ်သည် ထိုဆင့်ပေါ်၌ ယခင်အတိုင်းပင် ခြေရာလက်ရာမပျက် ရှိနေသည်ကို အံ့ဩဖွယ်ရာ တွေ့ရလေသည်။

ငွေဒင်္ဂါးများကို ရေတွက်ကြည့်လိုက်သောအခါ တစ်ပြားမှ မလျော့ဘဲ သူ့အတိုင်းရှိနေသည်ကို တွေ့ရလေသည်။ သန့်ရှင်းရေးလုပ်ကြသော ရွာသူရွာသားများသည်လည်းကောင်း၊ ပိုက်ဆံအိတ် မေ့ကျန်သည့် အချိန်မှစ၍ ထိုဇရပ်၌ ညဥ့်အိပ်ညဥ့်နေ တည်းခိုနေထိုင်မည်ဖြစ်သည့် ရာပေါင်းများစွာသော ခရီးသွားတို့သည်လည်းကောင်း မည်သူမျှ ထိုပိုက်ဆံအိတ်ကို ကိုင်၍ပင် မကြည့်ကြပေ။

ဤနိုင်ငံက လူများသည် အံလွန်ရိုးသားကြလေသည်။ ဤနိုင်ငံ၌ သူခိုးမရှိဟု အဘိုးပြောလေ့ရှိပေသည်။

## ဈေးကြိုတော်ထဲက စိန်နားကပ်ကြီး

ကျွန်ုပ်တို့အား အဘိုး မကြာခဏ ပြောပြလေ့ရှိသော အဖြစ်အပျက်တစ်ခုမှာ ရတနာပုံမန္တလေးမြို့ ဈေးကြိုတော်ထဲတွင် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လေသည်။ မိန်းမတစ်ယောက်သည် ဈေးထဲတွင် အမှတ်တမဲ့ စိန်နားကပ် ကျွတ်ကျသွားလေသည်။ ဆိုင်များ မျက်နှာစာရှေ့ဘက် လူသွားလမ်းပေါ်၌ ကျခဲ့ခြင်း ဖြစ်လေသည်။ နေ့စဉ်နေ့တိုင်း ဖြတ်သွားဖြတ်လာလုပ်ကြသော လူများသည် ထိုစိန်နားကပ်ကို တွေ့မြင်ကြသည်ပင်ဖြစ်၏။ သို့သော်လည်း မည်သူမျှ ကောက်မယူကြပေ။

ဈေးကြီးတော် သန့်ရှင်းရေး အမှုထမ်းမိန်းမတစ်ယောက်သည် နံနက်တိုင်း လာ၍ တံမြက်စည်းလှည်းလေ့ရှိလေသည်။ ထိုမိန်းမလည်း စိန်နားကပ်နား ရောက်သောအခါ စိန်နားကပ်ကို ကောက်ယူပြီး လမ်းကို တံမြက်စည်းလှည်းသည်။ ပြီးလျှင် စိန်နားကပ်ကိုမူလကျခဲ့သောနေရာ၌ပင် ပြန်ချထားခဲ့လေသည်၊ တစ်ပတ်လောက်ကြာသွားပြီးခါမှ မင်းမှုထမ်းတစ်ဦးက ထိုစိန်နားကပ်ကို ကောက်ယူသွားပြီး 'စိန်နားကပ် ပျောက်သူရှိလာလျှင် အမျိုးအမည်ပြောပြ၍ လာရောက်တောင်းယူနိုင်ကြောင်း' တစ်မြို့လုံး မောင်းကြေးနင်းလည်၍ ခတ်စေလေသည်။

မြန်မာနိုင်ငံသူ နိုင်ငံသားများသည် ဤမျှ ရိုးသားကြလေသည်။

အဘိုးပြောသည့် မင်း၊ ပြည်သူနှင့် ကုန်သည်

အဘိုးပြောပြသော အကြောင်းအရာတစ်ခု ရှိသေးသည်။

သူမှတ်မိသမျှ ထိုအချိန်က အိမ်များတွင် သော့မခတ်ကြပေ၊ သော့ခတ်သည့် အလေ့အထမရှိပေ၊ ခွေး ကြောင် နွားစသော လေးလွှင့်တိရစ္ဆာန်များ အိမ်ထဲ မဝင်စေရန် တံခါးတွင် ကန့်လန့်ထိုးရိုးသာလျှင် ထိုးထားကြသည်။ သော့ခတ်မထားကြပေ။ မည်မျှ ကြွယ်ဝချမ်းသာသည့်အိမ် ဖြစ်စေကာမူ အိမ်တွင် သော့ခတ်မထားပေ၊ ထိုဓလေ့ထုံးစံသည် ၁၈၈၅-ခုနှစ် မြန်မာဘုရင်စနစ် နိဂုံးချုပ်သည့် အချိန်ထိ ဆက်လက် တည်မြဲလာခဲ့လေသည်။

အင်္ဂလိပ်လက်ထက် ရောက်လာသောအခါ နိုင်ငံခြားသားများ အများအပြား လာရောက်နေထိုင်ကြသည်ဖြစ်၍ လူမှုရေးပုံစံကြီးတစ်ခုလုံး တဖြည်းဖြည်း ယိုယွင်းသွားလေသည်။ ခိုးမှုများ ဖြစ်ပွားပေါ်ပေါက်လာလေသည်။ လုံခြုံမှု မရှိသောအခါ အိမ်ကိုသော့ခတ်ကြရလေသည်။ သော့ခတ်ထားသည့်ကြားထဲ ကပင် သော့ကိုရိုက်ချိုးပြီး အိမ်ထဲဝင်လျက် ခိုးကြသည်၊ ဓားပြတိုက်ကြသည်၊

www.burmeseclassic.com

www.burmeseclassic.com



လူ့မှုရေးဓလေ့ထုံးစံ ပျက်စီးယိုယွင်းလာသောအခါ တံခါး၌ ခတ်ထားသော သော့သည် လုံခြုံမှုကို မပေးနိုင်တော့ပေ။

အဘိုးသည် မြန်မာဘုရင် မင်းတုန်းမင်းတရားကြီး လက်ထက်ကတည်းက မန္တလေး၌ အခြေစိုက်သလား၊ သို့မဟုတ် နောက်ပိုင်းကျမှ ရောက်လာသလား ဆိုသည်ကို အတိအကျ မသိရသော်လည်း နောက်ဆုံး မြန်မာဘုရင် သီပေါမင်း လက်ထက်၌ မန္တလေးတွင် ရှိနေသည်မှာမူ သေချာလေသည်။ သီပေါမင်းကို အဘိုးက 'ဘုရင်ဘုန်းကြီး' ဟု ခေါ်လေ့ရှိသည်။ သီပေါမင်းသည် ဘုရင်မဖြစ်ခင် အချိန်အတန်ကြာမျှ ဘုန်းကြီးဝတ်ခဲ့သောကြောင့်လား၊ သို့တည်းမဟုတ် တရား ဓမ္မစိတ် ရှိသောကြောင့်လား၊ ဘာ့ကြောင့် ယင်းသို့ ခေါ်သည်ကို မသိပေ။

အင်္ဂလိပ်လူမျိုး သမိုင်းဆရာတို့ကမူ ထိုမြန်မာဘုရင်အကြောင်း အကောင်း မရေးကြပေ။ ယင်းသို့ မရေးခြင်းမှာ နိုင်ငံရေးအကြောင်းကြောင့် ဖြစ်တန်ရာသည်။ အမှန်က ဘုရင်သည် စိတ်ကောင်းစေတနာကောင်း ရှိပုံရလေသည်။ အဘိုး၏ အမြင်၌မူ သီပေါမင်းသည် မင်းကောင်း ဘုရင်ကောင်းတစ်ပါး ဖြစ်လေသည်။ အဘိုးသည် သီပေါမင်း ထီးနန်းလက်လွှတ်လိုက်ရသည် ကိုလည်းကောင်း၊ အင်္ဂလိပ် များ၏ အကျဉ်းသားအဖြစ်အဖမ်းခံရပြီး နန်းတော်မှ ဧရာဝတီမြစ်ကမ်းသို့ လိုက်ပါ သွားရသည်ကိုလည်းကောင်း ရင်နင့်ဖွယ် မြင်ကွင်းများကို မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရလေသည်။ ထိုမြင်ကွင်းများ အကြောင်းကို အဘိုးသည် အလွန်တရာ ကြေကွဲဝမ်းနည်းစွာဖြင့် ပြောပြနေလေ့ရှိပေသည်။ မြန်မာ့လွတ်လပ်ရေး ဆုံးရှုံး သွားရခြင်းအတွက် အဘိုးသည် စိတ်မချမ်းမသာ များစွာဖြစ်လေသည်။ အင်္ဂလိပ် အစိုးရ အုပ်ချုပ်ရေးသည် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံအတွက် ကံဆိုးမိုးမှောင် ကျခြင်းဖြစ်၏ ဟူ၍ အဘိုးက ထင်လေသည်။

### အကောက်ခွန် လှည့်စားသောကုန်သည်

အဘိုးသည် သီပေါမင်းကို အလွန်တရာ ကြည်ညိုလေးစားသည်။ အဘိုး၏ အဆိုအရ သီပေါဘုရင်နှင့် ဘုရင့်အမှုထမ်း အရာထမ်းများသည် အိန္ဒိယကုန်သည် များအပေါ် ထူးထူးခြားခြား ချစ်ခင်လေးစားမှု ရှိကြသည်ဖြစ်၍ အင်္ဂလိပ်စသော နိုင်ငံခြားကုန်သည်များအဖို့ မနာလိုစရာအကြောင်း ဖြစ်လာလေသည်။ ထိုအချိန်၌ မြန်မာနိုင်ငံတောင်ပိုင်းမှ ဧရာဝတီမြစ်ညာသို့ သယ်ဆောင်လာသော ကုန်စည် များကို မန္တလေးဆိပ်ကမ်း၌ အကောက်ခွန် စည်းကြပ်လေသည်။ မြန်မာအကောက်ခွန်

www.burmeseclassic.com

www.burmeseclassic.com



အရာရှိများသည် အိန္ဒိယကုန်သည်များအား ယဉ်ယဉ်ကျေးကျေးဆက်ဆံကြလေသည်။ ဘာပစ္စည်း ယူလာသလဲဟု မေးရုံသာ မေးကြလေသည်။ မည်သည့်အခါမျှ သေတ္တာများကို ဖွင့်၍မကြည့်ကြပေ။ အိန္ဒိယကုန်သည်များအား အပြည့်အဝယုံကြည်စိတ်ချသည်ဖြစ်၍ သူတို့ ပြောသည့်အတိုင်း အကောက်ခွန်စည်းကြပ်ကြလေသည်။ သို့ရာတွင် တခြား နိုင်ငံမှလာသော ကုန်သည်များကိုမူ အသေအချာ စစ်ဆေးကြလေသည်။

အိန္ဒိယကုန်သည်များအား ယင်းသို့ ဦးစားပေးခြင်းကြောင့် အခြားကုန်သည်များသည် မကျေမနပ်ဖြစ်လာကြလေသည်။ အခြားကုန်သည်များက ကန့်ကွက်သည်ဖြစ်၍ မြန်မာအစိုးရ အရာရှိများသည် အိန္ဒိယကုန်သည်များ၏ သေတ္တာများကိုလည်း ဖွင့်မကြည့်ဘဲ မနေကြရတော့ပေ။ သို့သော်လည်း သေတ္တာထဲမှာပါသည့် ပစ္စည်းများကို မွှေနှောက်ရှာဖွေခြင်းမပြုဘဲ သေတ္တာများ၏ အပေါ်တွင်ထည့်ထားသော ပစ္စည်းကို ကြည့်၍ ရလောက်ရုံသာလျှင် သေတ္တာများကို ဖွင့်ကြည့်ကြလေသည်။ အိန္ဒိယကုန်သည်များသည် အမည်ခံမတ္တမျှ လောက်သာလျှင် အစစ်ဆေးခံကြရလေသည်။ အကောက်ခွန်အရာရှိများသည် အိန္ဒိယကုန်သည်များ၏ ပြောစကားကို အမေးအစမ်းမရှိဘဲ လက်ခံတုန်းပင် ရှိသေးသည်။

ယင်းအခြေအနေမှာ နှစ်ပေါင်းများစွာ တည်ရှိလာခဲ့လေသည်။ သို့သော်လည်း နောက်ပိုင်း၌ အိန္ဒိယကုန်သည်အချို့သည် မြန်မာအရာရှိများအား မရိုးမသား လုပ်လာကြပြီးလျှင် သူတို့အပေါ်တွင်ထားရှိသော ယုံကြည်မှုကို ပျက်ပြားသွားအောင် လုပ်ကြလေသည်။ ထိုအိန္ဒိယကုန်သည်များသည် မြန်မာအကောက်ခွန် အရာရှိများအား လိမ်လည်လှည့်စားပြီး အကောက်ခွန် အပြည့်မဆောင်ရအောင် သေတ္တာအပေါ်ပိုင်း၌ အပေါစား အကြမ်းထည်ပိတ်များကို တင်ထားကြလေသည်။ နောက်ဆုံး၌ သူတို့၏ မသမာမှုများ ဘူးပေါ်သလို ပေါ်သွားကြလေသည်။ အိန္ဒိယ ကုန်သည် လူနည်းစုတို့၏ မရိုးသားမှုကြောင့် အိန္ဒိယကုန်သည် အားလုံးတို့၏ ဂုဏ်သိက္ခာသည် မွဲစွန်းထင်းသွား ရလေသည်။ ပုပ်နေသော ငါးတစ်ကောင် နှစ်ကောင်ကြောင့် ရေကန်တစ်ကန်လုံး ညစ်ညမ်းသွားရလေသည်။ အချဉ် တစ်စက် နှစ်စက် ကျသွားသောကြောင့် နွားနို့တစ်အိုးလုံး ပစ်လိုက်ရလေသည်။ အပုပ်တစ်လုံး နှစ်လုံး ပါသောကြောင့် ပန်းသီးတစ်ခြင်းလုံး အလဟဿ ဖြစ်သွားရလေသည်။

အဘိုးပြောပြလေ့ရှိသော အကြောင်းအရာတစ်ခုရှိသေးသည်။ မြန်မာနိုင်ငံ၌ ရှေးအခါက 'ကုလ' (ကုလား) ဟူသော စကားလုံးသည် အိန္ဒိယလူမျိုးများအတွက် တလေးတစား ခေါ်ဝေါ်သုံးစွဲသည့် စကားလုံးဖြစ်သည်။ (ရှေးဟောင်း

www.burmeseclassic.com

www.burmeseclassic.com


**ပါဠိစာပေ၌ပါသော** 'မဟာကုလ အနာထပိဏ္ဍိက၊ မဟာကုလ ဝိသာခါ' စသည် **တို့ကဲ့သို့ ခေါ်ဝေါ်သုံးစွဲခြင်းမျိုး** ဖြစ်ဟန်တူသည်။) သို့သော်လည်း နှစ်များမကြာမီ အတောအတွင်း၌ပင် လောဘဇောထွက်ကြသော ထိုအကျင့်ပျက် အိန္ဒိယကုန်သည် များ၏ အပြုအမူများကြောင့် 'ကုလား' ဟူသော ဝေါဟာရသည် သိက္ခာမဲ့သည့် ဝေါဟာရစကားလုံး ဖြစ်လာလေသည်။

## ကုန်သည်၏သိက္ခာ

ကုန်သည်သည် ရိုးသားမှုမရှိသည့်အခါ၌ ဂုဏ်သိက္ခာလည်း ကျဆင်း လာလေသည်။ ဂုဏ်သိက္ခာကျဆင်းသွားသောအခါ၌ ရှိသမျှ အားလုံး ဆုံးရှုံး သွားလေသည်။

'ရိုးသားမှုသည် ကုန်ကူးသန်းရောင်းဝယ်မှုအတွက် ကြီးပွားတိုးတက်မှု၏ အကြောင်းရင်းဖြစ်သည် ဟူ၍လည်းကောင်း၊ ကြွယ်ဝချမ်းသာခြင်းနှင့် ငြိမ်းချမ်း မှုကို ဖြစ်ပေါ်စေသည်မှာ ရိုးသားမှုသာလျှင်ဖြစ်၏' ဟူ၍လည်းကောင်း အဘိုးက ထင်မြင်ယူဆလေသည်။

ကျွန်ုပ်မမွေးခင် အချိန်ကြာမြင့်စွာကပင် အရောင်းအဝယ် အလုပ်က အနားယူလိုက်ပြီဖြစ်သော်လည်း ကုန်ကူးသန်းရောင်းဝယ်မှုနှင့် ပတ်သက်သော အဘိုး၏အယူအဆသည် ဩဇာအရှိန်အဝါ လွှမ်းမိုးလျက်ပင် ရှိနေသည်။

'ဖောက်သည်များသည် ထမင်းကျွေးသော ကျေးဇူးရှင်များဖြစ်၏' ဟု အဘိုးက ပြောလေသည်၊ ' ထမင်းရှင်အား လိမ်လည်လှည့်စားခြင်းသည် ကျေးဇူး ရှင်ကို ကျေးစွပ်ခြင်းဖြစ်၏' ဟု အဘိုးက ယူဆလေသည်။

အဘိုး၏ ယင်းအယူအဆကို မိသားစုအားလုံးက လက်ခံကြပြီးလျှင် ကူးသန်းရောင်းဝယ်မှု ပြုလုပ်ရာ၌ ထိုအတိုင်းပင် လိုက်နာကျင့်သုံးကြလေသည်။ ကျွန်ုပ်၏ ဦးကြီးတစ်ယောက်မှာမူ ထိုမူဝါဒကို တစ်ဖက်စွန်းရောက်သွားသည် အထိပင် လိုက်နာကျင့်သုံးလေသည်။

အထူးမှတ်ချက် - [ယခုအခါ ကမ္ဘာလုံးဆိုင်ရာ ဝိပဿနာတရားဆရာကြီး အဖြစ် ထင်ရှားကျော်ကြားနေသော ဆရာကြီးဦးဂိုအင်ကာ (သို့မဟုတ်) ဦးဂိုအင်ကာ မိသားစုသည် အသက် ၂၀ ကျော်ကပင် ကမ္ဘာ့ ကုန်သွယ် စီးပွားရေးလောက၌ အဘယ့်ကြောင့်အောင်မြင်မှု ရရှိခဲ့သည်ကို ဤနေရာ၌ ရပ်တန့်၍ သင်ခန်းစာယူနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် မိဘ အဘိုးအဘွားများလက်ထက်ကပင် ဤမြန်မာ့မြေ၌ အခြေချနေထိုင်ခဲ့ကြသော ဤမြေ၌ပင် မွေးဖွား၍ တမြေတည်းနေ၊ တရေတည်း သောက်ကာ မြန်မာတို့၏ ပေါက်ဖော်ရောင်းရင်းများဖြစ်ကြသော နိုင်ငံရပ်ခြား မျိုးနွယ်ဆက်များသည် ကျေးဇူးရှင်မြန်မာနိုင်ငံတော်အပေါ်၌ အဘယ်သို့ ခံယူရမည်ဆိုသောအချက်ကိုလည်း အလေးအနက် မီးမောင်းထိုးပြထားလေသည်။

ဤ၌ ဓမ္မကဗျာဆရာ၏ နှလုံးသားမှ ထွက်ပေါ်ညွှန်ပြနေသော ဥပဒေသကား ဤမျှသာမဟုတ်သေး။ သယံဇာတ ရတနာများ ပေါကြွယ်ဝလှသည့် ဤမြန်မာနိုင်ငံ၌ လူဖြစ်လာကြသော နိုင်ငံခြားမျိုးနွယ်စုအပါအဝင် မြန်မာနိုင်ငံတော်သူ နိုင်ငံသားတိုင်းသည် ဤအမိနိုင်ငံတော်မှ လောကီရတနာမျှကိုသာမက လောကုတ္တရာ-ဓမ္မရတနာကိုပါ အရယူနိုင်ကြစေရန်လည်း မမေ့သင့်ကြောင်း အောက်ပါအတိုင်း ဆက်လက်၍ မီးမောင်းထိုးပြထားပြန်လေသည်။

### ဗာဗာ၏ နှလုံးသားပျိုးထောင်မှု

အဘိုးသည် ကျွန်ုပ်၏ဘဝ၌ နည်းအမျိုးမျိုးဖြင့် ဩဇာလွှမ်းမိုးမှုရှိနေသည်။ သာဓကအားဖြင့် ပြောရလျှင် အဘိုးသည် သတင်းစာဖတ်ခြင်း၊ အလွန် ဝါသနာပါသည်။ သို့သော်လည်း မျက်စိမှုန်နေပြီဖြစ်၍ ကျွန်ုပ်အား နေ့စဉ်နေ့တိုင်း ဖတ်ပြခိုင်းသည်။ အိန္ဒိယနှင့် မြန်မာနိုင်ငံ နိုင်ငံရေးအကြောင်းအရာများကို အဘိုးအလွန်စိတ်ဝင်စားပါသည်။ ယင်းအချက်သည် ကျွန်ုပ်အပေါ်တွင်လည်း နက်ရှိုင်းစွာ ဩဇာလွှမ်းမိုးမှု ရှိလာခဲ့လေသည်။ ကျွန်ုပ်လည်း နေ့စဉ် သတင်းစာမဖတ်ရလျှင် မနေနိုင်ဖြစ်လာလေသည်။

အဘိုးသည် စာပေကို အလွန်ချစ်မြတ်နိုးသည်။ သူ၏ အမှတ်သညာဘဏ္ဍာတိုက်ထဲ၌ ကျေးလက်ပုံပြင်များနှင့် ကျေးလက်ကဗျာအများအပြား သိုမှီးသိမ်းဆည်းထားသည်။ အဘိုးသည် မရေမတွက်နိုင်သော ကျေးလက်ပုံဝတ္ထုများကို ကျွန်ုပ်အားပြောပြလေသည်။ သူ၏အမိဘာသာ 'ရာဂျစတာနီ ဒိုဟာ' (ကဗျာ) အဖွဲ့များသည် ကျွန်ုပ်အပေါ်၌ နက်ရှိုင်းစွာ ဩဇာလွှမ်းမိုးမှု ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကံအားလျော်စွာ ကျွန်ုပ်၏ မူလတန်းကျောင်းဆရာ ‘ရှရီ ကလျာဏ ဒတ္တ ဒူမေ’ သည်လည်း အဘိုးကဲ့သို့ပင် ကဗျာကို မြတ်နိုးသော ကဗျာဆရာတစ်ဦးဖြစ်နေပြန်သည်။ ကျွန်ုပ်ကို ဟိန္ဒီစာသင်ပြရန်အတွက် ကျွန်ုပ်၏ဆရာသည် ကလေးဖတ်စာစာအုပ်ကို အဖတ်မခိုင်းဘဲ ဒိုဟာကဗျာစာအုပ်ကို အဖတ်ခိုင်းလေသည်။ ဟိန္ဒီဘာသာဖြင့် ကျွန်ုပ်ပထမဆုံးဖတ်ရသောစာအုပ်မှာ ‘ရဟိမန်ဆုဓာ’ ဖြစ်လေသည်။ ထိုစာအုပ်သည် အလယ်ခေတ် မူဆလင်ကဗျာဆရာ ‘ရဟီးမ်’ ရေးသားဖွဲ့ဆိုထားသော ကဗျာများကို စုပေါင်းထားသည့် စာအုပ်ဖြစ်လေသည်။

ထိုစာအုပ်ကို ဖတ်ရသဖြင့် စိတ်ပါလာပြီးလျှင် ကျွန်ုပ်သည် အသက်အားဖြင့် ၇ နှစ်၊ ၈ နှစ်သားအရွယ်၌ ကျွန်ုပ်၏ ပထမဆုံး ဒိုဟာကဗျာကိုရေးပြီးလျှင် အဘိုးကြားလျှင် အားရဝမ်းသာဖြစ်လိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် အဘိုးအား စိတ်ပါလက်ပါဖတ်ပြလေသည်။ ကျွန်ုပ် တအံ့တသြဖြစ်သွားရသည်။ အဘိုးသည် ကျွန်ုပ်၏ ပထမဦးဆုံးလက်ရာကို အကြီးအကျယ်သဘောကျသွားပြီးလျှင် ခွက်ထိုးခွက်လန် ရယ်ပါလေတော့သည်။ သူ့ရယ်မောသံမှာ ကျယ်လည်းကျယ်၊ ကြာလည်းကြာလေသည်။ သူ ထိုကဲ့သို့ ရယ်ခြင်း၏အကြောင်းကို ကျွန်ုပ် နှစ်ပေါင်းများစွာကြာပြီးသောအခါကျမှ သိရှိရလေသည်။

‘ရဟိမန်ဆုဓာ’ ၌ ပါသော ဒိုဟာကဗျာအဖွဲ့တိုင်း၌ ‘ရဟီးမ်’ ၏ အမည်ပါရှိလေသည်။ ကဗျာဆရာတစ်ဦးအနေဖြင့် သူ ရေးသားသောကဗျာ၌ သူ့အမည်ထည့်ခြင်းမှာ ထုံးစံတစ်ရပ်ဖြစ်နေသည်။ ယင်းအချက်ကို မသိ နားမလည်သည်ဖြစ်၍ မိမိ၏ ဒိုဟာကဗျာများ၌လည်း ရဟီးမ်အမည်ပါရမည်ဟု အောက်မေ့ပြီး ရဟီးမ်အမည်ကို ကျွန်ုပ် ထည့်သွင်းစပ်ဆိုလိုက်ခြင်း ဖြစ်လေသည်။ အဘိုးရယ်သည်မှာ အဆန်းမဟုတ်ပေ။ သူ ရယ်သည့်အကြောင်းကို ကျွန်ုပ် နောက်ကျမှ သိရှိရသည်။ ထို မသိနားမလည်သေးသော ကဗျာဆရာပေါက်စသည် နောင်နှစ်ပေါင်းများစွာ ကြာသွားသောအခါ၌ သူ့အဘိုးအား သတိရသည့် အထိမ်းအမှတ်ဖြင့် ဒိုဟာကဗျာအဖွဲ့များကို ဖွဲ့ဆိုပြီး ထိုဒိုဟာကဗျာအဖွဲ့တိုင်း၌ ‘ဗာဗာ . . . အဘိုး’ ဟူသော စကားလုံးကို ထည့်ထားလိမ့် ဆိုသည်ကိုမူ အဘိုး အဘယ်မှာ သိရှိပါအံ့နည်း။ (ဒိုဟာ ကဗျာ နမူနာများကို ရှေ့၌ ဖော်ပြပါဦးမည်။)

မှတ်ချက်။ ဦးဂိုအင်ကာကြီးသည် မြန်မာနိုင်ငံ ဟိန္ဒီဘာသာရေးလောကနှင့် ဟိန္ဒီစာပေသင်ကြားရေးတွင် ငွေအားဖြင့်လည်းကောင်း၊ ပညာအားဖြင့်

www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း ဦးဆောင်ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်ခဲ့သည်။ သူရေးသော ဖတ်စာများကို ကျောင်းသုံးပြုခဲ့ကြရဖူးသည်၊ အသက် ၃၀ ကျော်လောက်က ကုန်သည်ကိုယ်စားလှယ် အဖွဲ့ဝင်အဖြစ် ရုရှနိုင်ငံသို့ သွားရောက်ခဲ့စဉ် သူကိုယ်တိုင် ကဗျာစပ်ဆို၍ မော်စကို ရေဒီယိုမှ အသံလွှင့်ခဲ့ဖူးရာ 'ဦးဂိုအင်ကာဟာ ကုန်သည်တစ်ယောက်ဆိုတာ ဟုတ်မှဟုတ်ရဲ့လား' ဟုပင် အံ့သြခဲ့ကြရဖူးလေသည်၊ ထူးခြားမည့်သူတစ်ယောက်၏ ကံရေစီကြောင်း (ပုဗ္ဗေ စ ကတပုညတာစက်) အင်အားကို ခန့်မှန်းတွက်ဆနိုင်ကြစေရန် ကြားညှပ် မှတ်ချက်စကား ရေးသားခြင်းမျှသာ ဖြစ်ပါသည်။ ]

## ဟာဟာ၏ အဟောအပြော ထရိမ်နင်

ထိုအပြင် မန္တလေးမြို့နှင့် ဆယ်မိုင်လောက်ဝေးသော တံခွန်တိုင်ရွာ၌ 'ဂေါသာလာ' တစ်ခုရှိသည်။ နွားများကို ဘေးမဲ့ပေးထားသည့် နေရာ၌ ဖြစ်သည်။ နှစ်စဉ်နှစ်တိုင်း 'ဂေါပါဋ္ဌမီ' နေ့၌ ထိုနေရာတွင် ပွဲသဘင် ကျင်းပပြုလုပ်လေ့ ရှိသည်။ အဘိုးသည် ထိုပွဲသို့ အိမ်က ကလေးများကို ခေါ် သွားလေ့ရှိသည်။ ကျွန်ုပ်တို့သည် ထိုပွဲနေ့တွင် ကလေးဘာဝ လွတ်လွတ်လပ်လပ် ပျော်ကြ ဆော့ကြသည်။ ညနေပိုင်းတွင် ထိုပွဲ၌ လူထုစည်းဝေးပွဲတစ်ခု ကျင်းပကြသည်။ ထိုစည်းဝေးပွဲ၌ လူတွေ တစ်ယောက်ပြီး တစ်ယောက် ဟောကြပြောကြသည်။ အဘိုးသည် ထိုအစည်းအဝေးပွဲကို အထူး စိတ်ဝင်စားလေသည်။

တစ်နှစ်တွင် ထိုစည်းဝေးပွဲသို့ တက်ဖတ်ရန် ကျောင်းဆရာ 'ဒူမေ' က ကျွန်ုပ်အတွက် ၇ မျက်နှာ၊ ၈ မျက်နှာလောက်ရှိသော ဟောပြောချက်တစ်ခုကို ရေးပေးလေသည်။ ထိုအကြောင်း အဘိုးသိသွားသောအခါ "ဘာဖြစ်လို့ ဖတ်ပြရမှာလဲ၊ ရအောင်ကျက်ပြီးတော့ ပြောပါ၊ အဲဒီလိုပြောမှ ပိုပြီး စိတ်ဝင်စားစရာကောင်းတယ်" ဟု ပြောလေသည်။ အဘိုးညွှန်ကြားသည့်အတိုင်း ကျွန်ုပ်ဆရာ ရေးပေးသော ဟောပြောချက်ကို အာဂုံရအောင်ကျက်ပြီး စည်းဝေးပွဲ၌ ထပြော လိုက်ရာ အဘိုး အကြီးအကျယ် ဝမ်းမြောက်သွားလေသည်။ အဘိုးသည် အနာဂတ် အတွက် ကျွန်ုပ်အား 'ထရိမ်နင်' ပေးဟန် တူလေသည်။

နောက်ပြီး ကျွန်ုပ်တို့အိမ်၌ အိန္ဒိယလူမျိုးတို့၏ ဓလေ့ ထုံးစံအတိုင်း နေ့လယ်စာကို ၁၂ နာရီနှင့် ၁ နာရီကြားတွင်စားပြီး ညစာကို ၇ နာရီနှင့် ၈

www.burmeseclassic.com

www.burmeseclassic.com



နာရီအတွင်း စားကြသည်။ သို့သော်လည်း အဘိုးသည် မြန်မာလူမျိုးတို့ ဓလေ့ထုံးစံအတိုင်း နေ့လယ်စာနှင့် ညစာ စောစောစားခြင်းကို သဘောကျလေသည်။ ထို့ကြောင့် နေ့လယ်စာကို အချိန်မှန်မှန် နံနက် ၁၀ နာရီတွင် စားပြီး ညစာကို ညနေ ၅ နာရီတွင် စားကြလေသည်။ ယင်းအစီအစဉ်ကြောင့် သူ့အတွက် အလုပ်ပို လုပ်ပေးကြရသော်လည်း သူ၏ချွေးမများသည် အဘိုး စိတ်တိုင်းကျ လုပ်ပေးကြရသည့်အတွက် ဝမ်းသာအားရ ဖြစ်ကြလေသည်။

ယင်းသို့ ထမင်းစောစောစားသည့်အလေ့ကို ဝိပဿနာတရားစခန်းများတွင်လည်း ကျွန်ုပ် စမ်းသပ်ကြည့်ရာ ကျန်းမာရေးအတွက် များစွာ အကျိုးရှိသည်ဟု ကျွန်ုပ်ထင်သည်။ ညဥ့်အချိန် နောက်ကျမှ ထမင်းစားလျှင် မကြာခဏ မအီမသာ ဖြစ်တတ်လေသည်။

## ဟာဟာစိုက်ပျိုးခဲ့သော စာပေနှင့် ဓမ္မမျိုးစေ့

အဘိုး ပူဇော်ဝတ်ပြုသည်ကိုလည်းကောင်း၊ ကျမ်းစာရွတ်ဖတ်သည်ကိုလည်းကောင်း တစ်ခါမှ မတွေ့ရပေ၊ မန္တန်ရွတ်ခြင်း၊ အကျင့်တရားကျင့်ခြင်း၊ ဉပုသ်စောင့်ခြင်း၊ ဘာသာရေးဓလေ့များကို လိုက်နာပြုလုပ်ခြင်းများ လုပ်သည်ကိုလည်း တစ်ခါမျှ မတွေ့ရပေ၊ 'ဆတျနာရာယန်း' ဟိန္ဒူဘုရားကျောင်းတစ်ကျောင်းရှိသည်။ သို့သော်လည်း ထိုဘုရားကျောင်းသို့ အဘိုးသွားသည်ကို တစ်ခါမျှ မတွေ့ရပေ။

နှစ်စဉ်နှစ်တိုင်း 'ကရိရှဏာဋ္ဌမိ' နေ့တွင် ဘုရားကျောင်း၌ စည်ကားသိုက်မြိုက်စွာ ဘုရားပွဲကျင်းပသည်။ လှလှပပ ပြင်ဆင်မွမ်းမံထားသည်။ လူတွေလည်း စည်စည်ကားကား သွားလာကြသည်။ သို့ရာတွင် ထိုဘုရားပွဲ၌ အဘိုးကို မတွေ့ရပေ။ အဘိုးမှာ သမီးတစ်ယောက်ရှိသည်။ ငယ်ငယ်ရွယ်ရွယ်နှင့် မုဆိုးမ ဖြစ်နေရှာသည်။ သားသမီးလည်းမရှိပေ။ ထိုအဒေါ်သည် ကျွန်ုပ်တို့နှင့် အတူနေသည်။ 'ကျဲန္ဒာဘာအီ' အမည်ရှိ ထိုအဒေါ်သည် ကျွန်ုပ်တို့ ကလေးများကို အလွန်ချစ်သည်။ သို့သော်လည်း ထိုအဒေါ်သည် တစ်ခါတစ်ရံ အဘိုး၏ အပြုအမူများကို အားမလိုအားမရ ဖြစ်ပြီး အဘိုးအား . . .

"အဖေ၊ အဖေဟာ ဘုရားမှန်း တရားမှန်းလဲ မသိဘူး၊ ပုတီးလဲ မစိပ်၊ ဉပုသ်လဲ မစောင့်ဘူး၊ ဘုရားသွား ကျောင်းတက်လဲ မလုပ်ဘူး၊ အဖေတစ်ယောက်တော့

www.burmeseclassic.com

www.burmeseclassic.com



ခက်တယ်၊ ဘာဆို ဘာမှမလုပ်ဘဲ တစ်သက်လုံး အချိန်ဖြုန်းနေတယ်" ဟူ၍ ကဲ့ရဲ့ ပြစ်တင်လေသည်။

သို့သော်လည်း အဘိုးသည် သူ့သမီးကို ဘာမှပြန်မပြောဘဲ ပြုံးရုံသာ ပြုံးနေလေသည်။ ထိုဘာသာမဲ့ တရားမဲ့ဟု ထင်ရသော အဘိုးသည် မကြာခဏ ကျွန်ုပ်တို့ ကလေးများကိုခေါ်ပြီး မန္တလေးနှင့် လေးငါးမိုင်လောက် ဝေးသည့် မဟာ (မြတ်) မုနိဘုရားသို့ ခေါ်သွားပြီးလျှင် ဘုရားတွင် အချိန်အတန်ကြာမျှ တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်နေတတ်သည်။ သူ တရားနှလုံးသွင်းနေသလား၊ ထိုင်ရုံသာ ထိုင်နေသလားဆိုသည်ကိုမူ ကျွန်ုပ် မသိပေ။ ထိုပတ်ဝန်းကျင်သည် သူ နှစ်ခြိုက်ပျော်ပိုက်သည့် ပတ်ဝန်းကျင် ဖြစ်ဟန်တူလေသည်။

ကျွန်ုပ်တို့၏ ဘုရားကျောင်းတော်များ၌ ညစ်လည်းညစ်ပတ်၊ ဆူလည်း ဆူညံနေသဖြင့် သန့်ရှင်းမှုဖြင့် ငြိမ်းချမ်းမှုကို ရှာ၍မတွေ့ပေ။ သို့သော်လည်း ဤမဟာမုနိဘုရား၏ ခြေတော်ရင်း၌မူ တကယ် သန့်ရှင်းစင်ကြယ်မှုနှင့် ငြိမ်းချမ်းမှုမှတစ်ပါး တခြားဘာကိုမှ မတွေ့ရပေ။ သန့်ရှင်းစင်ကြယ်သော ပတ်ဝန်းကျင် အနေအထားသည် ထိုနေရာသို့ ရောက်သွားသူမှန်သမျှအား ထုံးစံအတိုင်းပင် စိတ်ကြည်နူးစေလေသည်။ ထိုနေရာသို့ ရောက်သွားတိုင်း ကြည်နူးမှု ငြိမ်းချမ်းမှုများ ထူးထူးခြားခြား ဖြစ်ရသည်ကို ကျွန်ုပ် အစဉ်သဖြင့် သတိရနေပေသည်။

## ဗုဒ္ဓကြောင့် မြန်မာနိုင်ငံသား ဖြစ်ရခြင်း

အဘိုးသည် မကြာခဏ ကလေးများကို မန္တလေး နန်းတော်ဝင်းထဲသို့ ခေါ်သွားပြီး မြန်မာဘုရင်များ၏ ရှေးဟောင်းနန်းတော်ကို ပြလေ့ရှိပေသည်။ သီဟာသန ပလ္လင်ဆောင်၊ ညီလာခံဆောင်၊ မိဖုရားဆောင်စသော နန်းတော် အဆောင် အားလုံး၏အကြောင်းကို စိတ်ရှည်လက်ရှည် ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းပြောပြလေ့ရှိပေသည်။ ထို့နောက် နန်းတော်တစ်ခုလုံးကို ကြည့်ပြီးသော အခါ နန်းတော်ဝင်းထဲ၌ပင် မနီးမဝေး၌ ရှိနေသော ဗောဓိညောင်ပင်အိုတစ်ပင်သို့ မရောက်ရောက်အောင် ကျွန်ုပ်တို့ကို ခေါ်သွားပြီးလျှင် ထိုနေရာ၌ အချိန် အတန်ကြာမျှ နားနေလေသည်။

မဟာမုနိဘုရားမှာကဲ့သို့ပင် ထိုနေရာပတ်ဝန်းကျင်၌လည်း ငြိမ်းငြိမ်း ချမ်းချမ်း ရှိလှသည်ဆိုသည်ကို ကျွန်ုပ် ပြတ်ပြတ်သားသား သတိရနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုဗောဓိညောင်ပင်ရင်းနေရာကို အထူး နှစ်ခြိုက်သွားသည်ဖြစ်၍ မက်ထရစ် စာမေးပွဲမကျင်းပမီ စာဖတ်ရန်အတွက် ဆယ်ရက် ကျောင်းအနားပေးလိုက်သည့် အချိန်အတွင်း၌ ကျွန်ုပ်သည် ထိုနေရာသို့သာလျှင် သွားပြီး အချိန်ကုန်လွန်စေခဲ့လေသည်။ နံနက်တိုင်း စာအုပ်နှင့် ထမင်းဘူးကိုယူပြီးလျှင် ကျွန်ုပ်သည် စက်ဘီး စီးလျက် နန်းတော်သို့ သွားလေသည်။ ကျွန်ုပ်၏အိမ်မှ ခရီးအဝေးကြီး သွားရသော်လည်း ကျွန်ုပ် စိတ်မပျက်ပေ။ နန်းတော်ဝင်းရှိ ထိုဗောဓိညောင်ပင်ရင်း၌ စာဖတ်ရင်း တစ်နေ့လုံး အချိန်ဖြုန်းပြီး ညနေကျမှ အိမ်ပြန်လာလေသည်။ ထိုဗောဓိပင်ရင်း၌ တွေ့ရသော ငြိမ်းချမ်းမှုသည် ကျွန်ုပ်၏နှလုံးအိမ်တွင် ထာဝရ စွဲထင်နေပေသည်။

ယင်းသို့အားဖြင့် ကျွန်ုပ်၏ စိတ်နှလုံးမြေပြင်တွင် အဘိုး စိုက်ပျိုးခဲ့သော စာပေမျိုးစေ့နှင့် ဓမ္မမျိုးစေ့တို့သည် ကာလ ရွေ့လျားလာသည့်အခါ၌ အညွန့်အညှောက် ပေါက်လာလေလည်။ အပွင့် ပွင့်လာလေသည်။ အသီး သီးလာလေသည်။

မြန်မာနိုင်ငံ၌ အဘိုးလာရောက် အခြေစိုက်သောကြောင့်သာလျှင် ကျွန်ုပ်သည် ဤမင်္ဂလာရှိသောနိုင်ငံ၌ လူဖြစ်လာရခြင်း ဖြစ်လေသည်။ ကျွန်ုပ်သည် ကုန်သည် အိမ်ထောင်စု၌ မွေးဖွားလာသည်ဖြစ်၍ ကျွန်ုပ်နေ၍ရသည့် မည်သည့်နိုင်ငံ၌မဆို လောကီစည်းစိမ်ဥစ္စာကို ကျွန်ုပ် အများအပြားရှာဖွေ၍ ရနိုင်သည်ပင်။ သို့သော်လည်း ဤဓမ္မနိုင်ငံ၌ ကျွန်ုပ်သည် လူဝတ်ကြောင်သူတော်စင်ကြီး ဆရာကြီး ဦးဘခင်နှင့် ဆုံစည်းရသော အခွင့်ထူးကြီးကို ရရှိခဲ့လေသည်။ ထိုဆရာကြီးသည် ကျွန်ုပ်အား အဖိုးဖြတ်၍မရသော ဓမ္မရတနာကိုရအောင် ရှာဖွေရာ၌ အကူအညီပေးခဲ့လေသည်။ ထိုဓမ္မရတနာသည် ကျွန်ုပ်၏ဘဝကို အပိုင်းအခြားမရှိ ကြွယ်ဝချမ်းသာစေခဲ့လေသည်။

အဘိုး၏ ကျေးဇူးမပါဘဲ ယခုအဆင့် ရောက်လာနိုင်ဖို့ရန်မှာ မဖြစ်နိုင်ပေ။ အဘိုးသည် ကျွန်ုပ်၏ဘဝ၌ တကယ့်ကျေးဇူးရှင်ကြီး ဖြစ်ပေသည်။ အဘိုးအား မမေ့မလျော့သော စိတ်နှလုံးဖြင့် အကြိမ်တစ်ရာ၊ အကြိမ်တစ်ထောင် ရှိခိုးဦးတင်လိုက်ပါသည်။

## နှစ်ပေါင်း ခြောက်ဆယ်

နှစ်ပေါင်း ၆၀ ပြည့်လာခဲ့လေပြီ။ မွေးဖွားသည့်ကာလမှ ကွယ်လွန်သည့် ကာလအထိ အဆက်မပြတ် ပြေးလွှားလှုပ်ရှားခဲ့ရာ၌ နောက် ဘယ်နှနှစ် နေရဦးမည်

www.burmeseclassic.com

www.burmeseclassic.com



မသိပေ။ အတိတ်ကို ပြန်ပြောင်း ကြည့်ရှုလိုက်ရာတွင် ဘဝ၏ခါးသီးသော ချိုမြိန်သော အတွေ့အကြုံများ ရှိခဲ့သော်လည်း၊ ရေတက်ရေကျ ရှိခဲ့သော်လည်း၊ နွေဦးနှင့် သစ်ရွက်ကြွေ ရောင်မျိုးစုံ ကြုံခဲ့ရသော်လည်း စိတ်နှလုံးသည် ချမ်းမြေ့ဖွယ် တင်းတိမ်ရောင့်ရဲမှုကို ခံစားရပေသည်။

လွန်ခဲ့သည့် နှစ်ကာလများက ရုပ်ပုံလွှာများစွာတို့သည် စိတ်နှလုံး ပိတ်ကားပေါ်၌ ပေါ်လာကြလေသည်။ ထိုရုပ်ပုံလွှာများအနက် အချို့မှာ အလွန်ပင် ပြတ်ပြတ်သားသား ရှိလှပေသည်။

မြန်မာနိုင်ငံ၏ ရှေးဟောင်း နေပြည်တော် ရတနာပုံမန္တလေးမြို့၌ ကလေးငယ်တစ်ယောက် ဖွားမြင်လာခဲ့လေသည်။ ၆-နှစ်၊ ၇-နှစ် အရွယ် သူငယ်သည် ၇၂-နှစ်၊ ၇၃-နှစ်အရွယ် အဘိုး၏ အရိပ်အာဝါသအောက်၌ ကြီးပြင်းလာခဲ့ ရလေသည်။ အဘိုးအိုသည် ရာဇဝင်တန်နိုဘာသာ ဒိုဟာကဗျာအဖွဲ့များကို အမိအရ ရှိသူတစ်ဦးဖြစ်သည်။ အဘိုး၏နှုတ်သည် မကုန်နိုင်မခန်းနိုင်သော ဒိုဟာကဗျာ အဖွဲ့များ၏ ဘဏ္ဍာတိုက်ကြီးဖြစ်လေသည်။ သူ၏နှုတ်မှ မကြာခဏ စိတ်ထိခိုက်ဖွယ် ဒိုဟာကဗျာ တစ်ပုဒ်တစ်ပုဒ် ထွက်ပေါ်လာလေ့ရှိသည်။ ထိုကဗျာများသည် သူငယ်၏ စိတ်နှလုံးတွင် နက်ရှိုင်းစွာ စွဲကျန်နေတတ်ပေသည်။

နံနက်အချိန်များ၌ အဘိုးသည် ရာဇဝင်တန် ပြည်နယ်သားများ၊ ဝတ်လေ့ ဝတ်ထရှိသော ဒိုတီအဖြူနှင့် အင်္ကျီအဖြူကို ဝတ်ပြီးလျှင် ပန်းရောင်ခေါင်းပေါင်း ပေါင်းလျက် လမ်းလျှောက် ထွက်လေ့ရှိသည်။ ထိုအချိန်များ၌ သူငယ်ကို အဖော်အဖြစ် ခေါ်ဆောင်သွားလေ့ရှိသည်၊ အဘိုးသည် သူ၏တောင်ဝှေးကို အဖော်အဖြစ် ခေါ်ဆောင် သွားလေ့ရှိသည်။ အဘိုးသည် သူ၏ တောင်ဝှေးကို ကောက်ကိုင်လိုက်သည့်ခဏ၌ ဒိုဟာ ကဗျာတစ်ပုဒ်ကို ကြေကွဲဖွယ် သံနေသံထားဖြင့် ဆိုလေ့ရှိသည်။

လာ . . . လာ မိတ်ဆွေ၊ ငါ့ခြေထောက် မသန်တော့။

မင်းကိုပဲ ငါမှီခို အားကိုးရတော့မည်။

ဘုရားကျောင်းကို ဖြည်းဖြည်းသွားကြစို့။

အချိန်ကာလက ငါ့မိခင်၏ ဆုတောင်းမေတ္တာကို ပြည့်ဝအောင်လုပ် လိုက်ပြီ။

နှစ်ပေါင်းများစွာ လွန်ခဲ့သည့်အခါက မိခင်ပေးခဲ့သော ဆုမွန် အခုပြည့်ဝ သွားပြီ။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံ အဘိုးသည် သူငယ်အား ဒိုဟာကဗျာ၏ အနက်အဓိပ္ပာယ်ကို ရှင်းလင်း ပြောပြလေ့ရှိပေသည်။

"ဘိုးဘိုးက တောင်ဝှေးကို ပြောရတယ်၊ အို . . . တောင်ဝှေးလှလှ ကလေး၊ ဘုရားကျောင်းကို သွားကြစို့ အခု ငါအားအင်ဆုတ်ယုတ်နေပြီ မင်းမပါဘဲ ငါလမ်းလျှောက်လို့မရတော့။ ဘိုးဘိုး ငယ်ငယ်တုန်းက အမေက ငါ့သား အသက် ရှည်ရှည် နေရပါစေ၊ ငါ့သား အသက်အိုသည်အထိ နေရပါစေလို့ ဆုပေးခဲ့တယ်။ အခု အမေ့ရဲ့ဆုတောင်း ပြည့်ဝသွားပြီ၊ အခုကြည့်၊ ဘိုးဘိုး ဒယီးဒယိုင်ဖြစ်နေတဲ့ အဘိုးကြီးဖြစ်နေပြီ"

ထို့နောက် အဘိုးသည် သူ၏ဇရာဘဝကို သူ့ဟာသူ ရယ်လေသည်။

တစ်ချိန်တွင် အဘိုး မမာမကျန်း ဖြစ်လေသည်။ မကြာခင်အတော အတွင်း၌ပင် အခြေအနေမှာ အတော်ပင် ဆိုးဆိုးရွားရွား ဖြစ်လာသည်။ အိပ်ရာထဲတွင် လဲနေစဉ် အဘိုး၏ ပြုံးနေသောနှုတ်မှ ဒိုဟာကဗျာတစ်ပုဒ် ပေါ်ထွက်လာ လေသည်။

"အို . . . တော၏ဘုရင်၊ ယခု ကျွန်ုပ်တို့ ခွဲခွာရတော့မည်"

ကြွေကျစဉ် သစ်ရွက်က သစ်ပင်ကို ပြောလိုက်ခြင်း ဖြစ်သည်။

"အညာအတာ အသနားမဖက်သောလေသည် ကျွန်ုပ်ကို ဝေ့ယမ်း တိုက်ယူသွားသည်"

"အကျွန်ုပ် သင့်ကို အပြီးအပိုင် နှုတ်ဆက်ခဲ့ပါသည်"

ဘယ်လောက် ဝမ်းနည်းကြေကွဲဖွယ် ကောင်းသနည်း။ သစ်ရွက်များသည် ရော်ရွက်ဝါဘဝ ရောက်သွားကြသည့်အခါ၌ မကြွေချင်ဘဲနှင့် ကြွေကျသွားကြ ရသည်။ သူတို့ချစ်ခင်သော သစ်ပင်နှင့် ခွဲခွာသွားကြရသည်။ ဘယ်တော့မှ ပြန်လည် မဆုံကြရတော့ပေ။ ဇရာနှင့်မရဏ တရားများသည် မလွဲမသွေ ရောက်လာကြ ပေလိမ့်မည်။ ယင်းသည် အနိစ္စသဘောတရားဖြစ်လေသည်။ ကျွန်ုပ်တို့ မပိုင်သည့် အရာဖြစ်သည်။ ကျွန်ုပ်တို့ မစွမ်းဆောင်နိုင်သည့်အရာ ဖြစ်သည်။ ယင်းသဘောသည်

www.burmeseclassic.com

www.burmeseclassic.com



အနတ္တတရားဖြစ်လေသည်။ မိမိတို့၏ ချစ်ခင်သောအရာမှ ခွဲခွာရခြင်းသည် ဘယ်လောက် ကြေကွဲဝမ်းနည်းစရာ ကောင်းသနည်း၊ အနိစ္စ၊ အနတ္တ၊ ဒုက္ခ ဓမ္မသဘောတရား အပြည့်ရှိနေသော ဒိဟာ ကဗျာအဖွဲ့ဖြစ်လေသည်။

တစ်ခုသောညဥ့် အိမ်ရှိလူများအားလုံး တစ်ညလုံး မအိပ်ကြပေ။ သူငယ်လည်း မအိပ်ဘဲ သူ့အဘိုးခုတင်ဘေး၌ ထိုင်နေသည်။ နံနက် မိုးမလင်းခင် အဘိုး၏ အခြေအနေမှာ ပိုမိုဆိုးလာလေသည်။ ဟိန္ဒူထုံးစံအရ မိခင်မြေပေါ်၌ အသက်ထွက်သွားစေရန် အဘိုးကို ခုတင်ပေါ်မှ အသာရွှေ့ပြီး ကြမ်းပြင်ပေါ် ချထားပေးလိုက်ကြလေသည်။ လူကြီးများက သူငယ်ကို တခြားနေရာသို့ ဆွဲခေါ်ကြလေသည်။ သို့သော်လည်း သူငယ်သည် နေမြဲနေရာ၌သာ ပေကပ်နေပြီး သူ့အဘိုးကိုသာလျှင် မမှိတ်မသုန် ကြည့်နေလေသည်။ အဘိုးသည် အသက်ရှူ ရပ်ရပ်သွားလေသည်။ ထို့နောက် ရုတ်တရက် မျက်လုံးဖွင့်ကြည့်လေသည်။ အိမ်သားအားလုံး နောက်ဆုံး ဂါရဝပြုခြင်းအနေဖြင့် အဘိုးအား ဦးတိုက်လိုက်ကြ လေသည်။

သူငယ်လည်း လူကြီးများနည်းတူ အဘိုးအား ဦးတိုက်လိုက်လေသည်။ အဘိုးမျက်နှာတွင် အပြုံးပေါ်လာလေသည်။ သူငယ်သည် သူ့အဘိုးက သူ့ကို ပြုံးပြသည်ကို တွေ့မြင်သွားလေသည်။ အဘိုးသည် လက်မြှောက်လျက် ဆုမွန် ပေးပြီးလျှင် အသက်ရှူလိုက်လေသည်။ ထိုရှူထုတ်လိုက်သော အသက်သည် နောက်ထပ်တစ်ဖန် ပြန်မလာတော့ပေ။ အဘိုး၏လက်သည် ဆုမွန်ပေးသည့် အနေအထားဖြင့် မြှောက်လျက်သားပင်ရှိနေသည်။

အလောင်းစင် ပြင်ပြီးလျှင် အဘိုး၏ရုပ်ကလာပ်ကို အလောင်းစင်ပေါ်၌ တင်ထားကြလေသည်။ အလောင်းပေါ်၌ အဖိုးတန် ပွင့်ထိုးပွင့်ရိုက် ရှောစောင် လွှမ်းထားလေသည်။ သို့သော်လည်း အဘိုး၏လက်သည် မြှောက်လျက်သားပင် ရှိနေသည်။ ထို့နောက် အလောင်းကို မီးသင်္ဂြိုဟ်ရန် သုသာန်သို့ ဆောင်ကြဉ်း သွားကြလေသည်။ သူငယ်လည်း သုသာန်သို့ လိုက်သွားလေသည်။ ဟိန္ဒူထုံးစံ အရ အသုဘချသည့်အခါ ကလေးသူငယ်များ သုသာန်သို့ မလိုက်ရပေ။ သို့သော် လည်း သူငယ်သည် သူ့အဘိုး မီးသင်္ဂြိုဟ်သည်ကိုကြည့်ရန် သုသာန်သို့ အတင်း လိုက်လာလေသည်။ မီးပုံ အသင့်ပြင်သည်။ အဝတ်လွှမ်းထားသော အဘိုး၏ အလောင်းကို မီးပုံပေါ် တင်လိုက်သည်။ ထိုအချိန်ထိပင် အဘိုး၏လက်သည်

www.burmeseclassic.com

www.burmeseclassic.com



ဆုမွန်ပေးသည့် အနေအထားဖြင့် မြှောက်လျက်သားပင် ရှိနေသေးသည်။ ထင်းပုံကို မီးတင်ရှို့လိုက်လေသည်။

အတန်ငယ်ကြာသွားသောအခါ အဘိုး၏ ပြာများကို အနီးတွင် စီးဆင်းနေသော ဧရာဝတီမြစ်ထဲတွင် မျှောလိုက်လေသည်။ မိသားစုများသည် အိမ်ပြန်လာကြပြီး နေမြဲနေကြလေသည်။ သို့သော်လည်း အဘိုး၏ ဆုမွန်ပေးသည့် အနေအထားဖြင့် မြှောက်ထားသော လက်သည် သူငယ်၏ဘဝ၌ တစ်သက်လုံး ပျောက်မသွားတော့ပေ။ အသက်(၇)နှစ်အရွယ် နုနုနယ်နယ် ဘဝ၌ပင် သူငယ်သည် ဇရာတရားကို လည်းကောင်း၊ ဗျာဓိတရားကိုလည်းကောင်း၊ မရဏတရားကို လည်းကောင်း ဤမျှ နီးကပ်စွာ တွေ့မြင်ရလေသည်။ ယင်းတရားများကို အပြီးမပျက် ရင်ဆိုင်သွားသော သူတော်စင်ကြီးတစ်ဦးကိုလည်း တွေ့မြင်ရလေသည်။ သူငယ်၏ စိတ်နှလုံးတွင် အမြစ်တွယ်သွားသော ထိုဓမ္မမျိုးစေ့သည် (၂၄) နှစ်ကြာသွားသောအခါ အညွန့်အညှောက် ထွက်လာပြီးလျှင် နောက်ပိုင်းကျလာသောအခါ သန်မာကြီးထွားသော သစ်ပင်ကြီးတစ်ပင်အဖြစ် အုပ်မိုးဖြန့်ကြက် သွားလေသည်။

### ဓမ္မနှင့် တွေ့ဆုံခြင်း (ENCOUNTERING THE DHAMMA)

ဗာဗာ၊ ကြွယ်ဝပြီး မြင့်မြတ်သော မြန်မာနိုင်ငံ၌ ဗာဗာ အခြေချသည်မှာ အလွန်တရာ ကံကောင်းလှပေသည်၊ ထိုနိုင်ငံ၌ ကျွန်တော်သည် ဘဝသံသရာ ပင်လယ်သမုဒ္ဒရာကို ဖြတ်ကူးရာကူးကြောင်းဖြစ်သော ရတနာသုံးပါးကို ရရှိပေသည်။

How fortunate, Baba, that you settled in Myanmar, the land of affluence, the holy land! There I acquired the Triple Gem, the means to swim across the ocean of bhava.

ဗာဗာ၊ သုဝဏ္ဏဘူမိ (ရွှေနိုင်ငံ)သို့ မိသားစုထဲမှ ပထမဦးဆုံး ရောက်ရှိလာသူမှာ ဗာဗာဖြစ်ပေသည်။ ထိုနိုင်ငံ၌ ရွှေကိုလည်း အများအပြား ရှာ၍ ရရှိပေသည်၊ အဖိုးဖြတ်၍ မရသော ဓမ္မရတနာသိုက်ကိုလည်း ရှာ၍ ရရှိပေသည်။

Baba! You were the first in the family to arrive in the golden land (Thuwanna-Bhumi), where much gold was earned, and also was earned the invaluable treasure of the Dhamma.

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ ဗာဗာသာ မြန်မာနိုင်ငံ ရောက်မလာလျှင် ဤကျွန်တော်တို့သည် မည်သည့်အရပ် မည်သည့်လမ်း၌ မည်သို့သော အသွင်ဖြင့် လှည့်လည် သွားလာ နေရမည်မသိပေ။ သို့သော်လည်း ကျွန်တော်တို့သည် ဤမြန်မာနိုင်ငံ၌ ကြီးမား များပြားသော ဥစ္စာဓနကိုလည်းကောင်း၊ မြင့်မြတ်သော ဓမ္မကိုလည်းကောင်း ရရှိပေသည်။

We do not know where we would have been wandering, in which lanes, in what attire, if you had not migrated to Myanmar. But here in Myanmar we received great material gains as well as the superb Dhamma.

အကယ်၍သာ ဗာဗာ တခြားနိုင်ငံ ရောက်သွားလျှင် ကျွန်တော်တို့သည် ဥစ္စာဓန အမြောက်အမြား ရှာဖွေရရှိကောင်း ရရှိလိမ့်မည် ဖြစ်သော်လည်း အဖိုး မဖြတ်နိုင်သော ဓမ္မအလင်းရောင်ကိုမူ ကျွန်တော်တို့ ဘယ်မှာ ရရှိနိုင်မည်နည်း။

Had you migrated to any other country, quite probably we would have earned enormous wealth, but where could we have got the invaluable light of Dhamma?

ကိုးကွယ်ခြင်း၊ ပူဇော်ခြင်း၊ ရွတ်ဖတ် သရဇ္ဈာယ်ခြင်း၊ ဆုတောင်းခြင်း တို့ဖြင့် အရောင်ခြယ်ထားသော ဘာသာရေး အစွဲအလမ်း ဓလေ့ထုံးစံများကို ကျွန်တော်တို့ ပြုလုပ်ခွင့် ရကောင်းရလိမ့်မည် ဖြစ်သော်လည်း ဓမ္မစစ် ဓမ္မမှန်ကိုမူ၊ ရှင်တော်မြတ်ဘုရား၏ တရားဒေသနာတော်ကိုမူ ကျွန်တော်တို့ ဘယ်မှာ ရရှိနိုင် မည်နည်း။

We would have become involved in many cults coloured with blind devotion, many rites and disguised rituals, prayers and recitations. But where, Baba,could we have received the pure Dhamma, the wisdom of the Enlightened One?

ဗာဗာ၊ အကယ်၍သာ ဤနိုင်ငံ၌ ဗာဗာ အခြေမချခဲ့လျှင် ကျွန်တော် တို့သည် ဓမ္မနှင့် ကင်းကွာပြီးလျှင် ဒုက္ခပြွမ်းသော ဘဝဖြင့်သာလျှင် နေသွားရပေ လိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



**Baba! If you had not settled in this country, we would have been living a life of misery-void of Dhamma.**

ဗာဗာ၊ ဓမ္မစစ်ဓမ္မမှန်၏ အနှစ်သာရကို ကျွန်တော် လက်ခံရရှိသည်မှာ ဤမြန်မာနိုင်ငံ၌သာလျှင် ဖြစ်သည်။ ထိုဓမ္မစစ် ဓမ္မမှန်၏ အနှစ်သာရအားဖြင့် သာလျှင် ကျွန်တော်တို့သည် ဘာသာရေး ဂိုဏ်းဂဏအစွဲအလမ်း ဝန်ထုပ်ဝန်ပိုး ကြီးက လွတ်မြောက်သွားပေသည်။

Baba! It is only in Myanmar that I received the essence of pure Dhamma, by which I was relieved of the burden of sectarianism.

ကျွန်တော်သည် အဖိုးဖြတ်၍ မရသော သီလ၊ သမာဓိ၊ ပညာ ရတနာကို ရရှိပေသည်။ ကျွန်တော်၏ စိတ်ပိုင်းဆိုင်ရာ ချွတ်ခြုံကျခြင်း အပြီးသတ်သွား ပေသည်။ ကျွန်တော်၏ဘဝသည် အောင်မြင်မှု ရရှိသွားပေသည်။

I received the priceless jewels of sila, samadhi, and panna, ending my spiritual poverty and making my life worthwhile.

ဗာဗာ၊ ဤနိုင်ငံ၌ ဘုရား တရား သံဃာအပေါ် ပျက်စီးကျိုးပြတ်သွားခြင်း မရှိသော ယုံကြည်ကိုးကွယ်မှုသည် ကျွန်တော့်တွင် ဖြစ်ထွန်းလာပေသည်။ ဝိပဿနာ ပွားများအားထုတ်နည်းကို ကျွန်တော် သိမြင်ရရှိလာပေသည်။ ဝိပဿနာ ပွားများအားထုတ်နည်းကြောင့် ကျွန်တော် ဓမ္မအမြိုက်ကို တဝ သောက်သုံး ရလေသည်။

Baba! Here in this country unbreakable faith in Buddha Dhamma and Sangha arose in me. I received the technique of Vipassana, allowing me to drink the nectar of Dhamma to my heart's content.

ဗာဗာ၊ ဗာဗာသည် ဤနိုင်ငံသို့ရောက်အောင် ဒုက္ခအဖုံဖုံ ကြုံခဲ့ပြီးလျှင် မိုင်ပေါင်းများစွာ ကွာဝေးသောခရီးကို အပင်ပန်း အဆင်းရဲခံလျက် ဖြတ်သန်း လာခဲ့ရသည်။ သို့သော်လည်း ဗာဗာ၏မြေးများကမူ ဗာဗာ အဆင်းရဲအနစ်နာ ခံရသမျှ၏ အကျိုးထူးတရားများကို ရရှိနေကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com



You suffered many discomforts, travelling toilsome mile upon mile to reach this land, but your grandchildren have received the blissful benefits of your pains.

ဗာဗာ၊ ဤမင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့်နိုင်ငံသို့ ရောက်လာရန် အတွက် ဗာဗာသည် တောအထပ်ထပ် အရပ်ဒေသအမျိုးမျိုးကို ဖြတ်ပြီးလျှင် ကန္တာရခရီးကို လာခဲ့ရပေသည်။

On how you suffered travelling form place to place, moving through jungles and wildernesses, to reach this land of blessings!

ထိုအချိန်က ပင်လယ်ခရီးနှင့် ပတ်သက်သော ဟိန္ဒူလူမျိုးတို့၏ အစွဲ အလမ်းကြီးကို ဗာဗာသည် ဖြတ်တောက်ပစ်ခဲ့လေသည်။ အကယ်၍သာ ထိုသို့ ဗာဗာမပြုလုပ်ပါက ကျွန်တော်သည် ဓမ္မစစ်ဓမ္မမှန် ဆိတ်သုဉ်းသောနိုင်ငံ တစ်နိုင်ငံ၌သာလျှင် မွေးဖွားလာခဲ့ရပေလိမ့်မည်။

You broke the taboo against sea travel (which was then in force among Hindus), but if you had not done so, Baba, I would have been born in a country Lacking the pure Dhamma.

ဗာဗာ၊ ကျွန်တော် ဓမ္မတိုင်းပြည်၌ မွေးဖွားလာသည်မှာ ဗာဗာ၏ ကျေးဇူးကြောင့်ပင် ဖြစ်ပေသည်။ ဓမ္မတိုင်းပြည်၌ မွေးဖွားလာရသည်ဖြစ်၍ ကျွန်တော်သည် မိမိဘဝကို အောင်မြင်မှုရအောင် ပြုလုပ်နိုင်ခဲ့ပေသည်။ မိမိ၏ ဆင်းရဲဒုက္ခကို ပပျောက်အောင် ပြုလုပ်နိုင်ခဲ့ပေသည်။

Baba! It is because of you that I was born in the land of Dhamma, which helped me to make my life purposeful and to eradicate my sufferings,

ဗာဗာ၊ ကျွန်တော်သည် ချစ်စရာကောင်းသော မက်မောစရာကောင်း သော အမိတိုင်းပြည်ကို ရရှိခဲ့ပေသည်။ ကျွန်တော်၏ ဇာတိမှာ မဟာမြတ်မုနိ ဘုရား၏ ဘုန်းရိပ်အောက်၌ တည်ရှိနေသော ရတနာပုံနေပြည်တော် မန္တလေး ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



Baba, I received a lovely and enchanting motherland, and as my city of birth Yadanabon (Mandalay) lying under the blessing of Maha Myat Muni.

ဗာဗာ၊ ရှေးအတိတ်ကုသိုလ်ကံ အကျိုးပေးကြောင့် ကျွန်တော်သည် ဤမြန်မာနိုင်ငံ၌ မွေးဖွားလာရပေသည်။ ထို့နောက် ဤနိုင်ငံတွင်ပင် ဓမ္မ၌ ကျွန်တော် တစ်ဖန် မွေးဖွားလာရပြန်ပေသည်။ ယင်းသို့ ဓမ္မ၌ တစ်ဖန် မွေးဖွားလာရခြင်းမှာ မိမိကို ဒုက္ခပေးသော အတိတ်ကံ အနှောင်အဖွဲ့ကို အစိတ်စိတ် အမြွှာမြွှာ ဖြတ်တောက်ပစ်ရန်အတွက် ဖြစ်ပေသည်။

Oh Baba! As the merits of the past came to fruir, I was born in this land of Myanmar, and then on this land I was reborn in Dhamma, to cut asunder the bonds of past kammas that had made me miserable.

ဗာဗာ၊ အမိမြန်မာနိုင်ငံ၏ ရင်ခွင်သည် နှစ်သိမ့်ကြည်နူးဖွယ် ကောင်းလှသည်။ စိတ်နှလုံးအား ပီတိသောမနဿ အပြည့်ပေးသော (အရိယ) အသီးလေးလုံးသည် ဤအမိမြန်မာနိုင်ငံ၏ ရင်ခွင်၌ ဖြစ်ထွန်းနေပေသည်။

Oh Baba! Pleasant is the lap of Mother Myanmar. All the four (Ariya) fruits grow on it, filling the heart with bliss and joy.

ဗာဗာ၊ ဤ သုဝဏ္ဏဘူမိ (ရွှေနိုင်ငံ)၌ ကျွန်တော် နေရခြင်းမှာ ဗာဗာ၏ ကျေးဇူးကြောင့်ပင် ဖြစ်ပေသည်။ ဤနိုင်ငံ၌ မည်သည့်အခါမှ ဥစ္စာဓန မချို့တဲ့ပေ။ မည်သည့်အခါမှလည်း ဓမ္မ မဆိတ်သုဉ်းပေ။

Baba! It is because of you that I could enjoy this Golden Land (Thuwanna-Bhumi). In this land there is never a lack of material wealth, and never a lack of Dhamma.
material wealth, and never a lack of Dhamma.

ဗာဗာ၊ ဤမြင့်မြတ်သော နိုင်ငံကို ဗာဗာ အခြေချရန် ရွေးချယ်ခြင်းသည် အလွန်တရာ သင့်လျော် ကောင်းမြတ်ပေသည်။ မြန်မာနိုင်ငံ၌ ဗာဗာအခြေချသောကြောင့်သာလျှင် ကျွန်တော်သည် မိမိ၏ ကာယိကဒုက္ခ၊ မနသိကဒုက္ခနှင့်

www.burmeseclassic.com

www.burmeseclassic.com



Baba! It was most gracious of you to select this excellent land for your place of settlement. This gave me the opportunity to eliminate my miseries of body, mind, and past kammas.

O

www.burmeseclassic.com

www.burmeseclassic.com

# မြန်မာနိုင်ငံမှ အံ့ဖွယ် ဆဒ္ဒန်ဆင်မင်းကြီး

## ဘိုးတော်ဘုရားနှင့် ဆင်ဖြူတော်

မြန်မာနိုင်ငံတော်ကား မြစ်ကမ်းတောတောင်တို့ဖြင့် အလွန်ကြည်နူးဖွယ်ကောင်းသော နိုင်ငံတော်ဖြစ်၏။ ဟိမဝန္တာတောင်ဘက်သို့ ဆင်းလာသော ဆင်များသည် အုပ်လိုက်ချီ၍ ရှမ်းရိုးမ၊ ရခိုင်ရိုးမ၊ ပဲခူးရိုးမများတွင် ကျက်စားလေ့ရှိကြသည်။ အချို့ ဆင်အုပ်တွင် ဆင်အရေအတွက်များစွာ ရာထောင်ချီ၍ ရှိတတ်လေသည်။ ထိုဆင်အုပ်များမှ ဆင်တစ်သင်းသည် ပဲခူးမြစ်ဖျား ဇောင်းတူထန်းတောကြီးဒေသတွင် ကျက်စားလျက်ရှိလေသည်။

ထိုအခါကား ရာဇဝင်တွင် ထင်ရှားလှသော အမရပူရမြို့တည် နန်းတည်ဘိုးတော်ဘုရားလက်ထက်ပေတည်း၊ အဆိုပါ ဆင်အုပ်သည် အရေအတွက်အားဖြင့် များပြားလှ၍ တစ်ထောင်ထက်မနည်း ရှိသည်ဟု မှန်းဆရ၏။ ထိုဆင်အုပ်သည် ယခင့်ယခင်က ဆင်အုပ်များထက်ပင် ခက်ထန် ကြမ်းတမ်းသဖြင့် ထိုအရပ်တွင် တောင်ယာလုပ်ကိုင် နေထိုင်ကြသူများပင် မနေဝံ့ကြ၍ ဟံသာဝတီ ပဲခူးမြို့အနီးသို့ပင် ရွှေ့ပြောင်းနေကြရတော့သည်။ ထိုအကြောင်းကို ဆိုင်ရာမြို့ဝန်မင်း သိသဖြင့် ဆင်ဆရာများကို စေလွှတ်၍ စုံစမ်းကင်းထောက်စေရာ ထိုဆင်အုပ်ကြီးမှာ မရှိတော့ပြီဖြစ်ဖြစ်ကြောင်းနှင့် ငုပ်သွားသော ဒေသကိုပင် ခြေရာခံ၍ မရတော့ကြောင်း သိရလေ၏။ ပဲခူးမြို့၏ တောင်ဘက် ပဲခူးမြစ်အနီးကဝနှင့် မဝေးသော ပဲခူးရိုးမ၏ တောင်ဘက် အစွန်ဆုံး ကုန်းမြေမြင့်ပေါ်တွင် တည်ထားသည့် ကျိုက်မတ်ကော် စေတီ (ဖလေးဘုရား)သို့ အရွယ်ကောင်း မင်းမှုထမ်း ၄-ယောက်သည် ပဲခူးမှ ရန်ကုန်သို့ တောလမ်းခရီးဖြင့် အသွားတွင် ဝင်ရောက်ဖူးမြော်ကြ၍ ခေတ္တနားနေခိုက်တွင် ပဲခူးမြစ်နှင့် ထိုစေတီတော်စပ်ကြားရှိ ပုဆိုးတစ်ပတ်မက လုံးပတ်ရှိသော ကျွန်းပင်၊ ပျဉ်းမပင်၊ အင်ပင်မှစ၍ ဝါးရုံတို့နှင့် ပြည့်နှက်လျက်ရှိ

www.burmeseclassic.com



ရှိသော တောကြီးသည် ကြက်သီးဖြန်းဖြန်း ထလောက်အောင် ပွဲတင်ရိုက်ချွန်းလျက် ချိုးသံ၊ ဖွဲ့သံ၊ နင်းသံ၊ ရိုက်သံများမှာ နားပွင့်မတတ် ရှိတော့၏။

လူငယ်များလည်း ကြောက်လန့်ကာ တောင်မြောက်လေးပါး ကြည့်ရာ ကြက်သီးမွေးညင်းထလောက်အောင် ဆင်အုပ်ကြီးကို မြင်ရ၍ ဘေးကင်းရာ ဘုရားပစ္စယံပေါ်သို့ အမြင့်ဆုံး တက်နိုင်သလောက် တက်ကြ၍ ကြည့်ရှုသောအခါ ဆင်အုပ်ကြီးမှာ တစ်ထောင်ထက် မနည်းရှိပြီး ဘော်ငွေရောင်ကဲ့သို့ ဆွတ်ဆွတ်ဖြူ အကောင်ငယ်ကလေးတစ်ကောင်အား ဆင်ကြီးများက ဝိုင်းအုံ ခြံရံထားသည်ကို တွေ့လေ၏။ တစ်ယောက်က -

"ဟေ့ . . . ဆင်အုပ်အလယ်မှာ ကြည့်စမ်းကွ၊ ကျွဲဖြူကို ဆင်တွေက ဝိုင်းပြီး သတ်တော့မယ်ထင်တယ်။" နောက်တစ်ယောက်က -

"မဟုတ်ပါဘူးကွာ အဲဒီအနီးအနားမှာ တောင်သူကြီး စောဘိုးထီးရဲ့ ထုံးသက်န်းကပ်ထားတဲ့ စေတီငယ်ကလေးတစ်ဆူ ရှိတယ်ကွ၊ အဲဒီစေတီကို ဆင်အုပ်က ရှိခိုးတယ်ထင်တယ်" ဟု ပြော၏။ ဤသို့ အမျိုးမျိုး ပြောဆိုနေကြရာ နောက်ဆုံးတွင် -

"ဟာ . . . မဟုတ်ဘူးဟေ့ မဟုတ်ဘူး။ ဆင်ဖြူတော် ပေါက်စကလေးကွ" ဟု ကြောက်ရွံ့ခြင်းမှ အံ့သြခြင်းစိတ်သို့ ကူးပြောင်းကာ လက်အုပ်ချီသူကချီ ခါးတောင်းမြှောင်အောင် ကျိုက်သူကျိုက် အယောင်ယောင်အမှားမှား ဖြစ်နေကြတော့သည်။ သေချာစွာထပ်၍ ကြည့်ပြန်ရာ ငွေရောင်အဆင်းရှိသော ဆင်ဖြူတော်ကလေး အစစ် ဧကန်ဖြစ်၍ အချို့ဆင်မများက မြစ်ထဲကရေကို နှာမောင်းဖြင့် သယ်ယူ၍ ဆင်ဖြူတော်ကလေးအား ရေချိုးပေးခြင်း၊ အချို့က နှာမောင်းဖြင့် ပွတ်သပ်ပေးနေခြင်းတို့ကို တွေ့မြင်ရသည်မှာ မယုံကြည်နိုင်လောက်အောင်ပင် အံ့မခန်း ဖြစ်တော့သည်။

ထိုအခါ ခေါင်းဆောင်ဖြစ်သူ မင်းလုလင် ငပန်းက -

"ဟေ့ . . . ဒီလိုရပ်ကြည့်နေလို့ မဖြစ်ဘူး၊ ဒဂုန်ကို ယခု မသွားသေးဘဲ ငတော်နှင့် ငမောင်က ဟံသာဝတီ ၃၂-ခရိုင်ချုပ် သေနာပတိ အမတ်ကြီးနှင့် ဟံသာဝတီမြို့ဝန်၊ ရေဝန်တို့ထံ အမြန်ဆုံး ယခု တွေ့မြင်ရသည်ကို အသေအချာ လျှောက်ထားချေ။ ငါနှင့် ငကေနီတို့က မျက်ခြည်မပြတ်အောင် နေ့ညဥ့် အလှည့်ကျ

www.burmeseclassic.com



စောင့်၍ နောက်ယောင်ခံကြည့်မည်၊ ယခုချက်ချင်းပင် အုံးနဲ့ဘက်က ပတ်၍ အမြန်သွားကြပေတော့၊ ယခု ဆင်ဖြူတော်ကလေး ရှိနေသော ဒေသအမှန်မှာ ဟံသာဝတီမြို့တော် တောင်ဘက် ၃ ဂါဝုတ်ခွဲ ကွာဝေးသော နိဗ္ဗာန်ရွာရှေ့ သံတံခါးတော ကွင်းသာယာအရပ်ဟု သေချာစွာ လျှောက်ပေတော့”ဟု မှာကြားပြီး တာဝန်ခွဲကာ လွှတ်လိုက်လေ၏။ ပေန်းဦး၊ ငကေတို့ကလည်း မျက်ခြည်မပြတ် အလှည့်ကျ စောင့်နေစဉ် ပင်လယ်စောင့်နတ်၊ ရေစောင့်နတ်၊ တောင်စောင့်နတ်များကို ပသ၍ ထိုဆင်ဖြူတော်ကလေး ပျောက်ကွယ်မသွားအောင် ထိန်းသိမ်းစောင့်ရှောက်ထားရန် တိုင်တည်ကာ မေတ္တာသုတ်ကို ရွတ်ဖတ်၍ နေကြ၏။

ခုနှစ်သက္ကရာဇ်ကား ၁၁၆၈ - ခု၊ နယုန်လ ဖြစ်ပေသည်။

## သေနာပတိအမတ်ကြီးနှင့် မြို့ဝန်တို့ထံ

ခြေမြန် ငတော်နှင့် ငမောင်တို့၏ လျှောက်တင်ချက်သည် သေနာပတိ အမတ်ကြီးနှင့် ရေဝန်တို့ကို ရောက်လေပြီ၊ ဤသတင်းသည် ဖုံးဖိ၍ ရနိုင်မည့် သတင်းမျိုး မဟုတ်ချေ။ သတင်း မှန်-မမှန်သည် ပေန်းဦးနှင့်တကွ အပေါင်းပါ (၃)ယောက်တို့၏ ကံကြမ္မာကို ဖန်တီးပေးမည့် သတင်းပေတည်း။ ဤသတင်းမှန်က အရှင်ဖမ်း၍ ဘိုးတော်ဘုရားအား ဆက်သနိုင်ရပေမည်။

ထိုဆင်ဖြူတော်သတင်းကား အမှန်ဖြစ်၏။ သို့သော် ဆင်ဖြူတော်ကို အရှင်မရက သေနာပတိ အမတ်ကြီးနှင့်တကွ မြို့ဝန်၊ ရေဝန်တို့ကား အကြီး အကျယ် ဒုက္ခရောက်ရာကြတော့မည်၊ အရှင်ဖမ်း၍ ဘိုးတော်ဘုရားအား ဆက်သ နိုင်ကလည်း ရာထူးနှင့်တကွ ဆုတော်လာဘ်တော်၊ ဂုဏ်ထူး ဘွဲ့ထူးများပင် ထပ်ဆင့် ချီးမြှင့်ခြင်း ခံရမည်ကား မလွဲဧကန်ဖြစ်တော့သည်။

## ဆင်ဖြူအရှင်ရအောင် မည်သို့ ဖမ်းမည်နည်း

ဆင်ဖြူကလေးကို ဆင်တစ်ထောင် ခြံရံလျက်ရှိ၏။ ဖမ်းရမည့်တာဝန်မှာ မြို့ဝန်၏ တာဝန်ဖြစ်၏။ ရေဝန်၏တာဝန်မှာ ရေကြောင်းဘက်မှ ကူညီရမည် ဖြစ်၏။ သေနာပတိ အမတ်ကြီးနှင့်တကွ မြို့ဝန်၊ ဆင်ဝန်၊ အောက်မားဝန်၊ နေက်ပလာ ဆင်ဝန်မှအစ ပညာရှိများ၊ ဆင်ဆရာ၊ ဆင်ကဲဆင်ထိန်း၊ ယရည်း၊ ဆင်ဦးစီးတို့ပါ မကျန် ဆင်ဖြူတော်ကို မည်ကဲ့သို့ ဝိုင်းဝန်းဖမ်းရန် ဆွေးနွေး၍ စစ်ဆင်နည်းကဲ့သို့

www.burmeseclassic.com



အစီအစဉ် ရေးဆွဲကြ၏။ တစ်ထောင်ကျော်ရှိ ဆင်အုပ်ကို တစ်စတစ်စ ခွဲသောနည်းဖြင့် နောက်ဆုံး ဆင်ဖြူတော်ကလေးတစ်စီးသာ ကျန်သည့်အထိ ထိုခွဲနည်းကို အဆင့်ဆင့် အသုံးပြု၍ ဖမ်းရန် ဆုံးဖြတ် အတည်ပြုကြလေသည်။

ဤနည်းကား ကောင်းလှသည်။ သို့သော် မည်ကဲ့သို့ ချီတက်၍ ဝိုင်းဝန်း မည်နည်း။ ဆင်တစ်ထောင်ကျော်ပါသော ဆင်အုပ်ကို ဝိုင်းဝန်းရန်ကား ခဲယဉ်း လှ၏။ ဟံသာဝတီမြို့တော်နှင့် အနီးတဝိုက်မှ ထမင်းအိုးတစ်လုံးချက် အချိန်အတွင်း စုရုံးနိုင်မည့် အင်အားစုမှာ ဆင်အစီး (စီးဆင်) ၃၀ နှင့် ရဲမက် ၃၀၀၀-သာ ရနိုင် ပေမည်။ မုတ္တမ၊ တောင်ငူ၊ ရန်ကုန်၊ ပြည်မှ ဆင်များကို ခေါ်ယူရန်ကား အချိန်မရချေ။ တောင်ဘက်သို့ ပဲခူးမြစ်ကြောင်းဘက်မှ တစ်ကြောင်း၊ အရှေ့ဘက် အုံးနှဲမှ တစ်ကြောင်း၊ တောင်ဘက် ကဝဘက်မှတစ်ကြောင်း စီးဆင် ဆယ်စီးနှင့် ရဲမက် ၁၀၀၀-စီခွဲ၍ ဝိုင်းမှဖြစ်ပေမည်။ ဆင်ဦးစီးများသည် ဆင်ဖြူတော်ရှိရာသို့ အလံဖြင့် ညွှန်၍ စစ်ကြောင်းအချင်းချင်း အချက်ပြရပေမည်။ စစ်ကြောင်း သုံးကြောင်းလုံးပင် ဆင်ဖြူတော်ရှိရာမှ အခြားဆင်ရိုင်းများကို မောင်းထုတ်ပြီးနောက် မျက်ခြည်မပြတ် ဦးတည်၍ ဝိုင်းကြရမည်။ ရှေးဦးစွာ ဆင်ဖြူတော်ရှိသော ဆင်အုပ်မှ ဆင်ထီးများကို ခွဲထုတ်ရမည်။ နောက် ဆင်မများကို ခွဲပစ်ရမည်၊ နောက်ဆုံး အထိန်းဆင်မများကို ခွဲထုတ်ပြီး ဆင်ဖြူတော် တစ်စီးတည်းသာ ကျန်သည်အထိ ဝိုင်းကြရမည်။ စစ်ကြောင်း တစ်ကြောင်းမှ လူ ၁၀၀၀-စီက ဆင်ရိုင်းအုပ်ကို ခွဲပြီးသောအခါ ၎င်းတို့သည် ဆင်ဖြူတော် ရှိရာသို့ ပြန်၍ မချဉ်းကပ်မိ၊ မစည်းလုံးမိလေအောင် နည်းအမျိုးမျိုးဖြင့် ခြောက်လှန့် ကြရမည်။

ဆင်ဖြူတော်ကလေးကို ရရှိသောအခါ တိုက်ကျွေးရန် သန့်စင်သော မိန်းမန္တိထိန်း နေ့(၈)ယောက် ည(၈)ယောက်ကိုလည်း ရွေးချယ်၍ အသင့်ရှိစေ ရမည်။ ကတ္တီပါရွှေနားသတ်သော ခိုင်ခံ့သည့် ကြိုးများ၊ ရွှေထီးများ စသည့် လိုအပ်သော အစီအစဉ်အားလုံးလည်း အသင့်ရှိစေရမည်။ ပြဿနာကား ဆင်ဖြူတော် အရှင်ရရန် တစ်ခုတည်းပင် ဖြစ်သော်လည်း ၎င်းပြဿနာနှင့် ဆက်စပ်သော ကိစ္စများကား ၁၆၀၀၀ သော ကိစ္စကို ထမင်းအိုးတစ်လုံးချက်ခန့် ကာလအတွင်း အပြီးအစီး စီစဉ် ကြရ၏။ ချောင်းဆိုးရောဂါရှိသော ရဲမက်များကို ဖယ်ထားပြီးလျှင် လက်ရွေးစင် ရဲမက် ၃၀၀၀-ရပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



"မယားငယ်အိမ်ရှင်၊ ဆံပင်ဖားလျား၊ မချအပ်စွာ၊ မင်္ဂလာဆောင်ရာ၊ လက်ထပ်များကိုတဲ့လေး၊ ပုံရည်တောင်းစား၊ သွားလာအိမ်ရာ၊ သော်လည် တစ်ခန်း၊ ကူးသန်းမကျင့်ရာ"

-စသည်ဖြင့် တျာဘွဲ့တွင် ပါသည့် ဆင်အောင်းသူတို့ ရှောင်ကြဉ်ရမည့် ကိစ္စများကို သက်ဆိုင်ရာတို့က လိုက်နာကျင့်သုံးကြရန်ကို ကျပ်တည်းစွာ မြို့ဝန်က အမိန့်ထုတ်ဆင့်သည်သာမက ဆင်ဖြူတော်ဖမ်းရန် ချီတက်ရာတွင် ဆေးလိပ်ကိုပင် မည်သူမျှ မသောက်ကြရဟု ကျပ်တည်းစွာ အမိန့်ထုတ်ဆင့်သည်။

စီးဆင် ၃၀ နှင့် ရဲမက် ၃၀၀၀ ပါသော ဆင်ဖမ်းတပ်ဖွဲ့ကြီးသည် ၃-ကြောင်း ခွဲ၍ ချီတက်ရာတွင် လေသံမျှ မကြားရအောင် ငြိမ်သက်စွာ ချီတက်ကြရမည်။ ဆင်ဖမ်းခြင်းနှင့်သက်ဆိုင်သည့် ကိရိယာတန်ဆာပလာ ဟူသမျှလည်း လိုလေသေးသည် မရှိအောင် စုံလင်စွာပါရ၏။ ဆင်အောက်မားဆရာများ၊ နေက်ပလာမှုထမ်းများ၊ ဆင်သမားတော်များ၊ နတ်ပသသောနတ်ဆရာများ၊ သပြေပန်းနှင့် ပရိတ်ရေအိုး များပါ မကျန် ညနေဆည်းဆာအချိန်တွင် စတင်၍ သာယာဖြည်းညင်းစွာ တရွေ့ရွေ့ အစီအစဉ်အတိုင်း ချီတက်ကြလေသည်။

ဆင်ဖမ်းရာတွင် ဥတိန်မင်းနတ်ကို ပသခြင်းကား အရေးကြီးလှ၏။ ဆင်သမား များကလည်း မန္တန်ဂါထာများကိုစိတ်ထဲတွင် ရွတ်ဖတ်၍ သွားကြရ၏။ တပ်မတော်ကြီး၏ တပ်ဦးများနှင့် ငပန်းဦး၊ ငမောင်တို့ကလည်း တစ်ဖက်နှင့်တစ်ဖက် ဆက်မိကြလေပြီ။ နေဝင်စက ဆင်ဖြူတော်ကလေးလည်း ဆင်အုပ်ကြီးအတွင်းမှာပင် ရှိကြောင်းနှင့် မူလ ပထမတွေ့မြင်ရသော နေရာ၌ပင်ရှိကြောင်း သိရလေပြီ။ မြို့ဝန်၊ ရေဝန်တို့ ဦးစီးသောတပ်များသည် ၎င်းနေရာနှင့် မနီးမဝေးသို့ ရောက်ရှိပြီး တောင်ဘက်က ပန်း၍ ပိတ်ဆို့သော စစ်ကြောင်းလည်း သန်းခေါင်ကျော်တွင် သတ်မှတ်သောနေရာသို့ ရောက်ရှိပြီး စီစဉ်သည့်အတိုင်း ဆင်အုပ်ကြီးကို ထွက်ပေါက်မရှိအောင် ဝိုင်းဝန်း ပိတ်ဆို့မိကြလေပြီ။ အရုဏ်ကျင်း၍ အလင်းရောက်သည်နှင့် တစ်ပြိုင်နက် ထိုအုပ်ကြီးကို စနစ်တကျ ခွဲရပေတော့မည်။ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ရေစောင့်နတ်၊ ဥတိန်နတ်၊ ဟုံးနတ်တို့ကို ပူဇော်ပသတိုင်တည်ကာ မိုးလင်းအောင် စောင့်မျှော်လျက် ရှိကြလေသည်။ သံဃာတော်အချို့လည်း နောက်ပိုင်းမှ မေတ္တာသုတ်ကို ရွတ်ဖတ်၍ ကြွကြရ၏။

www.burmeseclassic.com

www.burmeseclassic.com



## ဆင်ဖမ်းပွဲကြီးစပြီ

နံနက်လင်း၍ နေမင်းပြူသည်နှင့် တစ်ပြိုင်နက် စီးဆင် ၁၀၊ ရဲမက် ၁၀၀၀- စီပါသော စစ်ကြောင်းသုံးကြောင်းသည် ဆင်အုပ်ကြီးသို့ တစ်ပြိုင်နက် ထိုးဖောက်ကာ အစောင့်ဆင်ထီးများကို ရှေးဦးစွာ ဖယ်ရှားလေသည်။ ဆင်ထီးများ တဖြည်းဖြည်း ဖယ်ရှားကုန်သောအခါ အတွင်းပိုင်းတွင် ဆင်ဖြူတော်ကလေးကို ခြံရံထားသော ဆင်မများကို ထိုးဖောက်ခွဲရပြန်သည်။ ထို့နောက် အထိန်းဖြစ်သော ဆင်များကို ဆင်ဖြူတော်နှင့် ကွဲအောင် ခွဲပစ်ရပြန်သည်။ စီးဆင်များနှင့် ဆင်ထိန်း ဆင်ဦးစီးတို့၏ အသံ၊ စည်သံမောင်းသံ၊ တူမီးသေနတ်သံ၊ ဝါးများမီးရှို့၍ ပေါက်ကွဲသောအသံ၊ ရဲမက်တို့၏အသံ၊ ဆင်ရိုင်းများ၏ အော်ဟစ်သံ၊ သစ်ပင်ဝါးပင်တို့ကို နင်းချိုးသော အသံမှ စ၍ အသံအမျိုးမျိုးတို့ကား မိုးပြိုသကဲ့သို့ တစ်မိုးလုံးဟိန်း၍ မြေကြီးပင် တုန်သလောဟု ထင်မှတ်ရလေသည်။

## ဆင်ဖြူတော်ကို ဝိုင်းခြင်း

ဆင်ဖြူတော်ကလေး ဝင်သွားသောချုံကို စီးဆင် ၁၀၊ ရဲမက် ၃၀၀၀နှင့် မလှမ်းမကမ်းက ဝိုင်းထားမိပြီး ဆင်ဖြူတော်ကလေးလည်း နွယ်ချိုတောသို့ ဝင်၍ နွယ်ချိုပင်များကို စုပ်လျက်နေ၏။ လူစွမ်းကောင်း (၄)ယောက်ဖြစ်သော-

၁။ ငပန်းဦး ၃။ ငတော်

၂။ ငကနီ ၄။ ငမောင်-တို့က

ရှေးဦးစွာ နွယ်ချိုတောထဲဝင်ကာ ဆင်ဖြူတော်ကလေးထံ ချဉ်းကပ်ပြီး၊ မိမိတို့ဝတ်ထားသော ပုဆိုးလက်မောင်း (ပုဆိုးရှည်အစ) များဖြင့် ရစ်ပတ်ရာ အနည်းငယ်မျှ ရုန်းကန်ခြင်းမပြု၊ ကြောက်လန့် တုန်လှုပ်ခြင်းလည်းမရှိ၊ ပကတိ တည်ကြည်သောဣန္ဒြေဖြင့် လိုက်ပါလာ၏။ တူရိယာ (၅)ပါးလည်း တစ်ပြိုင်တည်း တီးမှုတ်ကြပြီး ရွှေကြိုး ကတ္တီပါကြိုးများဖြင့် တဲခြင်းများကိုလည်း အရေးမစိုက်ချေ။

"ဖုတ်စာနတ်ရှူး၊ စုန်းဘီလူးကို၊ တောဦးရှေးရှု၊ ပေးမှတ်မှုဖြင့်၊ ဆိတ်ဖြူ ကြက်ဝက်၊ သေရက်စလျှင်၊ စားသောက်တင်" ခြင်း ပသပူဇော်ခြင်းကို ပြုပြီး နိဗ္ဗာန်အရပ်တွင် တန်ဆောင်းကြီးဆောက်လုပ်ကာ ဆဒ္ဒန်ဆင်ဖြူတော်အား အမြတ်တနိုး တရိုတသေ ထားလျက် ၁၁၆၈ ခု၊ နယုန်လတွင် ဆင်ဖြူများသခင်

www.burmeseclassic.com

www.burmeseclassic.com



အရှင်ဘ၀ရှင်မင်းတရားကြီး 'ဘိုးတော်ဘုရား' ခြေတော်ဦးတိုက် မြင်းသည်တော် အမြန်တို့ကို မြို့၀န် ရေဝန်တို့က စေလွှတ်၍ လျှောက်ထားစေသည်။

## ဆင်ဖြူတော်ကို ဆောင်ယူခြင်း

ဘိုးတော်မင်းတရားကြီးနှင့်တကွ နေပြည်တော် တစ်ဝှမ်းလုံးလည်း ဆင်ဖြူတော် သတင်းကို ကြားရသောအခါ အတိုင်းထက်အလွန် ဝမ်းမြောက်မဆုံး ဖြစ်ရလေတော့၏။ ဆဒ္ဒန်ရတနာ ဆင်ဖြူတော်ကို ရွှေဖောင်နှင့်တင်၍ ရွှေလောင်း၊ ဆွဲလှေ၊ ငင်လှေ ခန့်ထားစီရင်ပြီးလျှင် ဟံသာဝတီမြို့ဝန်၊ ရေဝန်တို့ ကြီးကြပ်ဆောင်ယူခဲ့စေရန် အမိန့်တော် မှတ်လိုက်သည့်အတိုင်း ဆင်ဖြူတော်ကို ရွှေဖောင်၌တင်၍ ရွှေလောင်း လက်ပြည့် ငင်စေလျက် ရွှေဖောင်တော်၏ ဝဲယာရှေ့နောက်တွင်လည်း ပွဲသဘင်စုံ ခြံရံတီးမှုတ်ကာ ဟံသာဝတီ ရေဝန်၊ နော်ရထာကျော်ခေါင် ကြီးကြပ်၍ ငြိမ့်ညောင်းစွာ ဆောင်ယူဆက်သလေသည်။

ယင်းသို့ ဆောင်ယူသည်ကို ဒလ၊ ခနောင်ဖြူ၊ ဟသ်ာတ၊ မြန်အောင်၊ ပန်းတောင်း၊ ပြည်၊ မြေထဲ၊ မြင်ကွန်း၊ ဝက်မစွတ်၊ ကျောက်ရဲ၊ ပုခန်းငယ်၊ စလေမှ လောကနန္ဒာအရပ် ရောက်သည့်တိုင်အောင် ဧရာဝတီမြစ်၏ ဝဲယာ ကမ်းတစ်လျှောက်တွင် ပြည်သူပြည်သား တို့က ကမ်းလုံးညွှတ်မျှ ကောင်းချီးသြဘာပေး၍ ဝမ်းသာအားရ ကြိုဆိုကြလေသည်။

## ဆင်ဖြူတော်ကို ထားပုံ ကြိုဆိုပုံ

ဘိုးတော်ဘုရားလည်း မင်းကွန်းတစ်ဖက် အလယ်ကျွန်း စံနန်းတော်ရှေ့တွင် ရွှေဖြင့်ပြီးသော ဘုံ(၅)ဆင့် ဘုံ(၃)ဆင့် ပြာသာဒ်အဆောင်များကို ဖလ်မှန်ပတ္တမြား စီခြယ်၍ ရွှေသားမှီတိုင် ရွှေသားမှီတုံး၊ အုန်းမွှေ့ရာ စသည်တို့ကို စီရင်ဆောက်လုပ် စေသည်၊ ပုဂံမြို့မှ မင်းကွန်းစံနန်းတော် အရောက် ဧရာဝတီမြစ် ဝဲယာကမ်း ကုန်းကြောင်းတွင် ငှက်ပျောပင်၊ ကြံပင်၊ ရာဇမတ်၊ တံခွန် စသည်တို့ကို တန်ဆာ ဆင်စေ၍ ရေကြောင်းတွင်လည်း ရွှေလှေရွှေလောင်း ပွဲသဘင် တူရိယာအစုံဖြင့် တစ်မြို့ကတစ်မြို့ ကျင်းပ ကြိုဆိုစေသည်။ စစ်ကိုင်းမြို့ မြစ်ကမ်းနေဖူးနှင့် အမရပူရ မြို့တော် မြစ်ကမ်းထိပ်များတွင်လည်း မှန်စီရွှေချ တန်ဆောင်းပြာသာဒ်များ ဆောက်လုပ် စေသည်။

ထို့နောက် မင်းတရားကြီးလည်း 'ပြည်ကြီးမွန်' ဖောင်တော်ကို စီးလျက် မိဖုရားခေါင်ကြီးမှ အစ သားတော် သမီးတော် မြေးတော် မှူးတော် မတ်တော်

www.burmeseclassic.com

www.burmeseclassic.com



ဆွေတော်မျိုးတော်များပါ ခေါ်ဆောင်ကာ ကြီးကျယ်ခမ်းနားသော မင်းပွဲသဘင်ကြီးကို ကျင်းပလျက် ကြည်းကြောင်း၊ ရေကြောင်း စစ်အင်္ဂါလေးပါးနှင့် ပုဂံမြို့လောကနန္ဒာအရပ်ထိ သွားရောက်ကြိုဆိုတော်မူသည်။ ထို့နောက် ပြည်သူပြည်သားများ၏ အဖူးအမြော်ကို ခံယူပြီး စစ်ကိုင်းမြို့တွင် (၃)ရက်၊ အမရပူရမြို့တော်တွင် (၅)ရက် နေပြီးမှ မင်းကွန်းအလယ်ဗျူဟာ ဆင်နန်းတော်သို့ ဆင်မင်းကို ခေါ်ယူတော်မူသည်။

## ဆင်ဖြူတော် သိမ်းယူပွဲ

ဆင်ဖြူတော် သိမ်းတော်မူရသည့် အခမ်းအနားများ ဆရာတော် သံဃာတော် ပုဏ္ဏားပညာရှိ၊ လူပညာရှိတို့က ပိဋကတ်ကျမ်းဂန်၊ လောကီ စာဟောင်း စာတမ်းများကို လေ့လာညှိနှိုင်း၍ ထွက်ရှိသည်နှင့်အညီ လျှောက်ထားစေ၏။ သာသနာပြုဆရာတော်စသော ဆရာတော် သံဃာတော်၊ ပုဏ္ဏား ပညာရှိတို့ လျှောက်ထားကြသည်ကား-

'ယခု ဘုန်းတော် သမ္ဘာတော်ကြောင့် ရအပ်သော ဆင်ဖြူရတနာသည် ဘုရားအလောင်းတော် ဝေဿန္တရာမင်းကြီး ဖွားတော်မူသောနေ့၌ပင် ဆဒ္ဒန်အမျိုးဖြစ်သော ဆင်ဖြူရတနာကို ဆင်တင်းကုပ်၌ အမိဆင်မ,က ထားသကဲ့သို့လည်းကောင်း၊ ဒုဋ္ဌဂါမဏိ မင်းကြီးလက်ထက် ဆဒ္ဒန်အမျိုးဖြစ်သော ဆင်ဖြူရတနာကို မြို့ရွာအနီး မြစ်နား၌ အမိဆင်မ,က ထားသကဲ့သို့လည်းကောင်း ယခုလည်း ဘုန်းတော်ကြောင့် ကိုယ်အလုံးဖြူဝင်း နူးညံ့စွာသော ဆဒ္ဒန်အစစ်ဖြစ်သော ဆင်ဖြူရတနာကို နိဗ္ဗာန်ရွာအနီး၌ နတ်တို့ဖန်တီး၍ အမိဆင်မထားလာရသည့်အရာ ဖြစ်ပါသည်။ ဆဒ္ဒန်ရတနာ ဆင်ဖြူတော်ကို သိမ်းယူတော်မူရသည်မှာ စကြာ၊ မန္ဓာတ်မင်းစသည့် ဘုန်းကြီးသောရှေးမင်းများ ဆင်ဖြူရတနာကို သိမ်းယူတော်မူသည့် ထုံးတမ်းစဉ်လာနှင့်အညီ-

၁။ ရတနာဆင်ဖြူတော်ထားရာ ရွှေငွေဖန်မှန်တို့ဖြင့် ပြီးသော တန်ဆောင်းပြာသာဒ်တို့ကို စီရင်ခြင်း။

၂။ အထူးထူးသော ဆင်တော်အဆောင်အယောင် အခင်းအကျင်းတို့ကို စီရင်ခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



၃။ ဆင်တော် ဆင်ယင်ရန် အဖိုးထိုက်တန်သော တန်ဆာတို့ကို စီရင်ခြင်း၊

၄။ ဆင်တော် အစောင့်အရှောက်တို့ကို စီရင်ခြင်း၊

၅။ ပြည်တော်ကို တန်ဆာဆင်၍ ဆင်တော် ဆောင်ယူအံ့သော ခရီးလမ်း တစ်လျှောက်ကို စီရင်ခြင်း၊

၆။ ဆင်တော် ရှေ့သို့ဆောင်ယူမည့် အခမ်းအနားကို စီရင်ခြင်း၊

၇။ ဆင်တော်ကို ဘိသိက်သွန်းတော်မူခြင်းကို စီရင်ခြင်း၊

၈။ ဆင်တော်ကို ဘွဲ့နာမ တပ်တော်မူခြင်းကို စီရင်ခြင်း၊

၉။ ဆင်တော်အား ချီးမြှင့်ရမည်ကို စီရင်ခြင်း၊

၁၀။ ဆင်တော်ကို ခြေတော်တင်ရမည်ကို စီရင်ခြင်း။

ဤသို့ (၁၀)ပါးသော အစီအရင်တို့ကို အခမ်းအနား ကြီးကျယ်စွာ စီရင်၍ သိမ်းတော်မူသင့်ကြောင်းကို တညီတညွတ်တည်း လျှောက်ထားကြလေသည်။

## တွင်းသင်းမင်းကြီး မဟာစည်သူ လျှောက်တင်ချက်

တွင်းသင်းမင်းကြီး မဟာစည်သူက လျှောက်တင်သည်ကား -

"မိုးနတ်သူဇာကဲ့သို့ အလွန်လှပသော သမီးကညာပင် ဖြစ်လင့်ကစား ဘိသိက်သွန်း၍ မိဖုရား တင်မြှောက်မှ မိဖုရားမည်၏။ အဖိုးအနဂ္ဃ ထိုက်တန်သော ပတ္တမြားပင် ဖြစ်လင့်ကစား အရောင်တင်မှ ထိုပတ္တမြားအရောင်သည် တိုက်ခန်းကို လင်းစေနိုင်၏။ ဣဒ္ဓိတန်ခိုး မဟိဒ္ဓိဖြိုးစေတတ်သည့် အင်းအိုင် လက်ဖွဲ့ပင် ဖြစ်လင့်ကစား သိဒ္ဓိမတင်က အာနိသင် အစွမ်းကုန်မပြနိုင်ပေ၊ ထို့အတူ ကြန်အင်ကောင်းလှသည့် ဆဒ္ဒန်ဆင်ဖြူတော် ရတနာစစ်စစ်ပင် ဖြစ်လင့်ကစား သိဒ္ဓိတင်ခြင်းသဘောနှင့်တူသော ဘိသိက်မသွန်းလောင်းက ဆင်ဖြူရတနာကို အကြောင်းပြု၍ မင်းနှင့်တကွ တိုင်းသူပြည်သားတို့ ရရှိနိုင်မည့် ကောင်းကျိုးမင်္ဂလာ အဖြာဖြာမှာ ဖွံ့ဖြိုးသင့်သလောက် မဖွံ့ဖြိုးဘဲ ရှိတတ်ချေသည်၊ ကာဠာဝက၊ ဂင်္ဂေယျနှင့်၊ ပဏ္ဍရ၊ တမ္ဗ၊ ပိင်္ဂလ၊ ဂန္ဓ၊ မင်္ဂလ၊ ဟေမ၊ ဥပေါသထ၊ ဆဒ္ဒန် ဤဆယ်တန်သော ဆင်မျိုးတွင် အမြတ်ဆုံးဖြစ်သော ဆဒ္ဒန်နွယ်ရင်း ဆင်ဖြူမင်းဖြစ်သည့် အထူးဝိသေသရှိသော အစီအရင်ကို ပြုလုပ်ရန်" တင်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## နိဗ္ဗာန်ရွာမှ ဆင်ဖြူတော်

နိဗ္ဗာန်ရွာအနီးမှ ယခုရရှိသော ဆင်ဖြူတော်ကား ဆဒ္ဒန်မျိုး အစစ်ဖြစ်၍ ဟံသာဝတီ ကျေးလက် လှိုင်ဘောလယ် မင်းလှနယ်မှရသော "သီရိမင်္ဂလာ မဟာသုဘဒ္ဒါ" ဘွဲ့ခံသည့် ဥပေါသထဆင်ဖြူတော်မ,ထက် များစွာသာကြောင်းကို ...

"ယခုသော်ကား၊ ဥပေါ်ဖြူဆွ၊ နန်းသူမထက်၊ ဆယ်ဆစွမ်းအန်၊ ဘုန်းကျိုးဖန်သည်၊ ဆဒ္ဒန်တိမ်ညွန့် မိုးဦးတည်း" ဟု ...

မဟာသင်္ချာစည်သူ မဟာသီရိစည်သူ ဥတ္တမသီရိဘွဲ့ရ 'ဝက်မစွတ်နဝဒေး'က ဝိလာသိနီမော်ကွန်း (နိဗ္ဗာန ပစ္စယ နာဂရာဇာ ဆင်တော်မော်ကွန်း)တွင် ဖော်ပြထားသည်။ ယင်း ဆင်ဖြူတော်၏ ကြန်အင် စုံလင် ကောင်းမြတ်ပုံကိုလည်း ထိုမော်ကွန်းတွင်ပင် ဤသို့ ဖော်ပြထားပေသည်။

## မြန်မာ့ယဉ်ကျေးမှု မော်ကွန်းကဗျာ

"ဦးကင်းပန်းကုံး၊ စွယ်ဖုံးလျှနစ်၊ သရစ်စီစီ၊ က,ရေးညီလျက်၊ လှမ်းချီယာပေါက်၊ ရှေ့နောက်ထပ်မျှ၊ သည်မ,သည်ရုံ၊ မင်းစံဂီဝ၊ သန္တာလိုလို၊ နကိုရေသား၊ ပိုင်းခြားပြက်လျှပ်၊ ဆေးဒန်းတပ်သို့၊ ဖိနပ်ဖဝါး၊ ရောင်ပြားမြူးမြူး၊ တန့်လူးလုလင်၊ နေ့နှယ်ထင်၍၊ အပြင်မုနော၊ အပြောပြန့်ပြန့်၊ လင်ပန့်သဏ္ဌာန်၊ လုံးဖန်လည်ရေး၊ အာမေးခံတွင်း၊ စွယ်ရင်းပေါ်ပေါက်၊ စကောက်မုန့်ဖူး၊ ပုံထူးကြန်သေ၊ နီပြေနံယ်နူ၊ ပဒုမာလျှံ ညီးညီးပုံမျှ၊ မြီးဆံဦးနား၊ ဖားဖားပင်ခြည်၊ ထူရှည်ညှံ့သေး၊ ကိုယ်လုံးမွေးလည်း၊ ဖွေးဖွေးဖြူညက်၊ ငွေညက်ကျောထောင်၊ ကုန်းခေါင်ကတင်၊ ပလ္လင်ပေါ်ပွင့်၊ ဖြာဆင့်ပည်းသိမ်၊ ကြော့စိပ်ရေးခြား၊ နည်းလည်ကြိုက်ဖွယ်၊ ဝိုက်သွယ်တင့်ညောင်း၊ နှာမောင်းနှာတံ၊ ပတ်ရံဖြိုးလုံး၊ ပန်းကုံးပုလဲ၊ ရှုံးရဲဖိတ်တောက်၊ ရင်းဖျားလျှောက်၍၊ လင်းပျောက်တစ်ချိန်၊ ပွင့်သေးမှိန်သည်၊ စက်ဗိန္ဒုပန်း၊ ရွှေညှင်းဖျန်းလျက်၊ ပတ်သန်းပြိုးပြောင်၊ လျှပ်ဝါထောင်သည်၊ ပန်းရောင်ရည်ရင့် ရောရီးတည်း"-ဟု ဖွဲ့ဆိုထား၏။

## ဆင်ဖြူတော်ကို သကြန်ခေါ်ခြင်း

ဆင်ဖြူတော်ကို သကြန်ခေါ် ရန် ကြီးကျယ်ခမ်းနားသော အစီအစဉ်ကြီးစီရင်ပြုလုပ်လေသည်။ သကြန်အတွက် တန်ဆောင်း အသွယ်သွယ်၊ ပြာသာဒ်ကြီးငယ် အသီးသီးတို့တွင် ငှက်ပျောပင် ကြံပင်မှစ၍ တံခွန်ကုက္ကား မုလေးဖွားမကျန်

www.burmeseclassic.com

www.burmeseclassic.com



လှပတင့်တယ် ရှုချင်ဖွယ် မငြိမ်းအောင် တန်ဆာဆင်ပြီး ပုဏ္ဏားတော်တို့နှင့် တိုင်ပင်ကာ စီစဉ်ကြရ၏။ သဲမြေ့ရာပေါ် ကော်ဇောများ အပြည့်ခင်းခြင်း၊ ဝင်းကိုးတပ်ခင်းကျင်းခြင်း၊ နတ်အပေါင်းအား ပုဏ္ဏားတော်များက ပူဇော်ပသခြင်းများကို ပြုလုပ်ပြီးနောက် ဆင်မင်းအား သကြာန်တန်ဆောင်းသို့ယူဆောင်လာရာ ရှေ့ခြောက်တပ် နောက်ခြောက်တပ် ဝင်းခင်း၍ အမျိုးလေးပါးနှင့်တကွ အဆောင်အယောင်များ မင်းခမ်းမင်းနားဖြင့် လိုက်ပါကြရပါသည်။

## သားတော်မင်းသားများ

အခါတော် ကြားသောအခါ သားတော် ပြည်မင်း သီရိဓမ္မရာဇာ၊ သားတော် တောင်ငူမင်း-သတိုးဓမ္မရာဇာ၊ သားတော် ပုဂံမင်း-သတိုးမင်းဖျား၊ သားတော် ပုခန်းမင်း-သတိုးမင်းရဲကျော်ခေါင်တို့က သက္ကရာဇ် ၁၁၆၈ ခု၊ တပို့တွဲလပြည့်ကျော် ၁၃-ရက်တွင် ဆဒ္ဒန်ဆင်ဖြူတော်၏ ဦးခေါင်းကို တရော်ကင်ပွန်းတို့ဖြင့် ဆေး၍ ပရိတ်ရေ သွန်းလောင်းရသည်။ ရောဝတီမြစ်သို့ သက်စေလျက် ရေချိုးပြီးလျှင် သားတော် သန်လျင်မင်းသား၊ သားတော်ကနောင်မင်းသား၊ သားတော် သီပေါမင်းသား၊ သားတော် ကလေးမင်းသား၊ သားတော် (၄)ပါးတို့က ပရိတ်ရေ အမွှေးနံ့သာရေတို့ဖြင့် သွန်းလောင်းလေသည်။

ထို့နောက် တန်ဆာဆင်သော ပြာသာဒ်သို့ ခေါ်ဆောင်၍ အဖိုးထိုက်သော ရတနာအပြည့်ဖြင့် ပြီးသော ဦးကင်းဖုံးနှင့် အခြားအဖိုးများစွာ ထိုက်၍ ရတနာဖြင့် ပြီးသော အဆင်တန်ဆာများကို ဆင်ဖြူတော်အား ဆင်ယင် ပေးလေသည်။ သကြာန်ခေါင်းဆေးရန် လာခဲ့သော အစီအစဉ်အတိုင်းပင် ဆင်မင်းနန်းသို့ ပြန်လည်ခေါ်ဆောင်ပြီး ပွဲကြီးခံလေသည်။ ဘုရားရဟန္တာများ ပူဇော်ခြင်း၊ နတ်များကို ပသခြင်းတို့ကို ပြုလုပ်၍ နောက်နေ့တွင် မင်းတရားမှ စ၍ အမျိုးလေးပါးတို့က လက်ဖွဲ့မင်္ဂလာ ကျင်းပရန် လက်ဖွဲ့ပွဲများကို ပြင်ဆင်လျက် မဏ္ဍပ်များတွင် အသီးသီး ဂနရာယူရသည်၊ ဆဒ္ဒန်ဆင်ဖြူတော်ကို ဘိသိက်သွန်းလောင်းရန် ဆင်မင်းနန်းမှ ခေါ်ဆောင်၍ ရွှေတိုင်ပလ္လင်ထက်မှာ ထားပြီး လက်ဖွဲ့ထမင်းကို ဆင်ပေါက်ဝန်-နေမျိုးစည်သူက မင်္ဂလာစကား ၇-ကြိမ်ဆို၍ ၇-ခါ ဆဒ္ဒန်ဆင်မင်းအား ထမင်းခွံ့ရသည်။ အောက်မားဝန် နေမျိုး ရွှေတောင်စည်သူကလည်း ထမင်းခွံ့ရသည်။ ထို့နောက် ဆဒ္ဒန်ဆင်မင်းအား ရွှေကျောက်မျက်ရွဲတို့ဖြင့် အပြည့်ပြီးသော ဆင်တန်ဆာ

www.burmeseclassic.com

www.burmeseclassic.com



အမျိုးမျိုးတို့ကို ဆင်ယင်စေလျက် အလွန်ကြီးကျယ်သော မင်းခမ်းမင်းနား အဆောင် အယောင်များ ရှေ့နောက်ခြံရံကာ သားတော်အိမ်ရှေ့မင်း၊ မြေးတော် စစ်ကိုင်းမင်း မှစ၍ သားတော်၊ မြေးတော်၊ ဆွေတော် မျိုးတော် မှူးမတ်သေနာပတိတို့ပါမကျန် အမျိုးလေးပါးနှင့်တကွ အစီအစဉ်အတိုင်း လိုက်ပါလျက် ရတနာရွှေတိုင်ပလ္လင်မှ ရွှေနန်းတော်ကို လက်ယာရစ်လှည့်ကာ မြောက် စမုတ်တော်ပြာသာဒ်သို့ ဆင်တော်အား ခေါ် ဆောင်ချီတက်လာကြသည်။

## ဆင်ဖြူတော်ကို မင်းတရားကြီး ဘိသိက်သွန်းခြင်း

အခါတော်ရောက်ကြောင်း မဟာသက်တော်ရှည် မင်းကြီးက လျှောက်တင်သောအခါ မင်းတရားကြီးလည်း အဖိုးမဖြတ်နိုင်သော မကိုဋ်ဒုယင် ရတနာတန်ဆာ တော်ကို ဆင်ယင်လျက် သိကြားမင်း၊ မန္ဓာတ်မင်းတို့၏ ကျက်သရေကိုဆောင်ကာ အနန္တငါးပါးနှင့် သမ္မာဒေဝနတ်တို့ကို ပူဇော်လေသည်၊ ထိုနောက် ရွှေတိုက်စိုး သီရိ ဇေယျစည်သူဆင်သော ရွှေကရားကို ကိုင်ကာ-

"ဆဒ္ဒန်ဆင်ဖြူတော်ကို သိမ်းယူသောနေ့မှစ၍ သက်တော်ရာကျော် ရှည်တော်မူလျက် သားတော်အစဉ် မြေးတော်အဆက် မြစ်တော်အညွန့် အဝွန့် ရှည်စွာ အနွယ်တော်မပျက် သာသနာတော်၏ အစီးအပွား တိုင်းသူပြည်သား သတ္တဝါများ၏ အစီးအပွားကို ဆောင်ရွက်နိုင်သည် ဖြစ်စေသော" ဟု ဆင်ဖြူများ သခင် ဘဝရှင်မင်းတရားကြီးကိုယ်တော်တိုင် ရွှေနှုတ်တော်က ဘိသိက်မင်္ဂလာ စကားကို သွန်းလောင်းတော်မူပြီးလျှင် လက်ယာခြေတော်ကို ၇-ကြိမ် တင်တော် မူသည်။ ထိုနောက် ဘိသိက်ပုဏ္ဏားတော် ၈-ယောက်ကလည်း မင်္ဂလာစကားကို ၃-ကြိမ်ဆို၍ ဘိသိက်တော်ဆက်ရသည်။ ထို့နောက် ဝန်ကြီးနေမျိုးသီဟသူ၊ ထိုနောက် အတွင်းဝန်မင်းကြီး သက်တော်ရှည်၊ ထိုနောက် မဟာမင်းလှ၊ ထိုနောက် မဟာဒါန် တိုက်ဝန် နေမျိုးဇေယျကျော်ထင်၊ ထို့နောက် မှူးမတ် သူဌေးသူကြွယ်များနှင့် ကတော် များက တစ်ပြိုင်တည်း မင်္ဂလာ ကောင်းချီးစကားကို လျှောက်တင်ကြရသည်။

ထိုနောက် အရပ်ရပ် လက်ဆောင်စာရင်းကို မြန်မာသံတော်ကို စိန္တ ကျော်သူက လျှောက်တင်ရသည်။ ထိုနောက် မင်္ဂလာရတုကို စစ်ကိုင်းမင်း နာခံ ကျော်စွာ ရန္တမိတ်က ဖတ်ဆိုလျှောက်ရသည်။ ထိုနောက် မင်းတရားကြီးက

www.burmeseclassic.com

www.burmeseclassic.com



တံဆိပ်နာမံ ကျောက်စီရွှေဘွဲ့နှင့်တကွ မင်းမြောက်တန်ဆာငါးပါး၊ မင်းခမ်းမင်းနား အစုံကို အပ်နှင်းသည့်အမိန့်နှင့် သာသနာတော်မြတ်၏စီးပွား၊ ပြည်သူပြည်သား ရှင်လူများ၏ စီးပွား တိုးတက်ရန် ပြည်ထဲလေးမျက်နှာ ဝပြောသာယာစေရန် ကြည့်ရှု ရမည်ဟု ပါရှိသည့်အမိန့်ကို နာခံတော်ပြော့ကြီးမှုး ရာဇာနော်ရထာ ပြန်လေသည်။ ထိုနောက် 'နိဗ္ဗာန ပစ္စယ နာဂရာဇာ' ဟူသော ဘွဲ့တော်ကို ကွမ်းခွက်မှာထည့်၍ ဆင်တော်၏ လက်ယာဘက်က ဒူးတုပ်ကာ ဖတ်ကြားပြီး ဘွဲ့တပ်ရသည်။ ထို့နောက် လက်ဖွဲ့တော်စာ လျှောက်ရသည်။

## လက်ဖွဲ့တော်ပစ္စည်းများ

မင်းတရားကြီးဖွဲ့သော လက်ဖွဲ့ပစ္စည်း တန်ဖိုးမှာပင် ၁၆၆၂၂၀၀ (အခြား လက်ဖွဲ့၏တန်ဖိုး မပါသေးပေ) ဖြစ်ကြောင်း နဝဒေးက ဝိလာသိနီ မော်ကွန်းမှာ ဖွဲ့ဆိုထား၏။ ကံကွေးမြို့များအဖြစ် စလင်း၊ ဘောင်းလင်း (ဘောင်းလင်းမှာ စလင်းမြို့ အနီးတွင်ရှိသည်။) တို့ကို ပေးတော်မူ၏။ ဆဒ္ဒန်ဆင်မင်းအတွက် ဆင်မင်းဝန်၊ ဆင်မင်းဝန်ထောက်၊ ဆင်မင်းစာရေးကြီး၊ ဆင်မင်းနာခံများကို ခန့်ထားတော်မူသည်။ ဆဒ္ဒန်ဆင်မင်းကို ပထမတွေ့မြင်သူများဖြစ်ကြသော ငပန်းဦးကို ဗျတ္တသိရိဘွဲ့၊ ငတော်ကို ဗျတ္တသူရိန်ဘွဲ့၊ ငကနီကို ဗျတ္တဇေယျဘွဲ့၊ ငမောင်ကို ဗျတ္တဇေတဘွဲ့နှင့်တကွ ဆုတော် လာဘ်တော် အမြောက်အမြား ပေးသနားတော်မူသည်မှာ -

"ကျွန်ခြွေဘဏ္ဍာ၊ သိန်းသပြာလည်း၊ ထုပ်ဝါအိမ်မိုး၊ တင်းကျမ်းဖြိုးသည်၊ မှုမျိုးလွတ်စေ ငြိမ်းချမ်းတည်း"

ဟု နဝဒေးက ဖွဲ့ဆိုသဖြင့် ဘဝတစ်သက်တာတွင် ဖူလုံသည်ထက်ပင် ပိုချေ၏။ ဆင်ဖြူတော်၏ ကျေးဇူးပေတည်း။

## ဆင်မင်း၏ သဘာဝနှင့် အစားအသောက်

ဆဒ္ဒန်ဆင်မင်းကား လ,သားအရွယ်သာဖြစ်သောကြောင့် လူနို့ထိန်းများ ထားကာ နို့တိုက်၍ မွေးရ၏။ နို့ထိန်း (၁၆)ဦးမှာ နေ့ညဉ့်အလှည့်ကျ နို့တိုက် ကြရ၏။ လူနို့စို့သောအခါ နှာမောင်းကလေးကို ဦးခေါင်းပေါ် တင်လျက် နို့စို့၏။ ငယ်စဉ်ကပင် လူနှင့်နီးကပ် ရင်းနှီးစွာ ကြီးပြင်းလာသော ဆင်မင်းသည် လူ့စကားကို

www.burmeseclassic.com

www.burmeseclassic.com



ကောင်းစွာနားလည်၍ သူ၏ လိုအင်ဆန္ဒတို့ကိုလည်း လူတို့နားလည်အောင် နှုတ်က မပြောတတ်စေကာမူ ဟန်အမူအရာဖြင့် ညွှန်ပြနိုင်လေသည်။

ထိုကဲ့သို့ လူ့နည်းဖြင့် တိုက်ကျွေးမွေးမြူပြီးနောက် ကြီးပြင်းလာသောအခါ တွင်လည်း သာမန်ဆင်များကဲ့သို့ မိမိဘာသာ စားသောက်ခြင်းမပြုဘဲ လူတို့က ပြုပြင် ယုယကျွေးမွေးသည့် ငှက်ပျောသီး၊ အုန်းသီး၊ ကြံပင်၊ မြက်နု၊ မျှစ်နုကလေးများ ကိုသာ စားလေသည်။ ကြံများကို အခွံခွာ၍ အဆစ်များကို ဖြတ်တောက်ပယ်ရှားပြီး ရွှေအင်တုံတွင်ထည့်၍ ပေးမှ စားသည်၊ ဆင်များ စားသော အစာများသာမက ထမင်းဟင်း၊ မုန့်မျိုးစုံ၊ ကွမ်းယာ လက်ဖက်များကိုလည်း စားတတ်လေသည်။ ကွမ်းများကို လူတို့ စားသကဲ့သို့ ကွမ်း ထုံး ကွမ်းသီး ဆေး စမုန်စပါး ရှားစေးမကျန် ကောင်းမွန်စွာ ကွမ်းယာများ ယာ၍ ရွှေကွမ်းခွက်တွင် ထည့်၍ကျွေးရသည်၊ အဖျော် ယမကာများကိုလည်း သောက်တတ်သည်။ စားသောက်ဖွယ်တို့ကို ကျွေးသောအခါ ၌လည်း စည်းကမ်းစနစ်ကျကျ သူ့ခွက်နှင့်သူကျွေးမှ စားသောက်သည်၊ မှားယွင်းသော ခွက်နှင့် ကျွေးမိလျှင် ၎င်းအမှုထမ်းအား နှာမောင်းဖြင့် ပုတ်ခတ်ရိုက်နှက်ကာ ထည့်သည့်ရွှေခွက်ကိုပါ မှောက်ပစ်တတ်သည်၊ လူတို့၏ အရိပ်အကဲကိုလည်း အလွန် သိတတ်၏။ ကျင်ကြီး ကျင်ငယ်တို့ကိုလည်း ငွေအင်တုံအတွင်း၌သာ သန့်ရှင်းစွာ စွန့်လေသည်။ ဆင်မင်းအနီးသို့ သွားရောက်ကြည့်ရှုလျှင် ဣန္ဒြေသိက္ခာဖြင့် ကြည့်ရှု ရသည်၊ ဣန္ဒြေမဲ့ ပြုကျင့်မှုကို မကြိုက်ပေ။

လပြည့်လကွယ် သီတင်းနေ့တို့တွင် ဘုရားပုထိုးများသို့ အဖူးအမြော်ထွက်ခြင်း၊ ရဟန်းသံဃာတော်တို့အား လူမင်းတို့ကဲ့သို့ပင် ဝါဝင်၊ ဝါထွက် နှစ်ကူး အခါတို့တွင် သက်န်းပရိက္ခရာ၊ ဆွမ်းဘောဇဉ်တို့ကို ကပ်လှူခြင်း၊ ပရိတ်တရားနာခြင်း၊ ရွှေကရားဖြင့် ရေစက်သွန်းခြင်းများကို ပြုလုပ်၍ ဝါတွင်း သီတင်းနေ့များတွင်လည်း လူတို့ ဥပုသ် သီတင်း ဆောက်တည်သကဲ့သို့ မွန်းလွဲအခါတွင် ရေမှတစ်ပါး အစားအစာတို့ကို မစားမသောက်ဘဲ နေလေသည်။ ဆင်မင်းအထံတွင် ရဟန်းသံဃာတော်များက သီလပေးခြင်း ပရိတ်ရွတ်ခြင်းများ ပြုသောအခါ နှာမောင်းကို ဦးခေါင်းထက်တွင် တင်ကာ ရှိခိုးနာယူလေ့ရှိသည်။ ဝါဝင် ဝါထွက် အခါကြီး ရက်ကြီးများတွင်လည်း ဆင်မင်း၏ ခြွေရံမှုထမ်းတို့က ဆင်မင်းအား လူမင်းတို့ကို ပူဇော်သကဲ့သို့ ကန်တော့ ပူဇော်ကြရသည်၊ ဆင်မင်းကလည်း ပြန်၍ ဆင်မင်းဝန်၊ ဆင်မင်းဝန်ထောက်မှစ၍ အမှုထမ်းအရာထမ်းအားလုံးတို့ကို ဆုလာဘ်များ ပေးကမ်းချီးမြှင့်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆုလာဘ်များပေးရန် အဝတ်အထည် ရွှေငွေစသည်တို့ကို ခင်းကျင်းထားပေးပြီးသောအခါ ဆင်မင်းကြီး၏ ဆန္ဒအတိုင်း သူပေးလိုသော အမှုထမ်းအား သင့်တော်သည့်ဆုကို သူ့ဘာသာသူ ရွေးချယ်ယူငင်ပြီး ပေးလေသည်။ ဆုတော်ချီးမြှင့်သင့်သူတို့ကို သင့်လျော်အောင် ထိုက်တန်ရာကို ရွေးချယ်ပေးတတ်လေသည်။

## ဆင်မင်းကောင်းမှု အုတ်တံတား

မဟာမြတ်မုနိ ဘုရားကြီးကိုလည်း မုခ်မှနေ၍ မကြာခဏ ဖူးမြော်လေသည်။ ပုဂံမင်း လက်ထက်တော်တွင် မန္တလေးမြို့ အိမ်တော်ရာဘုရား အရှေ့မုခ်မှာ ဆင်မင်းငွေနှင့် အုတ်တံတား ခင်းခိုင်းသောကြောင့် တံတားခင်းရသည်။ ယခုတိုင် ဆင်မင်းတံတားဟု တွင်လျက်ရှိသည်။ ဆင်မင်းကြီးမှာ သိန်းပေါင်းများစွာ ကြွယ်ဝချမ်းသာ၍ ဘုရားတန်ဆောင်းကျောင်းကန်ဇရပ်မှစ၍ ကုသိုလ်အများ ဆောက်လုပ်လှူဒါန်းလေသည်၊ ဆင်မင်းကြီး သိနားလည်မှုတို့မှာ အံ့ဖွယ်မဆုံးရှိချေသည်။

## ဆင်မင်းငွေနှင့် စစ်လျော်ကြေး

ဘကြီးတော်ဘုရား လက်ထက် ပထမ အင်္ဂလိပ်မြန်မာစစ်ပွဲတွင် မြန်မာတို့အရေးနိမ့်၍ ၁၈၁၇-ခုနှစ် ရန်တပိုစာချုပ်အရ စစ်လျော်ကြေး ကျပ်သုံး ဒင်္ဂါးပြားရေတစ်ကုဋေ ပေးရမည်ဖြစ်ရာ မလုံလောက်သည့်အတွက် ဆင်မင်းထံသို့အကျိုးအကြောင်းပြောစေ၍ ဘုရင်မင်းမြတ်က ချေးငှားစေရသည်။ ဆင်မင်းကြီးထံမှ ရွှေတုံး၊ ငွေတုံးအမြောက်အမြား ချေးယူ၍ ပေးဆပ်ရလေသည်၊ ဆင်မင်း သဘောတူသည့်အထိမ်းအမှတ်အမှုအရာအနေနှင့် ခေါင်းညိတ်ကာပြသော ရွှေငွေတို့ကိုသာ ယူခွင့်ရလေသည်။

## ကြိုတင်၍ သိနိုင်သောဆင်မင်း

နိုင်ငံတော်အတွင်း၌ မိုးလေကျမည်၊ လျှော်လှုပ်မည်တို့ကိုလည်း ဆင်မင်းကြီး ကြိုတင်သိတတ်လေသည်။ ဘကြီးတော်ဘုရား လက်ထက်တော်တွင် တစ်နေ့သောအခါ ဆင်မင်းကြီး အိပ်နေကျဖြစ်သည့် အုတ်နန်းတွင်းသို့ ဆင်မင်းမဝင်ဘဲ ငြင်းဆန်နေသည်ကို ဆင်မင်းဝန်၊ ဆင်မင်းဝန်ထောက်တို့က အတင်း သွင်းလေလျှင် အသံကုန်ဟစ်လေသည်ကို ဘုရင်မင်းမြတ် ကြား၍ မေးမြန်းလေသော် အကြောင်းစုံကို

www.burmeseclassic.com

www.burmeseclassic.com



လျှောက်တင်လျှင် "ဆင်မင်းကြီး နေလိုရာ နေစေ" ဟု အမိန့်တော်မှတ်သဖြင့် ဆင်မင်းကြီးသည် ထူးကို ဖြုတ်ခိုင်းပြီးလျှင် ကွင်းပြင်၌သာ အိပ်လေသည်။ အုတ်နန်းတွင်းသို့ ဝင်သမျှသော ဆင်ထိန်း အမှုထမ်းတို့ကိုမြင်လျှင် 'သျှောင်'ကို ဆွဲ၍ အတင်းထုတ်လေသည်။ လူအချို့တို့လည်း ဆင်မင်း၏အပြုအမူတို့ကို နားမလည်သောကြောင့်ညဥ့်အခါ ဆင်မင်း မသိအောင် အုတ်နန်းတွင်းသို့ တိတ်တဆိတ် ဝင်၍ အိပ်ကြလေသည်။ ညဥ့် သန်းခေါင်ကျော် အချိန်ခန့်တွင် မြန်မာတစ်နိုင်ငံလုံးတွင် လျှော်ကြီးစွာလှုပ်၍ ဘုရားပုထိုးများစွာ ပြိုကျလေသည်။ ဆင်မင်း၏ အုတ်နန်းပြာသာဒ်တော်လည်း ပြားပြားဝပ် ပြိုကျလေရာ တိတ်တဆိတ် ဝင်အိပ်ကြသော သူတို့လည်း မရှုမလှ သေဆုံးကုန်ကြလေသည်။

## ဆင်မင်းကြီး တောသို့ဝင်ခြင်း

နန်းမတော် မယ်နု၏မောင် စလင်းစားမောင်အို၏ ကုန်းချောမှုကြောင့် ဘကြီးတော်ဘုရားနှင့် ညီတော် သာယာဝတီမင်း (ရွှေဘိုမင်း) တို့ စိတ်ဝမ်းကွဲသဖြင့် ရွှေဘိုမင်းသည် အဝမြို့တော်မှ ထွက်ခွာ၍ ညီတော်နောင်တော် စစ်ပြိုင်အဲ့ဖြစ်နေသည့် အချိန်အခါတွင် ဆင်မင်းကြီးလည်း စိတ်အလိုမကျဖြစ်ကာ တောတွင်းဝင်သွားလေသည်။ ဆင်ဝန်ထိန်းတို့သည် ဆင်မင်းအား မြင်တွေ့ရသော်လည်း ဆင်မင်းက အချဉ်းအကပ် အဖမ်းမခံချေ။

စားသောက်ရန် အစားအစာတို့ကို ကွေးနေကျအတိုင်းပင် ပြင်ဆင်၍ တောစပ်တွင် ထားရသည်။ ညဥ့်အခါ၌သာ လာရောက်စားသောက်လေ့ရှိသည်။ အဖမ်းကား မခံချေ၊ 'စလင်းမင်းသား မောင်အိုနှင့် နန်းမတော်မယ်နုတို့၏ အကြံအစည်ကို မနှစ်မြို့သောကြောင့် ဆင်မင်းတောဝင်သွားသည်' ဟုပင် တီးတိုးစကား ပြောစမှတ်ပြုကြလေသည်။ ဆင်မင်းကြီး၏ တတ်သိလိမ္မာပုံတို့ကား အံ့မခန်း ဖြစ်တော့သည်။

ညီတော်နောင်တော် ကျေအေး၍ ရွှေဘိုမင်း နန်းတက်ပြီးမှ အသာတကြည် ပြန်၍ အဖမ်းခံလေသည်။ ရှေးဦးစွာ ရွှေဘိုမင်း ယာယီစံမြန်းသော စစ်ကိုင်း စံနန်းတော်အနီးရှိ ဆင်မင်းနန်းသို့ ၁၁၉၉-ခုနှစ်တွင် ဆင်မင်းကို ထားစေပြီးနောက် ထွက်စံတော်မူရာဖြစ်သည့် ကျောက်မြောင်းသို့ ရွှေဖောင်တော်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ပို့ရ၏။ ဘိုးတော်မင်းတြားကြီးမှစ၍ ဘကြီးတော်၊ ရွှေဘိုမင်း၊ ပုဂံမင်း၊ မင်းတုန်းမင်းတြားကြီးလက်ထက်တော်အထိ မင်း ၅ ဆက်တိုင်တိုင် ဆင်မင်းကြီးအဖြစ်ဖြင့် နှစ်ပေါင်းငါးဆယ့်တစ်(၅၁)နှစ်တာမျှ ဆင်မင်း၏စည်းစိမ်ကို ခံစံသည့် ဆဒ္ဒန်ဆင်မင်းကားမည်သည့် ဆင်ဖြူတော်နှင့်မျှမတူ၊ အလွန် ထူးခြားလှပေ၏။

## ဆင်ဖြူတော် ကံကုန်ခြင်း

နေပြည်တော်များ ပြောင်းရွှေ့တိုင်း ဆင်မင်းကြီးလည်း ဘုရင်တို့နှင့်အတူ လိုက်ပါ ပြောင်းရွှေ့ရသည်။ ရွှေဘိုမင်းလည်း ဘိုးတော် နောင်တော်တို့နည်းတူ ဆင်မင်းအတွက် လယ်ကိုင်းမြို့ကို အသုံးကံကျွေး ခံပေးတော်မူသည်။ တစ်ထောင့်နှစ်ရာ့တစ်ဆယ့်ကိုး (၁၂၁၉)ခုနှစ်၊ နယုန်လဆန်း ၁၄-ရက်၊ သောကြာနေ့သို့အဝင် ည၌ သုံးချက်တီးကျော် အချိန်တွင် 'နိဗ္ဗာနပစ္စယ နာဂရာဇာ' ဆင်မင်းသည် ကံကုန် (ကွယ်လွန်) လေသည်။

ယင်းသို့ ကံကုန်သည်ကို မင်းတုန်းမင်းတြားကြီးက ဘေးလောင်းတော် ဘိုးတော်ဘုရားလက်ထက် မင်းကွန်း အလယ်ကျွန်း စံနန်းတော်တွင် ကံကုန်သည့် 'သီရိမင်္ဂလာမဟာသုဘဒ္ဒါ' ဆင်ဖြူတော်မ ကံကုန်ရာတွင် သင်္ဂြိုဟ်သည့် အခမ်းအနားနှင့် အလားတူ လုပ်ဆောင်စေရန် အမိန့်တော်ရှိသည်နှင့်အညီ ဆင်မင်း၏ အလောင်းတော်ကို 'စွပ်ဖား'ပေါ်တွင် တင်ဆောင်ကာ ထီးဖြူအုပ်မိုးလျက် ဘိုးတော်ဘုရားမှစ မင်းငါးဆက်က သနားချီးမြှောက်သည့် ရွှေငွေ ကျောက်သံပတ္တမြားတို့ဖြင့် ပြီးသော အဖိုးထိုက်တန်လှသည့် တန်ဆာ အဆောင် အယောင်များမှစ၍ ထီးဖြူ ယပ်မား၊ မင်းခမ်းမင်းနား၊ ရွှေချည်ငွေချည် စသော အဆောင်အယောင်များကို ဆင်မင်းအလောင်း၏ ဝဲယာတွင် ခင်းကျင်းစေပြီးလျှင် တိုင်းသူပြည်သားတို့ကို ၃ ရက် ရွှေနန်းတော်အတွင်း ဝင်ထွက်ကြည့်ရှုစေသည်။ ၎င်းလပြည့်ကျော် ၂ ရက်နေ့ ဆင်မင်းနန်းမှ ရွှေနန်းတော် မြောက်ဘက်သို့ မင်းခမ်းမင်းနားနှင့် ဆောင်ယူ၍ အနောက်တံခါးမှ ထွက်ပြီးလျှင် အာဠဝီလမ်းအဆင်း ရေဖြန်းဆိပ်ကုန်းတွင် မီးသင်္ဂြိုဟ်စေသည်။

## နိမိတ်ထူးများပြခြင်း

ဆင်မင်း ကံကုန်သည့်နံနက် နေထွက်ချိန်တွင် တောင်အရပ်မှ ငှက်အကြီးစား ၅၀ ခန့်တို့သည် အုပ်လိုက်မျှလာပြီး ဆင်မင်းကြီး၏ အလောင်းတော် အထက်

www.burmeseclassic.com

www.burmeseclassic.com



တည့်တည့်တွင် တစ်နာရီခန့် ပျံဝဲနေပြီးမှ မြောက်အရပ်သို့ ပျံသွားကြလေသည်။ ထိုကဲ့သို့ လူတို့မမြင်ဖူးသည့် ငှက်ပေါင်းစုံနှင့်တကွ တောနက်ရာတွင်သာ နေလေ့ရှိသော ဥဒေါင်း၊ ကြိုးကြာ၊ ကျေးငှက်တစ်အုပ်၊ တစ်သုတ်ပြီး တစ်သုတ် ပျံဝဲလာကြ၍ ဆင်မင်း၏ အလောင်းတော်ပေါ်သို့ ၃-ရက်တိုင်တိုင် အလှည့်မပြတ် ငှက်ကြီးနည်းတူ တောင်မှလာ၍ မြောက်သို့ပျံကာ ပူဇော်ကြလေ၏။

## အစဉ့် ဥဒါန်းမော်ကွန်းဖြစ်စေခြင်း

ဆင်မင်း အလောင်းတော်ကို ၃ ရက်စေ့သောအခါ အစဉ်အတိုင်း သင်္ဂြိုဟ်ရန် ဆောင်ယူလျက် မီးမရှို့မီ အစွယ်တော်အစုံကို ဖြတ်ယူပြီး နန်းဦး၌ ထားလေသည်။ ဆင်မင်း၏ ယာဘက်အစွယ်ရင်းတွင် ဒေါင်းတံဆိပ်ကဲ့သို့ ဒေါင်းအသွင် အထင်အရှား ပါလေသည်။ ဆင်မင်း၏ အလောင်းတော်ကို မီးသင်္ဂြိုဟ်၍ အရိုးတို့ကို အိုးတွင်ထည့်လျက် မဟာဝိဇယရံသီ ဘုရားတံတိုင်းအတွင်း မြှုပ်နှံပြီးမှ အထက်က အုတ်ခုံပလ္လင် တည်၍ အစဉ်ဥဒါန်းမော်ကွန်းဖြစ်စေခြင်းငှာ ဆဒ္ဒန်ဆင်မင်းပုံတူ ဆင်ရုပ်လုပ်၍ တန်ဆောင်းပြာသာဒ်ဆောက်သွပ်ကာ 'နိဗ္ဗာန ပစ္စယ နာဂရာဇာ ဆဒ္ဒန်ဆင်မင်း' ဟူသော ဆင်မင်း၏ ဘွဲ့ကို ရေးသားထားလေသည်။

## အများပြည်သူတို့ နှမြောတသခြင်း

ဆင်မင်းကြီး၏ အကြောင်းအရာတို့ကား အံ့ဩမကုန်နိုင်အောင် ထူးကဲလှသဖြင့် ရဟန်းပညာရှိ လူပညာရှိ ပုဂ္ဂိုလ်တို့က ဆင်မင်းကြီးသည် အလောင်းအလျာ တစ်ပါးအပါအဝင် ဖြစ်ပေမည်ဟု ယူဆကြလေသည်။ ဘုရင်မင်းတရားကြီးမှစ၍ မင်းမိဖုရား သားတော် သမီးတော်၊ ဆွေမျိုးတော်အပေါင်းနှင့်တကွ ရဟန်းရှင်လူ ပြည်သူတို့ပါမကျန် ဆင်မင်းကြီး ကွယ်လွန်သဖြင့် လွန်စွာ နှမြောတသ ကြေကွဲဝမ်းနည်းကြလေသည်။

(လက်ဝဲမင်းညို၏ 'ထူးစွင်းဆက်မင်း' စာတမ်းမှ ထုတ်နုတ်ချက်။ အယူတော်မင်္ဂလာ ကျောက်ထုံး၊ ကုန်းဘောင်ဆက် မဟာရာဇဝင်ဖတ်ကြီး ဒုတိယတွဲ ၁၃၅ နှင့် ရှင်နာဂသိန်၏ ပုံပြဆေးအဘိဓာန် ဆဌမတွဲ ပထမပိုင်းတို့၌လည်း ကြည့်ပါ။)

## ယနေ့တိုင် ထူးခြားလျက်ရှိသော နိဗ္ဗာန်ရွာ

ဆင်ဖြူတော်ရရှိခဲ့ရာ နိဗ္ဗာန်ရွာပတ်ဝန်းကျင်၌ ယခုတိုင် ဆင်ဖြူတော်ကို သတိတရရှိနေကြကာ ထိုဒေသ၏ ထူးခြားချက်များ 'ကုန်းဘောင် ရှာပုံတော်'

www.burmeseclassic.com

www.burmeseclassic.com



စာအုပ်၌ အောက်ပါအတိုင်း ရေးသားထားသည်ကိုလည်း ဖတ်ရှုရသည်။

"မြန်မာသမိုင်းတလျှောက်တွင် ဤဆင်ဖြူတော်သည် အခမ်းနားဆုံး အကြီး ကျယ်ဆုံးသော ပူဇော်ပြုစုမှုများ ခံယူခဲ့ရ၏။ သူရရှိသော လက်ဖွဲ့တို့မှာ လူပုဂ္ဂိုလ် မင်္ဂလာပွဲ၌ လည်းကောင်း၊ ဘုရင်တို့၏ ဘိသိက်ပွဲ၌လည်းကောင်း ဤမျှ များပြားစွာ ထည်ဝါသောလက်ဖွဲ့များ ဘယ်သောအခါမျှ ရရှိဖူးဖွယ် မရှိချေ။ သူ့အတွက် ဖလားတစ်လုံး လက်ဖွဲ့လျှင် ဆင်ဖြစ်၍ စဉ့်အိုးတမျှသော ဖလားသာလျှင် စပယ်ရှယ် ထုလုပ် ပေးကြရသည်။

ဝါဆိုပွဲတော်ရက်အတွင်း ရေကြောင်းမှ လှေလောင်းနှင့် ကျွန်တော် ရောက်ခဲ့သော နိဗ္ဗာန်ရွာတွင် ရဟန်းရှင်လူတို့က ယခုတိုင် ဆင်ဖြူတော်ကို မမေ့ မလျော့ ဂုဏ်ယူလျက်ရှိကြသည်ကို တွေ့ရ၍ ဝမ်းမြောက်မိ၏။ ဘုန်းကြီးကျောင်း နှစ်ကျောင်းရှိရာ မြောက်ကျောင်း၌ ဆင်ဖြူတော်အကြောင်း စာအုပ်များရှိ၍ တောင်ကျောင်းတွင်ကား ဆင်ဖြူတော်ရုပ်ကြီး ရှိသည်။ ဆင်ဖြူတော်သည် နေပြည်တော်သို့ မကြွမီ နိဗ္ဗာန်ရွာ၌ ဤဆင်ရုပ်နေရာတွင်ပင် ရပ်နားခဲ့၏။

ဆင်ဖြူတော်ကလေးကို ဆင်မည်းတစ်ထောင် ခြံရံကာ တွေ့ရချိန်က ဖမ်းမည့်သူများ မသိမြင်စေရန် ဆင်ဖြူတော်အား ဆင်မည်းတို့က ရွှံ့များဖြင့် လိမ်းသုတ် ပေးကြသည်ဆို၏။ ဆင်တို့၏လိမ္မာမှုမှာ အံ့ဖွယ်ပေတကား။

ထူးခြားချက်တစ်ခုမှာ တစ်ချိန်က သက္ကလမြို့သို့ ရှင်လောင်းလှည့်ရန် အတွက် ရပ်ဝေးက ငှားခဲ့သော ဆင်မည်းတစ်ကောင်မှာ နိဗ္ဗာန်ရွာအနီး ရောက် သောအခါ ဆင်ဖြူတော်ရုပ်ရှိရာသို့ ပြေးသွား အလေးပြုပြီးမှ ခရီးဆက်သည် ဆို၏။ ဤကား သက္ကလမြို့ ဦးမောင်မောင်ခိုင်၏ ကိုယ်တွေ့ ပြောပြချက်တည်း။

ထို နိဗ္ဗာန ပစ္စယ ဆင်ဖြူတော်၏ အစွယ်များကို အနောက်နိုင်ငံ နယ်ချဲ့ များလက်သို့ ပါသွားခဲ့ရာမှ ယခုအခါ ရန်ကုန် တိရစ္ဆာန်ဥယျာဉ်အတွင်းရှိ သဘာဝ သမိုင်းပြတိုက်၌ တွေ့ရှိနိုင်သည်။ ဆင်ဖြူတော်ကို အကြောင်းပြု၍ နိဗ္ဗာန်ရွာလည်း မြန်မာပြည်၌ ကျော်ကြားခဲ့ရာ မြန်မာမင်းလက်ထက်က ရရှိခဲ့သော အခွင့်ထူးကား ဘုရင်၏အမိန့်အရ မြောက်ကျောင်းတော်ကြီးနှင့် သိမ်တော်ကြီး ဆောက်လုပ်ရန် ကျွန်းသစ်ကောင်းများ သုံးစွဲခွင့် ရခဲ့သည်။ ၁၂၃၃-ခုနှစ်က တည်ဆောက်ခဲ့သော သိမ်တော်ကြီးမှာ ရှေးလက်ရာ မြန်မာပန်းပုများ တန်ဆာဆင်လျက် ယခုကိုင် မပျက်မစီး ရှိနေသေး၏။

www.burmeseclassic.com

www.burmeseclassic.com



မြောက်ကျောင်း၌ ကြုံတွေ့ခဲ့ရသော အံ့ဖွယ်ရာစ်ပါးကား ကျောင်းဝင်းတပိုက် သစ်ပင်များ၌ ငှက်မျိုးစုံ ဘေးမဲ့နေထိုင်လျက် ရှိကြပုံပေတည်း။ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၌ သံဆန်ခါခြိန်နှင့် လှောင်ထားရသော ဗျိုင်းငှက်မျိုး၊ ငှက်ကြီးဝန်ပို့မျိုးတို့သည် နိဗ္ဗာန်ရှာ မြောက်ကျောင်း၌ အကာအရံ ကင်းမဲ့စွာဖြင့် လွတ်လပ်စွာ လှုပ်ရှားသွားလာနေကြ၏။ လူကို မကြောက်ချေ။ မမျှော်လင့်ဘဲ ထိုငှက်ကြီးတို့ကို တွေ့ရသဖြင့် ကျွန်တော်ကြက်သီးထမိသည်။ ထိုငှက်များအဖို့ ဘုရားလောင်း ဆင်ဖြူတော်ထွန်းပေါ်ရာ အရပ်တွင် မိရိုးဖလာ ဘေးမဲ့နေထိုင်ကြပြီး ဖြစ်သည်။ အသောကံ ဝိရုဇ် ခေမံ တရားတော်အတိုင်း အန္တရာယ်ကင်း နယ်မြေဖြစ်မှန်း ကောင်းစွာသိကြဟန်တူ၏။”

www.burmeseclassic.com

# ရခိုင်ပြည်က နဂါးဥပုသ်သည်များ

## ရခိုင်ပြည်မှ ကျောက်တစ်လုံးဘုရား

အကျွန်ုပ်တို့ မြန်မာနိုင်ငံတွင် ပြည်နယ်ကြီး (၇)ပြည်နယ် ရှိသည့်အနက် ရခိုင်ပြည်နယ်သည် ပထဝီ အနေအထားအရ အနောက်ဘက်ခြမ်းတွင်ဖြစ်ကြောင်း လူတိုင်း သိပြီးဖြစ်၏။ ထိုရခိုင်ပြည်နယ်အတွင်း ရမ်းဗြဲကျွန်း မြောက်ဘက်အစွန်း သံစစ်မြစ်ဝတွင် ကျောက်ဖြူမြို့ တည်ရှိ၏။ ဟိုတစ်ချိန်က ကျောက်ဖြူခရိုင်၏ ရုံးစိုက်ရာ မြို့ကြီးဖြစ်သည့်အပြင် ပင်လယ်ကူးသင်္ဘောများ ဆိုက်ကပ်ရာ ဆိပ်ကမ်းကောင်းသော မြို့လည်းဖြစ်ပါသည်။

ကျောက်ဖြူမြို့၏ အရှေ့တောင်ဘက် (၃)မိုင်ခန့်အကွာ စိုင်ချိုရွာအနီးတွင် နဂါးပွက်တောင်ခေါ် ရွှံ့မီးတောင်ရှိသည်။ မြို့၏အရှေ့တောင်ဘက် တစ်မိုင်ခွဲခန့်အကွာ ကညင်တောရွာအနီးရှိ စေတီတောင်ပေါ်တွင် လျောင်းတော်မူ ရုပ်ပွားတော်တစ်ဆူ ရှိသည်။ မြို့၏ အနောက်တောင်ဘက်၊ (၃)မိုင်ခန့်အကွာ ဂုံးရှိန်ရွာသို့ သွားရာလမ်းခရီး၌ ကျောက်တစ်လုံးဘုရား တည်ရှိသည်။ ဤဘုရား၏ ထူးခြားချက်မှာ အံ့ဩဖွယ်ပင် ဖြစ်ပါသည်။ ကြီးမားသော ကျောက်တုံးကြီးတစ်ခုကို ဘုံဆောင်ပြာသာဒ် လိုဏ်ဂူနှင့်တကွ ဘုရားဆင်းတုတော် (၃၂) ဆူ အပါအဝင် အပြီးဖြစ်မြောက်အောင် ထုလုပ်မွမ်းမံထားခြင်းဖြစ်သည်။

လိုဏ်ဂူတော်နှင့်တကွ ဘုရားရုပ်တုတော်များ၊ မန်းဆိုင်းများ၊ ဘီလူးရုပ်၊ နက်ရုပ်စသော အရုပ်ဟန်ပန်တို့သည် ရှေးရခိုင်များ၏ ဗိသုကာပညာရပ်နှင့် ကျောက်ဆစ်ပညာရပ်များကို သရုပ်ဖော်ပြလျက်ရှိသည်။ ထိုဘုရား၏ တောင်ဘက် (၂)မိုင်ခန့်အကွာ ကံ့ကော်တောအရပ်တွင် ကံ့ကော်တောဘုရားဟု ထင်ရှားသော

www.burmeseclassic.com

www.burmeseclassic.com



ရုပ်တုတော်တစ်ဆူလည်း ရှိသေး၏။ ပင်လယ်ထဲမှ ပင့်ဆောင်ရရှိထားသောကြောင့် ပေါ်တော်မူဘုရားဟုလည်း ခေါ်ဝေါ်ကာ ကိုးကွယ်ကြသည်။ စေတီတောင်ဘုရား၊ ကျောက်တစ်လုံးဘုရားနှင့် ကုံကော်တော ဘုရားပွဲတော်များကို နှစ်စဉ် တန်ခူးလ အတွင်း ကျင်းပလေ့ရှိကြသည်။

## တန်ခိုးကြီးသော ဘုရားနှစ်ဆူ

ကျောက်တစ်လုံးဘုရား၏ အနီးတစ်ဝိုက်တွင် ကြီးမားသောအပင် ဟူသမျှ (ရခိုင်လို) အရိတ်ပင် (မြန်မာလို) ဥသျှစ်ပင်များသာ ပေါက်ရောက်ခြင်း၊ ထိုအပင်မှ အသီးတို့သည် အခြားမြို့ရွာ နယ်ပယ်တို့၌ ပေါက်သော ဥသျှစ်ပင်၏ အသီးတို့ထက် အနံ့အလွန်ကောင်းခြင်း၊ စားလို့ အလွန်ကောင်းခြင်းသည်လည်း ထူးခြားသကဲ့သို့ ဖြစ်၏။ အသီးမှည့်ချိန် တန်ပြီဆိုလျှင် ပတ်ဝန်းကျင်တစ်ခုလုံး မွှေးကြိုင်၍နေပါသည်။ ထို့အတူပင် ကုံကော်တောဘုရားအနီးတစ်ဝိုက်တွင်လည်း လူတို့ စီမံဖန်တီးစိုက်ပျိုး ထားသကဲ့သို့ ကုံကော်ပင်များသာ ပေါက်ရောက်လျက်ရှိခြင်း၊ ဘုရားအနီးရှိ ရေကန်ငယ် ကလေးသည် မည်သည့်ပုဂ္ဂိုလ်က ခပ်ယူသုံးစွဲသည်ဖြစ်စေ၊ ဖြည့်စွက်သည်ဖြစ်စေ လျော့ပါးပြည့်လျှံ ဖိတ်စဉ်သွားသည်မရှိဘဲ အမြဲတမ်း ရေကန်၏ အနားရေးနှင့် အညီအမျှသာ ရှိခြင်း၊ မိမိအရပ်ကို တုတ်ဖြင့် အညီတိုင်းကာ ဘုရားအနီး၌ ထောင်ထားပြီး ရှိခိုးခြင်း စသည် ပြုပြီးနောက် -

"တပည့်တော်၏ အသက်သည် (ဥပမာ - ၃၅ နှစ်) ထက်ပို၍ နေရမည် မှန်ပါက ထောင်ထားသောတုတ်သည် ပိုရှည်ပါစေ၊ ၎င်းအသက်အောက် တိုမည် မှန်ပါက တုတ်သည် တိုပါစေ" ဟု အဓိဋ္ဌာန်ကာ ပြန်တိုင်းကြည့်လျှင် တုတ်ပို၍ ရှည်သူဖြစ်ပါက သတ်မှတ်သောအသက်ထက် ပိုရှည်ခြင်း၊ တုတ်တိုလာပါက ၎င်းအသက်မပြည့်မီပင် သေရခြင်း၊ ပို၍ ရှည် တိုရာ၌လည်း တစ်ထွာသာ ပိုရှည်ခြင်း၊ ပိုတိုခြင်း၊ ရွက်ဟောင်းကြွေ၍ ရွက်သစ်ဝေရာသမယဖြစ်သော တပို့တွဲ တပေါင်းလ ရာသီတွင် အဆိုပါ ဘုရားနှစ်ဆူတစ်ဝိုက်သည် မလွမ်းမဆွေးတတ်သူများပင် လွမ်းဆွေးစိတ်များ ဘယ်ဆီဘယ်ဌာနက ပေါ်ပေါက်လာသည် မသိရလောက်အောင် ခံစားရခြင်းစသော ထူးခြားချက်များစွာရှိသေးရာ ဤ၌ သိသာရုံမျှ ပြလိုက်ပါသည်။

## အမျက်ဒေါသဖြင့် အကြည့်ခံရလျှင် ပြာတချို

"အရှင်ဘုရား ... တပည့်တော်များ ကျောက်တစ်လုံးဘုရားသို့ ဥပုသ် ရက်ရှည်စောင့်ရန် လာရောက်မည်ဖြစ်ပါသဖြင့် အန္တရာယ်မရှိရအောင် ကူညီ

www.burmeseclassic.com

www.burmeseclassic.com



စောင့်ရှောက် ပေးတော်မူပါရန် ဆရာတော်အား အသိပေး လျှောက်ထားအပ်ပါသည်ဘုရား"

၁၂၉၂-ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက် (အဖိတ်နေ့) ည ကျောက်ဖြူမြို့ ယပ်လှေးကျောင်း ပဌမ ဆရာတော်ဘုရားကြီး မက်သောအိပ်မက်ဖြစ်၏။ ဆရာတော်လည်း အိပ်ရာမှနိုးလျှင် လျှောက်ထားသံကိုသာ ကြားရသဖြင့် မည်သူက လာရောက် အိပ်မက်ပေးလျှောက်ထားသည်ဟု မစဉ်းစားတတ်အောင် ဖြစ်နေ၏။

ဤဒေသ၌ အစဉ်အလာတစ်ခု ရှိသေး၏။ ကျောက်ဖြူမြို့နှင့် ပတ်ဝန်းကျင်မှ သာသနာတော်ကို ကြည်ညိုလေးစားသူများသည် လပြည့်လကွယ် စသော နေ့ထူးနေ့မြတ်တို့၌ ကျောက်တစ်လုံးဘုရားတွင် နံနက်ဆွမ်း ကပ်လေ့ရှိကြ၏။ ယခု တပေါင်းလပြည့်နေ့၌လည်း ထုံးစံအတိုင်းပင် တပျော်တပါး ဆွမ်းကပ်လာကြရာ (၃၂) ဆူမျှလောက်သော ဆင်းတုတော် ဘုရားတန်းကြီးတွင် အလယ်တည့်တည့် နှစ်ဆူရှေ့၌ နဂါးညီနောင် နှစ်ကောင်သည် တစ်ပါးတစ်ကောင်ကျ ခွဲဝေထားသကဲ့သို့ အမြီးထောက်လျက် ဘုရားဘက် မျက်နှာပြုကာ မျက်စိမှိတ် ပူဇော်နေသည်ကို တွေ့ကြရလေသည်။ အထူးအဆန်းဖြစ်၍ ဝိုင်းကြည့်ကြရာ နဂါးညီနောင်သည် စောစောကလောက် လှုပ်ရှားမြန်မြန်မရတော့ဘဲ အနည်းငယ် လှုပ်လှုပ်ရွရွ ဖြစ်နေသည် ဆို၏။

ဆွမ်းကွမ်း စသည်ကပ်ကြပြီး တစ်ယောက်တစ်မျိုး ပြောဆိုနေကြစဉ် ခဏမျှကြာလျှင် ယပ်လှေးဆရာတော် ကြွရောက်လာ၏။ ဆရာတော်အား လျှောက်ထားကြရာ ဆရာတော်က ညက အိပ်မက်အကြောင်း ပြောပြပြီး အိပ်မက်ပေးသူမှာ ဤနဂါးများ ဖြစ်နိုင်ကြောင်း၊ နဂါးတို့သည် အဆိပ်ပြင်းလှသဖြင့် သူတို့ကို မစကြဖို့ ရန်မပြုကြဖို့ တားမြစ်ပြောဆို ဆုံးမလေသည်။ နဂါးညီနောင်လည်း ဆရာတော် ကြွရောက်လာမှပင် နဂိုအတိုင်း တည်ငြိမ်စွာ ပူဇော်နေကြလေသည်။ မနီးမဝေးမှ ခန့်မှန်းခြေ တိုင်းကြည့်ရာ နှစ်တောင်ခန့်ရှိ၍ လုံးပတ်မှာလည်း ကလေးငယ် လက်ကောက်ဝတ်လောက် ရှိကြောင်း သိရ၏။ အရောင်မှာ နီတွေလျက် ခေါင်းမှာလည်း ကြက်ကဲ့သို့ အမောက်ပါရှိလေ၏။

၎င်းနဂါးညီနောင်နှင့်စပ်၍ တစ်ဆက်တည်း ယခင်က အဖြစ်အပျက်ကို သိမီလိုက်သူ အချို့ကလည်း သူတစ်မျိုး ငါတစ်ဖုံ ဆိုသလို ပြောကြပြန်၏။ ဟိုအရင်ကလည်း လက်သုံးထွာလောက် လုံးပတ်ရှိသော နဂါးတစ်ကောင် တက်ရောက် ပူဇော်နေရာ သူ၏အခွေပုံကြီးသည် လူတစ်ရပ်ခန့် မြင့်မားနေကြောင်း၊ ပါးပျဉ်းကြီးကို

www.burmeseclassic.com

www.burmeseclassic.com



ဖြန့်ထားသည်များလည်း အလွန်ကြည့်လို့ကောင်းကြောင်း၊ တစ်ခါကလည်း အလျား တစ်ထွာခန့်ရှိ၍ လုံးပတ်အားဖြင့် လက်ညှိုးပမာဏရှိသော နဂါးကလေးတစ်ကောင် ပူဇော်ရာမှအပြန် ဘုရားရင်ပြင်ပေါ် အရောက်တွင် လူနှစ်ယောက်နှင့် ပက်ပင်းတိုးမိ သဖြင့် လမ်းဖယ်ပေးလိုက်ပြီး တစ်ယောက်က ခဲဖြင့်ပေါက်၍ စ,လိုက်ရာ ပြန်လှည့် ကြည့်လိုက်စဉ် နှစ်ယောက်လုံး လဲသွားကြောင်း၊ ဘေးလူတွေမြင်၍ လာထူလိုက် ကြရာ နဂါးကို မ,စဘဲ အနားမှာ အဖော်အဖြစ် ရှိနေသူသည် မကြာမီပင် သတိပြန်ရ လာကြောင်း၊ စ,သူကို ထူမ,လိုက်ကြရာတွင်ကား လက်နှစ်ဖက်လုံး လူ၏အရိုးကိုပင် မထိမိတော့ဘဲ ပြာကို ဆုပ်ကိုင်လိုက်ရသကဲ့သို့ ဖြစ်သွားကြောင်း ပြန်လည်ပြောပြ ကြပါသည်။

ဤစကားကို ကြားသိကြကုန်သော သူတို့သည် နောင်သောအခါ ဘုရား အတွင်းရှိ နဂါးကိုမဆိုထားဘိ ရေမြွေကိုပင် မစ,ဝံ့ကြတော့ပေ၊ အထက် ပြဆိုခဲ့ ပြီးသော အကြောင်းသည် လှည်းကုန်သည်မိုက်တို့ လောဘ အတောမသတ်နိုင် သဖြင့် မိမိတို့အား ကျေးဇူးပြုသော သစ်ပင်ကိုခုတ်လှဲကြရာ နဂါးမင်း စိတ်ဆိုး၍ မျက်စောင်းထိုး ခံရသဖြင့် အတုံးအရုံး ပြာကျပျက်စီးရသော မဟာဝါဏိဇဇာတ်တော် ကိုလည်းလည်းကောင်း၊ ဘူရိဒတ် ဇာတ်တော်ကြီး၌လာသော အိမ်ရှေ့မင်းသား၏ မယား နဂါးမကို ဗာရာဏသီပြည်သို့ခေါ် စဉ် နဂါးမသည် -

“အရှင်မင်းသား၏ တိုင်းပြည်သို့ဆောင်သည်ကို ဝမ်းမြောက်လှသော်လည်း အကျွန်ုပ်တို့အမျိုးသည် အဆိပ်ရှိ၏၊ အမျက် ထွက်လွယ်၏၊ အနည်းငယ်မျှ၌လည်း အမျက်ထွက်တတ်ပါ၏။ အကယ် အကျွန်ုပ်သည် မြင်၍လည်းကောင်း၊ ကြား၍ လည်းကောင်း အမျက်ဖြင့် ထိုပုဂ္ဂိုလ်ကို ကြည့်မိပါအံ့၊ ဖွဲပြာကဲ့သို့ ဖြစ်သွားပါမည်” ဟု မလိုက်ဖို့ရန် အပြန်ပြန် လျှောက်ထားသော အကြောင်းကိုလည်းကောင်း တောင်ပို့ထက်၌ ဥပုသ်စောင့်နေသော ဘူရိဒတ် နဂါးမင်းသည် နေသာရပုဏ္ဏားနှင့် မြွေအလမ္ပာယ်သမားတို့ မိမိထံလာသည်ကို မြင်လေလျှင် ထိုသူနှစ်ယောက်ကို အမျက်ဖြင့် ကြည့်မိချေက ပြာမှုန့်ကဲ့သို့ ညက်ညက်ကြေမည်ကို သိသဖြင့် ဥပုသ် ကျိုးမည်မှ ကြောက်သောကြောင့် မျက်စိကိုစုံမှိတ်၍နေသော အကြောင်းများကို လည်းကောင်း ထောက်ခံနေပါတော့သည်။

နဂါးတို့သည် တိရစ္ဆာန်ပင် ဖြစ်သော်လည်း ကမ္မဇိဒ္ဓိတန်ခိုးရှိကြသဖြင့် တည့်တည့် အကြည့်ခံရသူအဖို့ မီးဟုန်းဟုန်း တောက်သွားနိုင်၏။ ဘေးစောင်း

www.burmeseclassic.com

www.burmeseclassic.com



(မျက်စောင်းထိုး) အကြည့်ခံရသူအဖို့ ဖွဲပြာကဲ့သို့ မှုန့်မှုန့်ညက်ညက် ကြေသွားနိုင်သည်မှာ အထက်ဖော်ပြခဲ့သော ရခိုင်အမျိုးသား နှစ်ယောက်သည်ပင် လက်တွေ့သက်သေ သာဓက ဖြစ်ပါတော့သည်။ အဆိုပါ နဂါးညီနောင်သည် လူများ ပြန်သွားကြသော်လည်း ပုံစံမပျက် နေရစ်ခဲ့ပါသည်။ မမြင်ဖူးကြသူ နောက်နှောင်းလူတို့လာရောက် ကြည့်ရှုကြသည်မှာလည်း နေ့စဉ်ပင် ဖြစ်ပါသည်။ ဤလိုနှင့် ခုနစ်ရက်လွန်မြောက်၍ တပေါင်းလဆုတ် (၈)ရက်နေ့ နံနက်တွင်မှ အေးအေးဆေးဆေးပင်ပြန်လည်ထွက်ခွာ၍ ပင်လယ်ထဲသို့ ဆင်းသွားသည်မှာလည်း ထိုဒေသရှိလူများ အမြင်ဖြစ်ပါသည်။

ထိုနဂါးများ ပြန်သွားပြီးနောက် နဂါးများနှင့်အတူ ဘုရားပူဇော်ခဲ့ဖူးသော ဒကာကြီးနှစ်ယောက်ကလည်း 'ဒီအကောင်များက စိတ်မှချရပါ့မလား။ ကိုယ်က ဦးထားရင် ကောင်းမလား' စသည်ဖြင့် စိတ်ကူး၍ ၎င်းနဂါးညီနောင်ကို ကြည့်လိုက်လျှင်ပင် သူတို့၏ကိုယ်မှာ ပူလာကြောင်း သိရသဖြင့် ပြန်လည် တောင်းပန်ရကြောင်း ဆရာတော်ကို လျှောက်ထားကြလေသည်။ ဤသို့လျှင် နဂါးတို့၏ အန္တရာယ်သည် တကယ်ပင် မသေးလှကြောင်းနှင့် ထိုဘုရားသို့လည်း မကြာမကြာဆိုသလို ယခုအထိပင် နဂါးများ လာရောက်ပူဇော်လျက်ရှိကြောင်း သတင်းကောင်းပါးကာ နိဂုံးချုပ်အပ်ပါသတည်း။

(၁၃၅၀ ပြည့်နှစ် ကဆုန်လပြည့် (၃၀-၄-၈၈) နေ့ထုတ် သာသနာ့ရောင်ခြည် အတွဲ-၈၊ အမှတ်-၄ မှ အရှင်သီလာစာရ (ယော)၏ ဆောင်းပါးမှ ကောက်နုတ် ဖော်ပြခြင်း ဖြစ်ပါသည်။)

၀

www.burmeseclassic.com

www.burmeseclassic.com

# ဥပုသ်စောင့်သော ငါး၏ ကတိသစ္စာ

"ဟော့ . . . ကိုရဲ ခဏထိုင်စမ်းပါဦး၊ ကိုယ်တို့တာတွေ လာမယ့် စနေ တနင်္ဂနွေ ရုံးပိတ်ရက်မှာ ကျောင်းတော်ရာသွားဖို့ စီစဉ်နေကြတယ်"

ကိုစိန်ငွေးက လက်ဖက်ရည်ဆိုင်အတွင်းမှ လှမ်းခေါ်သဖြင့် ကျွန်တော် ဝင်ထိုင်ရသည်။ ထမင်းစားချိန် မကွေးမြို့ ဈေးကြီးအပြင်တန်းရှိ လက်ဖက်ရည် ဆိုင်၌ ရုံးက သူငယ်ချင်းများက ဝိုင်းဖွဲ့ပြီး စကားလက်ဆုံ ကျနေကြ၏။

"ဟော့ . . . စိန်ငွေး၊ မင်းတို့ ရောက်နေကြမှကော၊ ငါက စောသေးတယ် ဆိုပြီး ဈေးဘက်သွားမလို့ ထွက်လာတာ၊ ပစ္စည်းဝယ်စရာရှိနေလို့၊ ပြောစမ်းပါဦး ကျောင်းတော်ရာ သွားဖို့ကိစ္စ"

ကျွန်တော်က ဆက်မေးလိုက်သည်။

"ဒီလိုလေကွာ၊ တို့က မကွေးမှာနေပြီး ကျောင်းတော်ရာတို့ ရွှေစက်တော်တို့ အကြောင်း သူများပြောတာနဲ့ လွမ်းနေကြရတာ၊ ဒီလောက်နီးနေပြီး မရောက်ဖူး သေးဘူးဆိုရင် နေရာမကျဘူး"

"အေး. . . ကောင်းတာပေါ့ကွ၊ ငါလဲလိုက်မယ်၊ ငါကတော့ ကျောင်းတော်ရာက ဥပုသ်စောင့်တဲ့ ငါးကြီးတွေကို စိတ်ဝင်စားနေတာ"

ဤသို့ ပြောဆိုနေကြခိုက် ရောက်ဖူးသူ မိတ်ဆွေတစ်ဦးက သူ့အတွေ့ အကြုံဖြင့် ထပ်ဆင့် ထောက်ခံလိုက်၏။

"ကိုယ်က မနှစ်က ရောက်ပြီးပြီ၊ ဒီငါးကြီးတွေက အံ့သြစရာပဲကွ၊ ကိုယ်တို့ ကိုယ်တိုင် ငါးစာကျွေးခဲ့ရသေးတယ်။ ဒီငါးကြီးတွေက လူဝဝကြီး တစ်ယောက် လောက်ကို ကြီးတယ်၊ ဖွဲနုဆုပ်တို့ ပေါင်မုန့်တို့ကို သူ့ထက်ငါ ကျွေးကြတယ်၊ ပါးစပ်ထဲ ခွံ့ပေးလို့ရအောင် ယဉ်နေကြတာ၊ လူနဲ့တွဲဖက်ပြီး ဓာတ်ပုံရိုက်တဲ့လူတွေလဲ မနည်းဘူး၊ ဆန်းတာက ဧရာဝတီမြစ်ထဲကနေ မန်းချောင်းအလိုက် တက်လာပြီး ဝါဆိုလပြည့် နေ့ကနေ ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ် လပြည့်အထိသာ ရှိတယ်၊

www.burmeseclassic.com



ဝါကျွတ်ရင် ပြန်ဆင်းသွားကြတယ်၊ ဝါတွင်းမှာလဲ ဥပုသ်နေ့ဆိုရင် (၁၂)နာရီအတွင်းပဲ ငါးစာကျွေးလို့ရတယ်။ (၁၂)နာရီက ကျော်လို့ ကျွေးရင် ငါးတွေက မစားကြတော့ဘူး၊ ဒါ့ကြောင့် ဥပုသ်စောင့်တယ်လို့ လူတွေက ပြောကြတာ”

ထိုမိတ်ဆွေပြောမှ ကျွန်တော်တို့လူစု ပိုပြီး စိတ်ဝင်စားလာကြသည်၊ ထိုသို့ ကျွန်တော်တို့ သူငယ်ချင်းတစ်စု ပြောနေကြခိုက် မလှမ်းမကမ်း အခြား စားပွဲတစ်ခုမှ လူကြီးတစ်ယောက် ကျွန်တော်တို့စားပွဲသို့ ထလာပြီး သူ့အတွေ့အကြုံများကို ပြောပြရာ ကျွန်တော်တို့မှာ ပို၍ အံ့အားသင့်ကြရသည်။

“ဒီလိုကွ၊ ဦးလေးဇာတ်လမ်းကို မပြောခင်တော့ ဦးလေးရဲ့ ယခုလက်ရှိ ဘဝအခြေအနေကို မင်းတို့သိအောင်တော့ အလျင် ပြောထားရဦးမယ်၊ ဦးလေးက ယခုထိ ဈေးကြီးရဲ့ အပြင်ဘက်ဈေးမှာ ကုန်စိမ်းရောင်းတယ်ကွ၊ ဦးလေးသမီးနဲ့ အတူပေါ့ကွာ၊ ဦးလေးအမျိုးသမီးကတော့ မင်္ဂလာဈေးမှာ ရောင်းတယ်၊ ဦးတို့လိုပဲ ကုန်စိမ်းပေါ့၊ ဦးလေးမှာက သားသမီး ငါးယောက်ရှိတယ်၊ အစ်မကြီးကတော့ ယခု ဦးလေးနဲ့အတူ ဈေးရောင်းတယ်လေ၊ အဲ . . . အငယ်သုံးယောက်ကတော့ ကျောင်းတက်နေတယ်၊ ကျန်တဲ့တစ်ယောက်က အခုမှ နှစ်နှစ်သားပဲရှိသေးတယ်၊ ဦးလေးတို့ အခုနေတာကတော့ ကံသာရပ်ကွက်မှာ နေတယ်၊ ဟိုတုန်းကတော့ မြို့ဟောင်းရပ်ကွက် ကမ်းနားလမ်းမှာပေါ့ကွာ၊ ဦးလေးနာမည်က ခင်အောင် တဲ့”

ဦးလေးကြီးသည် စကားကို ခဏ ရပ်လိုက်ပြီး လက်ဖက်ရည်ကို တစ်ငုံလောက် သောက်လိုက်ပြီးမှ သူ့စကားကို ဆက်လိုက်ပါသည်။

“အေးကွာ၊ နည်းနည်းတော့ သည်းခံပါ၊ ယခုလို ဦးလေးရဲ့ဘဝ အခြေအနေကို ပြောပြနေတာကတော့ ဦးလေးပြောမယ့် ဇာတ်လမ်းထဲက ဦးလေးရဲ့ ဘဝနဲ့ ယခုလက်ရှိဘဝ အခြေအနေ ကွဲပြားမှုလေးကို မင်းတို့ သိထားအောင် လို့ပါ”

“ဦးလေးဟာ ဟိုတုန်းကတော့ မြစ်ရိုးတစ်လျှောက်မှာ အသက်မွေးဝမ်းကျောင်း ပြုနေရတဲ့ တံငါသည်တစ်ယောက်ပေါ့၊ ယခုခေတ်အခေါ် အရ ဆိုရင်တော့ ‘ရေလုပ်သား’ ပေါ့ကွာ။

“အဲ . . . တစ်နေ့ပေါ့ကွာ၊ အဲဒီတစ်နေ့ကတော့ ဦးလေးတစ်သက်တာ မေ့လို့မရှာ မဟုတ်တော့ပါဘူး၊ အဲ . . . အချိန်က ယခုလို ဝါခေါင်လမှာပေါ့၊ ဦးလေးရဲ့

www.burmeseclassic.com

www.burmeseclassic.com



အခါတိုင်း ထောင်နေကျနေရာမှာပဲ ငါးဖမ်းပိုက်ကို ချထားခဲ့တယ်၊ နောက်ပြီးတော့ အိမ်ပြန်ပြီး တရေးတမော အိပ်လိုက်တယ်၊ ညနေပိုင်းလောက်ကျမှပဲ ငါးထောင်ထားတဲ့ နေရာကို ကြည့်ဖို့ လှေကလေးနဲ့ ထွက်လာခဲ့တယ်၊ အခါတိုင်းလဲ သိပ်မမိတဲ့နေရာ ဆိုတော့ စိတ်က သိပ်မပါဘူး၊ အဲ-ဒါပေမယ့် အဲဒီနေ့က ပိုက်ထဲမှာ ထူးထူးခြားခြား ငါးကြီးတစ်ကောင် မိနေတယ်၊ ငါးကြီးမှ အကြီးကြီးပဲကွ၊ နောက်ပြီးတော့ ငါးထွေကြီး၊ ဟာ ဘာပြောကောင်းမလဲ၊ ဦးလေး ဝမ်းသာအားရနဲ့ ငါးကြီးကို ချိတ်နဲ့ချိတ်ပြီး လှေပေါ် ဆွဲတင်တာပေါ့၊ နောက်ပြီး ပိုက်တွေသိမ်းပြီး အိမ်ကိုတစ်ခါတည်း လှော်ပြန်လာခဲ့တာပဲ၊ ဦးလေးတို့အိမ်ကလဲ မြစ်ကမ်းစပ်မှာဆိုတော့ မကြာပါဘူး ပြန်ရောက်တာပါပဲ။ ဦးလေးမိန်းမနဲ့ ကလေးတွေဆိုတာလဲ ဒါလောက် ငါးကြီးကြီး မရဘူးတော့ တအံ့တသြနဲ့ ပျော်နေကြတာပေါ့၊ ဒါနဲ့ပဲ ငါးကြီးကို ဈေးပို့ဖို့ကလဲ အချိန်က လင့်နေတာနဲ့ ဒီတစ်ညတော့ ငါးကြီးကို ပါးဟက်ကနေ ကြိုးနဲ့ချည်ပြီး ရေထဲမှာပဲ အရှင် ထား လိုက်ရတယ်၊ ကြိုးတစ်စကိုတော့ လှေပေါ်မှာပဲ ချည်ထားတာပေါ့။ ဒီလိုနဲ့ ည အိပ်ရာဝင်ကြတယ်၊ မှတ်မှတ်ရရ အံရှုံးတက်ချိန်လောက် ထင်ပါရဲ့ကွာ၊ ဦးလေး အိပ်မက်မက်တယ်ကွ၊ အိပ်မက်မှ ထူးထူးဆန်းဆန်းပဲ၊ ဦးလေး ဖမ်းမိထားတဲ့ ငါးကြီးပေါ့၊ အဲဒီငါးကြီးက အိပ်မက်ထဲမှာ ဦးလေးကို စိုက်ကြည့်နေတယ်၊ ပြီးတော့ သူဟာ ကျောင်းတော်ရာဘုရားကို ဘုရားဖူးရန်အတွက် ဟိုးအဝေးကြီးက လာရ တာပါတဲ့၊ သူ့ကို ယခု ဖမ်းမိထားတာကို ပြန်လွှတ်ပေးပါတဲ့၊ ဘုရားကိုရောက်လို့ ဦးခိုက်ဖူးမြော်၊ ဥပုသ်သီလယူပြီးလို့ အပြန်ကျရင်တော့ ဦးလေးဆီမှာ ပြန်ပြီး အမိခံ ပါမယ်လို့ ကတိပေးတယ်ကွ၊ နောက်မှ အိပ်ရာက ဖျတ်ခနဲ လန့်နိုးလာပြီး ဦးလေးရဲ့ မိန်းမကို အိပ်မက်အကြောင်း နှိုးပြီး တိုင်ပင်ရတယ်၊ လောလောဆယ်တော့ ဦးလေးတို့ နှစ်ယောက်လဲ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဘူး၊ မိုးကလဲ လင်းခါနီးနေပြီ ပြန်အိပ် လို့လဲ မရတာနဲ့ဘဲ မီးမွှေးပြီး ရေနွေးအိုးတည်ရင်း နှစ်ယောက်သား ဘာလုပ်ရ ကောင်းမလဲဆိုတာ စဉ်းစားနေမိကြတယ်။

"တော်တော်ကြာလို့ လင်းရောင်လေး သမ်းလာတော့ ဦးလေးတို့ အပိုင်းက မနက်စောစောထပြီးတော့ လမ်းလျှောက်လေ့ရှိတဲ့ ဦးထွေးဆိုတဲ့ အဘိုးကြီး လမ်းလျှောက်ရင်း ရောက်လာတာနဲ့ သူ့ကို တိုင်ပင်ကြဖို့ စဉ်းစားမိကြတယ်၊ သူက ဘုရားတရားလည်း မြဲတယ်၊ ဗဟုသုတလဲ လိုက်စားတယ်၊ ရပ်ကွက်ထဲမှာလဲ အသက်ကြီးပိုင်း အတွေ့အကြုံ အများဆုံးဆိုတော့ သူ့ကို အကျိုးအကြောင်း

www.burmeseclassic.com



ပြောပြလိုက်တယ်၊ သူလဲ တအံ့တဩ ဖြစ်သွားပြီး ငါးကြီးကို မြန်မြန် လွှတ်လိုက်ဖို့နဲ့ 'ဘုရားငါး' အမှန်ဖြစ်နိုင်ကြောင်း ပြောတယ်၊ တကယ်တော့ အစကတည်းကပဲ ဦးလေးတို့လင်မယားက လွှတ်ဖို့တော့ စဉ်းစားပြီးသားပါ၊ ဒါပေမယ့် ယခုလိုဆိုတော့ ပိုပြီးတော့ စိတ်သန့်သွားတာပေါ့၊ ဒါနဲ့ပဲ သူရယ် ဦးလေးတို့ လင်မယား နှစ်ယောက်ရယ် ငါးကြီးဆီကို သွားကြည့်ကြပြီးတော့ ဦးထွေးက တရားစာတွေ ရွတ်ပြီး ငါးကြီးအတွက် ဆုတောင်း ဦးလေးအတွက်လည်း ခွင့်လွှတ်ဖို့တွေ တောင်းပန် ပေါ့ကွာ၊ ဦးလေးလည်း ငါးကြီးကို ကြိုးက ဖြုတ်ပြီး မသိလို့ ဖမ်းမိခဲ့တာ ခွင့်လွှတ်ဖို့ အကြောင်းနဲ့ ဒီလုပ်ငန်းကို လုပ်စားရတာလဲ ဝမ်းရေးအခက်အခဲကြောင့် လုပ်နေ ရတာဖြစ်ပြီး၊ အသင် ငါးကြီးလည်း နေရပ်ဌာနကိုသာ ဖြောင့်ဖြူးစွာ ပြန်ဖို့အကြောင်း တွေပေါ့ကွာ၊ စိတ်ကူးရရာ အမိဌာန်ပြီးတော့ သူ့ကို လွှတ်လိုက်တယ်၊ ငါးကြီးလည်း ခဏလောက် ငြိမ်ငြိမ်လေးနေပြီး၊ နောက် ရေနက်ဘက်ကို ကူးသွားတယ်လေ'

"အင်း . . . ဒါဆို ငါးကြီးပြန်လွှတ်ပေးလိုက်တော့ ဦးလေး ဖမ်းမိတုန်းက ဒဏ်ရာတွေရထားလို့ နာမနေဘူးလား"

စိန်ဒွေးက သူ မရှင်းသည့်အချက်တစ်ခုကို မေးလိုက်ပါသည်။

"အေး. . . ဟုတ်တယ်၊ အဲဒါတော့ ဦးလေးဖမ်းတုန်းက ပိုက်ထဲမှာ မိတာကွ၊ ပြီးပြီး အဲဒီငါးကြီးတွေက ကုန်းပေါ်တင်ထားရင်လဲ တော်တော်နဲ့ သေခဲတယ်၊ အဲ . . . တစ်ခုရှိတာက ဦးလေးချိတ်နဲ့ဆွဲတင်တုန်းက နှုတ်ခမ်းမှာ နည်းနည်းပွဲသွားတဲ့ ဒဏ်ရာလေးတော့ ပါသွားတယ်ကွ၊ ဒီလိုနဲ့ ငါးကြီး လွှတ်ပြီးတဲ့နောက် သုံးလေး ပတ်လောက် ကြာတဲ့တစ်နေ့မှာပေါ့။ ဦးလေး ငါးထောင် ပိုက်ချထားတဲ့နေရာကို ပိုက်ဖော်ဖို့ လှေကို တဖြည်းဖြည်း လှော်ရင်းနဲ့ ငါးကြီးအကြောင်းကို မှတ်မှတ်ရရ စဉ်းစားလာမိတယ်၊ ငါးကြီးလွှတ်ပြီးနောက် မိသားစု စားရေးသောက်ရေး ပြေလည် လာတာတို့၊ ဦးလုပ်ငန်း အဆင်ပြေလာတာတို့ပေါ့၊ အဲဒီလို တွေးရင်းနဲ့ပဲ ပိုက်နား ရောက်လာလို့ ပိုက်ကိုဖော်လိုက်တော့ ပိုက်ထဲမှာ ငါးကြီးတစ်ကောင် မိနေပြန် တယ်လေ၊ အလျင်တစ်ခါ မိတဲ့ငါးထွေကြီးနဲ့ တထေရာတည်းပဲ၊ ဒီတစ်ခါတော့ ဦးလေးလည်း အလျင်က အတွေ့အကြုံအရ အသာအယာပဲ ပိုက်ကို ဆွဲတင်လိုက်တယ်၊ ချိတ်တွေဘာတွေနဲ့ မချိတ်တော့ဘူး ငါးကြီးက မလှုပ်မယှက် ပါလာတယ်၊ လှေပေါ်ကို ရောက်လို့ သေချာကြည့်လိုက်တော့ အရှင်မဟုတ်ဘူး၊ ငါးအသေကြီး ဖြစ်နေတယ်၊ ဒါပေမယ့် လတ်လတ်ဆတ်ဆတ်ပဲကွ၊ ငါးအသေကြီး ဖြစ်နေတယ်၊ ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



လတ်လတ်ဆတ်ဆတ်ပဲကွ၊ အဲဒါထက်ပိုပြီး ထူးဆန်းတာက ယခုမိတဲ့ငါးကြီးဟာ ဦးလေး အလျှင်မိတဲ့ ငါးကြီး ဖြစ်နေတယ်လေ”

ထိုအခိုက် အသားညိုညို ကောင်မလေးတစ်ယောက်က ဦးလေးကြီးကို ဆိုင်၏အပြင်မှ လှမ်းခေါ်လိုက်ပါသည်။

“အဖေ့ . . . ဆိုင်မှာ သမီးတို့ဖောက်သည် အဒေါ်ကြီးတစ်ယောက် ရောက်နေတယ်၊ အဖေနဲ့ တွေ့ချင်လို့တဲ့”

“ဟေ . . . ဟုတ်လား၊ အေးအေး၊ အဖေ ယခု လာခဲ့မယ်ပြောလိုက်၊ ဟုတ်လား၊ ဒီမှာ စကားမပြတ်သေးလို့နော်၊ သွားသွား . . . သမီးပြန်နှင့်”

“ဟုတ်ကဲ့”

ကောင်မလေးလည်း လှည့်ပြန်သွားသည်၊ ဦးလေးကြီးလည်း ကျွန်တော်တို့ဘက် ပြန်လှည့်လိုက်ပြီး -

“အဲဒါ . . . ဦးလေးသမီးအကြီးကွ”

“ဪ . . . ဟုတ်လား၊ ဒီဆိုင်မှာ ရေနွေး လာဝယ်တုန်းတော့ ခဏခဏ တွေ့ပါတယ်၊ ဒါနဲ့ ဦးလေး၊ ကျွန်တော်မသိလို့ တစ်ခုမေးပါရစေဦး၊ အခုနက ဦးလေးပြောတဲ့အထဲမှာ အခု ဖမ်းမိတဲ့ငါးကြီးဟာ အရင်ဖမ်းမိတဲ့ ငါးကြီးဖြစ်နေတယ် ဆိုတာ ဦးလေး ဘယ်လိုလုပ်သိလဲ”

“အေးကွာ၊ ဒီလိုပါ၊ အဲဒီငါးကြီးမှာ ဦးလေး အလျှင်မိတုန်းက ဆွဲတင်လိုက်တာ နှုတ်ခမ်းက ပွဲနေတဲ့ဒဏ်ရာက ကျန်နေတယ်ကွ၊ အဲဒါကြောင့် ဦးလေးလည်း သိတာပေါ့၊ ဒါပေမယ့် ငါးကြီးကလည်း သေနေပြီဆိုတော့ ဦးလေး မတတ်နိုင်တော့ဘူးပေါ့ကွာ၊ အိမ်ကို အမြန်ပြန်သယ်ပြီး ဈေးကို တန်းပြီး ပို့လိုက်ရတော့တယ်၊ အဲဒီမှာ တစ်ခု ထပ်ပြီး ထူးခြားတာက ဈေးမှာ ခုတ်ထစ်ပြီး ရောင်းလိုက်တော့ ငါးကြီးရဲ့အသားက ဦးလေးတို့ မှန်းထားတာထက်ကို အလေးချိန်တော်တော်လေး ပိုပြီး ထွက်နေတယ်ကွ၊ ရောင်းရတာလဲ တကယ်သွက်တာပဲ၊ မကြာပါဘူး ကုန်သွားတာပါပဲ၊ ဦးလေးတို့လင်မယားနှစ်ယောက်လဲ ငွေထုပ်ပိုက်ပြီး ပြန်လာတာပေါ့၊ လမ်းမှာလဲ ငါးသတ္တဝါ တိရစ္ဆာန်ဖြစ်ပေမယ့် ကတိတည်ပုံတွေ၊ တို့အပေါ်မှာ အကျိုးပြုခဲ့တာတွေ တွေးပြီး လင်မယားနှစ်ယောက်သား စိတ်မကောင်းကြဘူးပေါ့ကွာ၊ ဒီလိုနဲ့ပဲ နောက်နေ့မှာတော့ ဦးလေးတို့ လင်မယားနှစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



စိတ်တူသဘောတူ တိုင်ပင်ကာ ဒီ အကုသိုလ်မကင်းတဲ့ တံငါလုပ်ငန်း ဖြတ်တော့မယ် ဆိုပြီး ပတ်ဝန်းကျင် မိတ်ဆွေအချို့ရဲ့ အကူအညီနဲ့ ဈေးကြီးထဲက ကုန်စိမ်းဈေးမှာ ကုန်စိမ်းတွေ ဖောက်သည်ယူ ရောင်းစမ်းကြည့်တယ်၊ အစပထမတော့ လုံးလည် လိုက်နေတာပဲပေါ့ကွာ၊ လုပ်ငန်းက ကျွမ်းမှ မကျွမ်းသေးပဲကိုး၊ အဲ . . . ကြာလာ တော့လဲ လုပ်ငန်းသဘာဝ နားလည်လာပြီး တစ်စတစ်စ တွင်ကျယ်လာကြတယ်၊ ဒါနဲ့ ဦးလေးမိန်းမကို မင်္ဂလာဈေးမှာ ဆိုင်ခွဲရောင်းခိုင်းပြီး ဦးလေးသမီး အကြီး ကတော့ ဒီဈေးမှာပဲ ရောင်းနေတယ်၊ ဟော . . . ယခုဆိုရင် သားသမီးလေးတွေ ကိုလည်း ကျောင်းထားနိုင်ခဲ့ပြီး ကံသာမှာလဲ အိမ်နဲ့ဝိုင်းနဲ့ နေနိုင်ခဲ့ပြီ၊ ဦးလေး စိတ်ပူနေရတဲ့ သားယောကျ်ားလေးတွေကိုလည်း သာမဏေဘောင်ကို သွတ်သွင်း နိုင်ခဲ့ပြီ၊ ဝါးတွင်းဝါပ ဥပုသ်နေ့တွေမှာဆိုရင်လည်း လင်မယားနှစ်ယောက် ဘုန်းကြီး ကျောင်းမှာသွားပြီး ဥပုသ်သီလ ကောင်းကောင်း ယူနိုင်ခဲ့ပြီပေါ့ကွာ။

"တကယ်တော့ ဒါတွေဟာ ငါးကြီးရဲ့ကျေးဇူးတွေ ဆိုရင်လည်း မမှားဘူး၊ ဘုရားရှိခိုးတိုင်းလဲ ငါးကြီးအတွက် အမျှအတန်းဝေ၊ ဆုမွန်တွေ တောင်းကြတယ်၊ အိမ်ကဘုရားစင်မှာလဲ ငါးရုပ်ကြီးတစ်ရုပ် လှူဒါန်းပူဇော်ထားတယ်၊ အမြဲတမ်း တစ်အိမ်သားလုံးလဲ ရေသတ္တဝါဆိုရင် ငါးပိငံပြာရည်လောက်ကလွဲပြီး မစား ကြတော့ဘူး၊ ငါးပိတောင်မှ မဖြစ်မှသာ သုံးတော့တယ်လေ၊ ငါးကြီးအတွက်လဲ ရည်စူးပြီး ကုသိုလ်ပြု အမျှဝေတယ်၊ ဦးလေးအဖြစ်ကတော့ ဒါပါပဲကွာ။"

(၁၉၈၆-ခု၊ ဇန်နဝါရီလ၊ ၁၃၄၇-ခု၊ နတ်တော်လနှင့် ပြာသိုလထုတ် "သင့်ဘဝ မဂ္ဂဇင်း" မှ ရဲညွန့် (မကွေး)၏ ကတိသစ္စာ တည်သောအခါဝယ် ဆောင်းပါးကို ပြုပြင်ဖော်ပြ ထားခြင်း ဖြစ်ပါသည်။)

၀

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

"အနန္တကျေးဇူးရှင် မိခင်ရင်းကို ကာယကံမြောက် ပါးရိုက် ဆော်ကားမိ၍ အရှင်လတ်လတ် ဒုက္ခဆင်းရဲခံ၍ မြေမျိုခံ၍ ပျောက်ကွယ် သေဆုံးသွားသော မရင်ရွှေ၏အကြောင်းမှာ ကျွန်မတို့ငယ်ရွယ်သူ သားသမီးများအတွက် သင်ခန်းစာ ရခဲ့ကြပါသည်။

" ထိုနေ့မှစ၍ ကျွန်မတို့အဖို့ အနန္တငါးပါး မြတ်စွာဘုရားနှင့်တစ်ဂိုဏ်းတည်း ထားအပ်သော ကျေးဇူးရှင် မိဘနှစ်ပါး အပေါ်၌ ကာယကံ ဝစီကံ မဆိုထားနှင့်၊ မနောကံဖြစ်သော စိတ်နှင့်မျှပင် မပြစ်မှားဝံ့ ခဲ့ပါ။"

www.burmeseclassic.com

www.burmeseclassic.com

# ဖခင်ကို သတ်သူနှင့် မိခင်ကို ပါးရိုက်၍ မြေမျိုခံရသူ

လောက၌ ကျေးဇူးရှင်များအား ပြစ်မှားသူများ မြေမျိုသည်ဆိုသောစကား ဥဒါန်းတွင်လျက်ရှိသည်။ လူသားစင်စစ်ကို မြေကြီးက ကွဲအက်ပြီး မျိုသွားသည်ဆိုခြင်းမှာ ဗုဒ္ဓဘာသာဝင်တို့အတွက် မဆန်းချေ။ ကလေးဘဝကတည်းက နားယဉ်နေခဲ့ကြ၏။ ဒေဝဒတ်ရဟန်း၊ စိဉ္စမာဏဝိကာနှင့် ရှင်မောဂ္ဂလာန်အလောင်း စသည်တို့ကို ကြိမ်ဖန်များစွာ ကြားသိဖူးကြပြီ။ သို့သော် ထိုအဖြစ်အပျက်များကာလည်း စာအုပ်ထဲမှာသာ ရှိနေခဲ့၏။ မျက်မြင်ကြုံဖူးသူဟူ၍ မရှိသလောက် ဖြစ်နေသည်။ ယခုအခါမှာကော ထိုသို့ မြေမျိုသူရှိသလားဟု မေးခွန်း ထုတ်ရမလို ဖြစ်နေ၏။

မည်သို့ဖြစ်စေ ဗုဒ္ဓဘာသာဝင် မဟုတ်သူတို့အတွက်ကား ရှင်ဒေဝဒတ် မြေမျိုသည်ဆိုသည်ကိုပင် ဒဏ္ဍာရီစကားပမာ ထင်ဖွယ်ရာရှိ၏။ ငရဲခန်းနှင့် ခြောက်၊ ဘုံခန်းနှင့်မြှောက်ဆိုသကဲ့သို့ ကျေးဇူးရှင်တို့အား မပြစ်မှားရဲအောင် လုပ်ကြံရေးသားထားသည်ဟုပင် ထင်ကောင်းထင်နိုင်ပေသည်။ လူကိုမြေမျိုသည်ဆိုသော ဖြစ်ရပ်မှာလည်း အလွန့်ကို ဆန်းကြယ်လှ၏။ မည်သည့် တိုးတက်သော နိုင်ငံစာပေမှတ်တမ်းများတွင်လည်း မြေမျိုသည့်မှတ်တမ်းများ ရှိသည်ဟု မကြားသိရဖူးချေ။

အကယ်၍ အောက်ပါဖော်ပြလတ္တံ့သော ဖြစ်ရပ်နှစ်ခုသည် အမှန်တကယ် ဖြစ်ပျက်ခဲ့ရိုးမှန်ပါက အလွန်သမိုင်းတင်သင့်သော ဖြစ်ရပ်၊ တန်ဖိုးမဖြတ်နိုင်သော သတင်းတစ်ပုဒ်ပင် ဖြစ်တော့သည်။ အကယ်၍ အခြားနိုင်ငံတို့၌ ဖြစ်ပျက်ဖူးခြင်းမရှိဘဲ ဗုဒ္ဓဘာသာနိုင်ငံမျိုးမှာမှ ဖြစ်ရသလားဟု စာဒက တက်ပါလျှင် မည်သို့ ဖြေဆိုအံ့နည်း။ အဖြေကား လွယ်ပါသည်။ ဗုဒ္ဓသာသနာတော်

www.burmeseclassic.com

www.burmeseclassic.com



မထွန်းကားသော အရပ်တို့၌ ဒုစရိုက်တွေ မည်မျှ မိုးမွှန်အောင် လုပ်သော်လည်း အထွတ်အထိပ် မကောင်းကျိုးကို မရနိုင်သကဲ့သို့ ကြီးကျယ်သော ကောင်းမှုတွေ လုပ်သော်လည်း အထွတ်အထိပ် ကောင်းကျိုးချမ်းသာမျိုးကို မရနိုင်ပါချေ။ သားသမီးတို့အပေါ် ထားရှိသော မိဘတို့၏ မေတ္တာမှာလည်း ဗုဒ္ဓဘာသာဝင် မိဘတို့၏ မေတ္တာလောက် ကြီးမြတ်နိုင်သူလည်း ရှားပေလိမ့်မည်။

သို့ရာတွင် မိဘဟူသည် လူသားတိုင်းအတွက် ဘုရားပင်ဖြစ်၍ ဗုဒ္ဓဘာသာဝင် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ သားသမီးတို့က မိဘအပေါ် ကောင်းမှုပြုလျှင် ကောင်းကျိုးနှင့် မကောင်းမှုပြုလျှင် မကောင်းကျိုးဖြစ်ရမည်မှာ ခြားနားမှုမရှိနိုင်၊ နိယာမပင် ဖြစ်တော့သည်။ တစ်ဖန် မိဘတို့၏ သီလ သမာဓိ မေတ္တာ စသော အရည်အချင်းများကလည်း အကျိုးအပြစ်ကို ကွဲပြားစေနိုင်ပေသေးသည်။

ကျေးလူရှင်များအား ပြစ်မှားသူများ မြေမျိုခြင်းနှင့်စပ်၍ ပထမဆုံး သတိပြုသင့်သော မှတ်တမ်းမှာ ၁၉၅၈-ခုနှစ် နိုဝင်ဘာလထုတ် သင့်ဘဝမဂ္ဂဇင်းပါ "ဖခင်ကိုသတ်သော သားကို မြေမင်းကပင် သည်းမခံနိုင်"ဟူသော ဓမ္မဃောသက ဦးမောင်မောင်၏ ဆောင်းပါးတစ်ပုဒ် ဖြစ်သည်။ သို့သော်လည်း အမည်၊ ခုနှစ် စသည်ကား မပါရှိပေ။ မျက်မြင်ကိုယ်တွေ့ တစ်ဦး၏ ပြောပြချက်အတိုင်း ရေးထားကြောင်း သိရသည်။

ဖြစ်ပုံမှာ . . . အသက်သုံးဆယ်ခန့်ရှိသော လူရွယ်တစ်ယောက်သည် ညီအစ်ကို မောင်နှမ ၅-ဦး အမွေခွဲဝေကြရာ လယ်မြေကေ အရနည်းသည်ဟု ဆိုကာ တရားဘာဝနာနှင့်နေသော ဖခင်ကြီးအား ဓားနှင့် လည်ပင်းကို ခုတ်သတ်ခြင်းဖြစ်၏။ ခုတ်သတ်ပြီး မကြာခင် မြစ်သားမြို့နယ် ချုံပုတ်ရွာအနီး ရွှေမင်းဝံတောင်ခြေမှာ မြေမျိုခံရသည်။

မျက်မြင်ကိုယ်တွေ့တစ်ဦး ပြောပြသည်မှာ "ကျွန်တော် ရောက်သွားချိန်မှာ လူအုပ်ကြီးက ဝိုင်းပြီးကြည့်နေကြတယ်။ မြေမျိုတာကလဲ ဒူးအထက်နားတောင် ရောက်နေပြီ။ အပူရှိန်ဟပ်လို့ ဘယ်သူမှ အနားမကပ်နိုင်ဘူး၊ ပူလွန်းလို့ 'ရေပေးပါ' လို့ တောင်းတော့ တချို့က သနားတာနှင့် ရေခွက်ကို ဝါးလုံးနဲ့ ချည်ပြီး လှမ်းပေးကြပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဤဖြစ်သားမြို့ မြေမျိုးသောကိစ္စမှာ မှတ်တမ်းမှတ်ရာ မစုံလင်သော်လည်း ဆက်လက်လေ့လာ၍ ရနိုင်လောက်ပေသည်။ ဤမျှလောက် မှတ်တမ်းပြုတင်ပြသူ ဆရာကြီး ဓမ္မဃောသက ဦးမောင်မောင်အား သဲလွန်စရသဖြင့် ကျေးဇူးတင်ပါသည်။

ဤဖြစ်ရပ်နှင့်စာလျှင် ယခုဖော်ပြလတ္တံ့သော ဖြစ်ရပ်မှာ ပိုမိုပြည့်စုံသဖြင့် ဆရာမင်းသူရိန်အား အထူးကျေးဇူးတင်ရပါသည်။ နောင်အခါတွင် အလားတူဖြစ်ရပ်များ ကြုံခဲ့သော် ရုပ်ရောအသံပါ မှတ်တမ်းပြုနိုင်သော ခေတ်ဖြစ်လာသည့်အတိုင်း တိတိကျကျ မှတ်တမ်းတင်သူများ ပေါ်ပေါက်ပါစေဟုသာ မျှော်လင့်တောင့်တမိပါသည်။

(အောက်ဖော်ပြပါ မိခင်ရင်းကို ပါးရိုက်၍ မြေမျိုခံရသူ မိန်းကလေး၏ တကယ့်ဖြစ်ရပ်ကို ကိုယ်တိုင်အနီးကပ် တွေ့ကြုံခဲ့ရသော အသက် (၆၄)နှစ်ရွယ် ယောဂီမယ်တော်ကြီး၏ ပြောပြချက်အတိုင်း တင်ပြခြင်း ဖြစ်ပါသည်။)

ကျွန်မတို့ရွာသည် ပဲခူးခရိုင် သနပ်ပင်မြို့နယ် အရှေ့တောင်ယွန်းယွန်းရှိ ယစ်ကန်ကြီးရွာ ဖြစ်ပါသည်။

ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီ မြန်မာသက္ကရာဇ် ၁၃၀၂ခု (၁၉၄၀)ခုနှစ် လယ်များရိတ်သိမ်းပြီးစ တပို့တွဲလဟု ထင်ပါသည်။ ထိုစဉ်က ကျွန်မအသက်မှာ (၁၄)နှစ်ခန့် ဆံတောက်ဖားဖားနှင့် အပျိုပေါက်ဖြစ်စ ဖြစ်ပါသည်။

ကျွန်မတို့ရွာတွင် မူလတန်းကျောင်းရှိရာ စတုတ္ထတန်းတွင် ပညာသင်နေချိန် ဖြစ်ပါသည်။ ကျွန်မနှင့် မြေမျိုခံရသူ မရင်ရွှေတို့မှာ တစ်တန်းတည်းကျောင်းနေဖက်၊ ကျောင်းသွားဖော် ကစားဖက် ငယ်သူငယ်ချင်းများ ဖြစ်ကြပါသည်။

ရင်ရွှေ၏မိဘများမှာ လယ်သမားကြီးများဖြစ်၍ ကျွန်မ၏မိဘများမှာ တိုင်းရင်းဆေးဆရာကြီး ဖြစ်ပါသည်။ ရင်ရွှေ၏ဖခင်မှာ အလွန်ရိုးသားသော လယ်သမားကြီး ဦးမောင်သိန်းဖြစ်၍ မိခင်မှာ ဒေါ်ကျင်ဥ ဖြစ်ပါသည်။

စတုတ္ထတန်းစာမေးပွဲ ဖြေဆိုပြီး၍ ကျောင်းအုပ်ဆရာကြီးက စာတော်သော ကျောင်းသူကျောင်းသားများအား ဆုပေးပွဲပြုလုပ်ပါသည်။ ထိုနေ့က ဆုပေးပွဲ အခမ်းအနားသို့ ရင်ရွှေမလာပါ။

www.burmeseclassic.com

www.burmeseclassic.com



ဆုရသူကျောင်းသူ ကျောင်းသားများအား ဆရာကြီးက ခဲတံ၊ စာအုပ်၊ မင်အိုး၊ လက်ကိုင်ပဝါ၊ ပေါင်ဒါဘူးကလေး မဲဖောက်ပါသည်။ ဆုပေးပွဲမှအပြန် ရင်ရွှေအား ပေါင်ဒါဘူးကလေး ဝင်မပေးခဲ့ရပါ။ ညနေမှ ရင်ရွှေအိမ်သို့ သွားပေးရန် ရည်ရွယ်ပြီး အိမ်သို့ တန်းပြန်သွားပါသည်။

ညနေ (၄)နာရီခန့်တွင် ရွာထဲမှလူများ ဆူဆူညံညံ ပြေးကြလွှားကြ ဖြစ်နေပါသည်။ ခဏအကြာတွင် ရွာအရှေ့ဘက် ရေကန်ကြီးအနီး လယ်ကွက်ထဲတွင် ကျွန်မသူငယ်ချင်း ရင်ရွှေ သူ့အမေကို ပါးရိုက်၍ မြွေမျိုခံနေရကြောင်း သိရပါသည်။

ကျွန်မတို့မိသားစုလည်း ရွာသူရွာသားများနှင့်အတူ ရွာအရှေ့ဘက်သို့ အပြေးအလွှား သွားကြပါသည်။ ကျွန်မလက်ထဲတွင် မဲပေါက်ထားသော ဆုရ ပေါင်ဒါဘူးကလေးကို ကိုင်လျက်ပြေးသွားခြင်း ဖြစ်ပါသည်။

မြွေမျိုသည်ဆိုခြင်းကို ကျွန်မအဖို့ ကြားသာကြားဖူးပါသည်။ မမြင်ဘူးပါ။ ဟိုရောက်လျှင် ရင်ရွှေအားပေးရန် ပေါင်ဒါဘူးကလေးကို ကိုင်သွားခြင်း ဖြစ်ပါသည်။

ရင်ရွှေ မြွေမျိုသည့်နေရာမှာ ရွာအရှေ့ဘက် လယ်(၅)ကွက်ကျော် ရေကန်ကြီးနှင့် မနီးမဝေးတွင် ဖြစ်ပါသည်။ ရွာရှေ့ ဆုတောင်းပြည့်စေတီ၏ အရှေ့ဘက်ကွင်းမှာ ချစ်တီးကုလားပိုင် (၁၀)ကောခန့် လယ်ကွက်များ ဖြစ်ပါသည်။

ကျွန်မတို့ ရောက်သည့်အချိန်တွင် လယ်ကွက်ပတ်လည်တွင် လူများ ဝိုင်းအုံနေသဖြင့် ရင်ရွှေကို မမြင်ရပါ။ လူအများကြား တိုးဝှေ့ဝင်သွားမှ လယ်ကန်သင်းဘေး လယ်ကွက်ထဲတွင် လက်နှစ်ဖက်ထောက်၍ ဘေးစောင်း ထိုင်လျက် လဲကျနေသော ရင်ရွှေကို ထီးထီးကြီး မြင်တွေ့ရပါသည်။

ရင်ရွှေ၏အနီး ပေနှစ်ဆယ်အစိတ် ပတ်ဝန်းကျင်တွင် လူတစ်ယောက်မျှ မရှိပါ။ ကျွန်မသည် ပေါင်ဒါဘူးကလေးကိုင်လျက် ရင်ရွှေအနီးသို့ ပြေးသွားပါသည်။ ပါးစပ်မှလည်း "ရင်ရွှေ၊ ညည်းအတွက် ပေါင်ဒါဘူးကလေး ဆုရတယ် ဟေ့" ဟု အော်ရင်း တိုးသွားပါသည်။

"ဟဲ့ . . . တင်မေ၊ ရှေ့မတိုးနဲ့ မတိုးနဲ့" ဟု လူကြီးများအော်သံနှင့်အတူ လယ်ကွက်အတွင်းမှာ မြေကြီးများမှ ကျွန်မ၏ခြေဖဝါးများ ချမရအောင် ပူကျက်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မသည် ပေါင်ဒါဘူးကလေးကို ကိုင်လျက် "ရင်ရွှေရေ ငါ နှင့်အနား လာလို့မရဘူး" ဟု ငိုး၍ ပြောမိပါသည်။

"တင်မေရ . . . ကောင်မ၊ ငါ့အနားမလာနဲ့၊ ငါ့အနား ဘယ်သူမှမလာကြနဲ့၊ မလာကြနဲ့" ဟု ရင်ရွှေက အော်ပြောနေပါသည်။

"အမယ်လေး ပူလိုက်တာ ရေ . . . ရေ . . . ရေပေးကြပါ" ဟု အော်နေပါသည်။

ရွာမှလူကြီးများသည် ဝါးလုံးအရှည်ကြီးများကို လှမ်းပေးပြီး "ရင်ရွှေ ဒီဝါးလုံးအဖျားကိုကိုင် အားယူပြီး ထဟဲ့၊ မတ်တတ်ရပ်လိုက်၊ ကြိုးစားပြီး ထကြည့်စမ်း"ဟု အော်ကြ၊ ဝါးလုံးရှည်ကြီးများ ထိုးပေးကြနှင့် ဆူညံနေပါသည်။

"ထလို့မရတော့ဘူး၊ ကျုပ်ထလို့ မရတော့ဘူး၊ အမယ်လေး ကယ်ကြပါဦး၊ ပူလိုက်တာ ရေ . . . ရေ . . . ရေပေးကြပါ"

ရင်ရွှေ၏အော်သံမှာ ကြားရသူတိုင်း ရင်ထုမနာ စိတ်မကောင်း ဖြစ်ရပါသည်။ ကျွန်မလည်း "ရင်ရွှေရေ . . . ရင်ရွှေရေ" အော်ငိုရင်း လှမ်းကြည့်လိုက်ရာ ရင်ရွှေ၏ ခြေမျက်စိသာသာမှာ ရှိုးပြတ်များကဲ့သို့ ခြောက်သွေ့နေသော လယ်ကွက်မြေကြီးထဲတွင် မြုပ်ဝင်နေပါသည်။

"အမေရယ် . . . ကယ်ပါဦး၊ ကျုပ်ကို ကယ်ကြပါဦး၊ ရေ . . . ရေ . . . ရေ"

ရင်ရွှေ၏အသံမှာ တိမ်၍ အားမရှိတော့ပါ။ အသံမှာ ခပ်ယဲ့ယဲ့သာ ထွက်နေပါသည်။

လယ်ကန်သင်းတွင် အဖေ ဦးသိန်းမောင်က တွဲကိုင်ထားရသော မိခင်ဒေါ်ကျင်ဥသည် "သမီးရေ၊ အမေ ခွင့်လွှတ်တယ်၊ အမေ့ကို ကန်တော့လိုက်၊ အမေ့ကို ကန်တော့လိုက်၊ သမီးအနားကို အမေလာလို့ မရဘူး . . . ဟဲ့"

"ရင်ရွှေ . . . ရင်ရွှေ . . . သမီးရေ . . . အမယ်လေး၊ ကျွန်မသမီးလေး ကယ်ကြပါဦးတော့"

ကလေးမီးဖွားပြီးစ သွေးသားနုနုဖြင့် မီးတွင်းထဲမှ လိုက်လာရှာရသော မိခင်ဒေါ်ကျင်ဥခမျာ အော်ရင်း ခေါ်ရင်း မူးမေ့လဲကျသွားရှာပါတော့သည်။

ရွာလူကြီးများက ဝါးလုံးရှည်ကြီးတွင် ရေမှုတ်ကို ကြိုးနှင့် အခိုင်အမာချည်၍ ရေထည့်ပြီး ရင်ရွှေအနီးသို့ ရေလှမ်း၍ ပေးကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ရင်ရွှေသည် ရေမှုတ်ကို ဝမ်းသာအားရ လှမ်းကိုင်လိုက်ရာ လက်က တုန်နေ၍လား အပူရှိန်ကြောင့်လား မသိပါ၊ ရေမှုတ်မှရေမှာ လှုပ်ယမ်းဖိတ်စဉ်၍ ကျကုန်ပါသည်။ ရင်ရွှေ သောက်မရရှာပါ။

"ရင်ရွှေရယ် နင့်အဖြစ်ဆိုးလိုက်တာနော်"

ကျွန်မသည် ရင်ရွှေအဖြစ်ကို မကြည့်ရက်၍ မျက်စိကို ပိတ်ထားမိပါသည်။

"အမေနဲ့အဖေကိုယ်တိုင် ရေမှုတ်ရှိ ဝါးလုံးကိုကိုင်ပြီး တိုက်ကြည့်စမ်းပါဗျာ"

သူကြီးက အဖေ ဦးသိန်းမောင်နှင့် အမေဒေါ်ကျင်ဥတို့အား ရေတိုက်ခိုင်းပါသည်။ အမိအဖနှစ်ပါးကိုယ်တိုင် ရေမှုတ်ရိုးကိုကိုင်၍ ရေတိုက်ကြပါသည်။ မရပါ။ ပါးစပ်နားရောက်သည်နှင့် ရေများလှုပ်ယမ်း ဆူပွက်ဖိတ်စဉ်ကျကုန်ပါသည်။

တစ်စတစ်စဖြင့် ရင်ရွှေ၏ ခြေထောက်နှစ်ဖက်မှာ ခြေမျက်စိအထက် နားထိ မြေကြီးထဲရောက်နေပါပြီ။ ရွာနီးချုပ်စပ်ကပါ သတင်းကြား၍လာကြည့်ကြရာ ရင်ရွှေ ပတ်လည် လယ်ကွက်ထဲတွင် လူတွေပြည့်နေပါသည်။

ရင်ရွှေ မြေမျိုသည့်နေရာနှင့် ပေလေးငါးဆယ်ပတ်လည်မှာ ခြေချမရအောင် ခြစ်ခြစ်တောက်ပူနေပါသည်။ ရင်ရွှေအား အစာကျွေးဖို့ မဆိုထားနှင့်၊ ရေတစ်ခွက် ပါးစပ်ထဲဝင်ဖို့ မလွယ်တော့ပါ။

တဖြည်းဖြည်းနှင့် နေဝင်ချိန်ရောက်၍ အလင်းရောင် ပျောက်ကာ မှောင်စပြုလာပါသည်။ ရွာလူကြီးများက ကလေးများနှင့် မိန်းမများကို အပြန်ခိုင်း၍ ပြန်ကြရပါသည်။ အချို့မှာ ညစာ ထမင်းဟင်းပင် မချက်ခဲ့ရသေးပါ။

ရွာလူကြီးများသည် ရွာထဲပြန်၍ အောက်လင်းဓာတ်မီးနှစ်လုံးထွန်း၍ ယူလာပါသည်။

ရင်ရွှေနှင့် မနီးမဝေးတွင် တိုင်စိုက်တန်းများချည်ပြီး အောက်လင်းဓာတ်မီးများ ချိတ်ဆွဲထားရပါသည်။ ကျွန်မတို့အဖေအပါအဝင် ရွာမှလူကြီးများ ညလုံးပေါက် စုဝေးစကားပြော ထိုင်စောင့်နေကြရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မမှာ မှောင်လာပြီဖြစ်၍ အမေနှင့်အဖေက ပြန်ခိုင်း၍ အိမ်သို့ ပြန်ခဲ့ရပါသည်။ ရင်ရွှေ၏ ကိုယ်တစောင်းလေး လဲကျ မြေမြှုပ်နေသည့်ပုံကို မျက်စိထဲက မထွက်တော့ပါ။

ထိုနေ့ညက တစ်ညလုံး ကျွန်မ အိပ်မပျော်ပါ။ ရင်ရွှေမှာ သေလည်း မသေသေး၊ ရေလည်း မသောက်ရ၊ အစာလည်း မစားရ၊ ချစ်လို့ခင်လို့ သူ့အနားလည်း သွားမရ၊ စကားလည်း ပီပီသသ မပြောနိုင်တော့၊ ပူလိုက်သည်မှာလည်း သူ့အနားမှာ ဘယ်လောက်ပူမည်မသိ၊ ကျွန်မအဝေးက ရပ်ကြည့်နေသူများပင် အပူရှိန်ဟပ်နေပါသည်။

လူကြီးမိဘကို စော်ကားရင် ငရဲကြီးတတ်တယ်၊ မိဘကိုစော်ကားရင် မြေမြှုပ်တယ်ဆိုသော စကားများသည် လူကြီးများက ကြောက်အောင်ခြောက်လှန့်သော စကားဟု ထင်မိပါသည်။

ညအိပ်ရာဝင်မှ အမေပြောပြ၍ ရင်ရွှေမြေမြှုပ်ရသည့် အကြောင်းကို ခရားစေ့တွင်းကျ သိရပါတော့သည်။

ယခုကိုယ်တိုင် မြင်တွေ့ကြားသိရသဖြင့် ကျွန်မမှာ ကြောက်လိုက်သည်ဖြစ်ခြင်း။ အိပ်၍ပင် မပျော်တော့ပါ။ အမေနှင့်အဖေကို ကြောက်လိုက်သည်မှာ မျက်နှာကိုပင် ရဲရဲမော့မကြည့်ဝံ့တော့ပါ။

*

မရင်ရွှေ၏မိခင် ဒေါ်ကျင်ဥသည် အငယ်ဆုံး သားငယ်လေးမွေးဖွားပြီး မီးတွင်းကပင် မထွက်ရရှာသေးပေ။ ရင်ရွှေသည် အိမ်မှုကိစ္စများကို အခါတိုင်းထက်ပို၍ ကူညီလုပ်ကိုင်နေရရှာသည်။

ထိုနေ့က အဖေဦးသိန်းမောင်သည် နေမကောင်းလျက်ဖြင့် လယ်ထဲဆင်းရရှာသည်။ အပြန်တွင် ချွေးထွက်အောင် ဆန်ပြုတ်ပူပူကလေး သောက်ချင်ကြောင်းမှာသွားသည်။

ညနေ (၃) နာရီသာသာတွင် ရင်ရွှေတစ်ယောက် ဆန်ဆေး၍ ထမင်းအိုးတယ်နေသည်။

အမေဒေါ်ကျင်ဥသည် ကလေးငယ်ကို နို့တိုက်နေရာမှ "ဟဲ့ . . . ရင်ရွှေ ထမင်းအိုးတယ်ပြီး ညည်းအဖေပြန်လာရင် သောက်ရအောင် ဆန်ပြုတ်အိုးကလေး တယ်လိုက်ဦး" ဟု လှမ်းပြောလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ရင်ရွှေသည် ဆန်ဆေးနေရာမှ ဆောင့်အောင့်ပြီး "ကိုယ့်လင်ကိုယ် မျက်နှာလုပ်ချင်ရင် ကိုယ်ကိုယ်တိုင် တယ်ပါလား" ဟု ပြန်ပြောလိုက်ပါသည်။

ရင်ရွှေ၏ စကားသံကို ကြားလိုက်ရသော ဒေါ်ကျင်ဥသည် နှီးတိုက်ထားသော ကလေးကိုချ၍ "ဟဲ့ . . ရင်ရွှေ နင် ဘယ့်နှယ်ပြောလိုက်တာလဲ" ဟု မေးလိုက်ပါသည်။

"ပြောမှာပဲ၊ ကိုယ်တိုင်ဖြင့် ထ,မလုပ်ဘဲနဲ့ အခန်းထဲကနေ ဆရာလုပ်နေတာပဲ"

"ဟဲ့ . . . ရင်ရွှေ ငါ့မှာ သွေးနုနုမို့ နင့်ကိုခိုင်းတာ ခါတိုင်း ငါလုပ်နေ တာပဲ မဟုတ်လား၊ အမေကို ဒီလိုပြန်ပြောရသလား၊ မိုက်ရိုင်းလိုက်တာ"

"မိုက်ရိုင်းတော့ ဘာဖြစ်သလဲ၊ ပြောမှာပဲ"

"အောင်မယ် အမေကို ပြန်ပြောတဲ့ကောင်မ ဟင်း"

ဒေါ်ကျင်ဥသည် သမီးဖြစ်သူ၏ ပြန်ပြောခြင်း ခံရသဖြင့် ဒေါသဖြစ်ကာ ရင်ရွှေအနီးသို့ ပြေးသွားလိုက်သည်။ ရင်ရွှေသည် ဆန်ဆေးနေရာမှ ဆတ်ခနဲ ထလိုက်ကာ ရေစိုနေသော ညာလက်ဝါးဖြင့် အမေဒေါ်ကျင်ဥ၏ ညာဘက်ပါးကို ဖြန်းခနဲ ရိုက်ချလိုက်ပါသည်။

သွေးနုနုဖြင့် အားအင်ချည့်နဲ့နေရှာသော ဒေါ်ကျင်ဥသည် မီးဖိုနားတွင် ခွေခနဲ လဲကျသွားပါသည်။

"အလို ဘုရား . . . ဘုရား . . . ရင်ရွှေ ညည်း အမေ့ပါးကို ရိုက်တယ်၊ ညည်းတော့ မြေမျိုတော့မှာပဲ"

ဒေါ်ကျင်ဥသည် သူ့ပါးကို လက်ဝါးဖြင့် ပွတ်ရင်း မျက်ရည်များ စီးကျကာ ရှက်ဒေါသစိတ်ဖြင့် အော်၍ငိုလိုက်မိရှာသည်။

ရင်ရွှေသည် သူ့ပါးရိုက်မိ၍ အမေလဲကျသွားသည်နှင့် အိမ်ထဲမှ ရွာအရှေ့ဘက်သို့ ထွက်ပြေးသွားလေ၏။ ရွာအရှေ့ဘက် ဆုတောင်းပြည့်ဘုရားဝင်းထဲမှ ဖြတ်၍ တအားပြေးနေပါသည်။

ဆုတောင်းပြည့်ဘုရား တန်ဆောင်းထဲမှ အသက် (၇၀)ကျော် ဥပသကာကြီး ဦးသာဗျောသည် ရင်ရွှေ အူယားဖားယား ပြေးသွားသည်ကို မြင်လိုက်သည်နှင့် "ဟဲ့ ရင်ရွှေ ပြေးလှချည်လားဟဲ့၊ ဘာဖြစ်လာတာလဲ" ဟု လှမ်း၍မေးရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



ရင်ရွှေသည် ပြေးနေရင်းမှ "ကိုယ့်အလုပ် ကိုယ်လုပ်၊ သူများအလုပ်ကို ဝင်မရှုပ်နဲ့" ဟု ပြန်ပြောသွားပါသည်။ အဘဦးသာဗျော်သည် အလို ဒီမိန်းကလေး ဘယ်လိုများ ပြန်ပြောသွားပါလိမ့်ဟု စိတ်မကောင်းဖြစ်ကာ ကျန်ခဲ့ရှာသည်။

ရင်ရွှေသည် ရွာအရှေ့ဘက် လယ်ကွက်များကို တစ်ကွက်ပြီးတစ်ကွက် ကျော်၍ ရေကန်ကြီးဆီသို့ ပြေးဟန်တူပါသည်။ ရေကန်ကြီးသို့ မရောက်မီ လယ် တစ်ကွက်ခန့် အလိုတွင် လဲကျသွားခြင်း ဖြစ်ပါလိမ့်မည်။

ရင်ရွှေအဖို့ လဲကျသွားသည့်အချိန်မှစ၍ ထ၍ မရတော့ပါ။ ခြောက်ကပ်၍ ပတ်ကြားအက်စ ပြုနေသော ရိုးပြတ်လယ်ကွက် မြေမာမာကြီးတွင် ရင်ရွှေ ခြေဖဝါးနှစ်ဖက်မှာ ရွှံ့ထဲနစ်ဝင်သွားသကဲ့သို့ နုတ်၍ မရတော့ချေ။

ရင်ရွှေတစ်ယောက်တည်း အချိန်မည်မျှ ကြာအောင် လဲကျ၍ မြေကြီးထဲ ခြေနှစ်ဖက် မြုပ်ဝင်နေသည်မသိ၊ ရွာထဲမှ နွားကျောင်းသားများ ရွာအပြန်တွင် မြင်၍ ပြေးလာကြပါသည်။

"ဟဲ့ . . . ရင်ရွှေ နင်တစ်ယောက်တည်း ဘာဖြစ်နေတာလဲ" ဟု မေးရင်း ပြေးလာကြစဉ် ရင်ရွှေက "မလာနဲ့ . . . မလာနဲ့၊ ငါ့အနား ဘယ်သူမှ မလာကြနဲ့" ဟု အော်လွှတ်၍ ရွာသို့ပြန်ပြေးလာကြပါသည်။

နွားကျောင်းသားများက ရွာထဲရောက်သည်နှင့် ရင်ရွှေ၏မိဘများနှင့် ရွာသူရွာသားများအား ပြောပြမှ တစ်ရွာလုံးသိကာ လှုပ်လှုပ်ရွရွ ပြေးလွှား ကြည့်ရှုကြခြင်း ဖြစ်ပါသည်။

*

နောက်တစ်နေ့ နံနက်စောစောတွင်တစ်ကြိမ် ရင်ရွှေမြေမျိုရာသို့ ကျွန်ုပ်မ သွားကြည့်ပါသည်။ ရင်ရွှေ၏ ခြေသလုံး တစ်ဝက်သာသာခန့် မြေကြီးထဲရောက်နေ ပါသည်။ ရင်ရွှေသည် ပင်ပန်းနွမ်းနယ်နေဟန် လက်နှစ်ဖက်ထောက်လျက် ခေါင်း ငိုက်စိုက်ကြီး ဖြစ်နေပါသည်။

တစ်ညလုံး အစာမစားရ၊ ရေမသောက်ရ၊ မအိပ်ရနှင့် ဘယ်လောက်များ ဆာလောင်မွတ်သိပ် ဆင်းရဲဒုက္ခရောက်ရှာလိမ့်မည်ကို တွေးပြီး ကျွန်ုပ်မ စိတ်မကောင်း ဖြစ်နေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ရင်ရွှေကိုကြည့်ရင်း ကျွန်မမှာ သနားစိတ်၊ ဝမ်းနည်းစိတ်၊ ကြောက်ရွံ့ ထိတ်လန့်စိတ်များမှာ ထိန်း၍မရ၊ ချုံးပွဲချ၍ ငိုရင်း အိမ်သို့ပြန်ပြေးခဲ့ပါတော့သည်။

ညနေပိုင်း တစ်ခါ သွားကြည့်မည်ဟု စိတ်တွင် ရည်ရွယ်ထားသော်လည်း ကျွန်မ စိတ်ထိခိုက်နေသည်ကိုမြင်၍ အမေက သွားခွင့်မပြုတော့ပါ။ ညနေပိုင်း အဖေနှင့် ရွာလူကြီးများ ပြန်လာ၍ မေးကြည့်ရာ ဒူးဆစ်မြုပ်သွားကြောင်း သိရပါသည်။

ရင်ရွှေ မြေမျိုခံရသည်မှာ ထိခိုက်ဒဏ်ရာရ၍ သေဆုံးသကဲ့သို့ တစ်ပါတည်း သေဆုံးပျောက်ကွယ်သွားခြင်း မဟုတ်ပါ။ တစ်နေ့တစ်နေ့ တစ်ရွေ့ရွေ့ဖြင့် မြေတွင် မရှုမလှနစ်၍ ပျောက်ကွယ်သွားခြင်းဖြစ်ရာ ကာယကံရှင် မဆိုထားနှင့်၊ ဘေးမှ တွေ့မြင်ရသူများပင် သနားစိတ်မကောင်း ပူဆွေးသောက ရောက်ကြရပါသည်။

ကျွန်မအထင်တော့ ခုနစ်ရက်ခန့်ကြာမှ လုံးဝ မြေကြီးအောက်ရောက်၍ တစ်ကိုယ်လုံး မြေမျိုပျောက်ကွယ်သွားပါသည်။ သုံးရက်ခန့်အကြာ ခါးအထက်ပိုင်း ရောက်နေချိန် အမေမသိအောင် တစ်ခါ သွားကြည့်ပါသေးသည်။ လက်နှစ်ဖက် မြှောက်၍ အော်ဟစ်ငိုယိုနေသည်ကို မြင်ရသဖြင့် စိတ်ကိုမထိန်းနိုင်၍ အိမ်သို့ ပြန်ပြေးခဲ့ရပါသည်။

ထိုအချိန်က ကျွန်မတို့ရွာမှ ရင်ရွှေ မြေမျိုခံရသည့်သတင်းမှာ မြို့နယ်တစ်ဝိုက် ပျံ့နှံ့သွားပြီး လာရောက်ကြည့်ကြသူများ စည်ကားနေခဲ့ပါသည်။ ကျွန်မကတော့ နောက်ထပ်သွား၍ မကြည့်ဝံ့တော့ပါ။

အနန္တကျေးဇူးရှင် မိခင်ရင်းကို ကာယကံမြောက် ပါးရိုက်စော်ကားမိ၍ အရှင်လတ်လတ် ဒုက္ခဆင်းရဲခံ၍ မြေမျိုခံ၍ ပျောက်ကွယ်သေဆုံးသွားသော မရင်ရွှေ၏အကြောင်းမှာ ကျွန်မတို့ ငယ်ရွယ်သူ သားသမီးများအတွက် သင်ခန်းစာ ရခဲ့ကြပါသည်။

> "ထိုနေ့မှစ၍ ကျွန်မတို့အဖို့ အနန္တ ငါးပါး မြတ်စွာဘုရားနှင့် တစ်ဂိုဏ်းတည်း ထားအပ်သော ကျေးဇူးရှင် မိဘနှစ်ပါးအပေါ်၌ ကာယကံ ဝစီကံ မဆိုထားနှင့်၊ မနောကံဖြစ်သော စိတ်နှင့်မျှပင် မပြစ်မှားဝံ့ခဲ့ပါ။

ကျွန်မ၏သူငယ်ချင်း မိခင်ရင်းကို ကာယကံမြောက် ပါးရိုက်မိ၍ မြေမျိုခံခဲ့ရသူ မရင်ရွှေ၏အကြောင်းကို ကျွန်မ မှတ်မိသမျှ ဆရာမင်းသူရိန်အား ပြန်ပြောခြင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာမင်းသူရိန်မှတစ်ဆင့် မရင်ရွှေ၏အကြောင်းကို စာအုပ်စာတမ်းများတွင် ရေးသားဖော်ပြပေးခြင်းဖြင့် ယနေ့ သားငယ် သမီးငယ်များ မိဘတို့၏ ဂုဏ်ကျေးဇူးကို သိတတ်နားလည် လိမ္မာယဉ်ကျေး မိဘနှစ်ပါးကို ရိုသေမြတ်နိုး လုပ်ကျွေး ပြုစုကြစေလိုသော စေတနာ ဖြစ်ပါသည်။

အထူးသတိပေးလိုသည်မှာ ကျေးဇူးရှင် မိဘနှစ်ပါးကို ကာယကံ၊ ဝစီကံ၊ မနောကံဆိုသည့် ကံသုံးပါးဖြင့် မပြစ်ပြင်၊ မပြစ်မှား မစော်ကားမိကြရန် အရေးကြီးလှပါသည်။

မတော်တဆ စိတ်လိုက်မာန်ပါ ပြစ်မှားစော်ကားမိပါက သံသရာ ဘဝ မဆိုင်းဘဲ ယခုဘဝမှာပင် ဘုန်းမကြီး အသက်မရှည်ရုံမက ဘေးဆိုး၊ ရန်ဆိုးတို့နှင့် တွေ့ကြုံကြရမည်ဖြစ်ကြောင်း စေတနာကောင်းဖြင့် နှိုးဆော်သတိပေးလိုက်ရပါတော့သည်။

[.......... နေ့ထုတ် သီလဝမဂ္ဂဇင်းမှ ဆရာမင်းသူရိန်၏ ဝတ္ထုကို မူရင်းအတိုင်း ထပ်ဆင့် ဖော်ပြလိုက်ပါသည်။]

○

www.burmeseclassic.com

www.burmeseclassic.com

[illegible]

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တွေ့

# ရုက္ခစိုးနတ်သမီး

www.burmeseclassic.com

www.burmeseclassic.com

## စကားပလ္လင်

၁။ ကိုယ်တွေ့ ပရိတ်တော်တန်ခိုး

၂။ ကိုယ်တွေ့ တစ္ဆေအကြောင်း

၃။ ကိုယ်တွေ့ ရုက္ခစိုးနတ်သမီးအကြောင်းများကို

ရေးသားခြင်းသည် -

၁။ ပရိတ်တော်၏ တန်ခိုးသတ္တိကို ယုံကြည်ကြစေရန်

၂။ ကံ့ ကံ၏အကျိုးကို ယုံကြည်ကြစေရန်

၃။ ကံကိလေသာ ကင်းပြတ် နိဗ္ဗာနဓာတ်ကို ယုံကြည်ကြစေရန် အဓိကထားသည် ဖြစ်ပါ၍ ဒဏ္ဍာရီ၊ ဝတ္ထု၊ ပုံပြင်များကဲ့သို့ စာရှုသူတို့ ဖတ်ကောင်းအောင် အပိုချဲ့ထွင် ရေးသားခြင်းမဟုတ်တဲ့ မှန်ကန်သော အဖြစ်သနစ် ကိုသာ မူတည်၍ ရေးသားရခြင်း ဖြစ်ပါသည်။

ထိုစာအုပ်တွင် ဖော်ပြပါရှိသည့် ကာယကံရှင်များကလည်း သူတစ်ပါးတို့ ကဲ့ရဲ့မှု၊ ချီးမွမ်းမှုကို ပမာဏမထား၊ မှန်ကန်သော အဖြစ်သနစ်ကိုသာ လိုလားသည့်အလျောက် မြို့ ရွာ အမည်နာမ အကြောင်းအရာများကို မကွယ် မဝှက်ဘဲ ရေးသားဖော်ပြရန် ခွင့်ပြုပြီး ဖြစ်ပါသဖြင့် ပထမ တစ္ဆေကြီး အကြောင်း၊ ဒုတိယရုက္ခစိုးနတ်သမီး အကြောင်း၊ တတိယ ပရိတ်တန်ခိုးကို အစဉ်အတိုင်း ရေးသား ပြသရန် ဖြစ်ပါကြောင်း။

ကိုယ်တွေ့မျက်မြင် ရေးသားသူ

ဦးခင်စိုး(မွှော်စရိယ)

ဟံသာဝတီတိုက် ပါဠိဆရာကြီး

www.burmeseclassic.com

www.burmeseclassic.com

# ကိုယ်တွေ့
# ရုက္ခစိုးနတ်သမီး ဝတ္ထု

## ဘကြီးကိုင်းအိမ်

ဟသ်ာတမြို့ ကမ်းပါးထိပ်တွင် အလွန်ကြီးမား၍ အကိုင်းအခက်အရွက်တို့ဖြင့် စိမ်းလန်းစိုပြည်သော မအူပင်ကြီးတစ်ပင် ရှိ၏။ ယခုတိုင် ထိုမအူပင်ကြီးသည် မလဲမပြို မပျက်မစီး တည်ရှိနေ၏။ ထိုမအူပင်ကြီးသည် အဓိကရသစ်ပင်ကြီး တစ်ပင်ဖြစ်ရကား ရုက္ခစိုး နတ်မင်းကြီးများ နေထိုင်စိုးအုပ်သော သစ်ပင်ကြီးဟု မြို့သူမြို့သားများက အမှတ်ပြု၍ တရိုတသေ လေးလေးစားစားရှိကြ၏။ ရုက္ခစိုး နတ်မင်းကြီးအား ရည်မှန်းကာ ပန်း ဆီမီး အမွှေးနံ့သာ စသည်တို့ဖြင့် ပူဇော်ကြ၏။

## ကိုးကွယ်ဆည်းကပ်ခြင်းအကြောင်း

'ဗဟုံ ဝေ သရဏံ ယန္တိ ပဗ္ဗတာနိ ဝနာနိ စ' စသည်ဖြင့် ဓမ္မပဒ၌ ဟောတော်မူသည်။ အဓိပ္ပာယ်မှာ- တော၊ တောင် အရပ်၊ သစ်ပင် စသည်များကို အချို့ လူတို့သည် ကြောက်လန့်ကြသဖြင့် ကိုးကွယ်ဆည်းကပ်ကြကုန်၏။ အားကိုးကြကုန်၏။ ဤသို့ ပြုခြင်းသည် ကိုးကွယ်ရာ မမည်၊ အားကိုးရာ မမည်၊ အကြောင်းမူကား ကိုးကွယ်ဆည်းကပ် အားကိုးသူအား ဒုက္ခခပ်သိမ်းမှ မလွတ်ငြိမ်းစေနိုင်သောကြောင့်တည်း။

အချို့သောလူတို့သည် ရတနာ ၃ ပါးကို ကိုးကွယ်ဆည်းကပ်အားကိုးကြကုန်၏။ ဤသို့ ပြုခြင်းသည် ကိုးကွယ်ဆည်းကပ်ရာမည်၏။ အားကိုးရာမည်၏။ အကြောင်းမူကား ဒုက္ခခပ်သိမ်းမှ လွတ်ငြိမ်းစေနိုင်သောကြောင့်တည်း။

အထက်ပါ ဓမ္မပဒ၌ လာရှိသောစကားကို အမှီပြု၍ တော၊ တောင်၊ သစ်ပင်စသည် ကိုးကွယ်သူများအား ကိုးကွယ်သူ၏ စိတ်ထားကို သတိမမူဘဲ

www.burmeseclassic.com

www.burmeseclassic.com



အကြီးအကျယ် အပြစ်ဆိုနေကြ၏။ မည်သည့်အရာမဆို စူးစမ်းဆင်ခြင်ပြီးမှသာ အပြစ်ဆိုသင့်က ဆိုရာ၏။ သတိသမ္ပဇဉ် စူးစမ်းဆင်ခြင်ရန်မှာ -

(၁) ဤတောကြီး တောင်ကြီး သစ်ပင်ကြီးများသည် တန်ခိုးကြဒ္ဓိပါဒ်ကြီး၏။ တန်ခိုး ကြဒ္ဓိပါဒ်ကြီးသောအရာကို ကိုးကွယ်မှ ဘေးအန္တရာယ် ကင်းလွတ်မည်၊ ဆင်းရဲကင်းလွတ်မည်ဟု နှလုံးသွင်းကို (အဝိညာဏက) သက်မဲ့ သစ်ပင် စသည်ကိုသာ အာရုံစူးစိုက် ကိုးကွယ်ခြင်းတစ်မျိုး၊

(၂) ဤတောကြီး၊ တောင်ကြီး၊ သစ်ပင်ကြီးများ၌ တည်ရှိသော နတ်မင်းကြီးများသည် တန်ခိုး ကြဒ္ဓိပါဒ်ကြီး၏၊ ထိုတန်ခိုးကြဒ္ဓိပါဒ်ကြီးသော နတ်မင်းတွေကို ကိုးကွယ်မှ ဘေးအန္တရာယ် ကင်းလွတ်မည်၊ ဆင်းရဲကင်းလွတ်မည်ဟု နှလုံးသွင်း၍ (သဝိညာဏက) သက်ရှိ နတ်မင်းကြီး စသည်ကိုသာ အာရုံစူးစိုက် ကိုးကွယ်ခြင်း တစ်မျိုး၊

(၃) ဤရတနာ ၃-ပါးသည် ၄-ရပ်သော သစ္စာတရားတို့ကို ပေးတတ်၏။ ဟောဖော်ညွှန်ပြ ဆုံးမတတ်၏။ ၄-ရပ်သော သစ္စာတရားကို သိမြင်မှသာ ဒုက္ခခပ်သိမ်းမှ ကင်းငြိမ်းနိုင်၏ဟု နှလုံးသွင်း၍ ရတနာသုံးပါးကိုသာ အာရုံစူးစိုက်ကာ ကိုးကွယ်ခြင်း တစ်မျိုးဟူ၍ ၃-မျိုး ၃-စား ခွဲခြားပြီးလျှင် -

၁- အချက် ကိုးကွယ်သူသည် အမှားစင်စစ် ဧကန်ဖြစ်၏။ အကြောင်းမူကား တောတောင် သစ်ပင်များသည် မည်သည့်ဘေးအန္တရာယ်ကိုမှ လာရောက် ကာယ်တင်မှုမပြုနိုင်၊ မြတ်စွာဘုရားသခင်ကလည်း ထို(၁)အချက် ကိုးကွယ်သူများကိုသာ ရည်ညွှန်း၍ ကိုးကွယ်ရာ မမည်ဟု ဟောတော်မူသည်။

၂-အချက် ကိုးကွယ်သူသည် သံသရာ ဝဋ်ဒုက္ခမှ မလွတ်မြောက်နိုင်သော်လည်း ယခုပစ္စုပ္ပန် ကျရောက်မည့် ဘေးအန္တရာယ်ကိုမူကား ကင်းပျောက်နိုင်၏။ မြတ်စွာဘုရားသခင်လည်း မိမိတို့ ပူဇော်မြဲ နတ်များကို ပူဇော်ပသမှု မပျက်ကောင်း၊ ပူဇော်မြဲ ပူဇော်ကြရ၏၊

www.burmeseclassic.com



သို့မှ ၎င်း၏ နတ်တို့က မေတ္တာရှိပြီး ကျရောက်မည့် အန္တရာယ်များကို စောင့်ရှောက်ပေးနိုင်သည်ဟု အင်္ဂုတ္တိုရ်၌ ဟောတော်မူသည်။

၃-အချက် ကိုးကွယ်သူအဖို့ကား အထူးရေးသားဖွယ် မရှိ အကျိုးရှိသည်သာလျှင် ဖြစ်၏၊ သို့ဖြစ်၍ သစ်ပင်ကိုသာ အာရုံပြုစိုက်ကာ မပူဇော်လေနှင့်၊ အများစင်စစ် မိစ္ဆာဒိဋ္ဌိ ဖြစ်လိမ့်မည်၊ နတ်မင်းကြီးများကို အာရုံပြုစိုက်၍ ပူဇော်ပါ၊ ထိုနတ်မင်းမှ မေတ္တာသက်ဝင်ချစ်ခင်လာလျှင် စောင့်ရှောက်နိုင်လိမ့်မည် ဖြစ်ပါသတည်း။

မအူပင်ကြီး၏ အနောက် မလှမ်းမကမ်း ၁၅ ပေခန့်အကွာတွင် အရပ်လူကြီး ဘကြီးကိုင်း (ဦးစစ်ကိုင်း)အိမ် တည်ရှိလေသည်။ မအူပင်ကြီးအနီး၌ ဘကြီးကိုင်းအိမ်အပြင် အခြားသောအိမ်များလည်း ရှိသေး၏။ ဘကြီးကိုင်းအိမ်သည် မအူပင်ကြီး၏ အရိပ်အောက်တွင် ရှိရကား မအူပင်ကြီးနှင့် အနီးကပ်ဆုံး အိမ်ဖြစ်၏။

ဘကြီးကိုင်းအိမ်သည် ကမ်းနဖူးတွင် တည်ရှိခြင်း၊ မအူပင်ကြီး အရိပ်ဖြင့် ဖုံးအုပ်နေခြင်း၊ ဧရာဝတီမြစ်တွင် သွားလာနေသော လှေကြီးလှေငယ် ဖောင် သင်္ဘောတူ ဖျတ်ပိုင်းများကို အိမ်ပေါ်မှပင် တွေ့မြင်နိုင်ခြင်းများကြောင့် အတော်သာယာ ပျော်မွေ့ဖွယ်ကောင်းသော အိမ်တစ်အိမ်ဖြစ်နေ၏

## သားသမီးများ

ဘကြီးကိုင်း၏ သားသမီးများမှာ သားနှစ်ယောက်နှင့် သမီးနှစ်ယောက် ရှိလေသည်။ ဇနီးသည်ကား အနိစ္စ ရောက်နှင့်လေပြီဖြစ်၏။ သားနှစ်ယောက်တို့တွင် သားအကြီးမှာ ရဟန်းဘဝသို့ ရောက်ရှိနေ၏။ ကျန်သားတစ်ယောက်နှင့် သမီးနှစ်ယောက်မှာ အိမ်ထောင်သည်များ ဖြစ်ကြ၏။ သမီးကြီးမှာ ငယ်စဉ်ကအိမ်ထောင်ပြုပြီးနောက် ခင်ပွန်းသည် ဆုံးသွားသည်ဖြစ်သဖြင့် နောက်ထပ်အိမ်ထောင်မပြုတော့ဘဲ အဘနှင့်အတူနေထိုင်ကာ အဘအား ပြုစုလုပ်ကျွေးလျက်နေတော့၏။ သားအငယ်မှာ အိမ်ထောင်ပြု၍ တခြားသို့ ပြောင်းရွှေ့နေထိုင်၏။ သမီးအငယ် ဒေါ်တင့်မှာ အိမ်ထောင်ပြု၍ သားသမီး ၅ ယောက် ရပြီးနောက် ခင်ပွန်းသည် သေဆုံးသွားလေ၏။ အဘ ဘကြီးကိုင်းနှင့်နေသူ အစ်မကြီး သေပြီးနောက် ဒေါ်တင့်သည် သားသမီး ၅ ယောက်နှင့် အဘအိမ်သို့ ရွှေ့ပြောင်းနေထိုင်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



## ဘကြီးကိုင်း၏ ကိုယ်ကျင့်

ဘကြီးကိုင်းသည် ငယ်စဉ်အခါက သားသမီးများကို တရားသဖြင့် ရောင်းဝယ်ဖောက်ကား၍ ကျွေးမွေး၏။ သားတစ်ဦးကို သာသနာတော်တွင်း ရဟန်းဘောင်သို့ သွတ်သွင်း ချီးမြှင့်ပေး၏။ ရပ်ရွာတွင်ဖြစ်စေ၊ တခြားမှာဖြစ်စေ သူတစ်ဦးတစ်ယောက်နှင့် နင်ပဲငဆ စကားတုံ့ပြန်ခိုက်ရန် မဖြစ်ဘူးသည့်အပြင် လူရိုးလူကောင်း တစ်ယောက်ဖြစ်၏။ အများ၏ကြည်ညိုလေးစားခြင်းကို ခံရ၏။ နဂို စိတ်ရင်းကောင်းခြင်း၊ သားဘုန်းကြီးရှိနေခြင်း၊ အများ၏ ကြည်ညိုခြင်းကို ခံရခြင်း စသည်တို့ကြောင့် အရာရာ အကြောင်းကြောင်းတွေကို ထောက်ထား၍ လောင်းကစားကြူးခြင်း၊ အပျော်အပါး လိုက်စားခြင်း၊ အရက်သေစာ သောက်စား မူးယစ်ခြင်း၊ စကား မတည်ခြင်း၊ လိမ်လည် လှည့်ပတ်တတ်ခြင်း၊ လောဘရမ္မက် ကြီးခြင်း၊ အမျက်ဒေါသကြီးခြင်းစသော ကိုယ်ကျင့်တရား ပျက်စီးမည့်အလုပ်နှင့် အပြောအဆို အမူအရာတွေကို ဝေးစွာ ရှောင်ရှားထား၏။

## လူကောင်းဟုသိရန် မလွယ်ကူကြောင်း

သူတစ်ပါး နဂိုနေ စိတ်ရင်းကောင်း-မကောင်း ကိုယ်ကျင့်တရားရှိ-မရှိ သိရဖို့ အရေးမှာ လွယ်ကူသောအရာမဟုတ်။

၁။ ထိုသူနှင့် အတူတကွ ကြာမြင့်စွာ နေထိုင်ဖူးခြင်း၊

၂။ ထိုသူ့အပေါ် စူးစမ်းနေခြင်း၊

၃။ မိမိလည်း စူးစမ်းနိုင်လောက်သော ဉာဏ်ပညာရှိခြင်း အကြောင်း သုံးပါးတို့ဖြင့်သာ သူတစ်ပါးတို့၏ စိတ်ရင်းသဘောထား၊ ကိုယ်ကျင့်တရားများကို သိစွမ်းနိုင်ပေသည်ဟု ကောသလသံယုတ် ပါဠိတော်၌ ကောသလမင်းကြီးအား ဘုရားရှင် ဟောကြားတော်မူသည်ကို ထောက်၍ စုံစမ်းမှု ရှိ - မရှိ၊ ထိုသူနှင့် အတူတကွ နေဖူးရုံနှင့် ထိုသူ၏စာရိတ္တ ကောင်း - မကောင်း မဆုံးဖြတ်သင့်ပေ၊ စိတ်ရင်းသဘောထား ကိုယ်ကျင့်တရားမရှိသူများသည် မစင်ကို ပြာဖုံးထားသကဲ့သို့ တစ်ခဏမျှသာ အနံ့မထွက်နိုင်ဘဲရှိ၏။ ကြာလျှင် ဒုစရိုက်နံ့သည် တထောင်းထောင်း ထွက်လာတတ်၏။ သို့ဖြစ်၍ မည်သည့် တရားမျိုးမဆို လွယ်ကူစွာ ယုံကြည်တတ်၊ ဆုံးဖြတ်တတ်သောသူသည် လွဲတတ်မှားတတ်ကြောင်း သတိပြုသင့်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## သား ဘုန်းတော်ကြီးက ပြုစုခြင်း

ဘကြီးကိုင်းသည် သမီးများမြေးများနှင့်အတူ လုပ်ကိုင်စားသောက်လာခဲ့၏။ အသက် ၇၀ ကျော် ၈၀ ခန့် ရောက်သောအခါ ဇရာဒုဗ္ဗလ ဖိစီးနှိပ်စက်ခံနေရသည်က တစ်ကြောင်း၊ ပစ္စည်းဥစ္စာ ပေါများကြွယ်ဝသူ မဟုတ်သဖြင့် ဆင်းရဲစွာ အသက်မွေးမြူရသည်က တစ်ကြောင်း၊ ကိုယ်တိုင် ပြုစုကျွေးလိုသည်က တစ်ကြောင်း၊ ဤအကြောင်းများကြောင့် သားဘုန်းတော်ကြီးက ခမည်းတော်ကို ခေါ်ဆောင်ကာ ဘုန်းတော်ကြီး၏ သီတင်းသုံးနေထိုင်ရာဖြစ်သည့် ဟသ်ာတမြို့ သပြေကုန်းတိုက်နယ် ဝါဆိုကျောင်းဝင်းအတွင်း ဇရပ်ငယ်ကလေး တစ်ခုဆောက်၍ ကောင်းမွန်စွာ ကိုယ်ဖိရင်ဖိ ပြုစုလုပ်ကျွေးထားလေ၏။

## ဘကြီးကိုင်း ဖျားနာခြင်း

သား ဘုန်းတော်ကြီးသည် ခမည်းတော်ကြီးအား ကျောင်းသို့ ခေါ်ဆောင်ပြီး ပြုစုကျွေးမွေး၍ နှစ်ပရိစ္ဆေဒ အတော်ကြာလတ်သော် လူကြီးတို့ဓမ္မတာ ဇရာဒုဗ္ဗလ ရောဂါသည် သိသိသာသာကြီး ဖိစီးနှိပ်စက်လာတော့၏။ ဇရာဒုဗ္ဗလ ရောဂါကြီး ဖိစီးနှိပ်စက်နေစဉ်မှာပင် ဗျာဓိ ရောဂါကြီးသည်လည်း အခွင့်ကောင်းယူကာ ဝင်လာတော့၏။ ထိုကဲ့သို့ ရောဂါကြီး ၂ မျိုး ဖိစီးနှိပ်စက်ခံနေရသော ခမည်းတော်ကြီးမှာ သားဘုန်းတော်ကြီးက သမားကောင်းများစွာတို့ဖြင့် ကုသ ပေးပါသော်လည်း ဆေးတန်ခိုးပြရုံ သက်သာသလို ရှိလိုက်၊ ရောဂါတိုးလိုက်ဖြင့် ဆေးနှင့်အနာရောဂါ လွန်ဆွဲသကဲ့သို့ ရှိနေရာမှ နောက်ဆုံးတွင် ရောဂါက အနိုင်ရရှိပြီး အိပ်ရာမှ မထနိုင်သော အခြေသို့ပင် ဆိုက်ရောက်လာခဲ့တော့၏။

## ခမည်းတော် သေဆုံးခါနီးအချိန်

ခမည်းတော်ကြီး ဘကြီးကိုင်းသည် ရောဂါဗျာဓိ နှိပ်စက်ဘိရကား အိပ်ရာမှ မထနိုင်၊ အစာရေစာမှ မစားနိုင်၊ မသောက်နိုင်သောအခြေသို့ ရောက်သောအခါ သား ဘုန်းတော်ကြီးနှင့်တကွ တပည့်ဒကာများသည် ပိုမို ဂရုစိုက်ကြရ၏။ အချို့သော တပည့်ဒကာများက ခမည်းတော်ကြီး၏ ရောဂါ အခြေအနေကို သိလိုကြသဖြင့် -

"ဘဘကြီး၊ သည်နေ့ ဘယ့်နှယ်နေသေးသလဲ၊ နေကောင်းပါရဲ့လား" ဟု မေးလျှင် -

www.burmeseclassic.com

www.burmeseclassic.com



"အေး . . . ဟသာ်တမြို့ မအူပင်ဆိပ်ကမ်း မအူပင်ကြီးနားမှာ တို့အိမ် ရှိတယ်၊ သိပ်သာယာတယ်၊ နေလို့ထိုင်လို့ ကောင်းတယ်၊ ငါ့မြေးတွေလဲ ရှိတယ်၊ မင်းတို့ရောက်ရင် တို့အိမ်ဝင်ထွက်သွား၊ ကြားလား၊ ငါလဲ မကြာခင် အိမ်ကိုပြန်နေ တော့မယ်"

ဤသို့စသည်ဖြင့် အမေးတခြား၊ အဖြေတခြား စိတ်စောရာသို့ ပြောကြား နေတော့၏။ သား ဘုန်းတော်ကြီးက -

"ဒါယကာကြီး၊ မကြာခင်ပဲ ဒကာကြီးအိမ် ပြန်ပို့ပေးမယ်၊ မြေးများနှင့် အတူတကွ ပြန်နေရတော့မယ်၊ ရောဂါတွေ ပျောက်လျှင် ပြောင်းရွှေ့ပေးမယ်၊ ရောဂါ နည်းပါးသွားအောင် သည်ဆေးကလေး သောက်လိုက်ပါ၊ သည်ခတ်စာ ကလေးကို စားလိုက်ပါ၊ ရတနာ ၃-ပါးကို အာရုံပြု၍ သတိထားပါ၊ မကြာခင် ရောဂါ ပျောက်လိမ့်မယ်" ဟု ဖျောင်းဖျပြောဆိုရလေ၏။

ထိုအခါ ခမည်းတော်ကြီးက -

"တပည့်တော် သေရမှာ မကြောက်ပါဘူး၊ တကယ်လို့ သေသွားဦးတော့ အရှင်ဘုရား ရှိနေမင့်ဟာ၊ ဘယ်တော့မှ အပါယ်ဘုံသား မဖြစ်နိုင်ပါဘူး" ဟု ပြောဆို လေသည်။ ဤပြောဆိုချက်သည် သေခါနီးမှ ပြောဆိုသော စကားမဟုတ်၊ မည်သည့် အခါမဆို မည်သူနှင့်တွေ့တွေ့၊ မိမိသားဘုန်းတော်ကြီးရှိသည်ကို ဂုဏ်ယူသည့် သဘောမျိုးမဟုတ်၊ မိမိ တရားစကားကြားနာဖူးသည့်အတွက် ယုံကြည်ချက်ဖြင့် သာသနာတော်တွင် သားဘုန်းကြီးရှိနေလျှင် ခမည်းတော်ဖြစ်သူ ဘဝများစွာ အပါယ် ဘေးမှ ကင်းဝေးသည်ဟု မကြာခဏ ပြောကြားလေ့ရှိ၏။

## သားရဟန်းအတွက် အပါယ်မလားကြောင်း

သာသနာတော်အတွင်းဝယ် သားရဟန်းရှိနေလျှင် ခမည်းတော် မယ်တော် တို့မှာ အပါယ်မလားတော့ဘူး ဆိုသည့်စကားသည် သူပြော ငါပြော များလှ၏။ လူပြောများတိုင်းလည်း တထစ်ကျ မယူသင့်၊ အချို့ မှန်သည်လည်းရှိ၏။ အချို့ မမှန်သည်လည်း ရှိ၏။ အချို့ ပိဋကတ်စာပေနှင့် ညီသည်လည်းရှိ၏။ မညီသည်လည်း ရှိ၏။ သို့ဖြစ်၍ စကားတစ်ခု အထူးပြောလာလျှင် ပိဋကတ်တော်စာပေနှင့် ညှိနှိုင်း တိုင်းထွာသင့်သည်၊ ပိဋကတ်တော်ကျမ်းစာ ပဏ္ဏာသအဋ္ဌကထာတွင် လာရှိ သည်မှာ . . .

www.burmeseclassic.com

www.burmeseclassic.com



အကြင် ခမည်းတော်မယ်တော်တို့၏ သီလဝန္တ သားရဟန်းတော်သည် သာသနာတော်အတွင်းဝယ် တည်ရှိ၏။ ထိုခမည်းတော် မယ်တော်များသည် သီလဝန္တ သားရဟန်းတော်အပေါ်ဝယ် နေ့စဉ်နှင့်အမျှ အာရုံပြု၍ ကြည်ညိုနေ၏။ နှလုံးသွင်းနေ၏။ ထိုသို့ သီလဝန္တ သံဃာတော်အား ကြည်ညိုမှု များပြားခြင်းကြောင့် အပါယ်သို့ မလားရဘဲ သုဂတိဘုံဘဝသို့သာ လားရောက်ရလေသည်။ ဤသို့ ကျမ်းလာစကား ရှိသည်ဖြစ်၍ လူပြောသူပြောများသော အထက်ပါ စကားသည် မှန်ကန်သင့်မြတ်ကြောင်း သတိပြုသင့်လေသည်။

## ခမည်းတော် အနိစ္စရောက်ခြင်း

ခမည်းတော်ကြီးအား ဇရာဘေး၊ ဗျာဓိဘေးစသော စစ်သည်ရဲမက် လက်နက်များစွာတို့ဖြင့် ခြံရံကာ မရဏစစ်ဗိုလ်ကြီးက ဖြိုခွင်းနေသည့်အတွက် မသက်မသာ အလူးအလှိမ့်ခံနေရ၏။ ခမည်းတော်ကြီးဘက်က အရေးနိမ့်နေသည်ကို သိရှိတော်မူသော သားဘုန်းတော်ကြီးသည် ခမည်းတော်ကြီးအား စစ်ကူပေးသောအလား ပန်းဆီမီးတို့ဖြင့် ပူဇော်စေ၏။ ပရိတ်တော်များကိုလည်း ရွတ်ဖတ်နာကြားစေ၏။ သို့ရာတွင် စစ်သည်ရဲမက် လက်နက်အင်အား ကောင်းလှသော မရဏ စစ်ဗိုလ်ချုပ်ကြီးကား နှယ်နှယ်ရရ မဟုတ်။ ဓမ္မက္ခန္ဓာပေါင်း ၈ သောင်း၊ ၄ ထောင်နှင့် လက်နက်ဆောင် တည်ထောင်ထားသည့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးကိုပင်လျှင် မလ္လာမင်းတို့ အင်ကြင်းစုံမောသာသည့်တောဝယ် ရှင်သေမင်းနှင့် ရင်ဆိုင် တိုက်ခိုက်သောအခါ အရေးတော်ပုံ မလှရကား ၈ သောင်း၊ ၄ ထောင်သော လက်နက်တို့ကို တပည့်သံဃာ မြောက်မြားစွာတို့ထံ အပ်နှံခဲ့၍ ကိုယ်တော်တစ်ပါးတည်း လက်မြှောက်အရှုံးပေးကာ အသခ်တဓာတ် နိဗ္ဗာန်ရွှေပြည်မြတ်သို့ အခြံအရံကင်းကွာ လိုက်ပါတော်မူရသေး၏။ သို့စဉ်ကလောက် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ကြောက်လန့်ခြင်းမရှိသော ရှင်သေမင်းသည် ခမည်းတော်ကြီး ဘကြီးကိုင်းမျှလောက်သောသူကိုကား မှုလောက်မည်မထင်။ အသာကလေးပင် ဖြိုခွင်းနိုင်ရကား သေမင်းလက်တွင်းသို့ သက်ဆင်းကျရောက်ရရှာလေ၏။

## ကိုယ်တွေ့ တစ္ဆေကြီး အကြောင်း

### ကွယ်လွန်ကြောင်း စာပေးခြင်း

ခမည်းတော်ကြီး ကွယ်လွန်သွားသည်ကို သိရှိကြရန် ဘုန်းတော်ကြီးသည် အစ်မဖြစ်သူ ဒေါ်တင့်ထံ အကြောင်းကြားစာရေး၍ ဒါယကာတစ်ဦးအား အပို့လွှတ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။ ဗိုလ်သူသည် သပြေကုန်းတိုက်နယ်မှ ၁၂ မိုင်ခန့် ကွာဝေးသော ဟင်္သာတမြို့သို့ လှေသမ္ဗန်ဖြင့် စုန်ဆင်းလာခဲ့ပြီး တာ ၅၀ ရပ်၊ မအူပင်ဆိပ် ခမည်းတော် ဦးစစ်ကိုင်းအိမ်ဟောင်းသို့ဝင်ရောက်ကာ ဒေါ်တင့်အား ဘုန်းတော်ကြီး ပေးလိုက်သော ခမည်းတော် ကွယ်လွန်ကြောင်းစာကို ပေးလိုက်၏။

## ထွီဆိုသည့်အသံကြီး

စာပေးလိုက်လျှင် ပေးလိုက်ချင်း စာကိုမျှ မဖတ်ရသေးမီ အိမ်အပေါ်ထပ်က 'ထွီ' ဟု ကျယ်လောင်စွာ မြည်သည့် တံတွေးထွေးသံကြီးကို စာပေးလာသူဗိုလ်သည်နှင့်တကွ အိမ်သားအားလုံး ကြားလိုက်ရ၏။ အားလုံး ခေါင်းနားပန်းကြီးပြီး ငေးစိုက်နေကြ၏။ ကြောက်စိတ်နှင့် မယုံသင်္ကာစိတ်များ ရောထွေးကာ အိမ်အပေါ်ထပ်သို့ အားလုံး စူးစူးစိုက်စိုက် ကြည့်ရှုကြ၏။ စာဖတ်ရန်ကိုပင် မေ့နေကြ၏။ အိမ်ပေါ်ထပ်သို့ မရဲမတရဲ တရွေ့ရွေ့သွားရောက်ကြည့်ရှုကြရာ တစ်စုံတစ်ရာမျှ မတွေ့ရ။ အိမ်အပေါ်ထပ်မှ ခမည်းတော်ဦးစစ်ကိုင်းအိပ်သည့် ခုတင်တစ်ခုမှတစ်ပါး ဘာမျှ ထားရှိခြင်းလည်း မရှိ၊ တခြားတစ်နေရာက တံတွေးသံများ ဖြစ်နေရော့သလားဟု သံသယရှိကာ ပြန်ဆင်းလာပြီး စာကိုဖတ်ကြတော့၏။ စာဖတ်ပြီး အကြောင်းစုံ သိကြရသောအခါ အိမ်သားအားလုံး ငိုကြွေးကြလေတော့၏။

## ည-အချိန်

ည ၇ နာရီကျော် ၈ နာရီခန့် ရောက်လတ်သော် အိမ်တွင်းတစ်နေရာမှ 'ထွီ' ဆိုသည့်အသံကြီး ပေါ်လာပြန်၏။ ထိုအခါ အိမ်သားများလည်း စိတ်မလုံကိုယ်မလုံ ဖြစ်ကုန်တော့၏။ နေ့လယ်က ငိုပွဲဆင်ခဲ့သော ကလေးများမှာ ကြောက်လန့်တကြား လူကြီးများကြားသို့ တိုးဝှေ့ဆူညံနေတော့၏။ အိမ်နီးချင်း ဗိုလ်သည်များလည်း အကြောင်းသိလိုဇောဖြင့် လာရောက်မေးမြန်းကြ၏။

ဗိုလ်။ ။ ဒေါ်တင့်ကလေးတွေ ဘာဖြစ်တာလဲ။

တင့်။ ။ ထွီဆိုတဲ့အသံကြီး ကြားလို့တဲ့။

ဗိုလ်။ ။ သည်အသံက ဘာသံမို့လဲ။

တင့်။ ။ ဘာသံရယ်လို့ ဘယ်သိမလဲရှင့်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ မေးမြန်းနေစဉ်မှာပင် ထွီဆိုသည့်အသံ အိမ်တွင်းက ပေါ်ပေါက်လာသဖြင့် ဒေါ်တင့်က 'အဲသည်အသံပေါ့' ဟု ဆိုလိုက်၏။

ဒေ့၊ ။ အို-- သည်အသံ လူတဲတွေးထွေးတဲ့အသံ ဖြစ်တော့မပေါ့။

တင့်။ ။ ကျွန်မတို့လဲ အဲသည်လိုပဲ ထင်တာပဲ။ ဒါပေမယ့် နေ့လယ်က အိမ်ပေါ်က ကြားလိုက်ရတော့ လူသံမဟုတ်ဘူးလို့ အောက်မေ့တာပဲ။

ဒေ့။ ။ လူသံမဟုတ်လျှင် ရှင်တို့အဖေလိပ်ပြာက သတိပေးလာတာများ ဖြစ်မနေဘူးလား။

တင့်။ ။ သည်လိုလဲ ဟုတ်ချင်ဟုတ်မှာပေါ့။

ဒေ့။ ။ ဟုတ်ချင် ဟုတ်မှာပေါ့ လုပ်မနေနဲ့၊ လူများသေလျှင် ကိုယ့်အိမ်မှာ ၇-ရက်နေရသေးတယ်။ ၇-ရက်က ကျော်လွန်တော့မှ လိပ်ပြာပျောက်ပြီး တစ်ဘဝ ရောက်သွားတယ်-ဟု ပြောနေစဉ်မှာပင် ထွီ - ထွီ - ထွီ ဟူသော အသံကြီးများကို ဆက်ကာ ဆက်ကာ ကြားနေရတော့၏။ ဒေ့သည်များကလည်း စိတ်မလုံ ကိုယ်မလုံ ဖြစ်ကာ မကြောက်ကြရန် အားပေးစကား ပြော၍ ပြန်သွားကြတော့၏။

## အတ္တယူဆ၍ မိစ္ဆာဒိဋ္ဌိဖြစ်ကြောင်း

ယခုအခါ မြန်မာလူမျိုးအချို့သည်-

၁။ လိပ်ပြာရှိ၏ဟူသော အယူ၊

၂။ သေပြီး အိမ်မှာ ၇-ရက် နေရ၏ဟူသော အယူ။

ဤမိစ္ဆာဒိဋ္ဌိ အယူ ၂-မျိုး စွဲလမ်းလျက်ရှိကြ၏။ ထိုနှစ်မျိုးတွင်-

၁။ လိပ်ပြာရှိ၏ဟု ဆိုသောအယူသည် အတ္တရှိ၏ ဆိုသောအယူနှင့် အတူတူပင် ဖြစ်၏။ လိပ်ပြာခေါ် အတ္တသည် ဘယ်တော့မှ သေခြင်းမရှိ။ ခန္ဓာကိုယ်သာ သေခြင်းရှိ၏။ လိပ်ပြာခေါ် အတ္တသည် ခန္ဓာကိုယ်ဟောင်းမှ ခွာခဲ့၍ ခန္ဓာကိုယ်အသစ်သို့ ပြောင်းလာ၏။ ခန္ဓာကိုယ်အသစ်ကို လိပ်ပြာခေါ် အတ္တသည် အမြဲတည်လျက်ရှိ၏။ တစ်ရံတစ်ခါမျှ ပျက်စီးခြင်းမရှိဟု အယူရှိ၏။ ထိုကဲ့သို့ အဲမှု

www.burmeseclassic.com

www.burmeseclassic.com



မျိုးကို မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက အတ္တဒိဋ္ဌိဟု ဟောကြားတော်မူခဲ့၏။ လိပ်ပြာခေါ် အတ္တမရှိကြောင်းကိုလည်း-

- 'သဗ္ဗေ ဓမ္မာ အနတ္တာ' = အလုံးစုံသောတရားတို့သည် အနတ္တသာ ဖြစ်ကြကုန်၏။ အတ္တဟူ၍ တစုံတစ်မျှ မရှိဟူ၍လည်းကောင်း။
- 'အတ္တာနုဒိဋ္ဌိဥဟစ္စ ဧဝံ မစ္စုတရော သိယာ = အတ္တာနုဒိဋ္ဌိကို ပယ်စွန့်နိုင်လျှင် သေမင်းနိုင်ငံမှ လွန်မြောက်သည် ဟူ၍လည်းကောင်း။
- 'အတ္တာ အဘာဝိဿ န အာဗာဓာယ သံဝတ္တေယျ' = အကယ်၍ ခိုင်မြဲမှု အတ္တရှိခဲ့လျှင် ဖျားနာမှု၊ ကျင်နာကိုက်ခဲမှု မဖြစ်နိုင်ရာ ဟူ၍လည်းကောင်း ဟောကြားတော်မူသဖြင့် လိပ်ပြာခေါ် အတ္တဒိဋ္ဌိ အယူကို စွန့်ပယ်အပ်ကြောင်း သတိပြုသင့်လေသည်။

၂။ 'သေပြီးနောက် အိမ်မှာ ၇-ရက် နေရ၏'ဟု ဆိုသော အယူသည် ၃၁-ဘုံ အပြင် အန္တရာဘဝခေါ် ကြားဘဝ တစ်ခုရှိသေးသည်ကို ဝန်ခံရာကျပေသည်။ ထိုအန္တရာဘဝခေါ် ကြားဘဝရှိသေး၏ ဟူသော မိစ္ဆာဒိဋ္ဌိ အယူတစ်မျိုးသည် သီရိဓမ္မာသောက မင်းကြီးလက်ထက် မိစ္ဆာဒိဋ္ဌိတို့ သာသနာတော်တွင်းသို့ ဝင်ပြီး မိမိတို့အယူဝါဒများကို ဘုရားသခင်အယူဝါဒ ဖြစ်လေဟန်ပြု၍ သွတ်သွင်းခဲ့၏။ ထိုအကြောင်းကို သိတော်မူသော အရှင်မဟာ မော်ဂ္ဂလိပုတ္တတိဿ ရဟန္တာ အရှင်မြတ်သည် ကထာဝတ္ထုကျမ်းကို ဟောကြားတော်မူစဉ် ထိုအန္တရာဘဝခေါ် ကြားဘဝရှိ၏ ဟူသော အယူ၊ သေပြီး အိမ်မှာ ၇-ရက်နေရသေး၏ ဟူသော အယူသည် ဘုရားသခင်၏ အယူဝါဒမဟုတ်၊ မိစ္ဆာအယူဝါဒများသာ ဖြစ်ကြောင်း ဟောကြားတော်မူလေသည်။ သို့ဖြစ်က ဗုဒ္ဓအယူ လက်ခံ ယုံကြည်သူများသည် ထိုကဲ့သို့ မိစ္ဆာဒိဋ္ဌိတရားများ မိမိသန္တာန်၌ မစွဲမိအောင် သတိပြုသင့်လေသည်။

**အိပ်ရာဝင်ချိန် ခြောက်ခြင်း**

ဧည့်သည်များ ပြန်သွားကြ၍ အိမ်သားချည်း ကျန်ရစ်ခဲ့သဖြင့် ကြောက် ကြောက်လန့်လန့်နှင့်ပင် ရှေ့ ဘာသံများကြားရဦးမလဲ၊ ဘယ်လိုခြောက်ဦးမလဲ၊

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုများပြဦးမလဲဟု အမျိုးမျိုး တွေးတောကြောက်လန့် စိုးရိမ်စွာဖြင့်ပင် အိမ်ရာသို့ အသီးသီးဝင်အိပ်ကြ၏။ သို့ရာတွင် ခြောက်လှန့်ပုံကား တစ်မျိုးတစ်မည် ပြောင်းလွဲခြင်း မရှိ ထွီ - ထွီ - ထွီ ဟူသော တံတွေးထွေးသံပြု၍ ခြောက်လှန့်ခြင်း ကိုသာ ပြုနေ၏။ ထိုအသံသည် တစ်နေရာတည်းက မဟုတ်၊ အိမ်တွင်း နေရာအနှံ့၊ အိမ်ပြင်နေရာအနှံ့ ပြုလုပ်နေတော့၏။ အဆန်းတကြယ် ကြောက်အောင်လန့်အောင်၊ သတိလစ်အောင်၊ အန္တရာယ်ဖြစ်အောင် ခြောက်လှန့်ခြင်းမျိုး မဟုတ်ဘဲ မိမိရှိကြောင်း သိရုံ ကျီစယ်ကစားရုံ ပြုလုပ်နေသည်နှင့် တူနေရကား ကြာတော့ အိမ်သူအိမ်သား ကလေးများပါ ကြောက်စိတ်ဖြစ်၏။ ထိုပြဿနာ ထုံးစံကြီး၏ အစဖြစ်ပုံကြောင်းမျိုးစုံကို သိသင့်အပ်လှတော့၏။

## အဘသေဆုံးရာသို့ သွားခြင်း

ဒေါ်တင့်နှင့်သားသမီးများ နံနက်မိုးသောက် အလင်းသို့ရောက်သော် ဖခင် သေဆုံးရာဖြစ်သည့် မောင်ဘုန်းကြီးရှိရာ ကမ္ဗလူရွာသို့ ထွက်ခွာသွားကြ၏။ အိမ်ကို အစောင့်အရှောက် မရှိ တံခါးပိတ်၍ ထားခဲ့၏။ ခမည်းတော်ကြီးအလောင်းကို ဘုန်းတော်ကြီး၏ စီမံချက်အရ ရုတ်တရက် မသင်္ဂြိုဟ်သေးဘဲ ၄-လခန့်အကြာ တပို့တွဲလလောက်ကျမှ မီးသင်္ဂြိုဟ်မည်ဖြစ်သောကြောင့် ဖခင် အလောင်းရှိရာ ကျောင်း၌ပင် အဘကိုရည်မှန်းကာ ဆွမ်းလှူ၊ သပိတ်သွတ် အမျှအတန်းဝေကာ ၃-ရက်ခန့်နေပြီး မိမိတို့အိမ်သို့ ပြန်လာခဲ့ကြ၏။ အိမ်သို့ရောက်လျှင် အိမ်နီးချင်း များအား တစ္ဆေကြီးအကြောင်း မေးမြန်းကြည့်ရာ တစ်စုံတစ်ရာမျှ ခြောက်လှန့်ခြင်း မရှိကြောင်း ပြောပြကြ၏။ အဘသေဆုံးရာ ကမ္ဗလူကျောင်းမှာလည်း တစ်စုံတစ်ရာမျှ ခြောက်လှန့်ခြင်းမရှိသဖြင့် တခြားတစ်ရံဆံ တစ္ဆေသရဲများ လာရောက် ခြောက်နေ လေသလားဟု သံသယမကင်း ဖြစ်နေကြ၏။

## ဖျဉ်ကိုခေါက်၍ ခြောက်ခြင်း

ဒေါ်တင့်တို့ အိမ်သားများသည် အဘအတွက် သပိတ်သွတ် ဆွမ်းလှူပြီး အိမ်သို့ ပြန်ရောက်၍ ညနေအချိန်ကျလျှင်ပင် ရှေးနည်းအတိုင်း ခြောက်မြဲခြောက် နေပြန်၏။ အိမ်သားများအဖို့မှာ နေ့စဉ်နေ့တိုင်း တံတွေးထွေးသဖြင့် ခြောက်လှန့်ခြင်းကို

www.burmeseclassic.com

www.burmeseclassic.com



ရိုးနေသကဲ့သို့ရှိ၏။ ကြောက်လန့်ခြင်းမရှိကြ၊ တစ်နေ့နေ့တော့ တစ်မျိုးခြောက်ဦး မှာပဲဟု တွေးတောပူပန်နေကြ၏။ တစ္ဆေကြီးသည် တစ်မျိုးပြောင်း၍ ခြောက်လှန့်၏။ အိမ်ကာထားသော ပျဉ်ထောင်များကို တဒေါက်ဒေါက် ခေါက်၏။ ခေါင်းရင်း ပျဉ်ထောင်ခေါက်ပြီး ခြေရင်းပျဉ်ထောင်ကို ခေါက်၏။ နောက်ဖေး ပျဉ်ထောင်ကို ခေါက်၏။ ပျဉ်ထောင်အနှံ့အပြား ဆက်စပ်နေအောင် ခေါက်၏။ တစ်ခါတစ်ရံ တံတွေးထွေး၏။ တစ်ခါတစ်ရံ ပျဉ်ထောင်ခေါက်၏၊ အိမ်သားများမှာ ကြောက်လန့်ခြင်း မရှိလှ၊ ရိုးနေဟန်တူ၏။

မကြောက်မလန့်နေသည်ကို သဘောကျဟန် မတူ၊ ပျော်ရွှင်ဟန်မတူ သော တစ္ဆေကြီးသည် ကလေးများထိုင်သည့်နေရာ အိမ်ကြမ်းကို တဒေါက်ဒေါက် နေအောင် ခေါက်လိုက်၏။ ထိုအခါကျမှ ကလေးများ ကြောက်လန့်ပြီး တိုးဝှေ့ ကြတော့၏။

တစ္ဆေကြီးအဖို့မှာ သည်လိုကြောက်မှ သဘောကျပုံရသလား မသိ၊ ကလေးတွေကြားထဲ မကြာခဏ ခေါက်နေတော့၏။ ရံခါ ကလေးများ ထိုင်နေသည့် အောက်မှ ခေါက်၏။ ရံခါ ဘေးမှခေါက်၏။ ရံခါ အိပ်ရာအောက်မှ ခေါက်၏။ ရံခါ တံတွေးလည်းထွေး၏။ ပျဉ်ကို ခေါက်လည်းခေါက်၏။ ကလေးများသည် ပထမခေါက်စကတော့ မနေတတ် မထိုင်တတ် မအိပ်တတ်အောင် ကြောက်လန့်ကြ၏။ တိုးဝှေ့ကြ၏။ တစ်နေ့သာမဟုတ်၊ နေ့စဉ်နေ့တိုင်း ခေါက်နေပြန်တော့ အကြောက်အလန့် မရှိ၊ ရိုးနေပြန်တော့၏။ ကြောက်ဖွယ်လန့်ဖွယ် ဟူ၍ အမှတ်မထားကြတော့ဘဲ အလုပ်အကိုင်မပျက်၊ အပြောအဆိုမပျက်၊ အရယ်အမောမပျက်၊ ပကတိ ဘာမျှ မဖြစ်သကဲ့သို့ ရှိကြတော့၏။

## ဆံပင် လက် ခြေ ဆွဲခြင်း

တံတွေးထွေးခြင်း၊ ပျဉ်ကိုခေါက်ခြင်း၊ ဤခြောက်လှန့်ခြင်းများဖြင့် ကလေးများ မကြောက်ဘဲ ငြိမ်နေသည်ကို သဘောကျဟန်မတူ။ တစ်မျိုးတက်၍ ခြောက်ပြန်၏။ ကလေးများ အိပ်နေစဉ် ဆံပင်ဆွဲထား၏။ အော်ဟစ်တော့မှ လွှတ်လိုက်၏။ တစ်ခါတစ်ရံ လက်ကိုဆွဲထား၏။ တစ်ရံတစ်ခါ ခြေထောက်ကို ဆွဲထား၏။ အော်ဟစ်တော့မှ လွှတ်လိုက်၏။ ကလေးများ၏ ဆံပင်-လက်-ခြေ များကိုသာ ဆွဲထား၏။ လူကြီးများ၏ ဆံပင် လက် ခြေများကို တစ်ခါတစ်ရံမျှ ဆွဲထားခြင်းမရှိ။ သို့ဖြစ်ရကား တစ္ဆေကြီး၌ ကလေးများကို ချစ်ခင်နေသဖြင့်

www.burmeseclassic.com

www.burmeseclassic.com


ပျော်ရွှင်လို၍ ကျီစယ်သည့်သဘော ကစားသည့်သဘောသာ ရှိဟန်တူ၏။ ကလေးများအား တစ်စုံတစ်ခု ဥပဒ်အန္တရာယ် ဖြစ်စေလိုသော သဘောရှိဟန် မတူ။ တစ်ခါတစ်ရံ ထဘီ အင်္ကျီ ပုဆိုးစများကို ဆွဲထား၏။ အော်လိုက်တော့မှ လွှတ်၏။ ဆံပင် - လက် - ခြေ အဝတ်စများကို ဆွဲထားရာ၌ ဆွဲမှန်းကိုသာ သိရ၏။ ဆွဲသည့်အရာကိုကား မတွေ့မမြင်ရ။ များသောအားဖြင့် အိမ်ကြမ်းပေါက်ကြားမှ နေ၍လည်းကောင်း၊ ခေါင်းရင်းအကာ ပျဉ်ထောင်ကြားမှလည်းကောင်း ဆွဲသည်ကများ၏။ ကလေးများသည် ဆွဲဖန်များလတ်သော် ဆွဲထားသည်ကို ကြောက်၍ အော်သည်မဟုတ်ဘဲ တင်းကျပ်နာကျင်လာမှသာ အော်ဟစ်ကြ၏။

## ပယောဂဆရာ ဆင်းပြေးရခြင်း

သည်ကဲ့သို့ ခြောက်လှန့်နေခြင်းများကို အိမ်သားများမှာ ကြောက်လန့်ခြင်း မရှိသော်လည်း အနှောင့်အယှက် တစ်ခုကဲ့သို့ ဖြစ်နေသဖြင့် ပယောဂဆရာများကို ပင့်ဖိတ်ခေါ်ယူရတော့၏။ မိမိတို့အရပ်ထဲမှ ပယောဂဆရာတစ်ယောက် ရောက်လာ၏။ ပယောဂဆရာလည်း မိမိပယောဂအတတ်ဖြင့် ဂါထာစုတ်ခြင်း၊ မန်းမှုတ်ခြင်း ပြုလုပ်ရန် ကန်တော့ပွဲကို ပြင်နေစဉ်မှာပင် ပယောဂဆရာကို အနီးရှိ ကွမ်းအစ်ဖြင့် ပစ်ပေါက်လိုက်၏။ ပြင်ထားသော ကန်တော့ပွဲကိုလည်း မှောက်ပစ်လိုက်၏။ ပယောဂဆရာသည် မိမိမနိုင်ကြောင်းသိသဖြင့် အိမ်မှ ဆင်းပြေးရတော့၏။ (ထိုပယောဂဆရာ၏ နေရပ်နှင့်တကွ အမည်များကို သိပါသော်လည်း သူ၏ဂုဏ် ထိခိုက်နစ်နာမည့် အရေးကြောင့် ဖော်မပြတော့ပါ။) တခြား ပယောဂဆရာများလည်း နိုင်လိမ့်နိုးနိုး လာရောက် စုံစမ်းကြ၏။ မနိုင်မှန်းသိ၍ ရှောင်ကွင်းသွားကြ၏။

## အောက်လမ်းဆရာကြီး

တစ်ခါသော် အသက် ၈၀-ခန့်ရှိ အောက်လမ်းဆရာကြီး တစ်ယောက် ရောက်လာ၏။ ထိုဆရာကြီးက သည်တစ္ဆေကြီးကို သူနိုင်အောင် လုပ်ပြမည်ဟု ဝန်ခံကာ တစ္ဆေကြီး ခြောက်လှန့်ချိန် ရောက်သောအခါ စလောင်းတစ်ခုထဲတွင် ဆေးမှုန့်ထည့်လျက် တိုင်ထိပ်တစ်ခုပေါ်မှာတင်ပြီး မီးရှို့ထား၏။ မီးရှို့ပြီးနောက် ကိုးမြို့ရှင်နတ်၊ အိမ်တွင်း မင်းမဟာဂီရိနတ်၊ ဦးရှင်ကြီးနတ်၊ ဘိုးမင်းကျော်နတ်များစွာကို အမည်ဖော်ထုတ်ကာ မအေ-နှစ်မစသည်ဖြင့် ဆဲရေးကြိမ်းမောင်းနေတော့၏။ အထူးသဖြင့် ဟသ်ာတမြို့ တစ္ဆေခြောက်နေသည့် အိမ်အနီးမှ ကိုင်းခုတ်

www.burmeseclassic.com

www.burmeseclassic.com



သွားရင်း ကျားကိုက်၍ နတ်စိမ်းဖြစ်သော ဟင်္သာတမြို့သား မောင်ဖေလေးနတ်ကို ပိုမိုဆဲရေး၏။ (မောင်ဖေလေးနတ်၏ ဆွေမျိုးများမှာ တစ္ဆေခြောက်နေသည့် အိမ်အနီးမှာပင် ရှိကြ၏။ ထိုဆရာကြီးကား ဆွေမျိုးတွေရှိနေမှန်း သိဟန်မတူ။)

အောက်လမ်းဆရာကြီးသည် စလောင်းဖုံးထဲ ဆေးမှုန့်ထည့်ကာ မီးမသေအောင် တစ်ညလုံး မီးရှို့နေ၏။ ဆေးမှုန်ထည့်လိုက် မီးရှို့လိုက်၊ အခိုးအနံ့ အသက်တွေကို ပျံ့နှံ့အောင် လုပ်နေ၏။ မည်သို့သော အကြောင်းကြောင့်မသိ၊ ဆရာကြီး တန်ခိုးအစွမ်းကြောင့်ဟူ၍ ထင်မိ၏။ ထိုနေ့ တစ်ညလုံးလုံး ခြောက်လှန့်ခြင်းမရှိ။ အလွန်တိတ်ဆိတ်နေတော့၏။ အိမ်သားများနှင့် လာရောက်စုံစမ်းကြည့်သူများက သည်ဆရာကြီးတော့ တစ္ဆေကြီးကို နိုင်ပြီထင်တယ်ဟု ထင်ကြေးပစ်နေကြ၏။ နံနက်မိုးသောက်သော် ဆရာကြီးလည်း တစ်ညလုံး မအိပ်ရသဖြင့် အိပ်သွားတော့၏။ ညအချိန်ရောက်လျှင် မနေ့ကကဲ့သို့ နတ်တွေ ဆဲဆိုကြိမ်းမောင်းပြီး ဆေးမှုန့်ကို စလောင်းတွင် ထည့်ကာ မီးရှို့ပြန်တော့၏။ လာရောက်ကြည့်သူများလည်း သည်တစ်ခါတော့ တစ္ဆေကြီး ရှုံးပြီ၊ ပြေးပြီဟု တွက်ကိန်းချ၍ တီးတိုး ပြောဆိုနေဆဲမှာပင် အိမ်ခေါင်မိုးပေါ်မှ ကျောက်ခဲတွေကို ဆုပ်ကြဲလိုက်သလို ဖြန်းဖြန်းဟူသောအသံ ဦးစွာပြုပြီးနောက် ရှေးက ခြောက်သကဲ့သို့ပင် တံတွေးထွေး၏။ ပျဉ်ခေါက်၏။ ကလေးများ၏ ဆံပင်၊ လက်၊ ခြေ၊ အဝတ်စသည်များကို ဆွဲထား၍ ခြောက်မြဲခြောက်ပြန်၏။ ပယောဂဆရာကြီးလည်း ဆေးများကို တစ်မျိုးပြီးတစ်မျိုး ထုတ်ကာ မီးရှို့၏။ မန္တန်ရွတ်၏။ နတ်တွေကို ကြိမ်းမောင်းဆဲဆို၏။ တစ္ဆေကြီးလည်း ခြောက်မြဲခြောက်နေ၏။ ဆရာကြီးလည်း တစ်ညလုံး ပယောဂအမှုကိုလုပ်၏။ တစ္ဆေကြီးလည်း တစ်ညလုံး ခြောက်နေတော့၏။ နံနက်လင်းလတ်သော် ပယောဂဆရာကြီးသည် မနိုင်မှန်းသိသဖြင့် လက်လျှော့ကာ ထွက်ခွာသွားရတော့၏။

## သေနတ်နှင့်ပစ်ခြင်း

တစ်ခါသော် ကရင်လူမျိုးများ လာရောက်ကာ သေနတ်ဖြင့် ပစ်ဖောက်လျှင် ကြောက်လန့်ပြီး တစ္ဆေကြီးပြေးမှာပဲဆိုကာ သေနတ်ဖြင့် အိမ်ပေါ်ကို လည်းကောင်း၊ အိမ်အောက်ကိုလည်းကောင်း ခေါင်းရင်း ခြေရင်း အိမ်ပတ်ဝန်းကျင်အနှံ့ သေနတ်နှင့် ပစ်ဖောက်ခြောက်လှန့်၏။

မခြောက်မီအချိန်မှစ၍ ခြောက်သည့်အချိန် ၇-၈-နာရီ တိုင်အောင် ပစ်ဖောက်၏။ ပစ်ဖောက်မှုရပ်လိုက်လျှင်ပင် တစ္ဆေကြီးကား ဘယ်ကပေါ်လာ

www.burmeseclassic.com

www.burmeseclassic.com



သည်မသိ၊ ခြောက်မြဲခြောက်နေတော့၏။ သေနတ်ပစ်ဖောက်တုန်း ရပ်နေ၏။ သေနတ်သံစဲလျှင် ခြောက်တော့၏။ ကရင်လူမျိုးများလည်း မနိုင်မှန်းသိသဖြင့် ပြန်သွားကြတော့၏။

ခြောက်လှန့်ခြင်းကို နည်းအမျိုးမျိုးတို့ဖြင့် ကာကွယ်ကြ၏။ မရ၊ ကာကွယ်ရန် နည်းလမ်းကုန်ခဲ့သကဲ့သို့ ဖြစ်နေတော့၏။ သို့ဖြစ်၍ အိမ်သားများမှာ ခြောက်လှန့်ခြင်းကို ဖွတ်ပေ၍ခံရရှာ၏။ တခြားအိမ်သို့ ပြောင်းရွှေ့နေရန်မှာလည်း သားသမီး တစ်ပြုံလုံးနှင့် မလွယ်ကူလှ။ အိမ်ကိုလည်း ဖျက်မပစ်နိုင်။ အိမ်ရှင်ဒေါ်တင့်မှာ လက်မှိုင်ချကာသာ နေရရှာတော့၏။

## တစ္ဆေနှင့်နတ် အတူတူပင်

သုတ္တနိပါတ်အဋ္ဌကထာ မေတ္တသုတ်နိဒါန်း၌ တောတွင်းနေ ရုက္ခစိုးတို့သည် သီလရှိသောရဟန်းတော်တို့ မိမိတို့နေထိုင်ရာ သစ်ပင် ရင်းသို့ လာရောက် နေထိုင်တော်မူကြသောအခါ ရဟန်းတော်တို့၏ သီလတန်ခိုးတော် အရှိန်အစော် အာနုဘော်ကို မခံနိုင်ကြသဖြင့် မိမိတို့ ဘုံဗိမာန်မှဆင်း၍ လွတ်ရာဝေးရာသို့ သွားရောက်နေထိုင်ကြရ၏။ ထိုသို့ ကာလကြာမြင့်စွာ မိမိတို့ ဘုံဗိမာန်မှ ဆင်းသက်နေထိုင်ရသည့် ဆင်းရဲ ဒုက္ခတို့ကို မခံမရပ်နိုင်ဖြစ်ရကား ရဟန်းတော်များ တောမှ အမြန်ထွက် ခွာသွားစေရန် ခြောက်လှန့်ကြ၏။ ခြောက်လှန့်ပုံမှာ ကြောက်မက်ဖွယ် ကောင်းသော ဘီလူးရုပ်ဆင်းသဏ္ဌာန် ပြ၍လည်းကောင်း၊ အသံနက်အသံဝါ ဖြစ်စေ၍ လည်းကောင်း၊ မကောင်းဆိုးရွား မခံနိုင်လောက်သော အနံ့အသက် လွှတ်၍လည်းကောင်း၊ အမျိုးမျိုးအဖုံဖုံ ကြောက်လန့်တကြားဖြစ်အောင် ခြောက်လှန့်ကြ၏။ ဤသို့ ခြောက်ခြင်းမျိုးသည် မိမိ မနှစ်သက်သည့်အတွက် ကြောက်လန့် ထွက်ပြေးရန်၊ ကိုယ်တွင်းအန္တရာယ် တစ်စုံတစ်ခုဖြစ်ရန် ခြောက်လှန့်ခြင်းမျိုး ဖြစ်လေသည်။

ယခုအိမ်တွင် ခြောက်လှန့်ခြင်းမျိုးကား ကြောက်လန့်ထွက်ပြေး စေလိုသည်လည်း ဟုတ်ဟန်မတူ။ ကိုယ်တွင်းအန္တရာယ် ဖြစ်စေလို သည်လည်း ဟုတ်ဟန်မတူ။ ကလေးများကိုချစ်၍ ကျီစယ်လို၊ ပျော်ရွှင် လို၊ ကစားလို၍ ခြောက်လှန့်ဟန်တူသည်။ အကြောင်းမူကား အိမ်မှာ မနေနိုင်လောက်အောင် ကြောက်မက်ဖွယ် ရုပ်ဆင်းသဏ္ဌာန် ပြသည်လည်း

www.burmeseclassic.com



မဟုတ်၊ ကြောက်မက်ဖွယ် အသံနက်အသံဝါများကို ဖြစ်စေသည်လည်းမဟုတ်၊ မခံမရပ်နိုင်လောက်အောင် ဆိုးရွားသည့် အနံ့အသက်များကို လွှတ်သည်လည်းမဟုတ်။ လူလူချင်း ကစားသကဲ့သို့ သိမ်သိမ်မွေ့မွေ့ ခြောက်နေသောကြောင့်ပင် ဖြစ်၏။ ၎င်းတစ္ဆေကြီးအဖို့မှာမူကား ခြောက်လှန့်သည်ဟူ၍ သဘောထားပုံမရ။ ကစားကျီစယ်သည်ဟူ၍သာ သဘောထားပုံရ၏။

တောတွင်းနေ ရုက္ခစိုးနတ်တို့က ရဟန်းတော်တို့အား ခြောက်လှန့်ခြင်းကိုထောက်လျှင် တစ္ဆေဟူသည် တသီးတခြား သတ္တဝါတစ်မျိုးမဟုတ်။ နတ်မျိုးသည်ပင် တစ္ဆေ၊ တစ္ဆေသည်ပင် နတ်မျိုးဟု ဆိုရန်ရှိ၏။

ကျေးဇူးရှင် လယ်တီ ဆရာတော်ဘုရားကြီးကလည်း တစ္ဆေသရဲသဘက် မြေဖုတ်ဘီလူးဟူသည် နတ်မျိုးဖြစ်ကြောင်းကို မိန့်တော်မူ၏။ အဘိဓာနပ္ပဒီပိကာကျမ်းတွင်လည်း -

သိဒ္ဓေါ ဘူတော စ ဂန္ဓဗ္ဗော၊

ဂုယှကော ယက္ခ ရက္ခသာ၊

ကုမ္ဘဏ္ဍော စ ပိသာစာဒိ၊

နိဒ္ဒိဋ္ဌာ ဒေဝယောနိယော - ဟု

ဘီလူး-ရက္ခိုသ်-မြေဖုတ် စသည်များကို 'နတ်မျိုး'ဟု မိန့်ဆိုတော်မူခဲ့သည်။ အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းတွင်လည်း တန်ခိုးနည်းပါးသောနတ်များကို ဝိနိပါတိကအသုရာနတ်ဟု မိန့်ဆိုတော်မူခဲ့သည်။ ခြောက်လှန့်တတ်သော နတ်တို့ကို တစ္ဆေဟု ခေါ်ဆိုကြခြင်းမှာလည်း 'တဇ္ဇေတီတိ တဇ္ဇာ၊ ယာ ဒေဝတာ၊ အကြင်နတ်တို့သည်။ တဇ္ဇေတိ၊ ခြိမ်းခြောက်တတ်၏။ ဝါ-ခြောက်လှန့်တတ်၏။ ဣတိ၊ ထို့ကြောင့်။ သာ ဒေဝတာ၊ ထိုနတ်သည်။ တဇ္ဇာ၊ တဇ္ဇာမည်၏' ဟူသော ပါဠိမှ ပျက်လျှင် တဇ္ဇေ တစ္ဆေဟု ဖြစ်ပေါ်ခေါ်တွင်ဟန်ရှိသည်။ အချို့သော သူတို့က တစ္ဆေကို ပြိတ္တာဟု ထင်မှတ်ပြောဆိုနေကြ၏။ အမှားစင်စစ်ဖြစ်ကြောင်း သတိပြုသင့်လေသည်။

[လှေသင်းအတွင်းဝန်မင်း ဦးဖြိုး ရေးသားခဲ့သော တဇ္ဇတ္ထဒီပနီ ခေါ်ကျမ်းတွင်လည်း ဆက်လက် ဖတ်ရှုလေ့လာနိုင်ပါသည်။ စာတည်းသူ။]

www.burmeseclassic.com

www.burmeseclassic.com



## အဝတ်အစားကို မီးရှို့ခြင်း

တစ်ခါသော် အိမ်သူအိမ်သားတို့သည် အဝတ်များကို လျှော်ဖွပ်ပြီး အိမ်တွင်းမှာ လှန်းထားကြ၏။ ခြောက်သွေ့လျှင် ခေါက်၍ သိမ်းဆည်းထားကြ၏။ ခြောက်သွေ့သော်လည်း ရံခါ သတိမေ့၍ မသိမ်းဆည်းမိဘဲ တန်းပေါ်မှာရှိနေလျှင် တစ္ဆေကြီးသည် ညတွင် ထွန်းညှိထားသော မီးခွက်ကို အဝတ်များရှိရာသို့ ယူဆောင်သွားကာ အိမ်သားများ အိပ်မောကျနေစဉ် တန်းပေါ်ရှိအဝတ်များကို တစ်စွန်းတစ်စ မီးရှို့ထား၏။ အားလုံးကုန်အောင်ကား မရှို့ချေ။ မိုးလင်းမှ အိမ်သားများ သိကြရ၏။ ထိုကဲ့သို့ မီးရှို့ခြင်းသည် တိုးလိုးတွဲလောင်းနေသည်ကို မနှစ်သက်ပုံလည်း ရသည်။ နောက်သည်ကဲ့သို့ မထားရန် သတိပေးပုံလည်းရသည်။ တန်းပေါ်ရှိ အဝတ်ဟူသမျှ ညမသိမ်းမိလျှင် အမြဲတမ်း မီးရှို့နေတော့၏။ မီးခွက်ယူသွားပြီးမှ တန်းပေါ်ရှိ အဝတ်များကို မီးရှို့နေသဖြင့် မီးတိုင်ကို မယူနိုင်ရန် အိမ်သားများက တိုင်နှင့် မီးခွက်ကို ကြိုးဖြင့်တုပ်နှောင်ထားလိုက်၏။ ထိုအခါ တစ္ဆေကြီးစိတ်၌ မည်သို့ရှိသည် မသိ။ မီးခွက်ကို ဖြုတ်ယူမီးရှို့ခြင်း မပြုချေ။

## ခမည်းတော်ပျံသွားရန် စီစဉ်ခြင်း

ဘုန်းတော်ကြီးသည် ခမည်းတော်ပျံ အလောင်းကို တပို့တွဲလ၌ ခမ်းနား သိုက်မြိုက် စည်ကားစွာ ပြုလုပ်၍ မီးသင်္ဂြိုဟ်ရန် စီမံထား၏။ အချိန်နီးလတ်သော် အစ်မဖြစ်သူ ဒေါ်တင့်ထံ အကြောင်းကြားလိုက်၏။

ထိုခမည်းတော်ပျံ ပြုလုပ်ချိန်မှာ သာယာဝတီ ဂျပန်ထကြွပြီးခါစ အချိန် ဖြစ်၍ ညပွဲများလုပ်ရန် အစိုးရအမိန့်မရ၊ နေ့ပွဲများသာ လုပ်ကြရ၏။ ဘုန်းတော်ကြီးသည် ကမ္ဘလူရွာ ကျောင်းတွင်းမှာပင် ခမည်းတော်ပျံပွဲ ကျင်းပရန် စီစဉ်ရတော့၏။ ဒေါ်တင့်တို့အိမ်သားများသည် ခမည်းတော်ပျံပြုလုပ်ရာ ကမ္ဘလူရွာ မောင်ဘုန်းကြီးထံ သွားကြရန် စီမံကြရ၏။ ထိုကမ္ဘလူရွာမှာ နွေအခါတွင် ဟင်္သာတမြို့မှ မြန်အောင်ရထား စီးပြီး ထူးကြီးဘူတာမှ ဆင်းကာ အရှေ့မြစ်ဘက်သို့ ၇-မိုင်ခန့် သွားရောက် ရလေသည်။

## အဝတ်အားလုံး မီးရှို့ခြင်း

ဒေါ်တင့်တို့ အိမ်သားများသည် မနက်ဖြန်နံနက် ရထားစီး၍ ခမည်းတော်ပျံ သွားရန် အဝတ်အစားများ ဖွပ်လျှော်ကာ အိမ်တွင်းမှာပင် လှန်းကြရ၏။

www.burmeseclassic.com

www.burmeseclassic.com



ညအချိန်ရောက်သော်လည်း မရုပ်သိမ်းသေးဘဲ မီးခွက်ကို တိုင်နှင့် ခိုင်အောင် ချည်တုပ်ထားကာ စိတ်ချလက်ချ အိပ်ကြ၏။ တစ္ဆေကြီးသည် မီးခွက်ကို တိုင်နှင့် ချည်တုပ်ထားလျှင် မီးခွက်ကို ယူဆောင်သွားခြင်းမရှိသဖြင့် စိတ်ချလက်ချ အိပ်ကြဟန်တူသည်။ သို့ရာတွင် တစ္ဆေကြီးသည် တိုင်နှင့် ချည်နှောင်ထားသော မီးခွက်ကိုကား မယူ၊ မီးခွက်အနီးသို့ တောင်းတစ်လုံးကို ယူဆောင်ထားပြီးလျှင် ခရီးသွားသောအခါ ဝတ်ဆင်ရမည့် တန်းပေါ်ရှိ အဝတ်အစားအားလုံးကို တစ်ခုစီတစ်ခုစီ ယူဆောင်ကာ မီးခွက်မှာရှို့ပြီး တောင်းထဲသို့ ထည့်ထားလိုက်၏။ အိမ်သားများသည် နံနက်မိုးလင်း၍ ခရီးသွားရန်အတွက် အဝတ်အစားများယူမည်ကြည့်ရှုရာ တစ်ထည်မှမတွေ့တော့ဘဲ မီးခွက်အနီး တောင်းထဲမှ အဝတ်အစားအားလုံး တစ်စတစ်န ရှို့ထားသည်ကို တွေ့ကြရာ ခမည်းတော်ပွဲသို့ မသွားဘဲနေ၍လည်း မဖြစ်၊ ဝတ်စရာ ထဘီကောင်း ပုဆိုးကောင်း အင်္ကျီကောင်းဟူ၍ တစ်ထည်မျှမကျန်ဖြစ်နေသဖြင့် အထူးတလည် အဝတ်အစားများ မဝတ်ဆင်ကြရတော့ဘဲ ခါးဝတ် ထဘီ အင်္ကျီ ပုဆိုးများကိုသာ ဝတ်ကြရလျက် ခမည်းတော်ပွဲသို့ ရထားဖြင့် ထွက်ခွာသွား ကြရ၏၊ အိမ်စောင့်များ မည်သူမျှ မနေရဲသောကြောင့် အိမ်ကိုတံခါးပိတ်၍ ထားခဲ့၏။ အိမ်သားများ မရှိသောအခါ အကြောင်းသိရန် တချို့လူငယ်များ ညအခါ သွားရောက် စုံစမ်းကြည့်ကြ၏။ တစ်စုံတစ်ရာ ထူးခြားချက် ဘာမျှ မတွေ့ရ။ သို့ဖြစ်က တစ္ဆေကြီး တခြား တစ်ရံဆံသူကို မည်သို့မျှ နှောက်ယှက်ခြင်း မပြုဟု သိရှိရတော့၏။

## အိမ်ပြန်ရောက်၍ ခြောက်ခြင်း

ဒေါ်တင့်တို့အိမ်သားများသည် အဘ မီးသင်္ဂြိုဟ်ပြီး ၇-ရက်မြောက်နေပြီးလျှင် မိမိတို့အိမ်တွင် တစ္ဆေခြောက်နေကြောင်း မောင်ဘုန်းကြီးအား လျှောက်ကြားခဲ့၍ အိမ်သို့ပြန်လာကြ၏။ အိမ်ရောက်လျှင် အိမ်နီးချင်းများအား မည်သို့ ဖြစ်လေသနည်းဟု တစ္ဆေကြီးအကြောင်းကိုမေးမြန်းရာ မည်သို့မျှ အကြောင်းထူးမရှိ။ တုတ်တုတ်မျှ မလှုပ်၊ ဘာသံမျှ မကြားရ။ ဘာကိုမျှ မမြင်ရဟု ပြောဆိုကြ၏။ ထိုအခါ အိမ်သားများမှာ တစ္ဆေကြီး ရှိမှရှိသေးသလော၊ မရှိတော့ပြီလောဟု သင်္ကာမကင်း ဖြစ်ကြပြန်၏။ ညအချိန်ရောက်သော် ခြောက်မြဲခြောက်ပြန်၏။ ရှေးကနှင့်မတူဘဲ ပိုမိုပြင်းထန်လာ၏။ တံကွေးထွေးသံလည်း ကျယ်လာ၏။ ပျဉ်ခေါက်ပုံလည်း ပြင်းလာ၏။ ဆံပင် ခြေ လက် ဆွဲပုံများလည်း မကြာခဏ လုပ်လာ၏။ ကလေးများမှာ

www.burmeseclassic.com

www.burmeseclassic.com


ခြောက်လှန့်ပုံ ပိုမို ပြင်းထန်လာသဖြင့် ရှေးကနှင့်မတူတော့ဘဲ ကြောက်လန့်စိတ်တွေ ပိုလို့လာတော့၏။

## သားဘုန်းတော်ကြီး ကြွလာခြင်း

ဘုန်းတော်ကြီးသည် ခမည်းတော်ပျံကိစ္စ ဆောင်ရွက်ခြင်း ပြီးသဖြင့် ဟသ်ာတမြို့သို့ ကြွလာတော်မူကာ အစ်မဖြစ်သူဒေါ်တင့်နှင့်တကွ တူကလေးများပါ ဘုန်းတော်ကြီးထံသို့ သွားရောက်ကာ အိမ်နှင့် တစ္ဆေကြီးခြောက်ပုံကို ခရေစေ့ တွင်းကျမကျန် ဖြစ်ပျက်ပုံအလုံးစုံကို လျှောက်ထားကြ၏။ ဘုန်းတော်ကြီးသည် သူတစ်ပါးပြောစကားကို ယုံကြည်လေ့မရှိ။ ကိုယ်တိုင်တွေ့ကြုံမှ ယုံကြည်သည့် သဘော ရှိသဖြင့် "နင်တို့ပြောစကားတွေ ငါမယုံပါဘူး၊ ငါ ကိုယ်တိုင် လာရောက် စုံစမ်းမည်"ဟု အမိန့်ပေး၍ လွှတ်လိုက်၏။ နေဝင်ရီတရောအချိန် စုံစမ်းရန်အတွက် နောက်ပါ တပည့်ရဟန်းငါးပါးနှင့်အတူ ဒေါ်တင့်တို့နေအိမ်သို့ ဘုန်းတော်ကြီး ကြွသွားတော်မူ၏။

ညမှောင်စ အချိန်ရောက်သော် ဘာသံမျှမကြားရကား ဘုန်းတော် ကြီးက-

"ဘယ့်နှယ့်လဲ၊ ဘာသံမျှ မကြားရပါလား၊ ငါ အစက အပြောသားပဲ၊ နင်တို့ အထင်မှားတာ ဖြစ်ပါလိမ့်မယ်" ဟု အမိန့်ရှိရာ၊ ဒေါ်တင့်က-

"နေပါဦးဘုရား၊ နည်းနည်းဆိုင်းပါဦး၊ မကြာခင် ကြားရပါလိမ့်မယ်" ဟု လျှောက်ပြီး တခြားစကားများ ပြေဆိုနေခိုက် တံတွေးထွေးသံ အိမ်ဘေးမှ ကြားလိုက်ရ၏။ "အဲဒါပဲဘုရား. . အဲဒါပဲဘုရား" ဟု ဒေါ်တင့်က လျှောက်လိုက်ရာ ဘုန်းတော်ကြီးက-

"ဟာ နေပါဦး၊ မဟုတ်သေးပါဘူး၊ တခြားလူတစ်ယောက်ယောက် လာရောက် လုပ်တာ ဖြစ်ပါလိမ့်မယ်" ဟု အမိန့်တော်ရှိပြီးလျှင် တပည့်များအား ဟုတ်-မဟုတ် အောက်သို့ဆင်း၍ စုံစမ်းစေ၏။ တပည့်များ လိုက်လံစုံစမ်းရာ လူတစ်ဦးတစ်ယောက်မျှ မတွေ့ရသည့်အပြင် သူ့ခြံဝင်းနှင့်သူ တည်ရှိသောအိမ် ဖြစ်နေရကား တခြား တစ်ရံဆံလူလည်း ရောက်ပေါက်ရန် မလွယ်ကူကြောင်း သိရှိကြရသဖြင့် မည်သူ တစ်စုံတစ်ယောက်မျှ မတွေ့ရှိကြောင်း ဘုန်းတော်ကြီးအား လျှောက်ထားနေစဉ် မှာပင် အိမ်ကြမ်းပြင်အောက်မှ ခေါက်လိုက်သော အသံသည် ဘုန်းတော်ကြီးနှင့် တကွ ရောက်လာသူအားလုံး သိသိသာသာကြီး ကြားလိုက်ရ၏။

ကိုအခါ ဘုန်းတော်ကြီးက -

www.burmeseclassic.com

www.burmeseclassic.com



'သည်အသံဟာ အိမ်အောက်က ခွေးတစ်ကောင်ကောင်ကြောင့် ဖြစ်တဲ့ အသံများ ဖြစ်နိုင်စရာ အကြောင်းရှိနေတယ်' ဟုဆိုကာ တပည့်များအား အောက်သို့ ဆင်း၍ စုံစမ်းပြန်စေ၏။ တပည့်များလည်း အိမ်အောက်သို့ လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်ရာ ခွေးဆိုလို့ တစ်ကောင်တလေမျှ မတွေ့ရ၍ ဘုန်းတော်ကြီးအား ခွေး တစ်ကောင်မျှ မတွေ့ရကြောင်း လျှောက်ကြားကြပြန်၏။ သို့ရာတွင် ဘုန်းတော်ကြီးကား တစ္ဆေခြောက်သည်ဟူ၍ ဝန်ခံချက် ဆုံးဖြတ်ချက် မပေးသေးဘဲ ၉ နာရီအချိန်ခန့် ရောက်သော် တည်းခိုရာ ကျောင်းသို့ ပြန်ကြွသွားတော်မူသည်။

## ထမင်းအိုးနှင့် ပေါက်ခြင်း

ဘုန်းတော်ကြီးသည် တစ္ဆေခြောက်ပုံ မယုံသင်္ကာရှိလှသဖြင့် နောက်တစ်နေ့ ညအချိန် ကြွရောက်စုံစမ်းပြန်၏။ အိမ်ရောက်လျှင် တံတွေးထွေးသံများ၊ ပျဉ် ခေါက်သံများနှင့် ဆံပင် လက် ခြေ ဆွဲခြင်းများကို ကြားသိတွေ့မြင်ရ၏။ အပြင် ထွက်၍ စုံစမ်းပါသော်လည်း ဘာကိုမှ မတွေ့ရချေ။ ဘုန်းတော်ကြီးသည် တစ်ညလုံး စုံစမ်းရန် စိတ်ပိုင်းဖြတ်ပြီး အိမ်ပေါ်ထပ်သို့ တပည့်ရဟန်းငယ်များနှင့် ကြွရောက်နေတော်မူ၏။ ညဉ့်နက်လှသော် အိမ်သားတချို့ အိပ်ရာဝင်၍ အိပ်ကြ လေ၏။

ဘုန်းတော်ကြီးနှင့် တပည့်ရဟန်းငယ်များကား မကျိန်းစက်ကြသေးချေ။ ဒေါ်တင့်၏ သားအကြီးဖြစ်သူ အပ်ချုပ်စက်ဖြင့် အင်္ကျီများကို ချုပ်နေ၏။ ထိုအတွင်း တဒိုးဒိုးတဒေါက်ဒေါက်နှင့် ခြောက်နေသည်ကို စိတ်မရှည်သည့်အလား တစ္ဆေကြီးအား ရေရွတ်ကြိမ်းမောင်းလိုက်၏။ အင်္ကျီများချုပ်ပြီးနောက် အိပ်ရာပြင်ဆင်ပြီး လက်ဆွဲ မီးအိမ်ကို အနည်းငယ်မှိန်လိုက်ပြီး အိပ်ရာတွင် အိပ်လိုက်ရာ တစ္ဆေကြီးသည် ၎င်းသူအား ငြိုး၍ စိတ်ဆိုးမာန်ဆိုးဖြင့် လုပ်လိုက် သည့်အလား သူ၏အနီးသို့ 'ဂွမ်' ဟု အသံမြည်ဟီးလျက် တစ်စုံတစ်ခု ကျလာပြီး 'တဂွမ်ဂွမ်' မြည်လျက် လိမ့်နေတော့၏။ ထိုစဉ်အခါ (စာရေးသူ) ကျွန်ုပ်လည်းရှိနေသဖြင့် မီးကို ရုတ်တရက် တင်ပြီးကြည့်လိုက်ရာ မီးဖိုချောင်မှ ထမင်းအိုးတစ်လုံးနှင့် ပစ်လိုက်၍ ကျလာပြီး တလိမ့်လိမ့် လိမ့်နေသည်ကို တွေ့မြင်ရ၏။ သို့ဖြင့် ကျွန်ုပ်သည် ထိုအိုးကို ယူပြီး ကွဲမကွဲသိရအောင် တီးခေါက်ကြည့်ရာ ကွဲအက်ခြင်းမရှိ၊ တဒေါင်ဒေါင်မြည်လျက် အကောင်းပကတိအတိုင်းပင် တွေ့၏။ ထိုအိုးကို ပစ်လိုက်၍ ကျသောနေရာမှာ ပျဉ်ပြားဖြစ်၏။ အသံမှာလည်း အားလုံး လန့်နိုးအောင် ပြင်းလှ၏။ ထိုအသံဖြင့် တစ်အိမ်သားလုံး နိုးကြ၏။ အိုးကလည်း မြေအိုးဖြစ်နေ၏။ ကွဲခြင်းအက်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



လည်း မရှိ။ ထိုအခြင်းအရာကို ဘုန်းတော်ကြီးနှင့်တကွ ကျွန်ုပ်တို့ပါ အားလုံး အံ့အားသင့်နေကြ၏။ တစ္ဆေကြီး၏ တန်ခိုးအစွမ်းတစ်မျိုးဟု ယူဆကြရတော့၏။

## တစ္ဆေခြောက်တာပဲဟု ဝန်ခံခြင်း

နေ့စဉ်နှင့်အမျှ တစ္ဆေခြောက်လှန့်နေသည်ကို ပြင်ပ လူတစ်ဦးတစ်ယောက်က ပြုလုပ်နေလေရော့သလားဟု မယုံသင်္ကာရှိပြီး စုံစမ်းလာခဲ့ရာ အိုးနှင့်ပစ်လိုက်သော အခါကျမှ ကိုယ်တွေ့ဖြစ်နေသဖြင့် ယုံကြည်လာပြီး "သည်အိမ်မှာ ခြောက်နေတာ တစ္ဆေကြီးခြောက်နေတာ အမှန်ပါပဲ" ဟု ဘုန်းတော်ကြီးက ဝန်ခံလေတော့၏။ တစ္ဆေကြီးလည်း နေ့စဉ်အမျှ ညဥ့်ဘက်ရောက်လျှင် ခြောက်လှန့်နေတော့၏။ ဘုန်းတော်ကြီးလည်း အခြေအနေကို တိုးတက် သိလိုဇောဖြင့် နေ့စဉ်ပင် အိမ်သို့ ကြွရောက်တော်မူလေသည်။

## စကားသံတစ်ခု ပေါ်လာခြင်း

တစ်နေ့သောအခါ ဆရာတော်သည် အိမ်သို့ကြွရောက် စုံစမ်းနေစဉ် ည ၉ နာရီခွဲခန့်အချိန် ရောက်လတ်သော် အလွန် မွှေးကြိုင်သင်းပျံ့သော အနံ့သည် ဆရာတော်နှင့်တကွ တပည့်ဦးပဥ္စင်းငယ် အိမ်သားများပါမကျန် အားလုံး အမွှေးနံ့ ရကြ၏။

ဟိုဟိုသည်သည် ကြည့်ပါသော်လည်း တစ်စုံတစ်ယောက်သူမျှ မတွေ့ရ၍ ငေးမောနေကြသည်၊ ဆရာတော် သီတင်းသုံးတော်မူသော အိမ်အပေါ်ထပ်နှင့် အမြင့်ညီမျှသော ၃-တောင်ခန့် ကွာဝေးသည့် အိမ်ခေါင်းရင်း နံရံအမြင့်ဆီမှ လူပြောဆိုသံကဲ့သို့ လေသံမျှသာ ကြားရသောအသံတစ်ခု ပေါ်ပေါက်လာ၏။ အိမ်၏အထပ်မှာ ရှေ့ပိုင်းက မရှိဘဲ နောက်ပိုင်းကသာ အထပ်ခိုးရှိ၏။ အထပ် မရှိသော ရှေ့ပိုင်း ခေါင်းရင်းနံရံမှ အသံကြားသည့်နေရာကို အောက်ဆင့်ကနေ၍ တိုင်းလျှင် ၈-ပေခန့် ရှိလိမ့်မည်၊ ဖြစ်ပေါ်သောအသံသည် အိမ်ပြင်က ပြောသော အသံမျိုးမဟုတ်၊ အိမ်တွင်းက ပြောသောအသံမျိုးဖြစ်၏။ ဆရာတော်သည် အသံပြုရာ မျက်နှာလှည့်လျက် -

ဆရာတော် ။ ။ ဒါ ဘယ်သူ ပြောနေတာလဲ။
အသံရှင် ။ ။ အခု စကားပြောနေတာ တပည့်တော်မလေ။

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော် ॥ ॥ တပည့်တော်မဆိုတာ ဘယ်သူလဲ။
အသံရှင် ॥ ॥ အရှင်ဘုရားရဲ့ အစ်မကြီးပေါ့။
ဆရာတော် ॥ ॥ ဩော် ... အစ်မကြီးဆိုတာ ဒေါ်လုံမကလေးလား။
အသံရှင် ॥ ॥ ဟုတ်ပါတယ်ဘုရား။
ဆရာတော် ॥ ॥ ဒါဖြင့် အစ်မကြီး အခု ဘာဖြစ်နေသလဲ။
အသံရှင် ॥ ॥ တပည့်တော်မ အခု နတ်သမီးဖြစ်နေပါတယ်။
ဆရာတော် ॥ ॥ အစ်မကြီး ဘယ်မှာနေရသလဲ။
အသံရှင် ॥ ॥ တပည့်တော်မ သည်အိမ်ရှေ့ မအူပင်ကြီးမှာ နေရပါတယ်။
ဆရာတော် ॥ ॥ အဲသည် မအူပင်ကြီးမှာ အစ်မကြီးတစ်ယောက်တည်း နေရသလား။
အသံရှင် ॥ ॥ အစ်မကြီးကို အဖေလို စောင့်ရှောက်နေတဲ့ ရုက္ခစိုးနတ်ကြီးနှင့် အတူ နေရပါတယ်။
ဆရာတော် ॥ ॥ ဒါဖြင့် အစ်မကြီးဟာ ရုက္ခစိုးနတ်ကြီးရဲ့သမီး ဖြစ်နေတာပေါ့။
အသံရှင် ॥ ॥ ဟုတ်ပါတယ် အရှင်ဘုရား။

## ဥပပတ်နတ်များအကြောင်း မှတ်ဖွယ်

ဥပပတ်နတ်တို့မှာ သားသမီး၊ မိဘ စသည်များ ရှိကြ၏။ သို့ရာတွင် လူတို့ကဲ့သို့ သွေးစပ်သော သားသမီး မိဘများ မဟုတ်ကြ၊ နတ်သားတစ်ဦး၏ ရင်ခွင်ဝယ် လာရောက်ဖြစ်နေသူကို သားသမီးအရာထားရ၏။ အိပ်ရာတိုက်ခန်း အတွင်း၌ လာရောက်ဖြစ်သော နတ်သမီးများကို ကြင်ရာတော်အရာ ထားရ၏။ အမှုလုပ်နေရာ၌ လာရောက်ဖြစ်သောနတ်ကို အမှုလုပ်အရာထားရ၏။ အချို့ နတ်သမီးများ နတ်သားတစ်ဦး တစ်ယောက် ပိုင်ဆိုင်သည့်ဗိမာန်၌ မဖြစ်ဘဲ တသီးတခြား နတ်ဗိမာန်တွင် ဖြစ်အံ့၊ ထိုနတ်သမီးသည် အခြံအရံများနှင့်တကွ တစ်ကိုယ်တည်း နေရသောနတ်သမီးဖြစ်၏။ ပဉ္စသိခ်နတ်သားချစ်ကြိုက်သဖြင့် စောင်းသီချင်း သီကုံးဖွဲ့နွဲ့ အဆိုခံရသော သူရိယဝစ္စသာ နတ်သမီးသည် တိမ္ဗရုနတ်မင်းကြီး၏ သမီးတော်ဖြစ်၏။ တဏှာ၊ အရတီ၊ ရဂါ-နတ်သမီးများသည် မာရ်နတ်မင်း၏ သမီးတော်များဖြစ်ကြ၏။ လာဇနတ်သမီးစသည်တို့ကား တစ်ကိုယ်တည်းနတ်သမီးများ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကြ၏။ သုဝီရစသောနတ်တို့သည် သိကြားမင်း၏ သားတော်များ ဖြစ်ကြ၏၊ သိကြားမင်း အလိုရှိက ဆင်ပုံသဏ္ဌာန် ဖန်ဆင်းပြီး အသုံးတော်ခံရသော ဧရာဝဏ် ဆင်ခေါ် ဧရာဝဏ် နတ်သားစသည်တို့ကား အမှုလုပ်အစေခံ နတ်သားများ ဖြစ်ကြ၏။ ပိဋကတ်တော်ကျမ်းထွက် အထက်ပါ စကားများကိုထောက်၍ နတ်တို့၌ သားသမီး၊ မိဘစသည်များရှိကြောင်း သတိပြုသင့်လေသည်။

ဆရာတော် ။ ။ (ဆက်လက်၍) အစ်မကြီး အခု အိမ်မှာ ခြောက်လှန့်နေတာ ဘယ်သူလဲ၊

အသံရှင် ။ ။ ဖေဖေပေါ့ဘုရား။

ဆရာတော် ။ ။ ဒါဖြင့် ဖေဖေ တစ္ဆေ ဖြစ်နေတာပေါ့။

အသံရှင် ။ ။ ဟုတ်ပါတယ်ဘုရား။

ဆရာတော် ။ ။ ဒါဖြင့် အစ်မကြီးရယ်၊ အဲသည်တစ္ဆေကြီး ခြောက်လှန့်နေတာ ပျောက်အောင် လုပ်မပေးနိုင်ဘူးလား။

အသံရှင် ။ ။ တပည့်တော်မ လုပ်ကြည့်ပါဦးမယ်ဟု ပြောပြီးနောက် - အရှင်ဘုရားနှင့် ကြာကြာကြီး စကားပြောခွင့်မရဘူး၊ အဖေ ရုက္ခစိုးနတ်ကြီး မရှိတုန်း တပည့်တော်မ လာရတာပါ၊ အဖေ ရုက္ခစိုးနတ်ကြီးက တခြား ထွက်သွားတာကို မကြိုက်နှစ်သက်ပါ၊ ပြန်ပါရစေတော့-ဟု ခွင့်တောင်းကာ အသံ တိတ်ဆိတ်သွားတော့၏။

## ဒုတိယအကြိမ် အသံရှင် လာပြန်ခြင်း

နောက်တစ်နေ့ည ၉-နာရီခွဲ ၁၀-နာရီခန့် အချိန်ရောက်လျှင် မနေ့ညကကဲ့သို့ပင် အသံရှင် ရုက္ခစိုးနတ်သမီးလာ၍ မနေ့ညနေရာကပင် လေသံဖြင့် စကားပြောပြန်၏။ ဆရာတော်လည်း မနေ့ညကကဲ့သို့ပင် ရုက္ခစိုးနတ်သမီးအား မေးမြန်း၏။

ဆရာတော် ။ ။ အစ်မကြီး မဟုတ်လား။

အသံရှင် ။ ။ ဟုတ်ပါတယ် အရှင်ဘုရား။

ဆရာတော် ။ ။ အစ်မကြီး ဘယ်ကလာသလဲ။

www.burmeseclassic.com

www.burmeseclassic.com



အသံရှင် ။ ။ တပည့်တော်မ အိမ်ရှေ့ မအူပင်မှ လာပါသည်။

ဆရာတော် ။ ။ အဲသည် မအူပင်မှာပဲ အမြဲနေသလား။

အသံရှင် ။ ။ ဟုတ်ပါတယ် အရှင်ဘုရား။

ဆရာတော် ။ ။ အဲသည် မအူပင်ကြီးရဲ့အောက်မှာ နေသလား၊ အပေါ်မှာ နေရပါသလား။

အသံရှင် ။ ။ အပေါ်မှာ နေရပါတယ်ဘုရား။

ဆရာတော် ။ ။ အပေါ်မှာ ဘယ်လိုလုပ် နေရသလဲ။

အသံရှင် ။ ။ လူတွေလိုပဲ နေရပါတယ်ဘုရား။

## နတ်တို့နေရာဌာနေ အကြောင်း

နတ်တို့၏ နေရပုံအခြင်းအရာတို့မှာ -

၁။ မြေပေါ်တွင် ဘုံဗိမာန်ဖြင့်နေရသော ဘူမဋ္ဌဒေဝတာခေါ် ဘူမစိုး (ဘုမ္မစိုး) နတ်မျိုး။

၂။ သစ်ပင်ပေါ်တွင် ဘုံဗိမာန်ဖြင့်နေရသော ရုက္ခဋ္ဌဒေဝတာခေါ် ရုက္ခစိုး နတ်မျိုး၊

၃။ ကောင်းကင်ပြင်တွင် ဘုံဗိမာန်ဖြင့်နေရသော အာကာသဋ္ဌ ဒေဝတာခေါ် အာကာသစိုးနတ်မျိုး၊

၄။ မိမိတို့နေရန်အတွက် သီးခြား အိမ်ခြေရာခြေမရှိ၊ ဆင်းရဲလှသော လူတို့ကဲ့သို့ သီးခြား ဘုံဗိမာန်မရှိ၊ ဘူမစိုးနတ်၊ ရုက္ခစိုးနတ်တို့ကိုသာ မှီခိုကပ်ရပ်၍ နေရသော ဝိနိပါတိက အသုရာခေါ် ဆင်းရဲသား နတ်မျိုး-ဟူ၍

နေရပုံ အခြေအနေ အခြင်းအရာကိုစွဲ၍ နတ်မျိုး ၄-မျိုးရှိရာ ရုက္ခဋ္ဌ ဒေဝတာခေါ် ရုက္ခစိုးနတ်မျိုးတို့သည် သစ်ပင်ပေါ်မှာ ဗိမာန်မရှိဘဲ နေကြရသည် မဟုတ်၊ သစ်ပင်နှင့်ဆက်စပ်၍ မိမိတို့ကံ၏အစွမ်းဖြင့် ရအပ်သော ဘုံဗိမာန်၌သာ နေရသော နတ်မျိုးဖြစ်ကြောင်းကို ရုက္ခဓမ္မဇာတ်အဋ္ဌကထာ၌ လည်းကောင်း၊ သုတ္တနိပါတ်အဋ္ဌကထာ၌လည်းကောင်း ပြဆိုတော်မူ၏။ သို့ဖြစ်၍ ဤရုက္ခစိုး နတ်သမီးက 'သစ်ပင်ပေါ်မှာ လူတွေလိုပဲ နေရပါသည်' ဟု ပြောသောစကားသည်

www.burmeseclassic.com

www.burmeseclassic.com



အိမ်ပေါ်မှာ ချမ်းသာစွာ လူတွေနေရသလို မိမိလည်း ဘုံဗိမာန်မှာ ချမ်းသာစွာ နေရကြောင်းကိုရည်၍ ပြောဆိုဟန်ရှိသည်ဟု သတိပြုသင့်လေသည်။

ဆရာတော်က ဆက်လက်၍ မေးမြန်းသည်မှာ -

ဆရာတော်။ ။ အစ်မကြီး၊ လူ့ဘဝကသေပြီးနောက် ဘယ်မှာ ဖြစ်ရပါသေးသလဲ။

အသံရှင် ။ ။ တပည့်တော်မ ဘယ်မှာမှ မဖြစ်ရပါဘူး၊ ဒီအိမ်ရှေ့က မအူပင်ကြီးမှာ ရုက္ခစိုးနတ်ကြီး၏သမီး လာဖြစ်တာပါပဲဟု ပြောဆို လျှောက်ကြား၏။

ရင်းရုက္ခစိုးနတ်သမီးမှာ တခြားသူမဟုတ်။ ဆရာတော်၏အစ်မ အကြီးဆုံး ဒေါ်လုံမကလေးပင်ဖြစ်၏။ ဒေါ်လုံမကလေးမှာ အိမ်ထောင်ပြု၍ ခင်ပွန်းသည် ယောကျ်ားသေဆုံးသွားပြီးနောက် အိမ်ထောင်မပြုတော့ဘဲ တူကလေးနှင့်အတူ အဘ ဦးစစ်ကိုင်းကို ဆင်းရဲစွာဖြင့် လုပ်ကိုင်ကျွေးမွေးနေသူဖြစ်၏။ ဟင်းသီးဟင်းရွက် စသည်ကို အိမ်မှာပင် တည်ခင်းရောင်းချကာ စားသောက် နေထိုင်ရ၏။ အဘကိုလည်း ပြုစုလုပ်ကျွေး၏။ ငါးပါးသီလ အမြဲလုံခြုံသူ ဖြစ်၏။ ဥပုသ်နေ့တိုင်း သီတင်းသီလ အမြဲဆောက်တည်၏။ ဘုရားကို ဆီမီးပူဇော်ခြင်း၊ ပန်းကပ်ခြင်း၊ သောက်တော်ရေ ကပ်ခြင်း စသည်များ ဝတ်တစ်ခုအနေဖြင့် နေ့စဉ် ပြုလုပ်၏။ နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် တစ်နေ့ ၂ ကြိမ် မှန်မှန် မပျက်မကွက် ဘုရားရှိခိုး ဝတ်တက်ဝတ်ကပ် ပြု၏။ သေသောအခါမှာလည်း ဝေဒနာကို ကြာမြင့်စွာ မခံစားရဘဲ ဘုရားရှိခိုး ဝတ်တက်နေရင်းပင် သေဆုံးသွားရှာလေသည်။

## ကံ၏စိတ်ဆန္ဒ အလိုကျဖြစ်ရပုံ

ဒေါ်လုံမကလေး ပြုလုပ်နေသော ကုသိုလ်ကောင်းမှုကံသည်ကား အမြဲမပြတ် နိဗဒ္ဓ အာစိဏ္ဏကံ ကုသိုလ်ကံထူးကြီးဖြစ်ရကား အကျိုးပေးရာ၌ ရုက္ခစိုးနတ်သမီး မျှမက အထက်နတ်ပြည်များမှာပင် ဖြစ်နိုင်လောက်သော ကံအစွမ်းရည်ရှိပါလျက် ရုက္ခစိုးနတ်သမီးဖြစ်လိုသော ဆန္ဒအတွက် ရုက္ခစိုးနတ်သမီး ဖြစ်လာရဟန်ရှိလေသည်။ ဗိမ္ဗိသာရမင်းကြီးသည် အရိယာ သူမြတ်ကြီးဖြစ်သဖြင့် စတုမဟာရာဇ် နတ်မင်းကြီး တို့ထက် တန်ခိုးကြွင်ပါဒ် ကဲလွန်မြင့်တက်သော အထက်နတ်ပြည်၌ တန်ခိုးကြီးနတ်များ ဖြစ်နိုင်ပါလျက် သေခါနီး အလိုဆန္ဒ ပြောင်းလွှဲမှုကြောင့် တန်ခိုးမကြီးသည့် စတုမဟာရာဇ်

www.burmeseclassic.com

www.burmeseclassic.com



နတ်မင်းကြီးတို့၏ အခြံအရံ 'ဇဝနသဘ' ခေါ် နတ်သားဖြစ်ရလေသည်။ သေခါနီး စိတ်ဆန္ဒသည် ဆန်းကြယ်လှ၏။ သတိပြုသင့်သော အရာတစ်ခု ဖြစ်လေသည်။

ဆရာတော်က ဆက်လက်၍ မေးမြန်းသည်မှာ -

ဆရာတော်။ ။ ရုက္ခစိုးနတ်ကြီး၏ သမီး ဖြစ်တယ်ဆိုတော့ လူတွေလိုပဲ ပဋိသန္ဓေနေပြီး သားသမီးတွေ ဖြစ်လာသလို ဖြစ်တာပဲလား။

အသံရှင်။ ။ ဒီလိုမဟုတ်ပါဘူး ဘုရား၊ ရုက္ခစိုးနတ်ကြီးအနီးမှာ ကိုယ်ထင်ရှား ဖြစ်လာတာပါပဲ၊ ရုက္ခစိုးနတ်ကြီးကလဲ သမီးအရာထားပြီး စောင့်ရှောက်နေတာပါပဲ။

ဆရာတော်။ ။ အစ်မကြီး၊ ဘုန်းကြီးတစ်ခုတော့ ပြောချင်တယ်၊ အခု ဘုန်းကြီးမှာ ခမည်းတော်ပျံ ပြုလုပ်ဆောင်ရွက်ရတဲ့အတွက် ဝတ္ထုကြေးငွေ ကုန်ကျပြီး အကြွေးတင်နေပါတယ်၊ အဲဒါ အစ်မကြီး တတ်နိုင်ပါလျှင် ကူညီစေချင်တယ်။

အသံရှင်။ ။ တပည့်တော်မ ဘယ်တတ်နိုင်မလဲ။ တပည့်တော်မမှာ လူတွေသုံးဖို့ ရွှေငွေတွေ ဘယ်ရှိမလဲ။

ဆရာတော်။ ။ အစ်မကြီးမှာမရှိလျှင် နေပါစေတော့၊ မြေတွင်းထဲမှာကော မြှုပ်နှံထားတဲ့ ပိုင်ရှင်မဲ့ ရွှေအိုး ငွေအိုးတွေရှိတာယ်မဟုတ်လား၊ အဲဒီ ရွှေအိုး ငွေအိုးတွေ ဘယ်မှာရှိတယ်ဆိုတာ ပြောပြစေချင်တယ်။

အသံရှင်။ ။ မြေတွင်းထဲမှာ ရွှေအိုးငွေအိုးတွေတော့ ရှိကြတာပေါ့။ ဒါပေမယ့် အဲဒီ ရွှေအိုးငွေအိုးတွေမှာ သူ့အစောင့်အရှောက်နဲ့သူ ရှိနေတာပဲ၊ လွတ်ကင်းတဲ့ ရွှေအိုးငွေအိုးရယ်လို့ မတွေ့ရပါဘူး။ တပည့်တော်မ ကြာကြာမနေနိုင်ဘူး ဘုရား-ဟုဆိုကာ အသံတိတ်သွားတော့၏။

## လူသုံး နတ်သုံး ရွှေခြားနားကြောင်း

ရွှေသည် အယုတ် အလတ် အမြတ်အားဖြင့် အမျိုးအစား များပြားစွာ ရှိ၏။ လူပြည်သုံးရွှေ၊ နတ်ပြည်သုံး ရွှေဟူ၍လည်း ရှိသေး၏။ သိင်္ဂီနိက်ခေါ် သိင်္ဂီ ရွှေမျိုးမှာ လူတို့သုံးဆောင်နိုင်သော ရွှေမျိုးမဟုတ်။ နတ်တို့၏ အစွမ်းတန်ခိုးဖြင့် ဖြစ်သော နတ်တို့သာ သုံးဆောင်နိုင်သည့် ဇမ္ဗူရာဇ်ရွှေစသော ရွှေမျိုး ဖြစ်လေသည်။ ရုက္ခစိုးနတ်သမီးမှာ နတ်ပြည်သုံး သိင်္ဂီရွှေမျိုးသာရှိ၍ နိတုံရွှေ- ဇမ္ဗူရာဇ်ရွှေစသော

www.burmeseclassic.com



ရွှေမျိုး ဖြစ်လေသည်။ ရက္ခစိုးနတ်သမီးမှာ နတ်ပြည်သုံး သိင်္ဂီ ရွှေမျိုးသာရှိ၍ နိတုံရွှေ-ဇမ္ဗူရစ်ရွှေစသော မြေတွင်း ရေတွင်းမှဖြစ်သော လူ့ပြည်သုံး ရွှေမျိုးမရှိသဖြင့် ရွှေငွေကို မပေးနိုင်ဟု ပြောဆိုဟန်ရှိသည်။

မြေတွင်းရှိ ရွှေအိုး၊ ငွေအိုးများ အစောင့်ရှိသည်ဟု ဆိုရာ၌လည်း ယခုကာလ ဥစ္စာစောင့်ခေါ် ဂန္ဓဗ္ဗနတ်မျိုးရှိချေသည်။ ၎င်းနတ်မျိုးတို့သည် လူ့ဘဝတွင် လူဖြစ်စဉ်အခါက မိမိတို့ မြှုပ်နှံထားသည့် ရွှေအိုး ငွေအိုးများကို စွဲလမ်းနေသည့်အလျောက် ကုသိုလ်ကံ အခွင့်သာ၍ နတ်ဘဝတွင် ဖြစ်ရပါသော်လည်း မိမိဆန္ဒ အလိုကျအတိုင်း ဂန္ဓဗ္ဗ နတ်မျိုးဖြစ်၍ မိမိ မြှုပ်နှံထားသည့် ရွှေအိုး ငွေအိုးများကို မည်သူ့ကိုမျှ ပေးလိုဟန်မရှိ၊ အမြဲ စောင့်ထိန်း နေကြရသည်ကိုလည်း စောင့်ရှောက်ရကြောင်း၊ ပရမတ္ထဒီပနီ ဋီကာတွင် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး အမိန့်ရှိတော်မူခဲ့သည်။ ကာကဝလိယဝတ္ထုတွင် သုမနမည်သော နတ်မင်းကြီးနှင့် ဒိယတာလာ မည်သော ဘီလူးတို့က ကာကဝလိယ ပုဏ္ဏား၏မယား ပုဏ္ဏေးမအား ရွှေအိုးများကို ညွှန်ပြ၍ ပေးခြင်းသည် မိမိတို့ပိုင်ဆိုင်သည့် မြေတွင်းရှိ ရွှေအိုးများကို ပေးခြင်းဖြစ်သည်ဟု သတိပြုသင့်လေသည်။

## တတိယအကြိမ် အသံရှင် လာပြန်ခြင်း

တတိယနေ့ ၉-နာရီခွဲအချိန်ခန့်တွင် ရက္ခစိုးနတ်သမီးသည် ခါတိုင်း စကားပြောသည့်နေရာမှနေ၍ အသံပြုပြန်သည်။ ဆရာတော်သည် ရက္ခစိုးနတ်သမီး အလာကို စောင့်မျှော်နေရကား ရက္ခစိုးနတ်သမီး ရောက်လာကြောင်း သိရသည်နှင့် အမိန့်ရှိသည်မှာ -

ဆရာတော် ။ ။ အစ်မကြီးကို မျှော်နေရတာ အတော်ကြာနေပြီ၊ ယနေ့တော့ တခြား အရေးတွေ မပြောတော့ပါဘူး၊ အခု အိမ်မှာ ခြောက်လှန့်နေတဲ့ တစ္ဆေကြီးကို ဘယ်လို တားဆီး ပိတ်ပင်ပေးနိုင်ပါ့မလဲ။

အသံရှင် ။ ။ ဒါကတော့ ကိစ္စမရှိပါဘူး ဘုရား၊ တစ်နေ့ကျတော့ တပည့်တော်မ လုပ်ပေးပါ့မယ်။

ဆရာတော် ။ ။ မဟုတ်ဘူးလေ၊ အစ်မကြီးတတ်နိုင်လျှင် အခု လုပ်ပေးပါ အချိန် ဆွဲမနေပါနဲ့။

www.burmeseclassic.com

www.burmeseclassic.com



အသံရှင် ။ ။ တပည့်တော်မ သူ့ကိုခေါ်ပြီး ချုပ်ထားတာပဲ။ မရဘူး၊ ထွက်ထွက်သွားတယ်။

ဆရာတော် ။ ။ ဒါဖြင့် ဘယ်တော့လောက် တတ်နိုင်ပါ့မလဲ။

အသံရှင် ။ ။ သင်္ကြန်တွင်းကျလျှင်တော့ တတ်နိုင်ပါလိမ့်မယ်။

ဆရာတော် ။ ။ သင်္ကြန်ကျတော့မှာ ၁၅-ရက်ပဲလိုတော့တယ်။ အဲဒီအခါကျတော့ အစ်မကြီးက ဘယ်လို လုပ်ပေးမလဲ။

အသံရှင် ။ ။ တပည့်တော်မ သင်္ကြန်ရက်ကျတော့ ဥပုသ်ရက်ရှည် စောင့်ရန် စက်တော်ရာသို့ သွားပါမည်။ အဲသည်အခါကျတော့ သူ့ကို ခေါ်ဆောင်သွားပါမည်။ ခေါ်ဆောင်သွားပြီး သူ့ကို ဟိုမှာပဲ ထားခဲ့ပါမည်။

ဆရာတော် ။ ။ ဒါဖြင့် အစ်မကြီးတို့ စက်တော်ရာသွားတော့ ဘာနဲ့သွားမလဲ။ သူ့ကိုကော ဘာနဲ့ခေါ်ဆောင်သွားမလဲ။

အသံရှင် ။ ။ အဲဒါကိုတော့ အရှင်ဘုရား သိတန်ကောင်းပါတယ်။

ဆရာတော် ။ ။ နတ်တန်ခိုးနဲ့ သွားနိုင်မှန်းတော့ သိပါတယ်။ ဒါပေမယ့် လူများလို သွားရသေးသလားလို့ မေးတာပါ။ အစ်မကြီးတို့ မသွားခင် သူ့ကို နိုင်နင်းအောင် ထိန်းသိမ်းစောင့်ရှောက်ပေးစမ်းပါ။

အသံရှင် ။ ။ ခု အတောအတွင်းတော့ ဘယ်နည်းမှ မနိုင်ဘူး။ သူက ထွက်ထွက်သွားတယ်။ တပည့်တော်မ ပြန်ပါဦးမယ် - ဆို၍ အသံ တိတ်ဆိတ်သွားတော့၏။

## နတ်များ ဥပုသ်စောင့်ကြောင်း သာဓက

ရုက္ခစိုးနတ်သမီး တစ်ယောက်က စက်တော်ရာသို့ သွားပြီး ဥပုသ်ရက်ရှည် စောင့်မည်ဟုဆိုခြင်းကို သာမန်တွေးလိုက်လျှင် နတ်ဥပုသ်စောင့်လျှင် ဘယ်လိုလုပ် စောင့်မလဲ။ စောင့်တယ်ထားဦးတော့ ကိုယ့်နေရာကိုယ် မစောင့်ဘဲ စက်တော်ရာ သွားစောင့်တာကတော့ ထူးဆန်းလှတယ် စသည်ဖြင့် မယုံကြည်စရာ အချက်တွေ များစွာပေါ်ထွက်လာစရာ အကြောင်းရှိ၏။ သို့ရာတွင် ဝတ္ထုကြောင်း၊ ဓမ္မကြောင်း

www.burmeseclassic.com



သဘာဝအကြောင်းတွေနှင့် ဆင်ခြင်လျှင် အယုံအကြည် မဲ့စရာမဟုတ်။ ယုံကြည်စရာပင် ရှိတော့၏။ အကြောင်းကိုဆိုရသော် ကျွန်ုပ်တို့ ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ အလောင်းတော်ဖြစ်သည့် ဘူရိဒတ်နဂါးမင်းသည် နတ်တို့နှင့်မခြား ကာမဂုဏ်စည်းစိမ်ကို ခံစားနေရစဉ် ဥပုသ်စောင့်လိုသော် နဂါးပြည်၌ ဆိတ်ငြိမ်မှု မရှိရကား လူ့ပြည်ရှိ ဆိတ်ငြိမ်ရာ တောအုပ်တစ်ခုသို့ လာရောက်ပြီး ဥပုသ်စောင့်သုံးရလေသည်။

ဝိဓုရဇာတ်၌ သိကြားမင်း၊ ဂဠုန်မင်း၊ နဂါးမင်း၊ လူမင်း၊ ၄ ဦးသားတို့ ကောရဗ္ဗမင်းဥယျာဉ်ဝယ် ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်လျက် ဥပုသ်စောင့်သုံးကြရလေသည်။ ဤသည့်အကြောင်း ဝတ္ထုတွေကိုထောက်လျှင် ရုက္ခစိုးနတ်သမီး ဆိတ်ငြိမ်ရာ စက်တော်ရာသို့သွား၍ ဥပုသ်စောင့်သုံးမည်ဟုဆိုသော စကားသည် မယုံကြည်စရာ မဟုတ်။ ယုံကြည်စရာပင် ဖြစ်တော့၏။ ကျွန်ုပ်တို့သည် ဥပုသ်စောင့်သုံးလိုသည်ရှိသော် ဆိတ်ငြိမ်ရာသို့သွား၍ ဥပုသ်စောင့်သုံးသင့်ကြောင်း သတိပြုသင့်လေသည်။ တစ်ဆင့်တက်၍ မေးမြန်းဖွယ်ရှိသည်မှာ -

၁။ မည်သို့မည်ပုံ ဥပုသ်သီလခံယူ ဆောက်တည်မည်နည်း။

၂။ နတ်ရက်-လူရက် မည်သို့ ပိုင်းခြားမည်နည်း။

၃။ နေ့လွဲညစာ မည်သို့ ရှောင်ကြဉ်မည်နည်း စသည်ဖြင့် မေးမြန်းဖွယ်ရှိ၏။

၁။ အဖြေမှာ - ဘုရား၊ ပုထိုး၊ စေတီ၊ ရုပ်ပွားမှာဖြစ်စေ၊ အလေးမူအပ်သော သူတော်ကောင်း၊ နတ်တို့ထံမှာဖြစ်စေ၊ ဥပုသ်သီလကို ခံယူဆောက်တည်နိုင်လေသည်။ သို့မဟုတ် မိမိဘာသာ အင်္ဂါရှစ်ပါးရှိသော ဥပုသ်သီလ ဆောက်တည်ကျင့်သုံးပါ၏ဟု စိတ်ဖြင့် ပိုင်းခြား၍ နှုတ်ဖြင့် ရွတ်ဆိုလိုက်လျှင် ဥပုသ် ဆောက်တည်မှုကိစ္စပြီးတော့သည်ဟု ဝိသုဒ္ဓိမဂ် အဋ္ဌကထာတွင် လာရှိသည်။

၂။ အဖြေမှာ - ဥပုသ်စောင့်သုံးရာ၌ လ-ရက် အချိန်ကာလ ပိုင်းခြားရာတွင် နတ်တို့၏ လ-ရက်ဖြင့် မပိုင်းခြားသင့်။ လူတို့၏ လ-ရက်တို့ဖြင့်သာ ပိုင်းခြားသင့်ကြောင်း ဘူရိဒတ္တဇာတ်၊ ဝိဓုရဇာတ်တို့ကို ထောက်၍ သိသာလှ၏။

www.burmeseclassic.com

www.burmeseclassic.com



၃။ အဖြေမှာမူ - ပိဋကတ်တော်ကျမ်း အစောင်စောင်တွင် ကာလခေါ် နံနက်အခါ-ဝိကာလခေါ် မွန်းလွဲအခါ ပိုင်းခြားရာ၌ နေကို ပမာဏထား၍ ခွဲခြားပြ၏။ အရုဏ်တက်သည်မှ နေ မွန်းတည့် အတွင်းသည် နံနက်ခါ ဖြစ်၏။ ဥပုသ်သည်တို့ စားသောက်ကောင်းသောအချိန် ဖြစ်၏။ နေမွန်းတိမ်းသည်မှ ညဥ့်အရုဏ် မတက်မီ အတွင်းသည် မွန်းတိမ်းအခါ မည်၏။ ဥပုသ်သည်တို့ မစားမသောက်ကောင်းသော အချိန်ဖြစ်၏။ ဤသို့လျှင် နေကိုသာ ပမာဏထား၍ ပိုင်းခြားရကား နတ်ပင်ဖြစ်သော်လည်း ပိုင်းခြားသည့် အတိုင်း စောင့်ထိန်းရာ၏ဟု သတိပြုသင့်လေသည်။

## ရုက္ခစိုးနတ်သမီး စက်တော်ရာ သွားချိန်

ရုက္ခစိုး နတ်သမီးသည် ဆရာတော်အား စက်တော်ရာသို့ သွားလျှင် တစ္ဆေကြီးအား ခေါ်ဆောင်သွားပါမည်ဘုရားဟု လျှောက်ထားခဲ့သည့်အတိုင်း ရုက္ခစိုးနတ်သမီး ပိုင်းခြားပြောကြားသည့် ရက်အတွင်းဝယ် တစ္ဆေကြီးသည် မည်သို့မျှ ခြောက်လှန့်ခြင်း မပြုချေ။ ခြောက်လှန့်ခြင်း မရှိချေ။ ခြောက်လှန့်ခြင်း မရှိသဖြင့် ဆရာတော်ကပင် "တစ္ဆေကြီးတော့ စက်တော်ရာသို့ ပါသွားပြီထင်တယ်၊ အခြောက်အလှန့် မရှိတော့ဘူး"ဟု အမိန့်ရှိတော်မူ၏။ သို့ရာတွင် တစ္ဆေကြီးကား ဆရာတော် ကြိုတင်ဟောကြေးပေးသည့်အတိုင်း မဟုတ်တော့ဘဲ ၁၅-ရက်ခန့် ကြာလျှင်ပင် ရှေးက ခြောက်သလို ခြောက်ရုံသာမက ပိုမိုပြင်းထန်လာ၏။

## စတုဂ္ဂအကြိမ် အသံရှင် လာပြန်ခြင်း

ရုက္ခစိုးနတ်သမီးသည် ဆရာတော်အား စက်တော်ရာသို့ ဥပုသ်ရက်ရှည် စောင့်သွားမည်ဟု လျှောက်ထား ပြန်သွားပြီးနောက် ၁၅-ရက်အကြာတွင် ပေါ်လာပြန်၏။ ဆရာတော်လည်း ရှေးကလိုပင် ထွေရာလေးပါး မမေးမြန်းတော့ဘဲ တစ္ဆေကြီး အကြောင်းကိုသာ မေးမြန်းတော်မူ၏။

ဆရာတော် ။ ။ အစ်မကြီး စက်တော်ရာသွားမည်ဆို။

အသံရှင် ။ ။ မှန်ပါ၊ စက်တော်ရာ သွားပြီး ပြန်လာခဲ့ပါပြီဘုရား။

ဆရာတော် ။ ။ စက်တော်ရာသွားလျှင် တစ္ဆေကြီးကို ခေါ်သွားမယ်ဆိုတာ ခေါ်မသွားဘဲ ထားခဲ့တာလား။

www.burmeseclassic.com

www.burmeseclassic.com



အသံရှင် ။ ။ မထားခဲ့ပါဘုရား၊ ခေါ်သွားပါတယ်။

ဆရာတော် ။ ။ ဒါဖြင့် ဘာဖြစ်လို့ ဒီပြန်ရောက်နေသလဲ။

အသံရှင် ။ ။ သူ့ကို ဟိုခေါ်သွားပြီး အစောင့်တွေနဲ့ ထားပါတယ်၊ အစောင့်တွေကြားထဲက သူ ဒီပြန်လာတာပါပဲ ဘုရား။

ဆရာတော် ။ ။ ဒါဖြင့် အစ်မကြီး၊ သူ့ကို မတတ်နိုင်တော့ဘူးပေါ့။

အသံရှင် ။ ။ သူ့ကို ချုပ်ထားဖို့ တပည့်တော်မ မတတ်နိုင်တော့ပါဘုရား။ တပည့်တော်မ ဒီအကြောင်းလျှောက်ထားချင်လို့ အရှင်ဘုရားထံ တပည့်တော်မ လာရခြင်းဖြစ်ပါတယ်။ နောက်တော့ တပည့်တော်မ အရှင်ဘုရားထံ လာခွင့်ရတော့မှာ မဟုတ်တော့ဘူး။ ဒီတစ်ခါ နောက်ဆုံး လာရောက်ခြင်း ဖြစ်ပါတယ်ဘုရားဟု ဆိုကာ အသံတိတ်ဆိတ်သွားတော့၏။

ရုက္ခစိုးနတ်သမီး လာရောက်စဉ် ထူးခြားချက်တစ်ခုမှာ တစ်အိမ်လုံး ရေမွှေးရေတွေ ပက်ဖျန်းထားသကဲ့သို့လည်းကောင်း၊ ပန်းပေါင်းစုံ ကြဲဖြန့်ထားသကဲ့သို့လည်းကောင်း အမွှေးရနံ့တို့သည် တစ်အိမ်လုံး မွှေးကြိုင်သင်းပျံ့နေတော့၏။ ထိုအမွှေးနံ့ရလျှင်ပင် ကလေးများပင် "ဟော ရုက္ခစိုးနတ်သမီး လာနေပြီ"ဟု အသံမကြားရခင်ကပင် ပြောဆိုကြတော့၏။ ဤကဲ့သို့ မွှေးကြိုင်သောအနံ့ ရသည်ကို ထောက်၍ ရုက္ခစိုးနတ်သမီးဟုတ်မှာ အမှန်ပဲဟု ဆရာတော်က ဆုံးဖြတ်ချက် ချခဲ့တော်မူ၏။

## တိုးတက် ခြောက်ခြင်း

ရုက္ခစိုးနတ်သမီး မပေါ်လာတော့ဘဲ တစ္ဆေကြီးသာ အမြဲတစေ ခြောက်လှန့်နေတော့၏။ ရှေးနှင့်မတူ တိုးတက်၍ ခြောက်နေ၏။ ခြောက်လှန့်ပုံ ပိုမိုပြင်းထန်လာတော့၏။ တံတွေးထွေးခြင်း၊ တောက်ခေါက်ခြင်း၊ ပျဉ်ထောင်ခေါက်ခြင်း၊ အိမ်ကြမ်းပြင်ခေါက်ခြင်း၊ ဆံပင်ဆွဲခြင်း၊ ခြေလက်ဆွဲခြင်းမျှ မကတော့ဘဲ ကလေးများကို တုတ်ဖြင့်ပင် ရိုက်လာတော့၏။ သို့ရာတွင် ကလေးများ အနာတရ ဖြစ်လောက်အောင်ကား မရိုက်ချေ။

ကလေးငါးယောက် ရှိသည်တွင် အငယ် ၄-ယောက်တို့ကိုမူကား ခြေ လက် ဆံပင် ဆွဲသောအခါ တုတ်ဖြင့်ရိုက်သောအခါ များစွာ နာကျင်၍ အော်ယံ

www.burmeseclassic.com

www.burmeseclassic.com



သည်မှအပ နှုတ်ဖြင့် တစ်စုံတစ်ရာ ကျူးလွန်ခြင်းလည်းမပြု။ မောင်းမဲခြင်းလည်း မပြုချေ။ အကြီးဖြစ်သူကမူကား ထိုစဉ်အခါက အသက်-၂၀ ကျော် လူငယ် လူရွယ် ဖြစ်သည့်အလျောက် ကလေးတွေအား နှောင့်ယှက်သည်ကို မခံနိုင်တော့သည်ဖြစ်၍ တစ်ခါတစ်ရံ တစ္ဆေကြီးအား ကြိမ်းမောင်း၏။ တစ်ခါတစ်ရံ ဆဲရေးတိုင်းထွာ၏။

## ဓားဖြင့်ခုတ်ခြင်း

တစ်ခါသော် နံနက်မိုးလင်း၍ အိမ်သူအိမ်သားများသည် အရောင်းအဝယ် အလုပ်ကိစ္စနှင့် သွားနေကြ၏။ အိမ်တွင် ကလေးငယ်နှစ်ယောက်သာ ထားခဲ့၏။ အကြီးကလေးမှာ ၉-နှစ်အရွယ်ခန့်ရှိ၏။ အငယ်ကလေးမှာ ၆-နှစ် ကျော်ခန့်အရွယ် ရှိ၏။ ကလေးနှစ်ယောက်သည် နံနက် ၇-နာရီအချိန်ခန့်တွင် အိမ်အောက်ထပ်မှာ ထိုင်၍နေစဉ် အိမ်အပေါ်ထပ်မှ တစ္ဆေကြီး ဆင်းလာသည်ကို တွေ့မြင်ကြရ၍ မပြေးနိုင်တော့ဘဲ တစ္ဆေကြီးကို နှစ်ဦးသား ရှိခိုး၍နေကြ၏။

တစ္ဆေကြီးသည် ၇-ပေ၊ ၈-ပေခန့်မျှမြင့်သော အထပ်ခိုးအောက်သို့ ကုန်း၍ဝင်သွားပြီး ဓားမတစ်ချောင်းကို ကိုင်ဆွဲ၍ အိမ်အောက်မှထွက်လာကာ အိမ်ခေါင်းရင်း၌ ထားရှိသော အပ်ချုပ်စက်ခုံကို နှစ်ချက်ခုတ်ထစ်ပြီး ဓားမကို လွှတ်ချလျက် အိမ်ရှေ့အပြင်သို့ ထွက်သွား၍ ပျောက်ကွယ်သွားတော့၏။ တစ္ဆေကြီး ခုတ်သော အပ်ချုပ်စက်ခုံမှာ အကြီးဖြစ်သူ ချုပ်သော အပ်ချုပ်စက်ခုံ ဖြစ်၏။ လူကိုမခုတ်ဘဲ စက်ခုံကို ခုတ်ခြင်းသည် ၎င်းသူက ကြိမ်းမောင်းသဖြင့် စိတ်ခု၍ သိလောက်ရုံ မှတ်လောက်ရုံ ပြုလုပ်သွားသည်နှင့် တူလှတော့၏။

လူမမည် ညီအစ်ကိုနှစ်ဦးမှာ အိမ်မှာမနေဝံ့တော့ဘဲ ဦးလေးဖြစ်သည့် ဆရာတော်ထံသို့ ပြေးလာပြီး ဖြစ်ပျက်ပုံအကြောင်းစုံကို လျှောက်ထားကြ၏။

ဆရာတော် ။ ။ မင်းတို့က ဘယ်မှာ ထိုင်နေကြသလဲ။

ကလေးများ ။ ။ တပည့်တော်တို့ အိမ်အောက်ထပ်မှာ ထိုင်နေပါတယ်ဘုရား။

ဆရာတော် ။ ။ အဲသည်တစ္ဆေကြီးက ဘယ်ကလာတာလဲ။

ကလေးများ ။ ။ အိမ်အပေါ်ထပ်က ဆင်းလာပါတယ်ဘုရား။

ဆရာတော် ။ ။ သူ့ကို ထင်ထင်ရှားရှား မြင်ရရဲ့လား။

www.burmeseclassic.com

www.burmeseclassic.com



ကလေးများ ။ ။ ထင်ထင်ရှားရှားတော့ မမြင်ရပါဘူးဘုရား။

ဆရာတော် ။ ။ ဒါဖြင့် မင်းတို့မြင်ရတာ အရိပ်လား။

ကလေးများ ။ ။ အရိပ်တော့ မဟုတ်ဘူး၊ မှုန်မွှားမွှား မြင်ရပါတယ်ဘုရား။

ဆရာတော် ။ ။ သူ ဘယ်လောက် အရပ်မြင့်သလဲ။

ကလေးများ ။ ။ ဘယ်လောက်မြင့်တယ်တော့ မလျှောက်တတ်ဘူးဘုရား၊ အိမ်အောက်ကို ကုန်းဝင်သွားရပါတယ်။

ဆရာတော် ။ ။ သူ ဓားကိုင်ထားတော့ မင်းတို့မကြောက်ဘူးလား၊ ဘယ်လို လုပ်နေကြသလဲ။

ကလေးများ ။ ။ တပည့်တော်တို့ သိပ်ကြောက်သွားတာပဲ။ ဓားနှင့်ခုတ်မှာစိုးလို့ သူ့ကို ထိုင်ပြီး ရှိခိုးနေကြပါတယ်။

ဆရာတော် ။ ။ မင်းတို့မြင်ရတဲ့ မှုန်မွှားမွှားဟာ ဘယ်လိုပုံသဏ္ဌာန်လဲ။

ကလေးများ ။ ။ တပည့်တော်တို့တော့ လူလို့ပဲ မှတ်တာပဲဘုရား။

ဆရာတော်သည် တူကလေးနှစ်ဦးအား အကျိုးအကြောင်း မေးမြန်းပြီးနောက် အိမ်သို့ပြန်သွားကြရန် လွှတ်လိုက်သော်လည်း ပြန်မသွားကြတော့ဘဲ လူကြီးများ လာရောက်ခေါ်မှ လိုက်ပါသွားကြ၏။ ညနေရောက်လျှင် ဆရာတော်သည် တပည့်တစ်ဦး ဦးပဉ္စင်းငယ်များနှင့်အတူ အိမ်သို့ကြွသွား၏။ (စာရေးသူ) ကျွန်ုပ်လည်း လိုက်ပါသွား၏။ တစ္ဆေကြီး ခုတ်ထားသော စက်ခုံကိုကြည့်ကြရာ ဓားချက် နှစ်ချက်ရာကို တွေ့ရ၏။ ညအချိန်ရောက်လျှင် ရှေးကကဲ့သို့ ခြောက်လှန့်သံများ ကြားသိခဲ့ရ၏။ ဆရာတော်လည်း ခြောက်လှန့်ခြင်း အန္တရာယ်ပျောက်ရန် မည်သို့ပြုလုပ်ရမည်နည်းဟု ကြောင့်ကြတစ်ခု ပြုနေရတော့၏။ အိမ်သားများလည်း တစ္ဆေကြီး၏ ခြောက်လှန့်ခြင်းကို နေ့စဉ်နေ့တိုင်း ခံနေကြရလေသည်။

* * *

## ပရိတ်တော်တန်ခိုး

ဆရာတော်သည် တစ္ဆေကြီးအန္တရာယ် ပျောက်ကင်းရန် ဟင်္သာတမြို့ တစ်ဖက်ကမ်း သာရဝေါ်ဘက်တွင် သီတင်းသုံးနေထိုင်တော်မူသော ဆရာတော် ဦးမာဃိန္ဒနှင့် တိုင်ပင်လေရာ ဆရာတော်ဦးမာဃိန္ဒက "တပည့်တော်လာပြီး

www.burmeseclassic.com

www.burmeseclassic.com



ပရိတ်မေတ္တာ ပို့ကြည့်ပါဦးမည်”ဟုဆိုကာ ညတွင်အိမ်သို့ ကြွရောက်၍ တစ်ညလုံး မကျိန်းစက်ဘဲ ပရိတ်မေတ္တာပို့နေသည်။ ဆရာတော်ဦးမာယိန္ဒ ပရိတ်မေတ္တာ ပို့နေသည့် ညအချိန်တွင် နေ့စဉ်နေ့တိုင်း ခြောက်နေကျ မခြောက်တော့ဘဲ ငြိမ်သက်နေတော့၏။ ထိုနေ့ည မခြောက်သဖြင့် တစ္ဆေကြီးသွားပြီဟု ထင်မှတ်ရသော်လည်း ဆရာတော်ဦးမာယိန္ဒ မကြွရောက်သော နောက်ညတွင်မူ ခြောက်မြဲ ခြောက်နေပြန်တော့၏။ ဆရာတော် ဦးမာယိန္ဒလည်း ပြန်ခြောက်နေသည်ဟု ကြား၍ အိမ်သို့ပြန်ကြွလာကာ ညလုံးပေါက် ရှေးကကဲ့သို့ ပရိတ်မေတ္တာ ပို့လျက်နေ၏။ တစ္ဆေကြီးကား သည်တစ်ခါတော့ မခြောက်ဘဲ မနေတော့ပြီ။ ရှေးကကဲ့သို့ ခြောက်ခြောက်နေပြန်တော့၏။ ဆရာတော်ဦးမာယိန္ဒလည်း မလျှော့သော လုံ့လဝီရိယဖြင့် နောက်တစ်နေ့ဆက်ကာ ညလုံးပေါက် ပရိတ်ရွတ် မေတ္တာပို့၏။ တစ္ဆေကြီးကား မရတော့ပေ။ ခြောက်မြဲခြောက်နေလေသည်။

ထိုအခါကျမှ ဆရာတော်နှစ်ပါး တိုင်ပင်ကာ ဒီဃနိကာယ် ပါထေယျဝဂ္ဂသုတ်ပါဠိတော်လာ အာဋာနာဋိယသုတ် ပရိတ်ရှည်ကြီးကို ရွတ်ဖတ်ရန် ဆုံးဖြတ်ချက်ချကြရတော့၏။ သို့သော် ၎င်းသုတ်ပရိတ်တော်ကို ဦးစွာမရွတ်ချေ။ ဆရာတော်များသည် အာဋာနာဋိကသုတ် ပရိတ်တော်ကို ဦးစွာ မရွတ်ဖတ်ခြင်းသည် အကြောင်းတစ်ခုရှိ၏။ တစ္ဆေ - သူရဲ - မြေဖုတ်ဘီလူး စသော နတ်ဆိုး နတ်ဝါးတို့၏ အန္တရာယ်နှင့် တွေ့ကြုံခံစားနေရလျှင် ထိုအာဋာနာဋိယသုတ် ပရိတ်တော်ကို မရွတ်ဖတ်ဘဲ အခြားသော ပရိတ်ဖြင့်လည်းကောင်း၊ မေတ္တာပို့ခြင်းဖြင့်လည်းကောင်း တစ်နည်းနည်းဖြင့် ပျောက်ငြိမ်းအောင် ပြုလုပ်ရ၏။ ထိုသို့ ပြုလုပ်ပါသော်လည်း အန္တရာယ်ပြုမရပ်ဘဲ ကဲတက်လာခဲ့အံ့၊ ထိုအခါကျမှ နောက်ဆုံး အသုံးပြုရသော လက်နက်ထူး လက်နက်ဆန်းကြီးများသဖွယ် ထား၍ ဤအာဋာနာဋိယသုတ် ပရိတ်တော်ကို ရွတ်ဖတ်ကြရန် ၎င်းသုတ် အဋ္ဌကထာ၌ မိန့်ဆိုထားတော်မူခဲ့သည်။ သို့ဖြစ်၍ ဆရာတော်နှစ်ပါးသည် ၎င်းအာဋာနာဋိယသုတ် ပရိတ်တော်ကို နောက်ဆုံးထား၍ ရွတ်ဖတ်ရန် ဆုံးဖြတ်တော်မူကြရသည်။

### ပရိတ်တော်အစီအရင်

အာဋာနာဋိယသုတ် အဋ္ဌကထာတွင် လာရှိသည့် ပရိတ်တော် အစီအရင်များမှာ -

www.burmeseclassic.com

www.burmeseclassic.com



မေတ္တသုတ်၊ ဓဇဂ္ဂသုတ်၊ ရတနသုတ်များကို ၇-ရက်ခန့်က ကြိုတင်ရွတ်ဖတ် သရဇ္ဈာယ်ရခြင်းစသော အစီရင်များအတိုင်း ခမည်းတော်ဟောင်းဖြစ်ရသူ တစ္ဆေကြီးအားလည်း အထူး မေတ္တာဘာဝနာ ပွား၍ရွတ်ဖတ်ကြသည်။

ရွတ်ဖတ်နေစဉ်မှာပင် တစ္ဆေကြီး ခုန်ချပြေးသကဲ့သို့ ယူဆရသော အသံဗလံများ ကြားရပြီးနောက် အသံနက်ကြီးဖြင့် ဧရာဝတီမြစ်ဘက်သို့ အော်ဟစ်ထွက်ပြေးလေသည်။ လူအချို့ အိမ်အပြင်ထွက်၍ မြစ်ဘက်သို့ လှမ်းကြည့်ရာ ဖုန်လုံးကြီး လေပွေလုံးကြီး လိမ့်ပြေးပြီး သွားသကဲ့သို့ မြင်ကြရသည်။

ထို့မှနောက် မည်သို့မျှ ခြောက်လှန့်ခြင်း မရှိတော့ချေ။

သားရဟန်း အမှီရှိသော ဥပါသကာကြီးတစ်ဦး ဖြစ်ပါလျက် ကိုယ်ကျင့်သီလတရား ရှိသူဟု ယူဆဖွယ်ရှိသော်လည်း သေခါနီးကာလ သားသမီး မြေးမြစ်ပစ္စည်းပစ္စယတို့နှင့်စပ်၍ တစ်စုံတစ်ရာ စိတ်ထားမှားယွင်း သွားရှာလေသလောဟု စဉ်းစားရင်း ဘကြီးကိုင်း၏ ဘဝကိုကြည့်ကာ ဘဝသံသရာကြီးကား ကြောက်ဖွယ်လိလိပါတကား။

၀

www.burmeseclassic.com

www.burmeseclassic.com

ငါမှားလျှင် သူတစ်ပါးအပြင်ကို ငါခံရမည်

၁။ မှားယွင်းမှုဟူသည် မောဟမကင်းသူ လူတိုင်းနှင့် ဆက်ဆံရ၏။

၂။ သူတစ်းပါးမှားလျှင် အမှန်ရောက်အောင် ငါပြင်မည်။

၃။ ငါမှားလျှင် သူတစ်ပါးအပြင်ကို ငါခံမည်။

၄။ ငါ့ကိုပြုပြင်သူကို 'ငါ့ဆရာ' ဟု အသိမှတ်ပြုမည်။

၅။ သူတစ်ပါးအကျိုးကို ငါလိုလားမှ ငါ့အကျိုးကို သူတစ်ပါးက လိုလားမည်။

၆။ ငါ့တာဝန်ကို ငါကိုယ်တိုင်သိ၍ ရွက်ဆောင်မည်။

၇။ ငါ့အလိုသို့သာ တစ်ဖက်သက်လိုက်သူမှာ ငါ့မိတ်ဆွေ မဟုတ်။

၈။ သုခ၏ မျိုးစေ့ဖြစ်သော ဒုက္ခကို ရဲဝံ့စွာ ငါခံယူမည်။

၉။ ဒုက္ခ၏မျိုးစေ့ဖြစ်သော သုခကို ရဲဝံ့စွာ ငါရှောင်ရှားမည်။

၁၀။ ငါ့အလုပ်နှင့် တူသောအကျိုးကို မချွတ်ငါရမည်။

အဘိဓဇညောင်တုန်းရွှေဟင်္သာ

ဆရာတော်ဘုရားကြီး၏ စိတ်ဓာတ်

www.burmeseclassic.com

www.burmeseclassic.com

# သဂ္ဂကထာ



ပန်းချီဝတို့၊

www.burmeseclassic.com

www.burmeseclassic.com

# ကျတ်တီးကုန်းမှာ ပွင့်သောပန်း

(၁)

တရား ဘာဝနာနှင့် အမြဲနေလေ့ရှိသော ပုဂ္ဂိုလ်တို့လောက၌ ဤဖော်ပြလတ္တံ့သော အကြောင်းအရာများကား ထူခြားဆန်းကြယ်လှသည်ဟု မဆိုသာ၊ အံ့သြစရာလည်း မဟုတ်တတ်၊ သာမန် ဖြစ်ရိုးဖြစ်စဉ်မျှသာတည်း။

သို့သော် လူသာမန်တို့ကမ္ဘာအဖို့ လွန်စွာဆန်းကြယ်၏။ အံ့သြဖွယ်ကောင်း၏။ သီလ သမာဓိ ပညာ ဘာသာရေး ကိုယ်တွေ့ အလုပ်စခန်း၌ လေ့ကျင့်ခန်းဝင်စ၊ ဝင်ဆဲ ပုဂ္ဂိုလ်များအတွက် ပို၍ အတုယူ အားကျဖွယ်လည်း ကောင်းလှပေ၏။

ဤ၌ တရား ဘာဝနာနှင့် အမြဲနေလေ့ရှိသော ပုဂ္ဂိုလ်ဆိုသည်မှာ ယခု ဖော်ပြလတ္တံ့သော တောရဆရာတော်ကြီး အပါအဝင် ယောဂါဝစရ အရှင်မြတ်များကို ဆိုလိုပါ၏။ တုယူ အားကျထိုက်သောကိစ္စကား မေတ္တာ၊ ကရုဏာ ဖြန့်ပွားခြင်း အလုပ် ဖြစ်သည်။ အဘယ်နေရာဌာနမျိုး၌ မေတ္တာကို ဦးစားပေး၍ အဘယ်နေရာဌာနမျိုး၌ ကရုဏာကို ပို၍လုပ်ရကြောင်း၊ တွေ့ဆုံရသောပုဂ္ဂိုလ် နေရာအလိုက် မိမိသန္တာန်၌ မေတ္တာစိတ်ဖြစ်အောင်၊ ကရုဏာစိတ်ဖြစ်အောင် လေ့ကျင့်ထားရကြောင်း၊ တစ်နည်းအားဖြင့် နေရာဌာန၊ ပုဂ္ဂိုလ်လိုက်၍ အလိုလို နှလုံးသွင်းမိလျက်သားဖြစ်အောင် လေ့ကျင့်ယူရပုံကို အဆိုပါတောရဆရာတော်ကြီး၏ ကိုယ်တွေ့ မေတ္တာကရုဏာက သင်ခန်းစာပေးလျက် ရှိပါ၏။

ထိုတောရဆရာတော်ကြီးထံ စာရေးသူ တစ်နှစ်တစ်ခေါက်လောက် ရောက်လေ့ရှိသဖြင့် စာရေးသူလည်း ကိုယ်နှင့်တန်သလောက် ထိုအလေ့အကျင့်ကောင်းများ အလိုလို အဆင်သင့်လေ့ကျင့်မိလျက်သား ဖြစ်နေတတ်သည်။ ဖြစ်အောင်လည်း ကြိုးစားရသည်။

(၂)

ဤနေရာ၌ ဆရာတော်ကြီး သီတင်းသုံးသော တောရကျောင်းကလေး၏ အကြောင်း အနည်းငယ်ဖော်ပြရသော . . . တောရကျောင်းကလေး တည်ရှိရာ

www.burmeseclassic.com

www.burmeseclassic.com



ဒေသကား မိုးခေါင်ရေရှားသော မုံရွာခရိုင် ဘုတလင်မြို့နယ် ဝန်းကျင်၌ ဖြစ်သည်။

ကျောင်းပတ်ဝန်းကျင် အရပ်လေးမျက်နှာ၌ ထန်းပင်များနှင့် တောင်ယာကွင်းပြင်များက ဝိုင်းရံထား၏။ ၂-ဧကခန့်ရှိသော ကျတ်တီးကုန်း ယာမြေကွက်မှာ မည်သည့်သီးပင်မျှ စိုက်ပျိုး၍ မရသဖြင့် တောရကျောင်းဝင်းဖြစ်လာသည်။ အရိပ်အာဝါသကောင်းသော သစ်ကြီးဝါးကြီးမရှိ။ သန်းပင်၊ ဒဟတ်ပင်၊ ရှားပင်၊ တမာပင်နှင့် ဆူးချုံများသာရှိ၏။ နွေခါတွင် ထိုအပင်များမှာလည်း အရိုးကျဲကျဲ လေတဟဲဟဲနှင့် မွဲခြောက်နေ၏။

ကျောင်းဝင်းအတွင်း၌လည်း တစ်ယောက်နေ ကမ္မဋ္ဌာန်းကျောင်းကလေးများနှင့် ထန်းရွက်တဲကြီးများသာ ရှိ၏။ ထန်းရွက်တဲကြီးကား စုပေါင်း သီလယူ၊ တရားထိုင်ရာ ဓမ္မာရုံတည်း။

တောကျောင်းရှိ ရေကန်မှာလည်း တစ်နှစ်လျှင် အများဆုံး ၇-လ၊ ၈-လ ခန့်မျှသာ ရေရှိ၏။ ဒါလည်း မိုးလေဝသ ကောင်းပါမှ။ အစားရေစာ ဆွံ့ရှားလှသော အညာဒေသဖြစ်၍ အစားအသောက်အကြောင်း အထူးပြောရန် မရှိ။ သို့သော် ဆန်ရေစပါး သားငါးပေါလှသော အောက်သူအောက်သားများ အနည်းငယ် ခန့်မှန်းနိုင်ရန် စားရေးသောက်ရေး အနည်းငယ် ပြောလိုပါသေးသည်။ သူတော်ကောင်းတရားကို ရှာရာ၌ လျှာအလိုမလိုက်ကြပုံ သာဓက တစ်ခုဟုလည်း ဆိုနိုင်ပါ၏။

တောကျောင်း၌ ဝေယျာဝစ္စလုပ်သော ကိုရင်ငယ် ၂-ပါးနှင့် ကပ္ပိယကာရက တစ်ဦးရှိရာ နံနက်အရုဏ်အတွက် ဆန်ပြုတ် သောက်ကြရသည်။ အဆီအစေး မရှိသော အညာဆန်ဖြင့် ပြုတ်ထားသည့်ဆန်ပြုတ်မှာ ကျဲတောက်တောက်၊ အရေ တခြား၊ အဖတ် တခြား၊ ထိုသို့ နေ့စဉ် ဆန်ပြုတ် ပြုတ်လောက်အောင် ဆန် 'အလျှဉ်မီ'နေသည်ကိုပင် 'တရားတန်ခိုး'ဟု ပြောစမှတ်ပြုနေကြရသည်။

နေ့ဆွမ်းအတွက် အစောပိုင်းနှစ်များက ဆရာတော်ကြီး ကိုယ်တိုင် ပတ္တပိုဏ် ဆွမ်းခံစား၏။ အသက်အရွယ် ကြီးလာသဖြင့် အစောင့်အရှောက်များ ရှိလာချိန်မှစ၍ ကိုရင်ငယ်နှစ်ပါးက ဆွမ်းခံကျွေး၏။ အနီးအနားရွာရှစ်ရွာ တစ်လှည့်စီ ဆွမ်းခံရသည်။ ဒကာများက လိုက်ပို့ကြ၏။ ဟင်းများ ချိုင့်ကြီးချိုင့်ငယ်ဖြင့် စေတနာသဒ္ဓါ ထက်သန်စွာ လောင်းလှူကြရာ လူနှစ်ဆယ်စားလောက်၏။ ဟင်းခွက်ချိုင့်များ စားပွဲကြီးတစ်ချပ်ပင် မဆံ့။

သို့သော် ဟင်းများကို တူရာ ပေါင်းလိုက်လျှင် ၄-ခွက်သာရှိ၏။ ချဉ်ရည်

www.burmeseclassic.com

www.burmeseclassic.com



ငရုတ်သီးဟင်း၊ ပဲကျားပြုတ်နှင့် အညာအသားဟင်းခေါ် သော ငါးပိကောင်ကြော်၊ ထိုငါးပိကောင်ကြော်မှာလည်း အနံ့အသက်နှင့်တကွ ငန်လွန်းအားကြီးသဖြင့် အလွန်အစားခံ၏။

ယင်းသို့ ကျောင်းအနေအထားနှင့် အစားရေစာကို ကြည့်လျှင် အဘယ်မျှ နှလုံးမွေ့လျော် ပျော်ဖွယ်ရာကောင်းသော တောကျောင်းဖြစ်ပါသနည်း။ ရာသီဥတုက ပူချိန်တွင် အစွမ်းကုန်ပူ၍ ဆောင်းအခါတွင် ခိုက်ခိုက်တုန်လေတော့သည်။

သို့သော် သူတော်ကောင်းတရားတို့မည်သည်မှာ လောကီအာရုံများကင်းဆိတ်ရာ၌သာ တည်ရှိတတ်ပေသည်။ ထို့ကြောင့်လည်း ညောင်လွန့် ရဟန္တာအရှင်မြတ်ကြီးက -

"ခေါင်းပါးသော အစာရေစာနှင့် အာရုံကင်းဆိတ်သော တောရိပ်တောင်ရိပ်က ယောဂီတို့အား တစ်ဝက် ဆုံးမပြီးဖြစ်သည်" ဟု မိန့်တော်မူဖူးသည် မဟုတ်ပါလော။

ဤမျှ ခြောက်သွေ့ ခေါင်းပါး၍ အစာရေစာ ဆွံ့ရှားလှသော ကျတ်တီးကုန်း တောရကျောင်းမြေပေါ်တွင် လူသားတိုင်း၏ နှလုံးသား၌ ကူးယူစိုက်ပျိုး 'မျိုးပွား'သင့်သော မေတ္တာနှင့်ကရုဏာပန်း နှစ်ပွင့်တို့ကား ၁၂-ရာသီ လန်းဆန်းလျက်။

(၃)

"လွန်ခဲ့သော ၁၀-နှစ်လောက်ကပေါ့ကွာ၊ (မောင်းထောင်ရွာကြီး အနောက်ဘက်) လယ်တီရွာ အလှူရှိလို့ ကြွရတယ်။ အလှူကလဲ တော်တော် စည်ကားတဲ့အလှူ ဘုန်းကြီးများ ပရိတ်ရွတ်၊ ရေစက်ချပြီးတော့ အသံချဲ့စက်ကနေ တစ်ပါးချင်း ပင့်တာပေါ့။ သံဃာစင်အဆင်း၊ မဏ္ဍပ် အထွက်ကနေပြီး လျှူဖွယ်ဝတ္ထုကပ်တယ်။

"တော်တော်နဲ့ ဘုန်းကြီးအလှည့် မကျဘူး။ မဏ္ဍပ်အထွက်မှာလဲ လူတွေက ရုတ်ရုတ် ရုတ်ရုတ်နဲ့၊ မဏ္ဍပ်ထဲက ပရိသတ်တွေကလဲ ဘုန်းကြီးတွေ တစ်ပါးပြီးတစ်ပါး ဆင်းကြွနေချိန်မှာ စိတ်တွေ လွတ်လပ်သွားပြီး ဒူးထောင်ပေါင်ကားနဲ့ ဟိုကြည့်ဒီကြည့် ကြည့်တဲ့လူကကြည့်၊ လူ တော်တော်များများက ဆေးလိပ်ကြီးတွေ တငေါ်ငေါ်နဲ့ မီးခိုးတလူလူထအောင် အားရပါးရ သောက်နေကြတယ်။

"အသံချဲ့စက်ကနေ ဘယ်ဆရာတော် ကြွပါဘုရား၊ ဘယ်ဆရာတော် ကြွပါဘုရား . . . နဲ့ ဆက်ပြီးပင့်နေတယ်။ ဘုန်းကြီးအလှည့်က နောက်ဆုံးလောက်

www.burmeseclassic.com

www.burmeseclassic.com



နီးနီး ဖြစ်နေတယ်။ တောရကျောင်းဆရာတော် ကြွပါဘုရား”လို့ အသံချဲ့စက်ကလဲ ပင့်ရော၊ စောစောက ကိုးရိုးကားရားနဲ့ ဆေးလိပ်သောက်နေတဲ့ လူတွေအားလုံး ဆေးလိပ်ကိုယ်စီချပြီး လက်အုပ်ချီနေကြတယ်။ သံဃာစင်ပေါ်က ဆင်းတယ်ဆိုရင်ပဲ သူ့ထက်ငါ တဘက်တွေ တောက်လျှောက်ခင်း၊ အားလုံး ကုန်းပြီး ဝတ်ချကြသကွ။

“ဒါကို ဘုန်းကြီးက သာယာလို့ ပြောတာမဟုတ်ဘူး။ မေတ္တာများ အလွန်စူးရှတဲ့အကြောင်း ပြောချင်လို့။ ဘုန်းကြီး ကြွဖို့အလှည့်က တော်တော်နဲ့မကျတော့ ‘အဲ . . . အလကားနေ အလကားပဲ၊ ဒီလူတွေဟာ တစ်သက်မှတစ်ခါ တွေ့ရမယ့်သူတွေလဲ ဖြစ်ချင်ဖြစ်မယ်။ ဒီတော့ ချမ်းသာကြပါစေ’ ဆိုပြီး မေတ္တာပို့နေလိုက်တယ်။

“ဟို့ . . ရွာကြီးထဲက အလှူတစ်ခုမှာလဲ အဲသလိုပဲ။ သိသာလောက်အောင်ထူးခြားတယ်။ ကျန်တဲ့ကိုယ်တော်တွေများ မြင်ရင် ခံချင်မှာတောင် မဟုတ်ဘူး။ ကား၊ ရထား စသည် ခရီးသွားတဲ့အခါမှာလဲ ပို့ပြီး မေတ္တာပွားလို့ ကောင်းတယ်၊ ‘ဒီခရီးသည်တွေဟာ တစ်သက်မှာတစ်ခါပဲ တွေ့ဆုံရမယ့်သူတွေ ဖြစ်ချင်ဖြစ်မယ်’ ဆိုတဲ့အသိက ပို့ပြီး ဦးစီးတော့ မေတ္တာပွားလို့ ပိုကောင်းတယ်။

“တစ်ခါက ကိုယ့်ထက်ကြီးတဲ့ မထေရ်ကြီးတစ်ပါးနှင့်အတူ ကားစီးသွားကြရတယ်။ ဘယ်သူကမှ နေရာဖယ် မပေးကြဘူး။ ဘုန်းကြီးကတော့ ထုံးစံအတိုင်း မေတ္တာပို့ပြီးနေတယ်၊ မကြာခင်ဘူး၊ ဒကာတစ်ယောက်က နေရာ လျှော်တယ်၊ ကိုယ့်ထက်ကြီးတဲ့ ဆရာတော်ကြီးရှိလျက်နဲ့ ဘုန်းကြီးက ထိုင်လို့ မကောင်းဘူး၊ ဒီတော့ ဆရာတော်ကြီးကို ထိုင်ဖို့လျှောက်ရတယ်၊ ဘုန်းကြီးလဲ မကြာခင် နေရာရပါတယ်။

“ဗုဒ္ဓဘာသာ နိုင်ငံလဲဖြစ်၊ တောသူတောင်သားတွေလဲဖြစ်ပြီး လူကြီးသူမ၊ ရဟန်းသံဃာ မလေးစားတဲ့လူတွေလဲ အများသား၊ လိုရင်းက ခရီးသွားရင်လဲ မေတ္တာ မမေ့ဖို့ ပြောချင်တာပါပဲ”

လူတစ်ဖက်သား ကောင်းစားချမ်းသာစေလိုသော စိတ်၊ ကိုယ်ချင်းစာနာစိတ်ကလေး ဖြစ်ပွားအောင် လေ့ကျင့်ရသောအလုပ်သည် ဘာမျှ ခဲယဉ်းပင်ပန်းသောအလုပ် မဟုတ်ချေ။

အောင်မြင်အောင် လေ့ကျင့်ယူနိုင်ပါလျှင် သတ္တလောကကြီးအတွက် အလွန် ကျေးဇူးများလှ၏။ အိမ်တွင်းပြဿနာမှအစ အရာရာချောမွေ့စေ၏။ လူအများစုနှင့် ဆက်ဆံရသောသူများအတွက် ပို၍ အသုံးဝင်လှ၏။

www.burmeseclassic.com

www.burmeseclassic.com



(၄)

"ကရုဏာကတော့ ဒုက္ခိတသတ္တဝါတွေ ကြုံတွေ့ရတဲ့အခါ သာပြီး ပွားလို့ကောင်းတယ်။

"ဘုန်းကြီးလက်တွေ့ ပြောရရင် ငါးနှစ်လောက် ရှိရောပေါ့ကွာ၊ တောကျောင်းဒကာ ကိုဖိုးအောင်သား တင်ဝင်း၊ ဘာရောဂါလဲ မသိပါဘူး၊ တီဘီဆိုထင်ပါရဲ့၊ ဘုတလင် ဆေးရုံတက်ရတယ်၊ တော်တော်ကြာတော့ ဆေးရုံကဆရာဝန်က 'ဒီလူနာတော့ မရတော့ဘူး၊ အိမ်ပြန်ယူကြ' ဆိုလို့ လှည်းနဲ့ တိုက်လာကြတယ်။

"အိမ်ရောက်တော့ ဘာ တတ်နိုင်မှာလဲ၊ ဒီလိုပဲ ဝိုင်းကြည့်နေရတာပေါ့။ ဒီအချိန်မှာ ကိုဖိုးအောင်ရဟန်း ဦးဇာဂရလဲ အောက်ပြည်က ရောက်လာတယ်။ သူက မြန်မာဆေးဝါး တော်တော်နားလည်တယ်၊ သူလဲ လူနာကြည့် မေးစမ်းပြီး ကျောင်းရောက်လာလို့ -

"ဦးဇာဂရ၊ လူနာ အခြေအနေ ဘယ့်နှယ်လဲ"လို့ မေးတော့

"လူနာကတော့ ဆရာဝန်တောင် လက်လွှတ်လိုက်ပြီပဲဟာ၊ သူ့ လက္ခဏာကြည့်ရတာလဲ သေဖို့များပါတယ်။ သေမှာပါပဲ"ဆိုတော့ ဘုန်းကြီး စိတ်ထဲမှာ တော်တော် စိတ်မချမ်းသာသွားဘူး။

"ဒါနဲ့ ဘုန်းကြီးက လူနာကို လူနာနေတဲ့နေရာကို မှန်းပြီး ကရုဏာ ပွားတယ်။ စူးစူးစိုက်စိုက်ပွားတယ်။ ဘုန်းကြီးပွားပုံက ဒီလို . . .

၁။ "ဒုက္ခပ္ပတ္တာ စ နိဒ္ဒုက္ခာ၊
ဟောန္တု သဗ္ဗေပိ ပါဏိနော . . . ဆင်းရဲဒုက္ခ ရောက်နေတဲ့ သတ္တဝါတွေ အားလုံး ဆင်းရဲဒုက္ခက လွတ်ကင်းကြပါစေ"

၂။ "ဘယပ္ပတ္တာ စ နိဗ္ဘယာ၊
ဟောန္တု သဗ္ဗေပိ ပါဏိနော . . . ဘေးရန် တွေ့နေတဲ့သတ္တဝါတွေ အားလုံး ဘေးရန်ကင်းကြပါစေ"

၃။ သောကပ္ပတ္တာ စ နိသောကာ။
ဟောန္တု သဗ္ဗေပိ ပါဏိနော . . . စိုးရိမ်ကြောင့်ကြ ပူပန်သောက ရောက်နေတဲ့သတ္တဝါတွေ အားလုံး စိုးရိမ်ကြောင့်ကြ ပူပန်သောက ငြိမ်းကြပါစေ"

www.burmeseclassic.com

www.burmeseclassic.com



"မောင်တင်ဝင်းမိဘတွေက စပြီးတော့လဲ ခြေမကိုင်မိ လက်မကိုင်မိ စိုးရိမ်ပူပန်နေကြရှာမယ်၊ ဘုန်းကြီးက မြန်မာလို မဆိုတော့ဘူး၊ ပါဠိလိုပဲ တစ်လုံးချင်း ဆွဲပြီး အနက်အဓိပ္ပာယ်ပေါ် အောင် ဖြည်းဖြည်းကလေး၊ တိုးတိုး ကလေး ရွတ်ဆိုပွားများတယ်။ အကြိမ်ပေါင်း ၇-ကြိမ် ပွားများတော့ လူမမာ ပုံသဏ္ဌာန် မျက်စိထဲမှာ ကွင်းကွင်းကွက်ကွက် ပေါ်လာတယ်၊ ကရုဏာအာရုံ အဖြစ် ပေါ်လာတယ်။

"ပွားရင်းပွားရင်းနဲ့ အာရုံထဲမှာ လူမမာဟာ ခြင်ထောင်ကို ဖွင့်ပြီး အိမ် တံခါးပေါက်အထိ ထလာတာကို တွေ့ရတာပဲ၊ ဒါနဲ့ နောက်တစ်ရက် ရောက်တော့. . .

"ဦးဇာဂရ၊ ကိုယ်တော့်လူနာ မသေပါဘူး၊ စိတ်သာချပြီး ပရိတ်ကိုသာ အနားက ရွတ်ပေးပါ"လို့ ဘုန်းကြီးက ရဲရဲပဲ ပြောလိုက်တယ်။ တကယ်ပဲ မောင်တင်ဝင်းဟာ အံ့သြလောက်အောင် နေကောင်းသွားတယ်။

"နောက်တစ်ယောက်ကတော့ ဘုန်းကြီးတူမ သိန်းကြွယ်၊ သူကတော့ ဆေးရုံ မတက်ရပါဘူး၊ အိမ်မှာပဲ ဆရာဝန်နဲ့ ဆေးထိုးနေရတယ်၊ ရောဂါက သိပ် မသက်သာဘူး။ ရက်က တော်တော်ကြာလာတော့ စိုးရိမ်ရတဲ့ အခြေအနေ ဖြစ်လာတယ်။ မေးကြည့်တော့ မသက်သာဘူးလို့ပဲ သိရတယ်။ ဒါနဲ့ ခုနက ပြောတဲ့ အတိုင်း ကရုဏာ ပွားပို့တာပေါ့။

"တစ်ရက်နှစ်ရက်လောက် ဆိုရင်ပဲ စိုးရိမ်ရတဲ့ အခြေအနေကတော့ လွတ်လာတယ်၊ ဒါပေမယ့် မသက်သာလှသေးဘူး။ မောင်ချစ်ဖေတို့ မအေးရှင်တို့ မိဘတွေကတော့ ပူကြတာပေါ့လေ၊ မအေးရှင် ကျောင်းလာတော့ . . .

"နင့်သမီး မသေဘူး စိတ်ချ၊ နင်ကလဲ လူနာကိုအာရုံပြုပြီး မေတ္တာပို့၊ တရားကို ခါတိုင်းထက်တိုးပြီး ရှုမှတ်၊ မသေစေရဘူး၊ ငါ တာဝန်ယူတယ်"လို့ ပြောလိုက်တယ်။

"ဘုန်းကြီးအာရုံထဲမှာက တစ်ရက်နှစ်ရက်လောက်ရှိတော့ လူနာက ခြင်ထောင်ထဲမှာ ငုတ်တုတ် ထထိုင်တယ်၊ ခြင်ထောင်ကိုပါ မ,တင်ပြီး ထွက် ထိုင်နေတယ်၊ အာရုံထဲမှာ အဲသလို မလှုပ်ရှားဘူးဆိုရင် အဲဒီလူနာ မရဘူးကွ၊ ဘုန်းကြီး အတွေ့အကြုံ မနည်းတော့ဘူး။

"နောက် တစ်ယောက်က ရေကာန်စုက ခင်မောင်ကြီး၊ ဆေးရုံလဲ အခေါက်ခေါက် ရှိနေပြီ၊ ဆင်းရဲရတဲ့ကြားထဲ ပိုက်ဆံက ကုန်၊ လူက မသက်သာ၊ ဆရာဝန်က အရိုးတီဘီလို့ ယူဆပုံပေါ်ပါတယ်၊ ဒီရောဂါမျိုးက ကုရပိုခက်သတဲ့။

"မေးလိုက်တိုင်း ကြားရတဲ့သတင်းက မကောင်းဘူး။ ရက်တွေလတွေလဲ ကြာလှပြီ။ အိပ်ရာထဲမှာပဲ နေရသတဲ့။ ဒါနဲ့ ဘုန်းကြီး ကြိုးစားပြီး ကရုဏာပွား

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ ၂-ရက်၊ ၃-ရက်၊ ၄-ရက်၊ ၅-ရက် မထူးဘူး။ အာရုံထဲမှာ အင်း . . . ဒီကောင်တော့ မလွယ်ဘူးထင်တယ်၊ ဒါပေမယ့် မလျှော့ဘူး၊ ၇-ခေါက်နှင့်မရ၊ ၃၇-ခေါက်၊ တစ်နေ့ ၂ ကြိမ်၊ ၃ ကြိမ် သတိရတိုင်း ပို့တာ၊ တစ်ပတ်လောက်ရှိလို့ မေးကြည့်တော့ လူနာ စားနိုင်သောက်နိုင်ရှိလာပြီ၊ ထိုင်တောင် ထိုင်နိုင်ပြီလို့ ပြောတယ်။

"ဘုန်းကြီးလဲ တော်တော် အားတက်လာတယ်။ ဒါနဲ့ ကရုဏာဆက်ပွား၊ ရက်တော်တော်ကလေး ကြာတော့ လူအတွဲနှင့်၊ တောင်ဝှေးနှင့်တော့ နည်းနည်း သွားနိုင်ပြီလို့ ဆိုတယ်။ ဒီကောင်မှာ နည်းနည်း ခက်တယ်၊ အာရုံထဲမှာ အပေါ်ပိုင်းကပဲ သွက်သွက်လက်လက် လှုပ်ရှားနိုင်တယ်၊ အောက်ပိုင်းက တုံ့နှေးနှေးကြီး ဖြစ်နေတယ်၊ အာရုံထဲမှာလဲ ဝါးနေတယ်။ ပုံက မပီပြင်လှဘူး။

"အဲ . . . ခုဆို တစ်နှစ်လောက်ရှိပြီ၊ နေကောင်းလာတာ။ ဒါတောင်မှ အောက်ပိုင်းက သွားတာလာတာ ဆာတာတာ၊ ဆတ်တတ်တတ်၊ ချည့်နဲ့နဲ့ရှိနေတုန်းပဲ၊ သတ္တဝါရဲ့ ကံတွေကလဲ ရှိဦးမှာပေါ့လေ"

(၅)

အဆိုပါ ဖြစ်ရပ်များကိုကြည့်ပါလျှင် တရားရှိသော သူတော်ကောင်းများကို ဖူးတွေ့ရခြင်း၊ ထိုပုဂ္ဂိုလ်တို့နှင့် ရင်းနှီးခွင့်ရခြင်းသည် မည်မျှ ကျေးဇူးများကြောင်း သိသာစေလှပါ၏။ မိမိက မသိသော်လည်း သူတော်ကောင်းတို့ကမူ တွေ့မြင်လိုက်ရသည်နှင့် တစ်ဖက်သား ကောင်းကျိုးကို ဆောင်ပြီး ဖြစ်နေတတ်သည်။

လူအချို့ကား အထူးသဖြင့် ရဟန်းတော်များနှင့် တွေ့ဆုံကြုံကြိုက်ရမည်ကို ဝန်လေးကာ တတ်နိုင်သမျှ ရှောင်ဖယ်ဖယ် လုပ်နေတတ်၏။ မတတ်သာလှမှ ဦးချကန်တော့လေ့ ရှိကြသည်။ ခရီးသွား ကြုံကြိုက်ရာတွင်လည်း အရိုအသေပေးခြင်း၊ နေရာပေးလှူခြင်း ပြုလေ့မရှိ။ ပြဆိုခဲ့သည့်အတိုင်း သေဘေးကြီးကိုပင် ကယ်နိုင်သည်ကို မသိရှာကြ။

"သမဏာနဥ္စဒဿနံ-ရဟန်းတော်များအား တွေ့ဆုံဖူးမြင်ခွင့် ရခြင်းသည် ချမ်းသာကြီးပွားကြောင်း မင်္ဂလာ တရားကောင်းတစ်ပါးပင်တည်း" ဆိုသည်ကို အလေးအနက် သဘောပေါက်ကြရာသည်။ မင်္ဂလသုတ်အဋ္ဌကထာ၌ 'ကမ္ဘာတစ်သိန်း အပါယ်မလားရဘဲ ကြီးကျယ်သော လှူနတ်စည်းစိမ်ကို ခံစားရသည်'ဟု ဖွင့်ဆိုထား၏။ အားရဖွယ်ကောင်းလေစွ။ သံဃာတော်ဂုဏ်ကို ထိခိုက်အောင် အာရုံပြုနိုင်ပါလျှင် ဆိုဖွယ်ရာမရှိ။

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂုတ္တရပါဠိတော်၌ ရဟန်းတော်တစ်ပါးပါး မိမိတို့နေအိမ်သို့ ကြွလာလျှင်ပင် လာဘ်ကြီးငါးမျိုး ဝင်ခြင်းပင်ဖြစ်ကြောင်း ဟောတော်မူပါသည်။ (ရတနာသုံးပါးကျေးဇူးစာအုပ်၌ ရေးခဲ့ပြီး။) နိဗ္ဗာန်အထိ ကောင်းကျိုး ရှိစေနိုင်ပေသည်။

- ရဟန်းသံဃာ၊ အိမ်ကြွလာ၊ ငါးဖြာ လာဘ်ကောင်းမှန်။
- မြင့်မြတ်အမျိုး၊ နတ် တန်ခိုး၊ ပွားတိုး ဥစ္စာ, ဉာဏ်။

အဆိုပါ တောရဆရာတော်ကြီးက တောသူတောင်သားများနှင့် စပ်၍ အမိန့်ရှိသော ကရုဏာစကားတစ်ခွန်းကိုလည်း ကြားယောင်မိပါသေးသည်။

"ဘုန်းကြီးက ဒီ တောကလူတွေ သနားလွန်းလို့ ကိုယ့်အလုပ် အရေးကြီးတဲ့ကြားထဲက ကြိုးစားပြီး တရားပြပေးနေတာ၊ အားထုတ်ချင်တဲ့လူက အတော်ရှားတယ်၊ မင်းတို့ မြို့များမှာတော့ ရိပ်သာတွေမှာ ကလေးမကလေးတွေက အစ သူ့ထက်ငါ တရားမှတ်နေလိုက်ကြတာ အားကျစရာကောင်းလိုက်တာ။

"သေသေချာချာ စဉ်းစားကြည့်တော့ ကံတွေက တယ်ပြီး အောက်တန်းကျတာကလား၊ မြို့သူမြို့သားတွေမတော့ ကံကောင်းလို့ကို ပဋိသန္ဓေက မြို့ကို ပို့လိုက်တာပဲ။ အသီးအနှံ ပေါ်ဦးပေါ်စ စိုက်ပျိုးတဲ့လူက မစားရက်သေးဘူး။ ဈေး ကောင်းကောင်းရအောင် မြို့ကို တင်ပို့ကြရတယ် မဟုတ်လား၊ ထို့အတူပဲ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီးတွေ ဘယ်လောက် ဝေးတဲ့တောထဲ တောင်ထဲနေနေ၊ ဟော . . . မကြာဘူး၊ မြို့ကြီးပြကြီးတွေကြွပြီး တစ်နည်းနည်းနဲ့ အပူဇော်ခံ တရားဟောရောက်ကြတာချည်းပဲ။ ကံတွေ . . . ကံတွေ တို့တောကလူတွေ ဒါတွေသိပြီး ဆင်းရဲတဲ့ဘဝ ကုသိုလ် ပိုလုပ်ရမှာ၊ ခုတော့ ဒီလိုမဟုတ်ဘူး၊ သနားစရာ ကောင်းလိုက်တာ။

"မြို့မှာလဲ စီးပွားရေး အာဏာရေး ဇောကပ်ပြီး ဘုရားပွင့်တာတောင် မသိလိုက်တဲ့ လူမျိုးလဲ အနည်းအကျဉ်းရှိမှာပေါ့လေ။ တချို့ကလဲ လောကွတ်ပျူငှာ စားပွဲသောက်ပွဲ ထိုးပေးတဲ့ ဘုန်းကြီးမျိုး၊ ဓာတ်လုံးပေး၊ ဝါးဖတ်ကွမ်းထွေးပေးတဲ့ ဘုန်းကြီးမျိုးမှ ဝင်ထွက်သွားလာ ကြည်ညိုတတ်ကြတာလဲ ရှိမှာပေါ့။

"ငယ်ဆရာ ဘုန်းကြီးက ပြောဖူးတယ်၊ သနားစရာကောင်းတဲ့ လူဟာ အမြင်ကတ်စရာ ကောင်းတယ်တဲ့၊ ကြပ်ကြပ် သနားစရာကောင်းလေ၊ ကြပ်ကြပ် အမြင်ကတ်စရာကောင်းလေပဲတဲ့၊ တယ် ဟုတ်တဲ့စကား"

တောရဆရာတော်ကြီး၏ ကိုယ်တွေ့မေတ္တာ ကရုဏာဖြစ်ရပ်များသည် စိတ်ဝင်စားဖွယ် ကောင်းသကဲ့သို့ မိန့်ကြားသောမေတ္တာ၊ ကရုဏာစကားတို့မှာလည်း သတိချပ်စရာပင်။ လောကကြီးကို အလှဆင်ရန်၊ ကယ်တင်ရန် မိမိတို့ ကိုယ်တိုင်

www.burmeseclassic.com

www.burmeseclassic.com



သူတော်ကောင်းဖြစ်အောင် လုပ်သင့်လှ၏။ မလုပ်နိုင်ရှိစေ၊ အနည်းဆုံး သူတော်ကောင်းတို့၏ မေတ္တာကို ခံယူနိုင်သူ ဖြစ်အောင်ကား ကြိုးစားကြရာ၏။

ထိုထက် ဓာတ်ရဆရာတော်ကြီး၏ဘဝ (တစ်စိတ် တစ်ဒေသ)ကို ကြည့်ပါလျှင်လည်း သူတော်ကောင်းတို့၏ မေတ္တာကို မခံယူနိုင်လျှင်သော်မှ သူတော်ကောင်းတို့နှင့် ရန်သူ မဖြစ်ကြရအောင်ကား ကြပ်ကြပ်ကြီး သတိထားသင့်ကြောင်း သင်ခန်းစာ တစ်ခု ရလာပြန်၏။

သူတော်ကောင်းတို့နှင့်စပ်လာလျှင် (ပြဆိုခဲ့သည့်အတိုင်း) ကောင်းကျိုးချမ်းသာ ရကြသည်မှာ သိသာထင်ရှားသည်ကို ထောက်ရှု၍ မထိမဲ့မြင် ပြုသူများ အဖို့ ပစ္စုပ္ပန်ဘဝမှာပင် မကောင်းကျိုး (ဒဏ် ၁၀-ပါး) ခံကြရမည်ကို ခန့်မှန်း သိသာလှပေသည်။ တစ်သံသရာလုံး ငြိမ်းသတ်၍မရအောင် အလျှံခံမီး (ဒက္ခိဏေယျဂ္ဂိ) လောင်သည်ဟု ဟောတော်မူထား၏။ ပစ္စုပ္ပန် ယခုဘဝမှာပင် မျက်မြင်ဒိဋ္ဌ မီးလောင်ခံရသော သာဓကဖြစ်ရပ်တို့ကား အချိန်အခါက ခွင့်မပြုသဖြင့် လျစ်လျူထားရပါသေးသည်။

အချိန်ကာလကား နှစ် ၃၀-လောက်ကြာခဲ့ပြီ။ ပရိယတ် တပည့်လက်သား ၁၀၀-ခန့်ရှိသော၊ အမေရိကန် သာသနာပြုပုဂ္ဂိုလ်မျိုးကိုပင် မွေးထုတ်ပေးခဲ့သော ကျေးလက်တောရွာ စာသင်တိုက်ကြီးတစ်ခုမှ ကျောင်းထိုင်စာချ ဘုန်းတော်ကြီးတစ်ပါး၊ သက်တော် ၅၀ ခန့်။

စာသင်သား ဘဝကပင် နေ့ စာသင်၊ ည-ရိပ်သာသွား၊ တရားနည်းခံ၊ တောထွက်ရန်သာ အခွင့်ချောင်းလျက်နေခဲ့၏။ သို့သော် သီးသန့် တရားအားထုတ်ရန် ခွင့်တောင်းသည်ကိုပင် ငယ်ဆရာတော်က ခွင့်မပြု။ စာချရင်းသာ ရသလောက် ရှုမှတ်နေရသည်။ ယခုမူ ငယ်ဆရာ ပျံတော်မူ၍ ကျောင်းထိုင်စာချ နာယက ဆရာတော်ပင် ဖြစ်လာ၏။ ဘုန်းကြီး 'ကျောင်းထောင်ကျ' ခြင်းပင်တည်း။

ကျောင်းထောင်ကျရာ၌လည်း အေးအေးလူလူ မဟုတ်။ အပြိုင်အဆိုင်များ ရှိလာ၏။ ယခင် ဆရာတော်၏ တပည့်ကြီးများနှင့် ဒကာအများစုက ဖွတ် ကျောင်းအပ်ကြသည်။ လိုချင်သူက မရ၊ မလိုချင်သူမှ ရ။ မငြင်းသာ၍ လက်ခံလိုက်ရသည်။ သို့သော် အတိုက်အခံတို့ကား မကျေနပ်။ နည်းမျိုးစုံဖြင့် ဆန့်ကျင်ကြ၏။ 'နည်းမျိုးစုံ' ဆိုရာ၌ သူ့ဘက်ကိုယ့်ဘက် မမြင်ရသော အကူအပံ့များ ရယူလာကြသည်။

ကောသမ္ဗီပြည် အရေးအခင်းမှာ မြတ်စွာဘုရား ဟောတော်မူသကဲ့သို့ ဘုန်းကြီးကွဲလျှင် လူတွေပါကွဲ၏။ လူတွေကွဲလျှင် နတ်တွေ ပြဟ္မာတွေပါ ကွဲကြ

www.burmeseclassic.com

www.burmeseclassic.com



ရ၏။ တစ်လောကလုံး ဥသျှစ်နှစ်လုံး ထုသလို အကုသိုလ် တက်ကြရှာလေတော့သည်။

'မမြင်ရသော အကူအပံ့များ' ဆိုရာ၌ လူများစု ယုံကြည်အောင် ရေးပြလို့မရ၊ အမြွက်မျှဆိုရသော် ကျောင်းထိုင် ဘုန်းကြီးသစ်ဘက်၌ 'သာသနာပြုသည်' ဆိုသော မမြင်ရသော 'အထက်ဆရာကြီးများ' ဝိဇ္ဇာတန်ခိုးနှင့် ကန်တော့ပွဲ အထိုးခိုင်းကာ ရောက်လာကြသည်။ စုန်းပူး၊ နတ်ပူး၊ ဥစ္စာရှူး၊ လင်တရှူး၊ အထူးအဆန်းရောဂါသည်များ တဖွဲဖွဲရောက်လာကာ ကန်တော့ပွဲရှေ့ရောက်လျှင် 'ပျောက်စေ' ဆိုရုံနှင့် ပျောက်ရ၏။ 'အာဂ ငါ' ဟု အထင်ရောက်စေကြတော့သည်။ သူတို့လာရောက် သာသနာပြုသည့် အချိန်မှစ၍ ဒုက္ခိတသတ္တဝါတွေကို ကယ်တင်နေရသဖြင့် သိသိသာသာ စာသင်စာချ ပျက်ရလေတော့၏။

အခြားတစ်ဖက်၌ကား ဂန္ဓဗ္ဗနတ်အနွယ် မဖွယ်မရာသော ယုတ်ညံ့သည့်လောကီအတတ်များ အလွယ်တကူရကာ အင်း၊ ဆေး၊ မန္တန်၊ အန္တရာယ်အမျိုးမျိုး၊ မကြားဖူးသော ရောဂါမျိုးစုံ၊ ခြောက်လှန့်ခြင်းမျိုးစုံ၊ ကာမဂုဏ်လက်နက်ပါမကျန် 'မြေလှန်တိုက်ပွဲ' ဆင်ကြ၏။ တိုတိုပြောရလျှင် အိမ်ကြက်ချင်း အုံးမဲသုတ် အခွပ်ခိုင်းကာ ငရဲကြီးကြရရှာ၏။

မာရ်နတ်ကြီး လက်ခမောင်း ခတ်ခြင်းပင်တည်း။ သာသနာတော်၌ ဒီအန္တရာယ်ကြီး ရှိနေသည်ကို လူသာမန်၊ ရဟန်းသာမန်တို့သိမြင်ရန်၊ သိသည့်အတိုင်း ရှောင်နိုင်ရန် ခက်ခဲလှပါ၏။ ငါ ပါရမီရှိ၍ သတ္တဝါတွေကို ကယ်နေရသည်ဟု ထင်နေတတ်သည်။

ကျောင်းထိုင်ဘုန်းကြီးသစ်ကား တောထွက်ခွင့်ရဖို့ နေနေသာသာ မဆုတ်သာ မတိုးသာ၊ ပုံမှန် အခြေအနေကျအောင် မေတ္တာဖြင့်သာ ဆိုင်းငံ့ရလေ၏။ စာချရုံမျှမက၊ အဟောအပြောပါ အရည်အချင်းပြည့်သော ဓမ္မာစရိယ စာချလက်ထောက်တစ်ပါးရှိ၍ တော်ပေသေးသည်၊ အတန်အသင့် အခြေအနေ ကောင်းစ, ပြုလာလျှင်ပင် အရှိန်အဝါဖြင့် ပရိသတ်ကို ထိန်းသိမ်းရင်း ဧက ၂၀ ကျော်ရှိ ကျောင်းဝင်းကြီး တစ်နေရာရှိ ချောင်ကျသော ကျောင်းကလေးတစ်ခု၌ တရားအာရုံဖြင့် နေ၏။ ပရိသတ်နှင့် နေရမည်ကို ငယ်စဉ်ကပင် မလိုလားချေ။

"ဥပုသ်စောင့် သူ့ကျောင်းရောက်လို့ သူ့ကို တွေ့ချင်ရင် တခြားကိုရင် ကျောင်းသားတွေ စုစုရှိတဲ့အထဲမှာ သွားမရှာနဲ့ မတွေ့ရဘူး၊ ကျောင်းဝင်း အရှေ့တောင်ဘက်က ဥန္နဲပင်တောထဲမှာ သွားရှာမှတွေ့တာ၊ ကိုရင်ကတည်းက သူ့ ဝါသနာကတစ်မျိုး" ဟု သူ့မယ်တော်ကြီးက ပြောပြလေ့ရှိသည်။

"သူ တစ်ဖက်သားအပေါ် ငဲ့ညှာတဲ့နေရာမှာလဲ ရှားပါရဲ့တော်၊ ဒီဘုန်းကြီး ၇-နှစ် ၈-နှစ် ကလေးအရွယ်က လူကြီးတွေ နှမ်းရိတ်သွားတဲ့ တောထဲ လိုက်လာတယ်၊

www.burmeseclassic.com

www.burmeseclassic.com



နေကလဲသိပ်ပူ၊ သောက်ရေကလဲ နည်းနေလို့ နှမ်းရိတ် 'ဘောက်' (အဖွဲ့ဝင်)တွေ မကြားအောင် သူကြီးတော်က -

"ဟဲ့ ကောင်လေးသွား၊ သစ်ပင်အောက်က ရေအိုးထဲမှာ သွား ရေသောက်ချေ၊ ရေက ရှိတော့တာ မှတ်ဘူး၊ တော်ကြာ ရေငတ်နေဦးမယ်" ပြောပြီး လွှတ်လိုက်တော့ ကလေးက ရေရှိရာ သစ်ပင်ဆီသွားပြီး ချက်ချင်း ပြန်လာတယ်၊ ရေသောက်ခဲ့ရ ပြီလား မေးတော့ သူက ဘာပြောတယ်မှတ်လဲ၊ 'အကြီး . . . ရေက တစ်ယောက်စာပဲ ရှိတော့တယ်၊ ကျွန်တော် သောက်လိုက်ရင် နှမ်းရိတ်သူမ,တွေ မသောက်ရတော့ဘဲ နေမှာပေါ့' လို့ ပြောသတဲ့။ 'ဒီတော့ သူကြီးကြီးလဲ ဘာမှ ပြန်မပြောတတ်တော့ဘဲ မောမောနှင့် ဆဲလွှတ်လိုက်သတဲ့'

အတွင်းသိ ကြီးတော်တစ်ဦးက ဘုန်းကြီးငယ်ငယ်က ရှေးဟောင်း နှောင်းဖြစ်များကို ပြောလို့မပြီးခဲ့ချေ။

ငယ်စဉ်ကပင် ဇာကစာ ဝါသနာကြီးလျက် သူတစ်ဖက်သားအပေါ် ငဲ့ ညှာမှုမှာ အရွယ်နှင့်မလိုက်အောင် ရှိခဲ့သည်။ ထိုသို့ ကျောင်းကလေး၌ တစ်ပါး တည်းနေစဉ် ကိုယ်တိုင် ပတ္တပိုဏ် ဆွမ်းခံဘုဉ်းပေးသည်။

ရှေ့ပိုင်းကာလတွင် ဆွမ်းဝတ်ခွက်များ ယူဆောင်၍ ၃-မိုင် ၄-မိုင် ဝေး သော ရွာများကို အလှည့်ကျ ဆွမ်းခံလျက် ဦးစွာရသော ခဲဘွယ်ဘောဇဉ်များကို ထိုပတ်ဝန်းကျင်ရှိ ထေရ်ကြီးဝါကြီး သံဃာတော်ကြီးများအား အလှည့်ကျလှူ၏။ ပြီးမှ တစ်ပါးစာ ထပ်မံဆွမ်းခံ၍ ပတ္တပိုဏ် ဘုဉ်းပေးသည်။

တစ်ခုသောနေ့ ကျောင်းထိုင် စာချဘုန်းတော်ကြီးသည် ဆွမ်းခံရာမှ အပြန် ထုံးစံအတိုင်း ခြေဆေး၊ သင်္ကန်းလဲလှယ်ပြီး သပိတ်လိုက် ဘုရားဆွမ်း တော်ကပ်၏။ ကပ်ရိုးကပ်စဉ် မဟုတ်၊ အထူး အချိန်ယူ အာရုံပြုလျက် ကပ်သည်။ ပြီးလျှင် ရေမိုးချိုး၍ ဆွမ်းဘုဉ်းပေးရန် ပြင်ဆင်၏။ ပြင်ဆင်သည်ဆိုသော်လည်း အထူးမဟုတ်၊ 'နေရာထိုင်' တစ်ခုခင်း၊ စားပွဲတစ်လုံး ရှေ့ချ၊ ရေတစ်ခွက်တည်၊ ဆွမ်းတော်တင်သပိတ် ကောက်ယူပြီး စားပွဲပေါ်တင်လိုက်သည်။

ဆွမ်း မဘုဉ်းပေးမီ စားပွဲပေါ်၌ သပိတ်ကို အဖုံးဖွင့်တင်ထားပြီး နာရီဝက် နီးပါး မေတ္တာဘာဝနာ ပွားပြီးမှ စားလေ့ရှိ၏။ အထူးသဖြင့် ဆွမ်းခံလမ်းတစ်လျှောက်ရှိ ဒကာ ဒကာမများအား ထပ်မံ မေတ္တာပွားပို့သည်၊ တောရမဝင်ခင် ကြိုတင် လေ့ကျင့်ခြင်း ပင်ဖြစ်၏။

မေတ္တာ သီးသန့်ပွားပြီး ရှုမှတ်မှုနှင့်ပင် ဆွမ်းတစ်လုတ်ကို ဆုပ်ယူဘုဉ်း ပေးလိုက်၏။ ဘုန်းတော်ကြီး၏ ရှည်လျားဖြူသွယ်သော လက်ချောင်းများက လူသာမန်တို့ နှစ်လုတ်စာလောက် ပါရှိသည်။ ဆွမ်းလုတ် ဝါးချေမျိုချလိုက်သည်နှင့်

www.burmeseclassic.com

www.burmeseclassic.com



လည်ချောင်းမှစ၍ အစာသွားလမ်းတစ်လျှောက် ပူလောင်သွား၏။ ရေတစ်ကျိုက် ကောက်ယူသောက်လိုက်သည်။ တိုး၍သာ ပူ၏။ ဆွမ်းခံခရီးကလည်း ပင်ပန်း၊ ဆာကလည်းဆာ၊ ထပ်၍ တစ်လုတ်ဘုဉ်းပေးလိုက်မိပြန်သည်။

ချွေးသီးချွေးပေါက်များပင် ကျလာ၏။ သပိတ်ကို ပြန်ပိတ်၊ ခံတွင်း လက်များ ဆေးကြောပြီး အိပ်ရာထဲတွင် သတိဖြင့် လှဲနေလိုက်သည်။ အနီးရှိ သုံးနေကျ ဗမာဆေးများကို ကောက်ယူစားကြည့်၏။ ဝမ်းဗိုက်ထဲတွင် တလိပ်လိပ် တက်ကာ ပြင်းစွာ လောင်မြိုက်နေမှုကား မထူးခြား။ ထိုအခါ ဆွမ်းထဲတွင် ပိုးသတ်ဆေး လောင်းထည့်လေသလားဟု သံသယဖြစ်လာ၏။ စာချဘုန်းကြီးအား အသိပေးကာ ကန်စွန်းရွက်နှင့်ထန်းရွက် အကျိုးခိုင်းစေကာ မေတ္တာဘာဝနာကိုသာ ပွားလျက် နေတော့၏။ မေတ္တာမှတစ်ပါး အခြားနည်းလမ်း မရှိတော့ချေ။ တပည့်များကား စိုးရိမ်ပူပန်နေကြပြီ။

အတန်ကြာလျှင် သာမဏေငယ် ကပ်လာသော ကန်စွန်းရွက်ပြုတ်ရည်ကို ဘုဉ်းပေး၏။ (အောက်ပြည်အောက်ရွာကဲ့သို့ ကန်စွန်းရွက်ပင် သန်သန်မာမာ မရရှိ။) ပြီးလျှင် အိပ်ရာ၌ တုံးလုံးလှဲကာ ဝမ်းထဲမှ ပြင်းစွာပူလောင်ခြင်းကို မေတ္တာပွားလိုက်၊ ရှုမှတ်လိုက်နှင့် အတန်ငယ် သက်သာရာရလာ၏။ နာရီပိုင်းအတွင်း သွားနိုင် လျှောက်နိုင် ဖြစ်လာ၏။ ဝမ်းထဲက ပူလောင်သည်မှာ နောက်တစ်ရက် ဆွမ်းစားချိန် အထိ ၂၄ နာရီပင် ကြာသည်။ မေတ္တာဘာဝနာသာ မကပ်ခဲ့လျှင် ထိုနေ့ကပင်လျှင် ပျံလွန်နိုင်လေသည်။

မျက်မြင် ကိုယ်တွေ့ သိရှိကြသူ တပည့် ဒကာများအားလုံး စိတ်မော ကိုယ်မော ဖြစ်ခဲ့ရသော ထိုကိစ္စအတွက် ဘုန်းတော်ကြီး ပြောသောစကားမှာ နှစ်ခွန်း တည်းသာဖြစ်၏။

"ဟိုလူ့ဥပဒ်၊ ဒီလူ့ဥပဒ်၊ ထပ်ပြီး ငရဲမကြီးကြစေနှင့်ကွာ၊ သတ္တဝါတွေဟာ အလွန် သနားစရာကောင်းပါတယ်၊ အင်း ... ဒုက္ခ ... ဒုက္ခ ... ချမ်းသာကြ ပါစေ"

(မွေ့ာစရိယဦးဒွေးလှိုင်)

၀

www.burmeseclassic.com

www.burmeseclassic.com

ညောင်တုန်းမြို့

# ဒုတိယစံကျောင်းဆရာတော်ကြီး၏

# အံ့ဖွယ်သစ္စာ

လောက၌ သတ္တဝါတို့သည် ရံခါ မမျှော်လင့်ဘဲ အကျပ်အတည်းများနှင့် ရင်ဆိုင်ကြရ၏။ မရှုနိုင် မရှိုက်နိုင်၊ ကယ်ပါယူပါ သေတွင်းဝသို့ ရောက်လုနီး ဘေးကြီးများနှင့်လည်း ကြုံရတတ်သည်။ ဘေးရန် အန္တရာယ်အမျိုးမျိုးနှင့် ကြုံတွေ့ ကြရသောအခါ မိမိတို့ သဘောပေါက်သလို ရင်ဆိုင်ကြ၏။ ခုခံ ကာကွယ်ကြ၏။ လွတ်ရာလွတ်ကြောင်း ရုန်းကန်ကြ၏။ အောင်မြင်သည်လည်း ရှိ၏။ ဆုံးရှုံးသည်လည်း ရှိ၏။

တွေ့ကြုံနေကြရသော ဒုက္ခက လွတ်အောင် သွေးရှူးသွေးတမ်း ကြံရာမရ ခုခံကာကွယ်ကြသော်လည်း ပုံသေနည်းလမ်းများ မရှိ။ တကယ် စံပြုထိုက်သော နည်းမှန်လမ်းမှန်လည်းမရှိ။ သွေးအေးအေးနှင့် ရင်ဆိုင်ရဲသော လက်နက်လည်း မရှိ။ ဦးချိုရှိသူက ဦးချိုအားကိုးဖြင့် ခုခံ၏။ ကာကွယ်၏။ အစွယ်ရှိသူက အစွယ်နှင့် ခုခံ၏။ ကာကွယ်၏။ လက်နက်ရှိသူက လက်နက်ဖြင့် ခုခံ၏။ ကာကွယ်၏။ ခုခံ ကာကွယ်ရင်းဖြင့်ပင် ဘဝနိဂုံး ချုပ်ကြရသည်။

အားကိုးရာမရှိသော ကိုးကွယ်ရာမဲ့သော သတ္တဝါတို့၏ ဘဝသည် အလွန် သနားစရာကောင်း၏။ ဤနေရာ၌ ဘေးတွေ ဝိုင်းဝိုင်းလည်နေသော သတ္တဝါ တို့အတွက် မြတ်စွာဘုရား သာသနာတော်သည် (ဝါ) ဗုဒ္ဓဘာသာသည် နိဗ္ဗာန်ရဖို့သာ မဟုတ်။ အဘက်ဘက်က အကာအကွယ် ပေးလျက်ရှိ၏။ နည်းသိဖို့သာ လို၏။ အသုံးချတတ်ဖို့သာ လို၏။ အရေးကြုံလျက် သွေးအေးအေးနှင့် ရင်ဆိုင်ရန် အသင့် ပြင်ဆင်မှု ရှိထားရန်မှာ အရေးအကြီးဆုံးပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com



## ဦးစန္ဒောဘာသ သေနတ်မှန်လို့တဲ့

တစ်ချိန်က ညောင်တုန်းမြို့တွင် ရွှေဟင်္သာတောရကျောင်းတိုက်မှ ဦးပဥ္စင်းတစ်ပါး (ဦးစန္ဒောဘာသ) သူဗုန် သေနတ်ထိမှန်သဖြင့် သက်ဆိုင်ရာ ပုဂ္ဂိုလ်များ အထိတ်တလန့် ဖြစ်ခဲ့ကြရသည်။ အဖော် ရဟန်းတော်များနှင့်အတူ ဘေးကင်းရာ တိမ်းရှောင်ရင်း တရုတ် သချိုင်းအတွင်း၌ သေနတ်မှန်ခံရသည်။ အဝတ်ပုခက်ဖြင့် ဦးဘိုးဆင်တိုက်သို့ သယ်ဆောင်ကြ၏။ ဆေးရုံဆေးခန်းသို့ ဆရာဝန် အမြန် သွားခေါ်သူက ခေါ်၏။ ဆရာဝန်က မရှိ၊ ဆေးစပ်သူက သူ တတ်သရွေ့ လာရောက်ကူညီ၏။ နောက် ဗိုလ်ထွန်းစိန်တပ်မှ ဆေးမှူးတစ်ယောက် ရောက်လာပြန်၏။ သို့သော် ဦးစန္ဒောမျက်နှာမှာကား သွေးမရှိတော့။ တအော်တည်း အော်လို့သာ နေတော့၏။ အနီးအနားရှိ ရဟန်းရှင်လူများ အားလုံးလည်း ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိ။ သူတို့ မျက်နှာမှာလည်း သွေးမရှိကြတော့။

ထိုအခိုက် ဒုတိယ စံကျောင်းဆရာတော်ဘုရားကြီးနှင့် (ကျွန်ုပ်တို့၏ ဓမ္မမိတ်ဆွေ၊ ပါဠိစကားပြောဖက်လည်းဖြစ်သော) ဦးပဥ္စင်း ဦးဓမ္မရသတို့ အရှင်မြတ်နှစ်ပါးက လူနာခေါင်းရင်းသို့ ရှေ့ဆင့်နောက်ဆင့် ကြွလာကာ အသီးအသီး သစ္စာဆိုတော်မူကြသဖြင့် ရောဂါ ပျောက်ကင်းကြောင်း ၁၉၈၆ ခုနှစ်ထုတ် ရွှေဟင်္သာတောရကျောင်းတိုက် ၈၅-နှစ်မြောက် အထိမ်းအမှတ် စာစောင်၌ ကာယကံရှင်ကိုယ်တိုင် ပြန်လည်ရေးထားသည်ကို ဖတ်ရှုရသည်။ ကာယကံရှင် ဦးစန္ဒောဘာသကား ဆဋ္ဌသင်္ဂါယနာ အချိန်က နိုင်ငံတော်အစိုးရ၏ နိုင်ငံခြား သာသနာပြု ဓမ္မဒူတ ဝိဇ္ဇာလယ စီမံကိန်းအရ အိန္ဒိယနိုင်ငံသို့ ဦးစွာ ပညာသင် သာသနာပြု ကြွရသော ပုဂ္ဂိုလ်ဖြစ်သည်။ (ယခု စက်မှုလယ်ယာဌာန ဝန်ထမ်း အငြိမ်းစား ဓမ္မာစရိယ ဦးနု။)

ယင်းအကြောင်းကိုပင် စာရေးဆရာ မွန်ပီယက ၁၉၉၁-ခုနှစ် ဧပြီလထုတ် မြတ်ဆုမွန် ဘာသာရေးမဂ္ဂဇင်း၌ ပြန်လည် ခြယ်မှုန်း တင်ပြထားသည်ကိုလည်း ဖတ်ရှုရသည်။ သို့ရာတွင် စာဖတ်သူတို့အတွက် ပို၍ ခိုင်မာမှု အထောက်အထား ဖြစ်ပါစေရန်အလို့ငှာ ကာယကံရှင်ကိုယ်တိုင် ရေးသားချက်ကို ဤ၌ ဖော်ပြပါမည်။ ယင်းသို့ မဖော်ပြမီ -

www.burmeseclassic.com

www.burmeseclassic.com



ဤ၌ ဖော်ပြလိုသည်မှာ မှန်ကန်သော သစ္စာစကား မြွက်ဆိုပုံနှင့် စပ်၍ အရှင်မြတ်နှစ်ပါးတို့ မြွက်ဆိုသော သစ္စာစကားမှာ ဘုရားတရား သံဃာဂုဏ်များနှင့် အငှားမြွက်ဆိုသော သစ္စာမဟုတ်၊ တကယ့် ကိုယ်ပိုင်သစ္စာဖြစ်ကြောင်း အလေးအနက် သတိမူကြစေလိုခြင်းပင် ဖြစ်၏။ အရှင်မြတ်နှစ်ပါးတို့၏ သစ္စာမှာ ကိုယ်ပိုင်သစ္စာ ပင်ဖြစ်၏။ အရှင်မြတ်နှစ်ပါးတို့၏ သစ္စာမှာ ကိုယ်ပိုင်သစ္စာ ဖြစ်ရုံမျှမက သေသေချာချာ နားထောင် ဖတ်ရှုကြည့်လျှင် ကြက်သီး ထလောက်ပေသည်။

သစ္စာဆိုပုံကို ထောက်၍ အရှင်မြတ်နှစ်ပါးတို့၏ ဘဝအမြင် ရှင်းပုံ ဘဝနှင့် ဓမ္မ တစ်သားတည်းကျအောင် စိတ်တုံးတုံးချ ကျင့်သုံးနေထိုင်တော်မူကြပုံ စသည် တို့ကိုပါ ကြည်ညိုအားကျရပါသည်။ ဒီလို သစ္စာမျိုးမှ မစွမ်းလျှင် အဘယ်သစ္စာ စွမ်းပါတော့အံ့နည်း။ မည်သည့်နည်းနှင့်မျှ ဖြေရှင်း၍ မရနိုင်လောက်သော အခက် အခဲများ ကြုံလာသောအခါ ဤကဲ့သို့ ရဲရဲတောက် သစ္စာပြုနိုင်အောင် လူတိုင်းလူတိုင်း အားကိုးတစ်ခု ရှိထားသင့်ကြပေသည်။

ဤအချက်ကို အလေးအနက် သတိပြုစေချင်သဖြင့် ဤ 'စကားပျိုး'ကို ရေးသားလိုက်ခြင်းဖြစ်ပါသည်။ 'သစ္စာနွတ်သီး၊ မန္တန်ကြီးကား၊ သေပြီးသော် မှ၊ ရှင်ပြန်ရ၏' ဆိုသကဲ့သို့ မြတ်စွာဘုရားရှင်၏ လမ်းညွှန်မှုတို့သည် လူမှုကိစ္စ အဝဝအတွက် ဘဝတစ်လျှောက်လုံး အားကိုးလောက်ပါပေသည်။ ဗုဒ္ဓဝါဒတွင် ဘာသာဝင်တို့အတွက် ဘုရားသခင်၏ ကယ်တင်မှုအခန်းမပါ။ ကိုယ့်အားကိုယ်ကိုး ရမည့်သဘောလည်း ပို၍ ပေါ်လွင်နေ၏။ ယင်းသို့ဆိုသော် "ငါ့မှာ ကိုးကွယ် လောက်အောင် အဘယ်အားမျိုး ရှိသည်" ကို လေ့လာစေ့ငု ပြုစု ပျိုးထောင်ကြကုန်။

## သေနတ်မှန်သူ၏ ကိုယ်တွေ့သစ္စာ

ဦးပဥ္စင်း ဦးစန္ဒောဘာသ (ဆရာကြီး မဟာစရိယဦးနု)၏ ကိုယ်တိုင် ရေးသားချက် မူရင်းမှာ အောက်ပါအတိုင်း ဖြစ်ပါကြောင်း။

"အချိန်ကား မြန်မာနိုင်ငံ အနှံ့အပြားတွင် ရောင်စုံသူပုန်များ ထကြွသောင်းကျန်း နေချိန်ဖြစ်ပါသည်။ ထိုအချိန်တွင် သာသနာထွန်းကားသော ညောင်တုန်း မြို့မှာလည်း သူပုန်လက်တွင်းက မလွတ်ကင်းခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တွင် ညောင်တုန်းမြို့၌ သောင်းကျန်းသူ အချင်းချင်း တိုက်ပွဲဖြစ်ပွားနေသဖြင့် ရွှေဟင်္သာတောရတိုက်ရှိ သံဃာတော်များသည်လည်း ဘေးလွတ်ရာသို့ တိမ်းရှောင်ကြရသည်။ ယင်းသို့ တိမ်းရှောင်ကြစဉ် တရုတ်သင်္ချိုင်းသို့ အရောက်တွင် စာရေးသူသည် ကျည်ဆန် ထိမှန်ခံခဲ့ရ၏။

ကျည်ဆန်မှာ ကျောဘက် လက်ယာလက်ပြင်အောက်မှ ဝင်၍ လက်ဝဲပခုံးစွန်းသို့ ရောက်နေခဲ့သည်။

အဖော် ရဟန်းများက စာရေးသူအား ပက်လက်ကုလားထိုင်ဖြင့် သယ်၍ ယခု ရွှေဟင်္သာ တောရတိုက်ဆရာတော်၏ ရဟန်းဒါယကာ ဦးဘိုးဆင်တိုက်အောက်ထပ်တွင် ထားရာ ညနေ ၆-နာရီခန့်တွင် ကျည်ဆိပ်တက်ခဲ့သည်။ (သယ်ဆောင်ရာတွင် ဦးကဣန္ဒာဝုဓ စသော လူနာစောင့်များ စိတ်အားမငယ်စေရန် အားယူ၍ ပြုံးသည်ကိုပင် ကျွန်ုပ်အား သင်္ချိုင်းကုန်းမှ 'အပ' မှိုသည်ဟု ထင်ကြသည်။ ယင်းသို့ သယ်ဆောင် ရာတွင် မြို့အစပ် ကွင်းပြင်အရောက်တွင် သေနတ်ဖြင့် လှမ်း၍ ပစ်သည်ကိုပင် ခံကြရသေးသည်။ အသက်စွန့်၍ သူနာပြုကြသော မိတ်ဆွေ ရဟန်းတော်များကို ကျေးဇူးတင်ရပါ၏။)

ကျည်ဆိပ်တက်လာသဖြင့် ရင်ထဲမှာ လက်ဝဲလက်ယာ နှစ်ဖက်စလုံး အဆက်မပြတ် နာကျင်နေသည်။ နာကျင်မှု ပြင်းထန်လွန်းသဖြင့် စာရေးသူလည်း အောင့်အည်း သည်းခံခြင်းငှာ မတတ်နိုင်တော့ဘဲ ညည်းတွားနေခဲ့သည်။ အသံကျယ်လောင်စွာ ထွက်သည်အထိ ညည်းတွားနေခဲ့မိသည်။

ထိုအချိန်တွင် ရွှေဟင်္သာ တောရတိုက်အုပ်ဆရာတော် (ပျံလွန်တော်မူပြီးသော ဒုတိယစ်ကျောင်းဆရာတော်) သည် စာရေးသူ အော်ဟစ်ညည်းညူနေစဉ် ခေါင်းရင်းဘက်သို့ ကြွရောက်လာသည်။ ဆရာတော်သည် ခေါင်းရင်း၌ ထိုင်လျက် နာကျင်လွန်းသဖြင့် တပြောင်းပြန်ပြန် လူးလွန့် ညည်းတွားနေသော စာရေးသူအား စူးစိုက်ပြီး ခြေဆုံးခေါင်းဆုံးကြည့်ကာ အောက်ပါအတိုင်း နှုတ်တော်မှ သစ္စာစကားကို မြွက်ကြားတော်မူခဲ့သည်။

> "ကျွန်ုပ်သည် ရွှေဟင်္သာတောရတိုက်သို့ ရောက်သည့်အချိန်မှစ၍ သံဃာတော်တို့၏ အကျိုးစီးပွားအတွက်သာ အမြဲ စဉ်းစားခဲ့၏။ ကျွန်ုပ်၏ ကိုယ်ကျိုးစီးပွားအတွက် မစဉ်းစားခဲ့။ ဤမှန်ကန်သော သစ္စာစကားကြောင့် ဦးစန္ဒောဘာသ ခံစားနေရသော ဝေဒနာ ပျောက်ကင်းပါစေ"

www.burmeseclassic.com

www.burmeseclassic.com



စာရေးသူသည် ဆရာတော်၏ သစ္စာစကားကို ယခုတိုင် အမြဲ သတိရနေပါသည်။ ဆရာတော် သစ္စာဆို၍ ပြန်ကြွသွားပြီးနောက် စာရေးသူ၏ မိတ်ဆွေ ဦးဓမ္မရသ (ယခု ပြည်မြို့ ဗာရာဏသီကျောင်းတိုက်၊ တိုက်အုပ်ဆရာတော်) ရောက်လာကာ စာရေးသူ၏ ခေါင်းရင်းမှာထိုင်လျက် သူ ရွတ်ဆိုမည့် သုတ်တော်များကို နှလုံးသွင်းရန် တိုက်တွန်းကာ ဓမ္မစက္က ပဝတ္တနသုတ်၊ အနတ္တ လက္ခဏာသုတ်တို့ကို ရွတ်လျက် သစ္စာဆိုပြန်ပါသည်။

ဦးဓမ္မရသ ဆိုသော သစ္စာစကားမှာ -

> "ကျွန်ုပ်သည် ရဟန်းဘဝသို့ ရောက်ကာ သိသည့်အချိန်အခါမှစ၍ ကျွန်ုပ်၌ သိလျက် လွန်ကျူးမိသော သိက္ခာပုဒ် အာပတ်မရှိ။ ဤမှန်ကန်သော သစ္စာစကားကြောင့် ဦးစန္ဒောဘာသ၏ ဝေဒနာ ပျောက်ကင်းပါစေ"

ဆရာတော်နှင့် ဦးဓမ္မရသတို့ သစ္စာဆိုပြီးသည့်နောက်တွင် စာရေးသူသည် ရေသောက်ရန် သတိရလာသည်။ ရေသောက်ရန်တောင်းရာ သူနာပြု သံဃာတော်များက ကျည်ဆန်ထိမှန်သူဖြစ်၍ ရေ မပေးရဲကြချေ။ နောက်ဆုံး မရမက တောင်းသဖြင့် ရေအနည်းငယ် ထည့်ပေးကြသည်။ ရေသောက်လိုက်သည်နှင့် တစ်ပြိုင်နက် ရေကို ပြန်အန်ထုတ်လိုက်သည်။ ပြန်အန်ထုတ်လိုက်သော ရေမှာ အနက်ရောင်ဖြစ်သည်။ ရေကို အန်ထုတ်လိုက်သည့် အချိန်အခါ အခိုက်အတန့်တွင် နာကျင်မှု သက်သာသွားသည်။

ဤနည်းဖြင့် ရေတောင်းလိုက်၊ သောက်လိုက်၊ ပြန်အန်ထုတ်လိုက်နှင့် လုပ်ရာ ရေအမည်းတွေချည်း ထွက်လာသည်။ ရေပေးသူများကလည်း နည်းနည်းနည်းနည်းသာ ပေးကြ၏။ နောက်ဆုံး တစ်ဖန်ခွက်အပြည့် တောင်းသောက်ပြီးနောက် အန်ထုတ်ချင်၍ အန်ထုတ်လိုက်ရာ ရေမည်းတွေချည်း တစ်ဖန်ခွက်လောက်ပင် ထွက်သွားသည်။ ထိုအခါ နာကျင်မှုအားလုံး ယူပစ်လိုက်သလို ပျောက်သွားခဲ့သည်။

ဤကား အံ့ဖွယ်ရာ ဆရာတော်သခင် ကျေးဇူးရှင်တို့၏ အသက်ကိုပင် ကယ်မနိုင်သော သစ္စာအာနိသင်ပါပေတည်း။

၀

www.burmeseclassic.com

www.burmeseclassic.com



ကဗျာလင်္ကာ ဆရာကြီး မှိုလ်ကလေး–ဦးသက်ရှေ ဓာတ်ပုံ

www.burmeseclassic.com

www.burmeseclassic.com

အချို့နေရာများအတွက် အခက်အခဲများ တွေ့ကြုံရသဖြင့် သစ္စာ၏ အစွမ်းဖြင့် အောင်မြင်ရပုံ၊ သစ္စာမှ တစ်ပါး အောင်မြင်ဖွယ်မရှိကြောင်း သိရှိမှတ်သားကြရန် ထည့်သွင်း ရေးသား ဖော်ပြလိုက်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ကလေးဦးသက်ရှေ၏

# မဇ္ဈိမဒေသ ဝါတော်စဉ်သုတေသနခရီးနှင့် ကိုယ်တွေ့သစ္စာအစွမ်း

ဗုဒ္ဓစာပေတို့၌ လူသားများအတွက် အခက်အခဲ အမျိုးမျိုးမှ ကျော်လွှားနိုင်ကြစေရန် ညွှန်ပြထားသော နည်းလမ်းကောင်းများ များစွာပါရှိကုန်၏။ နေ့စဉ်လက်စွဲ အမြဲ အိတ်ဆောင်တရားများ၊ လွယ်ကူသော 'အဆောင်ကောင်း' များလည်း ဖြစ်ကြသည်။

နည်းကိုလည်း သိ၊ အလေ့အကျင့်လည်း ရှိထားသောသူများမှာ မိမိတို့၏ အခက်အခဲများကို လွယ်လွယ်ကူကူဖြင့် ကျော်လွှားနိုင်ကြသည်။ ဗုဒ္ဓညွှန်ပြသော အလွန်လည်းလွယ်ကူသည့် ထိုသဘာဝဓမ္မ နိယာမတရားတို့ကား အားကိုးလောက်အောင် တန်ခိုးလည်းထက်မြက်လှပါသည်။ နည်းသိသူတို့အဖို့ လက်တွေ့လည်း များကြပါ၏။

BURMESE CLASSIC

## မဇ္ဈိမဒေသ လေးလကျော် ခရီးပြင်း

ဤ၌ ဖော်ပြလိုသည်မှာ နာမည်ကျော် ကဗျာလင်္ကာဆရာကြီး ဗိုလ်ကလေး ဦးသက်ရှေ၏ ကိုယ်တွေ့သစ္စာအစွမ်း ဖြစ်ပါသည်။ သူ့ ကိုယ်တွေ့ သစ္စာအစွမ်းသည် အံ့မခန်းရှိလှကဲ့သို့ ၁၉၂ ခုနှစ်က မဇ္ဈိမဒေသ ဗုဒ္ဓဝင် သမိုင်းဝင်ဌာနများသို့ ဘုရားဖူးရင်း ၄-လကျော်မျှ သုတေသနခရီးထွက်၍ အိန္ဒိယ၊ ပါကစ္စတန်၊ နီပေါနိုင်ငံတစ်ခွင် ပြုပြစင် တောနင်းလျက် ခရီးပြင်းနှင်ကာ သက်စွန့်ဆံဖျား သုတေသနလုပ်သွားသော ကိစ္စမှာလည်း အံ့ဩလောက်ပါပေသည်။

ဦးစွာ သံဝေဇနီယ ၄ ဌာနကို ဖူးမြော်လေ့လာ၏။ ထိုနောက် ဘုရားရှင် ဝါဆိုတော်မူရာ ဌာနများကို အဓိကထားပြီး တောနင်းရှာဖွေသည်။ တစ်ဖန်

www.burmeseclassic.com

www.burmeseclassic.com



ယခုအခါ ပါကစ္စတန်နိုင်ငံထဲ၌ ပါဝင်နေသော ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်၊ အသောကမင်း၊ မင်းပျိုမင်းလွင်ဘဝ၊ ရှင်မဟိန္ဒနှင့် သင်္ဃမိတ္တာတို့ ငယ်စဉ်က နေရာဖြစ်သော ဝေဒိသမြို့၊ ဆံချီစေတီ၊ ကမ္ဘာကျော် ကျောက်ဆစ်ဂူကျောင်းတော်ကြီးများဖြစ်ကြသော အဂျန္တာ, ဧလိုရာ လိုဏ်ဂူများကိုလည်း သွားရောက်ခဲ့သေးသည်။ ရထား ကား မြင်းလှည်း မပေါက်သော ဌာနများသို့ ဆင် ကုလားအုတ်များဖြင့် သွား၏။ ထိုသို့မှ မရလျှင် ကုန်းကြောင်းသွားသည်။ မြတ်စွာဘုရား သီတင်းသုံးရာ တောကြီးမြိုင်ကြီးများအတွင်း ချောင်းမြောင်းများကိုပင် ဖြတ်ကျော်၍ ခြေလျင် သွားရောက်လေ့လာရာ လွန်စွာ ချီးကျူးထိုက်ပါပေသည်။

## ဗုဒ္ဓဝင်ဌာန ကွင်းဆင်း လေ့လာချက်များ

အစိုးရတာဝန်နှင့် ကွင်းဆင်းလေ့လာသူများပင် ရှာဖွေ ဖော်ထုတ်ရန် လျာထားခြင်း ရှိဟန်မတူသော သို့မဟုတ် မတွေ့သေးသော၊ တွေ့သော်လည်း မှားယွင်းနေသော အချက်များကိုပင် ထောက်ပြထားသည်ကို တွေ့ရ၏။ အရှေ့ အနောက် သမိုင်းဟောင်းသစ်များ၊ ဗုဒ္ဓစာပေများနှင့် မြေပုံများကို ကြိုတင် လေ့လာစေ့ငုပြီးမှ သုတေသန ခရီးထွက်ခြင်း၊ ရုပ်ရှင်ရုပ်သေ မှတ်တမ်းတင်ခြင်းများ ပြုလုပ်ခဲ့လေရာ "ဦးသက်ရှေဟာ ဗမာပြည်က ပထမဆုံးပုဂ္ဂိုလ်ပါပဲ" ဟုပင် ကုသိနာရုံဆရာတော်ကြီး၏ ချီးကျူးထောက်ခံစာကိုလည်း ဖတ်ရှုရသည်။

ဆရာကြီး ဦးသက်ရှေက သူ၏စာအုပ်ကို 'နတ်ပြည်တက်လမ်း ခရီးစဉ်'ဟု ခပ်ပေါ့ပေါ့ပင် အမည်ပေးထားသော်လည်း တကယ်တော့ တန်ဖိုးမဖြတ်နိုင်သော 'ဗုဒ္ဓဝင်ဌာန ကွင်းဆင်း လေ့လာချက်များ'ပင် ဖြစ်နေပေသည်။ ထိုစာအုပ်ငယ်ကို ၁၃၁၅ ခုနှစ်က လူပျံတော်ပတ္တမြား စာပုံနှိပ်တိုက်က ရိုက်နှိပ်ခဲ့ရာ ဓမ္မဒါနစာအုပ် ဖြစ်နေ၍ စာပေပညာရှင်များလက်ထဲ အရောက် နည်းခဲ့ဟန်တူ၏။ စာရေးသူမှာ စာအုပ်ထွက်စကပင် ငှား၍ဖတ်ဖူးရာ ယခုမှ ဒုတိယအကြိမ် ဖတ်ရပါသည်။

## သစ္စာဆို၍ အခက်အခဲများကို ကျော်လွန်ခဲ့ပုံ

ဗုဒ္ဓဝင်ဌာနများကို အပတ်တကုတ် လေ့လာရာတွင် ဦးသက်ရှေကဲ့သို့ အပင်ပန်းခံလေ့လာသူ မြန်မာနိုင်ငံ၌ ရှေးကလည်း ရှိဟန်မတူ၊ ယခုလည်းမရှိ၊ နောင်လည်း ထိုပုဂ္ဂိုလ်မျိုး လွယ်လွယ်နှင့် ပေါ်လာမည် မထင်ပေ။ ထိုစဉ်က

www.burmeseclassic.com

www.burmeseclassic.com



မည်သူများနှင့် ပူးပေါင်း၍ မည်သည့် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ကြောင်း၊ မည်မျှ အကျိုးသက်ရောက်စေခဲ့ကြောင်း (စာရေးသူ ထိုကိစ္စ၌သမိုင်းကွင်းဆက် မျက်ခြည်ပြတ်နေသဖြင့်) မဖော်ပြနိုင်သေးပါ၊ စာမျက်နှာ ၁၉၂ မျက်နှာရှိ ထိုစာအုပ်ငယ်ကို ဖတ်ရှုရသော အတိုင်းအတာအရသာလျှင် သိရှိ ကြည်ညိုမိခြင်း ဖြစ်ပါသည်။

ဤ၌ ပြောလိုသည်မှာ နှစ်ပေါင်း ၂၅၀၀ ကျော် ကြာခဲ့ပြီဖြစ်သော သမိုင်းဝင် ဌာနများကို လေ့လာ ရှာဖွေရာ၌ နေရာအချို့မှာ တောကြီးမျက်မည်းဖြစ်ကာ လူသူ သွားလာမှုမရှိ၊ နေရာအတိအကျလည်း ညွှန်ပြသော မှတ်တမ်းလည်း မရှိ ရှိစေကာမူ လူသိ အလွန်နည်းသော ဌာနများ များစွာရှိနေဆဲ၊ ထိုနေရာမျိုးကို ဆရာကြီးဦးသက်ရှေက သစ္စာဆို၍ နတ်များကို တိုင်တည်၍ ရှာဖွေအောင်မြင် ခဲ့သည်။

ဆရာကြီးသည် သစ္စာတရားပေါ် သူကိုယ်တိုင် လက်တွေ့မျက်တွေ့ဖြစ်၍ ယုံကြည် အားကိုးလျက် ရှိသော်လည်း သူ့စာအုပ်၌ မဖော်ပြလို။ စာဖတ်ပရိသတ် တစ်မျိုးတစ်မည် ထင်မြင်ယူဆမည်ကို စိုးရိမ်ဟန်ရှိ၏။ သို့ရာတွင် ဆရာကြီး အကြောင်းကို ကောင်းစွာသိထားကြသော မန္တလေး မစိုးရိမ်တိုက် အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဦးကောသလ္လနှင့် အမရပူရ တူးမောင်းဆရာတော်ကြီး ဦးနန္ဒိယတို့က တိုက်တွန်း၍ ဖော်ပြထားခြင်းဖြစ်သည်။

'သစ္စာ၏တန်ခိုး အဖိုးမဖြတ်နိုင်'ဟု ခေါင်းစဉ်းတပ်ကာ '**ဤစာအုပ်တွင် ပါရှိသော အချို့နေရာများအတွက် အခက်အခဲများ တွေ့ကြုံရသဖြင့် သစ္စာ၏ အစွမ်းဖြင့် အောင်မြင်ရပုံ၊ သစ္စာမှတစ်ပါး အောင်မြင်နိုင်ဖွယ် မရှိကြောင်း သိရှိ မှတ်သားကြရန် ထည့်သွင်း ရေးသား ဖော်ပြလိုက်ပါသည်**' ဟု စကားပလ္လင်ခံကာ ကိုယ်တွေ့ သစ္စာအစွမ်း များကို(ထိုစာအုပ်နောက်ဆုံး၌) ဖော်ပြထားသည်မှာ အောက်ပါအတိုင်း ဖြစ်ပါကြောင်း။

ဒွေးလှိုင်
၂၅-၁-၈၉

## ဗုဒ္ဓဂယာမှာ သစ္စာဆို၍

အကျွန်ုပ်သည် ၁၂၉၂ ခု၊ ဝါဆို လပြည့်ကျော် တစ်ရက်နေ့ ညနေတွင် (၁၂၉၀ ပြည့်နှစ်၊ သီတင်းကျွတ်လအတွင်းက မြန်မာတို့ အဖိုးငွေ (၄၇၅၀၀) လေးသောင်း ခုနစ်ထောင့်ငါးရာနှင့် ဝယ်ယူထားသော ကာလကတ္တားမြို့ အီဒင်ဆေးရုံလမ်း၊ နံပါတ် - ၁၀

www.burmeseclassic.com



မြန်မာအသင်းပိုင် သုံးထပ်တိုက်ဇရပ်ကြီး) တည်းခိုရာမှ မော်တော်ကား ငှားရမ်းစီးနင်း၍ ကာလကတ္တားဟောင်ရာ (HOWRAH) ဘူတာရုံကြီးသို့ လက်မှတ်ဝယ်ယူကာ ခရီးမိုင်ပေါင်း ၂၉၂ မိုင် ဝေးသော ဂယာ(GAYA) မြို့သို့ မီးရထားဖြင့် လိုက်ရသည်။ ည တစ်နာရီကျော် အချိန်တွင် ဂယာမြို့သို့ရောက်၍ မီးရထားမှ ဆင်းပြီးသော အခါ မြင်းလှည်း ငှား၍ ဂယာမြို့မှ ဗောဓိပင်သို့ သွားရောက်လမ်းဖြစ်သော 'မက္ကလီအော့ဂန်းဂျ်' (MECLEODGANJ) ခေါ်သည့် လမ်းနံဘေးတွင်ရှိ 'ဇောတိက ဟောလ်' (ZAWTIKA HALL) ခေါ်သော ဗုဒ္ဓဘာသာ တိုက်ဇရပ်သို့ သွားရောက် တည်းခို နားနေသည်။

မှတ်ရန်။ ။ ၎င်းတိုက်ဇရပ်မှာ ဦးဇောတိက ဘွဲ့အမည်ရှိ မြန်မာဘုန်းတော်ကြီး တစ်ပါးက စတင် တီထွင်ခဲ့သောနေရာကို ဆက်လက်၍ 'အစ်ဓမော ဂိုဓ ရတနာပူရ' ခေါ်သော မြို့နေ ဥပါသကာ 'အိုင်၊ ကေ၊ ဝိဂျီဟာမိ' (I.K.WIJEHAMY) က အလှူငွေ ၁၀၀၀ အရင်းတည်ပြီး ဆောက်လုပ်လှူဒါန်းထားသော တိုက်ဇရပ်ဖြစ်သည်။ ဤတိုက်ဇရပ်မှာ မနားခိုဘဲ ဗောဓိပင်သို့ တိုက်ရိုက်သွားလိုက သွားနိုင်သည်။

၎င်းတိုက်ဇရပ်တွင် အနည်းငယ်မျှ နားနေပြီးသော် ဂယာမှ ၇-မိုင်ခန့် ဝေးသော ဘုရားသခင်ပွင့်တော်မူရာ ဗုဒ္ဓဂယာခေါ် မဟာဗောဓိပင်သို့ မော်တော်ကား ငှားသွားရသည်။ ၂ နာရီကျော်ကျော် အချိန်တွင်ရောက်သဖြင့် ဗောဓိပင်၏အနီး သီဟိုဠ်ကျွန်းသား ဓမ္မပါလပုဂ္ဂိုလ်ကြီး ဦးစီးဆောက်လုပ်ထားသော ဘုရားဖူးများ တည်းခိုရန် ရန်ကုန် ဟိုက်ကုတ်ရုံးကြီးသဏ္ဌာန်နှင့်တူသော တိုက်ဇရပ်ကြီးတွင် တည်းခို နားနေရသည်။

ဇရပ်စောင့် ကုလားဆီမှ တည်းခိုရာ အခန်းသော့ကို တောင်းရာ အစောင့် ကုလား ကိုယ်တိုင်လိုက်၍ အခန်းတစ်ခုကို ဖွင့်ပေးသည်။ ၎င်းအခန်းကို သန့်ရှင်းပြီး အိပ်ရာလိပ်များကိုဖြည်၍ အညောင်းဆန့်လျက် မအိပ်ဘဲ တပည့်များကို အရုဏ်ဆွမ်း ကပ်ရန် ဆွမ်းချက်စေရာ ပြင်ဆင်နေကြဆဲတွင် ကျွန်ုပ်၌ ဘယ်အခါကမှ မကြုံတွေ့ ဖူးသော ဝေဒနာဆိုးကြီး ဖိစီး စွဲကပ်လာတော့၏။

ဝေဒနာမှာ ရင်ဝ၌ အလုံးကြီး ပြင်းထန်စွာ ပိတ်ဆို့နင့်အောင့်လျက် တင်းကျပ်စွာ ခံစားရခြင်း၊ ဦးခေါင်းတွင်း၌ရှိသော ဦးနှောက်ကို လက်ကြီးနှင့် အတင်းဆုပ်ကိုင် ညှစ်ဆွဲထားသကဲ့သို့ ဦးခေါင်းရော ကိုယ်ပါ မလှုပ်ရှားနိုင်ဘဲ ဖြစ်ကြုံခံစားရတော့၏။ ထိုဝေဒနာသည် တစ်ကိုယ်လုံး တင်းကျပ်ပြင်းပြလျက် မလှုပ်မရှားနိုင်ဖြစ်နေသဖြင့် ဘာကိုမှ မကြံတတ်နိုင်တော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



'ငါသည် ဗောဓိပင်ကို ဖူးမြော်ရန်လာရာ ဗောဓိပင်ကိုရောက်၍မှ ဗောဓိပင်ကို ထင်ရှားစွာ မြင်ရ ဖူးရတော့မည် မဟုတ်ချေ။ ငါးမိနစ်ထက် မလွန်နိုင်၊ ငါ့အသက် ထွက်ရချေတော့မည်' ဟု ဝမ်းနည်းခြင်းကြီးဖြစ်လျက် မျက်ရည်များပင် တတွေတွေ ယိုဆင်းမိတော့၏။

သို့နှင့် အကြံရပြီး အောက်ပါအတိုင်း သစ္စာပြုမိတော့၏။

"ငါသည် ဘုရားသခင် ပွင့်ထွန်းတော်မူရာ ဗောဓိပင်ကို ငယ်စဉ် အခါကပင် ဖူးမြော်လိုသော ဆန္ဒသည် တစွဲလမ်းလမ်းရှိခဲ့၏။ ယခု အသက်ငါးဆယ်ကျော်မှ ဗောဓိပင်သို့ရောက်လာရသည်၊ ငါ ဖူးရသလိုလည်း မြန်မာပြည်မှ ဗုဒ္ဓဘာသာအပေါင်းတို့သည် ဗောဓိပင်၏ ဓာတ်ပုံအစစ်ကို ယူလာခဲ့၏။ ဤဆန္ဒအတိုင်း မှန်ပါသည်။ ဤမှန်သော သစ္စာကို ဆိုရ ခြင်းကြောင့် ဗောဓိပင်ကို ထင်ထင်ရှားရှား မြင်ရှိ ဖူးမြော်ရသည့် အချိန် အထိမျှ ငါ၏အသက် တည်မြဲပါစေသော။ သာသနာစောင့် နတ်ကောင်း နတ်မြတ်တို့အား ငါ ပြုသမျှသော ကုသိုလ်ကောင်းမှုတို့ကို အမျှပေးဝေပါ၏" ဟု သစ္စာကို ပြုမိတော့၏။

သစ္စာပြု၍ ငါးမိနစ်ခန့် အတွင်းမှာပင် စွဲကပ်နေသော ဝေဒနာသည် သိသိသာသာကြီး ပျောက်ကင်းသွားလေတော့သည်။

သို့ဖြင့် ခေတ္တမျှ အိပ်ပျော်သွားမိတော့၏။ မှေးခနဲ အိပ်ပျော်သည်နှင့် တစ်ပြိုင်နက် အခန်းတံခါးပေါက်မှ ဆယ်ပေခန့်တွင် ကုလားတစ်ယောက်သည် အရပ်ခပ်မြင့်မြင့် အသားမည်းမည်း ဆံပင်စုတ်ဖွားနှင့် ခါးမှာ အနံ့တစ်ထွာခန့် အဝတ်ကလေးကိုပတ်လျက် လက်သီးနှစ်ဖက်ဆုပ်လျက် တင်းမာသောမျက်နှာထားနှင့် စိုက်ကြည့်နေပြီး ကုလားစကားဖြင့် "ဟားလ် ပချန်ဂီယားဟေး - ငါ့အကြောင်း သိပလား" ဟု မေး၏။ ထိုအခါ ကုလားကို ကျွန်ုပ်က . . .

"နင်ဟာ အင်မတန် ယုတ်ညံ့တဲ့ဘဝကို ရောက်နေပြီ။ ဘာဖြစ်လို့ နှောင့်ယှက်ချင်ရတာလဲ။ ဒီလိုလုပ်လျှင် ယခုဘဝထက် ဆိုးဝါးတဲ့ ငရဲမှာ ခံရတော့မည်။ နင့်ကို ငါ သနားလှသည်။ ငါ လှူသမျှသော ကုသိုလ်တို့ကို ငါ အမျှပေးဝေသည်။ နောက်နောင် မနှောင့်ယှက်နှင့်" ဟု ပြောလိုက်ရာ ကုလားသည် ဆုပ်ထားသော လက်သီးနှစ်ဘက်ကို ဖြန့်ပြီး ရှိခိုးလျက် ကွယ်ပျောက်သွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်လည်း အိပ်ရာမှနိုးလာပြီး ဗောဓိပင်နှင့် စေတီတော်များကို သွားရောက်၍ အရုဏ်ဆွမ်းကပ်ပြီး ထင်ထင်ရှားရှား တွေ့မြင်ဖူးမြော်ရတော့၏။ ဘုရားဖူးမြော်ပြီး ပြန်လာသောအခါ ဗောဓိပင်တိုက်ဇရပ် အပေါ်ထပ်တွင် သီတင်းသုံးနေသော တရုတ်ဘုန်းတော်ကြီးတစ်ပါး ကြွရောက်လာပြီး ကျွန်ုပ်အား . . .

"ဒကာကြီး၊ ဒီအခန်းမှာ မနေနှင့်၊ တခြားအခန်းကို ပြောင်းပါ။ ဒီအခန်း မကောင်းဘူး။ ဒီအခန်းမှာ တရုတ်ပြည်က ဘုရားဖူးလာသော တရုတ်ဘုန်းကြီး တစ်ပါး အောင့်တယ်အောင့်တယ်ဆိုပြီး ရုတ်တရက် သေသွားတယ်။ ဗမာမိန်းကလေး တစ်ယောက်လည်း ဒီလိုဘဲ သေသွားတယ်" ဟု အမိန့်ရှိသံကို ကြားခဲ့ရသည်။ ဤအခန်းကား တိုက်ဇရပ်ကြီး၏ မြောက်ဘက်တန်း အရှေ့မှ အနောက်သို့ သုံးခန်းမြောက် အခန်းဖြစ်သည်။

## ကောသမ္ဗီပြည် ရှာတော်ပုံ

ဘုရားသခင် (၉) ကိုးကြိမ်မြောက် ဝါဆိုတော်မူရာ ကောသမ္ဗီမြို့ကို စုံစမ်းရာတွင် လောဟာဗတ်မြို့သို့ မီးရထားနှင့်လိုက်ပြီး ကုလားသူဌေး တစ်ဦး၏ တိုက်မှာ တည်းခိုရသည်။ နောက်တစ်နေ့တွင် နံနက်စောစောထပြီး ကောသမ္ဗီမြို့ ဘယ်ဆီမှာ ရှိကြောင်းကို တပည့်တစ်ယောက်နှင့်အတူ မီးရထားဘူတာရုံစေ့အောင် လိုက်လံမေးသော်လည်း သိသူတစ်ယောက်မျှ မတွေ့ရချေ။ တစ်ဖန် ဂင်္ဂါမြစ်ဆိပ်ကမ်း ဆင်းပြီး တဖြည်းဖြည်း ခြေလျင်လျှောက်၍ လှေသမ္ဗာန်များကို မေးသော်လည်း သိသူ တစ်ယောက်မျှ မတွေ့ရ။

တစ်ဖန် ဆေးရုံများ၊ ရုံးများကို အနှံ့အပြား လှည့်လည်၍ မေးသော်လည်း သိသူတစ်ယောက်မျှ မတွေ့။ ဟိုကိုဝင် သည်ကိုထွက် မေးရင်း မြန်းရင်းနှင့် ဥယျာဉ်ကြီး တစ်ခုအတွင်းသို့ ရောက်ရတော့သည်။ ခရီးမောပန်းလှသဖြင့် လုံးပတ်ပေ (၂၀) နှစ်ဆယ် ခန့်ရှိ ကြီးမားသော မယ်ဇယ်ပင်ကြီးအောက်သို့ ဝင်၍ နားနေမိတော့သည်။ ခရီးက ပန်း၊ လူက နွမ်းနှင့်၊ နံနက်စာ ထမင်းကလည်း မစားရသေးသဖြင့် ပျော့ခွေ နုန်းချိလျက်၊ မလှုပ်ချင်၊ မယှက်ချင် ဖြစ်လျက်၊ မောပန်းခြင်းကလည်း ပြင်းပြလှ သဖြင့် ခြေနှစ်ချောင်းကို စုံပစ် စန့်ဆင်းပြီး ထိုင်လျက်-

'သြော် . . . မယ်ဇယ်ပင်ကြီးဟာ ဤမျှလောက် ကြီးမားနေခြင်းမှာ ဘုရားသခင် သက်တော်ထင်ရှား ရှိစဉ်အခါက သူ ရှိမှာပဲ' ဟု အောက်မေ့ပြီး သစ်ပင်စောင့် ရုက္ခစိုး နတ်ကို တိုင်တည်ပြီး -

www.burmeseclassic.com

www.burmeseclassic.com



"အကျွန်ုပ်သည် ဘုရားသခင် ဝါဆိုတော်မူသော (၁၆)တစ်ဆယ့်ခြောက်ဌာနများကို အစေ့အစုံ ဖူးမြော်လိုသောဆန္ဒဖြင့် လိုက်လံရှာဖွေ ဖူးမြော်ခဲ့ရာ ကိုးကြိမ်မြောက် ဝါဆိုတော်မူရာ ကောသမ္ဗီပြည်ကို မေးမြန်းစုံစမ်း၍ မရဘဲ အခက်အခဲနှင့် ကြုံတွေ့နေရပါသည်။ ကောသမ္ဗီပြည်တွင် ဘုရားဝါဆိုတော်မူသော နေရာကို မဖူးမြော်ရလျှင် ကျွန်ုပ် မြန်မာပြည်သို့ မပြန်တော့ဘူး၊ မတွေ့လျှင် ကုလားပြည်မှာပဲ အသေခံတော့မည်။ မှန်သောသစ္စာကို ဆိုပါသည်။ သဲလွန်စကလေးများ ရအောင် စောင်မတော်မူကြပါ" သစ္စာပြုပြီး သစ်ပင်ရင်းမှ ထလျက် ဈေးဆီသို့ ဆရာတပည့်နှစ်ယောက် လျှောက်လာပြီး ထမင်းနှင့် လက်ဖက်ရည်ရောင်းသော ဆိုင်တစ်ဆိုင်သို့ ဝင်၍ လက်ဖက်ရည်သောက်ရင်း ကုလားများကို မေးရတော့၏။ အနီးအနားတွင် တစ်စုံတစ်ယောက်မျှ သိသူ မရှိချေ။ ခပ်ဝေးဝေးတွင် ထမင်းစား နေသော ကုလားတစ်ယောက်က လှမ်း၍ ကျွန်ုပ်အား -

"ကောသမ္ဗီကို ဒီမှာမေးလို့ ဘယ်ရမှာလဲ၊ ဒီက (၂၄) နှစ်ဆယ့်လေးမိုင် ဝေးတဲ့ ဗရဝါရီဘူတာကိုလိုက်ပြီး၊ ဘူတာက (၁၈)တစ်ဆယ့်ရှစ်မိုင် ဝေးတယ်၊ ကုန်းကြောင်းသွားရတယ်"ဟု ပြောသဖြင့် 'သဲလွန်စဖြင့် ရပေပြီ' ဟု ဝမ်းမြောက်စွာဖြင့် ထိုကုလားကို ကောသမ္ဗီသို့သွားရောက်ရန် ခရီးစဉ်များကိုမေးပြီး သေချာစွာ မှတ်သား ယူရတော့၏။ ထိုကုလားကို ကျေးဇူးကြီးလှသဖြင့် ထမင်းဖိုး၊ လက်ဖက်ရည်ဖိုးများ စိုက်ထုတ် ကျွေးမွေးလိုက်ရတော့၏။

(ဤနေရာ၌ ဗဟုသုတအဖြစ် ဆရာကြီး၏ ကောသမ္ဗီပြည်သို့ ခရီးသွားမှတ်တမ်းနှင့် ကဗျာများကိုပါ ထုတ်နုတ်ဖော်ပြလိုက်ပါသည်။)

သက်သာနဂိုရ်မှ ပြန်လာပြီး ပက္ခနဘူတာမှ ကောင်ပိုဘူတာသို့ မီးရထားဖြင့် ပြန်လာရသည်။ ၎င်းကောင်ပိုဘူတာမှ ခရီး (၉၇) ကိုးဆယ့်ခုနစ်မိုင် ဝေးသော (BHARWAY) ဗဟာရ်ဝါရီးဘူတာသို့ မီးရထားဖြင့် လိုက်ရသည်။ ရောက်သော အခါ ဘူတာရုံမှာဆင်း၍ ၎င်းဘူတာမှ ခရီး (၁၈) ရှစ်မိုင်ဝေးသော (KAWSAM ENAM) ကောစမ်-အီ-နမ်-ခေါ်သော ကောသမ္ဗီမြို့သို့ မြင်းလှည်းတစ်စီးကို အခငွေ တစ်ကျပ် ရှစ်ပဲပေး၍ ငှားပြီး ဘူတာမှ ခရီး (၉) ကိုးမိုင်ဝေးသော (KARALEE) ကရာလီရွာသို့ သွားရသည်။

၎င်းရွာသို့ ရောက်သောအခါ တာလမ်းဆုံးနေသဖြင့် မြင်းလှည်းမသွားနိုင်၍ ၎င်းရွာမှ (၉) ကိုးမိုင်ဝေးသော ကောသမ္ဗီမြို့သို့ ခြေလျင် သွားရသည်။ နှမ်းခင်း

www.burmeseclassic.com

www.burmeseclassic.com



ပြောင်းခင်းများကို ဖြတ်ကျော်သွားရသည့်ပြင် ချောင်းကြီး ချောင်းငယ် အသွယ်သွယ်တို့ကိုလည်း ကူးဖြတ်၍ သွားရသည်။ ပြောင်းခင်း နှမ်းခင်းများနှင့် တောချုံ သစ်ပင်များတွင် ဥဒေါင်းငှက်များ အော်ဟစ်တွန်ကျူး မြူးထူးပျော်ပါးလျက် နေကြသည်မှာ သာယာနာပျော်ဖွယ် ကောင်းလှသည်။ ညနေ (၇)နာရီလောက်တွင် ကောသမ္ဗီမြို့ရိုးအတွင်းသို့ ရောက်ရှိသည်။

ဟင်ဒူလူမျိုးပညာရှိပဏ္ဍိတ်ကြီး (RAMBROS) ရမ်ဗရိုးစ်၏ ဘုရားကျောင်းမှာ တည်းခိုနားနေပြီး ညအိပ်ရသည်။ နံနက်လင်းသောအခါ ၎င်းကောသမ္ဗီရွာ၏ အရှေ့မြောက် ပေ (၃၀၀၀) သုံးထောင်ခန့်အကွာတွင် ဘုရားသခင် (နဝမ) ကိုးကြိမ်မြောက် ဝါဆိုတော်မူရာ ဃောသိတာရုံကျောင်း၊ ပါဝါရိကာရုံကျောင်း၊ ကုက္ကုဋ္ဌာရုံကျောင်းအားဖြင့် ကျောင်းတော်ရာကြီးများနှင့် သီရိမ္မာသောကမင်း စိုက်ထူထားသော အမြင့်ပေ (၅၀) ငါးဆယ်ခန့်၊ လုံးပတ် (၁၀) တစ်ဆယ်ပေခန့်ရှိ ကျောက်စာတိုင်ကြီး၊ ကြီးမားသော စေတီပျက်ကြီး၊ ၎င်းစေတီပျက်ကြီး၏ အနီး တစိုက်တွင် ကျောက်ဆင်းတုဘုရား ရုပ်ပွားတော်များ စုပုံလျက် ကုန်းပြင်ကြီးတမျှ ရှိနေသည်။ အချို့မှာ ကျိုးပဲ့လျက် တုံးလုံးပက်လက်ဖြစ်နေခြင်း၊ အချို့မှာ လယ်ကန်သင်းများပေါ်တွင် နယ်ခြားပြွန်တိုင်အဖြစ် စိုက်ထောင်ထားခြင်းများကို တွေ့မြင်ရသဖြင့် အသည်းနှလုံးကို လှံနှင့်ကလိသလို မချိမဆံ့ ဖြစ်ရလေသည်။ ကျောင်းတော်ရာကြီးများနှင့် ဘုရားစေတီ ရုပ်ပွားတော်များကို ဖူးမြော်ပြီး ကျောင်းတော်ရာကြီး အတွင်းမှာပင် အောက်ပါ လေးချိုးတစ်ပုဒ်ကို ရေးခြစ်မိပြန်တော့သည်။

## ကောသမ္ဗီပြည် ဃောသိတာရုံ
## ကျောင်းတော်ရာဘွဲ့ လေးချိုး

ပြည်ကောသမ် ရိပ်ပျံ့ နဂရမှာလ၊ ကြည်ဖောကာန် ဖိတ်လျှံ ကြွလိုက်ပါဘိ၊ ထိပ်ပန် ဘဂဝရယ်တဲ့ ထွတ်မှန်ကူ။ ။ တန်ခိုး ဖွင့်ပါလို့ ကိုးဆင့် ဝါမှီခိုတဲ့၊ ဌာနီမိုးမြေအထွတ်မှာလ၊ ဝေမောက်ခါ ယိုင်မညွတ်ပေဘု ငွေကျောက်စာ တိုင်တမွတ်ရယ်၊ ဖွေး ဆွတ်ဆွတ်ဖြူ ။ ။ တောမဟီပမာ သဏ္ဌာန်အခြေဖြင့် ပြောင်းချေပေါ့၊ ဃောသိတာ စံရွှေကျောင်းရယ်လို့ နောက်နှောင်းက မည်တစ်ဆူ၊ ဤဇမ္ဗူမှာတော့ လွန်ကျော်ကြား ။ ။ နီးအစပ်မှာတော့၊ မှီးကပ်ခါ စေတီပြိုလျက်၊ ပဝေဏီလို အခါမကောင်းလေတော့၊ ဘဂဝါ ကျောင်းတစ်လျှောက် ကဇင်းအဖု တောင်ယာပေါ်တွင်၊ ကျောက်ဆင်းတု အခေါင်ရတနာတော် အပေါင်းတို့မှာ (ဗျာ . . .) လျှောင်းစက်အများ ။ ။

www.burmeseclassic.com

www.burmeseclassic.com



ကောသမ္ဗီမြို့မှာ ယမုနာမြစ်၏ မြောက်ဘက်ကမ်းထိပ်မှာ တည်ရှိသည်။ ယခုမှာ ရွာဟောင်းကြီး ဖြစ်နေတော့သည်။

ဆယ်ကြိမ်မြောက် ဝါဆိုသော ပလလဲတော

ကောသမ္ဗီမြို့မှ အနောက်စူးစူးသို့ ကုန်းကြောင်းခရီးဖြင့် ကုန်းကြီး ကျင်းကြီးများကို တက်ချည်ဆင်းချည် သွားရသည်။ ခရီး နှစ်မိုင်ခွဲခန့်တွင် (PALAYA) ပါလ်လေယျခေါ်သော ရွာကို ရောက်သည်။ ရှေ့သို့ ဆက်လက်၍ သွားလိုက်ရာ ခရီးနှစ်မိုင်ခွဲခန့်တွင် (PABOZA) ပဗိုဇာ ခေါ်သော တောင်သို့ ရောက်သည်။ ပဗိုဇာတောင်၏ ခုလတ်တွင် ကြီးမားသော ကျောက်ဂူကြီးတစ်ခုကို တွေ့ရသည်။ ၎င်းဂူကြီးသည် ဘုရားသခင် ဆယ်ကြိမ်မြောက် ဝါဆိုတော်မူသော ဂူကြီး ဖြစ်သည်။

ကောသမ္ဗီပြည်တွင် ရဟန်းများသည် ဝိဝါဒအဓိကရုဏ်း ဖြစ်ပွားကြသောကြောင့် ဤပါလ်လေယျတောစပ် ပဗိုဇာလိုဏ်ဂူကြီးမှာ ဝါဆိုတော်မူခြင်း ဖြစ်သည်။ ၎င်းဂူကြီးမှာ ယမုနာမြစ်၏ မြောက်ဘက်ကမ်းထိပ်တွင် တည်ရှိသည်။ ဂူကြီး၏အနီး ဟင်ဒူဘုရားကျောင်းထဲတွင် ဘုရားရုပ်ပွားတော် ကျောက်ဆင်းတုရှစ်ဆူ တွေ့မြင်ဖူးမြော်ရသည်။ ဤဂူကို ကျောက်စာဘက်ဆိုင်ရာက အာဠဝကဘီလူး၏ ဂူဟု ညွှန်းသည်။ မဟုတ်နိုင်။ ဂူ၏ရှေ့တွင် ကျောက်တုံး ကျောက်ဆောင်များ ရှိသဖြင့် အာဠဝကဘီလူး၏ဂူဟု ယူဆဟန်တူသည်။

ရှေးအခါက ဤဂူနားတွင် ကျောက်စာတိုင်ကြီး စိုက်ထူလျက်ရှိသည်။ လွန်ခဲ့သော နှစ်ပေါင်း (၃၀၀) သုံးရာကျော်လောက်က ပသီရှင်ဘုရင်တစ်ဦးသည် ကျောက်စာတိုင်ကြီးကို နုတ်၍ ဖောင်နှင့်တင်ပြီး အေလာဟာဗတ်မြို့တွင် စိုက်ထူထားကြောင်း ဟင်ဒူကုလားများက ပြော၍ ကြားခဲ့ရသည်။ ဘုရားသခင် ဝါဆိုတော်မူစဉ်က ပါလ်လေယျဆင်မင်းနှင့် မျောက်မင်းတို့က အလုပ်အကျွေး ပြုကြလေသည်။

ပါလ်လေယျတောနှင့် ပဗိုဇာတောင်ဘွဲ့ တေးထပ်

သံယာတွေ ဝိဝါဒ၊ ဒွိဘာဂဆူညံ၊ တိနာထ မှန်ကူ၊ သယမ္ဘူ အရှင့်။ ပလလေယျ တောရိပ်သာကို၊ ဇောညိတ်ခါ မြန်းရလေခြင့်။ ဒသမ ဆယ်တန့်ဝါကို၊ နယ်ကန့်ကာဆိုရှင့်၊ ကျယ်ပြန့်စွာ ဖြာပွစိုရ်ဖွင့်ပါလို့၊ မငြိုငြင့် ကြည်ဖြူ။ မျောက်နှင့်ဆင် ကမ်းမြစ်အနီးမှာ၊ ဆွမ်းသစ်သီး ကပ်- မလင့်လျူ။ ။ စမ်းရစ်စီး ရပ်မြင့်ငူမှာ၊ နတ်နှင့်လူ

www.burmeseclassic.com



ထောမနာ ဆင့်ပါလို့ ဩဘာမြှင့် ပြောစမှတ် ထိုအရာ၊ ဇောမြတ် ပိုသန္ဓါ။
တောအစပ် ရှိုဝနာမှာ၊ ပဗိုဇာ တောင်မင်းကွဲ့လေး။ ။

၎င်းတောခြေမှ ခြေလျင်ပြန်လာပြီး ခရီး (၆) ခြောက်မိုင်ဝေးသော (PIT CHIN) ပစ်ခြင်းရွာသို့ ည (၉)နာရီလောက်တွင် ရောက်သည်။ ကုလား အိမ် တစ်အိမ်တွင် နားနေ ညအိပ်ရသည်။ နံနက် (၂)နာရီမှ ထ၍လာရသည်။ ခရီး (၈) ရှစ်မိုင်ဝေးသော (TE WA) တေဝါရွာသို့ နံနက် (၇)နာရီမှာ ရောက်သည်။ ၎င်းရွာမှ မော်တော်ဘတ်စ်ကား စီးပြီး ဘဟာရ်ဝါရီ ဘူတာသို့ ပြန်လာရသည်။

## အင်္ဂုလိမာလကို ချွတ်ရာ ဇာလိနီတောကို သစ္စာဆို၍ ရှာရပုံ

ဤစာအုပ်တွင် ပါရှိသော ဌာနများကို လိုက်လံ ရှာဖွေဖူးမြော်ရန် အိန္ဒိယပြည်ရှိ သာဝတ္ထိမြို့သစ်ခေါ် ဗာလ်ရမ်ပူရ (BAL RUM PUR) မြို့သစ်တွင် စခန်းချ၍ ဆောင်ရွက်ရ၏။

သာဝတ္ထိနယ်အတွင်းမှာ အင်္ဂုလိမာလကို ဘုရားသခင် ချွတ်တော်မူရာ ဇာလိနီတောကို သွားရောက်လိုသဖြင့် ကုလားလူမျိုး သက်ကြီးရွယ်အိုများကို လည်းကောင်း၊ မဟာရာဇာ၏ အမတ်ကြီးများကို လည်းကောင်း မေးမြန်း စုံစမ်း ပါသော်လည်း သိရှိသူ တစ်စုံတစ်ယောက်ကိုမျှ မတွေ့ရပေ။ ထိုဇာလိနီတောကို ရောက်လို တွေ့လိုသော ဆန္ဒသည် တစွဲလမ်းလမ်း ရှိတော့၏။

တစ်နေ့သ၌ တက္ကသိုလ်ပြည်သို့ ဘုရားများဖူးရန် သွားရောက်ပြီး မီးရထားဖြင့် ပြန်လာရာ လမ်းခရီးတွင် ညဉ့်အချိန်ဖြစ်သဖြင့် ဘုရားဂုဏ်တော် များကို သရဇ္ဈာယ်ခြင်း၊ မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းခြင်းများပြုပြီး 'ဇာလိနီတောကို ဘယ်နည်းနှင့် သိရပါ့မလဲ' ဟု တွေးတောကြံဆရင်း -

"သာသနာစောင့်နတ်၊ သမ္မာဒေဝနတ်တို့ ကျွန်ုပ်သည် သတ္တဝါအပေါင်း တို့အား မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းပို့သပါသည်။ မှန်သောသစ္စာဆိုပါသည်။ ဇာလိနီ တောကို တွေ့ဖို့ရန် ဖန်တီးပေးတော်မူကြစမ်းပါ" ဟု သစ္စာပြုရင်းပင် မီးရထားပေါ်၌ မှေးခနဲ အိပ်ပျော်သွားတော့၏။ မကြာမီပင် ဝတ်ဖြူစင်ကြယ်နှင့် လူဟာစ်ယောက်သည် အနားမှာ လာရပ်ပြီး -

"ဟော့ . . . ဟော့ . . . ထပါတော့လား၊ ဇာလိနီတောကို ရောက်ပါပကော"

www.burmeseclassic.com

www.burmeseclassic.com



ဟု နှိုးလိုက်သဖြင့် ရုတ်တရက် အိပ်ပျော်နေရာမှ နိုးပြီး မျက်စိကို ဖွင့်ကြည့်လိုက်ရာ ပုံသဏ္ဍာန်ကိုသာ ရေးရေးရိပ်ရိပ် မြင်လိုက်ရပြီး ကွယ်ပျောက်သွားတော့၏။ သို့နှင့် အိပ်ရာမှထပြီး မီးရထားတံခါးကို ဖွင့်ကြည့်လိုက်ရာ မီးရထားလမ်းဘေးတွင် မှိုင်းမှိုင်းညို့ညို့ မည်းမည်း တောအုပ်ကြီးကို တွေ့မြင်ရလေ၏။ ထိုအခါ နာရီကို အမှတ်ပြုခဲ့ရာ မိုးမလင်းမီ ဗာလ်ရမ်ပူရ်မြို့သို့ မီးရထားဆိုက်ရောက်သဖြင့် နာရီနှင့် ခရီးမိုင်ကို ကိုက်ကြည့်သောအခါ ရှစ်မိုင်ကျော်မျှသာဝေးကြောင်း သိရသဖြင့် နံနက် မိုးလင်းသောအခါ မဟာရာဇာ၏ ဆင်တစ်စီးကိုငှားပြီး ဗာလ်ရမ်ပူရ်မြို့မှ ခရီး (၈)ရှစ်မိုင်ခန့် ဇေတဝန်ကျောင်းတော်မှ အရှေ့တောင်ဘက် ခရီး (၆)ခြောက်မိုင်ခန့် ဝေးသော ဇာလိနီတောသို့ သွားရသည်။

ဇင်းတော၏အနီး (KARKARAWA) ကာကရဝါရွာတွင် ဆင်ကို ထားခဲ့ပြီး သွားရာ တောစပ်မှ ပေ (၂၀၀)ခန့်မှာသာ ချုံနွယ်များရှိသည်။ တောတွင်းသို့ ဝင်လိုက်သောအခါ နေ့အခါ၌ပင် သမင်ဒရယ်မှစ၍ တောခွေး တောဝက်များကို တွေ့မြင်ရသည့်ပြင် သာယာနာပျော်ဖွယ် ကျေးငှက်သံတို့ဖြင့် ဆူညံလျက် သစ်ပင်ကြီးငယ်တို့ အသွယ်သွယ်ယှက်ညောင်းပြီး စမ်းချောင်းရေလျှဉ်များကလည်း တသွင်သွင် စီးဆင်းလျက်နေခြင်း၊ နေပြောက်မထိုး ယှက်မိုးဖြန့်ဝေလျက် သပြေပင် သပြေတောကြီးများ ထူထပ်ပေါက်ရောက်ပြီး အေးချမ်း ကြည်နူးဖွယ်ရှိခြင်းတို့ကြောင့် ဇင်းတောကြီးအတွင်း အရိပ်ဆာယာ တစ်လျှောက်တွင် ဘာဝနာတစ်ထောက် စခန်းသွားပြီး ကမ္မဋ္ဌာန်းတရားနှင့် တက်ကြွမ်းဆင့်လျက် မဂ်လမ်းဖွင့်၍ နေဖို့ ကောင်းသော တောကြီးပင် ဖြစ်လေသည်။

ဇင်းတောအတွင်း တစ်နေရာတွင် ပေနှစ်ရာ (၂၀၀) ပတ်လည်ခန့်မှာ သစ်ပင်ကြီးများ တစ်ပင်မျှ မပေါက်ဘဲ တလင်းကဲ့သို့ ကွက်လပ်မြေပြင်တစ်ခုကို တွေ့မြင်ရသည်။ ဇင်းနေရာပင်လျှင် အင်္ဂုလိမာလကို ချွတ်သောနေရာဖြစ်ပေ လိမ့်မည်။ "ဤနေရာတွင်ပင် ဘယ်အခါကမျှ သစ်ပင်များမပေါက်" ဟု ဇင်းတော၏ အနီး ရွာများကပြောကြသည်။ ဇင်းတောသည် အင်္ဂုလိမာလကို ဘုရားချွတ်သော နေရာဖြစ်သဖြင့် ဘုရားသခင်၏ ဂုဏ်တော်များကို ရည်မှန်းလျက် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းပြီး ဇင်းတောဘွဲ့ တေးထပ်တစ်ပုဒ်ကို ရေးသားလိုက်ရသည်။

## ဇာလိနီတောဘွဲ့တေးထပ်

ဇာလိနီ တောဝနသို့၊ စောဘဂဝ ယွန်းခါ၊ ဩသဓ ညွှန်းရှာသည်၊
ကျွန်းအမတာပြည်သို့၊ အင်္ဂုလိ ဆိုးအားပိုသည်၊ ခိုးသားကို ချွတ်တဲ့မြင်ညို့၊

www.burmeseclassic.com



မန္တာနီ မွေးမာတာမှာ ဆွေးဗျာပါ ဖိုဆို ပြေးခါသာ ငိုလို့ ဗိုကရို လိုက်လာ။
ကောသလာ ဘုရင်ဘေးရယ်ကြောင့်၊ ရွှင်မအေး ပွားရတက်ဖြာ၊
လျှင်မနွေး သားသက်လျာငယ်၊ ဓားစကြာ အရောင်ဝင့်ပါလို့ ရှောင်တခင့်
ဖမ်းတဲ့မြေပြင်၊ လွမ်းဘွဲ့ထွေအင်၊ စမ်းအတွဲ့ ရေ အလျဉ်မှာ၊ သပြေပင်
ယှက်လွှမ်းလို့လေး။ ။

ဤအချက်မှာလည်း သစ္စာ၏ တန်ခိုးတော်ပင် ဖြစ်လေတော့သည်။

## ခရီးသွားရာတွင် မိုးမရွာ၍၊ မိုးရွာ၍ သစ္စာပြုရာ အံ့ဖွယ်

ဘုရားသခင် တစ်ဆယ့်ငါး (၁၅) ကြိမ်မြောက် ဝါဆိုတော်မူရာ ကပိလ ဝတ်ပြည် နိဂြောဓာရုံ ကျောင်းတော်ရာသို့ နောက်ဂါးဘူတာမှ လှည်းနှစ်စီး ငှား၍ ည ၇-နာရီမှ မောင်းနှင်သွားရာ မနက်မိုးလင်းမှ ကျောင်းတော်ရာသို့ ရောက်သည်။

ထိုအချိန်တွင် ဟိမဝန္တာ တောင်တန်းကြီးနှင့် နီးကပ်နေသော နေရာဖြစ် သဖြင့် တောင်ခိုးတောင်ငွေ့များ ယှက်သန်းပြီး တိမ်တောင် တိမ်လိပ်ကြီးများ အထပ်ထပ် ဝေ့ယမ်းလျက် လွှမ်းအုပ်နေသောကြောင့် တစ်မိုးလုံး ညိုမှောင် မှိုင်းမှုန်လျက် နေတော့သည်။ သို့ဖြင့် ကျောင်းတော်ရာနှင့် စေတီပျက်ကြီးများကို ဘိုင်စကုပ်ဓာတ်ပုံများ ရိုက်ကူးလို့ မရဘဲ ရှိတော့သည်။ ထိုအခါ သစ္စာမှ တစ်ပါး အားထားရာ မရှိတော့သဖြင့် -

"ကျွန်ုပ်သည် ဘုရားသခင် ဝါဆိုတော်မူသော နေရာများကို ငါ ဖူးရသလို မြန်မာပြည်မှ ဗုဒ္ဓဘာသာအားလုံးကို ဖူးစေလိုသောဆန္ဒ ရှိကြောင်း အမှန်ဖြစ်ပါ သည်။ မှန်သော သစ္စာစကားကို ဆိုပါသည်။ ဤကျောင်းတော်ရာနှင့် စေတီ များကို ဓာတ်ပုံရိုက်ယူရန် အချိန်လောက်မျှ အလင်းရောင်ရပါစေ" ဟု သစ္စာပြု ရတော့၏။

သစ္စာပြု၍ မကြာခင်ပင် တိမ်တောင် တိမ်လိပ်ကြီးများ၏ အကြားမှ အလင်းရောင်ကြီး ထိုးထွက်ပြီး နေမင်းကြီး ထွက်ပေါ်လာတော့သည်။ ဤအခါမှ ဓာတ်ပုံကင်မရာများကို ပြင်ဆင်၍ ဓာတ်ပုံ ရိုက်ကူးရတော့သည်။ ဓာတ်ပုံ ရိုက် ပြီးသည်နှင့် တစ်ပြိုင်နက် လင်းနေသော အရောင်နှင့် နေမင်းကြီးပါ ပျောက်ကွယ် သွားပြီး မှောင်မြဲတိုင်း မှောင်၍သွားတော့သည်။ သစ္စာ၏တန်ခိုး ကြီးလှပေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဤနေရာမှ ဆက်လက်၍ ကပိလဝတ်ပြည်သို့ လှည်းကိုမောင်း၍သွားရာ ခရီးမိုင်ဝက်ခန့်သို့ ရောက်သောအခါ ဟိမဝန္တာတောင်မှ ကျဆင်းလာသော တောင်ကျရေများ ပြင်းထန်စွာ ချောင်းအတွင်း၌ ကျဆင်းနေသဖြင့် ဆက်လက်၍ မသွားနိုင်ဘဲရှိရာ ရွာတစ်ရွာတွင် ခေတ္တ နားနေစဉ် ရွာသားရွာသူများက -

"ဤနယ်မှာ မိုးမရွာဘဲ မိုးခေါင်နေတာ တစ်လကျော်ပြီ၊ စိုက်ပျိုးကြဲဖြန့်ထားသော တောင်ယာဂျုံခင်းများ နောက် လေးငါးရက်အတွင်းမှာ မိုးမရွာပါလျှင် အပင်အညှောက်များ ခြောက်သွေ့ သေကျေကုန်တော့မှာပဲ၊ ဒီအခါ ကျုပ်တို့ နယ်တစ်ဝိုက်မှာ ငတ်မွတ်ပြီး ဒုက္ခရောက်ကုန်ကြတော့မှာပဲ" ဟု ပြောကြသဖြင့် မိုးများ ရွာစေရန် ဆုတောင်းမေတ္တာ ပို့မိတော့၏။

သို့နှင့် လှည်းကိုလှည့်ပြီး ပြန်လာခဲ့ရာ ခရီးနှစ်မိုင်ခန့်သို့ ရောက်သောအခါ ဟိမဝန္တာ တောင်စွယ်မှ လေရောမိုးပါ ပြင်းထန်စွာ တိုက်ခတ်လျက် ကျွန်ုပ်တို့၏ လှည်းနောက်သို့ ရွာသွန်းလိုက်ပါ၍ လာတော့၏။ ထိုအခါ လှည်းမှာ အမိုးမပါသဖြင့် ခတ်ပုံရိုက်ကူး ယူလာသော ဖလင်ကော်ပြားလိပ်များကို မိုးစိုပျက်စီးကုန်မှာကို စိုးရိမ်ခြင်းကြီး စိုးရိမ်လှသောကြောင့် "မိုးမရွာဘဲ တစ်ရက်ခန့် ဆိုင်းလိုက်ပါဦး" ဟု အမှတ်တမဲ့ မိုးနတ်သားများကို သစ္စာပြု၍ တောင်းလိုက်မိတော့၏။ တစ်ဖန် သတိရပြီးပြန်၍ -

"မိုးနတ်သားများ၊ ယခု ကျွန်ုပ်သစ္စာပြု၍ တောင်းပန်ခြင်းမှာ တရားသော တောင်းပန်ခြင်း မဟုတ်ပါ။ မတရား တောင်းပန်ခြင်း ဖြစ်ပါသည်။ ဤနယ်တစ်ဝိုက်မှာ လေးငါးရက်အတွင်း၌ မိုးမရွာလျှင် တောင်ယာလုပ်ခင်းများ ပျက်စီးပြီး တစ်နယ်လုံး ငတ်မွတ်ကုန်ကြတော့မှာပဲဟု ပြောသံများ ကြားခဲ့ရပါလျက် မိမိ တစ်ဦးအကျိုးကိုသာ ငဲ့ပြီး ငတ်မွတ်ခေါင်းပါး၍ ဆင်းရဲဒုက္ခ ရောက်ကြမည့် အများသတ္တဝါတို့၏ အကျိုးကို မငဲ့ညှာဘဲ သစ္စာပြု တောင်းပန်မိခြင်း ဖြစ်ပါသည်။ ဤမတရား ပြုမိသော သစ္စာကို ပြန်လည် ရုပ်သိမ်းပါသည်" ဟု ပြန်၍ တောင်းပန်ရတော့၏။

သို့ရာတွင် မိုးလေတို့သည် အရွာမရပ်ဘဲ လှည်း၏နောက် တစ်မိုင်ခန့် အဝေးမှသာ ရွာသွန်းလိုက်ပါပြီး လှည်းနားသို့ မထိမရောက် မဆိုက်ဘဲ သုံးမိုင်ခန့်သို့ ရောက်ရှိမှ အနောက်မြောက်ထောင့်သို့ တိုက်ခတ် ရွာသွန်းဖယ်လွှဲသွားသဖြင့် ကျွန်ုပ်တို့၏ လှည်းများမှာ မိုးတစ်ပေါက်မျှ မထိမကျဘဲ နောက်ဂါးဘူတာသို့ ည ၉ နာရီခန့်တွင် ကောင်းမွန်စွာ ပြန်ရောက်ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြောရ၍မှ ယုံနိုင်စရာ မရှိအောင် ထူးခြားသော သစ္စာတန်ခိုးပေတည်း။ မည်သည့်အရာမဆို အခက်အခဲနှင့် တွေ့ကြုံလျှင် သစ္စာကို အသုံးပြုသင့်ကြပေသည်။

(ပုံ) ဦးသက်ရွှေ

၀

www.burmeseclassic.com

www.burmeseclassic.com



## သစ်ဆိမ့်ကြီးမှာ

# ဥပါသကာကြီး

www.burmeseclassic.com

www.burmeseclassic.com

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ (ပထမအုပ်-၄၆)လာ မထေရ်ကြီး တစ်ပါးလည်း သေရာညောင်စောင်း၌ လျောင်းရသောအခါ သူနာပြုရဟန်းအား-

"ငါ့ရှင်၊ ယခု ငါသေလျှင် နတ်ပြည်ရောက်ဖို့ရာ ဘာမှ သံသယ မရှိဘူး၊ ဒါပေမယ့် ငါ့ရဲ့ ရဟန်းသီလကို ပစ်ပယ် ဖျက်ဆီးခဲ့ရပြီးမှ ရရှိမယ့် နတ်စည်းစိမ်ဟာ သိက္ခာစွန့်ပယ်ပြီး လူထွက်ရတာနဲ့ ဘာထူးသေးလဲ' ဟု မိန့်တော်မူကာ မိမိ၏ စင်ကြယ် မြင့်မြတ်သော ရဟန်းသီလကို လက်ရှိ အခွင့်ကောင်းကြီးအဖြစ် နှစ်သက်မြတ်နိုးစွာ ဆင်ခြင်ရင်း ရဟန္တာ ဖြစ်ခဲ့ဖူးလေသည်။

ထို့ကြောင့်လည်း မြတ်စွာဘုရားရှင်သည် သူတော်ကောင်းတရား ကျင့်သုံးခွင့် ရရှိမှုနှင့် စပ်၍ ဤဇမ္ဗူဒိပ်ကျွန်းသား လူအများသည် မြောက်ကျွန်းနှင့် တာဝတိံသာ နတ်ပြည်ထက်တိုင် သာလွန် မြင့်မြတ်ကြောင်း (အင်္ဂုတ္တရပါဠိတော်၌) ဟောတော်မူထားသည်မှာ အထင်ရှားပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com

# ဘုရားကြည်ညိုမှုအရာတွင် စံတင်လောက်သော သစ်ဆိမ့်ကြီးရွာ ဥပါသကာကြီး

(၁)

သစ်ဆိမ့်ကြီးရွာသည် ရွှေဘိုခရိုင် ဝက်လက်မြို့နယ်၌ ပါဝင်၏။ ထိုရွာကြီးကား ဟန်လင်းခေတ်၊ ပုဂံခေတ်ကပင် ထင်ရှားသော ရွာကြီးဖြစ်သည်။ ရှေးဟောင်း စေတီပုထိုး ကျောင်းကန်နှင့် ဂူဟောင်းကြီးများ၊ သာသနာ့ အဆောက်အအုံများ အလွန်ပေါများ၍ သာသနာထွန်းကားသော ရွာကြီးဖြစ်သည်။

ထိုရွာကြီးမှ အရှင်ဇာနမဟာထေရ် (၁၁၉၃-၁၂၅၆) ရဟန္တာ အရှင်မြတ်ကြီး ပရိနိဗ္ဗာန်ပြုသောအခါ ၁၄-လတိုင်တိုင် အလောင်းတော်မှ နေ့စဉ် ရောင်ခြည်တော်များ ကွန့်မြူးကုန်၏။ မီးသင်္ဂြိုဟ်သောအခါ လူက နတ်၊ နတ်က လူကို အချင်းချင်း တွေ့မြင်ကြရသည်။ ဓာတ်တော်များကို စေတီ တည်ထားကိုးကွယ်ကြရာ 'လေးရွာရှင်စေတီ' ခေါ်၏။ ပါဠိမြန်မာ နှစ်ဘာသာဖြင့် ကျောက်စာရေးထိုးထားသည်။ (ဓမ္မဒူတ ဒုတိယအုပ်၌ ဖော်ပြခဲ့ပြီ။)

ထိုမှတစ်ပါး ရန်ကုန်မြို့ ကျောင်းတော်ရာ ရွှေကျင်တိုက်၊ ညောင်တုန်းမြို့ ရွှေဟင်္သာတောရတိုက် စသော စာသင်တိုက်ကြီးများကို တည်ထောင်ဦးစီး၍ အရိယာ သူတော်ကောင်းကြီးဟုပင် ယူဆကြကာ နာမည်ကျော် ကျောင်းတော်ရာ ဆရာတော် (ဦးသာသန၊ ၁၂၀၅-၁၂၈၇) သည်လည်း ၈-နှစ်သား အရွယ်က နာမည်ကျော် သီးလုံး ဆရာတော်ကြီး သစ်ဆိမ့်ကြီးမြို့၌ ခေတ္တ သီတင်းသုံးခိုက် ကျောင်းသားအဖြစ် စာသင်ရသည်။ ၇-ဝါရလျှင် ထိုသစ်ဆိမ့်ကြီးရွာ ဆုတောင်းပြည့် တောရ၌ ဧကစာ နေခဲ့ဖူး၏။

www.burmeseclassic.com

www.burmeseclassic.com



၁၂၄၄-ခုနှစ် ရွှေကျင်ဆရာတော်ကြီး (ဦးဇာဂရ)က ကျောင်းတော်ရာ တိုက်ကို ဦးသာသနအား စာချုပ်ဖြင့် လွှဲအပ်စဉ် ဆရာတော်၏ ခမည်းတော်ကြီး ဦးဖော့ (ဒေါ်စပယ်)လည်း အသိသက်သေအဖြစ် ပါဝင်ခဲ့သည်။ 'သစ်ဆိမ့်ကြီးရွာ ဖွားရာဇာတိ ခရိုင်အုပ်ဦးဖော့' ဟု မှတ်တမ်းရေးထားသည်၊ ဦးဖော့ကား သာယာဝတီမင်း လက်ထက် အမရပူရ နေပြည်တော် မင်းပိုင်းရပ်၌ နေထိုင်သည်။

ဤအချက်ကိုထောက်၍ နာမည်ကျော် ကျောင်းတော်ရာ ဆရာတော် လည်း သစ်ဆိမ့်ကြီးအနွယ်တော်ပင် ဖြစ်ကြောင်း သိရှိကြည်ညိုရသည်။

လွန်ခဲ့သော အနှစ်တစ်ရာကျော်ကလည်း ထိုသစ်ဆိမ့်ကျေးရွာမှ ဘုရား ကြည်ညိုမှုအရာတွင် စံတင်လောက်သော ဥပါသကာကြီးတစ်ယောက် ပေါ်ပေါက် ခဲ့ဖူး၏။ ထိုရပ်ဝန်းကျင်ရှိ ဘုန်းတော်ကြီးများ မကြာခဏ ကိုးကားပြောဆိုလေ့ ရှိခဲ့ကြသော်လည်း နာမည်ကား မထင်ရှား။ 'သစ်ဆိမ့်ကြီးရွာ ဥပါသကာကြီး' ဟူ၍သာလျှင် ဥပါသကာဝေါဟာရဖြင့် ဂုဏ်တင်ပြောဆိုခဲ့ကြသောကြောင့်လည်း နာမည်ရင်း မတွင်ဘဲ ရှိဟန်တူလေသည်။

ဘုရားလက်ထက်တော်က (ဓမ္မပဒအဋ္ဌကထာ၊ ပ၊ ၈၃-၅-လာ) မဟာဓမ္မိက ဥပါသကာကြီးကဲ့သို့ပင် နာမည်ရင်း မထင်ရှားပုံလည်း တူ၏။ ဘဝနိဂုံးဖြစ်ရပ်လည်း ထပ်ကူနီးပါးတူ၏။ မြန်မာ့သာသနာဝင်၌ လွန်စွာ မှတ်သားဖွယ်ကောင်းသော ယင်း ဥပါသကာကြီး၏ ဖြစ်ရပ်ကို ၁၂၈၈ ခုနှစ် တန်ဆောင်မုန်းလထုတ် (စောင်ရေ တစ်သောင်းကျော် ပုံနှိပ်ရသော) လယ်တီ တရားသတင်းစာကြီး (နှာ-၇၈-၈၁)၌ ဖတ်ရှုရသည်။ မုဆိုးချုံရွာတောင်ကျောင်း ဘုန်းတော်ကြီး ဦးသီလာစာရက အမိန့်ရှိ၍ ရွှေကူမြို့ သုသာန်ကျောင်းဆရာတော် ဦးကုသလ-က ရေးသားဖော်ပြ ထားခြင်း ဖြစ်လေသည်။

ဆရာတော်ကြီးများ ကိုယ်တိုင် အမြွက်တနိုး ပြောဆိုကိုးကား တန်ဖိုး ထားရသော ဗုဒ္ဓါနုဿတိ ကျေးဇူးဂုဏ်ပြ မြန်မာ့သာသနာ သမိုင်းဝင် တကယ့် ဝတ္ထု တစ်ပုဒ်ပင် ဖြစ်ခဲ့လေသည်။

(၂)

မြန်မာ့ထီးနန်း ကွယ်ပျောက်၍ ဗြိတိသျှ အုပ်ချုပ်ရေး ရောက်လာစ ခေတ်ဖြစ်၏။ မြို့နှင့်ရွာကြီးများတွင် ကျွဲနွားဆိတ်ဝက်တို့ကို တရားဝင်ချပေး၍ အထင်ကရ သတ်ခွင့်ရသော သားသတ်ရုံကြီးများ၊ ဘုံဆိုင်ခေါ် ထန်းရေ အရက်

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကြီးများပါ အင်္ဂလိပ် ယဉ်ကျေးမှုနှင့်အတူ ပါလာလေရာ အေးဆေးငြိမ်ချမ်းစွာ နေလေ့ရှိသော ဗုဒ္ဓဘာသာ မြန်မာ ရဟန်းရှင်လူများမှာ စိတ် မချမ်းမြေ့ခဲ့ကြရပေ။

'ကာလပျက် ဝိပတ္တိခေတ်ကြီး' ဟု ယူဆကာ သက်ကြီးရွယ်အိုများ မိမိတို့ လည်း မည်သို့မျှ မတတ်သာ၊ ရှုံးပြင်ကန္တား ဘုရားထူးခံ မင်းစိုးရာဇာတို့နှင့် ကင်းကွာနိုင်သမျှ ကင်းကွာအောင်နေ၍ ရတနာသုံးပါးကိုသာ ပို၍ အားထား ဆည်းကပ် ခဲ့ကြသည်။

အဆိုပါ သစ်ဆိမ့်ကြီးရွာမှ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာသော ဥပါသကာကြီး တစ်ဦးလည်း မိမိ၏ရှိပစ္စည်း လယ်ယာ ကျွဲနွားတို့ကို သားသမီးများအား အပြီးအပိုင် ခွဲခြမ်းဝေဖန်ပေးကာ အိမ်မှုကိစ္စ တာဝန်အရပ်ရပ်မှ လုံးဝ အနားယူ ခဲ့၏။ သင့်တင့်သော အဝတ်အစားနှင့် ငွေကြေးများကို ယူဆောင်ကာ သားသမီး များကိုလည်း ပြောဆိုဆုံးမပြီး သစ်ဆိမ့်ကြီးရွာ မြောက်ဘက်ရှိ ရှေးဟောင်း စေတီကြီး ပရိဝုဏ်အတွင်းသို့ တစ်ဦးတည်း ထွက်ခွာသွားလေ၏။

စေတီတော် ပရိဝုဏ်ကား ရွာနှင့်လည်းဝေး၊ တောရိပ်သစ်ရိပ်များ ကြောင့်လည်း ဆိတ်ငြိမ်အေးချမ်း၏။ စေတီကြီး၏ ရှေ့မျက်နှာစာ၌လည်း ခံ့ညားထည်ဝါသော အာရုံခံ တန်ဆောင်းကြီးရှိလေရာ၊ ထိုအာရုံခံ တန်ဆောင်းကြီး အတွင်း၌လည်း သပ္ပါယ်ကြည်ညိုဖွယ်သော ကျောက်ဆင်းတုရုပ်ပွားတော်ကြီး တစ်ဆူလည်း ရှိလေသည်။ ဥပါသကာကြီးသည် အိမ်မှ ထွက်လာသောအချိန်မှ စ၍ ဘုရားပရိဝုဏ် သန့်ရှင်းရေး၊ သစ်ပင်ပန်းမန် စိုက်ပျိုးရေးတို့ကို ကာလ အတန်ကြာ ဆောင်ရွက်ပြီးလျှင် အာရုံခံ တန်ဆောင်းကြီးအတွင်းရှိ ဘုရားရှင် ကိုယ်တော်မြတ်ကြီးရှေ့၌သာ အချိန်ကုန်လေတော့သည်။

ပရိတ်၊ ဓမ္မစကြာ၊ အနတ္တလက္ခဏာ နှုတ်တက်ရပြီးသော သုတ်တော် များဖြင့် ဝတ်တက် ဝတ်ကပ် ရွတ်ဖတ် ပူဇော်ရုံမျှမက တစ်နေ့တခြား ဘုရား အာရုံ စွဲမြဲထုံလျက် မယုံကြည်နိုင်လောက်အောင်ပင် ဘုရားရှင်အား နေ့စဉ်ပြုစု လုပ်ကျွေးလေသည်။ ကျောက်ဆင်းတု ကိုယ်တော်မြတ်ကြီးအား အသက်ထင်ရှား ဘုရားသခင်ကဲ့သို့ပင် သဘောထားလျက် ဝတ်ကြီးဝတ်ငယ်များကို နေ့ညမအား မနားမနေ ဖြည့်ကျင့်လုပ်ကျွေးလေ၏။

ဦးစွာ ရုပ်ပွား ဆင်းတုတော်ကြီး သီတင်းသုံးရာ ပလ္လင်ထက်၌ အဖိုးတန် ပိုးဖဲကတ္တီပါတို့ဖြင့် မျက်နှာကြက်ကြီးတစ်ခု ချုပ်လုပ်ပူဇော်၏။ မျက်နှာကြက်တွင် ရွှေညောင်ရွက် ငွေညောင်ရွက်များ၊ တန်ခွန်လုံးများ ဆွဲချိတ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



အပြောက်အမွမ်း ခြူးပန်းခြူးနွယ် အသွယ်သွယ် အဝဝတို့ဖြင့် ဂန္ဓကုဋိကျောင်း အဖြစ် စိတ်ကြိုက် မွမ်းမံပူဇော်လိုက်သည်။

ထို့နောက် လှူပခဲ့ညားသော အဖိုးတန် ဇွန်းပန်းကန်ခွက်ယောက် လင်ပန်း အရွယ်အစား အမျိုးမျိုးနှင့် စားပွဲခင်း၊ စားပွဲခုံတော်၊ လက်သုတ်ပဝါတော်၊ မျက်နှာသုတ်ပဝါတော်စသော အသုံးအဆောင်များကို ဝယ်ယူပူဇော်ပြန်၏။ ဥပါသကာကြီးသည် ဆွမ်း၊ ဆွမ်းဟင်းများ နေ့စဉ် ကိုယ်တိုင် ချက်ပြုတ်ကာ ဘုရားရှင်အား လေးလေးမြတ်မြတ် ဆက်ကပ်သည်။ (ဘုန်းကြီး ဆွမ်းပွဲပြင်သကဲ့သို့) ဆွမ်း၊ ဆွမ်းဟင်းများ ဝဝလင်လင်ကြီး ဘုဉ်းပေးလောက်အောင် ပြင်ဆင်၍ ဘုရားသခင်အား အရှင်အာနန္ဒာ လုပ်ကျွေးသကဲ့သို့ ဆက်ကပ်လုပ်ကျွေးသည်။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ အရုဏ်ဆွမ်း ဘုဉ်းပေးရန် အချိန်ကျပါပြီ၊ နေ့ဆွမ်း ဘုဉ်းပေးရန် အချိန်ကျပါပြီဘုရား" စသည်ဖြင့်လည်း လျှောက်ထားကာ နေရာထိုင်တော် ခင်းပြီးလျှင် ဆွမ်းတော်တင်ခုံကို လှပတင့်တယ်စွာ ပြင်ဆင်ခင်းကျင်းလျက် တောက်ပသော ပန်းကန်များဖြင့် ရိုရိုသေသေ ဆက်ကပ်လိုက်သည်။

ကျောက်ဆင်းတု ကိုယ်တော်မြတ်ကြီးအား လက်ဆေးရေတော်ကပ်ခြင်း၊ ဆွမ်းဘုဉ်းပေးပြီးလျှင်လည်း လက်သုတ်ပဝါတော်ဖြင့် သုတ်ပေးခြင်းများကို ပြုလုပ်လေ၏။ လှပသော သောက်ရေချိုင့်တော်၊ ထွေးခံတော်များကိုလည်း ဘုရားရှင်အနီးသို့ တိုးကပ်ပေးလေ၏။ ထိုမျှသာမက -

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ပောဒိ ဟင်းချိုကလေးက အလွန်ချိုပါသည်၊ ဘုဉ်းပေးတော်မူပါဦး၊ ပောဒိ ပဲကလေးက အလွန်ဆိမ့်ပါသည်၊ မြည်းကြည့်တော်မူပါဦး" စသည်ဖြင့်လည်း အနားက တတွတ်တွတ် ပြောဆိုလျှောက်ထားနေတတ်သည်။ (မြန်မာပီပီ) ဆွမ်းဘုဉ်းပေးပြီးလျှင် လက်ဖက်နှင့် လက်ဖက်ရည် သစ်သီးစသော အချိုပွဲ အချဉ်ပွဲများကိုလည်း အလားတူ သန့်ရှင်းစင်ကြယ်စွာ ပြင်ဆင်လျက် ဆက်ကပ်လိုက်သေးသည်။

သစ်ဆိမ့်ကြီးရွာ ဥပါသကာကြီးမှာ ရံဖန်ရံခါလာတတ်သော ဘုရားဖူးဧည့်သည်များကိုပင် စကားလက်ခံ ပြောချိန်မရ၊ ဆွမ်းကပ်၊ ဝတ်တက် ဝတ်ကပ်တို့ဖြင့် ရှေ့နောက် အလုပ်ချင်းစပ်ကာ ဗုဒ္ဓါနုဿတိ၊ ဗုဒ္ဓုပဋ္ဌာန (ဘုရားရှင်အား

www.burmeseclassic.com

www.burmeseclassic.com



ဆည်းကပ်လုပ်ကျွေးခြင်း) ဝတ်ဖြင့်သာ အချိန်ကုန်လေတော့သည်။ သားသမီး ဇနီးတို့ကိုမူ အကြောင်းထူးမရှိဘဲ မလာကြရန် ကြိုတင်မှာထားပြီး ဖြစ်သည်။

(၃)

"အဖေ၊ ရွှေဘိုမြို့ပိုင်မင်း ရုံးတော်က တစ်ရွာလုံး ဆင့်ခေါ်လို့ သမီးတို့ မနေ့က သွားကြရတယ်၊ သမီးတို့အိမ် အလှည့်ကျတော့ အိမ်အကြီးအကဲ လာမှ ရမယ်ဆိုလို့ မနေ့က ပြန်ခဲ့ရတယ်၊ ရုံးတော်က နက်ဖြန် ဆက်ဆက်လာရမယ်"တဲ့။

"အင်း . . . ဘုရား . . . ဘုရား ဝိပတ္တိခေတ်ကြီးကိုးကွယ်"

ဥပါသကာကြီးသည် လာရောက် အကြောင်းကြားသော သမီးကြီး၏ စကားကို နားထောင်ပြီး ဘုရားတ,ကာ . . .

"အေး . . . အေး . . . ကောင်းပါပြီ သမီးရယ်၊ မင်းစိုးရာဇာ ကိစ္စ ဆိုတော့ သွားရပေမှာပေါ့၊ ဒါပဲလား၊ ကောင်းပြီလေ၊ သမီးပြန်တော့" ဟု ပြော ဆိုပြီး ဘုရား အာရုံပြုမြဲ ပြုနေလေ၏။

စီးပွားဥစ္စာ လယ်ယာမိုးမြေများအားလုံး သားသမီးများအား ခွဲဝေပေးပြီး ဖြစ်သော်လည်း ရုံးတော်၌ ဥပါသကာကြီး၏ နာမည်သာလျှင် စာရင်းပေါက် နေဆဲဖြစ်၍ ဆင့်ခေါ်မာန်တူလေသည်။ ရုံးပြင်ကနားနှင့် ကင်းကွာလိုသူမှ၊ ကုလားဖြူ အမှုထမ်းများနှင့် မတွေ့လိုသူမှ မလွှဲမရှောင်သာ ကြုံရလေ၏။ ဗြိတိသျှ အုပ်ချုပ်ရေးခေတ်ဦး စပ်ကူးမတ်ကူး ကာလဖြစ်၍ စနစ်သစ်များ ဝင်လာကာ အခွန်အကောက်များကလည်း ဝက်အူရစ်ပမာ တင်းကျပ်၍ တင်းကျပ်၍ လာလေ၏။ (နောက်ပိုင်းတွင် အပျိုခွန် လူပျိုခွန်များပင် ကောက်ခံလာ၍ သူပုန် ထကြသည်အထိ ဖြစ်ခဲ့ရဖူးသည်။)

ဥပါသကာကြီးသည် ထိုနေ့ညနေတွင် မြတ်စွာဘုရားရှင် အနီးသို့ ရှိသေစွာ လက်အုပ်ချီသွားလျက် -

"ဘုန်းတော်ကြီးမသော မြတ်စွာဘုရား၊ ဘုရားတပည့်တော်အား ရွှေဘို ရုံးမင်းက ဆင့်ခေါ်လာပါသဖြင့် နက်ဖန် ဆွမ်းတစ်နပ် လစ်လပ်မည်ကို သည်းခံ ခွင့်လွှတ်တော်မူပါဘုရား" ဟူ၍ ကြိုတင်ပြီး လျှောက်ထားရှင်မန်လိုက်သည်။

(၄)

ရွှေဘို မြို့ပိုင်ကြီးသည် လွန်ခဲ့သောညက အိပ်မက်ဆန်းတစ်ခု မက်ထား သဖြင့် အစိပ္ပာယ် မစဉ်းစားတတ်အောင် ရှိနေ၏။ ရုံးချိန်ကျ၍ ရုံးစားပွဲ၌ ထိုင်နေ၍

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း စိတ်ကမူ မဖြောင့်။ ထိုင်လိုက်၊ ထလိုက်၊ ရည်ရွယ်ချက် မရှိ ရုံးဝင်း တံခါးပေါက်ဆီသို့ လူဝင်လူထွက် ကြည့်လိုက်နှင့် စိတ် မတည်မငြိမ် ဖြစ်နေ၏။

အတန်ကြာလျှင် ရုံးဝင်းတံခါးပေါက်မှ အရပ်ထောင်ထောင်မောင်းမောင်းနှင့် ဣန္ဒြေရရ၊ ရှေးရိုး မြန်မာပီသသော အရပ်သား လူကြီးတစ်ဦး ဝင်လာသည်ကို မြင်လိုက်ရာ မြို့ပိုင်ကြီးသည် ထိုသူကိုပင် အမှတ်မထင် စိုက်၍ကြည့်နေမိ၏။ မိမိ သိဖူးမြင်ဖူးသူကား မဟုတ်ချေ။ သေသေချာချာ ကြည့်သောအခါ ထိုသူ၏ ပခုံးတစ်ဘက်ပေါ်၌ ထူးထူးခြားခြား အဝတ်တစ်ထည် တင်လာသည်ကို တွေ့ရသဖြင့် အံ့အားသင့်နေမိသည်။

ထိုသူကား သစ်ဆိမ့်ကြီးရွာ ဥပါသကာကြီးပင်တည်း။

ဥပါသကာကြီးသည် ရုံးဝင်းထဲ ဝင်သွားချိန်မှစ၍ ဒရဝမ် မင်းစေကမှ အစ၊ လမ်း၌ တွေ့သမျှလူများကို -

"အမောင်တို့၊ အမိတို့ တဆိတ်လောက် လမ်းဖယ်ပေးကြပါ၊ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ကြွလာတော်မူနေပါတယ်" ဟု မေတ္တာရပ် ပြောရင်း မြို့ပိုင်မင်းရှိရာကိုမေး၍ ရုံးပေါ်သို့တက်သွားသည်။ လမ်း၌ တွေ့ဆုံကြရသော သူများမှာ ဟိုကြည့်ဒီကြည့် ဘုမသိ ဘမသိ အသီးသီး လမ်းဖယ်ပေးကြရလေ၏။ ရုံးပေါ်၌ မြို့ပိုင်ကြီးအနီးသို့ ရောက်သောအခါတွင်လည်း -

"မြို့ပိုင်မင်းဘုရား၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရားရှင် ကြွလာတော်မူနေပါတယ်" ဟု ပြောပြောဆိုဆို မြို့ပိုင်မင်း၏ လက်ယာဘက်ရှိ အမြင့်တစ်နေရာ၌ ပခုံးပေါ် အသင့်ပါလာသော (ဘုရားရှင်အား ခင်းလှူနေကျ) နေရာထိုင်တော်ကို ဖြန့်၍ ခင်းလေ၏။

မြို့ပိုင်ကြီးသည် ပထမတွင် အံ့အားသင့်သွားသော်လည်း တစ်နံနက်လုံး စဉ်းစား၍ မပေါ်သော မိမိအိပ်မက်၏ အဓိပ္ပာယ်ကို ခုမှ ရှင်းလင်းစွာ နားလည်သွားတော့သည်။

ဥပါသကာကြီးကား တမင် ပြောဆိုပြုလုပ်ခြင်းမဟုတ်။ မိမိရှေ့က မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ကြွသွားနေပုံ၊ မိမိမှာ အရှင်အာနန္ဒာကဲ့သို့ နောက်တော်ပါးက ထက်ကြပ်မကွာ လိုက်ပါပြုစုနေရပုံ စိတ်အာရုံ၌ စွဲထုံနေ၏။ ထိုအသိဖြင့် ပြောဆိုပြုမူခြင်းသာ ဖြစ်သည်။ ဗုဒ္ဓါနုဿတိအာရုံ စွဲထုံနေသူများသည် ထိုဥပါသကာကြီးကဲ့သို့ပင် ဖြစ်နေတတ်ကြသည်။ ရှေးက ရေးသားတော်မူခဲ့ကြသော

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကျမ်းများတွင် ယောဂီများ ဘုရားအာရုံနိမိတ်ကြီး ကြည့်လေရာ၊ သွားလေရာတွင် အမြဲ ထင်မြင်နေသဖြင့် ခြေနင်းချစရာနေရာပင် မရှိ၍ ကစမ်းကဝါး သွားလာနေရတတ်ကြောင်း ရေးသားပါရှိ၏။

အရေးပိုင်မင်းလည်း မြတ်စွာဘုရား ကြွလာပြီဆိုရုံမျှဖြင့် အလိုလို လက်အုပ် ချီမိလျက်သားဖြစ်ကာ ဥပါသကာကြီးအား ကုလားထိုင်လွတ်တစ်ခု၌ ထိုင်ရန် နေရာပေးလိုက်သည်။ နှုတ်ဆက်စကား ပြောဆို မေးမြန်းပြီးလျှင်-

"ဘကြီး ခင်ဗျ၊ ယခု ဘကြီး အဝတ်ခင်းတဲ့နေရာမှာ မြတ်စွာဘုရား ကြွလာ သီတင်းသုံးကြောင်း ကျွန်တော် ညကပင် အိပ်မက် မြင်မက်ပါတယ်၊ ဘယ်လို အဓိပ္ပာယ်ဆိုတာ တစ်နံနက်လုံး စဉ်းစားလို့မရပါဘူး၊ ယခု ဘကြီးလာမှပဲ ရှင်းတော့တယ်၊ ဘကြီးကို စစ်ဆေး မေးမြန်းစရာရှိလို့ ခေါ်ထားသော်လဲ ကျွန်တော် ဘာမျှ မမေး လိုတော့ပါ၊ ဘကြီး ကြွလိုရာ ချမ်းသာစွာ ကြွနိုင်ပါပြီ"

မြို့ပိုင်ကြီးသည် သူ့စိတ်ထဲ ရှိသည့်အတိုင်း တောက်လျှောက် ပြောဆို ပြီးနောက် -

"ဘကြီး မပြန်ခင် တစ်ခုတော့ မေးပါရစေ၊ ယခု ရုံးတော်က ဆင့်ခေါ်တဲ့ ကိစ္စမဟုတ်ပါဘူး"

"မြို့ပိုင်မင်း သဘောတော်အတိုင်း မေးပါ ဘုရား၊ ဘုရား့ ကျွန်တော်မျိုး သိလျှင်လဲ ဖြေပါ့မယ်"

"ဘကြီးဟာ အဘယ်တရားများကို ကျင့်ကြံပွားများ အားထုတ်နေပါသလဲ ခင်ဗျား"

"ဘုရား့ကျွန်တော်မျိုး အခြား ဘယ်တရားမှ အားမထုတ်ဘူးပါ။ သို့သော်လဲ နေ့စဉ်နှင့်အမျှ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးအား အရှင်အာနန္ဒာ လုပ်ကျွေး ပြုစုသလို လုပ်ကျွေး ပြုစုပါတယ်ဘုရား"

ဥပါသကာကြီးသည် တည်ငြိမ်အေးဆေးစွာဖြင့် မိမိ နေ့စဉ် လုပ်ကျွေး ပြုစုပုံကို အသေးစိတ် ပြောပြလေရာ မြို့ပိုင်မင်းမှာ လွန်စွာအံ့သြလျက်၊ ခေါင်း တညိတ်ညိတ်နှင့် နားထောင်နေ၏။ ပြီးလျှင် ဥပါသကာကြီးအား လက်အုပ်ချီ ကာ -

"သာဓု သာဓုပါ ဘကြီးခင်ဗျား၊ ဒီကနေ့ ကျွန်တော့်ကိုလဲ 'ဘုရား ကျွန်တော်မျိုး' အသုံးအနှုန်းမျိုးနှင့် မပြော မဆိုပါနှင့်ခင်ဗျား။ ကျွန်တော် ဘကြီးကို ကန်တော့ပါတယ်၊ အပြစ်ကြီးငယ်ရှိလျှင်လဲ ခွင့်လွှတ်ပါ" ဟု ဆိုကာ ထိုင်၍ ရှိခိုးလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



မြို့ပိုင်မင်းသည် ထိုမျှနှင့်အားမရနိုင်ဘဲ ဥပါသကာကြီးကို တောက်လျှောက် အိမ်သို့ပင့်ခေါ်၍ ကောင်းမွန်စွာ ကျွေးမွေး၏။ ကျွေးမွေးပြီးလျှင် အဝတ်အထည် စားသောက်ဖွယ်စသော လှူဖွယ်ဝတ္ထုများကို ဥပါသကာကြီးရှေ့၌ ချလျက် မိသားစု လက်အုပ်ချီ၍ ကန်တော့ကြပြန်၏။ ပြီးလျှင် ဥပါသကာကြီးထံမှ ငါးပါးသီလကို ရိုသေစွာ ခံယူဆောက်တည်ကြလေသည်။

ဝိသုဒ္ဓိမင်္ဂ အဋ္ဌကထာ၌ ဗုဒ္ဓါနုဿတိ ပွားများသူများ၊ ဘုရားအာရုံ စွဲထုံ သူများ စေတီထိုက်သည် (ဘုရားအရာ အပူဇော်ခံထိုက်သည်) ဆိုသည်မှာ ဤ၌ ထင်ရှားလေတော့သည်။

"ဘကြီးခင်ဗျား၊ ဒီနေ့ကစပြီး ကျွန်တော်တို့အား သားသမီးကဲ့သို့ အမှတ် ပြု၍ ဆုံးမတော်မူပါ။ ကျွန်တော်လဲ ဒီနေ့ကစပြီး ငါးပါးသီလကို ခါးဝတ်ပုဆိုးပမာ ပါဏာပေတံ မြဲမြံစွာ စောင့်ထိန်းပါတော့မယ်။ ဗုဒ္ဓါနုဿတိ စသော သမထ ဝိပဿနာ ကမ္မဋ္ဌာန်းတရားများကိုလဲ စွမ်းအားရှိသမျှ ကြိုးစား အားထုတ်ပါတော့မယ် ခင်ဗျား"

"ကောင်းပါပြီ မြို့ပိုင်မင်း၊ သာဓု သာဓု သာဓု"

## (၅)

သစ်ဆိမ့်ကြီးရွာ ဥပါသကာကြီးသည် နှစ်-လ ရှည်ကြာစွာ ရွာသူတို့လေ့မှ အငွေ့မျှ မသမ်းရအောင် လွတ်လွတ်ကျွတ်ကျွတ်ကြီး ဖဲခွာ၍ မြတ်စွာဘုရားရှင်အား လုပ်ကျွေးလျက် နေခဲ့ရာ တစ်နေ့ထက်တစ်နေ့ မလွဲမရှောင်သာသော ဇရာ ဗျာဓိ တရားတို့က ဖိစီး၍လာလေပေ့ာ၏။

မြတ်စွာဘုရားရှင်အပါးမှ တစ်ဖဝါးမျှ မခွာလိုသော ဥပါသကာကြီးသည် ဇရာဗျာဓိ ပြင်းထန်စွာ ဖိစီးလာသဖြင့် သားသမီးများက ဘော့ဟော့ခေါ်ဆောင်၍ မိမိနေအိမ်သို့ လိုက်ပါခဲ့ရသည်။ ကိုယ့်လက်ကိုယ့်ခြေကိုပင် မသယ်နိုင်တော့ပေ။ အစားအစာလည်း မဝင်၊ ရေကိုပင် ဝါဂွမ်းဖြင့် ညှစ်ခံ့ပေးရသော အခြေသို့ ရောက်လာ၏။ သမား အကျော်အမော်များနှင့် ကုသသော်လည်း သားသမီးတို့ ဝတ္တရား ကျေရုံမျှတပါး ထူးခြားမလာ၊ ပို၍သာ ဆိုးဝါးလာလေ၏။

သားသမီးများက ဆရာတော် သံဃာတော်များကို ပင့်ဖိတ်၍ ပရိတ်တရား နာကြားစေကြ၏။ အလှူဒါနကိုလည်း ကိုယ်စားပြုလုပ်ပေးကြသည်။ သတိမရတစ်ချက်

www.burmeseclassic.com

www.burmeseclassic.com



ရ-တစ်ချက် ဖြစ်နေ၏။ သားသမီးများ ဝိုင်းအုံ ပြုစုနေကြခိုက် ဥပါသကာကြီး အားယူပြီး -

"နေကြပါဦး၊ နေကြပါဦး" ဟု ကျယ်လောင်စွာ ပီပီသသကြီး ရေရွတ်လိုက်သည်။ တစ်ဆက်တည်းပင် "ဘုရားရှင်ကို အားရအောင် ပြုစု ကြည်ညိုပါရစေဦး" ဟု ခွဲသလိပ်သံကြီးနှင့် ဗလုံးဗထွေး ပြောလိုက်သည်ကိုမူ နားမလည်ကြပေ။

အနီးရှိသားသမီးများမှာ ပျာပျာသလဲ "အဖေ . . . အဖေ . . ., ဘာဖြစ်တာလဲ" ခွန်းဆင့် မေးခေါ်ကြသော်လည်း ပြန်လည်မထူးသဖြင့် ဝိုင်းအုံ ငိုကြွေးကြလေ၏။ ခဏကြာလျှင် ဥပါသကာကြီးသည် မျက်လုံးအစုံကို အားယူ ဖွင့်ကြည့်စဉ် -

"အဖေ . . . အဖေ၊ ဘာတွေ ယောင်ယမ်း ပြောနေတာလဲ၊ အဖေ . . . သတိရတယ်နော်" ဟုံ ဝမ်းသာအားရ မေးကြပြန်၏။

"အ . . . ဖေ . . . မ . . . ယောင်ပါဘူး" ဟု အားယူ ပြောဆိုကာ မျက်စိက အပေါ်ကို စိမ်းစိမ်းဝါးဝါးကြီး စိုက်ကြည့်လျက် -

"တုသိတာ . . . ရထား . . . သူတို့ကို ပြောတာ။ ပန်း . . . ကုံး . . . အပေါ် . . . ကို . . . ပစ် . . . ပစ် . . . လိုက်" ဟု တစ်လုံးချင်း ပြောဆိုနေ၏။ အနီးတွင် ကြားဖူးနာဝရှိ လူတစ်ဦးက ကပျာကယာ ပန်းကုံးတစ်ခု လုပ်ပြီး သားသမီးများ လက်သို့ ပေးအပ်ကာ အပေါ်သို့ ပစ်တင်ရန် ပြောဆိုပေး၏။ ဥပါသကာကြီး၏ နှုတ်ခမ်းများ ပြုံးယောင်သန်းကာ ခေါင်းညိတ်သည့် အမူအရာကို ပြနေသလို ထင်ရ၏။ ပြီးလျှင် မျက်စိပြန်မှိတ်သွားသည်။ အထက်ကောင်းကင်သို့ ပစ်တင်လိုက်သော ပန်းကုံးမှာ လူတစ်ရပ်သောက်မြင့်သော လဟာပြင်၌ (တစ်စုံတစ်ရာနှင့် ချိတ်မိ ငြိတွယ်နေသည့်အလား) တွဲလျားဆွဲလျက် တည်နေသည်ကို အားလုံးပင် တွေ့မြင်ကြရလေ၏။ သို့ရာတွင် နတ်ရထားကိုမူ မမြင်ကြရချေ။

အနီးအပါးရှိ လူအချို့ကိုလည်း ပြေးလွှား ခေါ်ငင် ပြသနေကြရာ လူမဟာကိုပင် ရုတ်တရက် မေ့နေကြ၏။ ခဏကြာ၍ လူမဟာကို ကြည့်လိုက်သောအခါ သစ်ဆိမ့်ကြီးရွာ ဥပါသကာကြီး ဝိညာဉ်ချုပ်ငြိမ်း ဘဝတစ်ဖာတ် သိမ်းလေပြီ။

www.burmeseclassic.com

www.burmeseclassic.com

# (၆)

# ရွှေဘိုမြို့၊ ဝက်လက် ခေါ်တောရွာက ဥပါသကာကြီး ဘိုးအောင်ကျော်

ပြဆိုခဲ့ပြီးသော ဘုရားလက်ထက်တော်က မဟာဓမ္မိက ဥပါသကာ၊ သစ်ဆိမ့်ကြီးရွာ ဥပါသကာကြီးများနှင့် အလားတူသောဖြစ်ရပ်များ ယခုအခါတွင်လည်း များစွာ ကြားသိနေရတုန်းပင်။

ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည် ဆရာတော်ဘုရားကြီးကလည်း နောက်ဆုံး ရိုက်နှိပ်သော အဘိဓမ္မာတရားတော်ကြီး (နှာ-၃၅၆)၌ ဝက်လက်မြို့ ခေါ်တောရွာ ဥပါသကာကြီး ဘိုးအောင်ကျော်အကြောင်းကို အောက်ပါအတိုင်း ထည့်သွင်း ဟောပြတော်မူလေသည်။

"အခု ပြောခဲ့တာတွေကတော့ ဓမ္မပဒ မဟာဓမ္မိက ဥပါသကာ ဝတ္ထုမှာ လာတဲ့သာဓကပဲ၊ အခု မျက်မှောက်ကာလမှာ ကြားသိရတဲ့သာဓက ဝတ္ထုတစ်ခုလဲ ရှိသေးတယ်၊ ဒါကတော့ တစ်ဆင့်ကြားပေါ့လေ။ ဦးတိသပြောဖူးတယ်။

(မှတ်ချက် ။ ။ဤ၌ ဦးတိဿဟူသည် နာမည်ကျော် ဂန္ထကာရက၊ ကမ္မဋ္ဌာနာစရိယ၊ ဝက်လက်မြို့ မစိုးရိမ်ဆရာတော်ကြီး ဦးတိဿပင် ဖြစ်သည်။)

"သူတို့ဝက်လက်တောင်ဘက်နားက ခေါ်တောရွာမှာ . . တဲ့၊ ဘိုးအောင်ကျော် ဆိုတဲ့ ဒကာကြီးဟာ မဟာဓမ္မိက ဥပါသကာလိုပဲ သူသေခါနီးမှာ နတ်ရထားတွေ ဆိုက်ရောက်လာသတဲ့။ ဘိုးအောင်ကျော်ဟာ သူ့လယ်ကွက်ထဲ သူများနွားက ဝင်စားလဲ တရားစွဲဆိုခြင်း ဘာခြင်းမရှိဘဲ စားနေတဲ့နွားကို ဒီလိုပဲ ကြည့်နေ တတ်တယ်လို့ ဆိုတယ်၊ စားလွန်းမက စားရင်သာ -

"ကိုင်း . . . မင်းတို့ ဒီလောက်စားရရင် တော်ကြဦး၊ ငါတို့ စားဖို့ကလဲ ရှိသေးတယ်" ဆိုပြီး နွားတွေကို မောင်းထုတ်လိုက်သတဲ့။ ပင်ကို ပဋိသန္ဓေစိတ်ကိုက ကောင်းပုံ ပေါ်ပါတယ်။ တစ်ခါကလဲ သူ့ဇနီး စုန်းအတတ် တတ်နေမှန်းသိလို့-

"မင်းအတတ်ဟာ မကောင်းပါဘူး၊ ဘုရားကို လှူလိုက်ပါ" လို့ ပြောသတဲ့၊ အဲ . . . သူ့ဇနီးက အဘွားမိန်း-တဲ့၊ သူကလဲ သူ့ခင်ပွန်း တိုက်တွန်းတဲ့အတိုင်း-

"ကျုပ်ဟာ စုန်းအတတ်ကိုတတ်ပါတယ်၊ ဒါပေမယ့် ဘယ်သူ့ကိုမှ မပြုစား ဖူးပါဘူး၊ ဒီအတတ်ကို ဘုရားအား လှူပါတယ်၊ နောက်လဲ ဘယ်သူ့ကိုမှ မပြုစား

www.burmeseclassic.com

www.burmeseclassic.com



ပါဘူး” လို့ ရွာထဲကလူတွေ ဖိတ်မန္တကပြုပြီး သူတို့မျက်မှောက်မှာပဲ သူ့အတတ်ကိုသူ ဘုရားလှူလိုက်သတဲ့။ သူတို့ ဇနီးမောင်နှံ နှစ်ဦးစလုံး အဲဒီလောက် စိတ်ကောင်း ရှိကြတယ်တဲ့။ ဦးတိဿက ချီးကျူးလိုက်သေးတယ်။

အဲ . . . အဲဒီ ဘိုးအောင်ကျော် သေခါနီးမှာလဲ ဂတိနိမိတ်အနေနှင့် နတ်ရထားတွေ ဆိုက်ရောက်တာကို သူ တွေ့မြင်နေရသတဲ့။ “နတ်ရထားတွေ ဆိုက်ရောက်နေတယ်” လို့ သူက ပြောတော့ အနားကလူတွေက ကယောင် ချောက်ချား ပြောတာပဲဆိုပြီး မယုံကြဘူးပေါ့လေ။ ဒီတော့ သူက -

“မင်းတို့မယုံရင် ငါ စိပ်တဲ့ စိပ်ပုတီးပေးပါ” လို့ တောင်းပြီး အဓိဋ္ဌာန်နဲ့ ပုတီးကုံးကလေးကို နတ်ရထားမှာ လှမ်းပြီး ပစ်ချိတ်လိုက်တာကို မြင်ကြရသတဲ့။ ဘေးလူတွေဟာ ရထားကိုတော့ မမြင်ကြရဘူးတဲ့။ အဲဒါကတော့ မျက်မှောက် ကာလ မကြာမီကလေးကမှ ဖြစ်ခဲ့တဲ့ သာဓကပါပဲ။”

## (၇)
## မှတ်တမ်းတင်ထားကြပါစို့

မြန်မာ့သာသနာဝင်၌ စနစ်တကျ မှတ်တမ်းတင်သူများ မရှိခဲ့ကြသဖြင့် ဤသို့သော အလားတူ တကယ့်ဖြစ်ရပ်များ တိမ်မြုပ် ပျောက်ကွယ်သွားကြရသည်။

ဘုရားလက်ထက်တော်ကနည်းတူ အကောင်းအဆိုး ဖြစ်ရပ်များ မြန်မာ နိုင်ငံ၌လည်း များစွာ ကြားသိနေကြရတုန်းပင်။ ရတနာသုံးပါးနှင့် စပ်သော ဖြစ်ရပ်ကောင်း များလည်း တွေ့မြင်နေကြရဆဲ။ သို့ရာတွင် မျက်မြင်ကိုယ်တွေ့ ပုဂ္ဂိုလ်များက တိကျစွာ မှတ်တမ်းပြု မထားကြသဖြင့် ဆန်းကြယ်လာလျှင် သဒ္ဓါလွန်ကာ ချဲ့ကားပြီး ရေးသားပြောဆိုကြသည်ဟု လွယ်လွယ်ပင် မှတ်ချက် ချကြလေ၏။ သဒ္ဓါဝီရိယတွေ လျော့ကျကုန်တော့သည်။

တကယ့်ဖြစ်ရပ်တို့မည်သည် စိတ်ကူးကြံဆ၍ လုပ်ကြံ ရေးသား ပြောဆို ကြသည်ထက်ပင် ဆန်းကြယ်ကုန်၏။ ကြားသိရသူတို့အား ခံစားမှု ပေးပုံချင်းလည်း မတူချေ။

### ယောဂီတို့ နတ်ပြည်ကို အားမကျပါ

သေခါနီးကာလ နတ်ရထားများ ဆိုက်ရောက်ကာ နတ်ရွာသုဂတိ၊ ဂတိနိမိတ် ထင်ပုံနှင့်စပ်၍ အနယ်နယ်အရပ်ရပ် လှည့်လည်ကာ နှစ်ပေါင်းများစွာ၊ လူပေါင်းများစွာ

www.burmeseclassic.com

www.burmeseclassic.com



တို့အား တရားပြတော်မူခဲ့သော ဉာဏစာရီ (ယခု တေဇစက္ကိ) ဆရာတော်ကြီး ကလည်း -

"တရားဘာဝနာ အားထုတ်သူများ သေခါနီးကာလမှာ နတ်ရထားများနှင့် လာရောက် ဖိတ်ခေါ်တဲ့ ကိုယ်တွေ့ဝတ္ထုပေါင်း ဘုန်းကြီး မှတ်ထားတာ ၇၀၀ ကျော် ရှိတယ်" ဟုပင် မိန့်ဆိုဖူးလေသည်။ (မော်လမြိုင်မြို့ ညောင်ပင်ဆိပ်ရွာမှ နတ်ရထားနှင့် လိုက်ပါသွားသူ ယောဂီ ဒေါ်နှင်းမြအကြောင်းကိုလည်း ဓမ္မဒူတ၊ ပထမတွဲမှာ ကြည့်ပါဦး။)

သို့ရာတွင် မနုဿတ္တ ဒုလ္လဘ သာသနာနှင့် ကြုံရပါလျက် ဘဝအာမခံချက်၊ ဓမ္မအာမခံချက် မရရှိသေးသော ယောဂီများထံ နတ်ရထား ဆိုက်ခြင်းမှာ အပြည့်အဝ အားရကျေနပ်ဖွယ် မဟုတ်ပါ။ ရဟန်းတော် ယောဂီဖြစ်ပါမူကား ပဗ္ဗဇ္ဇိတ ဒုလ္လဘ ကိုပါ လက်လွှတ်ရသည့်အပြင် အလွန်မြင့်မြတ်သော အရဟတ္တဖိုလ်ကိုပင် ပေးနိုင်သည့် ၂၂၇-သွယ်သော စတုပါရိသုဒ္ဓိသီလတော်ကို အစိမ်းနဲ့ နံစော်သော နတ်စည်းစိမ်နှင့် လဲယူရသလိုသာ ရှိရာသည်။

ယခုအခါ သူတော်ကောင်းတရားကို တကယ် ကြိုးစားအားထုတ်နေကြသော ယောဂီများ (ရဟန်းဖြစ်စေ၊ လူဖြစ်စေ) နတ်ပြည် ဗြဟ္မာ့ပြည် ရောက်လိုသော ဆန္ဒ အလျဉ်းမရှိကြပါ။ ပေါက်မြောက်အောင် အားမထုတ်နိုင်ကြ၍ တစ်ထောက်တစ်နား ကွန်းခိုရင်သာ ခိုကြရမည်။ ကာမဂုဏ် ထူပြောသော နတ်ပြည်ကို မလိုလားကြပါ။ လိုလည်း မလိုလားအပ်ပါ။

## တာဝတိံသာထက် ကောင်းတဲ့လူ့ပြည်

သဂါထာဝဂ္ဂ သံယုတ်အဋ္ဌကထာ (၈၀-၈၁) အစ္ဆရာသုတ်အဖွင့်၌လာသော ယောဂီ ရဟန်းတစ်ပါး တရားအားထုတ်ရင်း ကွယ်လွန်၍ တာဝတိံသာနတ်ပြည် ရောက်သွားရာ နတ်သမီးများ ဝိုင်းအုံလာသဖြင့် လွန်စွာ ကြောက်ရွံ့သွားခဲ့ဖူး၏။ နတ်သမီးများကို ဘီလူးမများဟုပင် သူ့စိတ်၌ထင်၏။ အလွန် ပျော်စရာကောင်းသော နန္ဒဝန်ဥယျာဉ်ကြီး (နန္ဒန) ကိုလည်း (မောဟန=) ကာမဂုဏ်မှိုင်းတိုက်ရာ ဌာနကြီးဟု ယူဆသည်။ ဘာတရားထူးမှ မရရှိသေးဘဲ နတ်ပြည်ရောက်၍ အကြောက်ကြီး ကြောက်ကာ ဘုရားရှင်ထံမှောက်သို့ ချက်ချင်းလာရောက် လျှောက်ထားလျက် ဓာရားနာယူလေရာ သောတာပန် ဖြစ်သွားခဲ့လေသည်။

တစ်ဖန် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ (ပထမအုပ်-၄၆)လာ မထေရ်ကြီးတစ်ပါးလည်း သေရာညောင်စောင်း၌ လျောင်းရသောအခါ သူနာပြုရဟန်းအား -

www.burmeseclassic.com

www.burmeseclassic.com



'ငါ့ရှင်၊ ယခု ငါသေလျှင် နတ်ပြည်ရောက်ဖို့ရာ ဘာမျှသံသယမရှိဘူး၊ ဒါပေမယ့် ငါ့ရဲ့ရဟန်းသီလကို ပစ်ပယ် ဖျက်ဆီးခဲ့ရပြီးမှ ရရှိမယ့် နတ်စည်းစိမ်ဟာ သိက္ခာစွန့်ပယ်ပြီး လူထွက်ရတာနှင့် သာထူးသေးသလဲ" ဟု မိန့်တော်မူကာ မိမိ၏ စင်ကြယ်မြင့်မြတ်သော ရဟန်းသီလကို လက်ရှိ အခွင့်ကောင်းကြီးအဖြစ် နှစ်သက်မြတ်နိုးစွာ ဆင်ခြင်ရင်း ရဟန္တာ ဖြစ်တော်မူခဲ့ဖူးလေသည်။

ထို့ကြောင့်လည်း မြတ်စွာဘုရားရှင်သည် သူတော်ကောင်းတရား ကျင့်သုံးခွင့် ရရှိမှုနှင့်စပ်၍ ဤ ဇမ္ဗူဒိပ်ကျွန်းသား လူအများသည် မြောက်ကျွန်းနှင့် တာဝတိံသာ နတ်ပြည်တို့ထက်ပင် သာလွန်မြင့်မြတ်ကြောင်း (အင်္ဂုတ္တရပါဠိတော်၌) ဟောတော်မူထားသည်မှာ အထင်အရှားပင်တည်း။

အပ္ပမာဒေန သမ္ပာဒေထ။
ဓမ္မာစရိယဦးဌေးလှိုင်
၂၆၊ ၁ ၊ ၁၉၈၉ (ည ၂-နာရီ။)

၀

www.burmeseclassic.com

www.burmeseclassic.com

## မြန်မာနိုင်ငံမှ ယောဂီမတစ်ဦး

လွန်ခဲ့သော ၈ နှစ်၊ ၉ နှစ်လောက်က ယောဂီ အမျိုးသမီးတစ်ဦး၏ ထူးခြားပုံကိုလဲ ဒီနေရာမှာ (ပဋိပတ္တိသာသနာတော်ကို ချီးမြှောက်တဲ့အနေနဲ့) ထုတ်ဖော် ပြောချင်ပါတယ်။ အရွယ်ကတော့ အသက်၄၀-ကျော်၊ ၅၀-အတွင်းလောက်ပဲ ရှိပါလိမ့်မယ်။

အဲဒီအမျိုးသမီးက တရားအားထုတ်ပြီးတဲ့အခါ ကာမအာရုံတွေမှာ တပ်မက်မှု ကင်းနေပုံကို ပြောပြတယ်၊ သူ့မှာ ယောကျ်ားကိုယ်နှင့် ထိရုံမျှနှင့် ပူလောင်ပြီး အခံခက်နေပါသတဲ့၊ ဒါကြောင့် သူ့ခင်ပွန်းကို သူ့ညီမနှင့် လက်ဆက်ပေးပြီးတော့ သူက လူလွတ်အဖြစ်နှင့် နေပါသတဲ့။ သူ့အိမ်ထောင်စုကလဲ ဆင်းရဲတဲ့ အိမ်ထောင်စု မဟုတ်ပါဘူး၊ အတော်အတန်ပြည့်စုံတဲ့ အိမ်ထောင်စုပါပဲ။

အဲဒီအမျိုးသမီးမှာ သူ့ခင်ပွန်းနှင့် အာလယပြတ် ကင်းကွာ နေနိုင်တာရယ်၊ သူ့ညီမနှင့် လက်ဆက်ပေးနိုင်တာရယ်၊ ဒီအချက်များဟာ သာမန်အနေဖြင့် မဖြစ်နိုင်ပေဘူး၊ တရားသဘောကြောင့်သာပဲ ဆိုတာကတော့ ထင်ရှားပါတယ်၊ ဒါ့ကြောင့်လဲ ရှေးကသာ မဟုတ်ဘူး ယခုနေအခါမှာလည်း တကယ်အားထုတ်ရင် ကာမအာရုံတွေကိုမငဲ့ကွက်တဲ့ စွန့်လွှတ်နိုင်သည်အထိ ထူးခြားချက်ကို တွေ့နိုင်တယ် ဆိုတာကို သိနားလည်ထား ကြဖို့ပါပဲ။

-ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏

၁၃၂၈-ဟော 'သီလဝန္တသုတ်'တရားတော် ၃၈၈-မှ

www.burmeseclassic.com

# မဂ္ဂကထာ



www.burmeseclassic.com

www.burmeseclassic.com

# မြန်မာပြည်က

# တရားအားထုတ်သော တိရစ္ဆာန်ကလေးများ

မြန်မာနိုင်ငံ သာသနာအကြောင်း နောင် အရှည်သဖြင့် သမိုင်းဥဒါန်း တွင်ရစ်စေရန် ရည်ရွယ်လျက် ဤ ဓမ္မဒူတ စာစဉ်ကို စီစဉ်ခဲ့ရာ မြန်မာပြည်က ရတနာသုံးပါးနှင့် စပ်သော ရဟန်းရှင်လူများသာမက၊ ရတနာသုံးပါးနှင့်စပ်သော ထူးဆန်းသည့် တိရစ္ဆာန်ကလေးများ အကြောင်းလည်း မကျန်ရစ်စေလို။

ဇာတ်တော်ထဲက တိရစ္ဆာန်ကလေးများ အကြောင်းကို ဖတ်ရှုကြရသော အခါ ချဲ့ကား ချီးကျူးလွန်းသည်၊ ဒဏ္ဍာရီဟု သဘောထားတတ်သူတချို့ ရှိ၏။ ထို့ကြောင့် ဓမ္မဒူတ တတိယတွဲ၌ မြန်မာပြည်က တိရစ္ဆာန်များက အကြောင်းကို အထူးဦးစားပေး ဖော်ပြထားပါသည်။

'အနုတ္တရော ပုရိသ ဒမ္မ သာရထိ' ဂုဏ်တော်သခင် ဘုရားရှင်၏ သာသနာတော်သည် လူနတ်ပြဟ္မာတို့ကိုသာမက အဟိတ်တိရစ္ဆာန်များကိုပင်လျှင် ယဉ်ကျေးသိမ်မွေ့စေနိုင်သည်ဟူသော အချက်ကိုလည်း လေးနက်စေချင်ပါ ၏။ ယုံကြည်သက်ဝင်စေချင်ပါ၏။ သို့မဟုတ်ပါက ထူးဆန်းသော အကြောင်းအရာ တစ်ခုတစ်ခု ကြားသိရတိုင်း မိမိတို့ ဉာဏ်မမီသဖြင့် လွယ်လွယ်နှင့် ဒဏ္ဍာရီ လုပ်ပစ်တတ်ကြလေသည်။ လွန်ခဲ့သော ၂၅၀၀ အတိတ် သာသနာသမိုင်း တစ်လျှောက်တွင်လည်း အလားတူ ရတနာသုံးပါးနှင့် စပ်သော တိရစ္ဆာန်ထူးများ ရှိခဲ့ကြသည်ပင်ဖြစ်၏။

## တရားထိုင်သော ကြောင်နှင့် အမျှဝေ သာဓုခေါ်သော ကြက်

ဤ၌ တရားရိပ်သာတစ်ခုမှ တိရစ္ဆာန်ထူးကလေးများ အကြောင်းကို ဖော်ပြပါမည်။ တရားရိပ်သာကား ကျိုင်းတုံမြို့ ဆရာတော် ဦးသာဂရ၏ ထပ်တင်ကာ တောရရိပ်သာကျောင်းတိုက်ကြီး ဖြစ်ပါသည်။ ဆရာတော်ကား ၁၂၇၇-ခုနှစ် စစ်ကိုင်းမြို့နယ် အုတ်ဖိုကျင်းနေ ကြေးတိုင် အင်စပက်တော် ဦးလူ+

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ပုံတို့မှ မွေးဖွားတော်မူခဲ့သည်။ ဆရာတော်ဘုရားကြီး၏ တရားရိပ်သာ၌ ရဟန်းယောဂီ လူယောဂီများသာမက အဟိတ် တိရစ္ဆာန်ကလေးများကတောင် တရားထိုင်ကြသဖြင့် ယောဂီများအားလုံး မျက်မြင်ကိုယ်တွေ့ဖြစ်ကြလေသည်။

တရားအားထုတ်သော ကြောင်ကလေး ကြက်ကလေးများကို ကြည့်ကာ ယောဂီတိုင်း ချီးကျူး အံ့သြမကုန် ရှိကြလေ၏။ "တို့တစ်တွေ ပူစီကလေးလောက်မှ မရှုမှတ်နိုင်ရင် နေရာမကျဘူးပေါ့" ဟု ဆိုကာ အထူးကြိုးစား ရှုမှတ်ကြသည်။ ထပ်တင်ကာတောရမှ ကြောင်ကလေးနှင့် ကြက်ကလေးများက လူသား ရင့်မကြီး ယောဂီများကိုပင် အားပေး တိုက်တွန်းစကား ပြောကြားနေသယောင် ရှိပေ၏။

ထပ်တင်ကာတောရမှ ကြောင်ကလေးတစ်ကောင်နှင့် ကြက်ကလေး တစ်ကောင်မှာ ယောဂီအများ တရားထိုင်တိုင်း ယောဂီများနှင့်အတူ တရားလာ ထိုင်လေ့ရှိကြသည်။ တရားထိုင်ဖို့ အချက်ပေး အုန်းမောင်းခေါက်လျှင် သူတို့လည်း ရောက်လာကြရာ တရားဖြုတ်လျှင် သူတို့လည်း တရားဖြုတ်ကြ၏။ ကြက်ကလေးမှာ တရားဖြုတ်တိုင်း နေ့စဉ်ပင် အားရပါးရ တွန်ကျူးလေ့ရှိရာ "ကြက်ကလေးက အမှျဝေနေပြီ၊ သာဓုခေါ်ကြ" ဟု ပြောရမလို ရှိနေ၏။ တရား ဖြုတ်တိုင်းပင် ကြက်ကလေးက ပုံမှန်တွန်မြဲ။

ကြောင်ကလေးပူစီ တရားအားထုတ်သည်ကို မမြင်ဖူးသော ဒကာ ဒကာမ များက ကြည့်ချင်ပါသည်ဟုဆိုလျှင် ဆရာတော်က ကြောင်ကလေးပူစီကို ခေါ်ပြီး တရားအားထုတ်ခိုင်းပြတတ်သည်။

"ကဲ ပူစီ၊ မင်း လိမ်မာပါတယ်။ တရားအားထုတ်ပြလိုက်စမ်းပါကွာ။ ကောင်းကောင်း အားထုတ်ပြလိုက်ပါကွာ။ သူတို့ကလဲ မင်းဆီက နည်းယူပြီး အားထုတ်ကြမှာ။ ငြိမ်ငြိမ်နေ၊ မလှုပ်နှင့်လေကွာ။ မျက်စိမှိတ်၊ ပါးစပ်ကိုလဲ ပိတ်ထား လေကွာ။ ဘယ်ဘက်လက်ပေါ်ကို ညာဘက်လက်တင်ထား။ အေး . . . ဟုတ်ပြီ။ ထွက်လေ နှာသီးဖျားမှာ တိုးထိတိုင်း သိနေ။ ဝင်လေ နှာသီးဖျားမှာ တိုးထိတိုင်းလဲ သိနေပစေနော်။ ကဲ . . . ဟုတ်ပြီ။ အသက်မှန်မှန်ရှူ ရှူ ရှူ မထင်ရှားရင် နည်းနည်းကလေး ပြင်းပြင်းရှူပေးလိုက်။ ပြီးရင် ပုံမှန်အတိုင်း မှန်မှန်ရှူ အေး . . . ဟုတ်ပြီ။ ဟုတ်ပြီ"

ပူစီကလေးကား ဆရာတော် ခိုင်းသည့်အတိုင်း တကယ့်လူနှင့် မခြား အနေအထားမှန်မှန်၊ အသက်ရှူမှု မှန်မှန်ဖြင့် ငြိမ်သက်စွာ အားထုတ်နေလေသည်။ ၁၀-မိနစ်၊ ၁၅ မိနစ်၊ မိနစ် ၂၀ တောက်လျှောက် ငြိမ်သက်နေ၏။ တုတ်တုတ်မျှ မလှုပ်။ နာရီဝက်ခန့်ရှိလျှင် ဆရာတော်က -

www.burmeseclassic.com

www.burmeseclassic.com



"ပူစီလဲ တုတ်တုတ်မျှ မလှုပ်ပါလား၊ မင်း တရားမှတ်ရင်း ထိနမိဒ္ဓဝင်ပြီး အိပ်များ ပျော်နေသလားကွာ" ဟု ဆရာတော်က ပြောလိုက်လျှင် ပူစီမှာ မျက်စိမျှ မဖွင့်ဘဲ "မအိပ်ပါဘူး" ဆိုတဲ့ သဘောနှင့် အမြီးကလေးကို နှန့်ပြီး လှုပ်ခါ၍ ပြတတ်လေသည်။

ကြောင်ကလေး ပူစီမှာ တရားအားထုတ်လို့ အတန်ကြာသွားလျှင် ခါးကလေး တွန့်ချင်လာတတ်၏။ သို့မဟုတ် ပေါင်ကလေး လက်ကလေးများ ဆန့်ချင် ဆန့်လာတတ်သည်။ ထိုအခါ ဆရာတော်က -

"ပူစီ၊ မင်းကလဲကွာ ... ဝေဒနာဆိုတာ ဒီလိုပဲ ပေါ်တာပေါ့။ ဝေဒနာကို သည်းခံပြီး မှတ်ရတယ်။ ဝေဒနာ ကျော်လွှန်သွားအောင် အားထုတ်ပါမှပေါ့" ဟု ဆိုလိုက်လျှင် ငြိမ်သွားပြီး အသက်မှန်မှန် ရှူမြဲ ရှူနေလေတော့သည်။ ဘယ်လောက်ပင် အချိန်ကြာကြာ၊ ဆရာတော်က "တရားဖြုတ်တော့" ဟု မခိုင်းသမျှ ပူစီကလေးကား ပေပြီး အားထုတ်နေတတ်သည်။ "တရားဖြုတ်တော့" ဟု ဆိုလိုက်လျှင် ချက်ချင်းပင် လူးလွန့်ပြီး ထွက်ခွာသွားမြဲဖြစ်၏။ မြင်ရသူတိုင်းက မအံ့သြဘဲ မနေနိုင်ကြပေ။

(ဤအကြောင်းအရာသည် ၁၃၄၃-ခုနှစ် ဝန်းကျင် အဖြစ်အပျက် ဖြစ်၍ သိမီသူများ ယခုတိုင် ရှိနေကြပါသေးသည်။ ထပ်တင်ကာ တောရကမ္မဋ္ဌာန်းတိုက်၊ ယခု လက်ရှိဆရာတော် ဦးသာသနဝဏ္ဏ၏ ရေးသားချက်အတိုင်း ဖော်ပြလိုက်ပါသည်။)

## ကုရုတိုင်း (ဒေလီမြို့အနီး)က
## တရားအားထုတ်သော ကျေးရွာ

သူတော်ကောင်းများနှင့် နီးစပ်ခွင့်ရလျှင် တိရစ္ဆာန်များပင်လျှင် ယဉ်ကျေးလိမ္မာလာကြသည်မှာ ဓမ္မတာ ဖြစ်သည်။ တစ်ဖန် သူယုတ်များနှင့် နီးနီးကပ်ကပ် နေလျှင် လူကို မဆိုထားဘိ၊ တိရစ္ဆာန်များပင် ဓာတ်ကူးကာ ရိုင်းစိုင်း ယုတ်မာတတ်ကြသည်မှာလည်း ဓမ္မတာပင်တည်း။

ဤ 'အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ' မင်္ဂလာတရားနှင့် စပ်၍ ငါးရာငါးဆယ် ဇာတ်တော်လာ ကျေးသားညီနောင်ကိုလည်း ပြောပြလေ့ ရှိကြ၏။ ရှေးအခါက ကျေးညီနောင်သည် လေမုန်တိုင်းကြီး ကျရောက်သဖြင့် အချင်းချင်းကွဲကွာသွားကြရာ တစ်ကောင်မှာ ခိုးသားတို့၏ အသိုင်းအဝိုင်းသို့

www.burmeseclassic.com

www.burmeseclassic.com



ရောက်သွား၏။ တစ်ကောင်မှာ ရသေ့သူတော်ကောင်းတို့၏ ကျောင်းသခ်မ်းသို့ ရောက်သွားသည်။

ခိုးသားတို့ထံ ရောက်သွားသောကျေးက တောအုပ်ကြီးအတွင်း လူများ လာသည်ကိုမြင်လျှင် "ဝိုင်းကြဟေ့" ဟု အော်မြည်တတ်သည်။ ရသေ့ သခ်မ်းကျောင်း ရောက်သွားသော ကျေးသားကမူ "ကြွပါ၊ သောက်ပါ၊ စားပါ၊ နားကြပါဦး' ဟု ခရီးဦး ကြိုဆိုလေ့ရှိပေသည်။

ထို့ထက်ပို၍ အံ့ဩဖွယ်ကောင်းသော သူတော်ကောင်း ကျေးသား တစ်ကောင်ကို မဟာသတိပဋ္ဌာနသုတ် အဋ္ဌကထာ၌ တွေ့ရသေးသည်။ အတွေ့ အကြုံ ဗဟုသုတ မရှိက အဋ္ဌကထာဆရာကြီး၏ အဆိုအမိန့်ကိုပင် ဒဏ္ဍာရီဟု ထင်ကြပေလိမ့်မည်။

မဟာသတိပဋ္ဌာနသုတ်တော်ကို ဟောကြားတော်မူရာ ကုရုတိုင်း ကမ္မာသဓမ္မ နိဂုံးရွာကြီးကား ယခုအခါ အိန္ဒိယနိုင်ငံ ဒေလီမြို့တော်အနီး၌ တည်ရှိသည်။ အဋ္ဌကထာ ဆရာကြီးက ထိုရွာသူရွာသားများ အကြောင်းကိုပါ ချီးကျူးဖွင့်ဆိုတော်မူခဲ့သည်။ ကမ္မာသဓမ္မ ရွာသူရွာသားများသည် မည်သူမျှ အထူးတလည် တိုက်တွန်း မနေရဘဲ အလိုလို သတိပဋ္ဌာန်ရှုပွားမှု စွဲမြဲနေကြ၏။ အလုပ်သမား အခိုင်းအစေ များသော်မှ တရားစကားကိုသာ ပြောနေတတ်ကြသည်။ ရေချိုးဆိပ်၊ ချည်ယောက်၊ ရက်ကန်းရက် စသော အလုပ်ခွင်များမှာပင် အချည်းနှီးစကားကို မပြောလိုကြ။

အမျိုးသမီး အချင်းချင်း တွေ့ဆုံကြရာမှာပင် "သူငယ်ချင်း ဘယ် သတိပဋ္ဌာန်တရားကို ပွားများ နေပါသလဲ" ဟု နှုတ်ခွန်းဆက် စကားမျိုးကို မေးမြန်းလေ့ ရှိကြသည်။ "ဘာမှမပွားများပါဘူး" ဟု တစ်ယောက်တလေက ပြန်ဖြေမိလျှင် "အမယ်လေး ဖြစ်မှဖြစ်ရလေ၊ လက်စသတ်တော့ ညည်းဟာ အသက်ရှင်နေတဲ့ မသာမပါလား" ဟုပင် မညှာမတာ ပြစ်တင်ရှုတ်ချလေ့လည်း ရှိ၏။ "အံမယ်လေးတော်၊ နောက် သူများက မေးရင် ဘာတရားမှ အားမထုတ်ဘူးလို့များ မပြောလိုက်ပါနှင့်အေ" ဟု ပြောဆိုကာ တကယ်မသိသေးသူအား ပွားများနည်းကိုပင် တိုးတိုးတိတ်တိတ် သင်ပြပေးတတ်ကြလေသည်။

အမေးခံရသူက ဘယ်တရား ဘယ်တရားကို အားထုတ်ပွားများနေပါသည်ဟု ဖြေဆိုလျှင် "သာဓု သာဓု၊ သူငယ်ချင်း လူဖြစ်ကျိုးနပ်လိုက်ပါဘိ၊ ဘုရားသခင်ဟာ ညည်းအတွက် ပွင့်တော်မူလာတာပါ" စသည်ဖြင့် ချီးကျူးတတ်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အဌကထာ ဆရာကြီးက ကမ္မာသမေ့ နိဂုံးရွာကြီးမှာ လူများသာမက၊ တိရစ္ဆာန်များပင် ကမ္မဋ္ဌာန်းတရား အားထုတ်ကြပုံကို အောက်ပါ ကျေးသားဝတ္ထု တစ်ပုဒ်ကိုပါ ဖော်ပြထားလေသည်။

ရှေးအခါက ကချေသည် အမျိုးသမီးတစ်ဦးသည် ကျေးသား တစ်ကောင်ကို ကောင်းစွာ သင်ကြားပေးပြီး မွေးမြူထားသည်။ ထိုကျေးသားငယ်ကို ယူဆောင်ကာ အရပ်တကာ လှည့်လည်သွားလာနေ၏။ အခါတစ်ပါး ခရီးလှည့်လည်ရင်း ဘိက္ခုနီမ ကျောင်းအနီး၌ စတည်းချ နေထိုင်လေရာ ကချေသည်သည် ခရီးဆက်လက် ထွက်ခွာ သောအခါ ကျေးသားငယ်ကို မေ့ကျန်ထားခဲ့သည်။ သာမဏေမကလေးများက ထိုကျေးသားငယ်ကလေးကို ကောက်ယူ မွေးမြူထားကာ ဗုဒ္ဓရက္ခိတဟု အမည် ပေးထားလေသည်။ ဘာသာရေးဆိုင်ရာ စကားလုံး အသစ်များကိုလည်း သင်ကြားပေး ထားကြကာ ကျေးသားကလေးနှင့် ချစ်စနိုး ခေါ်ဝေါ်ပြောဆိုနေတတ်ကြ၏။

တစ်နေ့သ၌ ကျောင်းအုပ် ဘိက္ခုနီမကြီးက သူ၏ရှေ့၌ရောက်လာသော ဗုဒ္ဓရက္ခိတအား ချစ်စနိုး နှုတ်ဆက်ပြောဆိုကာ အောက်ပါအတိုင်း ဆုံးမစကား ပြောကြားလေသည်။

ဘိက္ခုနီမကြီး။ ။ ချစ်သား ဗုဒ္ဓရက္ခိတ။

ကျေးသား ။ ။ အမိန့်ရှိပါ အရှင်မဘုရား။

ဘိက္ခုနီမကြီး ။ ။ သင့်မှာ ဘယ်လိုတရား နှလုံးသွင်းစရာများ ရှိထားသလဲ။

ကျေးသား ။ ။ ဘာမှ မရှိသေးပါ အရှင်မဘုရား။

ဘိက္ခုနီမကြီး ။ ။ အင်း-ချစ်သား ဗုဒ္ဓရက္ခိတ၊ သူတော်ကောင်းတွေနားမှာ နေရတဲ့သူဆိုတာ တစ်ဦးပေါ်တစ်ဦး တဏှာပေမ သံယောဇဉ် ချစ်ခင်တွယ်တာပြီး နေလို့ မတော်ဘူး။ တစ်ခုခုသော တရားနှလုံးသွင်းနှင့် နေမှ သင့်တော်မယ်။ အင်း . . . သင်လဲ သည့်ပြင် ရှည်ရှည်ဝေးဝေး မှတ်သားနိုင်ဖို့လဲ မလွယ်ပေဘူး။ ဒီတော့ 'အဋ္ဌိ အဋ္ဌိ-အရိုးစု အရိုးစု' လို့ပဲ ရွတ်ဆို သရဇ္ဈာယ်နေပေါ့ ချစ်သား။

ကျေးသား။ ။မှန်လှပါ အရှင်မဘုရား။ တပည့်တော် အမြဲတမ်းပဲ 'အရိုးစု အရိုးစု'လို့ ရွတ်ဆို သရဇ္ဈာယ်နေပါ့မယ်ဘုရား။

ဗုဒ္ဓရက္ခိတသည် ဘိက္ခုနီမကြီး သင်ပြပေးသည့်အတိုင်း အဋ္ဌိပုဋ္ဌကမ္မဋ္ဌာန်း ကိုသာ အမြဲတမ်း ပွားများရွတ်ဆိုနေလေ၏။ တစ်နေ့သ၌ မုခ်ဦးထိပ်တွင် ဗုဒ္ဓရက္ခိတက နေပူစာလှုံ နားနေခိုက် စွန်ရဲကြီးတစ်ကောင်က ဗုဒ္ဓရက္ခိတအား သုတ်ချီသွားသည်။ ဗုဒ္ဓရက္ခိတလည်း တကျည်ကျည် အော်မြည်ရင်း ပါသွား၏။ ထိုအဖြစ်အပျက်ကို

www.burmeseclassic.com

www.burmeseclassic.com



သာမဏေမကလေးများက မြင်လိုက်ကြသဖြင့် ခဲများတုတ်များဖြင့် ဝိုင်းဝန်းပစ်ပေါက်လိုက်ခြောက်ကြရာ ကံအားလျော်စွာ ဗုဒ္ဓရက္ခိတကလေး စွန်ရဲကြီးလက်မှ ပြုတ်ကျလွတ်မြောက်သွားသည်။ သာမဏေမကလေးများက အပြေးအလွှား တယုတယကောက်ယူကာ ဘိက္ခုနီဆရာမကြီးထံ သွားရောက်ပြသကြ၏။

ဘိက္ခုနီမကြီး ။ ။ အင်း ... ဗုဒ္ဓရက္ခိတ၊ သင်လွတ်မြောက်လာလို့တော်ပါသေးရဲ့။ သင်ဟာ စွန်ရဲကြီး သုတ်ချီသွားတဲ့အခါ ချစ်သား ဘယ်လိုများစဉ်းစားနေမိသတုံး။

ကျေးသား ။ ။ ဘာမှ မစဉ်းစားမိပါဘူး အရှင်မဘုရား။ အင်း... အရိုးစုတစ်ခုကတော့ အရိုးစု တစ်ခုကို ဖမ်းယူသွားပြီ။ ဘယ်နေရာမှာများ ဒီအရိုးစုတွေပြိုကွဲပြီး ဖရိုဖရဲ ပျက်စီးလေမလဲလို့ အရိုးစုကမ္မဋ္ဌာန်းကိုပဲ နှလုံးသွင်းရင်း လိုက်ပါနေမိပါတယ် အရှင်ဘုရား။

ဘိက္ခုနီမကြီး ။ ။ သာဓု သာဓု ချစ်သား ဗုဒ္ဓရက္ခိတ၊ သင်ဟာလဲ မကြာမီနောင်ကာလမှာ ဒီလိုတာဝ ဒုက္ခတွေက လွတ်မြောက်ရာကို ရောက်ဖို့ရာ အထောက်အပံ့ကောင်းတော့ ရနေပါပြီ။ သာဓု သာဓု ချစ်သား။

ကမ္မဋ္ဌာန်းတရားများသည် အဟိတ် တိရစ္ဆာန်ကလေးများအထိ ထွန်းကားခဲ့ထွန်းကားဆဲဖြစ်ရာ အသိဉာဏ်ရှိပါသည်ဆိုသော လူသားရင့်မကြီးတို့ သာသနာတော်နှင့် ကြုံခိုက်ကလေးမှာ အလေးအနက် စဉ်းစားကြရာ၏။

ဝ

www.burmeseclassic.com

www.burmeseclassic.com



သာမဏေမကလေးများက မြင်လိုက်ကြသဖြင့် ခဲများတုတ်များဖြင့် ဝိုင်းဝန်းပစ်ပေါက်လိုက်ခြောက်ကြရာ ကံအားလျော်စွာ ဗုဒ္ဓရက္ခိတကလေး စွန်ရဲကြီးလက်မှ ပြုတ်ကျလွတ်မြောက်သွားသည်။ သာမဏေမကလေးများက အပြေးအလွှား တယုတယကောက်ယူကာ ဘိက္ခုနီဆရာမကြီးထံ သွားရောက်ပြသကြ၏။

ဘိက္ခုနီမကြီး ။ ။ အင်း ... ဗုဒ္ဓရက္ခိတ၊ သင်လွတ်မြောက်လာလို့တော်ပါသေးရဲ့။ သင်ဟာ စွန်ရဲကြီး သုတ်ချီသွားတဲ့အခါ ချစ်သား ဘယ်လိုများစဉ်းစားနေမိသတုံး။

ကျေးသား ။ ။ ဘာမှ မစဉ်းစားမိပါဘူး အရှင်မဘုရား။ အင်း... အရိုးစုတစ်ခုကတော့ အရိုးစု တစ်ခုကို ဖမ်းယူသွားပြီ။ ဘယ်နေရာမှာများ ဒီအရိုးစုတွေပြိုကွဲပြီး ဖရိုဖရဲ ပျက်စီးလေမလဲလို့ အရိုးစုကမ္မဋ္ဌာန်းကိုပဲ နှလုံးသွင်းရင်း လိုက်ပါနေမိပါတယ် အရှင်ဘုရား။

ဘိက္ခုနီမကြီး ။ ။ သာဓု သာဓု ချစ်သား ဗုဒ္ဓရက္ခိတ၊ သင်ဟာလဲ မကြာမီနောင်ကာလမှာ ဒီလိုတဝ ဒုက္ခတွေက လွတ်မြောက်ရာကို ရောက်ဖို့ရာ အထောက်အပံ့ကောင်းတော့ ရနေပါပြီ။ သာဓု သာဓု ချစ်သား။

ကမ္မဋ္ဌာန်းတရားများသည် အဟိတ် တိရစ္ဆာန်ကလေးများအထိ ထွန်းကားခဲ့၊ ထွန်းကားဆဲဖြစ်ရာ အသိဉာဏ်ရှိပါသည်ဆိုသော လူသားရင့်မကြီးတို့ သာသနာတော်နှင့် ကြုံခိုက်ကလေးမှာ အလေးအနက် စဉ်းစားကြရာ၏။

၀

www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘာန်းနည်းပြ ဆရာကြီး ဒေါ်ဝဏ္ဏ



ပန်းချီစံတို၊

www.burmeseclassic.com

www.burmeseclassic.com





# ဆရာကြီးဒေါ်ဝဏ္ဏ

'သမီး၊ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ စတဲ့ ဂုဏ်တော်တွေကို ဆင်ခြင်ပွားများတာ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းခေါ်တယ်၊ ဒါလဲ သမထပဲ သမီးရဲ့၊ ကမ္မဋ္ဌာန်းဆိုတာ ဒီလိုပဲ သမထက စ,ကြရတာ များတယ်၊ ဘယ် ကမ္မဋ္ဌာန်းမှာမဆို (ကောဋ္ဌာသ ကမ္မဋ္ဌာန်းက လွဲရင်ပေါ့ကွယ်) ပါးစပ်ကလဲ မရွတ်ဆိုရတော့ဘူး၊ ခြေလက်အင်္ဂါ ပါဝင်လှုပ်ရှားမှုဆိုတာလဲ အလျဉ်းမရှိစေရဘူး သမီးရဲ့၊ စိတ်အလုပ်သက်သက်ပဲ၊ ဒီတော့ 'အရဟံ' လို့ စိတ်ထဲက ဘုရားရှင်ရဲ့ ဂုဏ်တော်တွေ ဆင်ခြင်လိုက်၊ တစ်ခါ လက်က ပုတီးတစ်လုံး ဆွဲချလိုက်၊ နောက်ပြီး ဆင်ခြင်လိုက်၊ ပုတီးဆီ စိတ်က ပြေးလိုက်ဆိုတော့ ပွားများတဲ့၊ နှလုံးသွင်းလိုက်တဲ့ စိတ်က ဟိုဘက်တစ်ဝက်၊ သည်ဘက် တစ်ဝက်၊ ဟိုပြေးလိုက် သည်ပြေးလိုက် ဖြစ်မနေပေဘူးလား"

www.burmeseclassic.com

www.burmeseclassic.com

# ကမ္မဋ္ဌာန်းနည်းပြ

# ဆရာကြီး ဒေါ်ဝဏ္ဏ

## (၁)

"ဘုန်းကြီးက လူတစ်မျိုး ဆရာဦးဌေးလှိုင်ရဲ့၊သူများတွေ ပြောလို့က သိပ်မကောင်းတတ်ဘူး၊ ခင်ဗျားဆရာ ဝေဘူဆရာတော်ကြီးဆီမှာ ဘုန်းကြီး နှစ်လလောက် အားထုတ်ဖူးတယ်၊ တယ် . . . အဆင်မပြေဘူး၊ တရားက မတက်နိုင်ဘူး၊ သည့်ပြင် ဆရာတော်တွေဆီမှာလည်း နည်းခံဖူးပါတယ်၊ ဘုန်းကြီးမတော့ နောက်ဆုံး မအူပင်နယ်မှာ တရားပြနေတဲ့ သီလရှင် ဆရာကြီးကျမှ နေရာကျသွားတယ်၊ ကျေးဇူးရှင် ဆရာတော်ကြီးများအပြစ် မဟုတ်ပါဘူး၊ ပိဋကတ်သုံးပုံဆောင်တဲ့ ပေါင်ဒွိလမထေရ်ကြီး ကိုရင်ကလေးဆီမှာ လက်အုပ်ချီကမ္မဋ္ဌာန်း တောင်းရတဲ့ အဖြစ်မို့ ဘုန်းကြီးက လူတစ်မျိုးလို့ ပြောရတာပါ။"

"ဒီလိုလဲ ရှိသေးတယ် မဟုတ်လားဘုရား၊ ပါထိကဝဂ် ဒသုတ္တရသုတ် မှာလာတဲ့ ရဟန်းတော် ၅၀၀ ဟာ ဘုရားဟောလို့ မရဘူး၊ ရှင်သာရိပုတြာဟောမှ အားလုံး ရဟန္တာဖြစ်တော်မူကြတာ၊ ဘုရားညီ ရှင်အာနန္ဒာတောင်မှ ရှင်ပုဏ္ဏ ဟောလို့ သောတာပန်ဖြစ်တာ မဟုတ်လား။ သူ့ဝေနေယျနှင့်သူ ဆိုသလိုပေါ့၊ ဒါပေမဲ့ ဆရာတော်မှာက အချိန်မကျသေးလို့ ဆိုရမှာက ပိုများပါလိမ့်မယ်၊ သည့်ပြင် အကြောင်းတွေလဲ ရှိတတ်ပါသေးတယ်ဘုရား"

"အာ . . . ဟုတ်ပြီ၊ ဆရာဦးဌေးလှိုင်ရေ့၊ ခင်ဗျားပြောမှပဲ ခေါင်းထဲမှာ ပေါ်လာတယ်၊ ဟုတ်ပြီ . . .၊ သာဓု သာဓု ဘုန်းကြီးမဟုတ်တာ ပြောဦးမယ်"

ထိုဆွေးနွေးပွဲကား ရှစ်နှစ်ခန့် ကြာခဲ့ပြီ၊ ဆွေးနွေးပွဲဆိုသော်ငြား၊ တခမ်းတနား မဟုတ်ပါ၊ ကမာရွတ် စံပယ်ခြံရှိ သံသရာအေးရိပ်သာ ကမ္မဋ္ဌာနာစရိယဆရာတော် (ဦးဇောတိပါလ)နှင့် စကားလက်ဆုံ ပြောဆိုနေမိခြင်းသာ ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကား ကျွန်တော့်စကား ထောက်ပေးသည့်အတွက် အသိဉာဏ် တစ်ခုပေါက်ကာ အထူးဝမ်းမြောက်သွားပုံရ၏။ ကျွန်တော့်မှာလည်း အရည်အချင်း ရှိ၍ ရိုးသားပွင့်လင်းသော ဆရာတော်နှင့် စကားလက်ဆုံကျရသည့်အတွက် တန်ဖိုး မဖြတ်နိုင်သော ဗဟုသုတများ ရခဲ့ပါ၏။ သူတော်ကောင်းတို့နှင့် ပေါင်းဖော်နှီးနှော ပြောဆို ကြားနာရခြင်းကား တန်ဖိုးကြီးပေစွ။

မအူပင် ရေလဲကလေးမှ ကမ္မဋ္ဌာန်းနည်းပြ သီလရှင်ဆရာကြီး ဒေါ်ဝဏ္ဏာ အကြောင်း စဉ်းစားမိတိုင်း သံသရာအေး ရိပ်သာဆရာတော်ကို ကျွန်တော် အထူး သတိရ၊ တ,သနေမိ၏။ ဆရာတော် ပျံလွန်တော်မူသည်မှာ (၆)နှစ်ခန့် ရှိလေပြီ။ ထိုအချိန်က ဆရာကြီးဒေါ်ဝဏ္ဏာအကြောင်း ဆက်လက်လျှောက်ထားရန် အခွင့်မရ ခဲ့သည်ကိုလည်း နောင်တဖြစ်မိသည်။

ဆရာတော်က ကျွန်တော်စကား 'ထောက်'ပေးလိုက်သောအခါ တစ်စုံတစ်ခု သတိရသွားရာမှ ဝေဘူဆရာတော်နှင့် သူ့အကြောင်းကို အားပါးတရ ဆက်လက် အမိန့်ရှိနေသောကြောင့်လည်း ဖြစ်၏။ ထိုအကြောင်း ပြီးသွားသည်နှင့် ယောဂီသစ်များ ရောက်လာ၍ စကားပြတ်သွားခဲ့သည်။ (စာမျက်နှာ ရှည်လျားသွားမည်စိုး၍ လိုရင်းကို ချုံးရေးလိုက်ခြင်းဖြစ်ပါသည်။ အနာဂါမ် ဆရာသက်ကြီး စာအုပ်ထွက်စဉ်က သံသရာအေး ရိပ်သာကို ဆရာသက်ကြီး၏ ဌာနခွဲတစ်ခုအဖြစ်လည်း ဖော်ပြခဲ့ပါသည်။)

"ကဲ . . . မဟုတ်တာ အမိန့်ရှိပါဦး ဆရာတော်"

"မဟုတ်တာက ဒီလိုဗျာ့၊ ဘုန်းကြီးတို့က ဝေဘူဆရာတော်ကြီးရဲ့ရွာ အင်ကြင်းပင်နှင့် မဝေးဘူး၊ တစ်နေ့တော့ တောကဘုန်းကြီးတွေ အလှူတစ်ခုမှာ ဆုံကြတယ်၊ စစ်ပြီးစကပေါ့ဗျာ၊ ဆရာတော်ကြီးကလဲ ရဟန္တာပုဂ္ဂိုလ်ကြီး၊ ကောင်းကင် ဈာန်ပျံတယ်ဆိုပြီး နာမည်ကြီးစ အချိန်၊ ဘုန်းကြီးကို ကျန်တဲ့ဘုန်းကြီးတွေက 'ဟုတ်-မဟုတ် သိရအောင် ဦးဇောတိပါလကြီး အင်ကြင်းပင်သွား ကိုယ်တော်၊ ကိုယ်တော်က စာလဲတတ်တယ်၊ စကားလဲ ပြောတတ်တယ်' ဆိုပြီး ဝိုင်းပြောကြလို့ ဆရာတော်ကြီးဆီ ရောက်သွားတာ၊ စုံစမ်းဖို့ ဆိုပါတော့ဗျာ"

"ဘာ့ကြောင့် ရောက်တာပဲဖြစ်ဖြစ်၊ အရောက်ကောင်းပါဘုရား"

"ကောင်းပါပြီလားဗျာ . . . ၊ တကယ်တော့ ဆရာတော်ကြီးဆီ ရောက်တယ် ဆိုရင်ပဲ စုံစမ်းလိုတဲ့စိတ်တွေ မရှိပါဘူး၊ ဆရာတော်ကြီးက အနေအထိုင် အဆုံးအမ

www.burmeseclassic.com

www.burmeseclassic.com



ဘာမှ လိုလေသေးမရှိပါဘူး၊ ဒါနဲ့ ဘုန်းကြီးလည်း တရားလျှောက်ပြီး တရားပဲမှတ်နေပါတယ်၊ ဆရာဦးဒွေးလှိုင်ရေ . . . ပြောချင်တာက ဒါမဟုတ်ပါဘူး၊ တစ်နေ့တော့ ဆရာတော်ကြီး ရွှေဘိုခဏသွားခိုက် ဘုန်းကြီးရွာကို ပြန်သွားတယ်၊ ဆရာတော်ကြီး ရှိနေရင် ရွာပြန်ဖို့လျှောက်ရမှာ ဝန်လေးလို့ ဆရာတော်ကြီး အပြင်အကြွ ချောင်းနေတာပေါ့ဗျာ၊ ဒါလဲ မဟုတ်တာ တစ်ခုပါပဲ၊ ခဏဆိုပြီး ပြန်တာ (၇) ရက်လောက်ကြာသွားတယ်။

"ဒါနဲ့ ပြန်ရောက်လို့ကန်တော့တော့ 'ဦးပဥ္စင်း မတွေ့တာ ကြာပါပြီ ဘယ်သွားနေတာလဲ'လို့ မေးတယ်ဗျ၊ ရွာက အလှူတွေက တရားဟော ပင့်ထားလို့ပါဘုရားလို့ ဟုတ်တဲ့အတိုင်း လျှောက်တော့-

"ဩော် . . . ဦးပဥ္စင်းက တရားလဲ ဟောသကိုး၊ ကောင်းပါ့ဗျာ . . . တဲ့၊ သူများဟောမယ့်အစား ကိုယ့်ကိုယ်ကို ဟောဦးဗျာ့" လို့ ဆရာတော်ကြီးက မိန့်သဗျာ့။ ကျုပ်ကလဲ 'မှန်ပါ့' ဆိုပြီး ဒီတင်ရပ်မနေပေဘူး၊ သွားပြန် လျှာရှည်မိတယ်။

"ကိုယ့်ကိုယ်ကိုလဲ ဟောပါတယ်ဘုရား" လို့ လျှောက်တော့ -

"ကိုယ်ဟောတာ ကိုယ် နားထောင်ရဲ့တဲ့လားဗျာ့" လို့ မေးပြန်တယ်၊ ဒီတော့ 'မထူးဘူး' ဆိုပြီး ဘုန်းကြီးက ဆက်လျှောက်ရတာပေါ့၊ ကိုယ့်ဟာကိုယ် ဟောတာ နားမထောင်ပါဘုရားလို့လျှောက်လိုက်တယ်၊ ဒီတော့ ဆရာတော်ကြီးက ဘာပြောတယ် မှတ်လဲ. . . .၊

"ကိုယ့်ကိုယ်ကိုဟောလို့မှ နားမထောင်တဲ့တရား၊ သူများတွေ လျှောက်ဟောနေလို့ အပိုပဲပေပဗျာ' လို့ အမိန့်ရှိတယ်ဗျာ့၊ ဟုတ်လိုက်လေ၊ ဆရာတော်ကြီး တရားဟောတဲ့အခါ မေးလို့ဖြေမိရင် ကျုပ်တို့ မဟုတ်တာတွေ အကုန်ပေါ်တာပဲဗျို့၊ ဆရာတော်က ဆစ်ဆစ်ပြီး မေးလိုက်ရင် ပြေးရှောင်လို့ကို မရဘူး၊ ဘယ်လို စကားတတ်မှန်း မသိဘူး။"

## (၂)

သံသရာအေးရိပ်သာဆရာတော်က ရယ်ကာမောကာပြန်လည် အမိန့်ရှိသည်ကို ကြားယောင်မိပါ၏။ ယခု ဆရာကြီး ဒေါ်ဝဏ္ဏအကြောင်း ရေးသားရန် စီစဉ်သောအခါ ဆရာကြီးအကြောင်း လျှောက်ထားခွင့် မကြုံသည့်အတွက် စိတ်မကောင်းရပါ။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ဖြစ်စေ၊ ဆရာကြီး ဒေါ်ဝဏ္ဏ၏ ညွှန်ပြမှုကြောင့် ကိုယ်တိုင် ကျင့်ကြံပွားများ အားရကျေနပ်သည့်အပြင် ဓမ္မရိပ်သာတစ်ခုကိုပင် တည်ထောင်ကာ စာတတ်ပေတတ် ကမ္မဋ္ဌာနာစရိယ ဆရာတော်ကြီးတစ်ပါးက အမျိုးသမီး ဆရာကြီး ထံမှာ နည်းခံ ပေါက်မြောက်ခဲ့ကြောင်း ရိုးသားပွင့်လင်းစွာ ဝန်ခံမိန့်ကြားလိုက်သော စကားတစ်ခွန်းကြောင့်ပင် ဆရာကြီး ဒေါ်ဝဏ္ဏ အတ္ထုပ္ပတ္တိအတွက် တန်ဖိုးမဖြတ်နိုင်ပါ။

ဆရာတော်မရှိသည့်နောက် ဆရာကြီးရေးသားဟောကြားသော စာမျက်နှာ ၂၈၀ ခန့်ရှိ "ဝိပဿနာ ရသ ရှုဘွယ်ကျမ်း"ကို တွေ့ရ၏။ ဆရာကြီး အတ္ထုပ္ပတ္တိ အကျဉ်းပါ ဖတ်ရှုရသဖြင့် ဝမ်းသာရပါသည်၊ ထိုဆရာကြီးလောက် ပဋိပတ်အခြေခံ ခိုင်မာသော ကမ္မဋ္ဌာန်းဆရာမျိုး ရှားပါးလှသေးကြောင်း သူ့အတ္ထုပ္ပတ္တိက ဖော်ပြလျက်ရှိ၏။

မြန်မာနိုင်ငံ၌ အမျိုးသမီးများကပင် ကမ္မဋ္ဌာန်းကျမ်းများကို ရေးသားပြုစုသည်မှာလည်း မြန်မာ့သာသနာ့ဝင်၌ အထူး မှတ်တမ်းတင်ထိုက်လှပေ၏။

ကျွန်တော် တွေ့ရသမျှ ကမ္မဋ္ဌာန်းကျမ်းပြုသော အမျိုးသမီး အာဇာနည်များမှာ (၃) ဦးရှိပါသည်။ (စာအုပ်ထူထူ တစ်ကျမ်းတစ်ဖွဲ့ ခေါ်လောက်သော ကျမ်းများ ဖြစ်ကြ၏။) (၃) ဦးမှာ မင်းတုန်းမင်းတြားကြီးနှင့် ဆင်ဖြူမရှင် မိဖုရားခေါင်ကြီးတို့၏ သမီးကြီး စုဖုရားကြီး (စုဖုရားလက်အစ်မ)၊ စစ်ကိုင်း ဧမြို့ချောင် ဆရာကြီး ဒေါ်ကုမ္မာရီ (၁၂၃၄-၁၃၁၆) နှင့် ယခု ဆရာကြီး ဒေါ်ဝဏ္ဏတို့ (၃)ဦးပင် ဖြစ်ပါသည်။

ထိုကမ္မဋ္ဌာန်းကျမ်းများအကြောင်း သိသာရုံ ဖော်ပြရသော် အောက်ပါအတိုင်းဖြစ်၏။

၁။ သီရိသုရတနာ မင်္ဂလာဒေဝီခေါ် မိုင်းနောင်မြို့စား စုဖုရားကြီးပြုစုသော ကျမ်းမှာ 'ယထာဘူတ နယဒီပနီကျမ်း' (၁၈၉၇-ခုခန့်) နှင့် 'စိတ်ထိန်း ကမ္မဋ္ဌာန်းကျမ်း' (၁၉၀၈ ခု၊ ဟံသာဝတီ ပုံနှိပ်တိုက်)။

၂။ ဆရာကြီး ဒေါ်ကုမ္မာရီ၏ကျမ်းမှာ 'နိဗ္ဗာန ပဝေသနီကျမ်း' (၁၂၈၉-ပ-အကြိမ်၊ ၁၃၃၁-စတုတ္ထအကြိမ်၊ မန္တလေး ကွမ်းခြံရပ် ပြည်ညွှန့်ပုံနှိပ်တိုက်)။

၃။ ဆရာကြီး ဒေါ်ဝဏ္ဏ၏ 'ဝိပဿနာ ရသရှုဘွယ်ကျမ်း' ကမာရွတ် သုခရိပ်သာ၊ ၆၄-အေးအေးပုံနှိပ်တိုက်။ (၁၉၆၆-ခု ဖေဖော်ဝါရီလ) တို့ ဖြစ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



အမှန်ကိုဆိုရသော် ကျမ်းပင် မပြုကြသော်လည်း ပရိယတ်၊ ပဋိပတ် စွယ်စုံ ထူးချွန်၍ ကျမ်းပြုနိုင်သော အမျိုးသမီး အာဇာနည်များမှာ မြန်မာနိုင်ငံ၌ များစွာ ရှိနေပါသည်။ ပရိယတ္တိအလုပ်တွင် အမျိုးသားများကဲ့သို့ပင် အမျိုးသမီးများကလည်း အားကျမခံ ကြိုးစားထမ်းဆောင်ကြ၏။ ပုဂံခေတ်က သံပျင် မင်းသမီးထံ အမျိုးသား များပင် စာဝါ လိုက်ခဲ့ကြရဖူးသည့် သမိုင်းသည် အလွန်ထင်ရှားခဲ့သည်။

ပဋိပတ္တိတွင်ကား အမျိုးသား (ရဟန်း၊ ဥပါသကာ) ယောဂီများထက်ပင် အမျိုးသမီး ယောဂီများက သဒ္ဓါဝီရိယ သာလွန်ကြ၏။ တရားပေါက်မြောက်လွယ် ကြ၏။ ဗဟုသုတများသော အမျိုးသားများကဲ့သို့ ဟိုလိုလား၊ ဒီလိုလား စဉ်စား တွေးတော၍ ဖေးမောနေခြင်း မရှိ ဆရာခိုင်းသည့်အတိုင်း သောဝစဿတာဂုဏ်နှင့် ပြည့်စုံစွာ စိတ်ဒုန်းဒုန်းချ ယုံကြည်ကြိုးစားကြသောကြောင့် ဖြစ်သည်။

မြန်မာပြည် အရပ်ရပ်ရှိ တရားဌာနများတွင်လည်း (ရဟန်းတော်များ အပါအဝင်) အမျိုးသား ယောဂီက အမျိုးသမီးယောဂီများ၏ သုံးပုံတစ်ပုံ၊ လေးပုံ တစ်ပုံမျှသာ ရှိသည်ကိုတွေ့ရ၏။

ထို့ကြောင့် တစ်ချိန်က သေက္ခတောင်ဆရာတော် ဦးတိလောကနှင့် တရားအားထုတ်ခဲ့ဖူးသော ဆရာတော် ဦးဥတ္တမသည် စွန်းလွန်းဆရာတော်ထံ နည်းခံအားထုတ်စဉ်က မျက်မြင်ကိုယ်တွေ့အဖြစ် အမျိုးသားယောဂီများနှင့် အမျိုးသမီးယောဂီတို့၏ ကွာခြားပုံကို အောက်ပါအတိုင်း ကဗျာတစ်ပုဒ် ရေးသား ခဲ့ဖူး၏။

"ဘို့ကြီးနှင့် ချိုထောင်။ ကုန်းခေါင်ခေါင် ဟိုအချက်၊ လှဲ(လှည်း) ခွက်ချည်းရုန်းနိုင်ပေါင်။ နွားမတွေ ဟိုတစ်စု၊ ချိုတစ်ခုမျှ မပါပေါင်၊ ဘို့ဆိုတာ ဟူလာဝေး (ဝေလာဝေး)။ ခွာလေးက မသေးမျှောင်မျှောင်၊ ကိုယ်ကောင်က လှီကင်း။ နွားမတွေ ထိုတစ်သင်းရယ်က လှဲပေါ်မှာ ကုန်တွေသွင်းလို့ရတယ်၊ ရုန်းချက်ကပြင်း။"

ထို့ကြောင့် မြတ်စွာဘုရားရှင်ကလည်း -

ဣတ္ထီပိ ပဏ္ဍိတာ ဟောတိ၊

တတ္ထ တတ္ထ ဝိစက္ခဏာ။

"ထိုထိုကိစ္စ၌ အမျိုးသားများသာလျှင် ပညာရှိသည်မဟုတ်၊ အမျိုးသမီး များသည်လည်း ပညာရှိပါပေ၏" ဟု ဟောတော်မူဖူး၏။

www.burmeseclassic.com

www.burmeseclassic.com



(၃)

"ရှင်ရာသက်၊ ညည်းသားသမီးတွေ အကုန်လုံး ခေါ်ပါဦးကွယ်၊ ညည်းတို့ကို ပြောစရာ စကားကလေးတစ်ခု ရှိလို့၊ ငါ ဘုရားခန်း ခဏ တက်လိုက်ပါဦးမယ်"

နှုတ်ခမ်းမွေးကြီးကားကား၊ ခံ့ညားသောသျှောင်ထုံးကြီးနှင့် မြန်မာပီသ လှသော ဦးပေါသည် သူ့ဇနီး ဒေါ်ရာသက်အား မှာကြားပြီး အိမ်ကြီးအပေါ်ထပ် ဘုရားခန်းသို့ တက်သွား၏။

၁၂၇၅-ခုနှစ်ခန့်က ဖြစ်သည်။

ရေနံချောင်းမြို့၌ လှည်းထောင်ဆရာကြီး ဆရာပေါနှင့် ဒေါ်ရာသက်တို့ မိသားစုမှာ အိမ်ကြီးရခိုင်နှင့် သားသမီးက (၇) ယောက်၊ စီးပွားဥစ္စလည်း ကုံလုံ ကြွယ်ဝသဖြင့် ရေနံချောင်းမြို့၏ မျက်နှာဖုံးဖြစ်ခဲ့သည်။

ဦးပေါမှာ တပည့်လက်သားများ မွေးကာ သားကြီးများကိုပါ ပညာပေးလျက် နွားလှည်းဘီးများကို ကိုယ်တိုင် ကြီးကြပ်ပြုလုပ် အသက်မွေး၏။ အိမ်မှာ လှည်း ကိရိယာများကိုလည်း အစုံထား၍ ရောင်းချသည်၊ အားလပ်ချိန်တွင် စာကြည့်ခြင်း၊ တရားထိုင်ခြင်းဖြင့် အချိန်ကို အလဟဿ မထား၊ ဘုရားသွား ကျောင်းတက် ဘက်ညီသော ဇနီးမောင်နှံဖြစ်သည်။

ဒေါ်ရာသက်လည်း အားလျှင် စာကိုသာဖတ်၍ ရတနာသုံးပါးဝတ်ဖြင့်သာ အချိန်ကုန်တတ်သည်။ မင်းတုန်းမင်းတြားကြီးလက်ထက်တော်တွင် တောင်ငူ စစ်ကဲတော်မင်း ဦးလတ်နှင့် စာတော်ဖတ် ဒေါ်ဒေါ်ခင်တို့၏ သမီးအလတ်ဖြစ်၏။ ခင်ပွန်းသည်၏ ဆန္ဒအရ အိမ်အောက်တွင်သားသမီး (၇)ယောက်နှင့်အတူ စုဝေး ငံ့လင့်နေကြသည်၊ ဦးပေါ ဘာတွေ ပြောမည်ကို သားသမီးများက မသိသေးသဖြင့် စိတ်တထင့်ထင့်နှင့် နေကြရသော်လည်း ဒေါ်ရာသက်ပန်အဖို့ကား ဇနီး ခင်ပွန်း အကြိမ်ကြိမ် ပြောဆိုဆွေးနွေးခဲ့ကြပြီးဖြစ်၍ မဆန်းတော့ချေ။ ခင်ပွန်းသည်၏ ဆန္ဒကို လိုက်လျောခဲ့ခြင်းပင်ဖြစ်၏။

ဦးပေါသည် ဘုရားခန်း၌ ဘုရားဝတ်ပြု ထုံးစံအတိုင်း တရားထိုင်ပြီး အိမ်အောက်သို့ ပြန်ဆင်းလာ၏။ "သားသမီးတို့ စုံကြပြီလားဟေ့" ဟု ပြောပြော ဆိုဆို မိသားစုအနီးရှိ ကုလားထိုင်ကြီးပေါ်၌ ထိုင်ချလိုက်သည်။

သမီး အကြီး မလှလှကား ၁၁-လ သမီးဦးကလေးကို 'ဆောင်ပန်း' ပုခက်ပေါ် သိပ်လျက် ပုခက်လွှဲသော ကြိုးစကို ယူပြီး မိဘများအနီး၌ လာထိုင်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ကြိုးစကိုဆွဲပြီး ပုခက်ကို အသာအယာ လွှဲပေးရင်း အဖေကြီး ပြောမည့် စကားကို နားစွင့်နေသည်။

"အင်း . . . ဝတ္တရားရှိလို့သာ အဖေပြောရမှာ . . ၊ ငါ့သားသမီးတွေ အားလုံး သဘောပေါက်နိုင်ဦးမှာမဟုတ်ပါဘူး"ဟု စကားချီကာ နှုတ်ခမ်းမွေး ကားကားကြီးကို ပွတ်သပ်ရင်း သက်ပြင်းချ ပြောဆိုလိုက်၏။

"ဒီည ညည်းတို့အမေ ရှင်ရာသက်ကိုတော့ အဖေ အကြိမ်ကြိမ် ပြောပြီး သားပါ၊ ကိစ္စက တခြား မဟုတ်ပါဘူး၊ သားသမီးများ သိတဲ့အတိုင်း အဖေဟာ စက်ချုပ်ကျောင်းဆရာတော်ထံမှာ နည်းခံပြီး ကမ္မဋ္ဌာန်းတရား အားထုတ်ခဲ့တာ ကြာပြီ၊ အသုဘ ကမ္မဋ္ဌာန်းတို့၊ အရိုးစုကမ္မဋ္ဌာန်းတို့၊ ဒါပေမဲ့ ဒီကမ္မဋ္ဌာန်းတွေက သမထကမ္မဋ္ဌာန်းဆိုတော့ အဖေ့စိတ်ထဲမှာ အားမရသေးဘူး၊ ဆရာသမားများကလည်း ရှေ့ဆက်ပြီး ဝိပဿနာကမ္မဋ္ဌာန်းကို မပြပေးနိုင်ကြဘူး၊ သမထမှာပဲ ရပ်နေတယ်၊ ဒါကိုပဲ ထပ်ထပ်ပြီး ပေးကြတယ်။

"အဖေလဲ အသက်ကကြီးလာပြီ၊ မသေခင် အဖေ ဝိပဿနာကမ္မဋ္ဌာန်း အားထုတ်ချင်တယ်၊ ပြသပေးတတ်တဲ့ဆရာလဲ ဘယ်မှာ ရှိတယ်ဆိုတာ စုံစမ်း ရဦးမယ်၊ ဒီတော့ အဖေ တစ်နှစ်တန်သည်, နှစ်နှစ်တန်သည် ကမ္မဋ္ဌာန်း တရားရှာ ထွက်ချင်ပြီ၊ အိမ်မှာလဲ စားရေးသောက်ရေး နေရေးထိုင်ရေး လိုလေသေးမရှိ အဖေ ကြိုးစားရှာဖွေထားလို့ ငါ့သားမယားတွေ ဘာမှ ပူစရာမရှိတော့ဘူး၊ အားလုံး ပြည့်စုံနေပါပြီ။

"ဒါကြောင့် ဒီနေ့ကစပြီး အဖေ့ကို ခွင့်ပြုကြပါ၊ ဒီ ဝိပဿနာကမ္မဋ္ဌာန်းကို အဖေ မသေခင် ရသွားချင်တယ်၊ ဒါမှ မရလို့ကတော့ လူ့ဘဝမှာ အသက်မသေ နေရပေမယ့် လူသေနဲ့ မထူးဘူး၊ နဖူးနှင့်ဒူး ဦးတည့်ရာ သွားပြီး ဒီဝိပဿနာ ကမ္မဋ္ဌာန်း တရားကို အဖေ ကြိုးစားရှာပါရစေ။"

ထိုအခါ သားသမီးများအားလုံး ကြိုတင်ညှိနှိုင်းထားကြသကဲ့သို့ တရှုတ် ရှုတ် ငိုကြွေးကြလေ၏။ သားသမီးများအားလုံး အဖေနှင့် ခွဲရတော့မည်ဟူသော အသိက နှိုးဆွလာသဖြင့် ငိုကြွေးကြသောအခါ ယခင်က "တော့်သဘောပါပဲ" ဟု လွယ်လွယ်ပင် ခွင့်ပြုလိုက်လျှောခဲ့သော ဒေါ်ရှင်ရာသက်ပင် မျက်ရည် မဆည် နိုင်ရှာပေ၊ ဦးပေါက ဆက်၍ -

"ဒါဟာ ငိုစရာ မဟုတ်ဘူး သားတို့သမီးတို့ ငါ့သားသမီးတွေ ဝမ်းသာရမှာ၊ အင်း . . . ညည်းကပါ ရောငိုနေမှကိုး"ဟု ဆိုကာ ဒေါ်ရှင်ရာသက်ဘက် လှည့်ကြည့်ရင်း

www.burmeseclassic.com

www.burmeseclassic.com



သက်ပြင်းချကာ စကားကို ရပ်လိုက်၏။ မည်သူကမျှ ဝင်ရောက် ပြောဆို ကန့်ကွက်ခြင်းလည်း မရှိချေ၊ မလှလှမှာ အကြီးဆုံးဖြစ်၍ အားလုံးကိုယ်စား 'ဘာပြောရကောင်းမလဲ' ဟု စဉ်းစားနေခိုက် ဆောင်ပန်းပုခက်ထဲမှာ သိပ်ထားတာ သမီးငယ်ကပါ ကျယ်ကျယ်လောင်လောင် ငိုကြွေးလာသဖြင့် -

"စဉ်းစားပါဦး အဖေရယ်" ဟု ပြောပြောဆိုဆို ပုခက်ဆီသို့ ကပျာကယာ ထသွား၏။ ပုခက်ထဲက သမီးငယ်ကို ကောက်ယူချီပွေ့ကာ နို့တိုက်ရင်း အဖေ့နားသို့ ပြန်လာ၏။ ရှိုက်နေသော ကလေးငယ်ကို ပွတ်သပ်ပေး၍ အငို တိတ်သွားသောအခါ -

"အဖေ ကျွန်မ တစ်ခုပြောပါရစေ"

"ပြောပါ၊ ပြောပါ၊ သမီး ပြောချင်တာ ပြောပါ"

"အဖေဟာ သားသမီးတွေနှင့်ခွဲပြီး ညအိပ်ညနေ ခရီးဝေးဆိုလို့ တစ်ခါမှ မသွားဖူးဘူး၊ သူများ ရပ်ရွာမှာ အဖေ နေမကောင်း ထိုင်မသာရှိရင် ခက်ဦးမယ်၊ အဖေက သိပ်ပြီး နေကောင်းတာလဲမဟုတ်"

ဒေါ်ရာသက်ကား သမီးကြီးစကား ထောက်ခံသည့်ပမာ ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေ၏။ ဘာမျှ ဝင်မပြော။

"အခု ကောင်းနေသားပဲ သမီးရဲ့၊ မပူပါနှင့်၊ ဒီခန္ဓာကိုယ်ကြီး ရထားမှတော့ ခေါင်းခဲ ဝမ်းနာ တစ်ခါတလေတော့လဲ ရှိမှာပေါ့၊ နောက်ဆုံး ရောဂါတစ်စုံတစ်ခုနဲ့ သေကြရမယ့် သူချည်းပဲဟာ၊ ဝိပဿနာကမ္မဋ္ဌာန်းတရား မရဘဲနဲ့ နာရမှာ၊ သေရမှာသာ ပူရမှာ သမီးရဲ့၊ မဟုတ်ဘူးလား"

မလှလှသည် နို့ဝပြီး အိပ်သွားသော သမီးငယ်ကို ပုခက်ထဲ ပြန်ထည့်ကာ အဖေကြီးအနီးသို့ ချဉ်းကပ်ပြီး -

"အဖေ ပြောတာတွေ သမီး နားလည်ပါပြီ၊ ချက်ချင်းပဲ သမီး ဆုံးဖြတ်ပြီးပြီ၊ အဖေလဲ ဘာမှ ဆက်မပြောပါနှင့်တော့၊ အဖေလိုချင်တဲ့ ဝိပဿနာဆိုတာ သမီး မရရအောင် ရှာမယ်၊ အဖေလဲ အသက်ကြီးပြီမို့ အိမ်မှာပဲ ခါတိုင်းလို ကျောင်းကန်ဘုရား သွားလိုက်၊ ပရိတ်ရွတ်လိုက်၊ ကမ္မဋ္ဌာန်း ထိုင်လိုက်၊ ချမ်းချမ်းသာသာ နေမြဲနေပါ၊ သမီး ရှာပေးပါရစေ"

"အင်း . . . ငါ့သမီးကြီး ပြောဖော်ရတော့ အဖေ ဝမ်းသာရဲ့ကွယ်၊ သမီးမှာလဲ သံယောဇဉ် သမီးငယ်ကလေးနှင့်ဆိုတော့ . . . မတော်ပါဘူးသမီးရယ်၊ မဖြစ်နိုင်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရာသက်ကား ဘာမျှ ဝင်မပြော၊ စောစောက သမီးဘက်က ရပ်ခဲ့သော်လည်း ယခုမူ အဖေကြီးစကားကို သဘောကျနေမိ၏။ စိတ်လိုက်မာန်ပါ လုပ်တတ်သော သမီးကြီးစိတ်ကိုလည်း သိထား၍ မည်သို့မျှ ကြားမဝင်နိုင်ရှိလေ၏။

"အဖေရယ် . . . သမီးသဘောမှ မဟုတ်ပဲဟာ၊ တချို့ အမေသေသွားလို့ ကလေးကို နို့တိုက်ပြီးတောင် မွေးကြရသေးတာ၊ သမီးအသက်လဲ ၃၅ နှစ် ရှိပါပြီ၊ စိတ်မချစရာလဲ မရှိပါဘူး၊ အိမ်တစ်အိမ်မှာ သားသမီးတစ်ယောက်, နှစ်ယောက် မရှိလို့ ဘာမှမသိသာပါဘူး၊ မိဘအရိပ်မရှိရင်သာ တစ်နေ့မရှိ တစ်နေ့ မတူဘူး၊ ကဲပါ . . . အမေရော အဖေရော သမီးကို ခွင့်ပြုကြပါ၊ နက်ဖြန်ကစပြီး သမီး ဒီရေနံချောင်းက ဆရာတော်တွေဆီမှာပဲ ရှာဦးမယ်၊ နောက်တော့ အဖေလိုချင်တဲ့ ဝိပဿနာကမ္မဋ္ဌာန်း ဘယ်သွား ရှာရှာရပေါ့ ကဲ . . . မောင်လေးတွေ ညီမလေးတွေ သွားကြ ကိုယ့်အလုပ်ကိုယ်လုပ်ကြ"

အားလုံးစကားမဝင်သာ၊ ကြားမဝင်သာရှိစဉ် ထိုအဆိုကို ကန့်ကွက်သည့် အလား ပုခက်ထဲက ကလေး ငိုလာပြန်သဖြင့် မိသားစု ဆွေးနွေးပွဲ ပြီးသွားလေတော့၏။

(၄)

ပါရမီကံ နှိုးဆော်လာသူတို့၏ ဘဝကား ဆန်းကြယ်လှ၏၊ အဖြစ်အပျက်တို့မှာလည်း စိတ်ကူးကြံစည်ပြီး ပြောဆိုရေးသားကြသည်ထက် ဆန်းကြယ်လှပေသည်။

စိတ်လိုက်မာန်ပါ လုပ်တတ်သော မလှလှကို အားလုံးက လိုက်လျောရကာ နောက်နေ့နံနက်မှာပင် အဝတ်အစားနှင့် ချက်ပြုတ်စားသောက်ရန် အိုးခွက် ပန်းကန်များ၊ ရိက္ခာများပါ ယူဆောင်ကာ ရေနံချောင်း ဦးသာသနကျောင်းသို့ လိုက်ပို့ခဲ့ကြရသည်။

မလှလှသည် ဦးသာသနကျောင်း ဇရပ်၌ တည်းခိုပြီး ဥပုသ်သီလ ဆောက်တည်လျက် နေ့ညမနား အားထုတ်နေ၏။ ဦးသာသန ပေးသောနည်းမှာ ဂုဏ်တော် (၉)ပါး ပုတီးစိပ်နည်းဖြစ်သည်။ တစ်ပတ်လောက် ကြာသောအခါ ဖခင်ကြီး ဦးပေါက ဘုန်းကြီးကို လျှောက်ထားကြည့်၍ ဂုဏ်တော်ပုတီးစိပ်ခိုင်း

www.burmeseclassic.com

www.burmeseclassic.com



ထားကြောင်း သိရသောအခါ မိမိစိတ်နှင့်မတွေ့ဘဲ ဖြစ်သွား၏။ သို့သော် ဘုန်းကြီးအား မည်သို့မျှ ပြန်မလျှောက်ခဲ့၊ သမီးကြီးအတွက်လည်း နေ့စဉ် ဥပုသ်စောင့်ရသော အကျင့်ရ၍ ဂုဏ်တော်ပုတီးစိပ်ရသဖြင့် ရသင့်သလောက်ကုသိုလ် ရသည်ကိုပင် ကျေနပ်ဖြေသိမ့် နေရလေ၏။

၉၁-ရက်ရလျှင် မလှလှ အိမ်သို့ပြန်လာပြီး ဖခင်ကြီးအား ဝမ်းသာအားရ ပြောပြသည်။ အာရုံနိမိတ်ထင်ပုံကိုလည်း စီကာပတ်ကုံး ပြောပြ၏။

"ငါ့သမီး ဒီလောက် ဥပုသ် ရက်ရှည်စောင့်ပြီး ၃-လကျော်ကျော် အားထုတ် နိုင်တာပဲ အဖေ ဝမ်းသာလှပါပြီကွယ်" ဟုပင် ဖခင်ကြီးက ချီးကျူးစကားပြောကာ သမီးပြောသမျှ အာရုံနိမိတ်ထင်ပုံများကိုလည်း သည်းခံပြီး နားထောင်အားပေး၏။ မိမိပြောလိုသော စကားများကိုမူ သမီး စိတ်မကောင်း ဖြစ်မည်စိုး၍ မပြော ပြသေးဘဲ တစ်ရက်နှစ်ရက် ဆိုင်းငံ့ပြီးမှ -

"သမီး- အရဟံ့, သမ္မာသမ္ဗုဒ္ဓေါစတဲ့ ဂုဏ်တော်တွေကို ဆင်ခြင်ပွားများတာ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း ခေါ်တယ်၊ ဒါလဲ သမထပဲ သမီးရဲ့၊ ကမ္မဋ္ဌာန်းဆိုတာ ဒီလိုပဲ သမထ က စကြရတာ များတယ်၊ ဘယ်ကမ္မဋ္ဌာန်းမှာမဆို (ကောဋ္ဌာသ ကမ္မဋ္ဌာန်းက လွဲရင်ပေါ့ကွယ်) ပါဠိစပ်ကလဲ မရွတ်ဆိုရတော့ဘူး၊ ခြေလက်အင်္ဂါ ပါဝင် လှုပ်ရှားမှုဆိုတာလဲ အလျဉ်း မရှိစေရဘူးသမီးရဲ့၊ စိတ်အလုပ်သက်သက်ပဲ၊ ဒီတော့ 'အရဟံ' လို့ စိတ်ထဲက ဘုရားရှင်ရဲ့ ဂုဏ်တော်တွေ ဆင်ခြင်လိုက်၊ တစ်ခါ လက်က ပုတီးလုံး ဆွဲချလိုက်၊ နောက်ပြီး ဆင်ခြင်လိုက်၊ ပုတီးဆီကို စိတ်က ပြေးလိုက် ဆိုတော့ ပွားများတဲ့ နှလုံးသွင်းတဲ့ စိတ်က ဟိုဘက် တစ်ဝက်၊ သည်ဘက် တစ်ဝက်၊ ဟိုပြေးလိုက် သည်ပြေးလိုက် ဖြစ်မနေပေဘူးလား"

"ဖြစ်နေတာပေါ့ အဖေရဲ့"

"အေး . . . ဒီတော့ အဖေ သိသလောက် ပြောရရင် သမီး သမထက တစ်ဝက်တစ်ပျက် ကမ္မဋ္ဌာန်းဖြစ်နေတယ်၊ ကုသိုလ်တော့ ရပါရဲ့၊ ပုတီးမပါမှ သမထအစစ် ဖြစ်တယ်ကွယ့်၊ အဲသလိုသာဆိုရင် သမီးထင်တဲ့ နိမိတ်တွေဟာ သည့်ထက် ကောင်းလာမှာပေါ့"

"အဖေ ပြောသလိုလဲ သမီး လုပ်ကြည့်ဦးမယ်၊ ဒါတောင် အဖေရယ် စိတ်တွေက ဟိုပြေးသည်ပြေး ဖြစ်နေတာ၊ ကမ္မဋ္ဌာန်းဆိုတာ ဘာမှမသိသေးတဲ့ လူတွေအတွက် ပုတီးကလေးနှင့် စပြီးလုပ်တော့ ပိုမကောင်းဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"အေး . . . ဒီအလုပ်ဆက်လုပ်ရင် သမီး ကိုယ့်ဟာကိုယ် သိလာမှာပါ၊ စိတ်တွေဆိုတာကတော့ ဘယ်ကမ္မဋ္ဌာန်းလုပ်လုပ်၊ ဟိုပြေးသည်ပြေး၊ ပြေးဦးမှာပဲပေါ့ သမီးရယ်၊ အဲသလောက် ခက်တဲ့ စိတ်ကို ဖမ်းရတာ နွားသိုးကြိုးချည် ရသလို ပဲလို့ ပြောကြတာပေါ့၊ အဲသလို စိတ်ရှိလက်ရှိ မိနိုင်သမျှ ဖမ်းရမယ့် အလုပ်မှာ ပါးစပ်ကလဲ ရွတ်နေဦးမယ်၊ လက်ကပါ လှုပ်နေရဦးမယ်ဆိုရင် အလုပ်ပိုတွေ ဝင်လာလို့ ဘယ်မှာ ခရီးတွင်တော့မလဲ၊ တကယ့် သမထ၊ သမာဓိ မဖြစ်ပါဘူး၊ ခုနကပြောသလို တစ်ဝက်တစ်ပျက်တော့လဲ ဖြစ်မှာပေါ့။

"ဒါပေမယ့် လူတိုင်းကိုပြောလို့က မတော်ဘူး၊ တချို့က သမီးတို့လို ကမ္မဋ္ဌာန်းထိုင်တဲ့ဆီတောင် မရောက်ဘဲ ဒါနဲ့ပဲ ကျေနပ်ပြီး လမ်းဆုံးနေမယ့်သူအတွက် 'ဒါ သမထ မဟုတ်ဘူး' လို့ပြောရင် ဒီကုသိုလ်လောက်တောင် ရရှာကြမှာ မဟုတ်ဘူးကွယ့်၊ အဲသလို လူမျိုးကျတော့လဲ သူ့ပုတီးကလေးနဲ့ သူ နေပါစေ"

စိတ်လိုက်မာန်ပါ လုပ်တတ်သော မလှလှသည် ထိုနေ့မှာပင် ဖခင်ကြီး ပြောသည့်အတိုင်း ပုတီးမပါဘဲ ဗုဒ္ဓါနုဿတိ ပွားများကြည့်လေရာ-

"ဟုတ်တယ် အဖေရေ့၊ သမီးဖြင့် သမာဓိတွေ ကောင်းလိုက်တာ၊ တရားတောင်မဖြုတ်ချင်တော့ဘူး" ဟု ဝန်ခံလေ၏။

"အေးပေါ့ သမီးရဲ့ နောက် ပိုပြီး သိလာမှာပါ၊ ကာယကံနှင့် ဝစီကံကို ထိန်းချုပ်ဖို့ သီလကို ဟောတော်မူတာ၊ မနောကံကို ထိန်းချုပ်ဖို့က ဒီသမထ ဝိပဿနာကို ဟောတော်မူတာကွယ့်၊ မနောကံကို ထိန်းချုပ်တဲ့ ကမ္မဋ္ဌာန်းအလုပ် စိတ်အလုပ် လုပ်ပါတယ်ဆိုမှ ဘယ်ကလာ နှုတ်တွေ လက်တွေ ပါနေဖို့ လိုပါဦး မလဲ၊ အေး. . ငါ့သမီး ခု လုပ်တာမှ သမထအစစ်၊ ဒါပေမယ့် အဖေ လိုချင်တာက ဒီလောက်တင်လဲ မဟုတ်သေးဘူးကွယ့်။"

## (၅)

မလှလှသည် မိဘနှစ်ပါးနှင့် ခင်ပွန်းသည်တို့အား ခွင့်ပန်ကာ တရားရှာရန် စလင်းမြို့သို့ ထွက်သွား၏။ စလင်းမြို့ဆရာတော် ဦးပုညထံတွင် ၄၉-ရက်တိတိ ပထဝီကသိုဏ်းရှုပုံကို နည်းခံရှုပွားသည်။

ကမ္မဋ္ဌာန်းထိုင်ရင်းပင် သိမြင်ရသော တရားထူး အရသာများကို ဖခင်ကြီးအား ပြောပြချင်လှ၏။ ကမ္မဋ္ဌာန်း ၄၉-ရက် စေ့သည်နှင့် အိမ်သို့ပြန်လာကာ အားပါးတရ ပြောပြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါလဲ သမထပဲ သမီးရဲ့၊ ဈာန်အဘိညာဉ်တွေရပြီး မြေလျှိုးမိုးပျံလို့ရတဲ့ ကမ္မဋ္ဌာန်းတွေပေါ့ သမီးရယ်၊ အရွယ်ရှိတဲ့လူများအဖို့ ဒါလဲ လိုအပ်တာပါပဲ၊ ဒါပေမယ့် အဖေ့မှာက အသက်နေ နည်းလာတော့ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာရေး သုံးပါးကိုသိဖို့က အရေးကြီးနေတာ၊ ဝိပဿနာပေါ့ကွယ်၊ ဖေဖေ ပြောပြတဲ့တရားက ဟောဒီ ခန္ဓာကိုယ်ထဲမှာပဲ ရှိတာကွယ့်၊ ဖေဖေ့မှာ လုပ်နည်း ကျင့်နည်း မသိတာပဲရှိတာယ်၊ သိတော့ သိနေတယ် သမီးရယ် (ရင်ပတ်ကိုလက်ငါးချောင်းနှင့် ထောက်ပြီး) ဝိပဿနာဆိုတာ ဒီထဲမှာပဲရှိတဲ့တရား . . . သမီးရဲ့၊ အပြင်ဘက်မှာ မဟုတ်ဘူး"

သမီးကလည်း ထပ်၍ရှင်းမပြတတ်၊ သို့နှင့် မိသားစု ဥမကွဲ သိုက်မပျက်နေဖို့ ဖခင်ကြီး အလိုရှိသော ဝိပဿနာတရားကိုတော့ မရမနေ ရှာမည်ဟူသော စိတ်က တိုက်တွန်းနေသဖြင့် ရေနံချောင်းမြို့မှာပင် လူဆရာ ဆရာကြီး ဦးသာဟန်ထံ၌ ၃၂-ကောဋ္ဌာသ ကမ္မဋ္ဌာန်း ၄၉-ရက် သင်ကြားအားထုတ်ပြန်၏။

"ဒါလဲ သမထပဲ" ဆို၍ ချောင်းကြီးရွာ လူဆရာ ဆရာတော့ထံ သွားပြီး တေဇောကသိုဏ်း ၄၉ ရက် ရှုပြန်၏။ ရေနံချောင်းမြို့မှာပင် ဆရာတော် ဦးပုညထံ၌ ဝါယောကသိုဏ်း ၄၉-ရက် ရှုပြန်၏။ တဖန် သတင်းစုံစမ်း၍ ကွမ်းခြံကုန်းမြို့သို့ သွားကာ ဆရာတော်ဦးပဏ္ဍိတထံတွင် သတိပဋ္ဌာန် ၄၉-ရက် အားထုတ်ပြန်သည်။

အားထုတ်ပြီး ပြန်လာတိုင်း ဖခင်ကြီးအား ပြောပြလေရာ "ဒါလဲ သထမပဲ သမီးရဲ့" ဟုချည်း ပြောဆိုနေသဖြင့် အကြံရခက်နေ၏။ မလှလှစိတ်ကတော့ မလျှော့ပေ။ သတိပဋ္ဌာန်အားထုတ်ရာ၌ သမထ ဝိပဿနာ ဒွန်တွဲ (ယုဂနဒ္ဓ) သွားပုံကိုလည်း ရှင်းမပြနိုင်သဖြင့် အခက်တွေ့နေ၏။ တရားသိမြင်ပုံ ပြောပြသော အခါတိုင်း သာဓုခေါ် အားပေးစကားကိုမူ ပြောကြားလေ့ရှိပေသည်။ တရားရှာထွက်ခဲ့သည်မှာလည်း ဆရာ (၆)ဦး၊ (၃)နှစ်ကျော် (၄)နှစ် ရှိလာ၏။ မလှလှ အသက်ပင် (၃၈)နှစ်ရှိလေပြီ။

မလှလှသည် ဟိုနယ်သည်နယ်၌ ကမ္မဋ္ဌာန်းဆရာ သတင်းကို စုံစမ်းလျက် နေစဉ် ရုတ်တရက် ဖခင်ကြီး ကွယ်လွန်သွားရာ "အဖေ လိုချင်တဲ့ ဝိပဿနာတရားကို မပေးလိုက်နိုင်လို့ သမီး မကျေနပ်ဘူးအဖေရဲ့" ဟု ဆိုကာ ငိုကြွေးမိလေ၏။ တရား အလုပ်ကို စခဲ့မိပြီဖြစ်သဖြင့် မလှလှကား တရားအရသာကို သိထားပြီးသူ ဖြစ်သည်။ ဖခင်ကြီး ကွယ်လွန်သွားသော်လည်း နောက်မဆုတ်လိုတော့။ အချိန်ရှိသမျှ ဝိပဿနာတရား ပေးနိုင်မည့်သူကိုသာ သတင်းစုံစမ်းနေခဲ့သည်။ လေးငါးရှစ်နှစ်

www.burmeseclassic.com



မိမိရသောတရားကိုလည်း နှလုံးသွင်းလျက်ရှိ၏။

တစ်နေ့တွင် ရန်ကုန်မြို့ တောင်ဘက် (၇)မိုင်ကွာ ဒလပျော်ဘွယ်ကြီးရွာမှ လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဟု ကျော်ကြားသော ဆရာကြီး ဆရာသက် ထံ၌ တရားအားထုတ်ဖူးသော ဒေါ်စိန်ညွန့်ဆိုသူ အမျိုးသမီးကြီး တစ်ဦးနှင့် ရေနံချောင်းမှာပင် ဆုံစည်းမိကြ၏။ မလှလှကား တရားနှင့်စပ်လာလျှင် မငမ်းမရ ကိုယ်ကလည်းပြော၏။ သူများပြောသည်ကိုလည်း ထမင်းမေ့ ဟင်းမေ့ နားထောင် တတ်သည်။

ဒေါ်စိန်ညွန့်က ဆရာသက်ကြီးထံ တရာအားထုတ်ရပုံအကြောင်း ပြောပြ လေရာ မလှလှမှာ အခုပင် ထသွားလိုက်ချင်စိတ် ပေါက်လာ၏။ တရား အတွေ့ အကြုံများနှင့်စပ်၍လည်း ပထမတွင် အာနာပါန ထွက်လေဝင်လေ သမထပေးပုံ၊ နောက် ဝိပဿနာ ကူးပြောင်းပေးပုံ၊ ဝိပဿနာ ရှုရသောအခါ ခန္ဓာကိုယ်၌ စိတ်ကို စိုက်ထားပြီး ရှုလျှင် ခန္ဓာကိုယ်ထဲမှာ တေဇောဓာတ်များ၊ ပူပူရှိန်ရှိန် တွေ့ရပုံ၊ ဝါယောဓာတ်က တလှုပ်လှုပ် တရွရွ ပြနေပုံ၊ ခန္ဓာကိုယ် တစ်ခုလုံး အိုးကင်းထဲမှာ နှမ်းတွေ ထည့်လှော်သလို တဖြောက်ဖြောက်၊ တဖျစ်ဖျစ် မြည်နေပုံ စသည်များကို ပြောပြလေရာ -

"အဒေါ်ရယ်၊ ကျွန်မအဖေ လိုချင်နေတဲ့တရားဆိုတာ အဲဒါမှ အဲဒါ အစစ်ပါပဲ" ဟု ပြောကာ မျက်ရည်များပင် ဝေ့၍လာလေ၏။

"ကျွန်မ အဲဒီဆရာကြီးဆီ သွားဖြစ်အောင် သွားမယ်၊ ကျွန်မကို လိုက်ပို့ ပေးပါ၊ မသွားခင် အဒေါ်ရယ် ကျွန်မအဖေ ကိုးကွယ်တဲ့ စက်ချုပ်ကျောင်းဆရာတော်ကြီး ဆိုတာ ဒီရေနံချောင်းမှာပဲ ရှိပါတယ်၊ အဖေ့ကို တရားပြပေးတဲ့ ဆရာတော်ကြီးပါ၊ အဒေါ်ပြောတဲ့တရားကို ကျွန်မအဖေ ရမသွားသော်လဲ အဲဒီ စက်ချုပ် ဆရာတော်ကြီး ဆိုတာလဲ ကျွန်မ အဖေကိုယ်စား ကျွန်မတို့ အဖေပါပဲ၊ ဆရာတော်ကြီး ဒီဝိပဿနာ တရား ရသွားရင်လဲ ဒီက လူတွေ အများကြီး သိသွားကြမှာပါ၊ ကျေးဇူးများပါတယ်၊ ကဲ . . . အဒေါ်ရယ် ခုဆို ချက်ချင်းပဲ၊ ဆိုင်းမနေပါနှင့်၊ ကျွန်မနှင့် လိုက်ခဲ့ပါ၊ ဆရာတော်ကြီးကို အဒေါ့် အတွေ့အကြုံတွေ လျှောက်ပေးလှည့်စမ်းပါ"

မလှလှက ဒေါ်စိန်ညွန့်ကို ဖွတ်ခေါ်၍ စက်ချုပ်ကျောင်းသို့ သွားကြလေ၏။ တရား အတွေ့အကြုံများကို လျှောက်ထားသောအခါ ပထမတွင် "အေး . . . အေး" ဟု အားပေးထောက်ခံစကား ပြောကြားရင်း နားထောင်နေရာ တေဇော ဝါယော ဓာတ်များ ခန္ဓာကိုယ်၌ ပူပူပူပူ လှုပ်လှုပ်လှုပ်လှုပ် တွေ့ရပုံကို လျှောက်ထားသောအခါ

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီးက ရုတ်တရက် အသံကို မြှင့်တဲ့ပြီး "ဘာ ပူပူပူပူ၊ ဘာလှုပ်လှုပ်လဲ" ဟု ငေါက်ငန်းမာန်မဲလေရာ မလှျောက်ဝံ့ဘဲ နောက်ဆုတ်ပြန်ခဲ့ကြလေသည်။

သို့သော် မလှလှကား သူ၏ဆုံးဖြတ်ချက်ကို မပြင်တော့ချေ။ အသက်လည်း ၄၈-နှစ် ရှိ၍ သမီးလည်း ၁၂-နှစ်ခန့်ရှိလာပြီဖြစ်သည်။ ချော့မော့ပြောလျှင် နားလည်သောအရွယ် ရောက်လာခဲ့၏။ အဖေနှင့် ဦးလေးများ၊ အဒေါ်များကိုလည်း အမေထက်ပင် ပိုမို၍ ခင်မင်နေပြီးဖြစ်သဖြင့် မလှလှအတွက် ရှေးကထက်ပို၍ တရားလမ်းကြောင်း ဖြောင့်ဖြူးလာပြီဟု ထင်ရ၏။

(၆)

ဒေါ်စိန်ညွန့် လိုက်လံပို့ပေးသော ကျေးဇူးကား ဆပ်၍ မကုန်နိုင်အောင် ခံစားရ၏။ သမထကသိုဏ်းများကို များစွာ အားထုတ်ခဲ့ဖူးသူ ဖြစ်သဖြင့် ဆရာကြီး ဆရာသက်သည် မလှလှအား သမထ သမာဓိ ထူထောင်သောရက်ကိုလျှော့ပေးပြီးနောက် ဝိပဿနာသို့ အမြန်ဆုံး ကူးပြောင်းပေးလိုက်သည်။

မိမိခန္ဓာကိုယ်မှ ရုပ်တရား နာမ်တရားများ ဖြစ်ပျက်ပုံကို ကိုယ်တိုင် တွေ့ရသောအခါ ရက်တွေလတွေ ကုန်မှန်းပင် မသိတော့ချေ။ ဆရာကြီး ဟောပြသော တရားများကို နာရသည်မှာလည်း အလွန် အရသာတွေ့လျက်၊ ကျေနပ်လျက် နေတော့၏။

ဝိပဿနာ ကူးပြောင်းရှုစတွင် ဒေါ်စိန်ညွန့်ပြောသော ပူပူပူပူ လှုပ်လှုပ် လှုပ်လှုပ်၊ ရွရွရွရွများကို တွေ့မြင်ရလေလျှင် စိတ်ကိုပင် မထိန်းနိုင်တော့ဘဲ . . .

"အဖေရေ . . . အဖေလိုချင်တဲ့ ကမ္မဋ္ဌာန်းဆိုတာ သမီးသိရပြီ အဖေရဲ့" ဟု အသံပင် ထွက်သွားအောင် ရေရွတ်ရင်း မျက်ရည်များ ကျမိလေ၏။ သတိရပြီး တရားကိုဆက်၍ ရှုမှတ်လိုက်သည်နှင့် မျက်ရည်များ အလိုလို ရပ်စဲသွားသည်။

"အဖေရေ . . . ဒီတရားကို အခုလို တွေ့ရတာလဲ အဖေ့ကျေးဇူးတွေပါ။ သမီး ယခု ပွားများရတဲ့ ကုသိုလ်ကောင်းမှုကို ကျေးဇူးရှင် အဖေအား သမီး အမျှ ပေးဝေပါ၏။ အမျှပေးဝေပါ၏။ ရောက်ရာဘဝက သာဓုခေါ်ပါအဖေ"

မလှလှသည် ကျေးဇူးရှင် ဖခင်ကြီးအား အမျှပေးဝေလို့ပင် အားမရနိုင် ရှိလေ၏။

ဆရာကြီး ဆရာသက်သည် မြန်မာပြည် အရပ်ရပ်မှ လာလာသမျှသော ရဟန်းရှင်လူ ယောဂီများအား အစားလည်းကျွေး၊ တရားလည်း ပေးလျက်ရှိရာ

www.burmeseclassic.com

www.burmeseclassic.com



ယောဂီများလည်း အဆက်မပြတ်ခဲ့ပေ။ ယောဂီများ အသစ်အဟောင်းပြောင်းလဲလျက် အဟောင်းထွက်၊ အသစ်ဝင်ဖြစ်နေကြသော်လည်း မလှလှမှာ (၂)နှစ်ပင် ကျော်လာခဲ့၏။ တရားရှုမှတ်လို့ အားမရ၊ လတွေ နှစ်တွေပင် ဤမျှ ကြာလေပြီ မထင်မိ၊ ဆရာကြီး၏ တရားဌာနသို့ နိုင်ငံကျော်ကမ္ဘာ့ဌာန်းပြ ဆရာတော်ကြီးများပင် လာရောက်ဆွေးနွေးကာ ယောဂီများကိုလည်း အားပေးတရား ဟောကြားသည်ကိုလည်း နာယူခွင့်ရနေ၍ ဘယ်ကိုမျှ ဘယ်သူ့ကိုမျှ သတိမရအား၊ ကိုယ့်တရားနှင့်ကိုယ် ပျော်မွေ့လျက်သာ အချိန်ကုန်လွန်ခဲ့၏။

တစ်နေ့တွင် မလှလှညည့်သည် ရောက်နေသည်ဆို၍ တရားတန်ဆောင်း အပြင်သို့ ထွက်ကြည့်ရာ မမျှော်လင့်ပဲ မိမိခင်ပွန်းနှင့် ဆံရစ်ဝိုင်းကလေးနှင့် ၁၄-နှစ်ရွယ် သမီးငယ်ကို တွေ့မြင်လိုက်သဖြင့် ရုတ်တရက် မှတ်တက်မိသလို ဖြစ်သွားသည်။

သမီးကား အမေကို တွေ့လျှင်ပင် ခါးကိုဖက်၍ တရှုတ်ရှုတ် ငိုလေတော့၏။ သမီးငယ်၏ ခေါင်းကိုပွတ်သပ်ရင်း ဖျောင်းဖျ ချော့မော့ရသည်။ ဤမျှ ဝေးလံခေါင်ဖျားသော အရပ်သို့ တကူးတက လိုက်လာကြသည်ကိုလည်း အံ့သြနေမိ၏။

“အမေ . . . ကျွန်မတို့ကို မှတ်မိသေးရဲ့လား၊ သမီး အမေ့ကို နေ့တိုင်း သတိရလို့ လိုက်လာတာပါ၊ သမီးကိုကြည့်စမ်းပါဦး၊ သမီး နေကောင်းပါတယ်၊ အမေ့ကို သတိရပြီး လွမ်းလို့ ပိန်ချုံးပြီး နံရိုးတွေ ပေါ်နေတာပါ၊ အမေ . . . သမီးကို စမ်းကြည့်ပါဦး၊ သမီးတို့သားအဖနှစ်ယောက်တည်း ပစ်မထားပါနှင့် အမေ၊ အိမ်ကို ပြန်လိုက်ခဲ့ပါနော်၊ လိုက်မယ်မဟုတ်လားဟင်၊ အမေနော်”

သမီးငယ်က အဖြေ မရမချင်း အမေ့လက်ကိုဆွဲကာ ဇွတ်မေးနေ၏။ မြင်ရကြားရသော ယောဂီများကပင် သနားလာကြသည်။

တစ်ရက်နှစ်ရက်ခန့် သားအဖ တည်းခိုနားနေ၏။ မလှလှလည်း ၄၉-နှစ်၊ ၅၀-နီးပါး ရှိလာကာ လောကဓံ ခံနိုင်ရည်လည်း တိုးလာခဲ့သည်။ ဆရာကြီး ဆရာသက်လည်း ပါရမီထူးလှသော ဒေါ်လှလှအား အထူးကြိုးစား၍ တရားပြပေး၏။ ကလေးကို သနားသည်ဟုဆိုကာ ယောဂီများက ဝိုင်း၍ နားချသဖြင့် ဒေါ်လှလှ မပြန်လိုဘဲ ပြန်ခဲ့ရ၏။ သားအဖ (၃)ယောက် ဆရာကြီး ဆရာသက်အား ကန်တော့ကြရာ အားပေးစကားများ ပြောဆိုလွှတ်လိုက်သည်။

ယောဂီများနှင့် ဆရာကြီးကား သားအဖ (၃)ယောက်ကို ကြည့်ကာ ခေါင်းတညိတ်ညိတ်နှင့် ကျန်ရစ်ခဲ့ကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



## (၃)

အိမ်သို့ရောက်သောအခါ ဒေါ်လှလှသည် နေလို့မရတော့ပေ။ လောကဝတ္တရား ရှိနေ၍သာ မေးလာသူများကို ပြောရဆိုရ၏။ ခင်ပွန်းသည်ကိုလည်း မိမိတရားအတွေ့အကြုံများကို ပြောပြကာ တရားသာလျှင် အားကိုးရာ အစစ်ဖြစ်ကြောင်း၊ တရားရှုမှတ်ရန် နည်းလမ်းများကိုသာ အပြန်ခရီးတစ်လျှောက် ပြောပြခဲ့၏။ အိမ်ရောက်လျှင်လည်း အိမ်စကားထက် တရားစကားဖြင့်သာ ခင်ပွန်းသည်အား ကျေးဇူးဆပ်လေသည်။

သမီးငယ်ကိုလည်း ချော့မော့ဖျောင့်ဖျကာ တစ်ရက်တစ်ညသာလျှင် အိမ်မှာနေပြီး ခင်ပွန်းသည်အား ထပ်မံ ခွင့်တောင်းလိုက်၏။ ခွင့်ရလျှင် နောက်တစ်နေ့ နံနက်မှာပင် အထုပ်အပိုးများကိုယူကာ အိမ်ပေါ်မှ ဆင်းလာခဲ့တော့သည်။ သမီးငယ်မှာ အမျိုးမျိုး တောင်းပန်ပြောဆိုကာ မိခင်၏ခြေဖမိုးကို သိမ်းဖက်ငိုကြွေးလေ၏။ ဒေါ်လှလှ၏ နှုတ်မှ စကားများ ထွက်မလာတော့ချေ။

"သွားတော့ သွားတာပေ့ါကွာ၊ ကလေး ဒီလောက်စိတ်ဆင်းရဲနေမှ ၄- ၅- ၁၀ ရက်လောက် နေလိုက်ပါဦးလား"

ခင်ပွန်းဖြစ်သူက မျက်နှာ မကြည်မသာနှင့် တားသေး၏။ ဒေါ်လှလှမှာ မြေမှာလူးလိမ့်နေသော သမီးငယ်ကို တစ်ချက် ငုံ့ကြည့်တည့်ပြီး -

"ဒီသံယောဇဉ်တွေကိုသာ ငါ ငဲ့နေရင် ဒီသံသရာ ဝဋ်ဒုက္ခက လွတ်ရတော့မှာ မဟုတ်ဘူး၊ ဘာပဲဖြစ်ဖြစ် လွတ်ရာကျွတ်ရာ သွားမှ တော်တော့မယ်" ဟု ချက်ချင်း ဆုံးဖြတ်ချက်ချကာ ခင်ပွန်းသည်အား လက်အုပ်ချီ နှုတ်ဆက်ရင်းသာ ထွက်ခွာခဲ့လေ၏။

ဒေါ်လှလှသည် မယ်ဇယ်ဆိပ် ကမ္မဋ္ဌာန်းကုန်း ဆရာတော်ဦးကဝိန္ဒထံ၌ ဓုတင်အကျင့်များကိုပါ ပူးတွဲလျက် တရား ၅-နှစ်ခန့် အားထုတ်အပြီး ဒေါ်ဝဏ္ဏာ အမည်ဖြင့် သီလရှင် ဝတ်လိုက်တော့သည်။ အသက်-၇၀ ရှိမှ ထိုဌာနမှ ထွက်ကာ ရန်ကုန်မြို့ ဆရာသက်ကြီး၏ ပထမဆုံး တရားဌာနခွဲဖြစ်သော ဟံသာဝတီကမ္မဋ္ဌာန်း တိုက်ကြီး၌ ၂-နှစ်၊ မအူပင် ရေလဲကလေးမြို့၌ ၁၅-နှစ် တိုင်တိုင် ကမ္မဋ္ဌာန်းနည်းများ ညွှန်ကြားပြသခဲ့သတည်း။

(ဆရာကြီးဒေါ်ဝဏ္ဏာအကြောင်း ဤမျှသာ သိရှိရပါသည်။ သိမိသူများက ဓာတ်ပုံနှင့်တကွ အများကြည်ညိုပါရဲအောင် အကြောင်းစုံ ရေးသားပေးပို့ကြပါလျှင်

www.burmeseclassic.com

www.burmeseclassic.com



ထို့ထက် ဝမ်းသာကြရပါမည်။ ဆရာကြီးတရားပြပုံ၊ သဘောပေါက်ပုံ၊ ဝတ္ထုသာဓကနှင့် တကွ တရားဟောပြောပုံများကို ဆရာကြီး၏ ဝိပဿနာ ရသရှုဖွယ် ကျမ်းမှာ ကြည့်ရှု ကြပါကုန်။)

ဓမ္မာစရိယဦးဌေးလှိုင်
၂၄-၁-၈၉

၀

www.burmeseclassic.com

www.burmeseclassic.com

သာသနာ့လှေကြီးကို တွယ်စီးကြရာ၌ ဂန္ထဓုရ ဝိပဿနာဓုရ ဟူသော တက်နှစ်ချောင်းတွင် တစ်ချောင်းချောင်းကိုမျှ ကိုင်၍ လှော်ခတ်ဖော်မရဘဲ အမိန့်သားထိုင်လိုက်ကာ လှေကြုံစီးသူ များလာခဲ့သည်ရှိခဲ့သော် ထိုလှေကြီး စုပ်စုပ်မြုပ်သွားရန်မှာ မကြာတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com

# သာသနဝံသ ကထာ



www.burmeseclassic.com

www.burmeseclassic.com

## သထုံမြို့က တကယ့် သံဃာ့ညီညွတ်ရေး

"မွန်ပြည်နယ် သထုံမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ထံမှ ယင်းမြို့နယ် ဉောင်ဝိုင်းကျောင်း၌ မြို့နယ်အတွင်း သုဓမ္မာ၊ ရွှေကျင်၊ ဝေဠုဝန်၊ မဟာဒွါရ၊ မူလဒွါရ၊ ငှက်တွင်းဂိုဏ်း ခြောက်ဂိုဏ်းလုံး ပါဝင်သော 'ဂိုဏ်းပေါင်းစုံ သံဃာ သံဃသာမဂ္ဂီ ပဝါရဏာကြီး' ကို ၁၃၄၈-ခုနှစ်၊ သီတင်းကျွတ် လပြည့် ၂၁၁၀ခန့်တွင် အောင်မြင်စွာကျင်းပခဲ့ကြောင်း တင်ပြ လျှောက်ထားလာခြင်းကိုစွနှင့် စပ်လျဉ်း၍ ယင်းသို့ကျင်းပခဲ့သည်မှာ-

'ရဟန်းသံဃာတို့သည်အာစရိယဝါဒကို အကြောင်းပြု၍ အနည်းငယ် ခြားနား ခဲ့ကြသော်လည်း တစ်ခုတည်းသော ဝိနည်းဒေသနာတော်အောက်၌ ပစ္စယသမ္ဘောဂ၊ ဓမ္မသမ္ဘောဂ ကွဲပြားမှု မရှိပုံကို ကောင်းစွာ ပေါ်လွင်စေသည့် အပြင် ဘုရားရှင်၏ အလိုတော်ကျ သံဃသုဍ္ဍ သံဃဖာသု ဖြစ်စေနိုင်သော အကျိုးပြု ဆောင်ရွက်မှု လုပ်ငန်းကြီးပင် ဖြစ်ပါကြောင်း။'

သို့ပါ၍ သာဓုအမောဒနာ ပြုပါကြောင်းနှင့် နောက်ကိုလည်း ဤသို့ဆောင်ရွက် နိုင်ပါကြောင်းနှင့် သက်ဆိုင်ရာ မြို့နယ် သံဃနာယကအဖွဲ့သို့ပြန်ကြား လျှောက်ထား ခဲ့ပါသည်။"

နိုင်ငံတော်သံဃနာယကအဖွဲ့

(ဒု-မဟာန၊ ဒု-ဒု စာအမှတ် ၂၀၇/ ၂ /သာ-မဟာန)

www.burmeseclassic.com

www.burmeseclassic.com





ဦးစန္ဒြမဏိ

ကုသိနာရုံ ဆရာတော်ကြီး ဦးစန္ဒြမဏိ

www.burmeseclassic.com

www.burmeseclassic.com



၁၉–ရာစု ကမ္ဘာ့သာသနာပြု အကျော်
လူသူတော် အနာဂါရိက ဓမ္မပါလ



ကာနယ် အော်လကော့



ရုရှား အမျိုးသမီးကြီး

www.burmeseclassic.com

www.burmeseclassic.com



ထောင်ထဲက မဟာပညာ နှင့်
ကိုရင် အမရိတာနန္ဒ



မနိပေါခေါ် ဒေါ်သုဓမ္မဝတီ
မော်လမြိုင်
ခေမာရာမသီလရှင်ကျောင်း၌
ဓမ္မာစရိယစာမေးပွဲ
ဖြေဆိုစဉ်ကပုံ

www.burmeseclassic.com

www.burmeseclassic.com



စန္ဒြမိုဟန်ဆရာတော်
(ဘင်္ဂလားဒေ့ရှ် ဒုတိယသာသနာပိုင်)



အဂ္ဂမဟာပဏ္ဍိတ
ဆရာတော် ဦးပညာလောက

www.burmeseclassic.com

www.burmeseclassic.com



ဦးဓမ္မာလောက

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ အမ်ဘေဒကာနှင့် ဇနီး ဆရာတော်နှင့် အတူ တွေ့မြင်ရပုံ

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာသိ သာသနာပြု မြန်မာ့ပုဂ္ဂိုလ်ကျော်

# ကုသိနာရုံ ဆရာတော် စန္ဒြမဏိ

## သာသနာပြု စံချိန်ချိုးလိုက်ခြင်း

(၁)

"တပည့်တော်တို့မှာ ကမ္ဘာလှည့်ပြီး နှစ်ရှည်လများ လူအား ငွေအား အများကြီးနှင့် သာသနာ ပြုကြပေမယ့် တစ်နှစ်လျှင် အများဆုံး လူတစ်ရာ နှစ်ရာ ရဖို့ပင် မလွယ်ကူပါ၊ မနည်းကြိုးစားကြရပါတယ်၊ အရှင်ဘုရားမှာတော့ လူအား ငွေအား စိုက်ထုတ် ပင်ပန်းရခြင်းမရှိဘဲ တစ်နေ့တည်းနှင့် လူပေါင်း နှစ်သိန်းကျော် ဗုဒ္ဓဘာသာဝင်အဖြစ် သွတ်သွင်း ပေးနိုင်တဲ့အတွက် တပည့်တော်တို့မှာ အံ့ဩလို့ မဆုံးကြရပါဘူး၊ သာသနာပြုပုဂ္ဂိုလ်တို့သမိုင်းမှာ အရှင်ဘုရားဟာ အထူးခြားဆုံး မှတ်တမ်း တင်ရမယ့် ပုဂ္ဂိုလ်ကျော် ဖြစ်ပါတယ်"

၁၉၅၆-ခုနှစ်၊ အောက်တိုဘာလ ၁၆-ရက်နေ့က ဖြစ်၏။ အိန္ဒိယပြည် ဇလိုရာဒေသသို့ ဘုရားဖူးကြွလာသော သက်တော် ၈၀ ကျော် မြန်မာဘုန်းတော်ကြီး တစ်ပါးအား ခရစ်ယာန်သာသနာပြုခေါင်းဆောင် အမေရိကန် လူမျိုးတစ်ဦးက လျှောက်ထားပြောဆိုသော စကားဖြစ်၏။

ထိုနေ့က ထိုနေရာ၌ အမေရိကန်လူမျိုး ခရစ်ယာန် သာသနာပြု ၆၀-ကျော် ပါဝင်သော အဖွဲ့တစ်ဖွဲ့လည်း လှည့်လည်နေကြခိုက် ရုတ်တရက် မမျှော်လင့်ပဲ တွေ့ဆုံကြစဉ် သာသနာပြု ခေါင်းဆောင်တစ်ဦးက ဆရာတော်ကြီးအား တစ်စုံတစ်ရာ မသက်ာအကြည့်ဖြင့် စူးစူးစိုက်စိုက် ကြည့်လျက် -

"အရှင်ဘုရားနာမည် ဘယ်လိုခေါ်ပါသလဲ" ဟု မေးလျှောက်ရာ ဘုန်းတော်ကြီးက "ဦးစန္ဒြမဏိ" ဟု ဖြေလိုက်လျှင်ပင် သူ့မျက်နှာ ချက်ချင်း ပြောင်းလဲသွား၏။ သူ့အဖော် သာသနာပြုများကိုပါ အသိပေးလိုက်ရာ ဆရာတော်ကြီးအနားသို့

www.burmeseclassic.com



အားလုံး ဝိုင်းအုံလာကြသည်။ ဆရာတော်ကြီးအား တောင်းပန်ပြီး အားလုံး ဓာတ်ပုံ ရိုက်ယူကြ၏။ သူ့ထက်ငါ ဆရာတော်ကြီးနှင့် တွဲ၍လည်း ဓာတ်ပုံအရိုက် ခံယူကြသည်။

သာသနာပြုခေါင်းဆောင်က အထက်ပါစကားကို လျှောက်ထားပြီးနောက် ဆရာတော်ကြီး၏ ဓာတ်ပုံကို သတင်းစာများမှတစ်ဆင့် ကမ္ဘာအရပ်ရပ်သို့ ဖြန့်ဝေခွင့်ပြုရန်လည်း ထပ်မံလျှောက်ထားပြန်လေသည်။

ထိုရက်ပိုင်းက ဆရာတော်ကြီး ဦးစန္ဒိမာ၏ သတင်းမှာ အိန္ဒိယတစ်ပြည်လုံး သာမက ကမ္ဘာတစ်ခွင်လုံး ရိုက်ခတ်သွားခဲ့လေသည်။ သတင်းစာများတွင်လည်း ဓာတ်ပုံများဖြင့် ဖော်ပြကြလေရာ ကမ္ဘာ့သာသနာပြု စံချိန်ချိုးသူအဖြစ် ဂုဏ်ပြု ရေးသားသူတို့က ရေးသားကြ၏။ အိန္ဒိယ သမိုင်းတစ်လျှောက်တွင်လည်း ထိုသို့တစ်ခါမျှ ဖြစ်ခဲ့ဖူးခြင်းမရှိသဖြင့် ဆရာတော်ကြီး ဦးစန္ဒိမာထံ သရဏဂုံသုံးပါးခံယူကာ သိန်းချီပြီး အစုလိုက်အပြုံလိုက် ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူလိုက်ကြသောသတင်းမှာ တစ်နိုင်ငံလုံး အုံ့ဩပြောဆို၍ မပြီးနိုင်လောက်အောင် ဖြစ်သွားခဲ့လေသည်။

ထိုအချိန်က ကုသိနာရုံဆရာတော်ကြီး ဦးစန္ဒိမာသည် အိန္ဒိယပြည် မြို့ရွာအနှံ့ကြွကာ တစ်နေရာပြီးတစ်နေရာ၊ တစ်မြို့ပြီးတစ်မြို့ သောင်းနှင့်သိန်းနှင့် ချီ၍ ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူသူများအား သရဏဂုံ၊ ငါးပါးသီလပေးရသည်မှာ ကျန်းမာရေးပင် ထိခိုက်လာ၏။ သက်ရွယ်တော် ကြီးသော်လည်း သွက်လက် ဖျတ်လတ်စွာ သာသနာပြုခရီးကြမ်း နှင်တော်မူခဲ့သည်။

## သမိုင်းတွင်လောက်သည့် ယုံကြည်ချက် ကူးပြောင်းမှုများ

ဆရာတော်ကြီးထံ ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူကြသူပေါင်းမှာ ၅-သိန်း ကျော်ပင် ရှိသွားရာ အိန္ဒိယသမိုင်းမှာသာမက ကမ္ဘာ့သမိုင်းမှာပင် မရှိခဲ့ဖူးသေးချေ။

ထိုအချိန်ကား သာသနာတော် ၂၅၀၀ ခေတ်အခါ ဖြစ်လေရာ၊ မြန်မာနိုင်ငံ ရန်ကုန်မြို့ ဆဋ္ဌသင်္ဂါယနာတင်ရာ မဟာပါသာဏ လိုဏ်ဂူတော်ကြီးတွင်လည်း ၂၈-၁၀-၅၆နေ့က မြန်မာနိုင်ငံရှိ တမီးလ်အမျိုးသား ၂၅၀၀ တို့ အစုလိုက်အပြုံလိုက် ဗုဒ္ဓဘာသာ ခံယူပွဲကြီးကို ကျင်းပပြုလုပ်ကြဖူး၏။

www.burmeseclassic.com

www.burmeseclassic.com



၂၅၀၀ အကြိုဟု ခေါ်ဆိုနိုင်သော ၁၉၃၃-၃၄ ခုနှစ်ကလည်း တောင်ငူမြို့မှ 'မစ္စတာ သော်မဆင်' ခေါင်းဆောင်သော ခရစ်ယာန် ကရင်အမျိုးသား ၇၀၀၀-ကျော်တို့လည်း အစုလိုက်အပြုံလိုက် ဗုဒ္ဓဘာသာသို့ ကူးပြောင်းခံယူခဲ့ကြဖူးလေသည်။ ထိုစဉ်က အီတာလျံ ဘုန်းတော်ကြီး ဦးလောကနာထသည် ၁-၁၂-၁၉၃၃ နေ့စွဲဖြင့် ၂၇-မျက်နှာရှိ မေတ္တာသဝဏ်လွှာကို ရေး၍ ကရင်အမျိုးသားများထံ ပေးပို့ကြိုဆိုဂုဏ်ပြုခဲ့ဖူး၏။ ထိုသဝဏ်လွှာကို မန္တလေးမဇိုးရိမ်တိုက် ဆရာတော် ပထမကျော် ဦးဉာဏက မြန်မာဘာသာပြန်ဆို၍ ဆာဦးသွင်က အင်္ဂလိပ်မြန်မာ နှစ်ဘာသာလုံး စာအုပ် ရိုက်နှိပ်လျက် ဓမ္မဒါန ပြုသည်ကို ဖတ်ရှုရပေသည်။

ဘာသာအယူဝါဒ ယုံကြည်ချက် ကူးပြောင်းသူတို့၏ အသိဉာဏ် ဇွဲ သတ္တိနှင့် ပါရမီကား နှယ်နှယ်ရရမဟုတ်၊ တကယ် စွန့်စားဝံ့သော အာဇာနည်တို့၏ အလုပ်ဖြစ်၏။ ယုံကြည်ချက် အသစ်တစ်ခု လွှဲပြောင်းလက်ခံလိုက်သည်နှင့်အမျှ ယုံကြည်ချက် အဟောင်းနှင့် ဆက်နွယ်နေခဲ့သော ပတ်ဝန်းကျင်၊ ယဉ်ကျေးမှု၊ လူနေမှု စသည်အားလုံး စွန့်လွှတ်ကြရ၏။ လောက၌ ဘာသာမှန် ကူးပြောင်းသူလောက် ဂုဏ်ယူစရာ၊ ဂုဏ်ပြုစရာကောင်းသူ မရှိတော့ချေ။ ယုံကြည်ချက်မှန်တို့မည်သည် 'အထာ'ကျပြီး အရာအားလုံးကို လွယ်ကူစွာပင် စွန့်လွှတ်နိုင်ကြလေသည်တကား။

ဘာသာကူးပြောင်းမှုနှင့်စပ်၍ ခရစ်ယာန်ဘာသာမှ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး ဖြစ်လာသူ ဦးလောကနာထ၏ စကားများမှာ အလွန်မှတ်သားဖွယ် ကောင်းလှ၏။ ကံကောင်းထောက်မ၍ သိပ္ပံနည်းကျဘာသာကြီးကို တွေ့ကြုံရခိုက် ဆုတ်ဆိုင်းဆိုင်း လုပ်မနေပဲ ရဲရဲဝံ့ဝံ့ပြတ်သားစွာ ကူးပြောင်းခံယူရန် ကျယ်လောင်စွာ နှိုးဆော်လျက် -

> "ဗုဒ္ဓ၏ ပထမဆုံးသော ဗုဒ္ဓ၏တပည့် ရဟန်းသံဃာများသည်လည်း မူလက တခြားဘာသာဝင်များ ဖြစ်ကြပါသည်။ ဗုဒ္ဓနှင့် တွေ့ကြုံရသောအခါတွင်မှ ဗုဒ္ဓဘာသာသို့ ကူးပြောင်း လာကြသူများဖြစ်ပါသည်။ ဗုဒ္ဓသည်ပင်လျှင် မူလက ဟိန္ဒူဘာသာဝင်ဖြစ်ပါသည်။ ထို့နောက်မှ မိမိအလို ကိုယ်တော်တိုင် ဗုဒ္ဓဝါဒကို ပြောင်းလဲတည်ထောင်လာသူ ဖြစ်ပါသည်" စသည်ဖြင့် လှည့်လည်ဟောကြားခဲ့ဖူး၏။

သက်တော် ၉၈-နှစ်ရှိ ကုသိနာရုံ ဆရာတော်ဘုရားကြီး ဦးစန္ဒိမဏိသည် ၈-၅-၁၉၇၂ နေ့က ပျံလွန်တော်မူရာ နိုင်ငံပေါင်း ၃၂-နိုင်ငံမှ ကြေးနန်းစာနှင့် ဝမ်းနည်းကြောင်း သဝဏ်လွှာပေါင်း ၁၂၇၈-စောင် ရောက်ရှိ၏။ တစ်ကမ္ဘာလုံးကပင်

www.burmeseclassic.com

www.burmeseclassic.com



နှမြောတသ ဝမ်းနည်းခဲ့ကြရ၏။ ဆရာတော်ကြီး၏ သာသနာပြု လုပ်ဆောင်ချက်များကို ဂုဏ်ပြုကြ အတုယူကြ၏။

သို့ရာတွင် ကုသိနာရုံဆရာတော်ကြီး၏ ဂုဏ်ကျေးဇူးစကားသည် မြန်မာတို့နား၌ ယေဘုယျအားဖြင့် ကျယ်လောင်စွာ ကြားမိကြဟန် မရှိပေ။ မည်သို့ ဖြစ်စေ ဦးစန္ဒြမဏိ ဆရာတော်ကြီးကား ကမ္ဘာကပင် လေးစားရသော သာသနာပြု ပုဂ္ဂိုလ်ကျော်ကြီးတစ်ပါး ဖြစ်တော်မူ၏။

ဆရာတော်ကြီး၏ ဂုဏ်ကျေးဇူးကို အချုပ်အားဖြင့် ဆိုရသော် ၂၀ ရာစု၊ အိန္ဒိယပြည်နှင့် နီပေါနိုင်ငံ သာသနာသမိုင်းကို ပြုစုကြရပါမူ ဆရာတော်ကြီး မပါလျှင် ထိုသမိုင်းသည် မည်သို့မျှ မပြည့်စုံနိုင်ချေ။ မပြည့်စုံရုံမျှမက ဆရာတော်ကြီးသာ မပေါ်ပေါက်ခဲ့ပါလျှင် အိန္ဒိယနှင့် နီပေါနိုင်ငံ သာသနာသည် လက်ရှိ အခြေအနေမျိုး မည်သို့မျှ မရှိနိုင်ဟုပင် ပြောနိုင်ပေသည်။

ဗုဒ္ဓ၏ ဇာတိနယ်မြေတွင် ဗုဒ္ဓသာသနာ မျိုးစေ့ပြန်လည် ပျိုးချရာ၌ ဘဝကို မြှုပ်နှံပေးသွားခဲ့သော 'သာသနာ့ဥယျာဉ်မှူးကြီး' ပါပေတည်း။

## နေနှင့်လ မောင်ရှင်ငယ်နှစ်ပါး
## အိန္ဒိယသို့ သာသနာပြု အသွား
## (၂)

၁၂၅၂-ခုနှစ်၊ ဝါတွင်း။

စစ်တွေမြို့ မြို့လုံးကျွတ် သာသနာရေး အစည်းအဝေးပွဲကြီး ကျင်းပကြရာ တစ်မြို့လုံး တက်ကြွနေကြသည်။ မန္တလေး ရန်ကုန်မြို့ကြီးများနည်းတူ 'မဟာဗောဓိ' အသင်းခွဲ ဖွဲ့စည်းရေးကိစ္စဖြစ်၏။

သီပေါမင်း ပါတော်မူပြီးစ ၅-နှစ်ကျော်မျှသာ ရှိသေး၍ အမျိုးဘာသာ သာသနာနှောင်ရေး ရင်လေးနေကြခိုက်ဖြစ်ရာ သာသနာပြု မဟာဗောဓိအသင်းခွဲ ဖွဲ့စည်းရေးကိစ္စကို အထူး စိတ်အားထက်သန်နေကြသည်။ ဥရောပ အမေရိကနှင့် အိန္ဒိယစသော နိုင်ငံများ၌လည်း မဟာဗောဓိအသင်းခွဲများကို ဖွဲ့စည်းတည်ထောင်နေကြပြီ၊ ယုတ်စွအဆုံး ကလကတ္တားမှာရှိသော ရခိုင်ကုန်သည်ကြီး ၁၂-ဦးတို့ကပင် ကိုယ်ပိုင် မဟာဗောဓိအသင်းခွဲကို တည်ထောင် ထားကြပြီး ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပို၍ စိတ်အား တက်ကြရသည်မှာ နိုင်ငံခြားသား ဘာသာရေးခေါင်းဆောင်ကြီး နှစ်ဦးက ဦးဆောင်ပြုလုပ်လာသဖြင့် လှည်းနေလှေအောင်း မြင်းဇောင်းမကျန်၊ ပို၍ စိတ်အားထက်သန်နေခြင်းဖြစ်၏။ စစ်တွေတစ်မြို့လုံး အဆိုပါ နိုင်ငံခြားသား ဥပါသကာကြီး နှစ်ဦးအကြောင်းကိုသာ ပြောဆိုနေကြလေသည်။ ထိုဥပါသကာကြီး နှစ်ဦးကား အမေရိကန် ရေတပ်ဗိုလ်မှူးကြီးဟောင်း 'ဟင်နရီစတီးလ်အော်လကော့' (H.S.Col Olcott) ဆိုသူနှင့် သီဟိုဠ်ကျွန်းသား ဇာတိ 'အနာဂါရိက ဓမ္မပါလ' ခေါ် ပြဟ္မစာရီ လူသူတော်ကြီးနှစ်ဦးတို့ပင် ဖြစ်ကြ၏။

## မြန်မာပြည်က သာသနာပြု မျိုးစေ့

အစည်းအဝေးသို့ စစ်တွေမြို့မှ ဆရာတော် သံဃာတော်ကြီးများနှင့် မြို့ခံ လူကြီးများသာမက အဆိုပါ ဥပါသကာကြီးနှစ်ဦးကို တွေ့လိုမြင်လို ကြားလိုကြသဖြင့် လူကြီးလူငယ်မရွေး အစည်းအဝေးသို့ တက်ရောက်လာကြ၏။ ဗိုလ်မှူးကြီး အော်လကော့နှင့် ဓမ္မပါလတို့က သူတို့၏ သာသနာပြုလုပ်ငန်းများအကြောင်းကို အသေးစိတ် ရှင်းလင်း လျှောက်ထားကြသည်။

"မြတ်စွာဘုရား ပွင့်တော်မူရာ အိန္ဒိယနိုင်ငံကြီးမှာ သာသနာ ပျောက်ကွယ် ဆိတ်သုဉ်းနေသဖြင့် ဘုရားရှင် သဗ္ဗညုတ ဉာဏ်တော်ရ၍ ဘုရားဖြစ်တော်မူရာ မဟာဗောဓိပင် အပရာဇိတ ပလ္လင်နှင့်တကွ ဗုဒ္ဓဂယာ မဟာဗောဓိစေတီတော်ကြီးမှ စ၍ ဗုဒ္ဓဝင် သာသနာဝင်ဆိုင်ရာ နေရာတော်မြတ်အားလုံးမှာ မိစ္ဆာဒိဋ္ဌိတို့ ကြီးစိုး နေပါသည်။ စေတီရုပ်ပွားများကိုလည်း မလေးမစား ထားလိုရာ ပစ်လိုရာ ထားကြ ပစ်ကြပါသည်။ မဟာဗောဓိစေတီတော်ကြီးမှစ၍ မိစ္ဆာဒိဋ္ဌိများလက်မှ ကမ္ဘာ့ ဗုဒ္ဓဘာသာဝင်များ လက်သို့ အမြန်ရောက်ရှိ ထိန်းသိမ်းနိုင်ရန် လိုပါသည်" စသည်ဖြင့် လျှောက်ထားကြသည်။ မဟာဗောဓိအမည်ဖြင့် အပြည်ပြည်၌ အသင်းတည်ထောင်လျက် ထိုကိစ္စကို ဆောင်ရွက်ရန် စီမံနေကြပုံတို့ကို အလုံးစုံ ရှင်းပြလျှောက်ထားကြသည်။

ထိုအစည်းအဝေးပွဲကြီးက စစ်တွေမြို့၌ မဟာဗောဓိ အသင်းခွဲတစ်ခု ကိုလည်း တည်ထောင်လိုက်ကြသည်။ အစည်းအဝေးပွဲကြီးပြီးလျှင် အမေရိကန် ဗိုလ်မှူးကြီးအော်လကော့က -

"တပည့်တော်တို့ မန္တလေး ရန်ကုန်မြို့များမှာတုန်းက မလျှောက်ထားမိပဲ ကျန်သွားတာ တစ်ခုရှိပါတယ်၊ ယခုလို မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံကြီးမှာ ဗုဒ္ဓ

www.burmeseclassic.com

www.burmeseclassic.com



သာသနာတော် နေလိုလလို ပြန်လည် ထွန်းကားအောင် ဆောင်ရွက်ကြတဲ့နေရာမှာ အထူး လိုအပ်တဲ့ကိစ္စတစ်ခု ရှိနေပါသေးတယ်၊ အဲဒါကတော့ ပါဠိ သက္ကတ သင်ယူ တတ်မြောက်လွယ်မယ့် ကျောင်းသား သာမဏေငယ်များကိုလဲ တစ်ဖက်က ပြုစု ပျိုးထောင်ဖို့ စီမံကြပါတယ်။ ဒီစစ်တွေမြို့ကလဲ သင့်တော်တဲ့ သာမဏေငယ် တစ်ပါးလောက် အိန္ဒိယမှာ ပညာသင်ရအောင် ရွေးချယ်ပို့လွှတ် ပေးစေချင်ပါတယ်" ဟု လျှောက်သည်ကို မြို့ခံလူကြီးများနှင့် ဆရာတော်ကြီးများက -

"ဒကာကြီးများက လိုအပ်တာ ဖြစ်နိုင်ပါလိမ့်မယ်၊ ထိုကိစ္စအတွက် စစ်တွေမြို့ပေါ်ရှိ ကျောင်းတိုက်များကို လှည့်လည် ထောက်လှမ်း စုံစမ်းရှာဖွေ နိုင်အောင် ဒကာကြီးများ တစ်ပတ်လောက် ဆိုင်းငံ့စေချင်ပါတယ်" ဟု အမိန့် ရှိကြသည်။

ဗိုလ်မှူးကြီးနှင့် ဓမ္မပါလတို့လည်း ထိုအကြံပြုချက်ကို လက်ခံကာ စစ်တွေ မြို့၌ တစ်ပတ်ခန့် နားနေကြရင်း တစ်ကျောင်းထွက်ဝင် လှည့်လည် လေ့လာ ကြသည်။ ငါးရက်မြောက်သောနေ့တွင် မြို့ခံလူကြီးများနှင့် ဧည့်သည်တော်ကြီး နှစ်ဦးတို့သည် စစ်တွေမြို့ပေါ်ရှိ တရားသိစုရပ်၊ စန္ဒိမာရာမ ကျောင်းတိုက်ဘက်သို့ ရောက်လာကြသည်။

ဆရာတော် ဦးစန္ဒိမာသည် ဧည့်သည်တော်ကြီးများ ရောက်လာချိန်၌ သာမဏေငယ်နှစ်ပါးအား အဘိဓမ္မတ္ထ သင်္ဂြိုဟ်ကျမ်း၏အဖွင့်ဖြစ်သော ဋီကာကျော် ကျမ်းကို ပို့ချ သင်ကြားနေခိုက်နှင့် တိုက်ဆိုင် ကြုံကြိုက်နေသည်။ ရှင်သာမဏေ နှစ်ပါးမှာ ၁၄-၅ နှစ် သက်တူရွယ်တူ ဖြစ်ကြသည်။ ဘွဲ့တော်က ကိုရင်စန္ဒနှင့် ကိုရင် သူရိယ။

ဧည့်သည်တော်ကြီးများ ရောက်လာသောအခါ ဆရာတော်ဦးစန္ဒိမာသည် စာဝါကို ခေတ္တနားပြီး လာရောက်ခြင်း၏အကြောင်းကို မေးမြန်းတော်မူလျှင် "အိန္ဒိယမှာ သာသနာ အခြေကစပြီး ပြုရအောင် ဆရာတော်ဘုရားထံက သာမဏေငယ် တစ်ပါး ပင့်လို့ ရနိုင်မလားလို့ပါဘုရား" ဟု လျှောက်ထားကြ၏။ ဆရာတော်က သာဓု ခေါ်တော်မူ၏။

ဧည့်သည်တော်ကြီးနှစ်ဦးမှာ ဆရာတော့်အပါး၌ သက်န်းကို လက်ကန်တော့ ထိုးလျက် ငြိမ်သက်စွာ လက်အုပ်ချီနေသော သာမဏေငယ်နှစ်ပါးကို တစိမ့်စိမ့်ကြည့်ပြီး ဥပမိကို အကဲခတ်နေကြသည်။ ဗိုလ်မှူးကြီးက ချက်ချင်းပင်

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်၏စကား ပြန်ကြားချက်ကို မစောင့်တော့ပဲ (ရှင်စန္ဒအား လက်ညှိုး ညွှန်ပြလျက်) -

"ဆရာတော်ဘုရား၊ ဒီကိုရင်ကို မထည့်နိုင်ဘူးလားဘုရား" ဟု လျှောက်ထား လိုက်ရာ ဆရာတော်က ရှင်စန္ဒဘက်သို့ လှည့်တည့်ပြီး -

"ကဲ . . . မောင်ရှင်၊ သာသနာပြုရအောင် ဒီဒကာကြီးများ ပင့်တဲ့ မဇ္ဈိမဒေသ အိန္ဒိယကို လိုက်နိုင်မလား" မေးရင်း "ဘုန်းကြီးက ကိုယ့်တပည့်ဆိုပေမယ့် သူတို့က လိုက်လိုတဲ့ဆန္ဒရှိမှလဲ ထည့်လိုက်လို့ရမှာ" ဟု ဆက်လက် မိန့်တော်မူ၏။

"ကဲ . . . ကိုရင့်သဘောက ဘယ်လိုလဲ ဆရာတော်မေးနေတာ လျှောက်လေ" ဟု မြို့ခံလူကြီးများကပါ ကိုရင်စန္ဒအား ထပ်၍ မေးနေကြပြန်ရာ ကိုရင်စန္ဒမှာ ဒကာများကို တစ်ချက် စောင်းငဲ့ကြည့်လိုက်၊ ဆရာတော့်မျက်နှာ ကြည့်လိုက်နှင့် လုပ်နေ၏။ တစ်ဖန် ကိုရင်သူရိယဘက်သို့ တစ်ချက် ပြုံးကြည့်ပြီးလျှင် -

"ကိုရင်သူရိယပါ လိုက်လျှင် လိုက်ပါ့မယ်ဘုရား" ဟု လျှောက်ထားလိုက်သည်။ ဆရာတော်ကလည်း ကိုရင်သူရိယ လိုက်နိုင်၊ မလိုက်နိုင် ထပ်မံမေးမြန်းရလေရာ ရှင်စန္ဒနှင့်ဆိုလျှင် လိုက်ပါမည်ဟု ဝန်ခံလေ၏။

ဆရာတော်ဦးစန္ဒိမာသည် တူအရင်းဖြစ်သူ ကိုရင်ရှင်စန္ဒကိုပင် မိမိသဘော တစ်ခုတည်းဖြင့် မလုပ်လို၊ အမိန့်ကိုမသုံးချင်။ ထို့ကြောင့် ကိုရင်များ၏ ဆန္ဒကို ယူနေခြင်းဖြစ်သည်။ ကိုရင်စန္ဒကား စစ်တွေခရိုင်၊ မြို့ဟောင်းမြို့နယ်၊ ရှင်ကျော်တိုက်၊ ရမ်းချောင်း ပေါက်ပင်ကွင်းရွာ ပစ္စည်းဥစ္စာ ပြည့်စုံကြွယ်ဝသူ (ဦးစန္ဒိမာ၏ညီအရင်း) ဦးကျော်အောင်နှင့် မိဝင်းယေတို့က မွေးဖွားသော သာသနာပြု ပုဂ္ဂိုလ်ကျော် လောင်းလျာ ဖြစ်သည်။ ငယ်မည်မှာ မောင်သာပန်းဦး ဖြစ်၏။ မြန်မာသက္ကရာဇ် ၁၂၇၇-ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆-ရက်၊ အင်္ဂါနေ့ ဖွားမြင်သော သားကြီးရတနာ ဖြစ်၏။ နှမ-မိနှင်းညို နှင့် ညီ-မောင်သာပန်းအောင်။

## နေနှင့်လ အတိတ်ကောက်၍ ဝမ်းမြောက်ကြခြင်း

ဆရာတော်နှင့် ကိုရင်များ အချင်းချင်းမေးမြန်းပြောဆိုကြပုံကို စကား ပြန်က ဘာသာပြန် ပြောဆိုသောအခါ ဧည့်သည်တော်ကြီးများမှာ လွန်စွာ ဝမ်းမြောက်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . ဒကာကြီးများ ကြားတဲ့အတိုင်း မောင်ရှင်သာမဏေများက သူတို့ကိုယ်တိုင်ပင် သူတို့သဘောအရ လိုက်ကြမည်လို့ ကတိပေးကြပါတယ်၊ ဘုန်းကြီးကလဲ ဆရာ့ဝတ္တရား ရှိသည့်အားလျော်စွာ ဒကာကြီးများကို အပ်နှံပါတယ်" ဟု ပြောဆိုအပ်နှံလိုက်လေလျှင်၊ ဗိုလ်မှူးကြီးနှင့် အနာဂါရိက ဓမ္မပါလတို့က ဆရာတော်အား လက်အုပ်ချီမိုး ရှိခိုးကြပြီးလျှင် -

"တပည့်တော်များ အတိုင်းမသိ ဝမ်းမြောက်လှပါသည်ဘုရား၊ မူလက ကိုရင်သာမဏေ မောင်ရှင်စန္ဒ တစ်ပါးတည်းကိုသာ မျှော်လင့်ထားပါသည်၊ ယခုမူ ကံကောင်းထောက်မ၍ ကိုရင်မောင်သူရိယကိုပါ ရလာ၍ အထူး ဝမ်းမြောက်လှပါတယ်၊ ကိုရင်များရဲ့ ဘွဲ့အမည်တော်အရဆိုပါလျှင် စန္ဒနှင့်သူရိယ နေနှင့်လ ဖြစ်နေရာ လနေနှစ်စင်း တစ်ပြိုင်နက် ထွန်းလင်းလာပြီးဖြစ်လို့ တပည့်တော်များ လုပ်ဆောင်ရမယ့် သာသနာပြုအလုပ်ဟာ နေလိုလလို ထွန်းလင်းတောက်ပပြီး အောင်မြင်မှုရမယ့် အတိတ်နိမိတ်ပင်ဖြစ်ပါတယ်။

"သို့ရာတွင် ယခုအချိန်ကား ဝါတွင်းကာလဖြစ်နေ၍ တပည့်တော်များနှင့် တစ်ပါတည်း ပင့်ဆောင်သွားရန် မဖြစ်နိုင်သေးပါ။ သီတင်းကျွတ်လျှင် ဤစစ်တွေ မြို့က စစ်ကဲတော်ကြီးနှင့် အခွန်ဝန်တို့ ဦးစီးပြီး လူပေါင်းသုံးဆယ်စီပါတဲ့ ဘုရားဖူး အဖွဲ့နှစ်ဖွဲ့ အိန္ဒိယသို့ လာရောက်ကြရန် ရှိပါသေးတယ်၊ သူတို့ လာသောအခါကျမှ သာလျှင် သူတို့နှင့်အတူ ရှင်သာမဏေများကို ပင့်ဆောင်ခဲ့ရန် စစ်တွေမြို့ မဟာဗောဓိ အသင်းက တာဝန်ယူပါလိမ့်မယ်ဘုရား၊ အဲဒီအခါကျမှ တပည့်တော်များက ကာလကတ္တားမြို့မှ စောင့်ကြိုပြီး အစီအစဉ်များ လုပ်ကြပါမယ်"

ဗိုလ်မှူးကြီး အော်လကော့နှင့် အနာဂါရိက ဓမ္မပါလတို့ လျှောက်ထားသည်ကို ဆရာတော် ဦးစန္ဒိမာနှင့်တကွ ပရိသတ်များအားလုံးက သာဓုခေါ်ကြလေသည်။ 'စန္ဒ နှင့် သူရိယ = လနှင့်နေ နှစ်စင်း မဇ္ဈိမဒေသမှာ တစ်ပြိုင်နက် လင်းတော့မည်' ဆိုသောသတင်းမှာ စစ်တွေတစ်မြို့လုံး ပျံ့နှံ့သွားရာ ဝမ်းသာမဆုံး ရှိနေကြလေသည်။ သာသနာပြု လူသူတော်ကြီးနှစ်ဦးလည်း ကိစ္စပြီးသည်နှင့် ကာလကတ္တားသို့ ပြန်သွားကြ၏။

၁၂၅၂-ခုနှစ်၊ တန်ဆောင်မုန်းလသို့ ရောက်သောအခါ စစ်ကဲကြီး ဦးသတိုးဝေနှင့် အခွန်ဝန်တို့ ဦးဆောင်သော လူပေါင်းသုံးဆယ်စီပါသည့် အိန္ဒိယ ဘုရားဖူးအဖွဲ့ နှစ်ဖွဲ့တို့သည် ခရီးထွက်ရန် ပြင်ဆင်ကြ၏။ စစ်တွေမြို့ မဟာဗောဓိ

www.burmeseclassic.com

www.burmeseclassic.com



အသင်းခွဲမှ အဖွဲ့ဝင်လူကြီးများနှင့် ဆရာတော်ဦးစန္ဒိမာ အမှူးရှိသော ဆရာတော် သံဃာတော်များကလည်း ရှင်စန္ဒနှင့် ရှင်သူရိယတို့အား ပင်လယ်ကူး သင်္ဘော ဆိပ်သို့အရောက် လိုက်ပါပို့ဆောင်ကြသည်။ ကိုရင်နှစ်ပါးနှင့်အတူ ကပ္ပိယအဖြစ် ကျောင်းသားသူငယ်ကလေး မောင်သတိုးဦးကိုပါ အဖော်ထည့်လိုက်ကြရာ ကိုရင် မောင်စန္ဒ၏ မိဘများဖြစ်သော ဦးကျော်အောင် ဒေါ်ဝင်းယေနှင့် မြို့သူ မြို့သားများ၊ မိဘဆွေမျိုးများမှာ ဝမ်းသာဝမ်းနည်း ကျန်ရစ်ခဲ့ကြလေသည်။

ထိုခေတ်က သတင်းစာများတွင် နေနှင့်လ သာမဏေလောင်းနှစ်ပါး၏ သာသနာပြုသတင်းကို စာလုံးမည်းကြီးများနှင့် အထူးဂုဏ်ပြုဖော်ပြခဲ့ကြ၏။

## ကမ္ဘာ့သာသနာပြု လူသူတော်ကြီးနှစ်ဦး (၃)

ကမ္ဘာ့သာသနာပြု အာဇာနည်လောင်းလျာ ကိုရင်စန္ဒတို့အား ပင့်ခေါ်၍ သွားကြသော အမေရိကန် ရေတပ်ဗိုလ်ချုပ်ကြီးနှင့် အနာဂါရိကာ ဓမ္မပါလ လူသူတော်ကြီး နှစ်ဦး၏ နှစ်ထောင့်ငါးရာ သာသနာခေတ်ဦးတွင် ထူးထူးခြားခြား၊ စွန့်စွန့်စားစား ကမ္ဘာ လှည့်၍ သာသနာပြုကြပုံမှာ အလွန်မှတ်သားဖွယ်၊ အားကျဖွယ် ကောင်းလှ၏။

ဤပုဂ္ဂိုလ်ထူးကြီး၊ ကမ္ဘာ့သာသနာပြု အာဇာနည်ကြီးနှစ်ဦး၏ သာသနာရေး ဆောင်ရွက်ချက်နှင့် သာသနာတော်အတွက် အသက်ပေးသွားကြသည့် အကြောင်း ကိုလည်း ဤနေရာ၌ အနည်းငယ် ဇာတ်ကြောင်းပြန် ပြောပြရန် လိုပေဦးမည်။ မိမိ တစ်ဝမ်းတစ်ခါး ကိုယ့်မိသားစု စားဝတ်နေရေးလောက်ကိုသာ ပန်းတိုင်ထား၍ ချွေးနှင့်သွေးနှင့် ကုန်းရုန်းရှာဖွေပြီး တစ်ဘဝတာ ကုန်လွန် သွားကြရသူများကြားတွင် ကိုယ်ရေးကိုယ်တာ ကိစ္စမှန်သမျှ ဘေးဖယ်ထားပြီး ဖြစ်သလိုစား၊ ဖြစ်သလိုသွား၊ ဖြစ်သလိုနေကာ သတ္တဝါအများ ကောင်းစား ချမ်းသာရေးနှင့်သာသနာ ထွန်းကားရေးကိုသာ တစိုက်မတ်မတ် ဦးတည် စောက်ချပြီး ဘဝတစ်သက်တာကို အောင်မြင်စွာ အသုံးချ သွားနိုင်သူများ အကြောင်းသည် အလွန်စိတ်ဝင်စားစရာ ကောင်းလှပေသည်။

ဘုရားအလောင်းတော်ကြီးများသာ လုပ်လေ့လုပ်ထရှိသော သတ္တဝါအများ ကောင်းစား ချမ်းသာရေး အလုပ်ကြီးများကို မျက်မှောက်ခေတ် အခါတွင်လည်း လုပ်ဆောင်နိုင်စွမ်းသော လူ့အာဇာနည်ကြီးများ ရှိပါပေသည်ဟု ဝမ်း မြောက်ရ ပါ၏။ ထိုပုဂ္ဂိုလ်ကြီးမျိုးတွင် အမေရိကန် ရေတပ်ဗိုလ်ချုပ်ကြီး အော်လကော့နှင့် အနာဂါရိက ဓမ္မပါလတို့လည်း အပါအဝင်ပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## အပြည်ပြည်ဆိုင်ရာ သီအိုဆိုဖီအသင်း ဥက္ကဋ္ဌ

ဗိုလ်မှူးကြီးသည် သာသနာရေး ကိစ္စသက်သက်ဖြင့် မြန်မာနိုင်ငံသို့ ၂-ကြိမ်တိုင် ရောက်ဖူးသည်။ ပထမအကြိမ်မှာ သီပေါမင်းပါတော်မူခါနီး ၁၈၈၅ ခုနှစ်က တစ်ကြိမ်၊ ပါတော်မူပြီး ၆-နှစ်အကြာ ၁၈၉၁-နှစ်က ဒုတိယတစ်ကြိမ် ပေါင်း နှစ်ကြိမ်ဖြစ်သည်။

သူသည် လူသားအချင်းချင်း ဗုဒ္ဓဝါဒကို ဦးထိပ်ထား၍ ကိုယ်ချင်းစာတရား အပြည့်ဖြင့် အသိတူ အမြင်တူ တစ်လောကလုံး ငြိမ်းချမ်းစွာ နေထိုင် ဆက်ဆံရခြင်းကို လိုလားသူဖြစ်၏။ ဗုဒ္ဓဘာသာတွင် မဟာယာန၊ ထေရဝါဒများကိုလည်း ပေါင်းစည်းလိုစိတ် ပြင်းပြသူလည်း ဖြစ်သည်။ ဆင်းရဲချို့ငဲ့သူများကိုလည်း အလွန်သနားတတ်လေသည်။ ယခုအခါ ရောင်ခြည်တော် ခြောက်ပါးဖြင့် ပြုလုပ်ထားသော သာသနာ့အလံကို ဗုဒ္ဓဘာသာဝင်တိုင်း တွေ့မြင်ဖူးကြ၏။ ယင်းအလံကို တီထွင်ခဲ့သူမှာလည်း ဗိုလ်မှူးကြီးပင် ဖြစ်သည်ဟု အဆိုရှိပေသည်။

သူသည် ၁၈၃၂-ခုနှစ်တွင် အမေရိကန်ပြည်၊ နယူးဂျာစီနယ်၊ အာရိန်းမြို့၌ ဖွားမြင်ခဲ့ရာ ၆၁-ခုနှစ်၊ ၂၉-နှစ်အရွယ်တွင် အမေရိကန်၌ ငွေဝယ်ကျွန်စနစ် တိုက်ဖျက်ရေး စစ်ကြီးတွင် ပါဝင်အမှုထမ်းခဲ့ဖူးသည်။ ၈၅-ခုနှစ် စစ်ပြီးသောအခါ အစိုးရ အမှုထမ်းအဖြစ် ဝင်ရောက်လုပ်ကိုင်ရင်း စိတ်ပညာလောက၌ ထင်ရှားသော ရုရှအမျိုးသမီးကြီး 'မဒမ် ဘလာဗာစကီး (Mime Blavatsky)၏ စိတ်ပညာဆောင်းပါးများ၊ စာအုပ်စာတမ်းများကို စိတ်ပါဝင်စားခဲ့သည်။

မဒမ်ဘလာဗာစကီး (၁၈၃၀-၁၈၉၁) ကား စိတ်ပညာရှင်တိုင်း၏ ချီးကျူးခံရသော ထူးခြားသည့် ပါရမီရှင် အမျိုးသမီးပင်ဖြစ်သည်။ မင်းမျိုးမင်းနွယ် ဗိုလ်မှူးကြီးနှင့် စာရေးဆရာမကြီးတို့မှ မွေးဖွားခဲ့၏။ ငယ်စဉ်ကပင် ခွေးကလေး ငှက်ကလေးများကို စိတ်ညှို့နိုင်၍ အရွယ်ရောက်သည်နှင့် ကမ္ဘာလှည့်ပြီး စိတ်ပညာ လေ့လာခဲ့ရာ မြန်မာနိုင်ငံသို့ပင် ရောက်ဖူးလေသည်။ တိဗက်နိုင်ငံ၌ ၇-နှစ်ကြာ ပညာသင်ကြားခဲ့ပြီး နာမ်လောကရှိပုံ၊ စိတ်တန်ခိုးသတ္တိ ရှိပုံတို့ကို ရေးသားခဲ့၏။ ဗိုလ်မှူးကြီး အော်လကော့သည် သူမ၏စာတမ်းများကို ဖတ်ရှု စိတ်ဝင်စားလျက်ရှိရာ သူမနှင့် ဆက်သွယ်ဆွေးနွေးရာမှ ခင်မင်မှု ဖြစ်လာကြ၏။ သူတို့နှစ်ဦးသည် အထူး လိုက်ဖက်ညီကာ နိုင်ငံရေး စီးပွားရေးမပါ ဘာသာရေးနှင့် စိတ်ပညာသက်သက် ဖော်ထုတ်ရန် နယူးယောက်မြို့၌ ၁၈၇၅-ခုနှစ်တွင် သီအိုဆိုဖီအသင်းတည်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



တည်ထောင်လိုက်ကြသည်။ ၇၉-ခုနှစ်တွင် သီအိုဆိုဖီ အသင်းချုပ်ကို အိန္ဒိယပြည် မဒရပ်မြို့နယ် အာဒယာမြို့သို့ အပြီးအပိုင် ပြောင်းရွှေ့ပြီး နေထိုင်ကြ၏။ နိုင်ငံပေါင်း ၆၀-ကျော်တွင် အသင်းခွဲပေါင်း ၁၅၀၀-ကျော်ပင် ရှိသွား၏။

## ခရစ်ယာန်နှင့် ဗုဒ္ဓဘာသာတို့ ဝါဒပြိုင်ပွဲကြီး

အကြောင်းတရားတို့ကား ဆန်းကြယ်လှပေသည်။

နယူးယောက်မြို့၌ သီအိုဆိုဖီအသင်း မတည်ထောင်မီ ၁၈၇၃-ခုနှစ်တွင် သီဟိုဠ်ကျွန်း၌ ဘာသာရေး ပြဿနာတစ်ခု ဖြစ်ခဲ့သည်။ သီဟိုဠ်တစ်ကျွန်းလုံး ခေတ်အဆက်ဆက် ပေါ်တူဂီ၊ ဒတ်ချ်၊ အင်္ဂလိပ်တို့ နယ်ချဲ့ရာမှ အတူပါလာသော ခရစ်ယာန်ဘာသာသည် နှစ်ပေါင်း ၂၀၀၀-ကျော် အမြစ်စွဲလာသော ဗုဒ္ဓဘာသာကို တစ်စတစ်စ ဝါးမျိုလာခဲ့ကြရာ သီဟိုဠ်သားတို့သည် ဗုဒ္ဓဘာသာဟု ပြောရမည်ကိုပင် ရှက်စနိုး ဖြစ်လာကြ၏။ ကျေးလက်တောရွာများ၌သာ 'တောင့်' ထားနိုင်တော့သည်။

ခရစ်ယာန်မေ့ဆရာတို့သည် ကျေးလက်တောရွာများအထိ ဗုဒ္ဓဘာသာကို ရှုတ်ချနှိမ်နင်းရာမှ အငြင်းပွားမှုကလေးများ ဖြစ်လာ၏။ နောက်ဆုံး ကိုလံဘိုမြို့အနီး ပါနဒူရ၌ စကားအခြေအတင် ဝါဒပြိုင်ပွဲကြီးတစ်ခု လုပ်ကြသည်အထိ ဖြစ်လာလေတော့သည်။ ဗုဒ္ဓဘာသာဘက်မှ ဂုဏာနန္ဒဆရာတော်က ဦးဆောင်၍ စကားအခြေအတင် ပြောဆိုကြရာ နောက်ဆုံး ခရစ်ယာန်တို့ အရေးနိမ့်သွားခဲ့သည်။ ထိုဝါဒပြိုင်ပွဲကြီးသည် ကမ္ဘာသို့ပင် သတင်းပြန့်ပွားသွားလေရာ အော်လကော့နှင့် မဒမ်ဘလာဗာစကီတို့လည်း ထိုသတင်းကို အထူးစိတ်ပါဝင်စားလျက် ရှိခဲ့ကြရာ သီအိုဆိုဖီအသင်း တည်ထောင်ပြီးနောက် 'ဗုဒ္ဓဝါဒက အနိုင်ရရှိ၍ ဝမ်းမြောက်ကြောင်း' ချီးကျူးစာများကို ရေးပြီး ဂုဏာနန္ဒဆရာတော်ထံ ရေးပို့ကြလေသည်။

## ဗုဒ္ဓဘာသာအဖြစ် ခံယူကြပုံ

သီဟိုဠ်ကျွန်းရှိ ဗုဒ္ဓဘာသာဝင်တို့သည် မျက်နှာဖြူများ လက်အောက်တွင် မျက်နှာငယ်နေခဲ့ကြရာ ဗုဒ္ဓဘာသာဘက်က မျက်နှာဖြူလူမျိုးနှစ်ဦး၏ ထောက်ခံချက်များကို ရလျှင်ပင် ပို၍ အားတက်လာကြသည်။ ဂုဏာနန္ဒဆရာတော်က အော်လကော့တို့၏ ချီးကျူးစာ၊ ပေးစာများကို သီဟိုဠ်လို ဘာသာပြန်ပြီး ဖြန့်ဝေလိုက်ရာ

www.burmeseclassic.com

www.burmeseclassic.com



သီဟိုဠ်သူ သီဟိုဠ်သားတို့သည် ဗိုလ်မှူးကြီး အော်လကော့နှင့် ရုရှ အမျိုးသမီးကြီး တို့အား မမြင်ရခင်ကပင် ခင်မင်လေးစားနေကြလေသည်။

သီဟိုဠ်ကျွန်း ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာ ဝါဒပြိုင်ပွဲကြီးနှင့် မျက်နှာဖြူ စိတ်ပညာရှင်ကြီးနှစ်ဦးကို စိတ်ပါဝင်စားဆုံးသူမှာ မာတရမြို့က အသက် ၁၆-နှစ် မျှသာရှိသေးသော 'ဒွန်ဒေးဗစ်၊ ဟေဝဝိတာနေ' ခေါ် ကျောင်းသားကလေးတစ်ဦးပင် ဖြစ်သည်။ သူကား 'အနာဂါရိက ဓမ္မပါလ' ဟူသော လူသူတော်ဘွဲ့ကို ခံယူမည့် ကမ္ဘာ့သာသနာပြု ပုဂ္ဂိုလ်ကျော် လောင်းလျာပင်တည်း။

၁၈၈၀-ပြည့်နှစ်တွင် သီဟိုဠ် ဗုဒ္ဓဘာသာဝင်များအား 'တပ်ကူ' ပေးရန် ဗိုလ်မှူးကြီးနှင့် ရုရှအမျိုးသမီးကြီးတို့သည် သီအိုဆိုဖီ အသင်းချုပ်တည်ရှိရာ အာဒယာမှ သီဟိုဠ်ကျွန်းသို့ ရောက်ရှိလာကြသည်။ တစ်ကျွန်းလုံးကပင် ဝမ်းသာ အားရ ကြိုဆိုကြ၏။ အမေရိကန် ဗိုလ်မှူးကြီးနှင့် အမျိုးသမီးကြီးသည် သီဟိုဠ် ကျွန်းသို့ ရောက်သည်ဆိုလျှင်ပင် ပထမဆုံးကြိုဆိုနေသော သံဃာ့ပရိသတ်ကြီးထဲသို့ တိုးဝင်သွားကြပြီး သံဃာ့မထေရ်ကြီးများ ရှေ့မှောက်၌ နှစ်ယောက်သား ဒူးတုပ် ဝပ်လျှိုး ရှိခိုးကြလျက် 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' စသော သရဏဂုံသုံးပါးနှင့် ငါးပါး သီလကို ပြိုင်တူ ရွတ်ဆိုကာ ဗုဒ္ဓဘာသာဝင်အဖြစ် ဦးစွာ ခံယူလိုက်ကြလေသည်။ တွေ့မြင် ကြားသိကြရသော ပရိသတ်ကြီးမှာ ပြောမပြနိုင်လောက်အောင်ပင် အံ့အား သင့်ကာ ဝမ်းမြောက်နေကြလေ၏။

## ဗုဒ္ဓဘာသာကောလိပ်ကျောင်းများ တည်ဆောက်

ထို့နောက် ဗိုလ်မှူးကြီး အော်လကော့သည် သီဟိုဠ်ကျွန်း၌ ဗုဒ္ဓဘာသာ ထွန်းကားရေး လုပ်ငန်းများကို 'စောက်ချ' လုပ်ကိုင်လေတော့သည်။ ၂-ထပ် လှည်းယာဉ်များ၊ ကားများကို အသုံးပြုကာ တစ်မြို့ဝင်တစ်မြို့ထွက် တစ်ရွာဝင် တစ်ရွာထွက် တစ်ကျွန်းလုံးသို့ လှည့်လည် တရားဟောကာ အလှူငွေများ ကောက်ခံခဲ့၏။ အနာဂါရိက ဓမ္မပါလ ဖြစ်လာမည့် သူငယ်ဒေးဗစ်သည် ဗိုလ်မှူးကြီး သွားလေရာနောက်သို့ တကောက်ကောက်လိုက်ပါလျက် စကားပြန်အဖြစ် အားတက်သရော ဆောင်ရွက်လေ၏။

အော်လကော့၏ ဆောင်ရွက်ချက်များအရ သီဟိုဠ်ကျွန်း၌ ဗုဒ္ဓဘာသာ အင်္ဂလိပ်စာသင်ကျောင်းများ နေရာများစွာ၌ ဖြစ်ပေါ်လာလေ၏။ သူတည်ထောင်ပေးသော

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပေါင်းများစွာ ၃၀၀-ကျော်ထိရှိလာကာ ကောလိပ်ကျောင်းပင် ၃-ကျောင်း ရှိလာ၏။ ထိုကျောင်းများ၌ ကလေးများအား သင်ကြားရန် ဗုဒ္ဓဘာသာ အမေးအဖြေကျမ်း (စာမျက်နှာ ၁၀၀-ခန့်)ကို သူကိုယ်တိုင်ပင် အင်္ဂလိပ်လိုရေး၍ သီဟိုဠ်ဘာသာပြန်ပြီး သင်ကြားစေခဲ့လေသည်။ ယင်းစာအုပ် မှာ ၄၅-ကြိမ် ရိုက်နှိပ်ရသည့်အပြင် မြန်မာဘာသာအပါအဝင် ဘာသာပေါင်း ၂၀-ကျော်ဖြင့် ဘာသာပြန်ပြီး ဖြစ်လေသည်။

ကိုယ်ပိုင် ပုံနှိပ်စက်များလည်း တည်ထောင်ကာ ဗုဒ္ဓဘာသာ ပညာပေး စာစောင်များကိုလည်း ဖြန့်ချိခဲ့သည်။ ထိုမှတစ်ပါး ၁၈၈၅-ခုနှစ်တွင် မြန်မာနိုင်ငံ၌ ရွှေတိဂုံ၊ ရောဝတီစသော အမည်များဖြင့် သီအိုဆိုဖီအသင်းကို တည်ထောင် သကဲ့သို့ သီဟိုဠ်၌လည်း ဗုဒ္ဓစ္စတ်သီအိုဆိုဖီ အသင်းကို တည်ခဲ့သည်။ ဓမ္မပါလ လောင်းလျာ ဒွန်ဒေးဗစ်သည် အော်လကော့နှင့် ရုရှအမျိုးသမီးကြီးတို့ကို အလွန် စိတ်ပါဝင်စားခဲ့သူဖြစ်၍ သီအိုဆိုဖီအသင်း ဝင်ခွင့်ကို အစောကြီးကပင် တောင်းခံ ခဲ့သော်လည်း အသက်ငယ်နေသဖြင့် လက်မခံခဲ့။ ယခုလည်း သူ့အား အသက်ကို ခြွင်းချက်နှင့် လက်ခံခဲ့ရသည်။ သီဟိုဠ်၌ ထိုအသင်း စတင်တည်ထောင်သည်နှင့် သီဟိုဠ်သား ၄-ဦး စာရင်းသွင်းကြရာ ဒေးဗစ်တို့မြေးအဘိုးလည်း ရှေ့ဆုံးကပါခဲ့ ကြသည်။

## ဂျပန်ပြည်နှင့် ဆက်သွယ်ခြင်း

နောင်အခါတွင် ဒေးဗစ်သည် ထိုအသင်း မန်နေဂျာဖြစ်၍ အဘိုးက ဥက္ကဋ္ဌ ဖြစ်လာ၏။ ထိုသို့ အော်လကော့နှင့် ရင်းနှီးခဲ့ရာမှ တစ်နိုင်ငံလုံး အတူလိုက်ပါ၍ သီဟိုဠ်သာသနာ ပြန်လည်ထွန်းကားရေး လက်တွဲဆောင်ရွက်ခွင့် ရခဲ့သည်။ ဒေးဗစ်အတွက် တန်ဖိုးမဖြတ်နိုင်သော အတွေ့အကြုံများလည်း များစွာရရှိခဲ့သည်။

သီဟိုဠ်၌ ဗုဒ္ဓဘာသာနှင့်စပ်သော အော်လကော့၏ အောင်မြင်မှုသတင်း များကို ကြားရသောအခါ ဂျပန် ဗုဒ္ဓဘာသာခေါင်းဆောင်များကလည်း ဖိတ်ကြား ကြ၏။ အော်လကော့သည် ဗုဒ္ဓဘာသာ ဂိုဏ်းကွဲများကို တစ်လုံးတစ်စည်းတည်း ဖြစ်စေလိုသောဆန္ဒ မဆွကပင် ရှိနေသူပီပီ ၁၈၈၉-ခုနှစ်တွင် ဂျပန်သို့ ဓမ္မပါလနှင့် အတူ ထွက်ခွာသွား၏။ ဂျပန်ပြည် ဗုဒ္ဓဘာသာဂိုဏ်းကြီး ၇-ဂိုဏ်းမှ ခေါင်းဆောင်များနှင့် တိုင်းပြည်ခေါင်းဆောင်များက လှိုက်လှဲစွာ ကြိုဆို၍ ဘာသာရေး ဆွေးနွေးပွဲကြီးကို

www.burmeseclassic.com

www.burmeseclassic.com



ကျင်းပကြသည်။ ဂျပန်ပြည်အနှံ့လည်း လှည့်လည်၍ ဟောပြောပွဲများ၊ ဆွေးနွေးပွဲများ ပြုလုပ်ကြရာ ထေရဝါဒနှင့် မဟာယာန ရင်းနှီးချစ်ခင်မှု များစွာတိုးတက်လာကာ အပြန်ခရီးတွင် သီဟိုဠ်သို့ ပါဠိစာပေသင်ယူရန် ဂျပန်ဘုန်းတော်ကြီးများပင် လိုက်ပါခဲ့ကြသည်။

## ကိုယ့်အမျိုး ကိုယ့်ဒေသ ကိုယ့်ဘာသာကိုစွန့်၍

၁၈၉၁-ခုနှစ်တွင်လည်း အော်လကော့သည် မြန်မာနိုင်ငံသို့ ဒုတိယအကြိမ်လာရောက်ကာ မန္တလေးနေပြည်တော်မှ သာသနာပိုင် ဆရာတော်ကြီးနှင့်တကွ ဆရာတော်သံဃာတော်ကြီးများ၊ ဗုဒ္ဓဘာသာ ခေါင်းဆောင်များနှင့် တွေ့ဆုံ၍ ထေရဝါဒနှင့် မဟာယာန ပေါင်းစည်းရေးနှင့် သာသနာရေး ဆောင်ရွက်ချက်များကို လျှောက်ထားခဲ့၏။ ဗုဒ္ဓဘာသာဝင်တိုင်း လက်ခံနိုင်သည့် မူ ၁၄-ချက်ကို တင်ပြလျှောက်ထားကာ သဘောတူညီမှု ရယူနိုင်ခဲ့လေသည်။ ယင်း ၁၄-ချက်ကို ၁၈၉၁ ခုနှစ်၊ အာဒယာမြို့၌ ကျင်းပသော ဗုဒ္ဓဘာသာ ညီလာခံကြီး၌ အတည်ပြုနိုင်ခဲ့၏။ ကမ္ဘာအရပ်ရပ်သို့လည်း လှည့်လည်၍ သာသနာပြုနိုင်သူပါပေတည်း။

အော်လကော့နှင့် မဒမ်ဘလာဗာစကီတို့သည် အမေရိက နယူးယောက်မြို့၌ သီအိုဆိုဖီ အသင်းချုပ် တည်ထောင်ပြီး ၄-နှစ်အကြာ အိန္ဒိယနိုင်ငံ မဒရပ်မြို့အပိုင် အာဒယာသို့ အသင်းချုပ် ပြောင်းရွှေ့ပြီး အတူတကွ နေထိုင်ကြသည်။ ထိုအချိန်မှစ၍ ဗုဒ္ဓဘာသာအဖြစ် အတိအလင်း ကြေညာလျက် ဗုဒ္ဓသာသနာရေး လုပ်ငန်းများကို စောက်ချ ဆောင်ရွက်ကြလေတော့သည်။

အာဒယာသို့ရောက်လျှင် အိန္ဒိယ၏ထုံးစံအရ ဇာတ်ဝါဒက ကတ္တားခြားထားသဖြင့် လူ့အဖွဲ့အစည်းတွင် ဝိုင်းပယ်ခြင်း ခံနေကြရရှာသော ပါလယာလူမျိုးများကို တွေ့ကြရလေရာ အစာကိုပင် နပ်မှန်အောင် မစားသောက်ကြရသဖြင့် လွန်စွာ ဆင်းရဲနေကြရသည်ကို မကြည့်ရက်နိုင်ခဲ့ကြပေ။ ကလေးသူငယ် ၈၀၀-ကျော်ကို နေ့စဉ် ပညာပေး ကျွေးမွေးစောင့်ရှောက်ကာ 'မဒွမကျောင်း' ခေါ် ကျောင်းတစ်ဆောင်ကိုပင် တည်ထောင်ပေးခဲ့ကြသည်။

သူတို့သည် မိမိလူမျိုးကို ကိုယ်စားမပြု၊ လူသားအားလုံးအတွက် ရပ်တည်ကြ၏။ မိမိနိုင်ငံကို ကိုယ်စားမပြု၊ တစ်ကမ္ဘာလုံးအတွက် ဦးဆောင်ခဲ့ကြ၏။

www.burmeseclassic.com

www.burmeseclassic.com


ဗုဒ္ဓသာသနာနှင့် လူသားထု တစ်ရပ်လုံး ကောင်းစားချမ်းသာရေးအတွက် မိမိချစ်ခင်သော လူမျိုးနှင့် တိုင်းပြည်ကိုပါ စွန့်ခွာခဲ့ကြသည်။

ကံကြမ္မာတို့ကား ဆန်းကြယ်လှပေသည်။ သူတို့သည် ကြီးကျယ်မြင့်မြတ်သော စိတ်ဓာတ်ဖြင့် ဒုက္ခအမျိုးမျိုး ရင်ဆိုင်ကာ ဗုဒ္ဓသာသနာတော် ထွန်းကားရေးကိုသာ စောက်ချ လုပ်ကိုင်နေကြစဉ် ဖြိတိသျှ အလံတော်အောက်တွင် အထွတ်အထိပ်သို့ ရောက်နေခဲ့သော ခရစ်ယာန် အဖွဲ့အစည်းများ၏ ထိုးနှက်ချက်အရ နှစ်များမကြာမီ သီအိုဆိုဖီ ခေါင်းဆောင်ကြီးနှစ်ဦး၊ ဗုဒ္ဓသာသနာပြု ခေါင်းဆောင်ကြီးနှစ်ဦးတို့ လမ်းခွဲခဲ့ကြရရှာလေသည်။

ရုရှအမျိုးသမီးကြီးသည် ၁၈၉၁-ခုနှစ်တွင် ကွယ်လွန်ခဲ့၍ ဗိုလ်မှူးကြီး အော်လကော့ကား ၇၅-နှစ်အရ ၁၉၀၇-ခုနှစ်တွင် အာဒယာမြို့မှာပင် ကွယ်လွန်ခဲ့လေပြီ။

## ကမ္ဘာ့သာသနာပြု အရှင်သေဋ္ဌိလနှင့် အိန္ဒိယသာသနာ

ဤနေရာ၌ သာသနာ့ဘုန်းကံကြောင့် ကြုံကြုံဖန်ဖန် အကြောင်းတိုက်ဆိုင်ပုံ ကလေးတစ်ခု ပြောရပေဦးမည်။ ယခုအခါ သက်တော် ၉၆-နှစ်ရှိပြီဖြစ်သော ဆရာတော်အရှင်သေဋ္ဌိလ (အဘိဓဇမဟာရဋ္ဌဂုရု) သည် ၁၂-ဝါအရ ၁၉၃၀-ပြည့်နှစ်ဦးလောက်တွင် ဒုတိယအကြိမ် သီဟိုဠ်သို့ ပညာသင်ထွက်တော်မူခဲ့၏။ သီဟိုဠ်၌ သုံးနှစ်ကျော်ကျော်နေပြီးနောက် အိန္ဒိယတောင်ပိုင်း မဒရပ်စ်သို့ ပြောင်းရွှေ့ခဲ့သည်။

အရှင်သေဋ္ဌိလ မဒရပ်စ်သို့ ရောက်သွားသောအခါ ထို၌လည်း သီအိုဆိုဖီ ဌာနခွဲတစ်ခု ဖွင့်ထားရာ သုံးနှစ်မျှသာရှိသေး၏။ အရှင်သေဋ္ဌိလလည်း ဥရောပ၌ သာသနာပြုရန် ရည်ရွယ်၍ အင်္ဂလိပ်စကား ကျွမ်းကျွမ်းကျင်ကျင် ပြောဆိုနိုင်ရန် ထက်သန်နေခိုက် သီအိုဆိုဖီအသင်း၌ အသင်းဝင်အဖြစ် လျှောက်လွှာတင်ကာ စာကြည့်တိုက်မှူးအဖြစ် ဆောင်ရွက်လျက် အိန္ဒိယသာသနာ တစ်ကျော့ပြန်လည် ထွန်းကားရေးကို အားပေးတော်မူခဲ့သည်။ အမျိုးမျိုးသော အယူဝါဒရေးရာနှင့် စပ်၍လည်း လိုအပ်သော ဗဟုသုတများကို သီအိုဆိုဖီအသင်း စာကြည့်တိုက်က ဖြည့်တင်းပေး၏။ အင်္ဂလိပ်နှင့် အင်္ဂလိပ်ကပြားများ အနေများသောဒေသဖြစ်၍ သူတို့၏ဓလေ့နှင့် စကားအပြောအဆိုကိုပါ လေ့လာခွင့်ရခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အရှင်သေဠိလသည် အမေရိကန် ရေတပ်ဗိုလ်မှူးကြီး အော်လကော့၏ သီအိုဆိုဖီလုပ်ငန်းနှင့် ဗုဒ္ဓသာသနာပြုလုပ်ငန်းကို ကူညီထမ်းဆောင်ရင်း တစ်ဖက်က ဒေသခံအိန္ဒိယတောင်ပိုင်းသား ဗုဒ္ဓဘာသာဝင်များ၏ လိုအင်ဆန္ဒကိုလည်း အားတက်သရော အချိန်ပြည့် အားပေးခဲ့သည်။ ၁၉၃၄-ခုနှစ်မှ (အင်္ဂလန်ကြွသည့်) ၄၈-ခုနှစ်ထိဖြစ်သည်။ အတိုက်အခံ အခက်အခဲ အမျိုးမျိုးကြားကပင် ဖွဲ့နပဲကြီးစွာ မဒရပ်စ်မြို့ရှိ အိန္ဒိယတောင်ပိုင်း ဗုဒ္ဓဘာသာဝင်တို့၏ အသင်းကြီး (South Indian Buddhist Association) ၌ ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခြင်း ခံယူတော်မူခဲ့ရ၏။ အသင်းကြီးလက်အောက်ရှိ အခမဲ့ဗုဒ္ဓဘာသာ စာသင်ကျောင်းကိုလည်း အုပ်ချုပ်သူအဖြစ် တာဝန်ယူကာ ဗုဒ္ဓစာပေများကို ကြိုးစား သင်ပြပေးတော်မူခဲ့၏။

ထိုအသင်းကြီးကို ၁၉၀၀-ပြည့်နှစ်၊ ပဏ္ဍိတ်၊ စီ-အယိုဒျာဒိုးဆ်၊ ကရိရှနဆာမိယာရ်နှင့် ကာနယ်အော်လကော့တို့ သီဟိုဠ်သို့ သွားရောက်၍ ဗုဒ္ဓဘာသာ ခံယူပြီး တည်ထောင်ခြင်းဖြစ်၏။ ပဏ္ဍိတ်၊ စီ၊ အယိုဒျာဒိုးဆ် (C.Ayodyadoss)သည် ၁၈၉၂-ခုနှစ်ကပင် အဖိနှိပ်ခံ တိုင်းရင်းသားတို့ လွတ်မြောက်ရေး ကျမ်းတစ်စောင် ပြုစုကာ နှိုးဆော်ခဲ့ရာ ထိုအသင်းကြီးလည်း ၎င်းစာအုပ်မှ မြစ်ဖျားခံခဲ့သည်ဟု ဆိုလေသည်။ ထိုအသင်းကြီးက မဒရပ်စ်မြို့ ရိုယာပေတအရပ်၌ 'တမီလီယန်' ဗုဒ္ဓဘာသာ စာစောင်တစ်ခုကိုလည်း ထုတ်ဝေ၏။ ဆရာတော်အရှင်သေဠိလ အင်္ဂလန်သို့ ကြွရောက်ခါနီးတွင် အသင်းကြီးက ဂုဏ်ပြုသဝဏ်များ ဖတ်ကြားပူဇော်ကြသည်။ ဘန်ဂလို၊ ကိုလာ၊ ဝလ္လာဂျာ၊ ဝဏ္ဏိဝေဒူ၊ ကျက္ကရမလ္လူရ်၊ ကွန်ဂျီဝရမ် စသော ဌာနခွဲများ အားလုံးကပင် ဝမ်းသာကျေးဇူးတင်စကား လျှောက်ထားကာ ဝမ်းနည်းစွာ တ,သ ကျန်ရစ်ခဲ့ကြလေသည်။

(ဆရာတော် အရှင်သေဠိလ ဘဝဖြစ်စဉ်နှင့် ကမ္ဘာ့ ဗုဒ္ဓသာသနာပြု မှတ်တမ်းမှ။)

ရုပ်ကိုသာ ဦးတိုက် ရုပ်တည်နေကြသော အနောက်ဘက်ကမ္ဘာ၌ 'တမလွန်လောကရှိသည်။ စိတ်ဝိညာဉ်ဟူ၍ရှိသည်။ စိတ်တန်ခိုးကြီးမားသည်' စသည်ဖြင့် ဖော်ထုတ်ရန် သီအိုဆိုဖီအသင်းများကို တည်ထောင်ပေးကာ ထိုသီအိုဆိုဖီပလက်ဖောင်းမှ ဗုဒ္ဓဘာသာမုခ်ဦးကို လှမ်း၍ ညွှန်ပြခဲ့ကြသော ဆရာကြီးနှင့် ဆရာမကြီးတို့ကား ကွယ်လွန်ခဲ့ကြပြီ။ ထိုသူတို့ ခင်းပေးခဲ့သော လမ်းအတိုင်း လျှောက်လာခဲ့ကြသူ တော်တော်များများမှာ ဟိမဝန္တာဌာနချုပ်မှ မမြင်ရသော

www.burmeseclassic.com

www.burmeseclassic.com



အထက်ဆရာကြီးများကို ပေးမော လှမ်းမျှော်ကာ စိတ်ပညာစိတ်တန်ခိုးတည်းဟူသော သီအိုဆိုဖီ ပလက်ဖောင်း၌သာ တစ်စခန်းရပ်၍ ခါးပြတ်ကျန်နေရစ်ခဲ့ကြရှာသည်ကိုသာ တွေ့မြင်နေကြရပါမူ နောင်တကြီးစွာ ဖြစ်နေရှာကြပေမည်။

## အရှင်သေဋ္ဌိလ
## ဥပါသကာ အာဇာနည် ဓမ္မပါလ
## (၄)

သာသနာပြုကြရာ၌ ဝိနည်းတော် ဘောင်အတွင်းမှ သာသနာပြုကြရသော ရဟန်းတော်များထက် လူဝတ်ကြောင် ဥပါသကာတို့ သာသနာပြုခြင်းက ရံခါသာ၍ ခရီးရောက်နိုင်ကြောင်း တွေ့မြင်ကြရ၏။

ထို့ကြောင့် 'သာသနပြုကိစ္စ ငါတို့နှင့် မဆိုင်' ဟု အောက်မေ့တော်မမူကြပဲ ကျရာတာဝန်ကို အားသွန်ဆောင်ရွက်ကြရန် ဗုဒ္ဓဘာသာဝင် ရဟန်း ရှင်လူမည်သူမဆို ကိုယ်စီတာဝန်ရှိနေကြောင်း မမေ့သင့်ကြပေ။

သီဟိုဠ်ကျွန်းသားတချို့ အနာဂါရိက ဘွဲ့အမည်ခံ၍ လူဝတ်ကြောင်ဘဝဖြင့် သာသနာပြုခဲ့သူ ဒွန်ဒေးဗစ် ဟေဝဝိတာနေ (၁၈၆၄-၁၉၃၃)၏ သာသနာပြုလုပ်ငန်းများသည် ၁၉-၂၀ ရာစု ဗုဒ္ဓသမိုင်းတွင် အလွန်ထင်ရှားသော သမိုင်းမှတ်တိုင်ကြီးအဖြစ် တည်ရှိနေပေသည်။

### ကျဆင်းလာသော သီဟိုဠ်သာသနာ

ဓမ္မပါလတို့ခေတ်ကား ဗြိတိသျှ နေမဝင် အင်ပိုင်ရာတွင် ဘာသာကြီးများစွာတို့အနက် ခရစ်ယာန်ဘာသာသည် 'အပေါ်စီး' ရခဲ့၍ အခြားဘာသာဝင်တို့အပေါ် မည်မျှလောက် အနိုင်ကျင့်ခဲ့သည်ကို ကိုလိုနီစနစ် ချုပ်ငြိမ်းသွားသော ဤခေတ်တွင် ယုံနိုင်ဖွယ် ရှိမည်မဟုတ်ချေ။ ထို့ထက် ထိုခေတ်အခါမျိုးတွင် မိမိတို့ အမျိုးဘာသာအတွက် သက်စွန့်ကြိုးပမ်းရသူတို့၏ စွန့်စားခန်းကိုလည်း ယခုလူတို့ အပြည့်အဝ ကိုယ်ချင်းစာ အရသာ ခံနိုင်ကြတော့မည်မဟုတ်။

သီဟိုဠ်ကျွန်းတွင် ပေါ်တူဂီ၊ ဒတ်ချ်နှင့် ဗြိတိသျှ ကိုလိုနီစနစ်အောက်တွင် နှစ်ပေါင်း လေးရာကျော် ကျရောက်ခဲ့ရရာ ဗုဒ္ဓဘာသာနှင့် ရိုးရာယဉ်ကျေးမှုတို့သည်

www.burmeseclassic.com

www.burmeseclassic.com



လုံး၀ ပျောက်ကွယ်လုမတတ် ရှိခဲ့၏။ ကံကောင်းထောက်မ၍ သီဟိုဠ်ကျွန်း တောင်ပိုင်း မာတရမြို့မှ ဟေ၀ဝိတာနေ မိသားစုမှာ ရိုးရာဗုဒ္ဓဘာသာကို ကျစ်ကျစ်မြဲမြဲ စွဲကိုင်ထားသူများတွင် ပါ၀င်ခဲ့သည်။

ဓမ္မပါလလောင်းလျာ ဒွန်ဒေးဗစ်လည်း လက်ဦးဆရာဖြစ်သော မိဘတို့၏ လောင်းရိပ်အောက်မှာပင် ဗုဒ္ဓ၀ါဒ အသိဉာဏ် အတော်အတန် ရှင်သန်ခွင့်ရခဲ့၏။ သို့ရာတွင် ကျောင်းနေနိုင်သော အရွယ်ကစ၍ ငှက်ပစ်သော ခရစ်ယာန်ကျောင်းဆရာများ၊ အရက်သောက်သော ခရစ်ယာန် ကျောင်းသားများနှင့်လည်းကောင်း၊ ကျောင်းနေဖက် ခရစ်ယာန် ကျောင်းသားများနှင့်လည်းကောင်း အပေးအယူ အပြောအဆို စည်း၀ါး မကိုက်တော့ချေ။ ခရစ်ယာန်ကျောင်းများတွင် နေရသည်မှာလည်း သူ့အဖို့ ပျော်ရွှင်မှုမရှိ။ သို့နှင့် ၁၆ နှစ်တွင် ကျောင်းက ထွက်လိုက်၏။ မက်ထရစ်ပင် မအောင်။ ရုံးတစ်ခုတွင် စာရေးကလေး ၀င်လုပ်လိုက်သေး၏။ ထိုအလုပ်၌လည်း သူစိတ်မ၀င်စား။ တစ်ကိုယ်တည်း အေးဆေးစွာ နေ၍ ဘာသာရေးအလုပ်ကိုသာ စိတ်ပါ၀င်စားနေခဲ့သည်။

ဒေးဗစ်သည် ဘာသာရေး၊ သမိုင်း၊ ဖီလော်ဆော်ဖီနှင့် အထူးသဖြင့် စိတ်ပညာ ၀ိဇ္ဇာဂိုဏ်း ပညာရပ်များကို ဖတ်ရှုပြီး နေခဲ့သည်။ ငယ်စဉ်ကတည်းက ကမ္မဋ္ဌာန်းဘာ၀နာကို ၀ါသနာပါသော်လည်း တိတိကျကျ ညွှန်ပြနိုင်သူကို မတွေ့ရှိခဲ့ရချေ။ ရဟန္တာ ပုဂ္ဂိုလ်ထူးများအကြောင်းနှင့် ဈာန်အဘိညာဉ် တန်ခိုး ဣဒ္ဓိပါဒ်တို့ကို စိတ်၀င်စား၍ ဘုန်းတော်ကြီးများထံ ချဉ်းကပ်မေးမြန်းသော်လည်း 'ဒီခေတ်မှာ ဒါတွေက လုပ်လို့ရနိုင်တော့တာ မဟုတ်ဘူး၊ စာထဲမှာပဲ ရှိတာ' ဟူသော အဖြေကိုချည်း ကြားခဲ့ရရာ ကျေနပ်မှုမရ။ ဘုန်းတော်ကြီးများ၏ စိတ်ဓာတ်ပိုင်းဆိုင်ရာ သဘောထားများနှင့် အနေအထိုင်ကိုလည်း အားမရချေ။

သို့နှင့် သီအိုဆိုဖီ သတင်းလွှာများ၊ စိတ်ပညာနှင့် မပြင်ရသော ပုဂ္ဂိုလ်ထူးကြီးများ အကြောင်းများကိုချည်း ဦးစားပေး လေ့လာဖတ်ရှုရာ တစ်နေ့တွင် အေ၊ ပီ၊ ဆင်းနက်(A.P. Sinnett)၏ မှော်လောက(The Occult World) စာအုပ်ကို ဖတ်မိသောအခါ လက်က မချချင်လောက်အောင် စိတ်၀င်စားသွား၏။ အနောက်တိုင်းမှ သီအိုဆိုဖီ ပုဂ္ဂိုလ်ကြီးများကိုလည်း အားကျနေခိုက် သီအိုဆိုဖီ သတင်းလွှာများတွင် ပါရှိသော ဟိမ၀န္တာဂုရုကြီးများထံ သွားရောက်ပြီး ရသေ့ယောဂီလုပ်ရန်ပင် စဉ်းစားနေမိ၏။

www.burmeseclassic.com

www.burmeseclassic.com



## မမြင်ရသော အထက်ဆရာကြီးများက 'တစ်မျှောင့်'

ဒေးဗစ် စိတ်ဝင်စားသည်မှာ လူငယ်ဘာဝ ထင်မိထင်ရာ စွဲလမ်းကာမတွေ့ မဟုတ်ချေ။ ဟိမဝန္တာမှ ထိုမမြင်ရသော အထက်ဆရာကြီးများကိုလည်း တကယ့် ဗုဒ္ဓဘာသာဝင် ဝိဇ္ဇာ သူတော်စင်ကြီးများဟုပင် ယုံကြည်နေသဖြင့် ထိုအထက် ဆရာကြီးများ၏ ခြေတော်အစုံ၌ ခိုလှုံကာ ရာသက်ပန်အလုပ်အကျွေး ပြုတော့ မည်ဟုပင် သန္နိဋ္ဌာန်ချလိုက်သည်။

(He decided to join the Himalayan School of Adept ..... Whole-hearted devotion to the feet of the Unseen Masters, whom he of course understood to be followers of the Lord Buddha and a ferveat aspiration to dedicate himself to their Service.)

လောကကြီးကား ဆန်းကြယ်လှ၏။ ကံတရားများကလည်း ဆန်းကြယ် လှသည်။ သီဟိုဠ်သာသနာ အသက်ဆက်ရေးနှင့် သာသနာ အမြစ်ပြတ်သွားသော အိန္ဒိယ၌ သာသနာ့မျိုးပင်ငယ် ပြန်လည်စိုက်ပျိုးရေး လုပ်ငန်းကြီးကို စွမ်းစွမ်းတမံ ဆောင်ရွက်မည့် ဓမ္မပါလလောင်းလျာ အသက် ၂၀-မျှ မပြည့်သေးသော ဒေးဗစ်၌ အထက်ပါ စိတ်တွေဝင်စားနေသည်မှာ ဆန်းကြယ်လှပေသည်။ "သူ့ဟာသူ စိတ်ကူးချင်လို့ ကူးတာပဲ" ဟုသာ လူများစုက ထင်တတ်ကြ၏။ မဟုတ်ချေ။ အလွန် သိမ်မွေ့သောအရာ ဖြစ်သည်။

ကျွန်ုပ်၏ စာဖတ်ပရိသတ်များ လေးလေးနက်နက် စဉ်းစားတတ်လာအောင် (စကားကြောရှည်ရှည်နှင့် တမင်) ရေးနေခြင်းဖြစ်ပါသည်။ အိန္ဒိယပြည်ကြီးအပွင်း သာသနာ ကွယ်တော့မည့်အချိန်မျိုး၌ ဤအတတ်ပညာဆန်းတို့သည် လျှမ်းလျှမ်း တောက်ခဲ့ဖူးသည်။ လေထဲက လာသော အဆိပ်များဖြစ်၏။ မမြင်ရသော အင်အားတို့ကာ ထိုစာမျိုး မဖတ်ဖြစ်၊ ဖတ်ဖြစ်အောင် သယ်ဆောင် သိမ်းသွင်းလာတတ်သည်။ သာသနာတော်အား အမြစ်ပြတ်အောင် ထိုးနှက်ရမည့် စီမံကိန်းကြီးဖြစ်၍ သာသနာဝင် ဘုန်းတော်ကြီးများအတွင်း အများဆုံး 'ခြေကုတ်' စခန်း လုပ်ကြ၏။ ပရိယတ်၊ ပဋိပတ် မရှိပါပဲလျက် ဘုန်းတန်ခိုးကြီးလိုသော၊ ဆရာကြီးတစ်ဆူ လုပ်လိုသော 'အညံ့စား' ရဟန်းတော်များအား ဟိုလောကနှင့် သည်လောကကြားမှာ ကိုယ်စားလှယ် (အေးဂျင်း) အလုပ်ခိုင်းလေ့ရှိကြရာ ယခုအခါ 'ဖောင်းပွ' နေသော သာသနာ၌ အေးဂျင်းတွေ မည်မျှလောက် ခြေရှုပ်နေသည်ကို သဘောပေါက်ကြရန်ဖြစ်ပါသည်။

ယခု ဒေးဗစ် ခေါင်းထဲ၌ အပြင်လောကမှ အာရုံများ လှိမ့်ဝင်၍ဝင်လာ နေ၏။ စိတ်ထဲရှိတဲ့အတိုင်း စွပ်၍လုပ်မည်ဟုသာ သူ့ဆုံးဖြတ်ချက်ကို 'အပြင်'

www.burmeseclassic.com

www.burmeseclassic.com



ချထား၏။ ထိုအာရုံမှန်သလော၊ မှားသလော သူ မဝေခွဲနိုင်တော့။ စာရှုသူ၌လည်းကောင်း၊ စာရှုသူတို့ ဝန်းကျင်၌လည်းကောင်း ထိုအဖြစ်မျိုး ကြိမ်ဖန်များစွာ တွေ့မြင်ရတတ်ပါ၏။ သတိထားကြည့်ပါလေ။ ထို့ထက် ထင်ရှားသောအဖြစ်မျိုးလည်း ကြုံရတတ်၏။ 'ငါ့မှာ ပဌာန်းဆက်ရှိလို့ ပါရမီရှိလို့' ဟုချည်း တွက်တတ်ကြရာမှ နောက်ဆုံး လေထဲကလာသော မိစ္ဆာဒိဋ္ဌိ 'တန်ခိုးကမ္ဘာ' ထဲသို့ ထိုးဆင်းနစ်မြုပ်သွားကြသည်ချည်း။

ကံအားလျော်စွာ ဖေးဒစ်စိတ်ထဲ၌ အကြံတစ်ခုပေါ်လာ၏။ သူ အားကိုးနေသော ရုရှ အမျိုးသမီးကြီး 'မဒမ် ဘလာဗာစကီး' အာဒယာဌာနချုပ်၌ ရှိနေသည် မဟုတ်ပါလော။ သူမကား သူ့ခေတ်တွင် ကမ္ဘာတစ်ခွင်၌ ထင်ရှားသော မှော်ပညာ၊ အတပ်ဟောပညာ၊ လက္ခဏာပညာ၊ စိတ်ပညာရှင်အားလုံးက လက်ဖျားခါခဲ့ရသူ ဖြစ်သည်။ ကမ္ဘာကျော် လက္ခဏာဆရာကြီး ကိုင်ရိုသည် သူမအား လက္ခဏာဟောရန် သွားရောက်တွေ့ဆုံရာ၌ သူမကပင် ကိုင်ရိုအား ဟောချလိုက်ရာ "၁၉-ရာစုမှာ အထူးခြားဆုံးသော ဂမ္ဘီရပညာရှင်ကြီးပါ" ဟုပင် နှုတ်ကထွက်ပြီး လက်မြှောက်ရသော အမျိုးသမီးကြီး ဖြစ်သည်။

## ဘုရားဟောပါဠိထဲမှာ လိုတာအကုန်ရ

ဖေးဗစ်သည် သူ့စိတ်ကူးများကို မထိမ်မဝှက်ပဲ စာတစ်စောင် ရေးကာ ဆရာမကြီးထံ အကြံဉာဏ် တောင်းလိုက်သည်။ ဆရာမကြီးက သူ့စာကို ဖတ်ပြီး သနားသွား၏။ အတွေ့အကြုံ မရင့်ကျက်သေးသော သူငယ်တစ်ယောက်၏ ဦးခေါင်းနှင့် မဆံ့အောင် ဝင်လာသော လေထဲက အာရုံများအကြောင်း စဉ်းစားရင်း ပြုံးလည်းပြုံးမိသည်။ ချက်ချင်းပင် နှစ်သိမ့်စာတစ်စောင် ကောက်၍ရေးပို့လိုက်၏။ ထိုစာ၌ ဖေးဗစ်တစ်ယောက် အလွန်လေးစားနေသော စိတ်ပညာ မှော်ပညာဆရာကြီး အေဗီ-ဆင်းနက်ထံသို့ ဆရာကြီး 'ကေ-အိပ်ချ်' က ပေးလိုက်သောစာထဲမှ စာကြောင်းတစ်ကြောင်းကိုလည်း အထူးအမှတ်အသားပြု၍ ထုတ်နုတ်ရေးသားပေးလိုက်၏။

> "အကြွင်းမဲ့ ပြည့်စုံစင်ကြယ်မှုကို လိုလား တောင့်တသူအတွက် တစ်ခုတည်းသော ကိုးကွယ်အားထားရာသည် ဗုဒ္ဓကိုယ်တော်မြတ် တစ်ပါးတည်းသာလျှင်ရှိ၏"

"The only refuge for him who aspires to true perfection is the Buddha alone."

www.burmeseclassic.com

www.burmeseclassic.com



ထိုစာကလေး တစ်ကြောင်းသည် ဒေးဗစ်၏နှလုံးသားအား ပွဲတင်ထပ်မျှ ရိုက်ခတ်သွား၏။ အဘယ်မျှကြာအောင် ရိုက်ခတ်သွားသနည်း။ ဒေးဗစ်မှ အနာဂါရိက ဓမ္မပါလ၊ အနာဂါရိက ဓမ္မပါလမှ ရှရီ ဒေဝမိတ္တ ဓမ္မပါလမထေရ် အဖြစ်ဖြင့် သေရာညောင်စောင်း လျောင်းရသည် အထိပင်တည်း။

ရဟန်းရှင်လူ ပရိသတ်ကြားတွင် ရဲရင့်ပြတ်သားစွာ ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူသွားသော ဆရာမကြီး၏ အကြံပေးချက်ကို နှလုံးသားဖြင့် လက်ခံပါ၏။ သို့သော် ခက်သည်ကား သူ့ခေါင်းထဲမှအာရုံများ လျော့ပါးငြိမ်းစဲ မသွားသည့်အပြင် တိုး၍ပင် လာပြန်၏။ 'သာသနာပြုရန် တန်ခိုးရှိမှ ဖြစ်မည်' ဟု စွဲလမ်းပြန်၏။ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများထံကမူ မျှော်လင့်ချက်မရှိ သူထင်၏။ အာဒယာမြို့ရှိ ဆရာမကြီးထံသွားပြီး 'အတွင်းနေ' တပည့်ခံကာ တန်ခိုးဣဒ္ဓိပါဒ် မှော်အတတ် (အောက်ကတ်လ်တ်ပါဝါ) ကို သင်ယူမည်ဟု ရှေ့ခြေတစ်လှမ်း တိုးလိုက်သည်။

မိဘဆရာသမားများက အမျိုးမျိုး ဟန့်တားသည့်ကြားကပင် အခွင့်ရအောင် ကြံဆောင်ကာ သွားဖြစ်အောင် သွား၏။ တစ်နေ့တွင် လူသူရှင်းခိုက် ဆရာမကြီးက ဒေးဗစ်အား သူ့အခန်းထဲသို့ ခေါ်လျက် သူမအနားမှာ ထိုင်စေပြီး ကြင်နာသော အကြည့်ဖြင့် ကြည့်ကာ -

"သား၊ သားသင်ယူရမယ့်ပညာက တန်ခိုးဣဒ္ဓိပါဒ် မှော် အတတ် မဟုတ်ဘူး၊ ပါဠိ၊ ဘုရားဟောပါဠိကို သင်ရမှာ သား၊ အခု သား လိုချင်နေတာတွေအားလုံး အဲဒီပါဠိထဲမှာပဲ တွေ့ရလိမ့်မယ်၊ သားလုပ်ရမယ့် အလုပ်က လူအများ ကောင်းစားချမ်းသာရေးအတွက် သာသနာပြုဖို့ပဲ၊ စိတ်ကူး မလွဲနှင့်သား၊ သာသနာပြုယောကျ်ားကောင်း အာဇာနည်ဖြစ်ပါစေသား" ဟု တစ်လုံးချင်း လေးလေးပင်ပင်ကြီး နားချ ပြောဆိုလိုက်ရာ ဒေးဗစ်ခမျာ ခေါင်းနားပန်းကြီးပြီး ကြက်သီးမွေးညင်းပင် ထသွားသည်။

(၁၉၅၁ ခုနှစ်၊ မဟာဗောဓိအသင်း စိန်ရတု အထူးထုတ်၌ အပြည့်အစုံ ဖတ်ရှုနိုင် ပါသည်။ ကိုယ့်အားကိုယ်မကိုးပဲ အထက်မျှော်လိုမျှော်၊ အပြင်ကို အားကိုးလိုကိုးပြီး ဆရာကြီးတစ်ဆူ လုပ်လိုသူများ၌လည်းကောင်း၊ ထူးခြားစွာ သာသနာပြုမည့်သူများ၌ လည်းကောင်း သောင်းပြောင်းရောရော ဝင်လာတတ်သော အာရုံများနှင့် စပ်၍ စဉ်းစား နိုင်ရန် စာကြော 'ဆန့်' လိုက်ပါသည်။)

www.burmeseclassic.com

www.burmeseclassic.com



## အမျိုးသားရေး လွတ်လပ်ရေး လှုပ်ရှားမှုများ

ထို့နောက် ဒေးဗစ်သည် သီအိုဆိုဖီအသင်း မန်နေဂျာတစ်ဦးဖြစ်လာကာ အမေရိကန် ဗိုလ်မှူးကြီး အော်လကော့နှင့် လက်တွဲ၍ သီဟိုဠ်ကျွန်းတစ်ခွင် တစ်ပြင်လုံးသို့ လှည့်လည်ကာ ဟောပြောသည်။ အလှူငွေများ ကောက်ခံကာ ဗုဒ္ဓဘာသာ အင်္ဂလိပ်စာသင်ကျောင်းပေါင်း ၃၀၀ ကျော် တည်ထောင်နိုင်သည် အထိ မအိပ်မနေ ကြိုးစားခဲ့၏။ သီဟိုဠ်သာသနာသည် အသက်ငွေ့ငွေ့မျှသာ ကျန်ရာမှ နေ့ချင်းညချင်း ရှင်သန်လာခဲ့သည်။

ဒေးဗစ်ကား သာသနာရေး ကိစ္စမျှသာမက အမျိုးသားရေး လူမှုရေး များကိုပါ မမောနိုင်မပမ်းနိုင် လှည့်လည်ဟောပြောသည်။ သူကိုယ်တိုင်ပင် ဒေးဗစ် အမည်ကိုဖျောက်ကာ အနာဂါရိက မြေပါလ အမည်ခံလျက် ဗြဟ္မစာရီ လူသူတော်ကြီး ဝတ်လိုက်၏။ အသက် ၂၀ လည်း ပြည့်လေပြီ။ သူ ချစ်မြတ်နိုးသော ဆရာမကြီးလည်း ဌာနေပြန်သွား၏။

မြေပါလသည် အမဲသား ရှောင်ကြဉ်ရေး၊ အရက်သေစာ၊ လောင်းကစား ရှောင်ကြဉ်ရေး၊ အနောက်တိုင်း အမည်များ၊ ဆင်ယင်ထုံးဖွဲ့မှုများ ရှောင်ကြဉ်ကာ တိုင်းရင်းသားအမည် ရိုးရာ အမျိုးသားဝတ်စုံများကိုသာ ဝတ်ရန် အပြင်းအထန် နှိုးဆော်ခဲ့၏။ ဗိုလ်မှူးကြီး အော်လကော့နှင့် တွဲရသည်မှာ သူ့အတွက် အတွေ့အကြုံ များစွာရလေရာ အော်လကော့သည် သူ့အား သင်တန်းပေးရန် ရောက်လာရသကဲ့သို့ ရှိ၏။ သူကား သာသနာရေး အတွက်သာမက သီဟိုဠ်နိုင်ငံ လွတ်လပ်ရေး အတွက်လည်း ဦးဆောင်ခဲ့သူဖြစ်၏။ သီဟိုဠ် လူငယ်များအား ဂျပန်ပြည်သို့ပို့ကာ စက်မှုပညာ အထည်အလိပ် ရက်လုပ်မှုပညာများကို သင်ယူစေခဲ့သည်။ စက်ရုံကိုပင် တည်ဆောက်ပေးခဲ့လေသည်။

## စိတ်ပျက်စရာ သီအိုဆိုဖီအသင်း

တစ်ကျွန်းလုံး လှည့်လည် ဟောပြောလျက် ကျောင်းများ တစ်ဆောင်ပြီး တစ်ဆောင် ဆောက်လုပ်ကာ အရှိန်ကောင်းနေဆဲမှာပင် 'စာရေးအလုပ် နေရာ ကောင်းကောင်း ပေးမည်' ဟူသော ကိုလိုနီ အဆောက်အအုံမှလည်း မြှူဆွယ် နေပြန်၏။ မိမိနေရာ ရောက်ပြန်တော့လည်း မြေပါလကား အိမ်မပြန်။ သီအိုဆိုဖီ တိုက်မှာပင် ညဥ့်အိပ်ညဥ့်နေ မနေမနား အလုပ်လုပ်နေ၍ အိမ်က ထမင်းချိုင့် ပို့ပေး ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် မကြာမီပင် သီအိုဆိုဖီ လုပ်ငန်း၌ စိတ်ပျက်စရာအကြောင်းတွေက ပေါ်လာပြန်၏။ သီအိုဆိုဖီသမားတို့သည် ဗုဒ္ဓဘာသာဝေါဟာရ သဘောတရားများနှင့် စပ်၍ အလွဲလွဲ အချော်ချော် အဓိပ္ပာယ် ကောက်ယူလာကြသည်။ အထူးသဖြင့် သူ မကြိုက်ဆုံးကား ဟိန္ဒူအယူအဆ အမူအကျင့်များ ဖွတ်ဆွဲသွင်း လာကြခြင်းပင် ဖြစ်သည်။ ထိုအခါ 'သီဟိုဠ် ဗုဒ္ဓစွတ် သီအိုဆိုဖီအသင်း' ဆိုသော ဝေါဟာရထဲက 'သီအိုဆိုဖီ' ဆိုတဲ့ စကားလုံးကို ဖြုတ်သော ပစ်လိုက်ပါတော့' ဟု အော်လကော့အား ပြောဆိုလိုက်ရာ အခိုက်အတန့်အားဖြင့် အော်လကော့ပင် 'စိတ်ခု' သွားခဲ့သည်။

ကံကြမ္မာတို့၏ စေ့ဆော်ချက်အရ ဘဝခရီးလမ်းတွင် လမ်းခွဲကလေးများက ရှိတတ်သည်ပင်။ ၁၈၉၁ ခုနှစ်၊ အသက် ၂၇ နှစ်အရတွင် ဓမ္မပါလသည် အိန္ဒိယပြည်ဘုရားပွင့်ရာ ဗုဒ္ဓဂယာ မဟာဗောဓိ စေတီတော်သို့ ပထမဆုံးအကြိမ် ဘုရားဖူး ရောက်သွားရာ ဘဝပေးတာဝန်တို့သည် ပို၍ လေးလံစေခဲ့၏။ ဘုရားပွင့်ရာ ဝဇီရာသနပလ္လင်၊ မဟာဗောဓိပင်နှင့် စေတီတော်ကြီး စေတီရင်ပြင်တစ်ခုလုံး မြင်မြင်သမျှ ရှုခင်းတို့သည် ဓမ္မပါလစိတ်၌ ရင်ထုမနာ များစွာ စိတ်မကောင်းခြင်း ဖြစ်စေခဲ့၏။ မဟာဗောဓိနယ်မြေတစ်ခုလုံး ဟိန္ဒူဘုန်းကြီး 'မဟန့်' က တပည့်လက်သားများစွာနှင့် အပိုင်စီးကာ ဘုရားနေရာ၌ သျှိဝလိင်ကြီးများ ထားလိုထား၊ ရုပ်ပွားကို ပစ်လိုရာပစ်၊ ဘုရားအုတ်များကို သုံးလိုရာသုံးပြီး မဟာဗောဓိစေတီတော်ကြီးကိုပင် ဟိန္ဒူဘုရားကျောင်းကြီး လုပ်ထားလိုက်သည်။

## မဟာဗောဓိအသင်း တည်ထောင်

ဓမ္မပါလသည် သီဟိုဠ်သို့ ပြန်ရောက်လျှင် ရောက်ချင်း သီအိုဆိုဖီကိုလည်း စိတ်ပျက်ရင်းစွဲ ရှိနေသည်က တစ်ကြောင်း၊ သီအိုဆိုဖီသမားများနှင့် လမ်းခွဲကာ စင်ကြယ်သော ထေရဝါဒ ဗုဒ္ဓဘာသာ အသင်းတစ်ခု တည်ထောင်လိုက်၏။ မဟာဗောဓိအသင်းဟု အမည်တပ်ကာ မဟာဗောဓိ စေတီတော်ကြီးမှစ၍ အိန္ဒိယရှိ ဗုဒ္ဓဘာသာ အထွတ်အမြတ် အဆောက်အအုံများ ကမ္ဘာ့ဗုဒ္ဓဘာသာဝင်တို့၏ စောင့်ရှောက်မှု အောက်သို့ ပြန်လည်ရောက်ရှိရေးနှင့် အိန္ဒိယ မြေပေါ်၌ ဗုဒ္ဓဘာသာ ပြန်လည်ထွန်းကားရေးကို ဆောက်ချလုပ်သွားရန် အပြီးအပိုင် သန္နိဋ္ဌာန်ချလိုက်လေသည်။

တာဝန်သိသူသည် တာဝန်ရှိလာကာ တာဝန်တွေ ပိလာမြဲဖြစ်သော်လည်း တာဝန်ကို ပျော်ပျော်ကြီးပင် ထမ်းဆောင်မြဲဖြစ်၏။ ဓမ္မပါလသည် မဟာဗောဓိအသင်း

www.burmeseclassic.com

www.burmeseclassic.com



ကြီးကို တည်ထောင်လိုက်သော်လည်း သူ့အသက်မှာ ၂၇ နှစ်မျှသာရှိသေး၍ ဆရာကြီး အော်လကော့ကိုပင် နေရာပေး ရှေ့တန်းတင်ကာ ဆောင်ရွက်ရ၏။ နောက်တစ်နှစ်တွင် မဟာဗောဓိဂျာနယ်ကို ထုတ်ဝေခဲ့၏။ သတင်းစာဂျာနယ်များမှနေ၍ မဟာဗောဓိစေတီတော်ကြီး ကမ္ဘာ့ဗုဒ္ဓဘာသာဝင်တို့လက် ပြန်လည်ရောက်ရှိရေးကို တစ်ကမ္ဘာလုံးသို့ သွေးလှန့်နှိုးဆော်လိုက်သည်။ အရှေ့အနောက် တိုင်းပြည်မြို့ရွာအနှံ့ လှည့်လည်၍လည်း အသင်းခွဲများ တည်ထောင်စည်းရုံးခဲ့၏။

မဟာဗောဓိ ရင်ပြင်တော်ပေါ် သို့သွား၍ အဓိဌာန်အာရုံပြုကာ ရှင်းလင်းလို့ရနိုင်သမျှ ရှင်းလင်းခိုက်၊ ဘုရားအာရုံပြုခိုက် ဟိန္ဒူဘုန်းကြီး၏ အခြွေအရံများ၏ ဆွဲထိုးရိုက်ပုတ်နှင်ထုတ်ခြင်းကိုပင် အကြိမ်ကြိမ် ခံရရှာ၏။ အာဇာနည် ယောကျာ်းတို့၏ အဓိပတိစိတ်ထားကား မည်သည့်အခက်အခဲကိုမျှ မဖြို။

## ကမ္ဘာ့ဘာသာစုံညီလာခံနှင့် ၁၉ ရာစု ဝိသာခါ

ထိုပုဂ္ဂိုလ်မျိုးအတွက် ဘဝလမ်းခွဲတို့သည် ကောင်းရာဘက်သို့သာ မြားညွှန်လျက်ရှိ၏။ ဆက်၍လျှောက်လေ၊ ကောင်းသည်ထက် ကောင်းရာသို့ ရောက်လေပင်တည်း။ ဓမ္မပါလ အသက် ၃၀ ပြည့်သည့် ၁၈၉၃ ခုနှစ်၊ ကမ္ဘာတွင် ပထမဆုံးဟု ယူဆရသော ကမ္ဘာလုံးဆိုင်ရာဘာသာမျိုးစုံနှင့် နှီးနှောပွဲကြီးတစ်ခု အမေရိကန်ပြည် ချီကာဂိုမြို့၌ ကျင်းပကြသည်။ ဗုဒ္ဓဘာသာအတွက် အနာဂါရိက ဓမ္မပါလအား ဖိတ်ကြားလိုက်ရာ သူ့ဟောပြောချက်များအရ ဗုဒ္ဓဘာသာအပေါ် ကမ္ဘာက ပို၍ စိတ်ဝင်စားလာကြ၏။

တစ်နည်းအားဖြင့် ဘုရားရှင်၏ ဖွား+ပွင့်+ဟော+စံရာ မဇ္ဈိမဒေသ၌ ဗုဒ္ဓဘာသာမျိုးစေ့ ပြန်လည်စိုက်ပျိုးရန် ကမ္ဘာ့အတိုင်းအတာထိ လမ်းပွင့်သွားခြင်းပင် ဖြစ်၏။ အခြေအနေတို့ကား ဆန်းကြယ်လှပေသည်၊ အဆိုပါ ဘာသာရေးဆွေးနွေးပွဲကြီး အပြီး ပြည်တော်ပြန်ခရီးတွင် ဟိုနိုလူလူမှ 'မေရီအဲလီစဘက်ဖော်စတာရိုဘင်ဆန်' ခေါ်သော အမျိုးသမီးကြီးသည် ဓမ္မပါလ၏ ဗုဒ္ဓဝါဒနှင့်စပ်၍ ဟောပြောချက်၊ ရည်ရွယ်ချက်များကို သိရှိကြည်ညိုသွားသဖြင့် အကြိမ်ကြိမ်ပင် ဒေါ်လာများစွာ လှူဒါန်းခဲ့လေသည်။ မေရီသည် အိန္ဒိယသာသနာ တစ်ကြော့ ထွန်းပရာ၌ ဝိသာခါ ပင်တည်း။

ဓမ္မပါလသည် မဟာဗောဓိစေတီတော်ကြီး ကမ္ဘာ့ဗုဒ္ဓဘာသာတို့ လက်သို့ ပြန်လည်ရောက်ရှိရေး အဆင့်ဆင့် ရှုပ်ထွေးကျပ်တည်းသော ခရီးကြမ်းကြီးကို

www.burmeseclassic.com

www.burmeseclassic.com



လျှောက်ခဲ့ရ၏။ ပြိတ်သျှအုပ်ချုပ်ရေးအောက်၌ ဟိန္ဒူဘုန်းကြီးများနှင့် တရားတဘောင် တွေ့ခဲ့ရ၏။ နှစ်ပေါင်း ၂၀ ကျော်အောင် အပြင်းအထန် ဆောင်ရွက်ခဲ့ရသည်။

## ဗုဒ္ဓဝင်ဌာနများ ပြန်လည်ဖော်ထုတ်ခြင်း

ထိုကိစ္စအတွက် အရှေ့အနောက် နိုင်ငံပေါင်းစုံကို အခေါက်ခေါက်သွားရာမှ အကူအညီများနှင့်အတူ အတွေ့အကြုံများလည်း များခဲ့၏။ သတင်း စာစောင်များ ဖြန့်ဝေခြင်း၊ အိန္ဒိယ၌ အခမဲ့စာသင်ကျောင်းများ၊ တည်းခိုရိပ်သာများ၊ တက္ကသိုလ်များ အခမဲ့ ဆေးပေးခန်းများနှင့်အတူ သမိုင်းဝင်ဌာနများ၌ စေတီကျောင်းကန်များ အသစ်တည်ထောင်ခြင်းများကို ပြုလုပ်နိုင်ခဲ့၏။ သီဟိုဠ်၌ ဂျပန်အထည်လုပ်ငန်းရုံ ဖွင့်လှစ်ပေးသကဲ့သို့ ဗာရာဏသီမြို့မိဂဒါဝုန် (ဆာရ်နာ့သ်)၌လည်း အမေရိကန် စက်မှုပညာရှင်တစ်ဦးကို ခေါ်ဆောင်ကာ စက်မှုလက်မှုကျောင်းတစ်ကျောင်း တည်ထောင်ခဲ့၏။ သို့ရာတွင် သူ့အောင်မြင်မှုကို မရှုနိုင်သော သီအိုဆိုဖီတို့ နှောင့်ယှက်လာကြသဖြင့် အောင်မြင်သင့်သလောက် မအောင်မြင်ခဲ့ချေ။

၇-နှစ်ကျော်အောင် နေ့မအားညမအား ဆောင်ရွက်ပေးခဲ့သော သီဟိုဠ်ကျွန်းရှိ ကျောင်းများကိုလည်း ခေတ်မီသင်ကြားနည်းစနစ်၊ အထောက်ကူပစ္စည်းများဖြင့် တိုးချဲ့မွမ်းမံပေး၏။ အထက်တန်းကျောင်းမှ ကောလိပ်ကျောင်းဖြစ်အောင် တည်ထောင်ပေးရင်း ဇာတိသွေးကိုလည်း တစ်ဘက်က နှိုးဆွပေးခဲ့၏။

## သာမဏေကျော်များ မွေးထုတ်ခြင်း

သူသည် ထိုခေတ် သီဟိုဠ်ရဟန်းတော်များ၏ စိတ်ဓာတ်၊ အနေအထိုင် ဖွဲ့စည်းပုံနှင့် ဘာသာရေးလုပ်ဆောင် ရပ်တည်ချက်များကိုလည်း အားမလို အားမရ ဖြစ်နေရာ ပထမဆုံးကွဲနေသော ဂိုဏ်းများကို တစ်လုံးတစ်စည်းတည်းဖြစ်အောင် ဂိုဏ်းခေါင်းဆောင်များနှင့် အကြိမ်ကြိမ်ကြိုးစားကြည့်သည်။ မရ။ ဒကာဒကာမများအား မျက်စိပွင့်အောင် ဟောပြောပေးစေချင်၏။ ထွက်ပေါ်မလာ။ "ကိုယ်တော်တို့ဟာ သူများလှူတာတွေ စားပြီး အိပ်နေကြတာပဲ" ဟုပင် လျှောက်ထားမိ၏။ ထိုခေတ်ရှင်ပြုပေးပုံကိုလည်း နည်းစနစ် လွဲမှားနေသည်ဟု သူ ယူဆ၏။ ဘုန်းကြီးများကို

www.burmeseclassic.com

www.burmeseclassic.com



အားမကိုးတော့။ သူကိုယ်တိုင်ပင် ဦးစီးကာ ၁၉၂၅ ခုနှစ်က ကန္ဒီမြို့၌ ဗုဒ္ဓဘာသာစာပေ အတတ်သင်ကျောင်းတစ်ခု ဖွင့်လှစ်ခဲ့သည်။ ထိုကျောင်းက ဆယ်ကျော်သက် သာမဏေကလေးများကို မွေးထုတ်ပေး၍ ရှေ့သို့ ပညာဆက်လက်သင်ယူရန် 'တဂိုး' တည်ထောင်သော 'သန္တိ-နိကေတန်' ကောလိပ်သို့ ပို့ပေးလေ့ရှိသည်။

(ဓမ္မပါလ အထူးထုတ် မဟာဗောဓိဂျာနယ်၊ စက်တင်ဘာလ၊ ၁၉၄၈)

ဓမ္မပါလသည် ဆရာတော် သံဃာတော်များသာ အဖွဲ့အစည်းနှင့် လုပ်ရမည့် ကိစ္စမျိုးကို တစ်ကိုယ်တော် ဦးဆောင်ပြီး တစ်သက်ပန်လုံး ကြိုးရုန်းလုပ်သွားသည်။ ပါဠိသင်တန်း၊ ပါဠိကျမ်းဂန်များ ရိုက်နှိပ်ခြင်း၊ ရဟန်းတော်များအား အင်္ဂလန် သာသနာပြုလွှတ်ခြင်း စသည်ဖြင့် သီဟိုဠ် အိန္ဒိယလောက်ကိုသာမက ကမ္ဘာ့သာသနာပြု လုပ်ငန်းအထိ လမ်းခင်းပေးသွားခဲ့သော လူ့အာဇာနည်ကြီးပင်တည်း။

## အလုပ်ခွင်မှာ ကမ္မဋ္ဌာန်းပါ

သူ့ဘဝ ခရီးတစ်လျှောက်၌ သမိုင်းတွင် မကြုံဖူးသော အောင်မြင်မှုတို့သည် များစွာရှိသကဲ့သို့ ဆန့်ကျင်ဘက် အခက်အခဲ အနှောင့်အယှက်များကိုလည်း ဆက်တိုက်လိုလိုပင် ရင်ဆိုင်ခဲ့ရ၏။ သို့သော် သူ့မှာ အားကိုးတစ်ခုရှိထားသည်။ ယင်းကား ကမ္မဋ္ဌာန်းဘာဝနာ နှလုံးသွင်း လက်ကိုင်စွဲထားခြင်းဖြစ်၏။ မြန်မာမိတ်ဆွေများ ထံကလည်း တရားရှုပွားနည်း ပေစာများ ရရှိခဲ့ဖူး၏။ စိတ်ပညာနှင့် ကမ္မဋ္ဌာန်းဘာဝနာ တို့ကို သူသည် ငယ်စဉ်ကပင် ဝါသနာကြီးလှ၏။ ရောက်ရာအရပ်၌ ထိုစာပေမျိုး၊ ထိုဆရာမျိုးကို အမြဲလေ့လာ၏။ ပေါက်မြောက်သည်ဟု ထင်ရသူများကို သူ မတွေ့ခဲ့။ သို့နှင့် မဟာသတိပဋ္ဌာနသုတ်နှင့် ဝိသုဒ္ဓိမဂ်ကို အားကိုးပြုကာ နေ့စဉ် ဝတ်ထားပြီး လေ့ကျင့်ခဲ့ရာ -

"ပြဿနာတွေ ဘယ်လောက်များများ၊ ပြဿနာတွေကြားမှာ အာဘာသရာ ဗြဟ္မာကြီးတစ်ဦးလိုပဲ ချမ်းမြေ့နှစ်သက်မှုအပြည့် (ပီတိသုခနှင့်) နေလို့ရပါတယ်" ဟု မကြာခဏ ပြောလေ့ရှိ၏။

သူ လေ့လာသိရှိသမျှ မြန်မာလူမျိုးများနှင့် စပ်၍လည်း ဤကိစ္စတွင် ချီးကျူးလေ့ရှိ၏။ "ဘာသာရေး သဘောတရားမှာ မြန်မာများဟာ သီဟိုဠ်ကျွန်း သားများထက် သာပါပေတယ်။ ကမ္မဋ္ဌာန်း ဘာဝနာကျင့်သုံးမှု (ပဋိပတ္တိသာသနာ)

www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း သီဟိုဠ်မှာကဲ့သို့ ပျောက်ကွယ်ခွင့် မပေးကြပေ" ဟု သူ့ ဒိုင်ယာရီတွင် ရေးထား၏။

အနာဂါရိက ဓမ္မပါလသည် မိဂဒါဝုန်၌ မူလဂန္ဓကုဋိကျောင်းတော်ကြီး ဆောက်လုပ်နိုင်သည်မှာ အလွန် ဝမ်းမြောက် ဂုဏ်ယူလောက်ပေသည်။ မိဘ အမွေအနှစ်ကို မ,တည်ပြီး ဆောက်လုပ်ရာ တစ်သိန်းနှစ်သောင်း ကုန်ကျ၏။ မြတ်စွာဘုရား ဓမ္မစကြာတရား ဟောရာဌာန ဧက ၂၀ ခန့် မြေပေါ်၌ ဥယျာဉ် ပန်းမာလ်များဖြင့် တင့်တယ်လှပေသည်။ ထို့၌ သူ့ကျောက်ရုပ်ကိုလည်း တွေ့ရသည်။ ၁၉၃၀ ပြည့်နှစ် ပြီးစီး၏။ ထိုမိဂဒါဝုန် (ဆာရ်နာ့သ်)သည် သူ ပထမဆုံးအကြိမ် ရောက်စဉ် (၁၈၉၁)က ဝက်မွေးသူများနေထိုင်ကြကြောင်း သူ၏ မူလဂန္ဓကုဋိဖွင့်ပွဲ၌ ပြောကြားဖူး၏။

အနာဂါရိက ဓမ္မပါလသည် အသက် ၆၀ ကျော် ၇၀ သို့ နီးလာသောအခါ ကျန်းမာရေးမှာ အထူး ချူချာလာ၏။ သို့ရာတွင် မည်သည့်အခါမျှ မျက်နှာ၌ နေမကောင်းသောလက္ခဏာ မတွေ့ကြရ။ ၁၃၊ ၇၊ ၃၁ နေ့၌ သူသည် အနာဂါရိက ဓမ္မပါလ ဟူသော ဗြဟ္မစာရီ လူသူတော်ဘဝမှ သာမဏေ ပြုလိုက်၏။ ၁၆၊ ၁၊ ၃၃ အသက်တော် ၆၉-နှစ်တွင် သူမြတ်နိုးသော မိဂဒါဝုန်၌ပင် ရဟန်းပြုသည်။ အနာဂါရိက (အိမ်ရာမထောင်သူ) နေရာ၌ 'ဒေဝမိတ္တ' အစားထိုးကာ 'ဒေဝမိတ္တ ဓမ္မပါလ' ဘွဲ့တော်ကို ခံယူတော်မူလေသည်။

ဘဝတစ်လျှောက်လုံး ပင်ပန်းကြီးစွာ ထမ်းဆောင်ခဲ့ရသော ဒဏ်ချက်များက သူ့စိတ်ဓာတ်ကို မလွှမ်းမိုးနိုင်ခဲ့သော်လည်း သူ့ခန္ဓာ၌မူ ပေါ်ထင်လာကြသည်။ သူသည် သူ့ဘဝကို သူသိကာ ရဟန်းပြုပြီး မိဂဒါဝုန်၌ပင် ကျန်းမာရေး အပြုစု ခံယူလျက်ရှိခဲ့၏။ စွဲမြဲနေခဲ့သော နှလုံးရောဂါပေါ်၌ အအေးပတ်ဖျားသော ရောဂါက ထပ်ဆင့်ဖိစီးခဲ့လေရာ ဆေးသက်မျှသာ ရှိနေတော့၏။ ဆေးတွေကို နေ့စဉ်နှင့်အမျှ သောက်နေသော်လည်း ရောဂါမှာ ထူးခြားမလာသဖြင့် ဆေးများကို တိုက်တိုင်း ထွေးအန်ပစ်၏။

## ၂၅-ဘဝလောက် သာသနာပြုချင်သူ

"ပြုပြင်လို့ မရလောက်အောင် ပျက်စီးနေတဲ့ ခန္ဓာကိုယ်ကြီးအတွက် အကျိုးမဲ့ အသုံးပြုမယ့် ပိုက်ဆံတွေကို သာသနာပြုဖို့ ထားလိုက်ကြပါတော့" ဟု တောင်းပန်ရှာ၏။ ဝေဒနာ ခံစားရသောရက်များ ရှည်လာသောအခါ မည်သူ့မျှ

www.burmeseclassic.com

www.burmeseclassic.com



မလွန်ဆန်သာ၍ ဤခန္ဓာကိုယ်ကြီးကို ထားပစ်ခဲ့ရစေကာမူ အားငယ်ခြင်းမရှိ။ သူ့စိတ်ဓာတ်ကား အားမရနိုင်သော သာသနာပြုလုပ်ငန်းအတွက် တိုက်ပွဲအသစ်ကိုသာ ကြိုဆိုလျက်ရှိခဲ့၏။

"အင်း ငါသေပရစေ၊ မြန်မြန်သေပြီး ဒီမှာပဲ မြန်မြန် လူပြန်ဖြစ်ပရစေ၊ ရောဂါသက် မရှည်ပရစေနှင့်တော့၊ ဒီမှာပဲ ၂၅ ကြိမ်တိုင်တိုင် လူပြန်ဖြစ်ပြီး မြတ်စွာဘုရားသာသနာကို ပြုပါရစေ" ဟု ညည်းတွားရင်းပင် ၂၉၊ ၄၊ ၁၉၃၃ နေ့တွင် သံဃာတော်များ ရွတ်ဖတ်သည့် ပရိတ်တရားတော်ကို နာယူလျက် ပြန်လွန်တော်မူခဲ့လေသည်။

အချုပ်အားဖြင့် ဆိုရသော် ယနေ့ အိန္ဒိယ၌ ဗုဒ္ဓသမိုင်းဝင်ဌာနများကို ယခုကဲ့သို့ တွေ့မြင် ဖူးမြော်နေကြရသည်မှာ အနာဂါရိက ဓမ္မပါလ၏ ကျေးဇူးပင် ဖြစ်ပါသည်။ သာသနာအတွက် အသက်အိုးအိမ် စည်းစိမ်ကိုသာမက မိမိတို့ တိုင်းပြည်၊ ဆွေမျိုးများကိုပါ စွန့်ခွာ၍ သာသနာပြုကြသူတို့၏ အကြောင်းသည် ကြားနာရခဲလှပါသည်။

အမေရိကန် ဗိုလ်မှူးကြီး အော်လကော့နှင့် ရုရှား အမျိုးသမီးကြီး မဒမ် ဘလာဗာစကီးတို့သည် မိမိတို့ တိုင်းပြည်ကို စွန့်ခွာ၍ အိန္ဒိယသို့ လာရောက် အခြေစိုက်ကာ သာသနာပြုခဲ့ကြ၏။ ဓမ္မပါလသူငယ်အား လူလားမြောက်အောင် စောင့်ရှောက်သွန်သင်ခဲ့ကြ၏။ ဆရာကြီး အော်လကော့နှင့် ဓမ္မပါလတို့သည် သာသနာ့အလံကို လက်ဆင့်သယ်ယူရန် ၁၀ ကျော်သက် သာမဏေကလေးများ ကိုပင် မွေးမြူကာ အမြော်အမြင်ကြီးစွာ ဆောင်ရွက်ခဲ့ကြလေသည်။

မြန်မာနိုင်ငံ စစ်တွေမှ ကိုရင်စန္ဒနှင့် ကိုရင်သူရိယတို့ကိုလည်း ထို သာသနာပြု လူသူတော်ကြီးနှစ်ဦးတို့ပင် သာသနာပြု လမ်းကြောင်းပေါ် သို့ ပို့တင်ခဲ့ကြလေသည်။ ဤအတ္ထုပ္ပတ္တိ သမိုင်းရေစီးကြောင်းကို ခြေရာခံလျက် သာသနာ့ဘုန်းကံ မမြင်ရသော ကံတရားတို့၏ အစီအမံ (ကံစီမံကိန်းကြီး) အထိ မြင်အောင် ကြည့်နိုင်ပါမူ မည်သည့်အခါတွင်မျှ သာသနာတော်အတွက် အားငယ်စရာမရှိပါချေတကား။

### အခက်အခဲကြားက ကြိုးစား၍ ပညာသင်ယူခြင်း

### (၅)

ရှင်စန္ဒ ရှင်သူရိယတို့ပါဝင်သော စစ်တွေ ဘုရားဖူးအဖွဲ့သည် ကာလကတ္တား မြို့သို့ ချောမောစွာ ရောက်ရှိကြ၏။ အနာဂါရိက ဓမ္မပါလသည် ကာလကတ္တားမြို့

www.burmeseclassic.com

www.burmeseclassic.com



ပွဲစားကြီး ဦးချိဇားရှိအမှူးရှိသော ရခိုင်အမျိုးသားပွဲစားကြီး ၁၂-ဦး မိသားစုနှင့် အတူ သိုက်သိုက်ဝန်းဝန်း ဆီး၍ကြိုနေကြသည်။

ဓမ္မပါလသည် ရှင်စန္ဒ၊ ရှင်သူရိယနှင့် မောင်သတိုးဦးတို့အား ပွဲစားကြီး ဦးချိဇားရှိတိုက်၌ တစ်ညဉ့်မျှသာ နားနေစေပြီးလျှင် နောက်တစ်ရက် နံနက်တွင် ဗုဒ္ဓဂယာ မဟာဗောဓိသို့ ခေါ်ဆောင်သွား၏။ မဟာဗောဓိစေတီတော်ကြီးအနီး၌ မင်းတုန်းမင်းတရားကြီး၏ ကုသိုလ်တော် အုတ်တိုက်ဇရပ်ကြီးတစ်ခုရှိရာ အရှင် စန္ဒဇောတိခေါ် သီဟိုဠ် ရဟန်းတော်တစ်ပါး သီတင်းသုံးနေ၏။

## ရှေးတမြန်မာနှင့် ဗုဒ္ဓဂယာသမိုင်း

မင်းတုန်းမင်းတရားကြီးသည် ၁၂၃၆-ခုနှစ်က ဗြိတိသျှအစိုးရနှင့် ထိုနယ်မြေ တစ်ခုလုံးကိုတပည့်လက်သား ကျွန်အေးလယ်ယာများစွာဖြင့် အုပ်စိုးနေသော ဟိန္ဒူဘုန်းကြီး မဟန့်တို့၏ သဘောတူ ခွင့်ပြုချက်အရ မဟာဗောဓိစေတီတော်ကြီး ပြင်ဆင် မွမ်းမံရန် မြောင်လှမြို့စား ဝန်ထောက်မင်းကြီး မဟာသီရိဇေယျသူ ဦးဆောင်သော အဖွဲ့တစ်ခုကို စေလွှတ်ခဲ့သည်။ မင်းမိဖုရား မှူးမတ် သားတော် သမီးတော်များ မိမိတို့ သဒ္ဓါတရားအလိုက် လှူဒါန်းကြရာ တံခွန်ပန်းကုံး ပန်းခိုင်စသည်တို့မှာ ရတနာ့မျိုးစုံ ခြယ်လှယ်ထားကြသည်။ ပါဠိ၊ သက္ကတ၊ ဟိန္ဒီ၊ မြန်မာ ကျောက်စာ ရေးထိုးပြီး လှူဒါန်းခဲ့ရာ စိန်လုံးရေ - ၅၁၁၊ မြလုံးရေ-၃၁၁၊ ကျောက်နီ-၃၉၆၆၊ ပုလဲ-၆၂၃ တန်ဖိုးစုစုပေါင်း (၁၆)သန်းဖြစ်၏။

မင်းတုန်းမင်းတရားကြီးသည် စကြာယာဉ်မွန် မီးသင်္ဘောဖြင့် အထူး စေလွှတ်ကာ မဟာဗောဓိ စေတီတော်နှင့်တကွ ပျက်စီးယိုယွင်းသမျှ အားလုံး ပြင်ဆင်စေသည့်အပြင် ဇရပ်တစ်ဆောင်နှင့် ကျောက်စာရုပ်ပါ တည်ထားစေခဲ့သည်။ ကျောက်စာကို ဖတ်၍မရအောင် ဖျက်ဆီးထားကြသည်။ ၁၁၈၃-ခုနှစ်က ဘကြီးတော် မင်းတရားကြီးလည်း ထိုသို့ပင် ရတနာအမျိုးမျိုးတို့ ပို့လှူစေခဲ့ရာ ကျောက်စာတိုက် အတွင်း ကျောက်စာရေးထိုးစေခဲ့ဖူး၏။ ယခု ကျောက်စာကား မရှိတော့ချေ။ ဇရပ် ကိုလည်း ဟိန္ဒူဘုန်းကြီးက အသစ်ပြင်ဆောက်ထား၏။ ဗောဓိပင်အနောက်ဘက် ကိုက်-၈၀အကွာ၌ ရဟန်းတော်အပါး၂၀-ခန့် သီတင်းသုံးနိုင်သော ၅-ထောင်ကျော်တန် သီပေါမင်းကျောင်းတစ်ဆောင်လည်း ရှိခဲ့ဖူး၏။ ၁၉၅၆-ခုနှစ် ဗုဒ္ဓဇယန္တီခေတ်က အိန္ဒိယမြန်မာနှစ်နိုင်ငံ သဘောတူညီချက်ဖြင့် ထိုတိုက်ကျောင်းကိုလည်း ဖျက်ဆီး လိုက်ကြပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဂယာ မဟာဗောဓိနယ်မြေ၌ ပုဂံခေတ်မှစ၍ မြန်မာဘုရင်အဆက်ဆက်တို့ပြုပြင်ထိန်းသိမ်းခဲ့သော အထောက်အထား ကျောက်စာများကား အထင်အရှား ရှိပေသည်။ ပြူတစ်သိန်းမင်းခေါ် ရခိုင်ဘုရင်မင်းလက်ျာ၊ ပုံသုကူမထေရ်၊ ၄၆၇-ခု အလောင်းစည်သူမင်း၊ မြန်မာသက္ကရာဇ် ၁၁၀၀ ခန့်က မြန်မာဘုန်းတော်ကြီး ဓမ္မရက္ခိတနှင့် ၁၁၇၀-ခုနှစ်က ဘိုးတော်မင်းတရားကြီး စသည်ဖြင့် ဗုဒ္ဓဂယာနှင့် မြန်မာတို့၏ ဆောင်ရွက်မှုသမိုင်းမှာ အလွန်ဂုဏ်ယူဖွယ် ကောင်းလှပေသည်။

သစ်ပင်ရိပ်မျှကိုပင် ခိုနားခွင့်မရ၊ ရေတွင်းက ရေကိုပင် ခပ်ယူသုံးခွင့်မရအောင် ဇာတ် အယူသည်းကြသော ဒေသ၌ အစဉ်အဆက် ဘုရားဖူးများချမ်းသာစွာ တည်းခိုနိုင်ကြစေရန် ရည်သန်၍ ဆောက်လှူသွားကြသော ရှေးက မြန်မာဘုရင်တို့၏ သဒ္ဓါတရားနှင့် အမြော်အမြင်မှာ ကြီးမြတ်လှပါပေသည်။

သာသနာ ၂၅၀၀ ခေတ်တွင်ကား အိန္ဒိယအစိုးရသည် ကမ္ဘာ့ဗုဒ္ဓဘာသာဝင်တို့အား အထူးအခွင့်အရေး ပေးသည့်အနေဖြင့် ဗုဒ္ဓဝိဟာရများ ဆောက်လုပ်၍ မိမိတို့သဘောကျ သာသနာပြုနိုင်ကြစေရန် မြေဧကာ ကျယ်ဝန်းစွာ ခဲဝေပေးခဲ့၏။ တိဘက်၊ တရုတ်၊ ဂျပန်၊ ဗီယက်နမ်၊ သီဟိုဠ်၊ ထိုင်း၊ အိန္ဒိယ၊ ဘူတန်-စသော နိုင်ငံများက အသီးသီး မိမိတို့၏ တိုင်းပြည် ယဉ်ကျေးမှု ပန်းချီပန်းပု အပြောက်အမွမ်းတို့ဖြင့် တခမ်းတနား ဆောက်လုပ်ထားသော ဗုဒ္ဓဝိဟာရများကို တွေ့မြင်ကြရသည်မှာ အလွန်အားကျဖွယ်ကောင်းလှ၏။

ကမ္ဘာ့မြေထူးမြေမြတ်ဖြစ်သော ထိုနေရာ၌ မြန်မာပြည် ကိုယ်စားပြုသော ဗုဒ္ဓဝိဟာရကား ယခုတိုင် မရှိသေးချေ။ လွတ်လပ်ရေးရပြီး ကိုယ့်မင်းကိုယ့်ချင်း ဖြစ်လာသောအခါတွင်မှ ဗုဒ္ဓဂယာနှင့် မြန်မာတို့ သမိုင်းကွင်းဆက်ကား ‘ကွက်လပ်’ ဖြစ်နေလေပြီ။

လက်လှမ်းတစ်မီ သမိုင်းတစ်ခေတ်တွင် ဗုဒ္ဓဂယာ မဟာဗောဓိစေတီတော်ကြီး ကမ္ဘာ့ဗုဒ္ဓဘာသာဝင်တို့၏ လက်တွင်းသို့ ပြန်လည်ရရှိရေး ကြိုးပမ်းမှုသမိုင်းကို ရေးကြ ပြောကြသောအခါ မင်းတုန်းမင်းတရားကြီးပြီးလျှင် သီဟိုဠ်မှ အနာဂါရိက ဓမ္မပါလဖြစ်ကြောင်း မှတ်တမ်းတင်ကြ၏။ မင်းတုန်းမင်းတရားကြီးကား ထိုသမိုင်းတွင်လည်း ယနေ့တိုင်အောင် မြန်မာဂုဏ်ကို ဆောင်လျက်ရှိနေပေသေးသည်။

ဓမ္မပါလသည် ကိုရင်စန္ဒ၊ ကိုရင်သူရိယနှင့် ကျောင်းသား မောင်သတိုးဦးတို့အား ခေါ်ဆောင်သွားရာ၌လည်း မင်းတုန်းမင်းတရားကြီး၏ ဇရပ်ရှိနေသေး၍

www.burmeseclassic.com

www.burmeseclassic.com



တော်ပေသေး၏။ မြန်မာဘုရင်တို့သည် ထက်သန်သော သဒ္ဓါတရားဖြင့် သားစဉ်မြေးဆက်တို့အတွက် အမြော်အမြင်ကြီးစွာ စွန့်ကြသွားကြရသော်လည်း (ယခုအခါကဲ့သို့ မြန်မာတို့ အမြဲနေထိုင်ခြင်း မရှိသေး၍) ဟိန္ဒူဘုန်းကြီး မဟာန့်ကိုသာ လွှဲအပ်ခဲ့ကြရရှာသည်။

ဓမ္မပါလသည် ကိုရင်ကျောင်းသားများအား မင်းတုန်းမင်းတရားကြီး၏ အုတ်ဇရပ်၌ သီတင်းသုံးလျက်ရှိသော သီဟိုဠ်ဘုန်းကြီး အရှင်စန္ဒဇောတိထံ ပညာသင်ရန် အပ်နှံလိုက်သည်။ ပြီးလျှင် ဓမ္မပါလသည် ကာလကတ္တားရှိမဟာဗောဓိအသင်းတိုက်သို့ ပြန်သွား၏။ ကိုရင်ကျောင်းသားများသည် ဘုရားပွင့်တော်မူရာ ဗောဓိပင်နှင့် ရွှေပလ္လင်အနီး မဟာဗောဓိစေတီတော်ကြီး၌ နေ့စဉ်နှင့်အမျှ သွားရောက်ဖူးမြော်ကြရသဖြင့် ပျော်ရွှင်နေကြသည်။

## ဟိန္ဒူဘုန်းကြီးတို့ ရန်မူနှောင့်ယှက်

စေတီတော်ကြီးအနီး၌ ဗောဓိပင်ကြီး နှစ်ပင်ရှိရာ အနောက်ဘက်အပင်မှာ မူလဗောဓိပင်နေရာ၌ ၁၈၇၀-ပြည့်နှစ်က အိန္ဒိယ ကျောက်စာမင်းကြီး 'ကန်နင်ဃမ်' စိုက်ပျိုးခဲ့သော ဗောဓိပင်ဖြစ်သည်။ စေတီတော်ကြီး မြောက်ဘက်ကုန်းမြင့်၌ အပင်ကြီးတစ်ပင်လည်း ရှိသေးရာ ထိုအပင်ကြီး၌ ကုလားတို့ထုံးစံအရ သေသွားသူများအား ရည်စူး၍ စားသောက်ဖွယ်များကို လာကျွေးကြ၏။ ပါဠိလို မတကဘတ္တ၊ အရပ်ခေါ် တစ္ဆေကျွေးရာ ညောင်ပင်ကြီးပင်တည်း။ နေ့စဉ် လာရောက်၍ တစ္ဆေကျွေးကြရာ ဖက်ရွက် မြေခွက်များဖြင့် ညစ်ပတ်ပေကျံနေတော့သည်။

ကိုရင်ကျောင်းသားများသည် နေ့စဉ် နံနက်တိုင်း ဘုရားရှိခိုးပြီး တံမြက်လှည်းကြ၏။ ထိုညောင်ပင်ကြီးအောက်၌ ရှုတ်ပွညစ်ပေနေသော ဖက်ရွက်မြေခွက်များကိုလည်း ရှင်းလင်းကြရ၏။ သည်လို မြင့်မြတ်သောနေရာ၌ ဤကဲ့သို့ ညစ်ညစ်ပေပေ မလုပ်သင့်ကြောင်း ကိုရင်များက စေတနာကောင်းဖြင့် ပြောဆိုကြသော်လည်း ကုလားများက မမှု။ နေ့စဉ် တွေ့ကြုံနေရသဖြင့် ပြောမိကြပြန်ရာ ကုလားများနှင့် ရန်ဖြစ်ကြရ၏။

တစ်နေ့သောအခါ အရှင်သုမင်္ဂလခေါ်သော ရဟန်းတော်တစ်ပါးလည်း အာဂန္တုကအဖြစ် တပည့်တစ်ဦးနှင့်အတူ လာရောက်တည်းခိုနေ၏။ မိုးကုတ်မြို့မှ ဘုရားဖူး ဧည့်သည်နှစ်ယောက်လည်း ရောက်နေကြ၏။ ကိုရင်နှင့် ကျောင်းသားများသည်

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းတော်ကြီး၏ အမိန့်အရ မိုးကုတ်မြို့မှ ဘုရားဖူးနှစ်ယောက်အား ဘုရားဖူးရန် စေတီတော်ကြီးသို့ လိုက်ပို့ကြရာ ကျောင်းမှာ လူနည်းနေမှန်းသိသော မဟန့်၏ တပည့်များသည် ဝါးရင်းတုတ်ကိုယ်စီနှင့် ဇရပ်အတွင်းသို့ ဝင်ရောက်ရိုက်ခွဲကြသည်။ ဘုန်းတော်ကြီးနှစ်ပါးကိုလည်း ရိုက်နှက်ကြ၏။ အာဂန္တုကဘုန်းကြီး ဒဏ်ရာများစွာရ၍ ၇-မိုင်ခန့်ဝေးသော ဂယာမြို့ဆေးရုံ၌ အတွင်းလူနာအဖြစ် တင်လိုက်ရသည်။ ကိုရင်ကျောင်းသားများကား ဘုရားဖူးသွားနေ၍ တော်ပေသေး၏။

နောက်တစ်နေ့တွင် ပုလိပ်ဘက်မှ ဇရပ်အတွင်းသို့ လာရောက်စစ်ဆေးပြီးလျှင် 'ဇရပ်ထဲ၌ မည်သူမျှ မနေရ' အမိန့်ထုတ်လိုက်သည်။ ဆရာတပည့်နှင့် ဧည့်သည်များ နေစရာမရှိဖြစ်နေ၏။ အရှင်စန္ဒဇောတိက ချက်ချင်းပင် ကာလကတ္တားသို့ သံကြိုးရိုက်လိုက်ရာ ဗိုလ်မှူးကြီးအော်လကော့နှင့် ဓမ္မပါလတို့ ရောက်လာကြသည်။ အခြေအနေအရ ဂယာမြို့မှာပင် တိုက်တစ်လုံးငှားရမ်းပြီး နေရာချထားပေးလိုက်၏။ အာဂန္တုကဘုန်းကြီးမှာ ဆေးရုံ၌ ၄-လကြာပြီးမှ ဆင်းနိုင်တော့သည်။

ထိုအဖြစ်အပျက်သတင်းသည် ၁၈၉၃-ခု၊ ဖေဖော်ဝါရီလ ၆-ရက်နေ့ထုတ် အင်ဒီယန် အက်စ်ပရက်စ် သတင်းစာကြီး၌ ပါရှိလာရာ မဟန့်၏ တန်ခိုးကြောင့် လက်သည်မပေါ်ပဲ အလိုလို ပပျောက်သွားတော့၏။

## ကိုရင်စန္ဒတို့ဘဝ မတည်ငြိမ်

နုနယ်သေးသော ကိုရင်နှင့် ကျောင်းသားကလေးများမှာ အိန္ဒိယ၌ တစ်နေ့တစ်ခြား နေရေးစားရေး ခက်ခဲလာသဖြင့် စိတ်ဓာတ်ကျနေကြ၏။ ဂယာမြို့မှ ကာလကတ္တားမြို့ ဦးချိဖားရှိတိုက်သို့ ပြောင်းရွှေ့လာကြသည်။ စစ်တွေမြို့ မဟာဗောဓိ အသင်းသို့လည်း မိမိတို့ ပြန်လာမည့်အကြောင်း သံကြိုးရိုက်လိုက်ကြ၏။ ဓမ္မပါလက နှစ်သိမ့်ပြောဆိုသော်လည်း မနေလိုကြတော့ပေ။ စစ်တွေသို့ ပြန်လာကြ၏။ ဘကြီးဘုန်းကြီး ဦးစန္ဒိမာထံ၌ ဝါဆိုဝါကပ်၍ ပရိယတ်များ ဆက်လက်အားထုတ်နေကြစဉ် တစ်နေ့သ၌ မန္တလေးမြို့မှ ပြာသိုလထုတ် သတင်းဂျာနယ်တစ်စောင်၌ 'အိန္ဒိယနိုင်ငံ၌ သာသနာတော် ထွန်းပြောင်တော့မည့်အကြောင်း' သတင်းခေါင်းစဉ်းကြီးဖြင့် ရခိုင်ပြည်စစ်တွေမြို့မှ ရှင်စန္ဒနှင့် ရှင်သူရိယခေါ်သော သာမဏေကလေး နှစ်ပါး ပညာသင်ကြားရန်အတွက် မစ္စတာ ဓမ္မပါလက အိန္ဒိယသို့ ပင့်ဆောင်သွားရာ အရွယ်ရောက်သောအခါ အိန္ဒိယပြည်ကြီးမှာ နေလနှစ်ပါး ထွက်ပေါ်လာသကဲ့သို့ သာသနာတော် ထွန်းပြောင်တော့မည့်အကြောင်း အထူးတလည် ချီးကျူးရေးသားထားသည်ကို ဖတ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှင်စန္ဒသည် ဝမ်းမြောက်ဖွယ်သတင်းကို ဖတ်ရခါမှ စိတ်မကောင်းဖြစ်သွား၏။ မိမိတို့အကြောင်း နိုင်ငံတစ်ရိုး ဟိုးလေးတကျော် ဖြစ်နေပြီ။ အိန္ဒိယမှာ အနေအစား ဆင်းရဲ၍ ဒုက္ခမခံနိုင်သဖြင့် စစ်တွေမှာ ပြန်ရောက်နေပြီတဲ့ ဟူသာ သိသွားကြလျှင် အလွန်ရှက်စရာကောင်းသည်။ ငါသတ္တိနည်းရာရောက်သည် စသည်ဖြင့် တွေးတိုင်း စိတ်မကောင်းဖြစ်ရ၏။ တမှိုင်မှိုင် တတွေတွေ ဖြစ်ကာ စာဝါကိုပင် မတက်နိုင် မကျက်နိုင် ဖြစ်လာသည်။ ဘာပဲဖြစ်ဖြစ် အိန္ဒိယကို ပြန်သွားမည်ဟု စိတ်ကိုတထစ်ချ ဆုံးဖြတ်လိုက်၏။ သို့သော် ဘကြီးဆရာတော်ကိုမူ မလျှောက်ရဲ။ စိတ်တွေ မဝေခွဲနိုင်၊ မှိုင်၍ချည်း နေသည်ကို အကဲခတ်မိသော ဆရာတော်က -

'ကိုရင် ဘာဖြစ်နေသလဲ၊ တမှိုင်မှိုင် တတွေတွေနဲ့ နေမကောင်းဘူးလား' ဟု ဖွတ်မေးခါမှ -

'တပည့်တော် အိန္ဒိယကို ပြန်ချင်လို့ပါဘုရား' အရဲစွန့် လျှောက်လိုက်သည်။ ထိုအခါ ဆရာတော်၏မျက်နှာမှာ ချက်ချင်း တင်းမာလာပြီး -

'ဟင် ... ဟိုအင်္ဂလိပ်ကြီးနှင့် သီဟိုဠ်က ဦးသူတော်တို့သာမက တိုင်းသူပြည်သားတွေကရော မဟာဗောဓိအသင်းကြီးကပါ ဂုဏ်ရှိသိရ်ရှိ လိုလိုလားလား ပင့်သွားတုန်းကတော့ အနေဆင်းရဲသလေ့ အစားဆင်းရဲသလေ့နဲ့ ဆရာသမား ဒကာ ဒကာမများ မျက်နှာကိုလဲမထောက်၊ မရှက်မကြောက် ပြန်လာတယ်၊ ခု ပြန်ချင်ပြန်တယ်၊ ဘယ်သူက စရိတ်ခံမှာတုန်း၊ ဒီက (စစ်တွေက) မဟာဗောဓိအသင်းကလဲ ပျက်သလိုဖြစ်နေပြီ မောင်ရှင်ယောကျ်ားမဟုတ်ဘူးလား ဘုရားသားတော် မဟုတ်ဘူးလား၊ လားချင်ကေလား၊ မောင်ရှင့်သဘော ငါနှင့်မဆိုင်' ဟု ဆက်တိုက် မာန်မဲလေရာ ကိုရင်စန္ဒမှာ ဘာမျှပြန်၍ မလျှောက်ရဲတော့ချေ။

ဘကြီးဆရာတော် ပြောခါမှ ကိုရင်စန္ဒသည် ပို၍ စိတ်မကောင်းဖြစ်နေ၏။ ကြိမ်းမောင်း မာန်မဲသည်ထက် မိမိအမှားကို ပို၍ သိမြင်လာကာ ပို၍ စိတ်မကောင်းဖြစ်နေရှာ၏။ ကံအားလျော်စွာပင် နောက်တစ်နေ့ဥပုသ်နေ့တွင် ကျောင်းဒကာကြီးများ ဥပုသ်စောင့်လာရင်း ဆရာတော်နှင့် ထိုအကြောင်းကိုပင် စကားစပ်မိကြပြန်ရာ ကျောင်းဒကာကြီး ၅-ဦးတို့က သူတို့စရိတ်ခံ ပို့ပေးနိုင်ကြောင်း လျှောက်ထားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



## အရွယ်နှင့်မလိုက်အောင် စွန့်စားခဲ့ရသူ

ထိုအကြိမ်တွင် ကိုရင်သူရိယနေရစ်ခဲ့သဖြင့် ကိုရင်စန္ဒနှင့် မောင်သတိုးဦးတို့ အိန္ဒိယသို့ ပြန်သွားကြ၏။ ကာလကတ္တားမြို့ ပွဲစားကြီး ဦးချိဇားရှိတိုက်၌ပင် ခေတ္တနေထိုင်ကြ၏။ ပွဲစားကြီးက ကိုရင်စန္ဒ၏ ဇွဲသတ္တိနှင့် ဉပဓိရုပ်ကြည့်ကာ ကိုရင် အလိုရှိသမျှ ကူညီထောက်ပံ့ရန် စဉ်းစားဆုံးဖြတ်လိုက်၏။ ထိုသတင်းကိုကြား၍ ဦးသူတော် ဓမ္မပါလရောက်လာကာ ကိုရင်ကျောင်းသားများအား ဖျောင်းဖျခေါ်ငင်၏။ ကိုရင်ကျောင်းသားများက ငြင်းဆိုနေကြသဖြင့် ရခိုင်ပွဲစားကြီးများ၏ မဟာဗောဓိ တိုက်၌သာ နေရာချထားလိုက်ကြသည်။

ထိုအချိန်က အသင်းတိုက်၌ အိန္ဒိယလူမျိုး ဘုန်းတော်ကြီး ဦးဇိနာနန္ဒ ရှိနေသဖြင့် ထိုဘုန်းတော်ကြီးထံမှာပင် ပညာသင်ကြားကြရန် စီမံကြ၏။ ဆွမ်းကွမ်း ကိစ္စအတွက်လည်း ရခိုင်ပွဲစားကြီး ၁၂-ဦးတို့အိမ်၌ပင် ဆွမ်းခံကြွရန် စီစဉ် ကြလေသည်။ သို့ရာတွင် မမျှော်လင့်သော အကြောင်းတရားများက ဖြစ်ပေါ် လာပြန်၏။ ထိုနှစ် ဝါမဆိုခင်မှာပင် ယင်းမဟာဗောဓိအသင်းခွဲမှာ ပျက်သွားသဖြင့် နေရေးထိုင်ရေး အခက်တွေ့ကြရပြန်၏။

ကုလားဘုန်းတော်ကြီး ဦးဇိနာနန္ဒသည် ကိုရင်ကျောင်းသားများ၏ စိတ်နေသဘောထားကို သိရှိသဖြင့် ကိုရင်နှင့် ကျောင်းသားများအား ကာလကတ္တားမြို့ ဝါရီပုဂံလမ်းရှိ မရမာကြီးကျောင်းတိုက် ဆရာတော်ဦးမဟာဝီရထံ ပွဲစားကြီးနှင့် တိုင်ပင်ပြီး အပ်နှံပေးကြသည်။ ဦးမဟာဝီရကား အင်္ဂလိပ်ကို တော်လှန်ရာမှ သံဝေဂရကာ ရဟန်းပြုလာသူဖြစ်စ်သည်။ ဆရာတော် ဦးမဟာဝီရကလည်း သာသနာနောင်ရေး မျှော်တွေးကာ ကျောင်းဆရာကြီး 'ဂေါဝိန္ဒ စာဆကရိန်း'ထံ အပ်နှံ၍ ပညာသင်ကြားစေ၏။ ထိုဆရာကြီးထံ၌ ၄-လမျှသာ ပညာသင်ကြားပြီးနောက် ကျောင်းဆရာကြီး ဇီဝါနန္ဒထံ ပြောင်းရွှေ့အပ်နှံကြသည်။

ကိုရင်နှင့် ကျောင်းသားများ ပညာအခြေခံ ရရှိလာသောအခါ ဦးမဟာဝီရသည် အဆင့်မြင့် ပညာများကို ကျွတ်ကျွတ်လွတ်လွတ် သင်ယူနိုင်စေရန် တစ်ကြောင်း၊ မိမိကိုယ်တိုင် ဝိဝေကရသောအရပ်၌ တရားဘာဝနာနှင့် အေးချမ်းစွာနေရန် ရည်ရွယ်ချက် ရှိသည်ကတစ်ကြောင်းတို့ကြောင့် ကိုရင်နှင့် ကျောင်းသားတို့အား ဝါစီပူခရိုင် မဟာဂါမရွာကြီး၌ အိမ်တစ်အိမ် ငှားရမ်းပေးကာ ကျောင်းဆရာကြီး 'ဂျနာဂေရုံပဏ္ဍိတ်' ထံ အပ်နှံစီစဉ်ပေးလိုက်၏။ ဟိန္ဒီ၊ ပါဠိ၊ သက္ကတ သုံးဘာသာကို

www.burmeseclassic.com

www.burmeseclassic.com



အလှည့်ကျသင်ပေးရန်လည်း ဆရာကြီးနှင့်တိုင်ပင် စီစဉ်ပြီး ကာလကတ္တားသို့ ပြန်သွား၏။

အသက်အရွယ် နုနယ်ကြသေးသော ကိုရင်စန္ဒနှင့် ကျောင်းသားမောင်သတိုးဦးသည် 'ရောမမရောက်၊ ရောမလိုကျင့်' ဆိုသကဲ့သို့ မဟာဂါမရွာကြီးသို့ ရောက်သောအခါတွင်လည်း အိန္ဒိယထုံးစံအရ သက်သတ်လွတ် ထမင်းဟင်းများကိုသာ ဖြစ်သလို ချက်ပြုတ်စားသောက်ကာ ပညာကို ကြိုးစားသင်ယူကြ၏။ ရာသီဥတု၊ အစားအစာ၊ အယူဝါဒ၊ အမူအကျင့်မတူသော လူများကြားတွင် စွန့်စွန့်စားစား သွားရောက်နေထိုင်လျက် ပညာသင်ယူရသည်မှာ မည်မျှလောက် စိတ်ဓာတ်ကြံ့ခိုင်ရမည်ကို ခန့်မှန်းကြည့်နိုင်ပေသည်။ နေထိုင်မကောင်းလို့မှ အားကိုးစရာ ဆွေမျိုးဝေးလို့ ရခိုင်မြန်မာ တစ်ဦးတလေမျှ မရှိပါပေ။

## ကုသိနာရုံနယ်သစ်ထွင်ရာ အခက်အခဲများ

မရမာကြီးဆရာတော် ဦးမဟာဝီရလည်း ကိုရင်ကျောင်းသားများ ပညာရေးစိတ်အေးရအောင် စီစဉ်ပြီးနောက် လူနေထူထပ်သော ကာလကတ္တားမြို့၌ ဆက်လက်နေထိုင်ရန် ငြီငွေ့နေသဖြင့် ဆိတ်ငြိမ်အေးချမ်း၍ ကမ္မဋ္ဌာန်းဘာဝနာနှင့် သင့်လျော်သော နေရာမျိုးကို လှည့်လာစုံစမ်းနေခဲ့၏။ မြတ်စွာဘုရားရှင် မဟာပရိနိဗ္ဗာန်စံရာ ကုသိနာရုံဌာနသည် တောတောင်စိမ့်စမ်းများ ကောင်းသည်ဟု ကြားသိရ၍ သွားရောက်စုံစမ်းပြီး ကာလကတ္တားသို့ ပြန်လာခဲ့သည်။

ပွဲစားကြီး ဦးချီဇာရှိနှင့် ပွဲကတော်ကြီး မိချမ်းမြတို့ကလည်း ဗုဒ္ဓ၏ သမိုင်းဝင်ဌာနတွင် ကျောင်းဒကာ ကျောင်းအမ ဖြစ်ကြရမည့်အရေး တွေးလိုက်တိုင်း ပီတိဖြစ်ကာ ၅-ဧကမှ ငွေ ၁၇၅-ကျပ်မျှသာကုန်ကျသော်လည်း လိုအပ်သည်များကို စီမံခန့်ခွဲနိုင်စေရန် ပိုပိုမိုမို ငွေဒင်္ဂါးတစ်ထောင်ကျပ်ကို လှူလိုက်၏။ ဦးမဟာဝီရ ကုသိနာရုံဘက်သို့ မီးရထားဖြင့် ပြန်လာခဲ့ရာ ဒေဝရိယာဘူတာ၌ ညနေ ၅-နာရီကျော်မှ ရောက်လေ၏။ ရုံပိုင်ကြီးရှေ့မှာပင် ကူလီခပေးရန် ငွေတစ်ထောင်ထုပ်ကို ဖြေ၍ ပေးလိုက်သည်။

ငွေတွေအများကြီး ပါလာသည်ကို အနီးရှိလူများ သိမြင်သွားကြရာ စိုးရိမ်မကင်း ရှိသူအချို့က ငွေထုပ်ကို ရုံပိုင်ကြီးအား အပ်နှံပြီး နံနက်ကျမှ ကုရှီနဂါးရ် (ကုသိနာရုံ)သို့ ခရီးဆက်ရန် တိုက်တွန်းကြသည်။ ၂၇-မိုင်ခန့် ဝေးသေးသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



တစ်ပါးတည်း ညခရီးမသွားရန် အတန်တန်တားသည့်ကြားကပင် ည ၇-နာရီခန့် လှည်းငှားပြီး ခရီးဆက်ခဲ့သည်။ ညသန်းခေါင်ကျော်လောက်တွင် လမ်းခရီးအကြား၌ ဦးမဟာဝီရ ဓားပြတိုက်ခံရ၏။

ဦးမဟာဝီရလည်း စိတ်ပျက်လက်ပျက်နှင့် နောက်ကြောင်းမပြန်တော့ပဲ ကုသိနာရုံသို့ ခရီးဆက်လေရာ ဟိန္ဒူဘုန်းကြီးတစ်ပါး၏ ကျောင်းသင်္ခမ်း၌ တောင်းပန်ပြောဆိုပြီး ကပ်ရပ်နေထိုင်ရရှာ၏။ ထိုကိစ္စ ပုလိပ်အဖွဲ့ကသိရှိ၍ စုံစမ်းထောက်လှမ်းရာ ၃-နှစ်ခန့်ကြာမှ အမှုပေါ်လေတော့သည်။ တရားခံများမှာ ရှုပိုင်ကြီးနှင့် အပေါင်းပါ ၆-ဦး ဖြစ်နေ၏။ ပြစ်မှုထင်ရှား၍ ထောင်ဒဏ် ၃-နှစ်စီ အပြစ်ပေးခြင်း ခံကြရသည်။ ဦးမဟာဝီရကား 'ကိုယ့်ထိုက်နှင့် ကိုယ့်ကံပဲ' ဟုသာ ဖြေဆည်လျက် ပွဲစားကြီးများကိုလည်း ရုတ်တရက် အကြောင်းမကြားဘဲ နေလိုက်၏။

ထိုမှတစ်ပါး မဟာဂါမရွာကြီးသို့ ပို့လွှတ်ထားသော ကိုရင်ကျောင်းသားများ အရေးကလည်း စိတ်မအေးဖွယ် ဖြစ်လာပြန်၏။ သူတို့ရောက်ပြီး ၁၀-ရက်ခန့်ကြာသောအခါ ကိုရင်စန္ဒတို့နေသော မဟာဂါမရွာကြီး၌ ဝမ်းရောဂါဖြစ်၍ လူပေါင်းများစွာ သေကြေပျက်စီးကြရ၏။ လူပေါင်း ၅၀၀ ခန့် သေကြေသောအခါ ရွာကြီးမှာ ပြိုလုမတတ် ဖြစ်လာကာ လူဝင်လူထွက် စားမှုနေမှုပင် အခက်အခဲတွေ့လာ၏။ သို့နှင့် ကိုရင်စန္ဒသည် ကျောင်းသား မောင်သတိုးဦးအား စစ်တွေသို့ ပြန်လွှတ်လိုက်သည်။ မိမိမှာမူ ဖြစ်ချင်ရာဖြစ် တစ်ရွာလုံး ကျီးလန့်စာစား ဖြစ်နေချိန်မှာပင် စာကို ကြိုးစားကျက်မှတ်နေသည်။ တစ်ကိုယ်ရေ ဖြစ်သလိုပင် ချက်ပြုတ်စားသောက် နေထိုင်၏။

## ရခိုင်ပွဲစားကြီး၏ ရဲရင့်သော ဒါနစေတနာ

ထိုအတွင်း ကာလကတ္တား ပွဲစားကြီးထံမှ စာတစ်စောင် ရောက်လာ၏။ စာကား မဟာဝီရဆရာတော်အား ကုသိနာရုံ၌ ကျောင်းဆောက်ရန် ငွေတစ်ထောင် လှူလိုက်ကြောင်း၊ ကိုရင် သွားရောက်ကူညီနိုင်လျှင် သင့်တော်မည်ဖြစ်ကြောင်း ပါရှိ၏။ ကိုရင်က သွားမည်ဟု စာပြန်လိုက်ပြီးနောက် အဖော်ကောင်းကောင်း ရှာကြည့်ရာ စာသင်ဖက် ပန်ဂျပ်နယ်သား ရသေ့တစ်ဦးကို ရရှိသဖြင့် ကုသိနာရုံသို့ ခရီးထွက်ရန် စီစဉ်ကြ၏။ ခရီးစရိတ်မှာ ပိုက်ဆံငါးမူးမျှသာရှိရာ ပွဲစားကြီးထံသို့လည်း အကူအညီ မတောင်းတော့ပဲ အဖော်ရသေ့နှင့်အတူ ဆရာကြီးအား နှုတ်ဆက်ပြီး ခြေလျင်ခရီးထွက်ခဲ့ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာ ကိုရင်ကလေးနှင့် ကုလားရသေ့တို့ ခြေလျင်သွားကြရာ ၃-ရက်တိုင်တိုင် ခြေလျင်လျှောက်ပြီးမှ မီးရထားစီးကြရသည်။ ဒေဝရိယာဘူတာသို့ ရောက်သောအခါ အမောမပြေပဲ စိတ်ပျက်စရာ သတင်းဆိုးကို ကြားရလေ၏။ ဦးမဟာဝီရ အဘယ်အရပ်မှာရှိကြောင်း စုံစမ်းကြည့်သောအခါတွင်လည်း သဲသဲကွဲကွဲ မသိရ၊ ဂေါရက်ပူမြို့မှာ ရှိသလိုလို ပြောဆိုကြရာ ဒေဝရိယာမှ မိုင် ၅၀ ခန့် ဝေးသေးသည်။ ခရီးစရိတ်လည်း ပြတ်လပ်ခဲ့ရာ ဂေါရက်ပူသို့ မိုင် ၅၀ ခရီးကို ကုန်းကြောင်း နှင်ရပြန်၏။ ဂေါရက်ပူရောက်၍ စုံစမ်းကြည့်ရာ ကုသိနာရုံမှာပင် ရှိနေသည်ဟု ဆိုပြန်သဖြင့် ၃၅-မိုင်ဝေးသော ကုသိနာရုံကို ခြေလျင်ခရီးဆက်ရပြန်သည်။

ကုသိနာရုံသို့ ရောက်သောအခါ ကုလားဘုန်းကြီးတစ်ပါး၏ တဲကုတ်ထဲ၌ ညှိုးငယ်စွာ သီတင်းသုံးနေသော ဆရာတော်ကို ဖူးတွေ့ရရာ ကိုရင်စန္ဒမှာ ရင်ထုမနာ ဖြစ်ရ၏။ အကျိုးအကြောင်း လျှောက်ထားကြည့်သောအခါ ကြားရသည့် သတင်းအတိုင်း အမှန်ဖြစ်နေသည်။ ကိုရင်စန္ဒသည် ထိုပြဿနာကို ချက်ချင်းပင် စဉ်းစားဆုံးဖြတ်ကာ အဖြေရှာလိုက်၏။ ပွဲစားကြီးထံ ဖြစ်ကြောင်းစုံ ကြေးနန်းရိုက်ရန်ဖြစ်သည်။ ဆရာတော်ကမူ ပွဲစားကြီးအား နောက်ထပ် တာဝန်မတက်စေလိုသဖြင့် ကြေးနန်းရိုက်ရန် မတိုက်တွန်း၊ ကန့်လည်းမကန့်ကွက်။ သို့သော် ကိုရင်စန္ဒမှာ ကြေးနန်းရိုက်ရန် ပိုက်ဆံတစ်ကျပ်မျှ မရှိ၍ ကုလားဘုန်းကြီးဆီက ခေတ္တချေးငှားရသည်။

မကြာမီပင် ပွဲစားကြီးထံမှ ကြေးနန်းရောက်လာ၏။ ကျောင်းဖြစ်အောင်သာ စီမံကြပါ။ နောက်ထပ်လည်း ငွေလိုသလောက် လှူပါမည်ဟု ကတိပြု၍ သောလောဆယ်ငွေတစ်ထောင် လှူလိုက်၏။ မြေရှင်နှင့်စကား ပြောဆိုကြသောအခါ ပုဏ္ဏားများက မရောင်းရန် ကန့်ကွက်ကြသေးသည်။ ၁၉၀၂-ခုနှစ်တွင် မြေ ၅-ဧက ဝယ်ယူပြီး ကျောင်းဆောက်ရန် သစ်အုတ်များ ဝယ်ယူစုဆောင်းကြ၏။ အိန္ဒိယ ရှေးဟောင်းကျောက်စာဌာနက ကျောင်းတောင်ဘက်ရှိ သစ်တောအုပ်ကလေးကို ၁၈၇၆-ခုနှစ် တူးဖော်စဉ်က 'ယေဓမ္မာ ဟေတုပ္ပဘဝါ' ကျောက်စာနှစ်ချပ်သာ ရရှိ၏။ ကုသိနာရုံဌာန ဖြစ်နိုင်သည်ဟုသာ မှတ်ချက်ချနိုင်၍ ၁၉၀၂-နှစ်၊ ၄-ခုနှစ် တူးဖော်သောအခါတွင်မှ ကျောင်းတော်ရာလည်း ပေါ်လာကာ ဘုရားပရိနိဗ္ဗာန်ပြုရာဌာနဖြစ်ကြောင်း ယူဆလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းနေရာ ရွေးချယ်လိုက်သောမြေနှင့် တောင်ဘက် မြောက်ဘက် တစ်စပ်တည်းဖြစ်သွားရာ နေရာရွေးချယ်ပုံ မှန်ကန်သွားသဖြင့် ပင်ပန်းရကျိုး နပ်ကြ၏။ ကိုရင်စန္ဒသည် ဆရာတော်အား အုတ်တိုက်ကြီး ဆောက်လုပ်ပြီးသည် အထိ ၃-လတိုင်တိုင် တပင်တပန်း ကူညီဆောင်ရွက်ပေးခဲ့ပြီးနောက် မူလနေရာ မဟာဂါမရွာကြီးသို့ ပညာသင်ရန် သွားကြရာ ထိုရွာ၌ ဝမ်းရောဂါပင် မပျောက် တတ်သေး။ ပညာသင်နေခိုက်မှာပင် စာသင်ပေးသော ဆရာကြီး ဝမ်းရောဂါနှင့် ကွယ်လွန်သွားသည်။

ပွဲစားကြီးသည် ထိုသတင်း သိရှိရသည်နှင့် ကိုရင်အား ကာလကတ္တားသို့ ပင့်ပြီးလျှင် ရန်ကုန်ရှိ ညီဖြစ်သူ ပွဲစားကြီး ဦးဒိုးအောင်၊ မော်လမြိုင်မှ မြို့ဝန်ကြီး ဦးကျော်ခိုင်တို့နှင့် ဆက်သွယ်၍ မော်လမြိုင် ကတိုးကော့နှပ်ကျောင်းဆရာတော် ဦးသာဂရထံ ပို့အပ်ကြ၏။ ထိုအချိန်က ကတိုးကော့နှပ်ကျောင်းတွင် စာသင်သား ၄၀ ကျော်ရှိရာ ဂျာမန်နှင့် ဂျပန်ရဟန်းတော် နှစ်ပါးတို့လည်း ပညာသင်နေကြ လေသည်။

သီတင်းဝါလကျွတ်သောအခါ မော်လမြိုင်မှ မန္တလေးမြို့သို့ ပြောင်းရွှေ့ပြီး ပညာသင်ကြား၏။ မန္တလေးမြို့ အနောက်ပြင် မြတောင်တိုက်၊ ခင်မကန်တိုက်၊ ပတ္တမြားတိုက်၊ ဝိသုဒ္ဓါရုံတိုက်တို့၌ စာတတ်အကျော် ဆရာတော်ကြီးများထံ နည်းခံ သင်ကြားသည်။ ပတ္တမြားတိုက်၌နေစဉ် မော်လမြိုင်မှ အတူပါလာသော ကျောင်းသား မောင်ဖိုးယဉ်အားလည်းကောင်း၊ (အဂ္ဂမဟာပဏ္ဍိတ တောင်ပေါက်ဆရာတော် လောင်းလျာ) ကိုရင် စက္ကပါလအားလည်းကောင်း သက္ကတဘာသာကို သင်ကြား ပေးခဲ့ဖူး၏။

ပွဲစားကြီး ဦးချီဇားန္ဒီ (ချဉ်စာရီ-ဟုလည်း ရေးသည်) သည် ရှင်စန္ဒအား ရဟန်းပြုပေးရန်နှင့် သားဖြစ်သူမောင်ကျော်ဇလှအား ရှင်ပြုပေးရန် ပွဲကတော်ကြီး မိချမ်းမြနှင့် တိုင်ပင်ကြရာ မိမိတို့နေရာဟောင်းဖြစ်၍ ဓိတ်ဆွေဗုဒ္ဓဘာသာဝင် အများရှိရာ ရာမူးခေါ်ပန်းဝါမြို့၌ ခမ်းခမ်းနားနား ပြုလုပ်ရန် စီစဉ်ကြသည်။ နေ့ရက်လည်း သတ်မှတ်ကြသည်။

နေ့ရက်ကား ၁၂၆၅-ခုနှစ်၊ တပို့တွဲလ တစ်လလုံး အလှူကြီးပေးရန် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပန်းဝါမြို့မှာ မဏ္ဍပ် ကြီးကြီးကျယ်ကျယ် ခမ်းနားစွာထိုးစေ၏။ ဆရာတော်များ သီတင်းသုံးရန် ယာယီ တည်းကျောင်းများကိုလည်း ဆောက်လုပ်စေကြသည်။ သံဃာတော်များမှာ ရဟန်းလောင်း ရှင်စန္ဒ၏ဆရာ စစ်တွေမြို့ ဦးစန္ဒိမာဆရာတော်နှင့် မန္တလေးနေပြည်တော်မှ မဟာဝိသုဒ္ဓါရုံဆရာတော် အမှူးရှိသော ဒိပဲယင်းဆရာတော်၊ စံကင်းဆရာတော်လောင်းလျာဖြစ်သော ဦးစန္ဒ၊ မောင်းထောင်ဆရာတော် ဦးဝိမလ (သုံးဆယ်မြို့)၊ ကျိုက်လပ်ဆရာတော်နှင့် ရန်ကုန်မြို့ နိုင်ငံကျော်ဓမ္မကထိက မြေနီကုန်းဆရာတော် ဦးနန္ဒိယ စသော ဆရာတော်အပါး ၄၀၊ ဖျာပုံမြို့ ဓမ္မကထိက အကျော် လူပြန်တော်ဆရာကြီး စိန်ဇနိ၊ မတ္တရာ ဝန်ကြီးကတော် ကြီးမှူးသော သီလရှင် ၁၄ ပါး။

(စံကင်းဆရာတော်ကြီး ဂုရုပ္ပတ္တိ၌ မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီးကို အကြောင်းပြု၍ ကိုယ့်စရိတ်နှင့်ကိုယ် လိုက်မည့်ဘုရားဖူးများ အပါအဝင် ရဟန်း ရှင် လူ တစ်ရာကျော် ရှိသည် ဟုဆိုသည်။)

## ရှင်စန္ဒရဟန်းခံ တစ်လတိုင်တိုင် အလှူပွဲကြီး

ပွဲစားကြီးသည် အလှူပွဲတော်ကြီးအတွက် အစစအရာရာ စီစဉ်ပြီးနောက် ရန်ကုန်မြို့ရှိ ညီဖြစ်သူ ပွဲစားကြီး ဦးဒိုးအောင်ထံ အကြောင်းစုံ စာရေးလိုက်သည်။ မန္တလေးမှာရောက်နေသော ရှင်စန္ဒနှင့်တိုင်ပင်ပြီး ပြာသိုလမကုန်မီ အရောက်ပင့်ဆောင် ခဲ့ရန် မှာကြားလိုက်သည့်အတိုင်း ၁၂၆၅-ခုနှစ် ပြာသိုလပြည့်ကျော် ၂-ရက်နေ့ မန္တလေးမှ စတင်ခရီးထွက်ကြရာ ရန်ကုန်ရောက်လျှင် ရန်ကုန်မှစစ်တကောင်းသို့ ပင်လယ်ကူး သင်္ဘောကြီးဖြင့် သွားကြရ၏။ စစ်တကောင်းရောက်လျှင် သင်္ဘောငယ်၌ ပြောင်းစီးပြီး ပန်းဝါသို့ သွားကြရ၏။ လမ်း၌ ပန်းဝါကဲ့သို့ပင် ရခိုင်မြန်မာ မရမာကြီးများနေထိုင်ရာ ဖာလောင်းချိတ်မြို့တွင် ခေတ္တနားကြသည်။ တပို့တွဲလဆန်း ၁-ရက်နေ့ ပန်းဝါသို့ ရောက်ကြ၏။

ဆရာတော် သံဃာတော်များနှင့် ဧည့်သည်များအား ချမ်းသာစွာ သီတင်းသုံး နေထိုင်နိုင်ကြစေရန် ယာယီ တည်းကျောင်းအသီးသီး၌ ပင့်ဆောင် နေရာချထားပြီး တရားမဏ္ဍပ်ကြီးအတွင်း နိုင်ငံကျော် ဓမ္မကထိကများက ရောက်စနေ့ ညမှစ၍ ညစဉ်ညတိုင်း ဟောပြောကြ၏။ မြန်မာနိုင်ငံမှ နိုင်ငံကျော်ဓမ္မကထိကများ ညစဉ် တရားဟောသည်ဟု ကြားရသူတိုင်း အလှူမင်္ဂလာပွဲသို့ နေ့ညမစဲ တဖွဲဖွဲ လာရောက် ကြရာ ပရိသတ်ကြီးမှာ မကြုံစဖူးဖြစ်ခဲ့၏။ လာလာသမျှ ပရိသတ်တို့လည်း အယ်သော်

www.burmeseclassic.com

www.burmeseclassic.com



အလတ် အမြတ်မရွေး၊ မီးမသေ၊ ရေမခန်း၊ ထမင်းရေချောင်းစီး ချီးကျူး၍ မကုန်နိုင်သော အလှူပွဲကြီးဖြစ်၏။

၁၂၆၅-ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက် တနင်္လာနေ့ နံနက် ၈ နာရီ အချိန်၌ စစ်တွေငယ်ဆရာ ဘကြီးတော် ဦးစန္ဒိမာကို ဥပဇ္ဈာယ်ပြု၍ မဟာဝိသုဒ္ဓါရုံဆရာတော်အမှူးရှိသော သံဃာတော် ၄ ကျိပ်တို့က ရှင်စန္ဒအား ဥပသမ္ပဒကံဆောင်ပေးတော်မူကြရာ ရဟန်းသစ်အားလည်း စန္ဒြမုနိ (စန္ဒြမဏိ) ဟု ဘွဲ့ပေးတော်မူကြသည်။

ဦးစန္ဒြမုနိသည် သိမ်မှထွက်သောအခါ ဒကာ ဒကာမတို့သည် လှူသောအဖိုးတန်ပစ္စည်းမျိုးစုံ လှည်းသုံးစီးတိုက်ခန့်ပင်ရရှိရာ ထိုပစ္စည်းများကို ပင့်သံဃာဆရာတော်များအား ခွဲဝေ၍ ထပ်ဆင့်လှူဒါန်းလေသည်။ တပို့တွဲလပြည့်နေ့တွင် သားမောင်ကျော်ဇံလှကို ရှင်ပြုပေး၏။ ဦးပဉ္ဇင်းသစ် ဦးစန္ဒြမုနိသည် မိမိ၏ သိမ်အောင်ရက်ချုပ်မှတ်တမ်းကို ပါဠိဘာသာဖြင့် ၈-ဂါထာ ရေးသား သီကုံးထားရာ ၎င်းဂါထာများကို ဂုရုပ္ပတ္တိခေါ် စံကင်းဆရာတော်ဘုရားကြီး၏ အတ္ထုပ္ပတ္တိ၌ ပါရှိသည်။

ပွဲစားကြီး ဇနီးမောင်နှံတို့လည်း တစ်လတိတိ အလှူတော်ပွဲကြီး ပြီးဆုံးသောအခါ မြန်မာနိုင်ငံမှ ကြွရောက် ချီးမြှောက်တော်မူလာကြသော ရဟန်းရှင်လူသီလရှင်တို့အား ဗုဒ္ဓဂယာ မဟာဗောဓိစသော ဌာနများသို့ ဘုရားဖူးရန် ငွေကြေးအကုန်အကျ များစွာခံ၍ ပို့ဆောင်ပေးခဲ့ကြ၏။ ဦးစန္ဒြမုနိလည်း ဘကြီးတော်ဆရာဦးစန္ဒိမာနှင့်အတူ လိုက်ပါ၍ မိဘဆွေမျိုးသားချင်း၊ ဆရာသမားနှင့် ကျေးဇူးရှင်စစ်တွေ ဒကာဒကာမအပေါင်းတို့အား ကျေးဇူးတုံ့ဆပ်သောအားဖြင့် စစ်တွေ၌ပင် နှစ်လတိတိ နေထိုင်၍ တရားဓမ္မ ဟောပြောနေလေသည်။

### ယူပီနယ်၊ ကုသိနာရုံဌာနတွင်
### ဗုဒ္ဓဘာသာ မြန်မာကျောင်းတိုက် တည်ထောင်ခြင်း
### (၆)

ဦးစန္ဒြမဏိသည် စစ်တွေ၌ နှစ်လနေပြီးနောက် အိန္ဒိယပြည် ဥတ္တရာပရ်ဒေ့ရှ်ခေါ် ယူပီနယ် (မြောက်ဘက်ဒေသ) ကုရှီနဂါးရ်-ရှိ ကုသိနာရုံ ဘုန်းတော်ကြီးမဟာဝီရထံသို့ ပြန်ကြွ၍ ဗုဒ္ဓဘာသာကျောင်းကို တည်ထောင်ရာ၌ ပူးပေါင်းဆောင်ရွက်သည်။ ယူပီနယ်သည် အိန္ဒိယပြည်တွင် ဗြာဟ္မဏ(ဟိန္ဒူ)များ အများဆုံးနေထိုင်ရာဒေသဖြစ်၍ ဇာတ်အယူ အသည်းဆုံးဒေသဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ပထမ ဝါဆိုသောနှစ်မှာပင် ရဟန်းတော်ငါးပါးရှိ၏။ အိန္ဒိယအမျိုးသား ကပ္ပိယငါးယောက်ရှိ၏။ အတူနေ ရဟန်းတော်သုံးပါးနှင့် ကပ္ပိယများအား ဦးစန္ဒြမဏိကပင် ပရိယတ္တိ ပါဠိစာပေနှင့် ဟိန္ဒီ၊ သက္ကတဘာသာတို့ကို သင်ကြား ပေးသည်။

ပထမဦးစွာ ပွဲစားကြီးဆောက်လုပ်သော ၈-ငယ်ပုံ တိုက်ကျောင်းရှေ့ မြေကွက်လပ်တွင် ရေကွင်းတစ်တွင်းတူးကြရာ ရေမှာ အလွန်ကောင်း၍ အောင်မြင်သဖြင့် ကျောက်စီထားသည်။ ရဟန်းရှင်လူ သောက်သုံးနိုင်ရန် တူးဖော်ကြရာ ရေရှားပါးသော အနီးအပါး ရွာသားများလည်း လာရောက် ခပ်သုံးကြ၏။ သို့ရာတွင် ဇာတ်အံယူ သည်းလှသော ဟိန္ဒူအချို့က "ဦးမဟာဝီရနှင့် ဦးစန္ဒြမဏိတို့သည် ဇာတ်နိမ့်များ ဖြစ်ကြသည်။ သူတို့ရေတွင်းလည်း ဟိန္ဒူထုံးစံအရ မင်္ဂလာ မဆောင်ရသေး။ ထို့ကြောင့် ဇာတ်မြင့်သူ ဟိန္ဒူများ သွားရောက်မခတ်ရ" ဟု တားမြစ်ကြ၏။ ဘုန်းတော်ကြီးများက -

"ငါတို့မှာ ဂေါတမဗုဒ္ဓ၏ တပည့်သားများဖြစ်၍ ကမ္ဘာပေါ်တွင် မည်သည့် လူမျိုးအပေါ်ကိုမျှ ယုတ်နိမ့်သည်, မြင့်မြတ်သည်ဟု မခွဲခြား၊ တစ်သားတည်းပင် ဆက်ဆံကြသည်။ ရေတွင်းရေကန်ကိုလည်း မင်္ဂလာဆောင်ပေးသော ထုံးစံ ငါတို့မှာ မရှိ။ သင်တို့ သုံးစွဲလိုက သုံးစွဲ၊ မသုံးစွဲလိုကလည်း နေနိုင်သည်" ဟု ရှင်းပြကြရသည်။

## မဟာပရိနိဗ္ဗာန ရုပ်တုတော်နှင့် တေဇောဓာတ်ပွဲ

ဆရာတော်နှစ်ပါးနှင့် ပွဲစားကြီးသည် ကုသိနာရုံ၌ ဗုဒ္ဓဘာသာကျောင်းတိုက် ဆောက်လုပ်ကြရုံမျှမက မြတ်စွာဘုရားရှင်၏ ပရိနိဗ္ဗာန် စံလွန်တော်မူရာ မလ္လာမင်း တို့၏ ဥယျာဉ်နေရာကိုလည်း သံဝေဇနိယ ဌာနတစ်ခုဖြစ်၍ ထိုက်ထိုက်တန်တန် ဖြစ်ချင်ကြ၏။ ဖြစ်ကတတ်ဆန်း ဥပေက္ခာပြုထားကြသည်ကို မကြိုက်။ ကုသိနာရုံရှိ ပရိနိဗ္ဗာန်ပြုတော်မူဟန် လျောင်းတော်မူ ရုပ်ပွားကိုယ်တော်မြတ်ကြီးနှင့် ဥယျာဉ် အရံကို ထိန်းသိမ်း စောင့်ရှောက်ခွင့်ပြုရန် ဘုရင်ခံချုပ်ထံ စာတင်ကြသည်။

ငွေကျပ်ချိန် ၅၀၀ ကျပ်ကို ကျည်တောက်ပြုလုပ်ပြီး စာကို သတ္တမ ဧဒွက်ဘုရင် နန်းတက်သောနှစ်တွင် ကာလကတ္တား ဘုရင်ခံချုပ်ထံ ပို့လိုက်၏။ ဘုရင်ခံချုပ်က ယူ၊ ပီ-နယ်မြို့တော် လက္ကနောင် တရားဘက်ဆိုင်ရာဌာနသို့ ပို့ပေးလိုက်သည်။ လက္ကနောင်တရားဌာနက -

www.burmeseclassic.com

www.burmeseclassic.com



"မဟာပရိနိဗ္ဗာနဌာန အစစ်အမှန် ဟုတ်မဟုတ် တရားဝင် အဆုံးအဖြတ် မပေးနိုင်သေးပါ။ ကျောက်စာ ဝန်ထောက်နှစ်ယောက်တွင် တစ်ယောက်က အစစ်အမှန်ဖြစ်သည်၊ တစ်ယောက်က မဟုတ်ဟု ငြင်းခုံဆဲရှိနေပါသည်" ဟု အကြောင်း ပြလျက် နောင်အခါမှ ထိန်းသိမ်းခွင့် ပြုသင့် မပြုသင့် အကြောင်းပြန်ပါမည်ဟု စာပြန်လိုက်သည်။

မကြာမီ ကျောက်စာဌာနက တူးဖော်ကြရာ ပြာဟ္မီအက္ခရာဖြင့် ကျောက် စာကိုတွေ့ကြ၏။ အင်္ဂလန်သို့ ကျောက်စာကို ပေးပို့ပြီး ဘာသာပြန်စေရာ ၂- နှစ် ကြာမှ သိရှိရသည်။ ကျောက်စာမှာ "ဘဂဝတော ဗုဒ္ဓဿ ပရိနိဗ္ဗာနစေတိယ မိဒန္တိ" ဟု ပါရှိလေရာ ပရိနိဗ္ဗာန်ပြုရာ စေတီဖြစ်ကြောင်း အစိုးရက အသိအမှတ် ပြုခဲ့သည်။ ထိုအခါ လက္ကနောင် တရားရုံးတော်က ကျောင်းဒကာနှင့် ဆရာတော် များအား ဖိတ်ကြားပြီးလျှင် -

"ရှေးဟောင်းသမိုင်းဝင် အဆောက်အအုံနေရာ ဟူသမျှကို အစိုးရကသာ ထိန်းသိမ်း စောင့်ရှောက်ရမည်ဟု ဥပဒေရှိပါသည်။ သို့သော်လည်း ဘုရားမှာ လှူသောပစ္စည်းများကို ထိန်းသိမ်း၍ ဘုရားနှင့်စပ်သော ဆောင်ရွက်စီမံဖွယ်များကို ပြုလုပ်နိုင်ပါသည်" ဟု ပြန်ကြားလိုက်သည်။ ထိုအခါမှစ၍ ဆရာတော်များသည် ပရိနိဗ္ဗာန် ရုပ်ပွားတော်ကြီး၌ စောင့်ရှောက်စီမံဖွယ်များကို ပြုလုပ်၍ ဥယျာဉ်အတွင်း ၌လည်း အင်ကြင်းပင်နှင့် ယင်းတိုက်ပင်များကို တိုးချဲ့ စိုက်ပျိုးတော်မူကြ လေသည်။

မြောက်သို့ ဦးခေါင်းပြုပြီး ထုလုပ်ထားသော ပေ ၂၀ ရှိ ပရိနိဗ္ဗာန်ပြုတော် မူဟန် လျောင်းတော်မူ ရုပ်ပွားတော်ကြီးမှာ အေ၊ ဒီ၊ ၅ ရာစု (ခရစ်နှစ် ၅-ရာ အတွင်း)က လက်ရာဖြစ်ပြီး အလွန် လက်ရာမြောက်လှ၏။ ဖူးမြင်ရသူတိုင်း ခံစားချက် ရှိလှသဖြင့် အမျိုးသမီးများမှာ ဘုရားဖူးလျက်က မျက်ရည် တရွှတ်ရွှတ်နှင့် ငိုကြွေး ကြလေသည်။ အလောင်းတော်ဘေးတွင် သုဘဒ်ရဟန်းကြီး၊ ရှင်အာနန္ဒာ ငိုကြွေး နေပုံနှင့် မလ္လာမင်းနှင့် အခြားငါးယောက် ရုပ်လုံးငယ်များလည်း ပါရှိလေရာ လွန်စွာ သဘာဝကျလှပေသည်။

မှတ်တမ်းအရ ၁၈၃၃ ခုနှစ်က ကျောက်စာဝန် မစ္စတာ၊ အေ၊ ဂျီ၊ ကာလီလိက တူးဖော်တွေ့ရှိသည်ဟု သိရ၏။

ဆရာတော်များကို အကြောင်းပြု၍ လျောင်းတော်မူ ရုပ်ပွားတော်ကြီး၏ ကျောဘက်တွင် မဟာပရိနိဗ္ဗာန စေတီတော်တစ်ဆူကို ဟသ်ာတခရိုင်၌

www.burmeseclassic.com

www.burmeseclassic.com



ဦးဘိုးကျူးက ၁၉၂၇ ခုနှစ်က အိန္ဒိယပုံအတိုင်း တည်ထားခဲ့၏။ (ဗုဒ္ဓနှင့် ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ဌာနများ စာအုပ်ရေးသူ အော၊ စီ ဂျိန်းက ထိုစေတီတည်သူ မည်သူဖြစ်ကြောင်း မသိရဟု သူ၏စာအုပ်တွင် ပါရှိသည်။) ရုပ်ပွားတော်မြတ်ကြီးနှင့် နှိုင်းစာလျှင်သော်လည်းကောင်း၊ ပရိနိဗ္ဗာန် စံလွန်တော်မူရာဌာနနှင့် နှိုင်းစာလျှင်သော်လည်းကောင်း စံကျောင်း လိုဏ်ဂူတော်မှာ သေးသိမ်လှပါသည်။

အစိုးရ ဥပဒေရှိသော်လည်း တောစွန်အုံပြားတွင် ဖျက်ဆီးမည့်သူများဘေးရန်မှ ကင်းလွတ်ပြီး ယခုကဲ့သို့ ဖူးတွေ့ရသည်မှာ ကုသိနာရုံဆရာတော်များ၏ကျေးဇူးပင်ဖြစ်ကြောင်း သိစေလိုရင်း ဖြစ်ပါသည်။ စကားအလျဉ်းသင့်၍ မလ္လာမင်းတို့၏ ဥယျာဉ်ဖြစ်ခဲ့သော ဤကုသိနာရုံ ဧရိယာ၌ ထူးခြားမှုတစ်ခု ရှိပါသည်။ ၎င်းမှာ မြွေဆိုးများရှိသော်လည်း လူကို မကိုက်ခြင်း၊ ဒေါင်းသတ္တဝါများကို မွေးမြူလို့ မရခြင်းပင်ဖြစ်၏။

ဤနေရာ၌ အင်္ဂလိပ်လူမျိုး ကျောက်စာဝန်တစ်ဦး၏ ထူးထူးခြားခြား စိတ်ကူးရပုံနှင့် ဟိန္ဒူလူမျိုးတို့၏ အယူသည်းပုံကလေးကိုလည်း ဖော်ပြရန် ရှိသည်။

ကုသိနာရုံ တူးဖော်ရေးတွင် ခေါင်းဆောင်ပါဝင်ခဲ့သော အင်္ဂလိပ်လူမျိုး ကျောက်စာဝန်တစ်ယောက်သည် နေ့စဉ် တူးဖော်ရေးလုပ်ငန်းဆောင်ရွက်ရာမှ ဆရာတော်များနှင့် ခင်မင်ရင်းနှီးသွား၏။ တူးဖော်မှုလုပ်ငန်းများအားလုံး ပြီးစီးသောအခါ ဆရာတော် ဦးမဟာဝီရ၊ ဆရာတော် ဦးစန္ဒြမဏိတို့နှင့် တိုင်ပင်ကာ မြတ်စွာဘုရားရှင် တေဇောဓာတ်လောင်ရာ အထိမ်းအမှတ် ပူဇော်ပွဲလုပ်ရန် လျှောက်ထားရာ ဆရာတော်များကလည်း လူသိများမှု၊ စည်ကားမှုကို လိုလားကြသည်နှင့် လုပ်ဖြစ်အောင် အားပေးတိုက်တွန်းကြသည်။

တစ်ခုသော ကဆုန်လပြည့်နေ့ ဖြစ်၏။ ထိုတေဇောဓာတ်ပွဲတော်ဖြစ်မြောက်အောင် ဒေဝရိယာမြို့ ခရိုင်ဝန်က အစွမ်းကုန် အားပေးနှိုးဆော်၍ အထူးစည်ကားလှသော ဗုဒ္ဓပွဲတော်ကြီးတစ်ခု ဖြစ်ခဲ့သည်။ ပွဲတော်ကျင်းပပုံမှာ ယခုလက်ရှိ မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူဟန် လျောင်းတော်မူကြီးနှင့် အလားတူစွာ ၁၄ တောင်ရှိ ရုပ်ပွားတော်ကြီးတစ်ဆူကို ပန်းချီဆရာများငှား၍ ဝါးစက္ကူတို့ဖြင့် ပြုလုပ်စေ၏။ အင်္ကြင်းဥယျာဉ်တော်နှင့် တေဇောဓာတ်လောင်ရာ ဌာနသည် တစ်မိုင်ခန့်ဝေးရာ လမ်းတစ်လျှောက်လုံး လမ်းခင်း၊ ငှက်ပျောပင်စိုက်

www.burmeseclassic.com

www.burmeseclassic.com



ရာဇမတ်များကာ၍ ပိတ်ဖြူပိတ်နီများ မျက်နှာကြက်မိုးထားသည်။ (တေဇောဓာတ်လောင်ရာဌာနသို့ မကုဋဗန္ဓနဟုလည်းကောင်း၊ အင်္ဂါရစေတီ(မီးသွေးစေတီ) ဟု လည်းကောင်း ခေါ်သော စေတီကြီးတစ်ဆူရှိသည်။)

အလောင်းတော်ကို အဆင်းရနံ့မွှေးထုံ ပန်းမျိုးစုံ ခြယ်လှယ်ထားသော ပန်းရထားကြီးတစ်စီး၌ တင်ဆောင်ပြီးလျှင် တေဇောဓာတ်လောင်ရာကုန်းသို့ အတီးအမှုတ် အကအခုန်များဖြင့် ပင့်ဆောင်ကြသည်။ တစ်ဖွဲ့ပြီးတစ်ဖွဲ့ လက်ဆင့်ကမ်း သယ်ဆောင်ကြရာ လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ က မလ္လာမင်းသားများနှင့်တကွ ပြည်ထောင်အသီးသီးမှ မင်းများ ဘုရားရှင်အား နောက်ဆုံး ပူဇော်နေသကဲ့သို့ ထင်ရသည်။ အမြို့မြို့အနယ်နယ်မှ လာရောက် ကြည့်ရှုကြသော ပရိသတ်ကြီးမှာ သူ့ထက်ငါ တိုးဝှေ့ကြည့်ကြလေသည်။

## တေဇောဓာတ်ပွဲပြဿနာတက်

သို့သော် မကြာပါလေ။ မမျှော်လင့်သော ဆန့်ကျင်ဘက် အနှောင့်အယှက် တစ်ခု ပေါ်လာ၏။ တေဇောဓာတ်လောင်ရာစေတီသို့ရောက်သောအခါ အလောင်းတော်ကြီးအား တာဝန်ကျသူ ဟိန္ဒူအမျိုးသားတစ်ဦးက မီးရှို့ရလေရာ ပရိသတ်ကြီးထဲမှ "ဒီကောင် ဇာတ်ပျက်ပြီကွ၊ ငါတို့မပေါင်းနိုင်ဘူး" ဟု အသံကုန် ဟစ်အော်ကြလေသည်။ ပွဲတော်မှာ အောင်မြင်စွာ ပြီးစီးသွားသော်လည်း မီးရှို့ရသူမှာ အားလုံးက ဝိုင်းပယ်ထားကြ၍ ဒုက္ခရောက်နေရရှာလေသည်။

ဝိုင်းပယ်ခံရသူမှာ သင်းခွဲမှုဥပဒေဖြင့် ဒေဝရိယာ ခရိုင်ဝန်ရုံးတော်သို့ လျှောက်ထား၍ ခရိုင်ဝန်က မြို့နယ်ခံ လူကြီးများအားလုံးနှင့် ဆရာတော်နှစ်ပါးတို့ကို ပင့်ဖိတ်ပြီး အစည်းအဝေးပွဲကြီးလုပ်၏။ ပရိသတ်အများအပြား တက်ရောက်ကြသည်။ ခရိုင်ဝန်က ဗြာဟ္မဏလူကြီးများအား အကျိုးအကြောင်းကို မေးမြန်းရာ မိမိတို့ ရန်သူဖြစ်သော ဂေါတမအလောင်းကိုမီးရှို့၍ ဇာတ်ပျက်သွားသောကြောင့် ထိုသူအား ဝိုင်းပယ်ထားကြောင်း တစ်ညီတစ်ညွတ်တည်း ဖြေဆိုကြ၏။

ထိုအခါ ခရိုင်ဝန်က လူကြီးများအား တစ်ဆင့်ချင်း စစ်မေးသည်။

"ရာမမင်းကြီးသည် ဗြဟ္မာမင်းကြီး စေလွှတ်သော တမန်တော် ၁၀-ဦးတွင် တစ်ဦးအပါအဝင် ဟုတ်-မဟုတ်။ ဒသဂီရိသည် သင်တို့ဘုရားဖြစ်သော ရာမမင်းကြီး၏ မိဖုရားကြီးကို လုယက်ဖျက်ဆီးသည်ဆိုခြင်းမှာ ဟုတ်-မဟုတ်။ ဒသဂီရိသည် ရာမမင်း၏ ရန်သူလော၊ မိတ်ဆွေလော။ သင်တို့ဘုရား ရာမမင်း၏ ရန်သူသည်

www.burmeseclassic.com

www.burmeseclassic.com



သင်တို့၏ ရန်သူလော၊ မိတ်ဆွေလော။ သင်တို့သည် ရန်သူဖြစ်သော ဒသဂီရိ ရုပ်တုကို တစ်နှစ်လျှင်တစ်ခါ မီးရှို့ကြသည်မဟုတ်လော။ ထိုအခါ သင်တို့ရန်သူ ဒသဂီရိကို မီးရှို့သူသည် ဘယ်လူမျိုးဖြစ်သနည်း။ ထိုမီးရှို့သူ ဟိန္ဒူ ဗြာဟ္မဏမှာ ဇာတ်ပျက်သလော၊ မပျက်သလော" ဟု ဆက်တိုက် မေးခွန်းထုတ်ရာ ဗြာဟ္မဏ လူကြီးမင်းများမှာ 'ဟုတ်ပါသည်၊ ဇာတ် မပျက်ပါ' ဟုချည်း ဝန်ခံကြရလေတော့သည်။

ဤကဲ့သို့ အုပ်စုဖြင့် အနိုင်မကျင့်ရန်၊ အနိုင်ကျင့်လျှင် ဥပဒေအရ အရေးယူရမည်ဖြစ်ကြောင်း ပြောဆိုပြီးလျှင် မီးရှို့သူအား ဇာတ်ပြန်သွင်းပွဲအဖြစ် သက်ဆိုင်ရာ လူကြီးများအား ထမင်းကျွေးရန် ငွေတစ်ရာကျပ် ထုတ်ပေးလိုက်ခါမှ အားလုံး ကျေအေးသွားကြသည်။

### တစ်လတိတိ ကျင်းပသော
### ကုရှိနဂါကုသိနာရုံ ညောင်ရေသွန်းပွဲတော်

ဆရာတော်ကလေး ဦးစန္ဒြမဏိသည် ကုသိနာရုံ၌ 'အထိုင်' ချလိုက်သည်နှင့် တစ်ပြိုင်နက် ပညာရှင် ပညာမဲ့ လူတန်းစား အသီးသီးတို့ လက်ခံနိုင်၍ လူအများ အကျိုးပြုသော လုပ်ငန်းတို့ကို တစ်ခုပြီးတစ်ခု စောက်ချလုပ်ကိုင်၏။ ဦးပဥ္စင်း ကိုရင် ကျောင်းသားများ မွေးမြူကာ စာပေ သင်ကြားပေးနေသည့်ကြားကပင် ကျမ်းစာများပြုစု၏။ ဦးစွာ ဓမ္မပဒကို ဟိန္ဒီလို ဘာသာပြန်ဖွင့်ဆိုပြီးလျှင် ထိရောက်မည့် သူများထံ အခမဲ့လှူဒါန်းသည်။ ၁၉၀၉ ခုနှစ်က ထုတ်ဝေခဲ့ရာ ယခုတိုင် စန္ဒြမဏိ ကျောင်းများ၌ ကျောင်းသုံးဖြစ်နေ၏။ ဓမ္မစကြာ၊ အနတ္တလက္ခဏ၊ မဟာသတိ ပဋ္ဌာနနှင့် သင်္ဂီတိသုတ်တို့ကိုလည်း ဟိန္ဒီ သက္ကတ ၂ မျိုးဖြင့် ဘာသာပြန်ဆိုသည်။ သရောဒယကျမ်းနှင့် နာမည်ကျော် အဥ္စနနိဒါန်း ဆေးကျမ်းကြီးကိုလည်း မြန်မာ ဘာသာဖြင့် ပြန်ဆိုပုံနှိပ်ခဲ့သည်။

အထူးသဖြင့် ဆရာတော်၏ ဓမ္မပဒ ဟိန္ဒီဋီကာမှာ အိန္ဒိယပြည်၌ ဗုဒ္ဓ စာပေဟူ၍ မရှိသလောက်ရှားပါးနေချိန်တွင် ပေါ်ထွက်လာသော စာအုပ်ဖြစ်သဖြင့် အိန္ဒိယမြေပေါ်သို့ ဗုဒ္ဓဝါဒ 'တစ်ကြော့' ပြန်လည်ဆန်းသစ်ရာ၌ များစွာ အထောက် အကူပေးခဲ့သည်။ ဆရာတော်သည် ချုံနွယ်ပုပ္ပေါင်းတို့ဖြင့် ဖုံးအုပ်လျက်ရှိသော သာသနာ့သမိုင်းဝင် အထိကရဌာနကြီးကို ကမ္ဘာသိအောင် ထုတ်ဖော်ထိန်းသိမ်း ရုံမျှမက ဗုဒ္ဓဘာသာအပေါ် လူအများ အာရုံစိုက်လာအောင်လည်း ဆွဲဆောင်တော် မူနိုင်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



၁၂၈၆-ခုနှစ်က ဖြစ်၏။ ကုသိနာရုံဒေသ၌ အထိုက်အလျောက် ဩဇာရှိသော ဟိန္ဒူရသေ့ကြီးတစ်ဦးက ဆရာတော်အား အကြံတစ်ခုပေး၏။ ဆရာတော် စိုက်ထားသော ဗောဓိညောင်ပင်၌ ကဆုန်လပြည့် ဗုဒ္ဓနေ့တွင် ညောင်ရေသွန်းပွဲကြီး ပြုလုပ်ရန်တိုက်တွန်းရာ ဆရာတော်က "လုပ်တာကမခက်ဘူး ဦးရသေ့၊ ထစ်ခနဲရှိ ရသေ့ကြီးလူတွေ (ဟိန္ဒူတွေ)က တယ်နှောင့်ယှက်ချင်ကြတယ်" ဟု ပြောလျှင် "ဒီလူတွေအတွက် ဘာမှ မစိုးရိမ်ပါနှင့်၊ တပည့်တော် ကြည့်ပြောထားပါ့မယ်" ဟု ရသေ့ကြီးက တတိပေးတိုက်တွန်း၏။

သာသနာ့ဘုန်းကံအားလျော်စွာ မမျှော်လင့်သောနေရာမှ အကြံကောင်း တစ်ခု ရသဖြင့် ဆရာတော်သည် ကျောင်းရှိ သံဃာတော်များနှင့် တိုင်ပင်ပြီးလျှင် အောက်ပါအတိုင်း ကဆုန်လပြည့် ဗုဒ္ဓနေ့ ညောင်ရေသွန်းပွဲတော်ကြီး ကျင်းပရန် စီမံကိန်းဆွဲကြသည်။ ဗြာဟ္မဏတွေ အများဆုံးကြီးစိုးသောနယ်မြေ၌ အစဉ်အလာ မရှိခဲ့ဖူးသော ဗုဒ္ဓဘာသာ လှုပ်ရှားမှုကြီးတစ်ခု ပြုလုပ်ရန်မှာ လွယ်ကူလှသည်တော့ မဟုတ်ချေ။ ဆရာတော်ကား ကုသိနာရုံ တစ်ဝိုက်မျှသာမက အိန္ဒိယ တစ်နိုင်ငံ လုံးသို့ပင် ကြော်ငြာများ ဝေဖြန့်လိုက်သည်။ မြို့နယ်အသီးသီးရှိ ထင်ရှားသော ပုဂ္ဂိုလ်ကြီးများသာမက အစိုးရအဖွဲ့ဝင် ဝန်ကြီးများ တိုင်အောင် ဖိတ်ကြားစာများ ပို့လိုက်သည်။

၁။ ဂေါတမဗုဒ္ဓ၏ သမိုင်းဝင် အထိကရဌာနကြီး ၄-ခုတွင် တစ်ခု အပါအဝင်ဖြစ်သော ကုသိနာရုံဌာန၌ ဗုဒ္ဓဘာသာတို့၏ အစဉ်အလာအရ ကဆုန်လပြည့် ဗုဒ္ဓနေ့ ညောင်ရေသွန်းပွဲတော်ကြီးကို ကဆုန်လပြည့်နေ့မှစ၍ တစ်လတိတိ ကျင်းပမည်။

၂။ အိန္ဒိယ တစ်ပြည်လုံးရှိ ဗုဒ္ဓဘာသာ ရဟန်းတော်များအားလုံး ကြွရောက်ကြမည်။

၃။ ကုသိနာရုံ သိမ်ကျောင်းတော်အထက်ထပ်၌ ကျိန်းဝပ်စံပယ် လျက်ရှိနေသော ကြေးဆင်းတုတော်ကြီးအား ရောင်တော်ဖွင့် လျက် ပန်းရထားကြီးဖြင့် ပင့်ဆောင်မည်။

၄။ ပန်းရထားကြီးကို ဆင်နှစ်စီးသုံးစီး၊ သို့မဟုတ် ရနိုင်သလောက် ဆင်များဖြင့် ပင့်ဆောင်ပြီး(တစ်မိုင်ကျော်ဝေးသော) ကာဆီယာ မြို့ မူလတန်းကျောင်းဝင်းအတွင်း၌ အပူဇော်ခံမည်။

www.burmeseclassic.com

www.burmeseclassic.com



၅။ တစ်ဖန် ညဉ့် ၈-နာရီအချိန် ကုသိနာရုံကျောင်းတိုက်သို့ အခမ်းအနားဖြင့် ပြန်လည်ပင့်ဆောင်ကာ မဟာဗောဓိပင်အား အမွှေးနံ့သာမျိုးစုံ သင်းထုံသောရေတို့ဖြင့် သွန်းလောင်းပူဇော်မည်။

## အိန္ဒိယမှာ အကြီးကျယ်ဆုံး ပွဲတော်ကြီး

ကြော်ငြာပိုစတာများ အနှံ့အပြား ဖြန့်ဝေလိုက်ရာ ပွဲတော်ရက်မတိုင်မီကပင် ကုသိနာရုံ ဥယျာဉ်တော်ကြီးအတွင်းနှင့် ကျောင်းတိုက်ကြီးအတွင်း ပတ်ဝန်းကျင်၌ ဈေးဆိုင်များ တဖွဲဖွဲရောက်လာကြရာ တိုးမပေါက်အောင် စည်ကားနေ၏။ ဟိန္ဒူများကလည်း အနှောင့်အယှက် မပြုကြသည့်အပြင် ကူညီဆောင်ရွက်ကြသဖြင့် ကျေးဇူးတင်နေကြရသည်။ သို့ရာတွင် ပွဲတော်ရက် နီးကပ်လာပြီဖြစ်သော်လည်း ဒေဝရိယာနယ်ပိုင်ရုံး၌ လျှောက်ထားသော ပွဲမိန့်ကား ကျမလာသေး၍ စိတ်မောနေကြရသည်။

အမိန့်လာသောအခါ ဝမ်းရောဂါများ ဖြစ်နေ၍ ပွဲမိန့်မပေးနိုင်ကြောင်း သိကြရသဖြင့် အားလုံးစိတ်မကောင်း ဖြစ်ကြရ၏။ အနီးပတ်ဝန်းကျင်ရှိ ဟိန္ဒူအကြီးအကဲများကလည်း မိမိတို့ဒေသ ပွဲလမ်းစည်ပင်လိုကြသည်က တစ်ကြောင်း၊ အမြို့မြို့အနယ်နယ်မှ ဈေးလာရောင်းသူများကလည်း ဟိန္ဒူများကပင်ဖြစ်စေကာမူ မိမိတို့စီးပွားရေးမျှော်ကြသည်က တစ်ကြောင်းတို့ကြောင့် "ပွဲမိန့်မရလျှင် မဖြစ်ဘူး ဘုန်းကြီး၊ ကျွန်တော်တို့ ဈေးသည်တွေဆီက ငွေကောက်ခံမယ်၊ ဘယ်လောက်ကုန်မလဲ၊ ကုန်ပါစေ၊ ပွဲမိန့်ရအောင်သာ လုပ်ပါ။ အမိန့်မရလဲ လုပ်မယ်" စသည်ဖြင့် အမျိုးမျိုး အုံကြွလာကြသည်။

ဆရာတော်သည် သက်ဆိုင်ရာ နယ်ပိုင်ထံသို့ ကိုယ်တိုင်သွားရောက်ပြီး မေတ္တာရပ်ခံ၍ အခြေအနေအရပ်ရပ်ကို တင်ပြရာ ငြင်းဆို၍နေသဖြင့် "ဝမ်းရောဂါက ဒီဒေဝရိယာနယ်မှာ ဖြစ်တာလား"ဟုမေးလျှင် "ဒေဝရိယာမှာ ဖြစ်တာတော့ မဟုတ်ပါဘူး"ဟု နယ်ပိုင်က ဖြေ၏။ ဆရာတော်က စကားကို အဆစ်အပိုင်းကျကျ ချေပပြောဆို၍ မေတ္တာရပ်ရာ နယ်ပိုင်အရာရှိက "တပည့်တော်နှင့် မပြီး၊ အထက်ကို တင်ပြရပါဦးမည်"ဟု စကားတပ်ဆုတ်သွားသည်နှင့် "ဒါဖြင့် အမြန်တင်ပါ၊ တော်ကြာ ပရိသတ်က ထိန်းမနိုင်သိမ်းမရဖြစ်လာရင် ဒကာကြီးတို့မှာပဲ ပိုပြီး တာဝန်တက်လာကြမယ်"ဟု ပြောဆိုပြီး ဆရာတော် ကျောင်းသို့ ပြန်လာခဲ့၏။ မကြာမီ ပွဲမိန့်ကျလာသဖြင့် အားလုံးဝမ်းသာသွားကြ၏။

www.burmeseclassic.com

www.burmeseclassic.com



အခြေအနေအရ ကန့်ကွက်မည့်သူများပင် ကိုယ့်ဘက် ပါလာကာ မကြုံစဖူးသော ညောင်ရေသွန်းပွဲတော်ကြီးမှာ အောင်မြင်စွာပြီးဆုံးခဲ့၏။ ပြည်သူ့ ကျန်းမာရေးဌာနများကပင် ဝိုင်းဝန်းကူညီကြလေသည်။ ပွဲပြီးသော်လည်း ဈေးသည်များ ဈေးဝယ်များမှာ တော်တော်နှင့် လူစုမခွဲကြသဖြင့် ပုလိပ်တပ်လာပြီး ရှင်းလင်းပေးရသည်။ အိန္ဒိယ ဘာသာရေး ပွဲတော်များတွင် အစည်ကားဆုံးသော ပွဲတော်ကြီးတစ်ခုဖြစ်သွားရာ ကုသိနာရုံဟူသောအမည်နှင့် ဗုဒ္ဓဘာသာဆရာတော်များ၏ လုပ်ဆောင်ချက်သည် တစ်နိုင်ငံလုံးသို့ သတင်းပြန့်သွားတော့သည်။

## ဆရာတော် ဦးစန္ဒမဏိ
## ပါတော်မူ သီပေါမင်းနှင့် တွေ့ဆုံခြင်း
## (၇)

ဆရာတော် သာမဏေဘဝက သီဟိုဠ်ဘုန်းတော်ကြီး ဦးစန္ဒဇောတိနှင့် အတူ ဗုဒ္ဓဂယာ မဟာဗောဓိစေတီတော်ကြီးအနီးရှိ မင်းတုန်းမင်းတရားကြီး၏ ကုသိုလ်တော် အုတ်တိုက်ဇရပ်ကြီး၌ နေထိုင်ကြစဉ် မသမာသူတို့၏ လက်ချက်ဖြင့် အရိုက်အနှက်ခံရပြီး ယင်းဇရပ်က ထွက်လာသည့်အချိန်မှစ၍ ထိုနေရာ၌ ဗုဒ္ဓဘာသာ ရဟန်းရှင်လူ ဘုရားဖူးများ မည်သူမျှ တည်းခိုနေထိုင်ခွင့် မရကြတော့ပေ။

အနာဂါရိက ဓမ္မပါလသည် မဟာဗောဓိအသင်းကြီး၏ကိုယ်စား တရားလို ပြုလုပ်၍ ထိုအုတ်တိုက်ဇရပ်ကြီးကို မဟန့်ထံမှ ဗုဒ္ဓဘာသာဝင်တို့၏ လက်သို့ ပြန်လည်ရောက်ရှိရေးအတွက် ၁၉၀၈-ခုနှစ်က တရားရုံးတော်၌ စွဲဆိုလျှောက်ထားခဲ့သည်။

ဇော်ဂျီရာဇာဟုလည်း ခေါ်တွင်ကြသော ဟိန္ဒူဘုန်းကြီး 'မဟန့်'အဆက်ဆက်တို့သည် ဗုဒ္ဓဂယာ နယ်မြေတစ်ခွင်လုံးကို အစဉ်အဆက် ပိုင်စိုးလာကြသည်နှင့်အမျှ ကြွယ်ဝချမ်းသာသူများ ဖြစ်သဖြင့် တရားရုံးတော်၌ နိုင်ငံကျော် ရှေ့နေဝတ်လုံကြီးများကို ငှားရမ်းထုချေ၏။ ဓမ္မပါလကလည်း ထိပ်တန်း ဝတ်လုံကြီးများကိုပင် ငှားရမ်းလျက် တရားဆိုင်၏။ သို့ရာတွင် မဟန့်က မင်းတုန်းမင်းတရားကြီး လွှဲအပ်ခဲ့သော စာချုပ်ကိုပါ တင်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"သာသနာ့ဒါယကာ မင်းတုန်းမင်းတရားကြီးသည် ဗုဒ္ဓဘာသာရဟန်းတော်များနှင့် အနယ်နယ်အရပ်ရပ်မှ ဗုဒ္ဓဘာသာဘုရားဖူးများ တည်းခိုရန် ရည်မှန်းပြီး ဆောက်လုပ်လှူဒါန်း ထားခဲ့ခြင်းသာဖြစ်သည်။

ဗုဒ္ဓဘာသာ မဟုတ်သော မဟန့်နှင့် မည်သို့မျှ မဆိုင်။ ခေတ္တခဏ စောင့်ရှောက် ထိန်းသိမ်းရန် အပ်နှံထားခြင်းမျှသာ ဖြစ်သည်။ ထို့ကြောင့် ယခုအခါ စောင့်ရှောက် ထိန်းသိမ်းမည့်သူများ ရှိလာပြီဖြစ်၍ ဗုဒ္ဓဘာသာဝင်တို့လက်သို့ ပြန်လည် အပ်နှင်းသင့်ကြောင်း" ဓမ္မပါလတို့ကလည်း ပြန်လည် ချေပကြသည်။

သို့သော် တစ်နှစ်ပင်ကြာသော်လည်း အဆုံးအဖြတ် မချနိုင်ဘဲ ရှိလေ၏။ ထိုအခါ တရားသူကြီးက "ဗုဒ္ဓဘာသာ ရဟန်းတော်များနှင့် ဘုရားဖူးများ တည်းခိုနေနိုင်ရန်အတွက် ဆောက်လုပ်ထားခြင်းဖြစ်ကြောင်း နောက်ထပ် သက်သေအထောက်အထား ပြနိုင်မည်လော"ဟု မေးမြန်းရာ ဓမ္မပါလက -

"မင်းတုန်းမင်းတရားကြီး၏သားတော် သီပေါဘုရင်မင်းမြတ်လည်း ယခုအခါ ရတနာဂီရိမြို့မှာ စံစားလျက် ရှိနေပါသေးသည်။ ၎င်းအား သက်သေပြနိုင်ပါသည်"ဟု ဆိုလျှင် -

"သီပေါဘုရင်အား ဤရုံးတော်က ခေါ်ယူစစ်ဆေး မေးမြန်းရန်မှာ မဖြစ်နိုင်ပါ။ ထို့ကြောင့် ဦးဓမ္မပါလကိုယ်တိုင် သီပေါဘုရင်ထံ သွားရောက်မေးမြန်းပြီး ဤရုံးတော်သို့ အစီရင်ခံစာတစ်စောင် တင်ပြရန်လိုပါသည်"ဟု တရားသူကြီးက အမိန့်ချလိုက်သည်။

ဓမ္မပါလသည် ထိုကိစ္စအတွက် သီပေါဘုရင် စံနေသော ရတနာဂီရိသို့ သွားရောက်ရန် သင့်တော်မည့် ပုဂ္ဂိုလ်များကို စဉ်းစားရာ ဦးစန္ဒိမဏိတစ်ပါး ရှိနေ၍ အားတက်လျက်ရှိ၏။ ချက်ချင်းပင် မဟာဗောဓိသို့ အမြန်ကြွလာပါရန် စာရေး၍ လျှောက်ထားလိုက်၏။ ခရီးကား ဝေးလှသည်။ အိန္ဒိယပြည်ကြီး မြောက်ဘက်ဆုံးနှင့် တောင်ဘက်ဆုံး ဖြစ်၏။ ဦးစန္ဒိမဏိလည်း ၁၉၀၈-ခု၊ ဧပြီလ ၁၆-ရက်၊ ကြာသပတေးနေ့ မဟာဗောဓိအရောက် ကြွလာတော်မူ၏။ နောက်ပါအဖြစ် မော်လမြိုင်မှ ဦးစန္ဒောဘာသနှင့် ကပ္ပိယကာရက မောင်ဖိုးယဉ်တို့ကိုပါ ခေါ်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



## သီပေါဘုရင် ကြိုဆိုလျှောက်ထားပုံ

ဂယာမှ ကာလကတ္တား၊ ထိုကမှ ဘုံဘေသို့ ခရီးရှည်ကြီး ကြွသွားကြရာ ဘုံဘေမြို့တွင် ဒေါက်တာစန္ဒြတာအိမ်၌ တည်းခိုကြသည်။ ရတနာဂီရိသို့ ကြိုတင်အကြောင်းကြားပြီး ဘုံဘေမှ သင်္ဘောဖြင့် ခရီးဆက်ကြရာ ထိုနေ့ည ၁၀-နာရီမှ ရောက်ကြ၍ သီပေါဘုရင်၏ ကောင်စစ်ဝန် စီစဉ်ချက်အရ ထိုနေ့ည တည်းခိုဆောင်၌ တည်းခိုကြ၏။ နောက်တစ်နေ့နံနက် စံအိမ်တော်မှ တည်းခိုဆောင်သို့ သစ်သီးမျိုးစုံ စားသောက်ဖွယ်များကို ပေးပို့သည်။ အစီအစဉ်အရ ညနေ ၆-နာရီတွင်မှ ပင့်ခေါ်လာသော ကောင်စစ်ဝန်နှင့်အတူ စံတော်အိမ်သို့ ဘီရိုလှည်းနှင့် သွားကြရသည်။

ဆရာတော်သည် ထိုအကြောင်းကို ရတနာဂီရိသွား မှတ်တမ်းတစ်စောင် အဖြစ် ရေးသားထားခဲ့ရာ ဆရာတော်၏ အရေးအသားကို အောက်ပါအတိုင်း ဆက်လက်ဖတ်ရှုပါရန်။

"ဧပြီလ ၂၅-ရက်နေ့ ညနေ ၆ နာရီအချိန်တွင် ဝန်ထောက်မင်းက လျှောက်ထားသည့်အတိုင်း စံအိမ်တော်သို့ ကြွသွားကြလေရာ နီမြန်းသောအဝတ်ကို ဝတ်ဆင်ကုန်လျက် လက်တစ်ဖက်တစ်ချက်တွင် တံခွန်တိုင်များကို စွဲကိုင်ကြကုန်သော ဒေါင်းတံဆိပ် ခတ်နှိပ်ထားသည့် ဦးထုပ်များကို ဆောင်းထားသည့် သီပေါဘုရင်၏ အသုံးတော်ခံများသည် လမ်းတစ်ဖက်တစ်ချက်၌ စစ်တပ်ကဲ့သို့စီတန်းကာ ခရီးဦးကြိုဆိုနေကြသည်။

ဤသို့ နှစ်ပေါင်းအတော်ကြာလေပြီးမှ မြန်မာမင်းတို့ အဆောင်အယောင် ဒေါင်းတံဆိပ် စသည်တို့ကို ရုတ်တရက် တွေ့မြင်ကြရသော ကျွန်ုပ်တို့မှာ ပျော်ရွှင်ဝမ်းမြောက်ခြင်း မရှိနိုင်ဘဲ လှိုက်လှိုက်လှဲလှဲ ဝမ်းနည်းကြေကွဲခြင်း ဖြစ်ပြီးလျှင် မည်သူမျှ စကားမပြောနိုင်တော့ဘဲ တိတ်ဆိတ်စွာ စံအိမ်အတွင်းသို့ ဝင်သွားကြရာ ကြိုဆိုနေကြသော တပ်သားများအနက်မှ လူကြီးတစ်ယောက်သည် ရှေ့သို့တိုးလာပြီး အစ ပထမ ကုသိနာရုံဆရာတော်ဘုရားကို 'ကြွတော်မူပါဘုရား' ဆိုလျက် ရိုသေစွာ ပင့်ဆောင်သွား၍ အိမ်တော်တံခါးဝသို့ ရောက်သောအခါ လက်အုပ်ချီလျက် အသင့်စောင့်ဆိုင်းကြိုဆိုနေသော ငါတို့ဘုရင် သီပေါအရှင်မင်းမြတ်ကို စိတ်မချမ်းသာသော အမူအရာ ညှိုးငယ်သောမျက်နှာနှင့် ပက်ပင်းပါတွေ့ရသော ထိုအခါ၌မူ

www.burmeseclassic.com


ယူကျုံးမရ မျက်ရည်များပင် ကျကြတော့ကြောင်း၊ မင်းတရားကြီးမှာလည်း ဝမ်းနည်းကြေကွဲစွာပင်'အိမ်တော်အတွင်း ကြွတော်မူပါဘုရား'ဟု ပင့်လျှောက်သည့်အတိုင်း ကောင်းမွန်စွာ ခင်ကျင်းထားအပ်သော နေရာသို့ ကြွရောက်ထိုင်နေသည်။

ထို့နောက် ဝန်ထောက်မင်းက ကြွရောက်သောပုဂ္ဂိုလ်တို့၏ အမည်နေရပ်တို့ကို ဘုရင်မင်းမြတ်အား ပြည့်စုံလျှောက်ထားပြီးနောက်

သီပေါမင်း ။ ။ ဤဓမ္မပါလဆိုသော ပုဂ္ဂိုလ်သည် ရဟန်းလော၊ သာမဏေလော၊ သို့မဟုတ် ဘိုးသူတော်လောဟု ကုသိနာရုံဆရာတော်အား မေးလျှောက်တော်မူသည်။

ဆရာတော်။ ။ ရဟန်းလည်းမဟုတ်၊ သာမဏေလည်းမဟုတ်၊ ဘိုးသူတော်လည်းမဟုတ်ပါ ဒကာတော်။

သီပေါမင်း ။ ။ ထိုသို့မဟုတ်ပါက ဒကာတော် မည်သို့မှတ်ရပါ့မလဲ။

ဆရာတော်။ ။ ၈–ပါး ၁၀–ပါးတို့ကို မဆောက်တည်ဘဲ ဒုစရိုက်ဒုရာစီဝတို့ကို ရှောင်ကြဉ်ပြီးလျှင် ဗုဒ္ဓတရားတော်ကို ပြန့်ပွားအောင် အားထုတ်နေသော လူသူတော်တစ်ယောက် ဖြစ်ပါသည်။

သီပေါမင်း ။ ။ သင့်လျော်ပါသည်။

ဓမ္မပါလ ။ ။ ကျွန်ုပ် လာရောက်ရခြင်းအကျိုးအကြောင်းကို ဤကုသိနာရုံ ဆရာတော်က မိန့်ကြားလိုပါသည်။

အတွင်းဝန်။ ။ မိန့်တော်မူပါဘုရား။

## ဗုဒ္ဓဂယာသမိုင်း လျှောက်ထားခြင်း

ထိုအခါဆရာတော်က အနာဂါရိကဓမ္မပါလသည် မဟာဗောဓိအသင်းများကို တည်ထောင်ကာ သာသနာတော်အတွက် ဆောင်ရွက်နေပုံ အကြောင်းများကို ရှင်းပြပြီး ဓမ္မပါလနှင့် ဦးစွာမိတ်ဆက်ပေးသည်။ ဗုဒ္ဓဂယာရှိ မင်းတုန်းမင်းတရားကြီး ဆောက်လုပ်လှူဒါန်းခဲ့သော အုတ်တိုက်ဇရပ်ကြီး နှင့်စပ်၍ရုံးတော်၌ တရားဆိုင်ကြရပုံတို့ကို အစအဆုံးသိသာထင်ရှားအောင် ရှင်းပြတော်မူ၏။ ထိုအခါ သီပေါဘုရင်မင်းမြတ်က–

www.burmeseclassic.com

www.burmeseclassic.com



'တကာတော် ခမည်းတော် နတ်ရွာစံ၍ နန်းတတ်သောအခါ နန်းစဉ်စာအုပ်စာတမ်းများကို ကြည့်ရှု၍ တွေ့ရှိရသည်မှာ မြန်မာနိုင်ငံတော်၌ ယခုကဲ့သို့ ဗုဒ္ဓသာသနာထွန်းကား တောက်ပြောင်လာရခြင်းမှာ သီရိဓမ္မာသောက မင်းတရားကြီးကြောင့် ဖြစ်ပါသည်။ သင်္ဂါယနာတင်ပြီး၍ ကိုးတိုင်းကိုးဌာနသို့ သာသနာပြုစေလွှတ်သောအခါ တကာတော် တို့ မြန်မာပြည်လည်း အပါအဝင်ဖြစ်ပါသည်။ သို့ဖြစ်၍ သီရိဓမ္မာသောကမင်းတရားကြီးအား ကျေးဇူးဆပ်သောအားဖြင့် အိန္ဒိယနိုင်ငံဗုဒ္ဓဂယာ မဟာဗောဓိပင်အနီးအနား၌ အဆောက်အအုံများ ဆောက်လုပ်လျက် ကုသိုလ်ကောင်းမှုများ ပြုလုပ်သင့်သည်ဟု တွေ့ရှိရပါသည်။

''တကာတော် မင်းအဖြစ်သို့ မရောက်မီကလည်း မဟာဗောဓိ ပင်အား ပူဇော်လှူဒါန်းရန် နန်းတော်အတွင်းရှိ လူအများထံမှ စေတနာ ပေါ်ကောက်ခံလျက် စိန်ရွှေမြစသောရတနာအမျိုးပေါင်း ငါးသောင်းဖိုးလောက် လှူဒါန်းခဲ့ပါသည်။ ခမည်းတော်မင်းတရားကြီး၏ အလိုဆန္ဒအတိုင်း ဗုဒ္ဓဂယာမဟာ ဗောဓိပင်ရင်း၌ မည်ကဲ့သို့ ပြုလုပ်ဆောင် ရွက်သင့်သနည်းဟု မှူးမတ်များနှင့်တိုင်ပင် ဆွေးနွေးရာ ရှေးဦးစွာဇရပ်တစ်ဆောင် ဆောက်လုပ်လျက်နောက် မှသာတဖြည်းဖြည်းဆောင်ရွက်သင့်သည်ဟု လျှောက်ထားကြသောကြောင့် ရွှေတိုက်စိုးဝန်ထောက်ဦးမြသူကို စေလွှတ်လျက် အုတ်ဇရပ်ဆောက်လုပ် လှူဒါန်းခဲ့ပါသည်။

''ယင်းဇရပ် ဆောက်လုပ်ရာတွင် ငွေငါးထောင်ကျပ် ကုန်ကျခဲ့ပါသည်။ ကုလားမဟန္တကြီးဇော်ဂျီရာဇာအား ဇရပ်ကိုထိန်းသိမ်းစောင့်ရှောက်ရန် ငွေတစ်ထောင်ပေးထားခဲ့ပါသည်''ဟုလျှောက်ထားသည်။ထိုအခါ ဆရာတော်တို့က ယခုအထိ ဘယ်နှစ်ဆက်ရှိပြီး ဖြစ်ပါသနည်း''ဟုမေးမြန်းရာ၃ဆက်မြောက်ပြီး ဖြစ်ပါသည်ဟုဖြေဆိုလေ၏။(မင်းတုန်းမင်းကြီး ဇရပ်ဆောက်စဉ်က မဟန့်မှာ 'ဟေမ-နာရာယန် + ဂိရိ'ဖြစ်၍ ၁၈၆၇ မှ ၁၈၉၁ထိ မဟာဗောဓိဝန်းကျင်ကို အစိုးတရ ပိုင်ဆိုင်နေသော ၁၁ယောက်မြောက်မဟန့်ဖြစ်သည်။ ဓမ္မပါလနှင့်တရားဖြစ်နေသော မဟန့်မှာယင်းကိုကို ဆက်ခံသော ၁၂ဆက်မြောက်(၁၈၉၁မှ၁၉၃၅) 'ကြိသျှကာ-ဒယာလ်-ဂိရိ'ခေါ်သောမဟန့်ဖြစ်သည်။)

သီပေါဘုရင်ကဆက်၍ လျှောက်သည်မှာ-

''ပထမ လူသာရှိလျှင် တစ်စုံတစ်ရာအခက်အခဲရှိမည်မဟုတ်ပါ။ ဤအကြောင်းကို အသစ်ဖြစ်သောမဟန္တကြီးက မသိသောကြောင့်သာ ပြန်လည်ငြင်းခုံကာ ပြဿနာပေါ်နေခြင်းဖြစ်ပါလိမ့်မည်။ နန်းစဉ် စာရွက်စာတမ်း စာအုပ်များကိုလည်း အင်္ဂလိပ်မင်းတို့ သိမ်းယူသွား၍ တကာတော်ထံ၌ တစ်စုံတစ်ခုမျှ

www.burmeseclassic.com

www.burmeseclassic.com



မရှိပါ။ ကာလကတ္တားမြို့ ဘုရင်ခံချုပ်အိမ်၌ ရှိမည်ထင်ပါသည်။ သူနှင့် တွေ့ဆုံ ပြောဆိုက ကိစ္စများပြီးမည်ထင်ပါသည်။ ယင်းသို့ အပြည့်အစုံ လျှောက်ထားပြီးနောက် အတန်ကြာ စဉ်းစားလျက် -

"ဤအရပ်၌ ရဟန်းသံဃာများအား ဖူးမြော်ရခဲပါသည်။ အရှင်ဘုရားတို့ ကြွရောက်လာခြင်းကို တကာတော် အလွန်တရာ ဝမ်းမြောက်ဝမ်းသာ ရှိလှပါသည်" ဟု ဝမ်းသာဝမ်းနည်း လျှောက်ထား၍ ဆရာတော်ကလည်း -

"ဗုဒ္ဓသာသနာတော်ရေးအတွက် ဤရတနာဂီရိမြို့သို့ ကြွရောက်လျက် ယခုကဲ့သို့ တကာတော်နှင့် တွေ့ဆုံနိုးနှော ရသဖြင့် ဆရာတော်များလည်း များစွာ ဝမ်းမြောက်ဝမ်းသာ ရှိကြပါသည်"ဟု ပြောဆိုပြီး စံအိမ်တော်မှ ထွက်ကြွလာကြရာ ဘုရင်မင်းမြတ်ကိုယ်တော်တိုင် စံအိမ်တော် တံခါးမုခ်တိုင်အောင် လက်အုပ်ချီလျက် လိုက်ပို့တော်မူလေသည်။

ဗုဒ္ဓဂယာ မဟာဗောဓိပင်အား ဆီမီးပူဇော်ရန် နှမ်းဆီတစ်ပုံး၊ ချည်ခင်များနှင့် သက်န်းလျာ ပိတ်အုတ်များအပြင် သရက်သီးအလုံးတစ်ရာတို့ကိုပါ ဘုဉ်းပေးရန် လှူဒါန်းလိုက်၏။ (မိဂဒါရုံ ဦးကိတ္တိမ၏ မဟာဗောဓိပွတ္တိမှ။)

## ဟိန္ဒူနှင့် ဗုဒ္ဓဘာသာ အတူတူပါပဲဆို၍

ဆရာတော်နှင့် ဓမ္မပါလတို့သည် ရတနာဂီရိမှ ဘုံဘေသို့ ပြန်လာ၍ ရှေ့နေကြီး ဒေါက်တာ စန္ဒြဘာအိမ်၌ပင် တည်းခိုကာ ရှေ့နေကြီးများနှင့် တိုင်ပင်ကာ သီပေါဘုရင်ထံမှ ရရှိခဲ့သော အချက်အလက်များကို မှတည်၍ အစီရင်ခံစာ တစ်စောင် ရေးကြ၏။ ကာလကတ္တားရောက်၍ ထိုအစီရင်ခံစာကို တင်သွင်းလျှင် မဟန့်ရှေ့နေက -

"ဂေါတမဗုဒ္ဓ၏ အယူဝါဒနှင့် ဟိန္ဒူပြာဟ္မဏတို့၏ အယူဝါဒမှာ အတူတူပင်ဖြစ်ကြောင်း" ကျမ်းအကိုးအကားများဖြင့် လျှောက်ထားပြန်၏။ ၎င်းက ဆက်လက်၍ -

"ဟိန္ဒူတို့၏ အယူဝါဒ၌ ကမ္ဘာပေါ်ရှိ သတ္တဝါအပေါင်းတို့အား ဆင်းရဲ ဒုက္ခမှ ကယ်တင်ရန် ထာဝရဘုရားသခင်ဖြစ်သော ဗြဟ္မာကြီးက လူ့ပြည်သို့ ကိုယ်စားလှယ် တမန်တော် ၁၀ ယောက် စေလွှတ်ရာတွင် ဂေါတမဘုရားလည်း ၉ ဦးမြောက် ကိုယ်စားလှယ်တစ်ဦးပင်ဖြစ်ကြောင်း၊ ဟိန္ဒူများလည်း ဂေါတမ

www.burmeseclassic.com

www.burmeseclassic.com



ဘုရားကို ကိုးကွယ်ပါကြောင်း တင်ပြလျက် ဗုဒ္ဓဝါဒသည် အသီးအခြားမဟုတ်၊ ဟိန္ဒူဝါဒ၌ ပါဝင်လျက် ရှိနေသောကြောင့် မင်းတုန်းမင်းတရားကြီးဇရပ်ကို ဟိန္ဒူ ဗြာဟ္မဏတို့လည်း ပိုင်ဆိုင်ထိုက်ကြောင်း လျှောက်သည်။

ရှေး ဟိန္ဒူဆရာကြီးတို့ ဖန်တီးထားသော ထိုတရားတော်အရဆိုပါမူ မငြင်းသာပါချေ။ ထိုအခါ တရားသူကြီးက ဓမ္မပါလအား -

"ထိုအယူဝါဒ နှစ်ခုသည် အတူတူ မဟုတ်၊ တသီးတခြား ဖြစ်ကြောင်း အထောက်အထား ခိုင်ခိုင်လုံလုံ ပြနိုင်ပါသလော" ဟု မေးရာ ဓမ္မပါလလည်း ချက်ချင်းပင် ဟိန္ဒူပုရာဏ်ကျမ်း ဒုတိယတွဲလာ ဂါထာတစ်ပုဒ်ကို ရွတ်ဆိုချေပ လေသည်။ ထိုဂါထာ၏ အဓိပ္ပာယ်မှာ -

"အကြင် ဟိန္ဒူလူမျိုး တစ်ယောက်အား အသေနင်းသတ်ရန် လိုက်လာသောဆင်၏ ဘေးမှ လွတ်အောင်ပြေးခြင်းငှာ အကြင် ဂေါတမ၏ ကျောင်းဂူသည်သာလျှင်ရှိ၏။ ထိုဆင်နင်းသတ်၍ အသက်ကိုသာ အသေခံရမည်။ ဂေါတမ ဗုဒ္ဓ၏ ကျောင်းဂူစသည်တို့ မပြေးဝင် မခိုလှုံရ။

"ဤသို့ အတင်းအကျပ် ပညတ်ချက် လာရှိပါသည်။ ထို့ကြောင့် ဂေါတမ ဗုဒ္ဓ၏ အယူနှင့် ဟိန္ဒူ ဗြာဟ္မဏတို့၏ အယူဝါဒသည် တခြားစီပင် ဖြစ်ပါသည်။"

မည်သို့ပင် အကြောင်းအမျိုးမျိုးပြကာ ချေပသော်လည်း ဗုဒ္ဓဂယာ ဓရိယာရှိမြေများကို ရှေးအခါက စစ်နိုင် ပသီဘုရင် လက်ထက်မှစ၍ မဟန္တတို့သာ ပိုင်ဆိုင်ခဲ့ကြသော မြေဂရန် အထောက်အထားများကိုပါ တင်ပြကြရာ မင်းတုန်း မင်းတရားကြီး၏ ဇရပ်လည်း ထိုမြေ၊ အထူးသဖြင့် တံတိုင်းခတ်ထားသော မဟန္တနန်းတော်ဝင်းခြံကြီးအတွင်း၌ တည်ရှိနေသည့်အပြင် ယခုအခါ ထိုအဆောက် အအုံကိုပင် ပြင်ဆင် ဆောက်လုပ်ထားသည်ဆိုရာ ဗုဒ္ဓဘာသာဝင်တို့ ခံလေသမျှ သဲရေကျ ဖြစ်ခဲ့ရလေသည်။

## ကုသိနာရုံ
## ဝတ္တက လယ်ယာမြေ အရေးအခင်း
## (၈)

အများ ကောင်းစား ချမ်းသာရေးအတွက် ဦးတည် လုပ်ဆောင်နေသော ပုဂ္ဂိုလ်ထူးများ၏ ဘုန်းကံ၊ တစ်နည်းအားဖြင့် သာသနာ့ဘုန်းကံသည် မျှော်လင့် မထားသော အခွင့်အလမ်းများကိုပင် ကြုံဖန်ဖြစ်ပေါ် စေတတ်၏။ ဦးစန္ဒြမဏိ၏

www.burmeseclassic.com

www.burmeseclassic.com



သာသနာပြုလုပ်ငန်း သမိုင်းတွင်လည်း ဤအချက်ကို တွေ့မြင်နိုင်သည်။

ကုသိနာရုံ ကျောင်းတိုက်ကြီးကို အတူတကွ တည်ထောင်ခဲ့သော ကျေးဇူးရှင် မရမာကြီးဆရာတော် ဦးမဟာဝီရသည် ၁၂၉၀-ပြည့်နှစ်၊ သက်တော် ၈၅-တွင် ပြန်လွန်တော်မူခဲ့ရာ ကျောင်းဒကာကြီးနှင့် တိုင်ပင်၍ ကောင်းစွာ သင်္ဂြိုဟ်ပြီးနောက် အရိုးဓာတ်စုကို ကုသိနာရုံ ဘုရားဝင်းအတွင်း၌ စေတီတည်ထား ကိုးကွယ်သည်။

မဟာဝီရ ဆရာတော်ကြီး မရှိသည့်နောက် ဦးစန္ဒမဏိသည် တစ်ကိုယ်တော် ဦးစီးဦးကိုင်အဖြစ် ရပ်တည်လျက် ကုလားပြည်မှာ ကုလားလိုနေ၊ ကုလားလို စားကာ ဆင်းရဲပင်ပန်းစွာ သာသနာရေးကိစ္စများကို အားသွန်ဆောင်ရွက်တော်မူ၏။ သီဟိုဠ်ကျွန်းမှ ဆရာတော့်ထံသို့ ဥပုသ်ရက်ရှည် လာစောင့်နေသော 'နုယောကော်ဒါ' အမည်ရှိ ဥပသကာကြီးနှင့် တိုင်ပင်ကာ ဝါးတိုင်ထူ၊ သက်ငယ်မိုးဖြင့် 'စန္ဒမဏိ တိုင်းရင်းဘာသာ အခမဲ့ မူလတန်းကျောင်း' ကလေးကို တည်ထောင်လိုက်သည်။ ကျောင်းသား ၅-ယောက်ဖြင့် စတင်ခဲ့၏။

အဆိုပါ သီဟိုဠ်ဒကာကြီးနှင့် တိုင်ပင်၍ ကျောင်းတိုက်ပိုင် လယ်ယာမြေများ ဖြစ်ပေါ်လာအောင် တစ်ဆင့်တိုး၍ ကြိုးစားပြန်၏။ ကံအားလျော်စွာ ကုသိနာရုံနှင့် မိုင် ၃၀-ဝေးသော မဟီမြစ် တစ်ဖက်ကမ်းရှိ 'ဘာဆာမီ' ရွာရှိ ဒကာများက မြေရိုင်း ၁၄-ဧကကို ပထမဆုံး ကုသိုလ်ဖြစ် ခုတ်ထွင်ပေးကြသည်။ ဆရာတော့်အမည်နှင့် စာချုပ်စာတမ်း ပြုလုပ်ထား၏။ အနီးအနားရှိ ရွာသားများက ထိုမြေများကို ငှားရမ်းကာ စပါး ကြံ ပဲ မုန်လာ အာလူး မုန်ညင်းများကို အခါရာသီ အလိုက် စိုက်ပျိုးကြသည်။

ချောင်းမြောင်းများ ပေါများသော ကုသိနာရုံ ပတ်ဝန်းကျင်၌ မဆိုထားဘိ၊ ယနေ့ အိန္ဒိယပြည် နေရာများစွာ၌ မြေအောက်ရေများကိုပင် ၁၄-ပေ လောက်နှင့် အလွယ်တကူ ရရှိနေကြရာ ၁၂-ရာသီ မလပ်အောင် စိုက်ပျိုးနေကြသည်ကို တွေ့ရှိရသည်မှာ အားကျဖွယ် ကောင်းလှပေသည်။ မြေအောက်ရေမှာလည်း ရေချိုဖြစ်၍ အောင်မြင်လှပေသည်။ လယ်ယာများအတွင်း လျှပ်စစ်လိုင်းများလည်း ရှိနေရာ မြေအောက်ရေကို ရေစုပ်စက်ကလေးများဖြင့် လိုသလို သုံးစွဲနိုင်၏။ ရေနုတ်မြောင်းများလည်း ကောင်းလှပေသည်။ နေရာများစွာ၌ ၁၂-ရာသီ စိမ်းစိုနေတော့သည်။

ဆရာတော်သည် နောက်ထပ် ဧက ၂၀ (ကျောင်းအရှေ့ဘက် ၁၀-ဧက၊ အနောက်ဘက်၌ ၁၀-ဧက) ကို ငွေ ၂၅၀-ကျပ်ပေး၍ ခုတ်ထွင်စေခဲ့၏။ ယင်း

www.burmeseclassic.com

www.burmeseclassic.com



ဧက ၂၀-ကို တရားဥပဒေနှင့်အညီ ဂျီဒဝရွှာသား ဒကာတစ်ဦးအား တာဝန်ပေးထားသည်။ ဆရာတော်၏ သာသနာပြုလုပ်ငန်းတွင် ထိုလယ်ယာမြေများ အရေးပါပုံမှာ ကြာလေထင်ရှားလေ ဖြစ်လာခဲ့သည်။

ထပ်မံပြီး တိုးချဲ့လုပ်ကိုင်ရန် မမျှော်လင့်သော တွန်းအားများလည်း ပေါ်ပေါက်လာပြန်၏။ ကံအရိပ်ပြရာနောက်သို့ ဉာဏဝီရိယအားများ ပံ့ပိုးပေးနိုင်သူတိုင်း အထက်ဆရာကြီး မ,သည်ထက်ပင် မြင့်မား တိုးတက်လာကြမြဲဖြစ်ပါ၏။ သတိရှိသူတို့အတွက် ထိုကံအရိပ်သည် အကောင်အထည် ဒြပ်ကြီး အလား ထင်ရှားလှသည်။ ထိုကံရေစီးကြောင်းကို မြင်အောင် ရှုနိုင်ပါလျှင် ကိုယ့်ဘဝရေစီးကြောင်းကို ကိုယ်ကြိုက်သလို လှည့်ပြောင်းသွယ်ယူလျက် အလွယ်တကူ တိုးတက်အောင်မြင်နိုင်ပါသည်။ အထွတ်အထိပ် အောင်မြင်နေကြပါသည်။ သို့ရာတွင် အကွေ့အကောက်ကလေးများက ရှိလာတတ်သဖြင့် ဉာဏ်ဝီရိယ အရှိန်တိုးမြှင့်ရန်နှင့် ခန္တီလက်နက်ကို ကျစ်ကျစ်မြဲမြဲ စွဲကိုင်ထားရန်ကိုမူ သတိရှိနေရပါမည်။

## ကမ္ဘာပေါ်မှာ အသက်အဝင်ဆုံး ရုပ်ပွားတော်မြတ်ကြီး

ယင်းသို့ လယ်ယာမြေ ၃၄-ဧက ခုတ်ထွင်ပြီး ၁၂-နှစ်လောက် ကြာသော အခါ ဒေဝရိယာမြို့မှ အင်္ဂလိပ်လူမျိုး ခရိုင်ဝန်ကြီး 'နိက္ခမ ဆာယေ' ကုသိနာရုံသို့ ဘုရားဖူးရန် ရောက်လာ၏။ ဘုရားဖူးပြီးနောက် ဆရာတော်အား လာရောက်ဝတ်ဖြည့်ရင်း ဆရာတော်၏ ဥပမိန္ဒ့် ကျောင်းအနေအထားကို သတိပြုကာ ကျေနပ်အားရသော အမူအရာဖြင့် -

"ဆရာတော်၊ တပည့်တော်ဟာ တိုင်းကြီးပြည်ကြီး တော်တော်များများ ရောက်ဖူးပါတယ်၊ ပန်းချီပန်းပု ရုပ်လုံးရုပ်ကြွ အမျိုးမျိုးကိုလည်း တပည့်တော် လေ့လာကြည့်ရှုဖူးပါတယ်၊ ဒီ ကုသိနာရုံမှာရှိတဲ့ မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူဟန် ရုပ်တုတော်လို စိတ်နှလုံးကို ဆွဲဆောင်နိုင်တဲ့ ရုပ်တုတော် ဆင်းတုတော်မျိုး တစ်ခါမျှ မတွေ့ကြုံခဲ့ရဖူးပါ၊ ဤဘုရားရုပ်တုတော်ဟာ ကမ္ဘာပေါ်မှာ နဂိုမူ အဒပါဆုံး၊ အထူးခြားဆုံး၊ အသပ္ပာယ်ဆုံး ရုပ်တုတော် ပါပဲ" ဟု ထူးထူးခြားခြား လျှောက်ထား၏။

ထို အင်္ဂလိပ် ခရိုင်ဝန်ကြီးက ဆရာတော်၏ ဇာတိမည်ရည်ကိုပါ မေးမြန်းပြီးနောက် -

www.burmeseclassic.com

www.burmeseclassic.com



"နိုင်ငံခြားသားဖြစ်တဲ့ ဆရာတော်မှာ ဒီလိုအရပ်မှာ ဘာ အားကိုးများ ရှိပါသလဲ၊ အရှည်သဖြင့် နေနိုင်လောက်အောင် လယ်ယာမြေများ ဘယ်လောက် ရှိပါသလဲ" ဟု တိတိလင်းလင်းပင် ဖွင့်၍ မေးလျှောက်ရာ ဆရာတော်မှာ ရှိပြီး မြေများဖြင့် တင်းတိမ်နေသော အမူအရာဖြင့် "ဘုန်းကြီးမှာ မြေဧက ၃၀ ကျော် ရှိပါတယ်" ဟု ဖြေလိုက်သောအခါ အင်္ဂလိပ် ခရိုင်ဝန်ကြီးမှာ ပြုံးရွှင်အံ့သြလျက်

"သည်မျှလောက်နှင့် မလုံလောက်ပါ။ တပည့်တော် ရှိနေခိုက်မှာ အနည်းဆုံး ဧက ၅၀-လောက်ဖြစ်လာအောင် သင့်တော်တဲ့မြေများကို ရှာကြံပြီး အမြန်ဆုံး တပည့်တော်ရုံးကို လျှောက်လွှာပို့လိုက်ပါ။ ယခုအခါ အိန္ဒိယ အစိုးရက လယ်ယာ မြေများကို ပြည်သူပိုင်သိမ်းယူရန် ဥပဒေများရေးဆွဲလျက် ရှိနေပါတယ်။ အမြန်ဆုံး စီမံပါ။ ဖြစ်နိုင်တဲ့နည်းနှင့် တပည့်တော် အကူအညီပေးပါ့မယ်။ ဆရာတော်ဟာ နိုင်ငံခြားသား တစ်ယောက်ဖြစ်နေတဲ့အတွက် အားငယ်စရာ အကြောင်းတစ်စုံတစ်ရာ ဖြစ်ပေါ်လာပါလျှင်လဲ တပည့်တော်ကို အမြန် အကြောင်းကြားပါ" စသည်ဖြင့် မမျှော်လင့်စကောင်းသူထံက မမျှော်လင့်သော စကားများကို ကြားနေရသဖြင့် ဆရာတော်မှာ လွန်စွာ ကျေးဇူးတင်သွား၏။

ဆရာတော်သည် ခရိုင်ဝန်ကြီး ပြန်သွားပြီးနောက် မကြာခင်မှာပင် ကုသိနာရုံနှင့် တစ်မိုင်ခွဲခန့်ဝေးကွာသော ရှိဝရွာအနီးရှိ ယင်းတိုက်တော၊ ကျူတောကြီး ဖြစ်နေသော မြေရိုင်းဧက ၅၀-ကို လူငှားပြီး ခုတ်ထွင်စေ၏။ ပြီးလျှင် မြေတိုင်း စာရေးကို ခေါ်ယူ၍ မြေပုံဆွဲ တိုင်းတာစေလျက် ဦးစန္ဒြမဏိအမည်ဖြင့် မှတ်ပုံတင်ရန် ဒေဝရိယာ ခရိုင်ဝန်ရုံးသို့ လျှောက်လွှာတင်လိုက်သည်။

## ကုလားများက တိုင်တောကန့်ကွက်

ထိုလယ်ယာမြေများကို လုပ်ကိုင်ရန် ရှိဝရွာပတ်ဝန်းကျင်မှ ကုလားများအား တာဝန်ပေးလိုက်၏။ သို့ရာတွင် မမျှော်လင့်သော ဆန့်ကျင်ဘက်အကြောင်းများက ပေါ်ပေါက်လာပြန်၏။ ရှိဝရွာ အနီးဝန်းကျင်ရှိ ရွာ ၅-ရွာမှ ကုလားများသည် ထိုသတင်းကို ကြားသိကြသဖြင့် ချက်ချင်းပင် ရုံးတော်သို့ စုပေါင်းပြီး ကန့်ကွက်စာ တင်ကြသည်။ ကန့်ကွက်စာတွင် အောက်ပါအချက် ၄-ချက်ကိုလည်း ဖော်ပြထားသည်။

၁။ ဦးစန္ဒြမဏိသည် နိုင်ငံခြားသားတစ်ယောက်ဖြစ်၍ အိန္ဒိယတိုင်းပြည်ရှိ မည်သည့်မြေမျှ ဂရန်ပတ္တာနှင့် အပိုင်မပေးသင့်။

www.burmeseclassic.com

www.burmeseclassic.com



၂။ ယခု မြေဧက ၅၀-မှာ မြေရိုင်းများမဟုတ်ပဲ ရှိဝရွာနှင့် တကွ ရွာပေါင်း ၅-ရွာမှ အသုံးပြုနေသော နွားစားကျက် မြေများသာ ဖြစ်ကြောင်း။

၃။ အဆိုပါ မြေကွက်အတွင်း၌ လူအများ ကိုးကွယ်လျက်ရှိသော မဟာရှိဝဘုရားဂူလည်း ရှိနေကြောင်း။

၄။ ဤမြေကွက်များကို လယ်ယာမြေအဖြစ် ပေးလိုပါလျှင် အနီးအနားရှိ တိုင်းရင်းသားများကိုသာလျှင် ပေးထိုက်ကြောင်း။

အတော်အတန် ပေါက်ရောက် နားလည်သူများနှင့် တိုင်ပင်ပြီး အခိုင်အမာ ကန့်ကွက်လာကြသည်။ အပြင်းအထန် ဆန့်ကျင်လာကြသည်။ ဦးစန္ဒြမဏိဘက် လိုက်ပါသော ၅-အိမ်ထောင်စုကိုလည်း အပေါင်းအသင်း မလုပ်ဘဲ ဝိုင်းပယ်ထားကြ၏။ သက်ဆိုင်ရာက မနေသာတော့ပဲ ကွင်းဆင်းပြီး လာရောက်စစ်ဆေးရသော အခြေသို့ ရောက်လာ၏။ လက်တွေ့ကွင်းဆင်း စစ်ဆေးလိုက်သောအခါ ငါးရွာသားများ ပြောသကဲ့သို့ နွားစားကျက်မြေမဟုတ်၊ မြေရိုင်းများ ဖြစ်နေသည်ကို သိရှိသွားကြသည်။ တစ်ဖန် မဟာရှိဝ ဘုရားဂူဆိုသည်မှာလည်း ညတွင်းချင်း အပြီးဆောက်လုပ်ထားသော ဂူဖြစ်ကြောင်းကိုလည်း တွေ့မြင်သွားကြရာ အမှန် အတိုင်းပင် ကွင်းဆင်းသူများက အစီရင်ခံစာ တင်ကြ၏။ သို့ရာတွင် နယ်ပိုင်ဝန်ထောက်က 'ဦးစန္ဒြမဏိအား မြေဧက ၅၀ မပေးထိုက်၊ ၁၀ ဧကသာ ယူစေ' ဟု အဆုံးအဖြတ် ပေးလိုက်သည်။

ဆရာတော်သည် ထိုအဆုံးအဖြတ်ကို လက်မခံနိုင်သဖြင့် ရွှေနေဌားကာ အယူခံတက်သည်။ ထိုအခါ ခရိုင်ဝန်က -

"အရှင်ဘုရား တစ်ပါးတည်းအနေနှင့် စာမတင်ပါနှင့်၊ ဥပဒေက တစ်ပါးတည်းကို ဧက ၅၀ ပေးလို့မရပါ၊ အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းပြီး အဖွဲ့အမည်နှင့် တင်ပါ" ဟု အကြံပေးလိုက်၏။ ချက်ချင်းပင် ကုသိနာရုံနှင့် ဗာရာဏသီမှာရှိသော တပည့်များကို ပင့်ခေါ်ပြီးလျှင် 'ကုသိနာရုံ ဘိက္ခုသံဃာ့အဖွဲ့' ဟူ၍ ဖွဲ့စည်းလိုက်သည်။ ဥက္ကဋ္ဌ ဦးစန္ဒြမဏိ၊ အကျိုးဆောင်ဦးဓမ္မရက္ခိတ၊ အဖွဲ့ဝင် အမှုဆောင်များအဖြစ် တူဖြစ်သူ မိဂဒါဝုန် ဦးကိတ္တိမနှင့် ဦးအဇ္ဈတာနန္ဒနှင့် ဦးပညာဝံသတို့ ပါဝင်ကြ၏။

သံဃာ့အဖွဲ့အစည်းအမည်ဖြင့် စာတင်ပြီး မကြာမီ ဒေဝရိယာမြို့ ခရိုင်ဝန်က ဆရာတော်နှင့် ငါးရွာသား ခေါင်းဆောင်များအား မိမိရုံးတွင် ခေါ်ယူဖျန်ဖြေပေး၏။

www.burmeseclassic.com

www.burmeseclassic.com



'ဦးစန္ဒြမဏိသည် နိုင်ငံခြားသားတစ်ယောက်ဖြစ်သော်လည်း သင်တို့နှင့် အတူ ဤအရပ်ဒေသ၌ ဒုက္ခအမျိုးမျိုးခံကာ ရပ်ကျိုး နယ်ကျိုး သည်ပိုးနေသူ ဖြစ်၍ သူ အပင်ပန်းခံ ခုတ်ထွင်ထားသော မြေဧက ၅၀-အတွက် မကန့်ကွက် ကြပါနှင့်၊ အားလုံး ကြည်ကြည်သာသာ ကျေနပ်ကြပါ' ဟု တောင်းပန်ပြောဆို၏။ သို့သော် ငါးရွာသားများက မကျေနပ်နိုင်၊ ပြင်းပြင်းထန်ထန် ကန့်ကွက်မြဲ ကန့်ကွက်နေကြသဖြင့် နောက်ဆုံး ခရိုင်ဝန်ကြီးက ဥပဒေကြောင်းအားဖြင့်လည်း ညီညွတ်နေပြီ ဖြစ်သဖြင့် မိမိ၏ လုပ်ပိုင်ခွင့်အာဏာအရ မြေရိုင်းဧက ၅၀ စလုံး ကုသိနာရုံ ဘိက္ခုသံဃာ့အဖွဲ့အား ပေးလိုက်လေသည်။

သို့သော် ငါးရွာသားတို့သည် ထိုအဆုံးအဖြတ်ကို မကျေနပ်နိုင်သဖြင့် ဇလဟာဘတ်ရုံးတော်သို့ အယူခံ ဝင်ကြပြန်သည်။ ထိုသို့ အယူခံဝင်နေဆဲ မြေရိုင်းများကို ဆက်လက် ရှင်းလင်းခုတ်ထွင်သည်ကိုပင် မကျေနပ်နိုင်ကြ၍ တုတ် ဓားများကိုယ်စီနှင့် ဝိုင်းအုံတားဆီးကြသည်။ သို့သော် ဆရာတော်က သူ၏ အလုပ်သမားများအား 'ငါတို့ကို ရုံးတော်က တရားနိုင်ပေးလိုက်ပြီးဖြစ်တဲ့အတွက် လယ်ယာမြေဖြစ်အောင် ဆက်လက်ပြီး လုပ်သာလုပ်ကြ' ဟု ပြောဆိုလုပ်ကိုင်မြဲ လုပ်ကိုင်စေခဲ့၏။ သက်ဆိုင်ရာ အစိုးရတို့ကလည်း အဓိကရုဏ်း မဖြစ်အောင် လူ ၅၀ ပါဝင်သော ပုလိပ်တပ်ဖွဲ့ တစ်ခုကိုပင် အစောင့်ချထားပေးသည်။

၃-လကြာလျှင် ဇလဟာဘတ်မြို့ရုံးတော်မှ ငါးရွာသားတို့အား စရိတ်စကနှင့် တကွ ရှုံးစေ အမိန့်ကျလာ၏။ သို့သော် ငါးရွာသားတို့ကား သည်မျှနှင့် မရပ်။ နယူးဒေလီမြို့ရှိ နိုင်ငံတော် တရားလွှတ်တော်ချုပ်အထိ တက်ကြပြန်၏။

ထိုအတွင်း မြန်မာနိုင်ငံမှ တရားဝန်ကြီးချုပ် ဦးသိမ်းမောင်လည်း ကုသိနာရုံသို့ ဘုရားဖူး ရောက်လာကြုံကြိုက်သဖြင့် ဆရာတော်က ၎င်းအား အကျိုးအကြောင်း ပြောပြရာ 'အမှုတွဲ စာရွက်စာတမ်းများကို မိတ္တူကူးပြီး တပည့်တော်ထံ ပို့ပေးပါ၊ စွမ်းနိုင်သမျှ ကူညီဆောင်ရွက်ပါမည်' ဟု ကတိပေးခဲ့သေးသည်။ အမှုတွဲများကိုလည်း ဆရာတော်က ပို့ပေးလိုက်၏။

နိုင်ငံတော် တရားရုံးချုပ်ကား အပြီးအပိုင် ဆုံးဖြတ်ချက် ပေးပေလိမ့်မည်။ ထိုအမိန့်အတိုင်းသာ နောက်ဆုံးအတည်ဖြစ်ပေတော့မည်။ ဆရာတော်ကား ဖြစ်ပေါ်လာသည့် အခက်အခဲတို့ကို ဖွဲလုံ့လ သည်းခံခြင်းဖြင့် ကြံ့ကြံ့ခံ ရပ်တည် ထား၏။ 'အများ ကောင်းစားရေး၊ သာသနာရေးအတွက် ငါ လုပ်နေတာပဲ'

www.burmeseclassic.com

www.burmeseclassic.com



ဟုလည်း ကိုယ့်ကိုယ်ကို ယုံကြည်၏။ တစ်စုံတစ်ရာ မတရားသုံးစွဲလိုသော ဆန္ဒမြူတစ်ခြမ်းမျှ မရှိ။ ထိုလယ်ယာမြေများမှ ထွက်ပေါ်လာသော အကျိုးအမြတ်သည် ထိုနယ်မြေဒေသမှ မရှိဆင်းရဲသားများ၏ ပညာရေးမှာ သုံးမည်။ မွန် မြန်မာ ရခိုင်ဟူသော မိမိလူမျိုးတို့ အတွက်သာမက သားစဉ်မြေးဆက် လာလာသမျှသော မည်သည့်လူမျိုး ဘုရားဖူးများအတွက်မဆို ချမ်းသာစွာ တည်းခို နေထိုင်နိုင်အောင် စောင့်ရှောက်မည်။ သာသနာ့ အဆောက်အအုံများ တိုးချဲ့မည်။ အခမဲ့ စာသင်ကျောင်းများ တိုးချဲ့ဖွင့်ပေးမည်။

ဆရာတော်၏ စိတ်ထဲ၌ ရှိနေသော ထိုစိတ်ကူးများ အားလုံးသည် ဆရာတော့်အတွက် မမြင်ရသော၊ အစွမ်းထက်လှသော အားလည်းကိုးလောက်သော မိတ်ဆွေကောင်းကြီးများပင်တည်း။

နောက်ဆုံး အဆုံးအဖြတ်ပေးမည့် အမိန့် တစ်စုံတစ်ရာ မလာရောက်မီ လုပ်ရမည့် အလုပ်ကိုပါ ဆက်လက်လုပ်ရမည်မှာ မိမိတာဝန်သာလျှင် ဖြစ်သည့်အတိုင်း လူငှားများအား လုပ်သင့်သည်များကို ဆက်လက်လုပ်ရန် ကိုယ်တော်တိုင် ကြည့်ကြပ်စီမံနေ၏။ ပုလိပ်တပ်ဖွဲ့များလည်း ရှိနေသဖြင့် အားငယ်စရာမရှိ။ ပုလိပ်များမှာ ဆရာတော်၏ လုံခြုံရေးအတွက် ကျောင်းတိုက်ကိုပင် အလစ်မပေး စောင့်ရှောက်ပေးကြသည်။

ထိုသို့ ဆက်လက်၍ ယင်းတိုက်ပင်များ ခုတ်လှဲခြင်း၊ အမြစ် တူးဖော်ခြင်းများကို လုပ်ဆောင်မြဲ လုပ်ဆောင်ကြရလေရာ လောလောဆယ်မှာပင် ဝီရိယအကျိုးကား ပေးနေပေသည်။ ယင်းတိုက်ပင်များ ခုတ်လှဲပြီး စုပုံထားရာ ထင်းအဖြစ် လာရောက်ဝယ်ယူကြသဖြင့် ငွေငါးထောင်ကျော်ကျော်ပင် အသားတင်ရရှိလာသည်။ အလုပ်သမားများအားလည်း ထိုက်သင့်ရာ ဆုများချ၍ အားတက်သရောပင် မမောနိုင်မပန်းနိုင် လုပ်ကြသည်။ ငါးရွာသားတို့က တရားလွှတ်တော်ချုပ်မှ အဆုံးအဖြတ် မကျသေးမီ မလုပ်ရန် တားမြစ်ကြသော်လည်း မမှုကြတော့။

တစ်နှစ်တာ ကြာသွားသောအခါ 'ကုသိနာရုံ ဘိက္ခုသံဃာ့အဖွဲ့' ကိုပင် အနိုင်ပေးလိုက်၏။ ငါးရွာသားတို့ ကုန်ကျစရိတ်ပါ ကျခံစေရန် အမိန့်ချလိုက်ရာ ဥပဒေကြောင်းအားဖြင့် နောက်ထပ် တစ်ဆင့်တက်စရာ မရှိတော့ပေ။ သို့ရာတွင် ဆရာတော်များဘက်ပါသော ရှီဝရွာမှ ငါးအိမ်ထောင်စုကိုမူ နည်းမျိုးစုံဖြင့် ရွာ၌မနေနိုင်အောင် နှောင့်ယှက်ကြလေ၏။ နှောင့်ယှက်သည့်ကြားကပင်

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်များဘက်သို့ နောက်ထပ် ငါးအိမ်ထောင်ဝင်လာ၏။ ဆရာတော်ကား မည်သူ့အားမျှ နစ်နာစေလိုစိတ် မထား။ ကျောသားရင်သား မခွဲ။

## အရိုပ်ခို၍ အသီးစားခဲ့ရ

မြေရိုင်းမှ စိုက်ပျိုးလို့ရသော တကယ့်မြေကောင်းလယ်ကောင်း ဖြစ်လာစေရန် ၇-နှစ် အချိန်ယူ ဆောင်ရွက်ရလေသည်။ ၅-ဧကခန့်ကို သရက် ပိန္နဲ စသော သီးစားပင်များစိုက်ကာ ဥယျာဉ်ခြံမြေ လုပ်ထား၏။ စုစုပေါင်း ဧက ၈၀-ကျော် ရှိသွားရာ ကျန်မြေများကို ကိုယ်စားလှယ်၊ စာရေး၊ အလုပ်သမား စသည် ခန့်ထားပြီး ရာသီအလိုက် စိုက်ပျိုးစေ၏။ တစ်နှစ်လျှင် သုံးသီးမက စိုက်ပျိုးနိုင်သဖြင့် ဝင်ငွေလည်း ကောင်းလှ၏။ ကျောင်းပိုင်မြေယာများမှ ရရှိသော အသီးအရွက်များကိုလည်း နယ်သူနယ်သားများအား ဈေးပေါပေါနှင့် ရောင်းချပေးသည်။ ထိုမြေဖြင့် အသက်မွေးဝမ်းကြောင်း လုပ်လိုသူများကိုလည်း အတန်အသင့် နှုန်းထားဖြင့် သီးစားချပေး၏။

ရက်လကြာလာသောအခါ ၅-ရွာသားတို့သည် ရန်ငြိုးပြေကာ ဆရာတော်ကို မြင်လျှင် 'စန္ဒြမဏိဗာဗာ' ဟု အမြတ်တနိုးခေါ်ကာ ခြေတော်အစုံကို လာရောက် ဦးခိုက်ကြရာ ဆရာတော်မေတ္တာမှာ အောင်မြင်လှပါပေသည်။ ရှေးက ဆရာတော်များ ခုတ်ထွင်ဝယ်ယူစဉ်က တစ်ဧက အစိတ်သုံးဆယ်မျှသာ ပေးရသော လယ်မြေများသည် ယခုအခါ တစ်သိန်းခွဲ နှစ်သိန်းထိ ဈေးရှိလာ၏။ တစ်ဧကလျှင် စပါးတင်း ၅၀-(ကုလားအခေါ် ၂၅-မောင်း) ခန့် ထွက်သည်ဟု သိရ၏။

၈၇-နှစ် ဇန်နဝါရီလ ပထမပတ်က တစ်ကြိမ်၊ ၉၀-ပြည့်နှစ်က တစ်ကြိမ် စာရေးသူ ကုသိနာရုံသို့ ရောက်သွားရာ ဆရာတော်ဘုရားကြီး ခုတ်ထွင်သွားသော လယ်ထွက်ပစ္စည်းများကို စာရေးသူတို့ စားသုံးခဲ့ရပါသေးသည်။ ကျောင်းနေ ပရိသတ် ၃၀-ခန့်ရှိ၍ အပြည့်ပြည့်မှ ဘုရားဖူးများကား မပြတ်ရှိနေ၏။ နေရာထိုင်ခင်း များလည်း အလုံအလောက်ရှိ၏။ ဆန် ဆီ (မုန်ညင်းဆီ)နှင့် ပဲ ငရုတ် အာလူး ကြက်သွန်များ မဝယ်ရ၊ ကျောင်းပိုင် လယ်ယာခြံထွက်ဖြင့် လုံလောက်သည်ဟု ဆိုပါသည်။ အခြား ကြံနှင့်စပါးများမှာ ကျောင်း သာသနာပြု ရန်ပုံငွေအဖြစ် လယ်ယာများက ဆက်လက်တာဝန်ယူနေပါသည်။ ထိုလယ်ယာမှရသော နဝကမ္မ များနှင့်ပင် လက်ရှိဆရာတော် ဦးဉာဏိဿရ (ဆရာတော်ကြီး၏မြေး)က စာရေးသူတို့အား နိပေါပြည်အထိ တာဝန်ယူ လိုက်ပို့ပေးပါသေးသည်။ စာရေးသူတို့ အတွက်ပင် အနည်းဆုံး ကုန်ကျစရိတ် သုံးထောင်ခန့် ရှိမည်ထင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီး၏ ကျေးဇူးကား သားစဉ်မြေးဆက် ပွံ့ပိုးလျက်နေပေဦးမည်။

ကုသိနာရုံ ကျောင်းတိုက် မြေများနှင့်စပ်၍ ကာလတန်ဖိုးများနှင့် တွက်ကြည့်လျှင် ကုဋေကျော်နေပေပြီ။ ထိုမျှ များပြားသော တန်ဖိုးတို့ကပင် ဆရာတော်များအတွက် တစ်ဘက်က တာဝန်ပိုလာပြန်လေသည်။ အကြောင်းမှာ နိုင်ငံခြားသားတို့က ဤမျှတန်ဖိုးရှိသော မြေယာများကို ပိုင်ဆိုင်နေခြင်းအတွက် မနာလိုမှုများလည်း ရှိလာကြပုံပေါ်၏။ အလုပ်သမား အချို့ကလည်း ကတိမတည်ကြ။ ဒေသကာလအလိုက် ဥပဒေများကလည်း တိုးလာသောကြောင့်ဟု ယူဆရသည်။ ဆရာတော်ကြီးနှင့် လက်ရှိဆရာတော်တို့သည် မြန်မာနိုင်ငံသားအဖြစ်မှ အိန္ဒိယ တိုင်းရင်းသားအဖြစ် ခံယူထားကြရသည်။ ထိုကဲ့သို့ မလုပ်ထားလျှင် ကုသိနာရုံ သာသနပြု ဝတ္တကမြေများ အားလုံး လက်လွှတ်နိုင်ပေသည်။ 'နိုင်ငံခြားသား ခံယူရမလား' ဟု အခြေအနေမှန် မသိသူတို့က ထင်ကြပြန်၏။

နိုင်ငံခြားသာသနာပြုသူများ၌ အခက်အခဲတွေ များစွာရှိ၏။ ရံခါ ကျော ထောက်နောက်ခံ မိခင်နိုင်ငံ၏ ပွံ့ပိုးမှုကို မရသည့်အပြင် နှစ်ပေါင်းများစွာ လျစ်လျူ ရှုထားခြင်းကိုပင် ခံကြရသည်။ ပျံ့ပိုးကိစ္စလောက်ကိုပင် အကူအညီ မရ။ နိုင်ငံချင်း သဟဇာတမဖြစ်က ပို၍ အနေကျပ်ကြရှာသည်။

ဆရာတော်ကြီး မရှိသည့်နောက် လယ်ယာမြေနှင့်စပ်၍ မနာလို ခြေရှုပ် သူများ ရှိလာသဖြင့် လက်ရှိဆရာတော် အမှုဆိုင်ရသည်မှာ ငွေကြေးများစွာ ကုန်ကျနေပြီဟု သိရှိခဲ့ရ၏။ ထိုမြေများ သာသနာပြုရန်အတွက် ဖြစ်ပေါ်လာ စဉ်ကလည်း သာသနာစောင့်တို့၏ နှီးဆော်ပံ့ပိုးမှုများ ရှိခဲ့ရပေလိမ့်မည်ဟု ခန့်မှန်း ရပေရာ ယခုကဲ့သို့ ခေတ်အားလျော်စွာ တွေ့ကြုံနေရသော အခက်အခဲများ အတွက်လည်း သာသနာတော်စောင့် နတ်များအားလည်း အသိပေးကာ သစ္စာပြုခြင်း၊ မေတ္တာပွားခြင်းဖြင့် မုချ အောင်မြင်ရမည်ဟုသာ ယုံကြည်ဖြေသိမ့်ရတော့သည်။

## မူလတန်းမှ ကောလိပ်ထိအောင်
## အခမဲ့ကျောင်းများ ထူထောင်ပေးခြင်း

(၉)

ဆရာတော်သည် 'စန္ဒြမဏိ တိုင်းရင်းဘာသာ အခလွတ် မူလတန်းကျောင်းကို ဝါးတိုင်ထူ၍ သက်ငယ်မိုးပြီး ကျောင်းသား ၅-ယောက်နှင့် စတင် ဖွင့်လှစ်ခဲ့ကြောင်း ပြခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com



ထိုကျောင်းလည်း ဇာတ်အယူ သည်းလှသော ဟိန္ဒူတို့အကြားတွင် လွယ်လွယ်ကူကူနှင့် ဖြစ်ခဲ့သည်ကား မဟုတ်ချေ။ "ကလေးတွေကို စန္ဒြမဏိကျောင်းမှာ ထားရင် အားလုံး ဗုဒ္ဓဘာသာ မိစ္ဆာဒိဋ္ဌိတွေ ဖြစ်ကုန်လိမ့်မယ်၊ ဘယ်သူ့သားသမီးမှ မထားရ" ဟု စည်းဝေး၍ပင် ဆုံးဖြတ်ခဲ့ကြသည်။ သို့သော် ဆင်းရဲလွန်းသူများသည် မိမိတို့ သားသမီးများကို တခြားမှာလည်း ထားစရာမရှိ ထားဖို့လည်း ငွေကြေး မတတ်နိုင်ရှာကြသဖြင့် တိတ်တဆိတ် ပုန်းလျှိုးကွယ်လျှိုး ထားကြသဖြင့် ကျောင်းဖွင့်လျှင်ဖွင့်ချင်း ကျောင်းသား ၅-ယောက် ရရှိခြင်းဖြစ်သည်။

အဆိုပါ ကျောင်းသားတို့အား စေတနာဆရာ တစ်ယောက်ထားလျက် ဖိဖိစီးစီး နိုင်နိုင်နင်းနင်း သင်ပြပေးလေရာ တစ်စတစ်စနှင့် ကျောင်းသားများ တိုးခဲ့သည်။ ဆန့်ကျင်ရေးသမားတို့သည် မိဘများကို ဟန့်တား၍ မရသည့်အဆုံး ကျောင်းသားသူငယ်များ ကျောင်းသွားကျောင်းပြန် လမ်းမှနေ၍ ဆဲဆိုကြိမ်းမောင်း လုပ်ကြ၏။ နောက်ဆုံး ရိုက်နှက်သည်အထိပင် နှောင့်ယှက်ကြလေသည်။ ထိုသို့ ခြိမ်းခြောက်သည့်ကြားကပင် ကလေးချင်း သတင်းပို့ကာ ပထမနှစ် အတွင်းမှာပင် ကျောင်းသား ၄၀ ရှိလာ၏။

ဗုဒ္ဓဘာသာ ဖြစ်လတ္တံ့သော သူငယ်တို့၏ဘုန်းကံ၊ ဆရာတော်၏ ဘုန်းကံ ဟုပင် ဆိုရမည်။ မကြာမီပင် သက်ငယ်မိုး ဝါးတိုင်ကျောင်းကလေးမှ ပေ ၃၀ × ပေ ၅၀ ခန့်ရှိ မိုးလုံလေလုံ အုတ်တစ်ထပ်တိုက်ကျောင်း ဖြစ်လာခဲ့၏။ 'ဖလံထောင်' မင်းသမီး၏ မတည်ငွေ ၂-ရာမှ စတင်၍ ဆောက်လုပ်ခဲ့ရာ တရုတ် ဘုရားဖူး ခရီးသည်ကြီး တစ်ဦးက ၅-ရာ၊ နောက် ဗာရာဏသီသူဌေးတစ်ဦးက တစ်ထောင် လှူဒါန်း၏။ ထို သူဌေးကပင် လိုသမျှ ငွေအားလုံး စိုက်ထုတ်လှူဒါန်းခဲ့သဖြင့် 'စန္ဒြမဏိ အခမဲ့ မူလတန်းကျောင်း' အသင်အပြရော၊ နေရာထိုင်ခင်းပါ သတင်းထွက်လာခဲ့၏။

## မျက်မြင်ကိုယ်တွေ့ သာသနာပြုကျောင်း

စန္ဒြမဏိ မူလတန်းကျောင်းနှင့် စပ်၍ ကိုယ်တွေ့မျက်မြင် ကြုံခဲ့ရသူ စာရေးဆရာကြီး မောင်ထင်က ၁၈၊ ၅၊ ၇၂ နေ့ထုတ် လုပ်သားပြည်သူ့ သတင်းစာတွင် အောက်ပါအတိုင်း ရေးသားခဲ့ဖူး၏။

"လွန်လေပြီးသော ဆယ်နှစ်ကျော်က ကုသိုလ်ထူး၍ ကုသိနာရုံသို့ ရောက်ခဲ့သောအခါ ဦးစန္ဒြမုနိ သီတင်းသုံးရာ ပရိဝုဏ်ထဲသို့ မဝင်ရောက်မီ အပြင်ဘက်တွင် အိန္ဒိယတိုင်းရင်းသား ကလေးသူငယ်များ ကစားမြူးတူးနေကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုကလေးသူငယ်များသည် ဦးစန္ဒမုနိ တည်ထောင်ပေးသော ကျောင်း၌ စာသင်ကြသော ကလေးသူငယ်များ ဖြစ်သည်ဟု ကြားသိရသောအခါ ဘုန်းတော်ကြီးကို မဖူးမမြော်မတွေ့ရမီကပင် ကြိုတင်၍ ကြည်ညိုစိတ်များ ဖြစ်ပေါ်လာပါသည်။ မြန်မာနိုင်ငံတွင် အိန္ဒိယတိုင်းသား ကျောင်းဆရာများက မြန်မာတပည့်တို့ကို စာသင်ပေးသည့်အဖြစ်မျိုးမှာ ကျွန်တော်တို့အဖို့ မထူးဆန်းပါ။ သို့သော် မြန်မာတိုင်းရင်းသားတစ်ဦးက အိန္ဒိယနိုင်ငံ၌နေထိုင်၍ အိန္ဒိယ အမျိုးသား ကလေးသူငယ်များကို ဗုဒ္ဓအဆုံးအမ၌ တည်စေ၍ စာသင်ပေးသည်ဆိုသည်မှာ တွေ့ကြုံခဲ့သော အဖြစ်တစ်ရပ်ဖြစ်ပါသည်။ သူတစ်ပါးနိုင်ငံက မြန်မာနိုင်ငံသို့ လာရောက်၍ သာသနာပြုကျောင်းကို ဥဒဟို တည်ထောင်ခဲ့၏။ ကျွန်တော်တို့ နိုင်ငံကမူ သူတစ်ပါးနိုင်ငံ၌ ဗုဒ္ဓသာသနာပြုကျောင်း တည်ထောင်သည်မှာ ကျွန်တော်ကိုယ်တွေ့မျက်မြင်၌ ဦးစန္ဒမုနိတစ်ပါးသာ ဖြစ်သည်။

"ဆရာတော်ကြီး၏ စွန့်စားသောအာဇာနည် လုပ်ငန်းများအကြောင်းကို တစေ့တစောင်း သိခဲ့ရပါသည်။ ကုသိနာရုံကို မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုရာ အရပ်ဟု ကမ္ဘာကသိရှိအောင် ဆောင်ကြဉ်းရင်းနှင့် ဤအရပ်တစ်ဝှန်းရှိ အိန္ဒိယတိုင်းရင်းသားများကို သာသနာဘောင်အတွင်း သွတ်သွင်းနိုင်ရန် အမိန့်ခံ ပြုခဲ့ပြီးနောက် အိန္ဒိယနိုင်ငံသားအဖြစ် ခံယူပြီးလျှင် ပြန်လွန်တော်မူသည်အထိ မိမိ၏ သာသနာပြုလုပ်ငန်း၌ပင်လျှင် မွေ့လျော်ခဲ့လေသည်။

စန္ဒမဏိ မူလတန်းကျောင်းသည် တစ်နေ့တခြား အရှိန်ကောင်းကာ ကျောင်းသား ၃၅၀-အထိ ဖြစ်လာ၏။ ကျောင်းမှာ စည်းကမ်းရော အရည်အချင်းပါ တစ်နှစ်ထက်နှစ်ထက် တိုးတက်လာရာ ပတ်ဝန်းကျင် ရွာများ အားလုံးလိုလိုကပင် အားကိုးလာကြ၏။ နှစ်မကြာမီ ကျောင်းကော်မီတီများနှင့် တိုင်ပင်ကာ အလယ်တန်းကျောင်းတစ်ဆောင်ကိုပင် ဆောက်လုပ်နိုင်ခဲ့သည်။ ပြည်နယ်အစိုးရသို့ လွှဲအပ်ပေးခဲ့၏။ ဆက်လက်ကြိုးပမ်းပြန်ရာ ကျောင်းသုံးပရိဘောဂ အစုံအလင်နှင့် 'မဟာဝီရအထက်တန်းကျောင်းကြီး' တစ်ကျောင်းကိုလည်း တည်ထောင်ကာ အစိုးရအား လွှဲအပ်နိုင်ခဲ့ပြန်လေသည်။

ထိုမျှသာမက ဂေါရက်ပူမြို့ ကြံစက်သူဌေးကြီးနှင့် မြို့မျက်နှာဖုံး လူကြီးလူကောင်းများက ဆရာတော်၏ အရှိန်အဝါကို သိရှိကြသည့်အတိုင်း ဆရာတော်အား အမှူးထားပြီး ဒီဂရီ ကောလိပ်ကြီးတစ်ခု တည်ထောင်ပြီးစီးသွား၏။ ကျောင်းသား

www.burmeseclassic.com

www.burmeseclassic.com



ငါးရာကျော် တက်ရောက် သင်ကြားလျက်ရှိသည်။ ဆရာတော်သည် နယ်သူနယ်သား တို့၏ ပညာရေးကို မူလတန်းကျောင်းမှ ကောလိပ်ကျောင်းကြီးများအထိ တည်ထောင် ပေးကာ ဓမ္မပဒစသော ဘာသာရေး သင်ခန်းစာများလည်း အတန်းတိုင်းတွင် ပါဝင်အောင် စီစဉ်တော်မူခဲ့သည်။

ဆရာတော်ကြီးကို ဆက်ခံအုပ်ချုပ်လျက်ရှိသော လက်ရှိကုသိနာရုံဆရာတော် ဦးဉာဏိဿရ (အမ်၊ အေ) သည်လည်း ထိုကျောင်းများ အုပ်ချုပ်ရေးတွင် ပါဝင် ကွပ်ကဲလျက်ရှိသည်။ ဦးနာယက (အမ်၊အေ) ကလည်း ကျောင်းသားသုံးရာကျော် ရှိသော ကျောင်းတိုက်အတွင်းရှိ 'စန္ဒမဏိ မူလတန်းကျောင်း' တွင် ကျောင်းဆရာ များကို ကွပ်ကဲလျက် ကျောင်းသားသူငယ်များအား ကိုယ်တိုင်လည်း ဗုဒ္ဓဘာသာ သင်ခန်းစာများကို သင်ကြားပို့ချလျက်ရှိသည်။ လက်ရှိ ဆရာတော်နှင့် ဘုန်းကြီး ဦးနာယကတို့သည် ဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်လျက်ရှိတော်မူနေကြသည်ကို တွေ့ရသောအခါ အလွန် ဝမ်းမြောက် ကြရပေသည်။ အေးသောအခါ ကွင်းပြင်၌ နေပူဆာလှုံရင်း ပူသောအခါ သစ်ပင် ရိပ်တွင် နေခိုရင်း ဆင်းရဲသား ကျောင်းသူ ကျောင်းသားကလေးများ စုပေါင်း စာကျက် နေသည်ကို တွေ့ရ၏။

ကုသိနာရုံ ဆရာတော်ကြီးသည် ကုသိနာရုံဌာန၌ နှစ်ထပ်တိုက် သိမ် ကျောင်း၊ ဓမ္မာရုံ၊ တည်းခိုခန်းများစသော အဆောက်အအုံများကို ဆောင်ရွက် နေသည့်ကြားကပင် မြတ်စွာဘုရား တရားဦး ဟောတော်မူရာ မိဂဒါဝုန်၌လည်း မွန်မြန်မာရခိုင်လူမျိုးများနှင့် ဗုဒ္ဓဘာသာဝင်တိုင်း တည်းခိုနားနေနိုင်အောင် သာသနာပြုဌာနခွဲတစ်ခုကိုလည်း တည်ထောင်ပေးတော်မူခဲ့၏။ ဦးစွာ တောရ ကျောင်းတိုက်အဖြစ် ပြုလုပ်ကာ ကိုယ်တော်တိုင် ကြွရောက်သီတင်းသုံးနေထိုင် တော်မူ၏။ စစ်တွေမြို့ သင်္ဂဇာစုရပ်မှ ဦးမြထွန်း၊ ပါဒလိပ်ချိတ်ရပ် ဦးကျော်ဇံ စသော ကျောင်းဒကာဒကာမများက မိဂဒါဝုန်ဌာန၌လည်း တိုက်ကြီးများကို တစ်တိုက်ပြီးတစ်တိုက် ဆောက်လုပ်ကြရာ ခမ်းနားသော မြန်မာကျောင်းတိုက် ကြီးတစ်တိုက် ဖြစ်လာတော့သည်။

ကုသိနာရုံကျောင်းတိုက်ကြီး အနီး၌ ဟိန္ဒူလူမျိုးများအတွက် ဓမ္မသာလာနှင့် တရုတ်ဗုဒ္ဓဘာသာများအတွက် ကျောင်းတစ်ဆောင် ဆောက်လုပ်ကြရာ၌လည်း မြေနေရာမှစ၍ အားလုံး အကူအညီပေးတော်မူခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီးသည် မိဂဒါဝုန်၌ ပထမတွင် ကိုယ်တိုင်သီတင်းသုံး၍ နောက် တူဖြစ်သူဦးကိတ္တိမအား လွှဲအပ်ထား၏။ သို့ရာတွင် မိဂဒါဝုန်ဌာနသည် ရာသီဥတုကြမ်းပြီး အစားအသောက် ရှားပါးလှသဖြင့် ဦးကိတ္တိမအား အဝကျွန်းမှ ဒကာများက ဗာရာဏသီမြို့တွင်း၌ တိုက်တစ်တိုက် ဆောက်လှူကြရာ မိဂဒါဝုန် ဌာန၌ ဘုရားဖူးများအတွက် ဒါရဝမ်နှင့် ထားခဲ့ရသည်။ ယခုမူ စည်ကားသော ဌာနတစ်ခု ဖြစ်လာကာ အမြဲနေ ရခိုင်နှင့် တြိပူဆရာတော်များ ရှိလာလေပြီ။ (ဦးကိတ္တိမ ဆရာတော်လည်း ၁၉၈၇ ခု၊ ဧပြီလက ပြန်တော်မူရှာပြီ။)

## အနှောင့်အယှက်များကြားက
## ဟိန္ဒူအမျိုးသားများအား ရှင်ရဟန်းပြုပေးခြင်း
## (၁၀)

ဆရာတော်ကြီး ဦးစန္ဒြမဏိ၏ သာသနာပြု ခရီးတစ်လျှောက်တွင် ဟိန္ဒူ လူမျိုးတို့သည် ဗုဒ္ဓဘာသာအဖြစ် ခံယူကြရုံမျှမက သာသနာ့ဘောင်သို့ ဝင်ရောက် လာသော ပုဂ္ဂိုလ်တို့ပင် များစွာရှိနေပြီ။ ဤ၌ ရှေးဦး ရှင်ရဟန်းပြုသူ အချို့ကိုသာ ပြဆိုပါမည်။

ဇာတ်အယူအစွဲ ပြင်းထန်သူများဖြစ်၍ သာသနာ့ဘောင်သို့ မဆိုထားဘိ၊ ဗုဒ္ဓဘာသာအဖြစ် ခံယူဖို့ပင် မလွယ်ကူလှချေ။ သာသနာ့ဘောင်သို့ ဝင်ရောက် သူများသည် အလွန် ပါရမီဘုန်းကံ ထူးခြားပြီး စွန့်စား ပြတ်သားကြသူများ ဖြစ်ကြ ပေသည်။ လက်ခံ ဆောင်ရွက်ပေးရသူ ဆရာတော်အတွက်လည်း ထိုပတ်ဝန်းကျင် ကြားတွင် များစွာ ချင့်ချိန်ရလေသည်။

ရှေးဦး သာသနာ့ဘောင် ဝင်သူများတွင် အရှင် အစ္စုတာနန္ဒသည် အဦးဆုံးပင် ဖြစ်သည်။ ကုသိနာရုံကျောင်းနှင့်မနီးမဝေး သုခရိဆပရရွာမှ ပုဏ္ဏားမတစ်ယောက်သည် လွန်စွာဆင်းရဲလှသဖြင့် သူမ၏ ကိုးနှစ်သားအရွယ် ယောကျ်ားကလေးတစ်ယောက်ကို ဆရာတော့်ထံ ကျောင်းအိပ်ကျောင်းစား လာရောက်အပ်နှံ၏။ အဝတ်အစားရော၊ ပညာပါ သင်ပေးရာ ကလေးမှာ ကျောင်းပျော်လာ၏။ အိမ်ကိုပင် မပြန်တော့။ တစ်နေ့သောအခါ ကျောင်းသွေး ကျောင်းစိတ်ဝင်လာကာ ကိုရင်ဝတ်ချင်သည်ဟု ပူဆာလာ၏။ အကြောင်းအမျိုးမျိုး ရှိနေ၍ ငယ်သေးသည်ဟုသာ ချော့မော့ ထားရသည်။ စာကြိုးစားသင်ဖို့သာ ပြောထားရ၏။

www.burmeseclassic.com

www.burmeseclassic.com



၁၂ နှစ်လောက် ရှိလာလျှင်ပင် ဘာသာစာပေ အခြေခံများလည်း ကောင်းစွာ ရရှိလာပြီဖြစ်၍ ကိုရင်မဝတ်ရလျှင် မနေနိုင်အောင် ဖြစ်လာသည်။ တစ်နေ့တွင် ကျောင်းသို့ရောက်လာသော သူ့မိခင်အား 'နင့်သားက ကိုရင်ဝတ်ချင်တယ်လို့ ခဏခဏ ပြောနေတယ်၊ နင်တို့သဘောပဲ' ဟု ဆရာတော်က အမိန့်ရှိရာ 'ဆွေကြီးမျိုးကြီး များနှင့် တိုင်ပင်ပါဦးမည်' ဟု ဆိုကာ ပြန်သွား၏။ နောက် အားလုံးက ဝိုင်း၍ပြောကြ သဖြင့် မိခင်ကပါ သဘောမတူ ဖြစ်လာ၏။

"သား ကိုရင်ဝတ်လို့ ဗုဒ္ဓဘာသာဝင်သွားရင် အမေတို့ ပုဏ္ဏားဇာတ် ပျက်မယ်၊ အမေတို့ကိုလဲ တစ်ရွာလုံးက ပစ်ပယ်ကြလိမ့်မယ်၊ သား သည်အတိုင်း နေပါ၊ ကိုရင် မဝတ်ပါနှင့်" ဟု မိခင်ကလည်း ဟန့်တား၏။ ဆိုင်ရာ ဆွေမျိုးသားချင်း အားလုံးကလည်း တားကြသည်။ သို့သော် သားငယ်ကား မည်သို့မျှ ချော့မော့ ပြောဆို၍မရ။ နောက်ဆုံး မိခင်ကသာ လက်လျှော့ပြီး သားအလိုသို့ လိုက်ပါရ၏။ မိခင်လုပ်သူမှာ သားကို ပြောမရသည့်အဆုံး ဆွေကြီးမျိုးကြီးအချို့ကို ပြန်၍ စည်းရုံးနေရရှာ၏။

သား ရှင်ပြုမည့်နေ့တွင် မိခင်နှင့်အတူ အယူ မပြင်းထန်လွန်းသူ ဆယ့်လေးငါးဦးပါ ပရိသတ်ရလာ၍ မိခင်က တတ်နိုင်သရွေ့ ဧည့်ခံကျွေးမွေးသည်။ ကျောင်းတောင်ဘက်ရှိ ဥယျာဉ်တော်ကြီးအတွင်း ပရိနိဗ္ဗာန်ပြုတော်မူဟန် လျောင်းတော်မူကြီး၏ရှေ့၌ ရှင်လောင်းအား ဆံချပေးပြီး သရဏဂုံ ၁၀ ပါးသီလ ပေး၍ ရှင်ပြုပေးလိုက်၏။ ရှင်အစ္စုတာနန္ဒဟု ဘွဲ့ပေးလိုက်သည်။ ကိုရင်မှာ သူဖြစ်ချင်နေတာ ဖြစ်ရ၍ ပျော်ရွှင်သွားသော်လည်း မိခင်မှာမူ ကြာရှည် ဝမ်းမမြောက် နိုင်ရှာ။ ရွာသို့ပြန်သွားလျှင် ရွာသားများက စည်းဝေးဆုံးဖြတ်ကာ ကိုရင့်အမေအား လာခေါ်ကြသည်။

"ဦးစန္ဒြမဏိသည် မသိနားမလည်သော ကလေးများအား ဖြားယောင်း လျက် ကိုရင်ဝတ်ပေးပြီး ဗုဒ္ဓဘာသာထဲ အတင်းအကျပ် သွင်းနေသည်။ ငါတို့ မခံနိုင်။ ဘာသာဖျက်မှုနှင့် တရားစွဲမည်" ဟု အုံကြွနေကြသဖြင့် -

"ကလေးက ကိုရင်မဝတ်ရ မနေနိုင်လို့ ကျွန်မ ခွင့်ပြုချက်အရ ဦးစန္ဒြ မဏိက ဝတ်ပေးရတာပါ၊ အတင်းအကျပ် ဖြားယောင်း သွေးဆောင်တာလဲ မဟုတ်ပါဘူး၊ ဒါ့ကြောင့် ဦးစန္ဒြမဏိမှာ အပြစ်ဆိုစရာ ဘာမျှမရှိပါ" ဟု မိခင်လုပ်သူက အခိုင်အမာ ရပ်တည်လိုက်၏။ မကျေနပ်သော်လည်း ရွာသားများမှာ မကြာခင် ငြိမ်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်လည်း ရေရှည်ကြည့်ကာ ကိုရင်အား တပည့် ဦးပဥ္စင်းတစ်ပါး နှင့်အတူ သီဟိုဠ်သို့ ပညာသင်ရန် ထည့်လိုက်၏။ တစ်လလျှင် တစ်ပါးကို ငွေလေးဆယ်ကျပ် ထောက်ပံ့ပေး၏။ သုံးနှစ်ခန့် ပညာသင်ပြီးနောက် ကုသိနာရုံသို့ ကိုရင်ပြန်လာရာ ကြာကြာမထားပဲ မြန်မာပြည် မော်လမြိုင်မြို့ တပည့်ဖြစ်သူ အဂ္ဂမဟာပဏ္ဍိတ တောင်ပေါက်ဆရာတော် ဦးစက္ကပါလထံ ပြောင်းရွှေ့အပ်နှံ လိုက်သည်။ မော်လမြိုင်မှာ ကိုရင်အစ္စုတာနန္ဒ ရဟန်းခံ၏။ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ခါမှ ကုသိနာရုံသို့ ပြန်ကြွလာကာ ဆရာတော်၏ သာသနာပြုလုပ်ငန်းများတွင် ဝင်ရောက်ဆောင်ရွက်လေ၏။ ဦးအစ္စုတာနန္ဒ ယခု သက်တော် ၇၀ ရှိပြီ။

## ပါရမီ မျိုးစေ့ပါသူ ဟိန္ဒူညီအစ်ကို

ဆရာတော်၏သာသနာပြု လုပ်ငန်းတွင် ရန်သူ 'တပ်ဦးကျိုး' သွားပြီဖြစ်၍ အခက်အခဲရှိသော်လည်း ဆရာတော်မှာ ဆက်လက်အောင်ပွဲခံနိုင်ခဲ့၏။

ကုသိနာရုံကျောင်းနှင့် ငါးမိုင်မျှဝေးသော ပါပူပတ္တိခေါ် ရွာကလေးတစ်ရွာ၌ လက်သမားမျိုးရိုး ဟိန္ဒူ ညီနောင်နှစ်ယောက်ရှိ၏။ သူတို့သည် အကြောင်းကိစ္စ ရှိတိုင်း ကျောင်းအနီးက ဖြတ်သွားကြရာ အရိပ်အာဝါသကောင်းလှသော ကုသိနာရုံ ကျောင်းတိုက်ကြီးကို စိတ်ဝင်စားလာကြ၏။ ခရီးကြုံတိုင်း ဝင်ရောက်နားခို၏။ ကျောင်းသားငယ်များ၊ ဦးပဥ္စင်းများနှင့် မျက်နှာ တန်းမိလာ၏။ ဆရာတော်နှင့်လည်း ခင်မင် ကျွမ်းဝင်လာကာ ဘာသာ အယူဝါဒနှင့်စပ်၍ တစ်ခွန်းစနှစ်ခွန်းစ ပြောဆိုရာက ထူးထူးခြားခြား စိတ်ဝင်စားလာကြသည်။

အိမ်မှာနေရင်းက ညီအစ်ကိုနှစ်ယောက် ဗုဒ္ဓဘာသာ သာသနာဓလေ့ ထုံးတမ်းများကိုချည်း ဆွေးနွေးကာ သာသနာ့ဘောင်သို့ အတူဝင်ရောက်ရန် တစ်နေ့ထက်တစ်နေ့ စိတ်ထက်သန်လာကြသည်။ သူငယ်များက ကိုရင်ဝတ်ရန် လျှောက်ထားကြသောအခါ မိဘများကို ဦးစွာ ခွင့်တောင်းရန် ဆရာတော်က ညွှန်ကြားကာ တရားကိုသာ တွင်တွင် ဟောပေးနေခဲ့သည်။ နောက် မိဘများနှင့် အတူ ကျောင်းသို့လာ၍ ရှင်သမဏေဝတ်ကြ၏။ ညီအစ်ကို ရှင်နှစ်ပါးအား ရှင်ဇိနနန္ဒ၊ ရှင်ပညာဝံသဟု ဘွဲ့ပေးလိုက်သည်။

ဟိန္ဒူများက အပြင်းအထန် ကန့်ကွက်ကြသော်လည်း နောက်ဆုံး မည်သို့မျှ မတတ်နိုင်ကြတော့ပေ။ ကိုရင် ညီအစ်ကိုနှစ်ပါးကိုလည်း မိမိထံ၌ ကြာရှည်မထားပဲ မိဘများအား သဘောပေါက်အောင် ပြောဆိုပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်သို့ စရိတ်ခံပြီး ပို့လိုက်၏။ အကြီးကိုရင် ရှင်ဇိနနန္ဒအား ပဲခူးခရိုင် ပဲနွယ်ကုန်းမြို့ ဆရာတော် ဦးစန္ဒောဘာသထံသို့လည်းကောင်း၊ အငယ်ကိုရင် ရှင်ပညာဝံသအား မော်လမြိုင် တောင်ပေါက်ကျောင်းသို့လည်းကောင်း ခွဲ၍ အပ်နှံပေးလိုက်ရာ အိန္ဒိယသာသနာ၌ ထင်ရှားသောပုဂ္ဂိုလ်များ ဖြစ်လာကြလေသည်။

## မိန်းမကြောက်၍ အထွတ်အထိပ် ရောက်သူ

တစ်နေ့သောအခါ စန္ဒြမဏိ အလယ်တန်းကျောင်းထွက် ကျောင်းသားဟောင်း တစ်ယောက် ကျောင်းအိပ်ကျောင်းစားအဖြစ် နေထိုင်ရန် ကျောင်းသို့ရောက်လာ၏။ ဆရာတော်က အကျိုးအကြောင်း မေးမြန်းသောအခါ အမျိုးသမီးတစ်ယောက်နှင့် လက်ထပ်ပြီးစ မိန်းကလေးအိမ်သို့ လိုက်ရမည်ရှိခါမှ တွေးကြောက်ပြီး ကျောင်းသို့ ပြေးလာခြင်းဖြစ်သည်။

"တပည့်တော်ကို လုံခြုံတဲ့တစ်နေရာမှာ ထားပေးပါ" ဆို၍ ထားပေး ရ၏။ မကြာမီ မိဘနှင့် ရွာသူရွာသားများ ကျောင်းသို့ ဝိုင်းအုံလိုက်လာကြကာ ထိုသူအားပြန်ပေးရန် အတင်းအကျပ် တောင်းဆိုကြ၏။ ဆရာတော်က မိမိ ခေါ်ထားခြင်း မဟုတ်၍ သင်တို့သဘောအတိုင်းဟု ပြောဆိုလိုက်၏။ ရှိတဲ့နေရာ ပြပါဆို၍ ခေါ်ပေးလိုက်ရာ သားဖြစ်သူအား မိခင်ကပါ အမျိုးမျိုး နားချပြောဆို နေ၏။ ချော့လိုက်ချောက်လိုက် ပြောဆိုကြသော်လည်း နောက်ဆုံး မည်သို့မျှ မတတ်နိုင်ကြတော့သဖြင့် မိခင်မှာ ငိုယိုပြီး ပြန်သွားရရှာ၏။ ရွာသူရွာသားများမှာ မကျေမနပ် ပြန်သွားကြရာက ရွာသို့ရောက်သောအခါ စည်းဝေးတိုင်ပင်ကြသည်။

"ဦးစန္ဒြမဏိ ကုသိနာရုံမှာ မထားသင့်ဘူး၊ ကြာရင် လူတွေ ဗုဒ္ဓဘာသာ ဖြစ်ကုန်လိမ့်မယ်၊ မြန်မြန် အရေးယူမှဖြစ်မယ်" စသည်ဖြင့် မခံမရပ်နိုင် ဖြစ်နေ ကြသည်။ အခြေအနေ အေးစပြုလာသောအခါ သူငယ်က ကိုရင်ဝတ်ပေးရန် အတန်တန် တောင်းဆိုလာသဖြင့် အခြေအနေကို အကဲခတ်ကာ ရှင်ဓမ္မရက္ခိတ အမည်ဖြင့် ရှင်သာမဏေပြုပေးလိုက်ရာ တစ်ရွာလုံး အုတ်အုတ်ကျက်ကျက် ပွက်ပွက်ဆူလာတော့သည်။

နောက်ဆုံး အားလုံးကပင် လက်လျှော့လိုက်ကြရကာ ကိုရင်အား ကုသိနာရုံမှာ ကြာရှည်ထားရန် မသင့်တော်သဖြင့် စရိတ်ခံပြီး ပညာသင်ရန် သီဟိုဠ်သို့ ပို့ပေးလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုရင်ဘဝနှင့်ပင် သီဟိုဠ်၌ကျင်းပသော ပရိယတ္တိစာမေးပွဲ 'တိပိဋကာစရိယ' တန်းတွင် ထိပ်တန်းက အောင်မြင်သွား၏။ ကုသိနာရုံသို့ ပြန်ရောက်သောအခါ စစ်တွေမြို့ ပုလိပ်အရာရှိ ဦးသာကျော် ဇနီးမိဦးခင်မြတို့၏ အထောက်အပံ့ (ပစ္စယာနုဂ္ဂဟ)ဖြင့် ကုသိနာရုံသိမ်၌ပင် ဆရာတော်ကိုယ်တိုင် ဥပဇ္ဈာယ်ပြု၍ ရဟန်းခံပေးလိုက်၏။

ဦးဓမ္မရက္ခိတသည် စန္ဒြမဏိ အလယ်တန်းကျောင်းမှ အခြေခံပညာရရှိထားသူ ဖြစ်၍ ဘီ၊ အေ၊ အမ်၊ အေ တို့ကိုလည်း ဆက်တိုက်ပင် အောင်မြင်သွားရာ ဘုရားဟော ပါဠိတော် တော်တော်များများကိုပင် ဟိန္ဒီလို ဘာသာပြန်ဆို၏။ အထူးသဖြင့် ဝိသုဒ္ဓိမဂ် ကျမ်းကြီးကို ဟိန္ဒီလို ပြန်ဆိုရာတွင် အစိုးရက အလှူတော်ငွေ ၅၀၀ ကျပ် ဆုအဖြစ် အလှူခံယူရရှိခဲ့သည်။ အရှင်ဓမ္မရက္ခိတသည် မိဂဒါဝုန်ကျောင်းတိုက်၌ပင် သီတင်းသုံးလျက် မိဂဒါဝုန် မဟာဗောဓိ ကောလိပ်ကျောင်းကြီး၌ ပါဠိပါမောက္ခ၊ မဟာဗောဓိ ဒီဂရီကောလိပ်၌ ကျောင်းအုပ်ကြီး၊ မဟာဗောဓိအသင်းကြီးက ထုတ်ဝေသော ဓမ္မဒူတခေါ် ဗုဒ္ဓဘာသာ မဂ္ဂဇင်း အယ်ဒီတာချုပ် တာဝန်များကို ထမ်းဆောင်ခဲ့သော အာဇာနည် အရှင်မြတ်ဖြစ်၏။

မြန်မာနိုင်ငံ၌ ဆဋ္ဌသင်္ဂါယနာတင်သောအခါ ဆရာတော်ကြီးကား တစ်ကြိမ်သာကြွ၍ နောက်တွင် ဆရာတော်ကြီးကိုယ်စား ကြွရောက်တော်မူရသော အရှင်ဖြစ်သည်။ ထိုမှတစ်ပါး ဆရာတော်ကိုအကြောင်းပြု၍ ရဟန်းပြုကြသော အိန္ဒိယလူမျိုးများလည်း များစွာပင်ရှိရာ ဒေသပြည်နယ်အနှံ့ ကျောင်းခွဲများပင် တည်ထောင်နေကြလေပြီ။

## အိန္ဒိယလူမျိုးများ သိန်းချီ၍ ဗုဒ္ဓဘာသာဝင်အဖြစ် ကူးပြောင်းခြင်း

## (၁၅)

ကုသိနာရုံ ဆရာတော်ကြီး ဦးစန္ဒြမဏိသည် အိန္ဒိယပြည်ကြီးအတွင်း ဗုဒ္ဓသာသနာတော် ပြန်လည် ထွန်းလင်းအောင်လည်း ရာသက်ပန် ရှန်းကန် လှုပ်ရှားတော်မူခဲ့သည်။ အိန္ဒိယပြည်ကြီး လွတ်လပ်ရေး ရလာချိန်၌ ဥပဒေသစ် စနစ်သစ်များကြားတွင် မိမိတို့၏ သာသနာပြုလုပ်ငန်းကြီး အဟန့်အတား ရှိ

www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်စွာ ဆက်လက်ရှင်သန်နေစေရန် အိန္ဒိယရှိ မိမိတပည့်များ မြန်မာရဟန်းတော်များအားလုံးကို ကုသိနာရုံသို့ ဖိတ်ခေါ်လျက် 'မဇ္ဈိမဒေသ မဟာသံဃာ့အဖွဲ့ချုပ်ကြီး' ကိုလည်း တည်ထောင်တော်မူခဲ့၏။

ထိုအဖွဲ့ကို ဥပဒေအရ ရုံးတော်၌လည်း မှတ်ပုံတင်ထားကြရာ သာဝတ္ထိ၊ ဇေတဝန်ကျောင်းဆရာတော် ဦးမဟိန္ဒက ဒုတိယဥက္ကဋ္ဌ၊ ဗာရာဏသီဆရာတော် ဦးစန္ဒိမာက အကျိုးတော်ဆောင် စသည်ဖြင့် တာဝန်များ ခွဲဝေကာ ကိုယ်တော်တိုင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူတော်မူလျက် မင်္ဂလသုတ်၊ ပရာဘဝသုတ်၊ ဝသလသုတ်၊ ဓမ္မစကြာ၊ အနတ္တလက္ခဏသုတ်တော်တို့ကို ဟိန္ဒီဘာသာ ပြန်ဆိုလျက် အိန္ဒိယပြည်အနှံ့ ဖြန့်ချိကြလေသည်။

ဆရာတော်ကြီးသည် ၁၃၁၆-ခုနှစ် ကဆုန်လပြည့်နေ့မှစ၍ ကျင်းပသော ဆဋ္ဌသင်္ဂါယနာပွဲကြီးတွင်လည်း တက်ရောက်လျက် မိန့်ခွန်းများ ပြောကြားတော်မူ၏။ 'အထူးသဖြင့် ဘုန်းတော်ကြီးတို့မှာ ဘုရားပွင့်တော်မူရာ မဇ္ဈိမဒေသ၌ ကွယ်ပျောက်တိမ်ကော နေလေပြီဖြစ်သော ဗုဒ္ဓသာသနာတော်ကို ပြန်လည် ထူထောင်ကြမည့် ပုဂ္ဂိုလ်များဖြစ်သဖြင့်လည်း အထူးအားတက် ဝမ်းမြောက်လှပါသည်' စသည်ဖြင့် အိန္ဒိယသာသနာ တည်ရေးအတွက်လည်း မျှော်ကိုးအားထားကာ ကျေးဇူးတင် ဝမ်းသာစကား မိန့်ကြားတော်မူ၏။

ကမ္ဘာအေးကုန်းမြေ၌ သံဃိတိကာရက တာဝန်ဖြင့် တစ်လကြာ သီတင်းသုံးတော်မူပြီးနောက် စစ်တွေ ဒကာ ဒကာမတို့၏ ပင့်လျှောက်ချက်အရ တစ်လကျော်မျှ စစ်တွေမြို့၌ သီတင်းသုံးကာ တရားဓမ္မ ဟောပြတော်မူသည်။ ၁၅-နှစ်သားက အိန္ဒိယသို့ ကြွသွားတော်မူခဲ့သော ဆရာတော်ဘုရားကြီးသည် ဇာတိ မြန်မာနိုင်ငံသို့ သုံးခေါက်လောက်သာ ကြွလာတော်မူဖူးသည်။

## ခေါင်းဆောင်ကြီး ဒေါက်တာ အမ်ဘေဒကာ

သင်္ဂါယနာကိစ္စဖြင့် ရန်ကုန်သို့ ကြွရောက်တော်မူရာ၌ အိန္ဒိယတွင် ဗုဒ္ဓသာသနာတော် ပြန်လည် ထွန်းကားရေးအတွက် နှစ်နှင့်ချီပြီး စည်းရုံးလုပ်ဆောင်နေသော ခေါင်းဆောင်ကြီးတစ်ဦးလည်း သင်္ဂါယနာပွဲတော်ကြီးသို့ အိန္ဒိယကိုယ်စားလှယ်တော်အဖြစ်ဖြင့် တက်ရောက်ရ၍ ထိုခေါင်းဆောင်ကြီးနှင့် ဆရာတော်တို့ မမျှော်လင့်ပဲ တွေ့ဆုံမိကြပြန်၏။ ဆရာတော်နှင့်လည်း ပို၍ ရင်းနှီးမှု

www.burmeseclassic.com

www.burmeseclassic.com



ရသွားသည်။ ဆရာတော်၏ စွမ်းရည်သတ္တိကိုလည်း ကောင်းစွာသိမြင်သွား၏။ အိန္ဒိယရှိ 'ဟာရီဂျန်' (ဘုရားလူ) ခေါ် ဇာတ်နိမ့်ဟု 'ဝိုင်းပယ်' ခံနေကြရရှာသော လူများ ဗုဒ္ဓဘာသာသို့ ကူးပြောင်းရေးကိုလည်း ဆွေးနွေးခဲ့ကြသည်။

ထိုခေါင်းဆောင်ကြီးကား အိန္ဒိယ လွတ်လပ်ရေးသမိုင်းတွင် ထင်ရှားသော အိန္ဒိယပြည် အခြေခံဥပဒေ ရေးဆွဲရေးအဖွဲ့ ခေါင်းဆောင်၊ ဗဟိုအစိုးရ အဖွဲ့ဝင်၊ ဥပဒေပါရဂူကြီး 'ဒေါက်တာဘီ၊ အာ၊ အမ်ဘေဒကာ' ပင်တည်း။ သူကား အိန္ဒိယ သာသနာသမိုင်း ၂၀-ရာစု လူမှုရေးသမိုင်းတွင် အထူး မော်ကွန်းတင်ရသည့် ပုဂ္ဂိုလ်ကြီး ဖြစ်၏။ ထို့ကြောင့်လည်း သူ့အား ဂုဏ်ပြုသောအားဖြင့် အိန္ဒိယနိုင်ငံအဝန်း အမ်ဘေဒကာ ကြေးရုပ်များကို နေရာတိုင်းမှာလိုလို တွေ့ရသည်။ အိမ့်ခြေ ၄-၅-၁၀ ရှိ ကျေးရွာကလေးများမှာပင် တွေ့ရ၏။ နာ့ဂ်ပူရ်မြို့မှာ တစ်ရာကျော်ရှိ၍ မဟာရဋ္ဌတိုင်း တစ်တိုင်းလုံးမှာ ထောင်ကျော်ရှိသည်။ တစ်နိုင်ငံလုံးဆိုသော် ထောင်ပေါင်းများစွာပင် ရှိပေမည်။ အောရန်ဂဘတ်မြို့၌ အမ်ဘေဒကာ အထိမ်းအမှတ် ကောလိပ်ကြီး ၁-ခုကိုပင် တွေ့ခဲ့ရ၏။

သူကား မချေပရ်ဒေ့ရှ်၌ ၁၄၊ ၄၊ ၁၈၉၁-ခု မွေးဖွား၍ ဒေလီ၌ ၆၊ ၁၂၊ ၅၆ နေ့ ကွယ်လွန်ခဲ့သည်။ သူ ကွယ်လွန်ပုံမှာလည်း ဆန်းလှသည်။ သူကား ဇာတ်နိမ့်ပညာတတ်တစ်ဦးဖြစ်သည်။ လူချင်းတူလျက် ဇာတ်နိမ့်ဟု သမုတ်ကာ ဝိုင်းပယ်ထားသော ဇာတ်စနစ်ကို ငယ်စဉ်ကပင် ဘဝင်မကျ။ ကမ္ဘာ့ဘာသာကြီးများကို နှိုက်နှိုက်ချွတ်ချွတ် လေ့လာ၏။ စူးစမ်း၏။ အခြားဘာသာများမှာ စိတ်ကူးယဉ်နှင့် လွမ်းနေကြရသည်ကို သဘောပေါက်လာ၏။ လုမ္ဗိနီ ဗုဒ္ဓဂယာ စသည်ဖြင့် ယနေ့တိုင် သမိုင်းအထောက်အထားများလည်း ရှိနေသော ဗုဒ္ဓဘာသာကို ပို၍ နှစ်သက်လာ၏။ ဗုဒ္ဓဓမ္မများကို ကိုယ်တိုင် လက်တွေ့ ကျင့်သုံးကြည့်သောအခါ ပို၍ပင် ကျေနပ်သွားသည်။

'ငါတော့ ဟိန္ဒူတစ်ယောက်အဖြစ်နှင့် အသေမခံဘူး' ဟူ၍ ၃၅-နှစ် အရွယ်ကပင် လူသိရှင်ကြား ကြေညာခဲ့သည်။ အခြားဘာသာများက ဆွယ်ကြ၏။ ဆစ်ခ်ဘာသာကမူ ကောလိပ်အနီး မြေနေရာပေး၍ပင် ဆွယ်ခဲ့သေးသည်ဟု ဆိုသည်။ အနာဂါရိက ဓမ္မပါလ၊ အာနန္ဒာ ကောသလ္လာယနမထေရ်၊ အီတာလျံ ဘုန်းတော်ကြီး ဦးလောကနာထစသော ပညာရှင်များထံသို့လည်း ချဉ်းကပ်ခဲ့၏။ ၁၉၅၀-ခုနှစ် ပထမဆုံးအကြိမ် သီဟိုဠ်၌ကျင်းပသော ကမ္ဘာ့ဗုဒ္ဓဘာသာ ညီလာခံမိုးကို

www.burmeseclassic.com

www.burmeseclassic.com


ထင်ရှားသော လေ့လာသူအဖြစ် တက်ရောက်သည်။ တကယ်တော့ သူသည် မကြေညာပဲ ခိုင်မာသော ဗုဒ္ဓဘာသာဝင်တစ်ယောက် ဖြစ်နေသည်မှာ လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော်ကပင် အနည်းဆုံးဖြစ်နေပြီဖြစ်ကြောင်း ဒေါက်တာဆိုနီက ရေးသားဖူးသည်။ ဒေါက်တာဆိုနီက ဆက်လက်၍ပင် ၁၉၃၉-ခုနှစ်လောက်ကပင် ဒေါက်တာ အမ်ဘေဒကာသည် ဦးလောကနာထနှင့် ဆက်သွယ်မိနေကြပြီဖြစ်ကြောင်း၊ ဒေါက်တာ အမ်ဘေဒကာ အမှူးရှိသော အိန္ဒိယ အဖိနှိပ်ခံလူတန်းစားများ သိန်းချီ၍ ဗုဒ္ဓဘာသာသို့သက်ဝင်ကြရာ၌ ဦးလောကနာထ၏ တွန်းအားလည်း များစွာပါဝင်ကြောင်း (၇၂၊ မေလ မဟာဗောဓိဂျာနယ်) ရေးသားခဲ့ဖူး၏။

ထိုအချက်လည်း မှန်ပေသည်။ ၁၉၃၆-ခုနှစ်လောက်ကပင် ဦးလောကနာထသည် သီဟိုဠ်မှနေ၍ ဇာတ်နိမ့်တို့အတွက် ဗုဒ္ဓဘာသာက သင်တို့ကို လွတ်လပ်စေလိမ့်မည်' ဟူသော စာအုပ်ငယ်တစ်အုပ် ရေး၍ နှိုးဆော်ခဲ့သည်။ တစ်ဖန် မဟာဗောဓိအသင်းကြီးကလည်း အာနန္ဒာကောသလ္လာယနရေးသော What is to be done ဟူသော စာအုပ်ငယ်ကို သောင်းချီ၍ ဖြန့်ဝေ နှိုးဆော်ခဲ့၏။ ဒေါက်တာ အမ်ဘေဒကာ ဦးဆောင်သော အိန္ဒိယလူမှုတော်လှန်ရေးကြီး၊ ဗုဒ္ဓဘာသာ အောင်ပွဲခံမှုကြီး အချောကိုင် အပြီးသတ် အကောင်အထည်ဖော်လိုက်သူကား ကုသိနာရုံဆရာတော်ကြီး ဦးစန္ဒြမဏိပင် ဖြစ်သည်။ ဂန္ဒီကြီးက ဇာတ်နိမ့်ဟူသော ဝေါဟာရကို 'ဟာရိဂျန် (ဘုရားသခင့်လူ)' ဟု ပြောင်းလဲ မှည့်ခေါ်စေသည်မှာ 'ပညတ်သွားရာ ဓာတ်သက်ပါ' ဖြစ်သွားတော့သည်။ အမ်ဘေဒကာသည် 'ဗုဒ္ဓနှင့် ဗုဒ္ဓဓမ္မ၊ အိန္ဒိယဇာတ်ဝါဒ၊ အိန္ဒိယ ဟိန္ဒူအမျိုးသမီးတို့၏ အခွင့်အရေး စသော စာအုပ်ပေါင်း ၁၇-အုပ် (ဟိန္ဒီ၊ အင်္ဂလိပ်) တို့ ပြုစုခဲ့သည်။

(မှတ်ချက်- ဘာသာဝါဒများကို နှိုက်နှိုက်ချွတ်ချွတ် လေ့လာနေသော ဒေါက်တာ အမ်ဘေဒကာလို ပုဂ္ဂိုလ်ကြီးကို အရှင်အရိယဓမ္မလို မထင်ရှားသော အနောက်တိုင်းရဟန်းတော် တစ်ပါးက ရှင်းပြ၍ ဘာသာအသိဉာဏ်ပွင့်လင်းရသည်ဟု စာအုပ်ငယ်တစ်ခု၌ အလွန်အကျွံ ရေးထားရာ ယုတ္တိမရှိပါ။ ဂုဏ်ထိခိုက်လှပါသည်။)

## အာရှတိုက်မှာ ဖြစ်လာမယ့် ဘာသာရေးစစ်ပွဲကြီး

၂၅၀၀-၏ နောက်ဆုံးရာစု၊ အိန္ဒိယသမိုင်း အယူဝါဒရေးရာ အပိုင်းကို ကြည့်လျှင် အဖြစ်အပျက်များ 'တက်သုတ်နှင်' နေသည်ဟု ထင်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



လူသားတို့၏ ဆန္ဒကို မလိုက်လျောဘဲ မျက်ကွယ်ပြုရဲသော အင်အားသည် ကမ္ဘာပေါ်တွင် မည်သည့်ခေတ်ကမျှ မရှိခဲ့ဖူးချေ။ လူသားတို့၏ဆန္ဒသည် ကွန်ဒိပါဒ် တစ်ခုပင် မဟုတ်ပါလေ။ ဆန္ဒဓာတ် အားကောင်းသော အာဇာနည်များ ပေါ်ပေါက်လာသော ခေတ်တွင် ကမ္ဘာပေါ်၌ အံ့သြလောက်အောင် ပြောင်းလဲမှုကြီးများ ဖြစ်တတ်သည်မှာ မဆန်းလှပါချေ။ ဖိနှိပ်ချုပ်ချယ်မှုနှင့် အနိုင်ကျင့်မှု၊ လူမဆန်မှု တို့သည် ကြာရှည်မခံတတ်။ ထိုအမှုအကျင့်ဆိုးတို့ကပင် သမိုင်းသစ်တစ်ခုကို ဖိတ်ခေါ်မြဲဖြစ်သည်။

စကွဲယားမိုင် ဧရိယာ ၁,၂၆၁,၀၀၀ ရှိသော အိန္ဒိယပြည်ကြီး၌ ယနေ့ လူဦးရေ (၈၆-ခုနှစ်ခန့်မှန်း) သန်းပေါင်း ၇၅၀-ရှိလာ၍ နှစ်စဉ် ၂ ဒသမ ၁ သန်း ပုံမှန်တိုးနေ၏။ ဗုဒ္ဓဘာသာ ဦးရေနှင့်စပ်၍ ၀ ဒသမ ၇ ရာခိုင်နှုန်းဟု ပြသူက ပြကြ၏။ ဒီ၊ စီ၊ အေ ဟီးရ်၏ (၇၂-ခုနှစ်ထုတ်) 'ယနေ့ အိန္ဒိယ ဗုဒ္ဓဘာသာ' စာအုပ်၌ကား ၁၈၉၁-ခုနှစ်တွင် ဗုဒ္ဓဘာသာဦးရေ ၅-သောင်းမျှသာ ရှိခဲ့ရာမှ ၁၉၇၁-ခုနှစ်တွင် ၃ သန်း ၂ သိန်း ရှိလာသည်ဟု ပြဆိုထားသည်။

သို့ရာတွင် 'အမ်ဘေဒကာ ဆမရ-က် ဆမီတီ' အသင်းဥက္ကဋ္ဌဖြစ်သူ မစ္စတာ အာ၊ ဂဝိုက်ဆိုသူ ၁၈-၁၁-၁၉၈၁ နေ့က အိန္ဒိယ တစ်ပြည်ထောင်လုံး ဗုဒ္ဓဘာသာဝင်ပွဲနေ့ (ဓမ္မဒီးခဆဒေး) ငွေရတုသဘင်၌ သတင်းစာဆရာများအား ပြောကြားရာတွင် ၁၉၇၁-ခုနှစ် စာရင်းအရ မဟာရပ်ရှ်ထရ (မဟာရဋ္ဌ) တစ်နယ် တည်းမှာပင် ၅-သန်းရှိ၍ ယနေ့ပွဲမှာပင် နောက်ထပ် လူသစ်တစ်သိန်းကျော် ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူလျက်ရှိကြောင်း၊ ယခုအခါ အိန္ဒိယတစ်နိုင်ငံလုံး ဗုဒ္ဓဘာသာဝင်ဦးရေ သန်း ၂၀ ၂ ကုဋေခန့်ရှိကြောင်း ပြောပြခဲ့သည်။ (၈၁ ခု၊ ၁၀-၁၁ လထုတ် မဟာဗောဓိ။)

ရာစုနှစ်တစ်ခု မပြည့်မီအတွင်းမှာပင် အိန္ဒိယ ဗုဒ္ဓဘာသာဝင်ဦးရေမှာ သန်း ၂၀ ခန့်ရှိလာရာ သမိုင်းရေစီးကြောင်းသည် မယုံကြည်နိုင်လောက်အောင်ပင် တစ်ဆစ်ချိုးကြီး တစ်ရှိန်တည်း တိုးတက်ပြောင်းလဲလာလေသည်။ ယနေ့ အခြေအနေကို လွန်ခဲ့သော အနှစ်တရာခန့်က ကြို၍ပြောလျှင် ယုံနိုင်ဖွယ် မရှိ သကဲ့သို့ လာမည့် အနှစ်တစ်ရာ၌ ဖြစ်လာမည့် အခြေအနေကိုလည်း ယနေ့ ပြောလျှင် လက်ခံနိုင်မည် မဟုတ်ချေ။ ယနေ့ အိန္ဒိယဗုဒ္ဓဘာသာ အခြေအနေကို လွန်ခဲ့သော အနှစ်တစ်ရာခန့်က ကြိုတင် ဟောကိန်းထုတ်သလို သိမြင်သူများ

www.burmeseclassic.com

www.burmeseclassic.com



ရှိခဲ့၏။ သို့သော် အလွန် အရေအတွက် နည်းပါးလှသည်။ ထိုနည်းပါးသော အရေအတွက်တွင် 'အင်ဒီးယားအင်ပိုင်ယာ' ရေးသားသူ ဆာ၊ ဒပ်ဗလျူ ဒပ်ဗလျူ ဟန်းတားနှင့် အိန္ဒိယနိုင်ငံ ပူးနားမြို့ ဒက္ခိဏကောလိပ် ကျောင်းအုပ်ကြီး လုပ်ခဲ့သူ၊ ၁၈၇၉-ခုနှစ်က 'အာရှတိုက်၏ အလင်းရောင်' ဗုဒ္ဓဝင် ကဗျာကျမ်းကြီးကို ရေးသားထုတ်ဝေ၍ ကမ္ဘာကျော်စာရေးဆရာကြီးဖြစ်လာသော ဆာ၊ အက်ဒွင် အာနပ်လ်ဒ်တို့လည်း ရှေ့တန်းက ပါဝင်ခဲ့သည်။

ဟန်းတားက 'ယနေ့ အိန္ဒိယ၏ အလားအလာများတွင် ဗုဒ္ဓဘာသာ ပြန်လည်ခေတ်စားလာနိုင်ခြင်းသည် တစ်ခုအပါအဝင်ဖြစ်သည်' ဟု ဖော်ပြ၍၊ အာနပ်လ်ဒ်ကမူ အာရှကရူးဆိတ် (ဘာသာရေးစစ်ပွဲကြီး ဖြစ်လာမည်) ဟုပင် သုံးနှုန်းရာ (၁၈၉၅-ခုနှစ်က ပြောခဲ့သော) သူ့စကား အပြည့်အစုံမှာ ဤသို့ ဖြစ်၏။

> "အိန္ဒိယ ပြည်သူပြည်သားတို့အား မြှင့်တင်ပေးရန်၊ စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှု ရရှိစေရန်၊ အဘက်ဘက်က ကူညီစောင်မရန်နှင့် ကြွယ်ဝချမ်းသာစေရန် ဗုဒ္ဓဘာသာသည် ဇာတိမြေသို့ မလွဲမသွေ ပြန်လာလိမ့်မည်။ ယင်းကား အကျပ်ကိုင် အနိုင်အထက် ပြုမှုခြင်း အလျဉ်းမရှိ၊ သွေးတစ်စက်၊ မျက်ရည် တစ်ပေါက်မျှ မကျစေဘဲ အထွတ်အထိပ် အောင်ပွဲခံမည့် 'အာရှတိုက် ကရူးဆိတ်' (ဘာသာရေး စစ်ပွဲသစ်ကြီး) ပင်တည်း"

ဆာ၊ အက်ဒွင် အာနပ်လ်ဒ် စကားများမှာ လေးနက်လှပေသည်။ ၁၁၊ ၁၂၊ ၁၃ ရာစုက ယေရှုခရစ်တော်၏ ဘွားရာမြေကို မိုဆလင်တို့ထံမှ ပြန်လည်ရရှိအောင် ဥရောပတိုက်နှင့် အင်္ဂလန်ရှိ ခရစ်ယာန်တို့သည် ၇-ကြိမ်တိုင်တိုင် သွေးချောင်းစီး ကရူးဆိတ်စစ်ပွဲကြီး ဖြစ်ခဲ့ကြသည်။ ဗုဒ္ဓဘာသာဝင်တို့ကား မေတ္တာဝါဒီများဖြစ်သည့် အပြင် ရတနာသုံးပါး၏ ကျေးဇူးဂုဏ်တို့ကြောင့် လွယ်ကူစွာ ဗုဒ္ဓဘာသာဝင်တို့ အောင်ပွဲခံနိုင်မည်ကို ယုံကြည်ထားသည်။ ကမ္ဘာမှာ အမြဲတမ်း ဂုဏ်ယူနေရမည့် ဗုဒ္ဓဂယာစသော ဒေသများ၊ အဆောက်အအုံများကို မဖွယ်မရာ ပြုမူနေကြခြင်းများအတွက် အာနပ်လ်ဒ်လည်း အလွန် စိတ်မကောင်းဖြစ်ခဲ့၏။ ဓမ္မပါလက သူ့အား 'အင်္ဂလိပ်ဂုရု' ဟု ချစ်စနိုး ခေါ်ခဲ့သည်။

ရှေးဟောင်းယဉ်ကျေးမှုအနေဖြင့် ဗြိတိသျှတို့ တူးဖော်ထိန်းသိမ်းပေးခဲ့ကြလို့သာ ဤမျှ သက်သာရာရပေတော့သည်။ ဇာတ်ဝါဒကလည်း လူမျိုးတစ်စုနှင့်

www.burmeseclassic.com

www.burmeseclassic.com



တစ်စုကြားမှာသာမက လင်မယားကြားမှာပင် ရှိနေပြန်သည်။ မိန်းမနှင့် ယောကျ်ား အခွင့်အရေး မညီမျှ ယနေ့ပင်လျှင် အိန္ဒိယခေါင်းဆောင်များသည် ဗုဒ္ဓ၏ လူမှုရေး တရားများကို ကိုးကားပြီး အရာရာ ခွဲခြားရေးအမြင်များကို ပြုပြင်နေကြသည်ကို တွေ့နိုင်၏။ ထိုထိုခံစားချက်တို့ကပင် သွေးမြေမကျသော ကရှုးဆိတ်စစ်ပွဲကြီး ဖန်တီးလေတော့သည်။ (၁၉၅၀-ပြည့်နှစ်၊ ပြည်ထောင်စုနေ့ ဇန်နဝါရီလ ၂၆-ရက် နေ့က ဒေါက်တာ အမ်ဘေဒကာက အမျိုးသမီးများ လူရာဝင်စေသော ဥပဒေ ရေးဆွဲအတည်ပြုပေးခဲ့သဖြင့် အင်ဒီရာဂန္ဓီ ဝန်ကြီးချုပ် ဖြစ်လာသည်အထိ အမျိုးသမီး များအား အကျိုးပြုလျက်ရှိ၏။)

## ရာဇဝင် မကြုံဖူးသော အောင်ပွဲကြီးသို့

ဒေါက်တာ အမ်ဘေဒကာ ဦးဆောင်သော နီယိုဗုဒ္ဓစ်ခေါ် အိန္ဒိယ ဥပါသကာ တို့၏ အမြော်အမြင်နှင့် လုပ်ဆောင်ချက်များမှာ အတုယူစရာတွေ များစွာရှိနေ၏။ အိန္ဒိယတစ်နိုင်ငံလုံး ဝက်ဝက်ကွဲမျှ ဗုဒ္ဓဘာသာခံယူပွဲကြီး ကျင်းပကြရာ မည်သည့် နေရာ၌မျှ အနှောင့်အယှက် မတွေ့ကြုံရသည်မှာ အလွန်မှ အံ့သြစရာကောင်း လှသည်။ တစိမ့်စိမ့် အချိန်ယူပြီး သိမ်သိမ်မွေ့မွေ့ ကိုင်တွယ်သွားကြသည်မှာ ပိုင်နိုင် လှပါပေသည်။ ဘာသာယုံကြည်မှုနှင့် စပ်လျဉ်းလာပါလျှင် အသက်ကိုပင် စွန့်လွှတ် တတ်သည် မဟုတ်ပါလော။

သူတို့သည် 'ဥပါသက မစ်ရှင်နရီ' အဖွဲ့ကို နာ့ဂ်ပူရ်မြို့ (ဘုံဘေနှင့် ကာလကတ္တား အလယ်လောက်)မှာ ဖွဲ့စည်းထားခဲ့ကြ၏။ အမ်ဘေဒကာက ဦးဆောင်၍ ဗုဒ္ဓဝါဒ အကြောင်း ဆွေးနွေးဟောပြောခဲ့ကြသည်။ ထိုဥပါသကအဖွဲ့ဝင်တို့သည် မြို့ကြီးများ ပေါ်မှာသာမက ကျေးရွာများအထိ ကွင်းဆင်းကာ ဟောပြောစည်းရုံး နေခဲ့ကြသည်။ ၁၉၄၄-ခုနှစ်က နာ့ဂ်ပူရ်၌ ဗုဒ္ဓအဖွဲ့တစ်ဖွဲ့ကို တည်ထောင်သူ အေ၊ စီ၊ ကုလ်ကာနီ ခေါ် ဥပါသကာ၏ ကိုယ်တွေ့ ပြောပြချက်ကလေးတစ်ခုမှာ စိတ်ဝင်စားဖွယ် ကောင်း၏။ လွန်ခဲ့သော အနှစ် ၂၅-နှစ်လောက်ကတည်းက ကြိုတင် စည်းရုံး နေကြပြီကိုလည်း ခန့်မှန်းနိုင်လေသည်။

ဥပါသကာ ကုလ်ကာနီသည် နာ့ဂ်ပူရ်နှင့် မိုင် ၃၀-ဝေးသော ရမ်းတက် ခေါ်သော ဌာနတစ်ခုသို့ ရောက်သွား၏။ ထိုဌာနမှာ ဟိန္ဒူတို့ အမြတ်တနိုး ဘုရားဖူး လာလေ့ရှိသော ဌာနတစ်ခုဖြစ်သည်။ ထိုဌာန၌ 'ဒဒဂိုးကော၊ ဒတ်စ်' ခေါ်သော အဆောက်

www.burmeseclassic.com



၆၇-နှစ်ရှိ ဟိန္ဒူဘုန်းကြီးတစ်ပါးက စာဖြင့်လှမ်း၍ ဆက်သွယ်ထားသောကြောင့် လာရခြင်းဖြစ်၏။ ဟိန္ဒူဘုန်းတော်ကြီး ရေးလိုက်သောစာ၌ 'ဗုဒ္ဓဘာသာထဲ ကူးပြောင်းချင်လို့ သူ့ကို ကူညီပါ' ဟု ပါရှိသည်။ ၁၉၄၈-ခုနှစ် လောက်က ဖြစ်၏။

ဟိန္ဒူကျောင်းသို့ ရောက်လျှင်ပင် ဘုန်းတော်ကြီးက ဝမ်းသာအားရ ကြိုဆို၍ -

"မစ္စတာ ကုလ်ကာနီ၊ ကျွန်ုပ်တို့အိန္ဒိယမှာ မြတ်စွာဘုရားနှင့် မြတ်စွာဘုရား တရားတော်တွေရှိနေစဉ် အခါတုန်းကများ တိုင်းသူပြည်သားတွေ ချမ်းချမ်းသာသာ ပျော်ပျော်ရွှင်ရွှင်နှင့် အင်မတန် ငြိမ်းချမ်းခဲ့တာကလား၊ ဘုရားသာသနာလဲ ဒီမြေပေါ်မှာ မရှိတော့ဘူးလဲဆိုရော တကတည်း အိန္ဒိယပြည်ကြီးဟာ အမျိုးမျိုးသော ဒုက္ခတွေနှင့် ရင်ဆိုင် ကြရတော့တာပါပဲ"

ဟု သမိုင်းချီကာ ဝမ်းသာဝမ်းနည်း ပြောလိုက်လေသည်။ ဘုန်းတော်ကြီးသည် ဗုဒ္ဓတရားတော်များကို ခပ်စောစောကပင် စမ်းသပ်လေ့လာထားပုံ ရ၏။ သူက ဆက်၍ပြောပြန်သည်။

"မစ္စတာကုလ်ကာနီ၊ ကျွန်ုပ် ခု ၆၇-နှစ်ရှိပြီ၊ နောက်ထပ် ကျန်းကျန်းမာမာနှင့် အနှစ်အစိတ်လောက် နေချင်သေးတယ်။ အိန္ဒိယတစ်ပြည်လုံး လှည့်ပြီး ဘုရားရှင်ရဲ့ မေတ္တာကရုဏာ ဖြဟ္မစိုရ်တရားတွေ ပြန့်ပွားစေချင်တယ်။ ဒါမှ ကျွန်ုပ်တို့ နိုင်ငံသူ နိုင်ငံသားတွေ ချမ်းသာကြမှာ။" ထိုအခါ မစ္စတာကုလ်ကာနီက-

"ဘုန်းတော်ကြီး၊ ဒီလိုဆိုရင် ဘုန်းတော်ကြီးလဲ သိတဲ့အတိုင်းပဲ ဗုဒ္ဓ ဓမ္မ သံဃဆိုတဲ့ သရဏဂုံသုံးပါးကို နှလုံးသားထဲကပါ သက်ဝင်ယုံကြည်ပြီး ဦးစွာ ဆောက်တည်ဖို့လိုပါတယ်။ ပြီးလျှင် ငါးပါးသီလကို ခံယူဆောက်တည်ပြီး စောင့်ထိန်းသွားဖို့ ကြိုးစားရမှာပဲ။ ဘုန်းတော်ကြီး ဆန္ဒရှိတဲ့အတိုင်းလဲ သာသနာပြုနိုင်ပါလိမ့်မယ်"ဟု တိုက်တွန်းပြောဆိုလိုက်ရာ ဘုန်းတော်ကြီးသည် ချက်ချင်းပင် ဘုရားရှင်အား ရည်မှတ်ပြီး ဦးသုံးကြိမ်ချပြီးနောက် လက်အုပ်ချီလျက် -

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ . . . . ၊ တတိယမ္ပိ . . . . ဟူသော သရဂုံသုံးပါးကို ခံယူလိုက်၏။ ပြီးလျှင် မထစ်မငေါ့ပင် ငါးပါးသီလကို ဆက်လက် ဆောက်တည်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဘာသာသို့ ကူးပြောင်းရသည်မှာ ဘာအခမ်းအနားမျှ မလို၊ လွယ်ကူလှပေ၏။ သရဏဂုံသုံးပါးနှင့် ငါးပါးသီလ အဓိပ္ပာယ်လောက်ကို သိရှိကျက်မှတ်ထားပြီး ဟိန္ဒူဘုန်းတော်ကြီး လုပ်သလို လုပ်ရုံမျှသာ ဖြစ်သည်။ မိမိ ဗုဒ္ဓဘာသာဝင်ဖြစ်ကြောင်း မိမိသားမယားကစ၍ပင် မသိစေချင်လျှင်လည်း အသိမပေးဘဲ နေလို့ရသည်သာ။ မေတ္တာပွားခြင်း၊ အာနာပါနစသော တရားများကို ဆက်လက်ကျင့်ကြံရှုပွားရာ၌လည်း မိမိတစ်ကိုယ်တည်း လူသိမခံဘဲ လုပ်လို့ရသည်သာဖြစ်သည်။

ဒေါက်တာ အမ်ဘေဒကာနှင့် ခေါင်းဆောင်တို့သည် ဤနည်းအားဖြင့် လွန်ခဲ့သော ၂၅-နှစ်လောက်ကတည်းက ကိုယ်တိုင်လည်း မကြေညာဘဲ ဗုဒ္ဓဘာသာအဖြစ် ခံယူလျက် ဗုဒ္ဓတရားတော်များကိုလည်း လိုက်နာကျင့်သုံးကြ၏။ ဘာဝနာကမ္မဋ္ဌာန်းကိုလည်း စမ်းသပ်ရှုပွားကြ၏။ အခြားသူများကိုလည်း ကျေးလက်တောရွာများအထိ စည်းရုံးကြလေသည်။ ဒေါက်တာသည် ဆဋ္ဌသင်္ဂါယနာပွဲနှင့် ကမ္ဘာ့ဗုဒ္ဓဘာသာ ကွန်ဖရင့်များတွင် တွေ့ဆုံရင်းနှီးကာ ဆရာဒကာဖြစ်ခဲ့သော ကုသိနာရုံ ဆရာတော်ဘုရားကြီးအကြောင်းကိုလည်း ဓမ္မမိတ်ဆွေများအား ပြောပြရာ ဖူးမြော်ချင်ကြသည်ဆို၍ အလွန်ဝေးလံသော ကုသိနာရုံသို့ အကြိမ်ကြိမ် လိုက်၍ပို့ပေးခဲ့ရသည်။ ဒေါက်တာဇနီးမောင်နှံတို့လည်း ဆရာတော်ကြီးထံ မကြာခဏ ရောက်ရှိနေကြ၏။

## ရွှေ့တော်ပြေး ဓမ္မဒူတ ဉပါသကမစ်ရှင်

ဒေါက်တာအမျိုးရှိသော အိန္ဒိယ ဉပါသကာတို့သည် လွန်ခဲ့သော အနှစ်အစိတ်လောက်ကတည်းက စ၍ ဉပါသကမစ်ရှင် လုပ်နေကြသည်ဆိုသော အချက်နှင့်စပ်၍ သာသနာပြု ဓမ္မဒူတလုပ်ငန်း၌ စိတ်ပါဝင်စားသူတိုင်း သတိပြုဖွယ်ကောင်းလှ၏။ ဗုဒ္ဓသာသနာ မရှိသေးသော ဒေသ၌ ရဟန်းတော်များ ဦးစွာ သွားရောက် သာသနာပြုရန်မှာ ဝိနည်းဉပဒေအရ နေရာတိုင်း မလွယ်ကူလှပေ။ နေရေး စားရေး သွားလာရေးအတွက် အဘက်ဘက်က ခက်ခဲမှုများ ရှိလေသည်။ တန်ခိုးအဘိညာဉ်ရသော အရိယာ ရဟန်းတော်များအတွက်ကား မထောင်းတာလှ။

သိက္ခာပုဒ် သီလ အညစ်နွမ်းခံ၍ သာသနာပြုပါလျှင်လည်း ပထမဆုံး ပြည့်စုံရမည့် သီလကိုယ်၌က အားနည်းနေသဖြင့် သမာဓိ (တည်တည်ငြိမ်ငြိမ်ရှိမှု)၊

www.burmeseclassic.com

www.burmeseclassic.com



ပညာ (ခွဲခြမ်းစိတ်ဖြာ ဝေဖန်မြော်မြင်မှု)များ ဖြစ်မလာနိုင်ချေ။ တည်တည်ငြိမ်ငြိမ် ဣန္ဒြေရှိရှိနှင့် ချင့်ချင့်ချိန်ချိန် မြော်မြော်မြင်မြင် လုပ်နိုင်ပါသည်ဟု ဆိုငြားအံ့။ ထိုတည်ငြိမ် မြော်မြင်မှုမျိုးကား သာသနာတော်ကပေးသော တည်ငြိမ်မြော်မြင်ခြင်းမျိုး မဟုတ်။ လောကကပေးသော တည်ငြိမ်မြော်မြင်မှုလောက်သာ ဖြစ်၏။

## သာသနာဟူသည် အဘယ်နည်း

သာသနာပြုရာ၌ သီလအင်အား တစ်ခုတည်းနှင့်ပင်လျှင် နှုတ်ကမပြော ရဘဲ ပြီးစီးအောင်မြင်ဖွယ်တို့သည် များစွာရှိကုန်၏။ ထိုဟာသည်ပင် သာသနာ ဖြစ်သည်။ ဘာသာစကား ကျွမ်းကျင်မှု အပြောအဟော ကောင်းမှုတို့သည် အပရိက အကူအညီမျှသာ ဖြစ်သည်။ သာသနာဟူသည် သီလ သမာဓိ ပညာသာလျှင် ဖြစ်၍ ထိုသာသနာ ရှိနေပါလျှင် တကယ် ရှိထားပါလျှင် တမင်သက်သက် စည်းရုံး လှုပ်ရှားရန် မလိုလှ။ ထိုင်နေရင်း ပြီးနိုင်သည်က များ၏။ နိဂြောဓ သာမဏေကလေး သတိပဋ္ဌာန်အာရုံနှင့် ဆွမ်းခံကြွသွားသည်ကို မြင်ရရုံဖြင့် သီရိဓမ္မာသောကမင်းကြီး ဗုဒ္ဓဘာသာဝင်ဖြစ်လာ၏။ သာသနဒါယကာ ဖြစ်လာ၏။ ထိုမြင်ကွင်းဖြင့်ပင် ရာခိုင်နှုန်း ငါးဆယ်မျှမက စည်းရုံးသိမ်းသွင်းပြီး ဖြစ်သွားခဲ့သည် မဟုတ်ပါလော။ (အပေါ်ယံအမြင်ထက် အတွင်းက သီလ သမာဓိ ပညာဆွဲအားက ပဓာနဖြစ်သည်ကို လျှမ်းမသွားပါနှင့်။)

ထို့ကြောင့် ဓမ္မဒူတ ရဟန်းတော်များ ဦးစွာ သီလကို မည်သည့်နည်းနှင့်မျှ မယိုစေသင့်။ သမာဓိအကျင့်လည်း အမြဲ လေ့ကျင့်ခန်း ဝင်လျက် ရှိနေသင့်ပါသည်။ ကျောင်းထိုင်ဘုန်းကြီး လုပ်ရမည့် ရဟန်းတော်ပင်လျှင် 'နာမ်ရုပ်ပိုင်ပိုင်၊ ဟောပြနိုင်' ရမည်ဖြစ်ရာ (စာသင်၍ ဖတ်၍ စာတတ်၍ သိထားသော နာမ်ရုပ် မဟုတ်) ရုပ်မှန်း နာမ်မှန်းမှ မသိသေးသော ရဟန်းတော်သည် သူများကို သူများတိုင်းပြည်ကို သွားပြီး သာသနာပြုမည့်အစား ကိုယ့်ဟာကိုယ် သာသနာပြုနေသင့်ပါသေးသည်။ ထိုပုဂ္ဂိုလ် မျိုးတို့ အရာအထောင် သွားရောက်ပြုသော်လည်း အကျိုးမများ။ သာသနာတော်သာ နာမည်ပျက်ဖွယ် ရှိပေသည်။

ဤ၌ ဆိုလိုသည်မှာ တကယ့် ရဟန်းတော်များသည် ဝိနည်းသိက္ခာပုဒ် များကြောင့် တိုင်းတစ်ပါးသို့ သွားရောက်ရန်၊ နေထိုင်ရန် မလွယ်ကူလှပါ။ ဦးစွာ ဥပါသကာများက ကြိုတင်ဟောပြော စည်းရုံးကာ ရှေ့တော်ပြေး သာသနာ

www.burmeseclassic.com

www.burmeseclassic.com



ပြထားခြင်းသည် ကောင်းသော လုပ်ဆောင်ချက်ပင် ဖြစ်ပါလိမ့်မည်။ 'ပုဂ္ဂိုလ်သာတိ' မင်းကြီးသည် ဘုရားရှင်နှင့် မတွေ့ရမီကပင် ဗိမ္ဗိသာရမင်းကြီး၏ ဥပါသကမစ်ရှင် ကုန်သည်များမှ တစ်ဆင့် စာရေးပေးသော ကျင့်စဉ်မှုဖြင့်ပင် စတုတ္ထဈာန်ရခဲ့ပါသည်။ ထို့ကြောင့် ရဟန်းတော်များကိုချည်း အားမကိုးဘဲ ဥပါသကာများအနေနှင့် ရှေ့တော်ပြေး သာသနာပြုခြင်းကို စဉ်းစားသင့်ကြပါသည်။ (ဗိုလ်မှူးကြီး အော်လကော့နှင့် ဓမ္မပါလတို့ လုပ်ဆောင်ပုံကိုလည်း သတိပြုပါ။ အထူးသဖြင့် ယနေ့ ဆရာကြီး ဦးဂိုအင်ကာ၏ သာသနာပြု အောင်မြင်မှုများကိုလည်း ကြည့်နိုင်ပါသည်။)

## အမြို့မြို့အနယ်နယ် ဗုဒ္ဓဘာသာ ခံယူပွဲများ

ဒေါက်တာ အမ်ဘေဒကာသည် အစီအစဉ်များအားလုံး ပြီးသောအခါ ကုသိနာရုံ ဆရာတော်ဘုရားကြီးအား ၁၉၅၆-ခုနှစ် အောက်တိုဘာ ၁၃-ရက်နေ့ နာဂ်ပူရ်မြို့သို့ အရောက်ကြွခဲ့ပါရန် စာဖြင့် လျှောက်ထား၍ မဇ္ဈိမဒေသ မဟာသံဃအဖွဲ့ချုပ် အကျိုးတော်ဆောင် ဆရာတော် ဦးစန္ဒိမာအား အစီအစဉ်များ ပြုလုပ်စေ၏။ ဆရာတော်ကြီးသည် ကုသိနာရုံ ဒီဂရီကောလိပ် မြန်မာစာကထိကအဖြစ် မြန်မာနိုင်ငံအစိုးရက ပို့ထားသော ယောသပါဟုအား ကပ္ပိယအဖြစ် နောက်ပါခေါ်တော်မူ၍ ကုသိနာရုံမှ ဗာရာဏသီ၊ ထိုကမှ နာဂ်ပူရ်သို့ ကြွတော်မူ၏။ နာဂ်ပူရ်ဘူတာသို့ ၁၃-ရက်နေ့ ညနေ ၃-နာရီ အချိန် ရောက်သွားရာ ဒေါက်တာ ဇနီးမောင်နှံနှင့်တကွ ထောင်ပေါင်းများစွာသော ပရိသတ်ကြီးက ရှည်လျားကျယ်ဝန်းလှသော မီးရထားဘူတာရုံ ကွင်းကြီးတစ်ခုလုံး ပြည့်ညှပ်နေ၏။

ဆရာတော်ဘုရားကြီးအား ဦးချ ကန်တော့ကြပြီးနောက် ပန်းကုံးများ၊ စက္ကူရောင်စုံများ၊ အမွှေးနံ့သာများဖြင့် တန်ဆာဆင်ထားသော ကားတန်းကြီးဖြင့် သုံးထပ် ဟိုတယ်ကြီးတစ်ခုသို့ ပင့်ဆောင်သွားကြသည်။ ထိုဟိုတယ်မှာ ဆောင်လုံးကျွတ် ဆရာတော်ဘုရားကြီးအတွက် ငှားရမ်းထားခြင်း ဖြစ်သည်။ လမ်းတစ်လျှောက် လက်အုပ်ချီနေကြသော ပရိသတ်ကြီးမှာ သိန်းချီနေပေတော့သည်။ ဟိုတယ်ကြီးနှင့် ခရီးတစ်လျှောက် မုခ်ဦးများတွင် ပန်းများ၊ ရောင်စုံမီးသီးများက ပြိုးပြိုးပြက်ပြက် တလက်လက်ထနေ၏။

၁၄-ရက်နေ့ နံနက် ၈-နာရီတွင် ကြီးကျယ်ခမ်းနားစွာ ဆောက်လုပ်ပြင်ဆင်ထားသော မဏ္ဍပ်ကြီးသို့ အခမ်းအနားဖြင့် ပင့်ဆောင်ကြသည်။ သာသနာ့အောင်လံများက နာဂ်ပူရ်မြို့ကြီး တစ်မြို့လုံး ပျံ့လွင့်မြူးခုန်နေတော့သည်။ နှစ်သိန်းကျော်မျှရှိသော

www.burmeseclassic.com

www.burmeseclassic.com



ပရိသတ်ကြီးမှာ မဏ္ဍပ်ထဲမှာပင် မဆံ့၊ မျက်စိတစ်ဆုံး ကွင်းလုံးပြည့်ဖြစ်၏။ ဆရာတော်ဘုရားကြီး မဏ္ဍပ်အဝင်သို့ရောက်လျှင်ပင် သီဟိုဠ်ဆရာတော် သံဃရတနနှင့် မဟာဗောဓိအသင်းကြီး၏ အမှုဆောင်တစ်ဦးဖြစ်သူ ဒေဝလိယာ ဂရုဆိန်တို့က မုခ်ဦး၌ရပ်လျက် လက်အုပ်ချီ ကြိုဆိုကြသည်။

အမ်ဘေဒကာ ဇနီးမောင်နှံနှင့် ခေါင်းဆောင်ကြီးများ ဆရာတော်ဘုရားကြီး၏ ပလ္လင်အနီး၌ နေရာယူထားနှင့်ကြ၏။ အခမ်းအနားမှူးက အစီအစဉ်များကို ကြေညာလိုက်သည်။ နှစ်သိန်းကျော်မျှသော ပရိသတ်ကြီးမှာ တိတ်ဆိတ်သွားကာ ရိုသေစွာ လက်အုပ်ကိုယ်စီချီလျက် ထိုင်နေကြစဉ် အမ်၊ ဘေဒကာသည် ထိုင်နေရာမှ လက်အုပ်ချီလျက် မတ်တတ်ရပ်ထပြီးလျှင် -

"ကျေးဇူးရှင် သက်တော်ရှည် ကုသိနာရုံ ဆရာတော်ဘုရားကြီး ဘုရား၊ သနားသောအားဖြင့် ဘုရားတပည့်တော်နှင့်တကွ ဟိန္ဒူအမျိုးသား၊ အမျိုးသမီးအပေါင်းတို့အား သုံးလောကထွတ်ထား မြတ်စွာဘုရားရှင်၏ တပည့်သားသမီးအဖြစ် သွတ်သွင်းချီးမြှောက် ပေးသနားတော်မူပါရန် အားလုံးကိုယ်စား ရိုသေလေးစားစွာ လျှောက်ထားပါသည် ဘုရား"

ထိုအခါ အခမ်းအနားမှူးက ကြေညာသည့်အတိုင်း ကုသိနာရုံဆရာတော်ဘုရားကြီး ရှေ့က တိုင်တည်ချပေးသော 'နမော တဿ နှင့် သရဏဂုံ ငါးပါးသီလ' တို့ကို လိုက်၍ဆိုကြရာ 'ဗုဒ္ဓမ် ဆရဏဏ် ဂတ်ချာမိ' ဟူသော အသံကြီး တစ်ခဲနက် ထွက်ပေါ်မြည်ဟည်းကာ ကြက်သီးထဘနန်း ရှိတော့သည်။ ကမ္ဘာပေါ်တွင် ထိုအသံကြီးမျိုး ထိုမျှကျယ်လောင်စွာ မြည်ဟည်းခြင်း ရှိခဲ့ဖူးမည် မထင်ရ။ ဆက်လက်၍ အခမ်းအနားမှူးက ခေါင်းဆောင်ကြီး အမ်ဘေဒကာ ချပေးသော သစ္စာဝိဋ္ဌာန်ကို လိုက်ဆို၍ သစ္စာဓိဋ္ဌာန်ပြုကြရန် ပရိသတ်များအား ကြေညာတိုက်တွန်းလိုက်သည်။

'ကျွန်ုပ်တို့သည် ဗုဒ္ဓဘာသာဝင်ဖြစ်သော ဤယနေ့မှစ၍ ဟိန္ဒူဘာသာဝင်တို့၏ အစဉ်အလာ ကိုးကွယ်ကြသော ဗိဿနိုး မဟာသိဝ စသည်တို့ကို မကိုးကွယ် မဆည်းကပ်တော့ပါ၊ ဟိန္ဒူ အယူအကျင့်တို့ ဤယနေ့မှစ၍ ရှောင်ကြဉ်ကြပါမည်'

ထို့နောက် ဆရာတော်ဘုရားကြီးက ပရိသတ်များအား ကလေးသူငယ်များပင် နားလည်နိုင်လောက်အောင် သရဏဂုံ တည်ရခြင်းအကျိုး၊ ဗုဒ္ဓဘာသာဝင် ဖြစ်ရခြင်းအကျိုးတို့ကို ဟိန္ဒီဘာသာဖြင့် အကျယ်တဝင့် ရှင်းလင်းဟောပြပေးတော်မူသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၆-ရက်နေ့ အော်ရံဂဘတ်မြို့ ဧလိုရာ, အဂျန္တာသို့ ဘုရားဖူးကြွတော်မူသည်။

ဆရာတော်ဘုရားကြီးသည် ၁၇-ရက်နေ့တွင် ဘုံဘေသို့ ကြွတော်မူ၍ ဓမ္မပါလ တည်ထောင်ခဲ့သော ဗဟုဇနဝိဟာရ၌ တည်းခိုတော်မူသည်။ ပရိသတ်များ များလွန်း၍ ရဲများကပင် လမ်းရှင်းပေးနေရသည်။ ထိုနေ့ည ၈-နာရီတွင် ဆရာတော်ဘုရားကြီးအား သိဒ္ဓတ္ထကောလိပ် ကျောင်းအုပ်ကြီးနှင့် ဆရာများဦးစီးသော ဗုဒ္ဓဘာသာဝင်များက ကားများဖြင့် ဘုံဘေတစ်မြို့လုံး လှည့်လည်အပူဇော်ခံကာ စည်းဝေးမဏ္ဍပ်ကြီးတစ်ခုသို့ ပင့်ဆောင်ကြသည်။

ဆရာတော်ကြီးနှင့်အတူ သီဟိုဠ်ဆရာတော် သံဃရတနနှင့် ဦးသီလာစာရ (မြန်မာပြည်မှ ပညာတော်သင်)တို့လည်း လိုက်ပါကြသည်။ ဆရာတော်ကြီး စည်းဝေးမဏ္ဍပ် စင်မြင့်ပေါ်သို့ ရောက်သည်နှင့်တစ်ပြိုင်နက် အသင်းအဖွဲ့ပေါင်း ၃၀၀-ကျော်ရှိ ဗုဒ္ဓဘာသာဝင်တို့သည် မိမိတို့အသင်းအလိုက် ဆရာတော်ဘုရားကြီးအား ပန်းကုံးများဖြင့် ပူဇော်ကြသည်။ ပရိသတ် ၈-ထောင်ကျော်တို့အား သရဏဂုံ ငါးပါးသီလ ပေးပြီးနောက် ၄-နာရီကြာမျှ တရားဟောတော်မူ၏။

ပြီးလျှင် ဆရာတော်ဘုရားကြီးသည် ကုသိနာရုံသို့ ပြန်ကြွကာ အနားယူတော်မူ၏။ ဗုဒ္ဓဘာသာဝင်သူပေါင်း ငါးသိန်းကျော်ရှိသွားသည်။ ၁၉၄၁-ခုနှစ် ခန့်မှန်းခြေ စာရင်းအရ အိန္ဒိယ၌ ဇာတ်နိမ့် သန်း ၅၀-ခန့် (၄၈,၇၉၃,၁၈၀) ရှိကြောင်း အမ်ဘေဒကာ၏ States and Minorities ၌ ဖော်ပြပါရှိ၏။

## ခေါင်းဆောင်ကို အလျော်အစားပေးလိုက်ရ

၁၉၅၇-ခုနှစ်တွင် နာ့ဂ်ပူရ်မြို့သို့ ဒုတိယတစ်ခေါက် ကြွတော်မူရပြန်သည်။ အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာအစည်းအဝေးကြီး ကျင်းပကြ၏။ ဆရာတော်ဘုရားကြီး၏ ဩဝါဒခံယူကာ လုပ်ငန်းစဉ်များ ချမှတ်ကြသည်။ ဘုံဘေမြို့၌ 'ဘာရတိယ ဗုဒ္ဓမဟာဘာသာ'ကို ဖွဲ့စည်းလိုက်ကြသည်။ ထိုအဖွဲ့ကြီးက ဦးစီး၍ သက်သပြည်နယ် ဦဂျာလီမည်သောအရပ်၌ ၅၇-ခု၊ ဧပြီလ ၅-ရက်နေ့၌ လူပေါင်း ၅-သောင်း ခမ်းနားကြီးကျယ်စွာ ဗုဒ္ဓဘာသာဝင်ပွဲ ကျင်းပကြပြန်သည်။ တစ်ဖန် အာဂရာမြို့က ပင့်လျှောက်ပြန်သဖြင့် လူပေါင်း ၅-ထောင်တို့အား ဗုဒ္ဓဘာသာအဖြစ် သွတ်သွင်း ချီးမြှင့်တော်မူရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖန် သီဟိုဠ်ဆရာတော် အရှင်ပညာနန္ဒ၏ လျှောက်ပန်ချက်အရ ယူပီနယ်၏မြို့တော် လပ်ကနောင်းသို့ ကြွတော်မူ၏။ နောက်ပါအဖြစ် ဆရာတော်၏ တပည့်များဖြစ်ကြသော အရှင်ဓမ္မရက္ခိတ၊ နီပေါ အရှင်ဓမ္မာလောက၊ အရှင်အာနန္ဒာ ကောသလ္လာယနတို့လည်း လိုက်ပါကြလေသည်။ ထေရဝါဒ ငါးနိုင်ငံမှ ရဟန်းတော်များလည်း အစုံအညီ စည်းဝေးတက်ရောက်ကြ၏။ ဒေါက်တာ အမ်ဘေဒကာ၏ သား ယဆဝန္တရာဝ် အမ်ဘေဒကာ၊ ဗုဒ္ဓမဟာသဘာအသင်းကြီး ဥက္ကဋ္ဌ၊ လွှတ်တော် အမတ် ဒါဒါဝဲဟာယ်ဝါ စသောပုဂ္ဂိုလ်များ ဦးဆောင်ကာ လူပေါင်း ၅-သောင်း ဗုဒ္ဓဘာသာ ဝင်ကြပြန်လေသည်။ ဆရာတော်ဘုရားကြီးအားလည်း 'အိန္ဒိယ နိုင်ငံတော်လုံးဆိုင်ရာ သံဃမဟာနာယက' ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ကြလေသည်။

၁၉၅၆-ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့ကား အိန္ဒိယ ဗုဒ္ဓဘာသာဝင်များနှင့် တကွ သာသနာအတွက် ဝမ်းနည်းကြေကွဲမဆုံး တစ်သက်လုံး မေ့မရနိုင်သော ပြဿဒါးရက်ကြီးတစ်ရက် ဖြစ်ခဲ့၏။ အိန္ဒိယပြည် လူမှုရေးနှင့် သာသနာ့သမိုင်းကို 'တစ်ခေတ်ပြောင်း'ပေးနိုင်သော ခေါင်းဆောင်ကြီး အမ်ဘေဒကာ ရုတ်တရက် ကွယ်လွန်သွားရှာပြီ၊ ကျန်းမာရေး အထူးကောင်းမွန်လျက် အမျိုး ဘာသာ သာသနာ အတွက် စောက်ချ လုပ်နေချိန်တွင်မှ ရုတ်တရက် ကွယ်လွန်ရခြင်းဖြစ်၍ ကြားရသူတိုင်း ယူကျုံးမရ ဝမ်းနည်းခဲ့ကြရသည်၊ သားဖြစ်သူ ယဆဝန္တရာဝ်က သူ၏မိထွေး (အမ်ဘေကာ၏ နောက်ဇနီး)က အဆိပ်ခတ်၍ သေရပါသည် ဆိုသတတ်။ အထွတ်အထိပ် စစ်ပွဲကြီးကို အောင်မြင်ခဲ့ပြီးခါမှ ရေတိမ်နစ်ရသဖြင့် ဗုဒ္ဓဘာသာဝင်တို့လောက၌ အပြင်းအထန် ဂယက်ရိုက်သွားခဲ့သည်။ အယူဝါဒ စစ်မြေပြင်မှာ အောင်မြင်မှုအတွက် ခေါင်းဆောင်ကို အလျော်အစား ပေးလိုက်ကြရ၏။

အမ်ဘေဒကာသည် သာသနာအတွက် အသက်နှင့်လဲ၍ ပေးသွားခြင်းပင် ဖြစ်ပါသည်။ သူ့သား ပြောသည့်အတိုင်းမှန်ခဲ့သော် သာသနာဖျက်မာရ်နတ်သည် အတွင်းသို့ဝင်ကာ ပူး၍သတ်ခဲ့လေပြီ။ အိန္ဒိယ ဗုဒ္ဓဘာသာဝင်တို့အတွက် ထိုသို့ ရုတ်တရက် ရင်နင့်ဆို့နစ်ခဲ့ရမှုကား ဘယ်တော့မှ မပြေတော့။ ဒေါက်တာသည် မိမိ၏တပည့်များ အမြဲတမ်း သတိရကာ တက်ကြွရှင်သန် နေရစ်စေရန် တမင် အသက်စွန့်ပြ သွားလေရော့သလားဟုပင် ထင်မှားလောက်ပါ၏။ အမြို့မြို့အနယ်နယ်၌ ကြေးရုပ်များသွန်းကာ ဂုဏ်ပြုဆွေးနွေးပွဲများ ယနေ့တိုင် အဆက်မပြတ် ကျင်းပကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဆက်တိုက် သိန်းချီ၍ ဝင်လာမစဲ

ဒေါက်တာ ကွယ်လွန်သည်ဟု ကြားသိရလျှင်ပင် လက်ရှိပြတ်မှုမက အဆုတ်အသည်းများပါ ကြွေကျသလို ခံစားရသူကား ကုသိနာရုံဆရာတော်ဘုရားကြီးပင်ဖြစ်၏။ ထိုရက်ပိုင်းအတွင်း စာနှင့်လူများ ဟိုမှသည်မှ ရောက်လာကြသည်။ ကျန်ရစ်သူဗုဒ္ဓဘာသာဝင်များကား အားမလျှော့၊ တစ်ပိုလ်ဆင်း တစ်ပိုလ်တက် ဆက်လက်ချီတက်ကြသည်။ ကြေးရုပ်ဖွင့်ပွဲများ နေရာတကာ လုပ်ကြသည်။ ယင်းနှင့်အတူ ဗုဒ္ဓဘာသာဝင်ပွဲများ တစ်ကြော့လာပြန်သည်။ ကုသိနာရုံဆရာတော်ကြီးကား အမြို့မြို့အနယ်နယ်မှ ဘိုပွဲများကိုလိုက်၍ ဟောပြောရသည်မှာ နောက်ဆုံး ဆရာဝန်နှင့်ပင် ဆေးကုသခံရသော အခြေသို့ ရောက်တော့သည်။

၁။ ၁၉၆၀-ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၀-ရက်နေ့။ မင်နားဒိပ်မြို့ကြေးရုပ်ဖွင့်ပွဲ၊ လူတစ်သိန်းကျော် ဗုဒ္ဓဘာသာခံယူပွဲ၊ မြို့ဝန်းကျင်ရှိ ကျေးရွာ-ရွာ၌ ဗုဒ္ဓဝိဟာရ အုတ်မြစ်ချပွဲ။

၂။ ထိုမှတစ်ဆင့် ဧပြီ ၁၃-ရက်နေ့။ ပန်နမမြို့ မီးရထားအရာရှိများ းစီးလျက် ဗုဒ္ဓဝိဟာရ အုတ်မြစ်ချပွဲ။ လူ ငါးထောင် သရဏဂုံသီလယူပွဲ။

၃။ ထိုမှတစ်ဆင့် ဂျာလာနာမြို့။ နံနက် ၆-နာရီမှ ည ၁၂-နာရီထိ၊ လူပေါင်း ၃-သိန်းကျော်။ ရှေးကထက်ပင် ခမ်းနားကြီးကျယ်စွာ မြို့ကိုညှိပတ်ပူဇော်ကြ၊ ဗုဒ္ဓဘာသာ ခံယူကြသဖြင့် သရဏဂုံသီလပေးရ၊ ဟောပြောသည်မှာ အသံပင် မထွက်တော့။

မဟာဗောဓိ အကျိုးတော်ဆောင် သီဟိုဠ်ဆရာတော် သံဃရတနတပည့်များ စ်ကြသော အရှင်ဓမ္မရက္ခိတ(အမ်၊အေ)နှင့် နီပေါဆရာတော် အရှင်ဓမ္မာလောက ၏အား တာဝန်ခွဲဝေပေးရတော့သည်။ ပရိသတ်များ အဆမတန် များပြားလှသဖြင့် ၅တပ်နှင့် ရဲများကိုပင် အစောင့်ချထားကြရသည်။

၄။ နောက်တစ်နေ့ ဥရုနာမြို့၊ လူပေါင်း ၇-ထောင်ကျော် ဗုဒ္ဓဘာသာဝင်။

၅။ ထိုမှ ဥရင်ပါမြို့၊ လူ ၅-ထောင်ကျော်။

၆။ ထိုမှ ပူဆာဝါမြို့-ထိုအခါ ဆရာတော်ကြီး၏ ကျန်းမာရေးမှာ သိသိသာကြီး ချို့တဲ့သဖြင့် ဆရာဝန်နှင့် ကုသ-အနားယူလျက် အတန်ငယ်သက်သာမှ သိနာရုံသို့ ပြန်ကြွခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဗုဒ္ဓဝါဒသည် ပါတီဝါဒမဟုတ်

ယင်းသို့သိန်းချီ၍ ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူခဲ့ကြသူများနှင့် စပ်၍ အနည်းငယ် ပြောရန် ရှိပါသေး၏။ ယင်းကား အခြားမဟုတ်၊ နီယိုဗုဒ္ဓစွတ် ခေါ် အိန္ဒိယ တစ်ပြည်လုံးမှ ဘာသာကူးပြောင်းခဲ့သူများသည် ဗုဒ္ဓဓမ္မရေးရာ ခိုင်မာသည်ထက် ခိုင်မာအောင် ကြိုးစားသည့်အပိုင်းမှာ အားနည်းကာ နိုင်ငံရေးအပိုင်း၌ အာရုံစိုက် နေကြသည်မှာ ဝမ်းနည်းဖွယ် ဖြစ်ပါသည်။ ဗုဒ္ဓဝါဒသည် နိုင်ငံရေးဝါဒတစ်ခု မဟုတ်သကဲ့သို့ ဗုဒ္ဓဘာသာဝင်တို့သည်လည်း တိုက်ပွဲတစ်စုံတစ်ခုအတွက် တာစူ ထားသော အင်အားစုတစ်ခု မဟုတ်ချေ။

ပစ္စည်းဥစ္စာသည် ပျက်စီးခြင်း စွန့်လွှတ်ခဲ့ရခြင်း၌ အဆုံးသတ်၏။ မပျက်စီး မစွန့်လွှတ်ရမီ သူတော်ကောင်းအလုပ်၌ အသုံးပြုခြင်းသည် ကောင်းသောကုန်ဆုံးခြင်း ဖြစ်၏။ ဘဝသည် သေဆုံးရခြင်း၌ အဆုံးသတ်၏။ မသေမီ သူတော်အလုပ်၌ ခန္ဓာ ကိုယ်ကို အသုံးချခြင်းသည် ကောင်းသောကုန်ဆုံးခြင်းမည်၏။ ကုန်ဆုံးမည်စိုး၍ ပင်ပန်းမည်စိုး၍ မသုံးစွဲသော်လည်း ကုန်ဆုံးသည်သာ ဖြစ်၏။ မကောင်းမှု၌ သုံးစွဲ မိသော ထိုပစ္စည်းဥစ္စာ၊ ထိုခန္ဓာကိုယ်ကြောင့်ပင် ဒုက္ခအဆက်ဆက် ဖြစ်ပါစေ တော့သည်။

မိမိ၏ ဘဝခန္ဓာကိုယ်ကို သာသနာပြုလုပ်ငန်း၊ သတ္တဝါအများ ကောင်းစား ချမ်းသာရေးအတွက် ရာသက်ပန် အသုံးချသွားတော်မူသော ကျေးဇူးရှင် ကုသိနာရုံ ဆရာတော်ဘုရားကြီး ဦးစန္ဒြမဏိသည် ၁၉၄၄-ခုနှစ် တန်ခူးလပြည့်ကျော် ၁၁-ရက် (၈၊ ၅၊ ၇၂) တနင်္ဂလာနေ့ နံနက်၊ သက်တော် ၉၈-နှစ်အရ ကုသိနာရုံကျောင်းတော် ၌ပင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ရလေပြီ။ နိုင်ငံပေါင်း ၃၂-နိုင်ငံမှ ဝမ်းနည်းသဝဏ်လွှာ စာနှင့် ကြေးနန်းပေါင်း ၁၂၇၈-စောင် ပေးပို့ခဲ့ကြလေသည်။

## မြန်မာတို့ ပူဇနေယျ ကြွေးတင်ခဲ့ပြီ

အနာဂါရိကာ ဓမ္မပါလသည် ဗုဒ္ဓ၏ကျေးဇူး၊ အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်ကြီးနှင့် သာသနဒါယကာ အသောကမင်းကြီး၊ သားတော် အရှင်မဟိန္ဒတို့၏ ကျေးဇူးကို သီဟိုဠ်ကျွန်းသူကျွန်းသားတို့၏ ကိုယ်စား ဘဝကို မြှုပ်နှံကာ ဆပ်သွားခဲ့ပြီ၊ အရှင်ဥတ္တရ၊ အရှင်သောဏတို့၏ ကျေးဇူးကို မြန်မာပြည်သူ ပြည်သားတို့၏ ကိုယ်စား ကုသိနာရုံဆရာတော်ဘုရားကြီးက တစ်ဘဝတာ ပေးအပ်၍ ဆပ်သွားခဲ့ပြီ၊

www.burmeseclassic.com

www.burmeseclassic.com


ထိုအရှင်မြတ်ကြီးများ ချထားခဲ့သော အလံများက ဘ၀ကို ကောင်းစွာ အသုံးချနိုင်မည့် အာဇာနည်ယောက်ျားတို့ကို စောင့်ကြိုလျက် ရှိနေလေပြီ။

(အထူးမှတ်ချက်။ ။ အိန္ဒိယ၌ ဗုဒ္ဓသာသနာတော် ပြန်လည် ထူထောင်ကြပုံ သမိုင်းနှင့်စပ်၍ ကုသိနာရုံ ဆရာတော်သာလျှင် အဓိကပုဂ္ဂိုလ်ဟုကား မယူဆစေလိုပါ။ ခေတ်ပြိုင်နှင့် သမိုင်းဦး ပုဂ္ဂိုလ်ကျော်များလည်း များစွာရှိကြပါသည်။ ဆရာတော်၏ ထေရုပ္ပတ္တိကို ပဓာနထား၍ ပြည့်စုံနိုင်သမျှပြည့်စုံအောင် ရေးသားခြင်းမျှသာဖြစ်ပါသည်။ ဘင်္ဂလားဒေ့ရှ်သာသနာဝင်ပါ 'ကရိပါရှရန် မဟာထေရ်' အကြောင်း စသည်တို့နှင့် ဆက်စပ်ကြည့်ပါလျှင် သိသာ ထင်ရှားလာမည် ဖြစ်ပါကြောင်း။)

နိဂုံးစကား ပြောကြားလိုသည်မှာ အိန္ဒိယ တစ်နိုင်ငံလုံး အုံးအုံးကျွက်ကျွက် တစ်ခဲနက် သန်းချီ၍ ဆရာတော်ကြီးထံမှာ ဗုဒ္ဓဘာသာသို့ ကူးပြောင်းကြစဉ်ကလည်းကောင်း၊ နောက်ပိုင်း ကာလတစ်လျှောက်တွင် လည်းကောင်း ချီးကျူးဂုဏ်ပြုခြင်း၊ အထိမ်းအမှတ်များ ပြုလုပ်ခြင်းစသည် ထိုက်ထိုက်တန်တန် တစ်စုံတစ်ရာမျှ မြန်မာပြည်က မလုပ်ဆောင်နိုင်ခဲ့ကြသည်မှာ ဝမ်းနည်းစရာ ကောင်းလှ၏။ အိန္ဒိယနိုင်ငံအတွင်း စာရေးသူတို့ လှည့်လည်သွားလာကြရာ ရွာသိမ် ရွာငယ် ကလေးများအထိ ဒေါက်တာ အမ်ဘေဒကာ၏ ကြေးရုပ်ကြီးများကို တွေ့ခဲ့ကြရသည်။ ပန်းကုံးများပင် မညှိုးသေး။ တစ်နိုင်ငံလုံးတွင် အမ်ဘေဒကာ၏ ကြေးရုပ်ကြီးများ နှစ်ထောင်ကျော် ရှိသည်ဟု မှတ်သားရ၏။

ကျွန်ုပ်တို့သည် 'ပူဇာ စ ပူဇနေယျာနံ' မင်္ဂလာတရားတွေ တဖောင်ဖောင် ရွတ်ဆိုရင်း သမိုင်းကြွေး တင်ခဲ့လေပြီတကား။

၀

www.burmeseclassic.com

www.burmeseclassic.com

## သာကီဝင် နီပေါနိုင်ငံ၌ အသက်ရှင်နေ၍ ထေရဝါဒသာသနာ ထူထောင်ကြပုံ

သမိုင်းတွင် မှတ်တမ်းတင်ရမည့် နေ့တစ်နေ့ဖြစ်သည်။ မိုင် ၂၀၀ ကျော် ဝေးသည့် ဂေါရက်ခ်ပူရ်မှ ဗာရာဏသီသွား ရထားပေါ်တွင် ခရီးသည်များ ပြည့်ညပ် နေသဖြင့် ရဟန်းတော်တစ်ပါးမှာ မတ်တတ်ရပ်လျက် လိုက်ပါရတော့သည်။ လူမည်းများကြားတွင် အသားဖြူဖြူ ခရီးသည်တစ်ဦးက ထိုရဟန်းတော်ဘက် လှည့်၍ -

"ဆာဒူးဗာဗာ၊ ဆာဒူးဗာဗာ၊ ဒီကိုကြွပါ ဒီကိုကြွပါ" ဟု ဖိတ်ခေါ်သံ ထွက်ပေါ် လာ၏။ ရဟန်းတော်သည် လူအုပ်ကြားထဲတွင် တိုးဝှေ့သွားကာ ထိုသူအနီးသို့ ရောက်သောအခါ ထိုသူက "ဗာဗာကြီး ဒီမှာထိုင်ပါ" ဟု ယဉ်ကျေးစွာ ပြောဆို နေရာပေးလိုက်သည်။

ထိုခရီးသည်က အဆိုပါ ရဟန်းတော်အား ဖိတ်ခေါ် နေရာပေးခြင်းမှာ ရထားပေါ် လိုက်ပါလာသော ခရီးသည်များအတွက် ဘာမျှ ထူးခြားလှသည် မဟုတ်။ သို့သော်လည်း . . . သို့ရာတွင် . . . နီပေါနိုင်ငံ သာကီဝင်မင်းမျိုးတို့လောက၌ နှစ်ပေါင်း-ရာစုနှစ်ပေါင်းများစွာ ကင်းကွာခဲ့ရသော ထေရဝါဒသာသနာ ပြန်လည် ထူထောင်ကြသည့် သမိုင်းတွင်ကား အထူးမှတ်တမ်းတင်ရမည့် အဖြစ်အပျက်ကြီး တစ်ခု ဖြစ်ခဲ့လေသည်။

မိမိ ရရှိထားသောနေရာကို ဖိတ်ခေါ် နေရာပေးသူကား နီပေါအမျိုးသား သကျသာကီဝင် 'တုလာဓာရ' ဖြစ်သည်။ နီပေါနိုင်ငံ 'ဘူတာဝလ်'မြို့၌ နေထိုင်သူ ဖြစ်သည်။ ရဟန်းတော်ကား ကုသိနာရုံဆရာတော် ဦးစန္ဒြမဏိ ဖြစ်၏။

ဦးစန္ဒြမဏိသည် သကျလူမျိုး တုလာဓာရအား ဗုဒ္ဓနှင့် ဆွေမျိုးစပ်ကာ ခရီးတစ်လျှောက်လုံး ဗုဒ္ဓဘာသာအကြောင်းကို ကောင်းကောင်းကြီး ဟောပြော

www.burmeseclassic.com



စည်းရုံးခွင့်ရခဲ့၏။ ထိုနှစ်ဦးသား ဆုံဆည်းမှုသည် နီပေါနိုင်ငံ၌ ထေရဝါဒသာသနာ ပြန်လည် ထွန်းကားမှုသမိုင်းတွင် မှတ်တိုင်တစ်ခု ဖြစ်ခဲ့၏။ ဗာရာဏသီသို့ ဆိုက်ရောက်ကြသောအခါ ဆရာတော်သည် တုလာဓာရအား မိဂဒါဝုန်ကျောင်းသို့ ခေါ်ဆောင်သွား၏။ မိဂဒါဝုန်ရှိ ဓမ္မစကြာ တရားဦးဟောရာ စေတီတော်ကြီးများကိုလည်း ဆရာတော်က လိုက်လံပြသည်။ ဗုဒ္ဓဝါဒကို ရုပ်ဝတ္ထုကျကျ သမိုင်းနောက်ခံကိုပါ ထိုးပြရှင်းလင်းလိုက်သောအခါ တုလာဓာရသည် ထေရဝါဒ၌ အထူး တိမ်းညွတ်သွားခဲ့သည်။

တုလာဓာရ မိမိနိုင်ငံသို့ ပြန်ရောက်ပြီးနောက် လူငယ်လူရွယ်များကို စည်းရုံးကာ ကုသိနာရုံသို့ ပို့ပေးသည်။ ဆရာတော်ကလည်း ရှင်ပြုသင့်သူကို ရှင်ပြု၊ ရဟန်းပြုသင့်သူကို ရဟန်းပြုပေးသည်။ နောက် မြန်မာနိုင်ငံသို့ ပညာသင် စေလွှတ်ပေးတော်မူလေသည်။ သကျသာကီဝင်လူမျိုးတို့တွင်'မဟာပညာ' (မဟာပရာဂယ) ဆိုသူသည် ၁၉၈၂-ခုနှစ်က ရဟန်းပြုသည်။ ပထမဦးဆုံးသော ထေရဝါဒ ရဟန်းတော် ဖြစ်၏။ (သူ့အကြောင်း ရှေ့မှာလည်း တွေ့ရလတ္တံ့။)

"တို့များ နီပေါနိုင်ငံ ကဋ္ဌမဏ္ဍူ (ကဋ္ဌ+မဏ္ဍပ) မြို့ကို ၁၉၂၂-ခုနှစ်က ပထမဆုံး ရောက်တယ်၊ အဖော် ကျောင်းသားတစ်ယောက်နှင့်၊ ခုခေတ်လို လမ်းပန်း အဆက်အသွယ်တွေ မရှိသေးတော့ တောတောင်အထပ်ထပ် ကျော်ဖြတ်ပြီး ကုန်းကြောင်းချည်း ပင်ပင်ပန်းပန်း ခက်ခက်ခဲခဲ သွားရတယ်၊ ဂေါရက်ခ်ပူရ်ကနေ နောင်တန်ဝါအထိပဲ ရထားစီးလို့ ရတာ၊ ကဋ္ဌမဏ္ဍူရောက်တော့လဲ တရားဟောခွင့် မရဘူး၊ အိမ်တွေမှာ ပုန်းပြီး တိုးတိုးတိတ်တိတ် ဟောရတာ၊ ဒါနဲ့ ၁၅ ရက်ပဲ နေပြီး ဒါဂျီလင်ဘက်က လှည့်ပြန်ခဲ့ရတယ်"

လွန်ခဲ့သော နှစ်ပေါင်း ၇၀ က နီပေါနိုင်ငံ ထေရဝါဒ သာသနာသမိုင်းဦး ကာလအကြောင်း ဆရာတော် ဦးစန္ဒမဏိက ဤသို့ ပြောပြလေ့ရှိသည်။

## နီပေါမှာ သာသနာပြန်ယူမယ့် ကုန်သည်ကြီး

နီပေါနိုင်ငံ ထေရဝါဒသာသနာ ပြန်လည်ထူထောင်ရေး သမိုင်းဦးကာလ၊ မဟာပညာနှင့် မရှေးမနှောင်း ရောက်လာသူမှာ 'ဒသရထ'ဆိုသူ ကုန်သည်ကြီး တစ်ဦး ဖြစ်သည်။ သူကား တိဘက်ပြည် လာဆာမြို့တော်၌ ထင်ရှားကျော်ကြားသော

www.burmeseclassic.com

www.burmeseclassic.com



ကုန်သည်ကြီးဖြစ်၏။ ဇနီး ကွယ်လွန်သဖြင့် သားနှစ်ယောက်ကိုခေါ်ကာ ကဋ္ဌမဏ္ဍူ၌ ပြန်ရောက် နေထိုင်သူဖြစ်သည်။ စိတ်ပြေလက်ပျောက် အိန္ဒိယဘက်သို့ ခရီး ထွက်လာရင်း ကုသိနာရုံသို့ ရောက်လာခြင်းဖြစ်သည်။ ဆရာတော်အကြောင်း ကိုလည်း ကြားသိသင့်သလောက် ကြားသိပြီးဖြစ်၏။

"တပည့်တော် ကဋ္ဌမဏ္ဍူက ဒသရထပါဘုရား။ ဆရာတော်ဘုရား တပည့် ပဏ္ဍိတ်ရာဟုလာနှင့် တွေ့ရပြီး အကြောင်းစုံ သိရသဖြင့် ဆရာတော့်ထံ လာရောက်ရခြင်း ဖြစ်ပါသည်။ တပည့်တော်မှာလဲ ဇနီး ကွယ်လွန်သွားတာ လပိုင်းပဲ ရှိပါသေးတယ်"ဟု လျှောက်ရင်း ဒသရထသည် မရှက်ကြောက်နိုင်တော့ဘဲ ဆရာတော်ကြီး ရှေ့မှောက်မှာပင် ငိုကြီးချက်မ ရှိုက်ကြီးတငင် ငိုကြွေးလေသည်။

ဆရာတော်လည်း ရုတ်တရက် သူ့တပည့်အကြောင်းကိုပင် မမေးနိုင် တော့ဘဲ ဒသရထအား အံ့အားသင့်ပြီး ကရုဏာသက်စွာ ကြည့်နေရရှာလေ တော့၏။ ခဏကြာလျှင် -

"အင်း . . . ဒကာကြီး၊ သတိထားပါ။ သင့်မှာ ဇနီးတစ်ယောက်ပဲ သေရတာ" ဟု အစချီကာ ပဋာစာရာနှင့် ကိသာဂေါတမီတို့အကြောင်းကို ဟောပြောကာ နှစ်သိမ့်တော်မူ၏။ ဒသရထလည်း ဣန္ဒြေပြန်ဆည်ကာ သောကများ ပြေပျောက်သွားစဉ် ဆရာတော်က သူ့တပည့် ပဏ္ဍိတ်ရာဟုလာအကြောင်း ဆက်မေးသည်။

"ဒကာကြီး၊ ပဏ္ဍိတ်ရာဟုလာ ယခု သူဘယ်မှာလဲ"

"ယခု သူ တိဘက်ကို ထွက်သွားပါပြီ။ တပည့်တော်တို့စုံစမ်းရာက အကြောင်းစုံ သိရလို့ တပည့်တော်အိမ်မှာပဲ သူ့ကို တစ်လတိတိ ဝှက်ထားပြီး တိဘက်ဘုန်းကြီး များနှင့် တပည့်တော်ကပဲ ဆက်သွယ်ပေးလိုက်ပါတယ်။ တိဘက်ဘုန်းကြီး အဖွဲ့အစည်း မှာဝင်ပြီး တိဘက်ရဟန်းဝတ်နဲ့ပဲ ထွက်သွားပါတယ်"

"ဟုတ်တယ်၊ ဘုန်းကြီးက သူ့ကို ပညာသင်ရအောင် သီဟိုဠ်ပို့ထားတာ၊ အဲဒီမှာ ဗုဒ္ဓစာပေတွေ သင်ယူလေ့လာပြီး ဘုန်းကြီးဆီ ပြန်လာတယ်။ 'မဟာယာန ဗုဒ္ဓဘာသာအကြောင်း လေ့လာရအောင် တိဘက်ကို သွားပါရစေ'လို့ ခွင့်တောင်း တယ်။ 'ယခုအခါ တိဘက်မှာက နိုင်ငံခြားသား မဝင်ရ ဥပဒေထုတ်ထားတယ်'လို့ ဘုန်းကြီးကပြောတော့ 'ဆရာတော် ခွင့်ပြုရင် ဖြစ်တဲ့နည်းနဲ့သွားမယ်'ဆိုပြီး ဒီက ထွက်သွားတာပဲ။ အင်း . . . သူ ရောက်လိုတဲ့နေရာ ရောက်သွား ပြီးတာပါပဲ။ သူက အင်မတန် ဉာဏ်ထက်တယ်၊ ဇွဲသတ္တိလဲ အလွန်ကောင်းတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဤ၌ ပဏ္ဍိတ်ရာဟုလာဆိုသူမှာ နိုင်ငံကျော် ဗုဒ္ဓဝါဒ စာရေးဆရာကြီး ရာဟုလာ သံကိစ္စည်းဟု မြန်မာတို့သိနေကြသော ပုဂ္ဂိုလ်ကြီးပင်တည်း။ ထိုစဉ်က သူသည် ကိုရင်ကြီးဘဝ ရှိသေးသည်။

ဆရာတော်ကြီးအား ခွင့်ပန်၍ တိဘက်သို့ သွားရရာတွင် ကုန်သည်ကြီး ဒသရထနှင့် ရင်းနှီးခင်မင်ကာ ကဋ္ဌမဏ္ဍု၌ တစ်လကြာ ခိုအောင်းနေထိုင်ရင်း ကုန်သည်ကြီးနှင့် ထေရဝါဒ ဗုဒ္ဓသာသနာအကြောင်း စပ်မိကြသည်။ ရာဟုလာကို မြင်ကတည်းက ကုန်သည်ကြီးစိတ်၌ သပိတ်သင်္ကန်း ဝတ်ရုံပုံမှအစ စိတ်ဝင်စားသွားကာ မေးမြန်းစပ်စုမိ၏။ နီပေါနိုင်ငံ၌ရှိနေသော တိဘက်လာမာသာသနာ မဟာယာန သာသနာနေရာ၌ ပင်ရင်းမူလ အစစ်အမှန်ဖြစ်သော ထေရဝါဒသာသနာကို သူကိုယ်တိုင်ပင် ပါဝင်ပြီး အစားထိုချင်စိတ် ပေါက်လာသည်။ ထိုအကြောင်းကို အထူးစိတ်ဝင်စားကာ ရာဟုလာအား အကြံဉာဏ်တောင်းရာက 'ကျွန်ုပ်တို့ဆရာ ကုသိနာရုံဆရာတော်ကြီးဆီ သွားပါ'ဟု ညွှန်ကြားလိုက်၍ ကုန်သည်ကြီး ဆရာတော်ထံ ရောက်လာခြင်းဖြစ်၏။

ကုန်သည်ကြီးဘဝတာ၌ ထေရဝါဒ ရဟန်းတော် (ဘိက္ခု) ဆိုသည်ကို ဒါ ပထမဆုံး မြင်တွေ့ရခြင်းဖြစ်၏။ ဆရာတော်ကြီးကို မြင်လိုက်ရသည်နှင့်ပင် ထေရဝါဒသာသနာကို ပို၍ စိတ်ဝင်စားရပြန်သည်။ နီပေါနိုင်ငံ၌ ဘိက္ခု-ဘိက္ခုနီ အမည်ခံကာ အိမ်ထောင်သားမွေးဘဝနှင့် ရှေးကရှိသော ကျောင်းကန်များ၌ နေထိုင်၍ လူအများက ထိုဘိက္ခု-ဘိက္ခုနီဆိုသူများအား ကိုးကွယ်နေရသည်ကို ဘဝင်မကျနိုင်ဖြစ်လာ၏။ ၎င်းတို့နေရာ၌ တကယ့်အစစ်အမှန်များကို အစားထိုး ဖယ်ရှားရန်လည်း စိတ်လိုက်မာန်ပါ လျှောက်ထားသဖြင့် ဆရာတော်က -

"မိစ္ဆာအယူများကို ဖယ်ရှားလိုသူဟာ မိမိက အရင် သမ္မာအယူယူပြီး ကောင်းမြတ်သော အကျင့်သီလ တည်စေရမယ်။ နောက်ပြီး ဂေါတမဗုဒ္ဓ၏ တရားစစ် တရားမှန်များကို ကိုယ်တိုင်လည်း ကျင့်ကြံထိန်းသိမ်းကာ တစ်ဆင့်လည်း ဖြန့်ဝေလိုတဲ့ ပုဂ္ဂိုလ်ဟာ လောကီပစ္စည်းဥစ္စာများကိုသာမက သံယောဇဉ် များကိုလည်း စွန့်ခွာနိုင်ရမယ်၊ နောက်ဆုံး မိမိရဲ့ခြေလက်အင်္ဂါနှင့် အသက်ကို ပင်လျှင်ပင် စွန့်လွှတ်နိုင်တဲ့ စိတ်ထားရှိရမယ်' စသည်ဖြင့် ဟောပြောလိုက်၏။ စိတ်ဓာတ်ကို စမ်းသပ်သည့်အနေဖြင့် အမိန့်ရှိလိုက်ရာ ကုန်သည်ကြီးမှာ နောက်တွန့် မသွားသည့်အပြင် . . .

www.burmeseclassic.com

www.burmeseclassic.com



"ဆရာတော်ဘုရား တပည့်တော် ယခုပင် သားနှင့် ရှိသမျှစည်းစိမ်ကို အကုန်စွန့်လွှတ်ပြီး အရှင်ဘုရားတို့လို ရဟန်းပြုချင်ပါတယ်။ ထိုသို့ ရဟန်းမပြုမီ ဆရာတော် ဝန်မလေးပါက သာသနာထွန်းကားရာ ဆရာတော်တို့ မြန်မာနိုင်ငံကို ရောက်ချင်ပါသေးတယ်၊ လိုက်ပို့နိုင်ပါမည်လော"ဟု လျှောက်ထား၍ ဆရာတော်က-

"ဒကာကြီးမှာ ငွေဘယ်လောက် ပါခဲ့သလဲ"ဟု မေးရာ လောလောဆယ်မှာ ငွေ ၄၀-မျှသာရှိကြောင်း လျှောက်ထား၏။

## နီပေါကုန်သည်ကြီးအား မြန်မာပြည်အနှံ့ လိုက်ပြ

ဆရာတော်ကြီးကား ကုန်သည်ကြီး၏ စိတ်သဘောထားကို အမျိုးမျိုး စမ်းပြီးလျှင် ကျေနပ်မှုရသည်နှင့် သာသနာနောင်ရေးကို မျှော်တွေးကာ ကာလကတ္တားမှ သင်္ဘောဖြင့် ဦးစွာ စစ်တွေမြို့သို့ လိုက်ပို့သည်။ ထိုစဉ်က ကာလကတ္တားမှ စစ်တွေ ခုနစ်ကျပ်သာပေးရသည်။ စစ်တွေ၌ ဒကာဒကာမတို့အား တရားဟောပြောပြသရင်း နှစ်လကျော်ကျော် နေထိုင်လျက် ရခိုင်ပြည်ရှိ ဘုရားကျောင်းကန်များသို့ ကိုယ်တော်တိုင် လိုက်လံပြသတော်မူ၏။ ဘုရားကျောင်းကန်နှင့် ရဟန်းသံဃာများကို ကိုယ်တိုင် မြင်တွေ့ရသောအခါ ကုန်သည်ကြီးမှာ ဝမ်းမြောက်၍ မဆုံးနိုင်အောင် ရှိလေ၏။ နေ့စဉ်လည်း ဗုဒ္ဓဓမ္မနှင့် သံဃအကြောင်း သူ့အား အလျဉ်းသင့်တိုင်း ဟောပြောပေးနေရာ မဆုတ်နစ်တော့သော သဒ္ဓါတရားလည်း ရှိလာပြီ။

မန္တလေးသို့ ရောက်သောအခါ ဒသရထ၏ စိတ်များမှာ ပို၍ထက်သန်လာ၏။ ပါရမီဓာတ်ကလည်း အပြင်းအထန် နှိုးဆော်လေတော့သည်။ မန္တလေးမြို့ရှိ ဘုရားကျောင်းကန်များ လှည့်လည်ဖူးမြော်စဉ် မန္တလေးတောင်တော်ခြေရင်းရှိ ပဥ္စမ သင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီး၏ ကျောက်ထက်အက္ခရာများ တည်ရှိရာ မဟာလောကမာရဇိန် စေတီတော်ကြီး အရောက်တွင် ဒသရထ-က ဆရာတော်အား ဤသို့လျှောက်ထား၏။

"ဆရာတော်ဘုရား၊ အရှင်ဘုရားနှင့် တပည့်တော်တို့ အတူတကွ ခရီးသွားကြရာမှာ အရှင်ဘုရားက အဝါရောင်အဝတ်ဝတ်ပြီး တပည့်တော်က အဖြူရောင်ဝတ်နှင့်ဆိုတော့ ရှေ့သွားနောက်လိုက် မညီပါဘူးဘုရား။ တပည့်တော်လဲ အရှင်ဘုရားလို သင်္ကန်းဝတ်ပြီး လိုက်ပါရစေ"

ဆရာတော်မှာလည်း ခရီး မဆုံးခင်မှာပင် ရည်ရွယ်ချက် အောင်မြင်တော့မည်ဖြစ်၍ အတိုင်းမသိ ဝမ်းသာသွား၏။ သို့နှင့် ကုန်သည်ကြီး ဒသရထအား မန္တလေး

www.burmeseclassic.com

www.burmeseclassic.com



မြို့မှာပင် ရှင်သာမဏေပြုပေးလိုက်သည်။ ဘွဲ့တော်ကိုလည်း 'ရှင်ဓမ္မာလောက'ဟု ပေးတော်မူ၏။

ထိုမှနောက် ရန်ကုန်(၁၅)ရက် မော်လမြိုင်(တစ်လ) ပဲခူး၊ သထုံ၊ မန္တလေး၊ စစ်ကိုင်း၊ မေမြို့စသော ဌာနများသို့ လိုက်လံပို့ဆောင်တော်မူရာ ရှင်ဓမ္မာလောကသည် ဘုရားကျောင်းကန် သံဃာတော်များကို ဖူးတွေ့ရတိုင်း ရင်သပ်ရှုမော အံ့သြမပြီး ဖြစ်နေလေသည်။ 'သြော် . . . သြော်'ဟု စုတ်တသတ်သတ်နှင့် မိမိဆုံးဖြတ်ချက်လည်း မှန်နေသည်ကို သိမြင်လာရသဖြင့် အားရနှစ်သိမ့်နေ၏။

အိန္ဒိယပြည် ကုသိနာရုံသို့ ဆရာတပည့် ဒုတိယဝါဆိုလဆန်း ၁၂-ရက်နေ့မှ ပြန်လည်ရောက်ရှိကြလေတော့သည်။ (မှတ်ချက်။ ခုနှစ်သက္ကရာဇ်များ လေ့လာဆဲဖြစ်၍ အတိအကျ ဖော်မပြနိုင်သေးပါ။)

## ရှင်ဓမ္မာလောက အဖမ်းရခြင်း

နီပေါနိုင်ငံကား ဘုရားသခင် ဖွားမြင်တော်မူရာ သာကီဝင်နိုင်ငံကြီး ဖြစ်ခဲ့သည်။ ယခုအခါ စတုရန်းမိုင်ပေါင်း ၅၄၃၆၂ ရှိ၍ လူဦးရေမှာ (၆၄-ခုနှစ် သန်းကောင်စာရင်းအရ) ၉ ဒသမ ၆ သန်းရှိသည်။ မြို့တော်ကဌ္ဌမဏ္ဍူ၌ လူဦးရေ ၄၂၂၆၇၀ ရှိ၏။ ဘာသာအယူဝါဒအားဖြင့် ဟိန္ဒူ ၈၉ ရာခိုင်နှုန်း၊ ဗုဒ္ဓဘာသာ ၅ ရာခိုင်နှုန်းကျော်ကျော်မျှသာ ရှိ၏။ အခြား ဘာသာဝင်များလည်း ရှိကြသည်။ ဤကား လွန်ခဲ့သော အနှစ် ၃၀နီးပါးက စာရင်းများဖြစ်သည်။ ကဌ္ဌမဏ္ဍူမြို့ကား အလျားမိုင် ၁၅၊ အနံ ၂၀ ရှိ ဟိမဝန္တာတောင်စောင်း တောင်ဝှမ်း ဆင်ခြေလျှော မြေပြန့်၌ တည်ထားသော မြို့ဖြစ်၏။

နီပေါနိုင်ငံ၏ ရှေးဦးသမိုင်းအဆိုအရမူ ယင်းဌာနေသားများသည် မွန်ဂိုလွိုက်၊ တိဘက်တိုဘာမင်းဖြစ်ရာ အများစုမှာ ဗုဒ္ဓဝါဒီများ ဖြစ်ကြ၏။ ခရစ်မပေါ်မီ ၂-၃ ရာစုတွင် ဟိန္ဒူအယူရှိသော အင်ဒို အာရယန်များ ဝင်ရောက်ကြီးစိုးလာကြသည်။ ၎င်းတို့ကို လိစ္ဆဝီဟု ခေါ်လေသည်။ ၁၇ ရာစု (အေ-ဒီ) တစ်ဝိုက်အထိ မလ္လမင်းများ တန်ခိုးထွားခဲ့ကြပြန်သည်။ ယခုအခါ ဂေါ်ရခါးလူမျိုး၊ နေပါလူမျိုး၊ နေဝါလူမျိုး စသည်ဖြင့် လူမျိုးစုလည်း အများပင်ရှိရာ နေဝါလူမျိုးသည် သကျမျိုး ဘုရားမျိုးတို့ ဖြစ်ကြ၏။

ရှင်ဓမ္မာလောကသည် မြန်မာနိုင်ငံမှ ကုသိနာရုံသို့ ပြန်ရောက်ပြီး ဝါခေါင်လဆန်း ၁၄-ရက်နေ့ နီပေါပြည်သို့ ပြန်သွားသည်။ ထိုအချိန်ကား နီပေါ၌ မဟာယာန ဗုဒ္ဓဘာသာမျှသာ ရှိသေး၏။ ဘာသာမကူးပြောင်းရအမိန့် တင်းကျပ်သွာ

www.burmeseclassic.com

www.burmeseclassic.com



ထုတ်ထား၏။ ဘာသာရေးနှင့် စပ်လျဉ်း၍ လူလေးဦး သေဒဏ် ပေးခံရ၍ လူပေါင်းများစွာ ထောင်ချခံကြရသည်။ ရှင်ဓမ္မာလောက နီပေါနိုင်ငံသို့ ပြန်သွားပြီး ၂-လလောက် ကြာသောအခါ ကုသိနာရုံဆရာတော်ကြီးထံသို့ အောက်ပါ စာရှည်ကြီး တစ်စောင် ရောက်လာ၏။

"ရိုသေစွာ လျှောက်ထားပါသည် ကျေးဇူးရှင် ဆရာတော်ဘုရား ...

"တပည့်တော်သည် ဆရာတော့်ထံမှ နီပေါသို့ ပြန်ခဲ့ရာ ရောက်သောနေ့ ညနေ ၄-နာရီမှာ အဖမ်းခံရပါသည်။ ရဲစခန်းတွင် ၆-ရက် လုံးလုံး အချုပ်ခံရပါသည်။ ၇-ရက်မြောက်သောနေ့ကျမှ ရုံးတင်၍ အမှုစွဲတပ်ပြီး စစ်ဆေးပါသည်။ တရားသူကြီးက မေးသောအခါ 'ကဋ္ဌမဏ္ဍူမြို့က နေဝါရီ ဗုဒ္ဓဘာသာတစ်ဦးဖြစ်ကြောင်း' အစစ်ခံရာ 'အဘယ့်ကြောင့် ဤအဝတ်မျိုး ဝတ်ရပါသလဲ'ဟု မေးပါသည်။ ထိုအခါ အိန္ဒိယမှာ အဂါရိယ ဂဟဋ္ဌ(ဝတ်ကြောင်)နှင့် အနာဂါရိယ (အိမ်ရာမထောင်သူ)ဟု နှစ်မျိုးရှိသကဲ့သို့ ဗုဒ္ဓဘာသာတွင်လည်း သည်အတိုင်းပင် နှစ်မျိုးရှိရာ အနာဂါရိယတို့မှာ ဤသို့ပင်ဝတ်ကြကြောင်း ထွက်ဆိုလိုက်ရာ တရားသူကြီးက ဖမ်းဆီးခေါ်ဆောင်လာသူ ပုလိပ်အား 'ဒီလို အပြစ်မရှိတဲ့လူကို ဘာလို့ ဖမ်းခဲ့ရသလဲ'ဟု မေးပါသည်။ တိုင်းသူပြည်သားများ ဒီလိုချည်း လုပ်သွားကြလျှင် တိုင်းပြည်မှာ အခက်အခဲ တွေ့နိုင်တဲ့အတွက် ဖမ်းဆီးရကြောင်း တင်ပြပြောဆိုရာ တရားသူကြီးက 'လူတိုင်း ဤသို့ လုပ်သွားနိုင်မည်လား၊ အမှန်တရားကို လိုလားသူမှ လုပ်နိုင်တယ်၊ သင်တို့လည်း အမှန်တရား လိုလားလျှင် သည်လို လုပ်နိုင်တယ်'ဟု ဆိုကာ ချက်ချင်း အလွတ်ခိုင်းပါသည်။ တရားသူကြီးမှာ 'ယုဒ္ဓသမယေ'အမတ်ကြီး ဖြစ်ပါသည်။"

"တပည့်တော်လဲ အချုပ်မှ လွတ်လျှင်ပင် ကဋ္ဌမဏ္ဍူမြို့ရှိ ရပ်ကွက်အားလုံးသို့ သက်န်းရုံပြီး ဆွမ်းခံထွက်ပါသည်။ ဘာမျှမရပါ။ သို့သော် တပည့်တော် ကျေနပ်ပါသည်။ အောင်မြင်ပါပြီ။ နီပေါပြည်၌ သာသနာပြုရန် ရဟန်းသာမဏေများသာ လိုပါတော့သည် ဘုရား။"

ရှင်ဓမ္မာလောကသည် သီတင်းကျွတ်လျှင် ကုသိနာရုံသို့ ပြန်လာကာ ရှေ့ဆောင်ရွက်ရမည့် သာသနာပြုလုပ်ငန်း အစီအစဉ်များကို လျှောက်ထားပြီး အကြံဉာဏ်များ တောင်းခံ၏။ ရှင်ဓမ္မာလောကသည် ၁၉၃၄-ခုနှစ်တွင် မိဂဒါဝုန်၌ တိုက်တိုက်ဆိုင်ဆိုင် သိမ်သမုတ်ပွဲကြီးနှင့် ကြုံကြိုက်ကာ ထိုသိမ်သစ်၌ ဦးဦးဖျားဖျား ဆရာတော်ကိုပင် ဥပဇ္ဈာယ်ပြုလျက် ရဟန်းတက်ခွင့် ရသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ကာလတွင် 'သာသနာပြုရာတွင် အမျိုးသမီးများလည်း အထူးလိုအပ်ပါသည်'ဟုဆိုကာ မိန်းကလေး သုံးယောက်၊ အမျိုးသမီးကြီးသုံးယောက်နှင့် လူငယ်တစ်ယောက်တို့ကို စစ်တွေမြို့ ဒေါ်ဓမ္မစာရီထံ ပို့လွှတ်ပေးရန် ကုသိနာရုံသို့ ခေါ်လာသည်။

ဆရာတော်က စစ်တွေသို့ လှမ်း၍ စာရေးမေးမြန်းပြီး ဦးဓမ္မာလောကကိုပင် သွားရောက်အပ်နှံခိုင်းသည်။ ၎င်းအဖွဲ့အား စစ်တွေမှ မြို့သူမြို့သားများက စိတ်အားထက်သန်စွာ လိုလေးသေးမရှိ ပြုစုစောင့်ရှောက်ကြ၏။ နှစ်နှစ်တိုင်တိုင် ပညာသင်ကြားပြီးနောက် ကုသိနာရုံသို့ ပြန်လာကြရာ အမျိုးသမီးလေးဦးမှာ သီလရှင် ဝတ်လိုက်ကြသည်။ ဘွဲ့တော်များမှာ 'အာရတီ၊ ဝိရတီ၊ ဝိသာခါနှင့် သုစိတ္တာ'တို့ ဖြစ်ကြ၏။ ကျန်ပုဂ္ဂိုလ်များမှာလည်း လူဝတ်ကြောင် ဘဝနှင့်ပင် သာသနာတော်ကို အားပေးကြသည်။

ဦးဓမ္မာလောကသည် နီပေါပြည် ထေရဝါဒသမိုင်းတွင် ပထမဦးဆုံး သာသနာ့ဘောင်ရောက်သူ မဟုတ်စေကာမူ သူ၏ဆောင်ရွက်ချက်တို့သည် အလွန်ထိရောက်စေခဲ့သည်။ ၁၉၄၃-ခုနှစ်တွင် နီပေါနိုင်ငံ၌ ပထမဦးဆုံးသော ထေရဝါဒကျောင်းတော်ကြီးကို ကဋ္ဌမဏ္ဍုမြို့အနီး ပေ-၂၅၀ မြင့်သော သယမ္ဘူတောင်ကုန်းတော်၏ မြောက်ဘက်၌ တည်ထောင်နိုင်ခဲ့သည်။ ကျောင်းအမည်မှာ 'အနန္တကုဋီဝိဟာရ'ဟု ခေါ်တွင်သည်။ ဆရာတော် ဦးဓမ္မာလောက၏ ပုံတူရုပ်တုတော်ကို ယခုအခါ လုမ္ဗိနီရှိ နီပေါနိုင်ငံ ထေရဝါဒကျောင်းဆောင်တော်၌ တွေ့ရှိ ဖူးမြော်နိုင်သည်။ (သယမ္ဘူ တောင်ကုန်းပေါ်၌ သယမ္ဘူ ရှေးဟောင်း စေတီကြီးတစ်ဆူ ရှိ၏။ သီရိဓမ္မာသောကမင်းကြီး သမက်တော် ဒေဝပါလနှင့် သမီးတော် ရုစာဒေဝီတို့ ၃-ရာစုခန့်က တည်ခဲ့သောစေတီဟု သမိုင်းက ဆို၏။)

## ပြည်နှင်ဒဏ် ထောင်ဒဏ်နှင့် အသေခံ၍ပင် ရဟန်း သာမဏေ သီလရှင် ဝတ်ကြခြင်း

လောက၌ ပစ္စည်းဥစ္စာ လောကီရတနာတို့ကို လွယ်လွယ်ကူကူ ရလေ့ရှိသူများသည် အလေးမထား လွယ်လွယ်ရ ပေါ့ပေါ့သုံးစားကြသော်လည်း ခက်ခက်ခဲခဲ ရှာဖွေရသူများကား တန်ဖိုးထားကာ အမြတ်တနိုး ထိန်းသိမ်းလေ့ရှိကြ၏။ ဘုရား တရား သံဃာနှင့် အတုမဲ့ လောကုတ္တရာ ရတနာများကို ရှာဖွေ သိမ်းဆည်းကြရာ၌လည်း ထို့အတူပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒုလ္လဘာ=ဒု+လာဘာ=ခက်ခဲစွာရခြင်း-ရခဲခြင်း'ဟု ဘာသာပြန်ကိုပင် (ဒု+လာဘ) အလကားရခြင်း ဟု ပြန်ဆိုရတော့မလို ဖြစ်၏။ ရတနာကို ရတနာနှင့် ထိုက်တန်အောင် မသိမ်းဆည်းလျှင် ထိုသူတို့လက်၌ ရတနာသည် ကြာရှည် မနေတတ်။ ရတနာကို ရအောင် မည်မျှလောက် ဒုက္ခခံပြီး ရှာကြရသည်ကို လေ့လာ ကြကုန်။ ဗုဒ္ဓဘာသာ ရတနာ ရယူရေးအတွက် နီပေါနိုင်ငံတွင် အသက်ကိုပင် 'စတေး' ပြီး သွားကြသူများ သွားခဲ့ပြီ။ အသက်မသေ ကျန်ရစ်သူများမှာလည်း မည်မျှလောက် အဆင်းရဲ အပင်ပန်း ခံကြရသည်ကို ဆက်လက် ဖတ်ရှုပါဦး။

ဆရာတော် ဦးစန္ဒြမဏိသည် ဗုဒ္ဓ ပရိနိဗ္ဗာန်ပြုရာ ကုသိနာရုံ၌ အထိုင် ချပြီးလျှင် ဗုဒ္ဓ၏ ဇာတိဒေသ နီပေါပြည်တစ်ခွင်သို့ အလျဉ်းသင့်သလို ဝင် ရောက်ပြီး ဒေသခံများအား ဘာသာသွေး ဘာသာစိတ် တရိပ်ရိပ် ဝင်မှန်းမသိ ဝင်လာအောင် သွင်းပေးနေသည်မှာ ကြာပေပြီ။

၁၉၃၀-ပြည့်နှစ်က ဖြစ်၏။ ကဌမဏ္ဍူ မြို့တော် လမ်းမတစ်ခု၌ အသက် ၄၀-ခန့်ရှိ လူထူးလူဆန်းတစ်ဦးကို 'လာ့လ်ကာဂျီ' ခေါ်သော သူငယ်တစ်ဦး တွေ့မြင် သွားရာ သူ့စိတ်ထဲ၌ ချက်ချင်းပင် ရှေးနံရံ ပန်းချီဆေးရေးများတွင် မြင်ဖူးသော ဂေါတမဗုဒ္ဓဆိုသူ၏ တပည့် ဘိက္ခုများကို ပြေး၍ သတိရလိုက်မိသည်။ အသက် ၁၂-နှစ်မျှသာ ရှိသေးသော လာ့လ်ကာဂျီ သာကီဝင်သူငယ်မှာ ကျောင်းတက်သွားရင်း လမ်းမှာရပ်လျက် ထိုလူထူးလူဆန်းကြီးကို ငေးကြောင်၍ ကြည့်နေမိ၏။ ထိုသူ အနီးသို့ တိုးသွားကာ စူးစူးစိုက်စိုက်ကြည့်ပြီး မေးကြည့်ရာ ထိုလူထူးလူဆန်းကြီးက ပြောလိုက်သော စကားကို သူ ကောင်းစွာ နားမလည်။ သို့သော် 'ကာမသီလ၊ သာမဏေ၊ ကုသိနာရုံ'ဟူသော ဝေါဟာရများကိုမူ မှတ်မိနေသည်။

နောက်တစ်ရက် ကျောင်းသို့ရောက်သောအခါ လာ့လ်ကာဂျီးသည် (မဟာယာန)ဗုဒ္ဓဘာသာဖြစ်သော သူ့ဆရာအား 'ဘိက္ခု' ဆိုသူများအကြောင်းကို မေးကြည့်ရာ ဆရာကား လွယ်လွယ်ပင် ဖြေကြားလိုက်၏။

'လာ့လ်ကာဂျီ၊ မင်းမေးတဲ့ ဘိက္ခုဆိုတဲ့လူမျိုးက နံရံဆေးရေး ပန်းချီကားတွေ ထဲမှာပဲ ရှိတော့တယ်။ ယခုအခါ ကမ္ဘာပေါ်မှာ တစ်ယောက်တလေမျှ အသက်ထင်ရှား မကျန်ရှိကြတော့ဘူး'

သာကီဝင်သူငယ်သည် မိမိထက် တတ်သိနားလည်သော ဆရာတစ်ယောက်က ပြောသောစကားဖြစ်၍ ခေါင်းညိတ်ပြီး နေလိုက်၏။ ခေါင်းထဲမှာ ကျပ်တည်းနေသော

www.burmeseclassic.com

www.burmeseclassic.com



ပဟေဠိအတွက် အဖြေရလျှင်ပင် ဝမ်းမြောက်ရမည့်အစား သူမှာ ပို၍ ရှုပ်ထွေးသွားဟန် ရှိသည်။ တစ်စုံတစ်ရာ စဉ်းစားရင်း ပါးစပ်က ရေရွတ်လိုက်သည်။
'ကာမသီလ၊ သာမဏေ၊ ကုသိနာရုံ'

လာ့လ်ကာဂျီးသည် လွတ်လပ်၍ မြင့်မြတ်သည်ဟု သူထင်စားထားသော ရသေ့ရဟန်းဘဝကို စိတ်ကူးယဉ်အိပ်မက် မက်ခဲ့သည်မှာ ကြာလေပြီ။ ဆရာက ဖြေကာမှ ပိုရှုပ်လာသဖြင့် သူ မည်သို့မျှ မလုပ်တတ်၊ မစဉ်းစားတတ်။ ၁၉၃၅-ခုနှစ်တွင် ငွေကြေးတတ်နိုင်သူတို့၏ ထုံးစံအရ အပြင်ထွက်၍ ဒေသန္တရလေ့လာခွင့်ရ၏။ ဗုဒ္ဓ၏သမိုင်းဝင် ဌာနတော်တော်များများသို့ ရောက်ရ၏။ ကုသိနာရုံရှိ ပရိနိဗ္ဗာန်ပြုတော်မူဟန် ရုပ်ပွားတော်မြတ်ကြီးကိုလည်း တွေ့ရသည်။ ထိုအခါကျမှပင် သူ့ပဟေဠိထဲက 'ကုသိနာရုံ'ကို ပြေး၍ သတိရမိသည်။ ကုသိနာရုံနယ်မြေအတွင်း လှည့်ပတ်ကြည့်ရှုရာ တိုက်တိုက်ဆိုင်ဆိုင်ပင် ဦးစန္ဒြမဏိ ဆရာတော်ကြီးကို သွား၍ တွေ့ရာ သူ့ပဟေဠိစကားထာ၏ အဖြေကို ရှင်းရှင်းကြီး နားလည်သွားပေတော့သည်။

သာကီဝင်သူငယ်မှာ ဆရာတော်ကြီးထံ မဝံ့မရဲချဉ်းကပ်လျက် သိလိုရာများကို မေးလျှောက်မှတ်သားပြီး ဝမ်းသာအားရ နီပေါသို့ ပြန်ခဲ့သည်။ အချိန်ယူ စဉ်းစားစီစဉ်ပြီး နောက်တစ်နှစ် ဩဂုတ်လတွင် ကုသိနာရုံသို့ ရောက်လာ၏။ သူ့အသက်ကား ၁၈-နှစ်ရှိလေပြီ။ အချိန်ယူ ဆုံးဖြတ်ထားပြီးဖြစ်သည့်အတိုင်း လာ့လ်ကာဂျီး သာကီဝင်သူငယ်သည် ရှင်သာမဏေဝတ်လိုက်၏။ ကုသိနာရုံ ဆရာတော်က 'အမရိတာနန္ဒ'ဘွဲ့ ပေးတော်မူ၏။ ကိုရင်ဝတ်ပြီးလျှင် အိန္ဒိယအနောက်ဘင်္ဂါ ကလင်ပုံမြို့ရှိ နီပေါရဟန်းတော် မဟာပညာ (မဟာပရာဂယ) မထေရ်ထံသို့ ပို့လိုက်သည်။

မဟာပညာမထေရ်ကား နီပေါလူမျိုးတို့တွင် ပထမဆုံး ထေရဝါဒ ရဟန်းပြုလာသူ ဖြစ်သည်။ သူသည် ၁၉၂၄-ခုနှစ်တွင် ဟိန္ဒူဘာသာမှဦးစွာ မဟာယာန တိဗက်ဘုန်းကြီး လုပ်သည်။ ဝန်ကြီးချုပ် 'ချန္ဒရရှုမ်ရှာ ဂျန်းဘဟာဒူးရန' လက်ထက်ဖြစ်၍ ဘာသာကူးပြောင်းမှုပုဒ်မဖြင့် လေးဦး ပြည်နှင်ဒဏ်ပေးရာ မဟာပညာလည်း တစ်ဦးအပါအဝင်ဖြစ်၍ နီပေါနိုင်ငံမှ တိဗက်မြို့တော် 'လာဆာ' သို့ ထွက်သွားရသည်။ ထိုကမှတစ်ဆင့် ကုသိနာရုံဆရာတော်ထံသို့ ရောက်လာပြီး ၁၉၂၈-ခုနှစ်တွင် ထေရဝါဒ ဗုဒ္ဓဘာသာ ရဟန်းအဖြစ် ခံယူသည်။

ကိုရင် အမရိတာနန္ဒသည် အိန္ဒိယပြည် ကလင်ပုံ၌ အတန်ကြာ နေထိုင်လေ့လာပြီးနောက် နီပေါနိုင်ငံ အရှေ့ပိုင်းရှိ ဘောဂျပူမြို့သို့ ကိုယ်သိသလောက်

www.burmeseclassic.com



ထေရဝါဒ တရားဟောရန် ထွက်လာခဲ့သည်။ ဘောဂျပူမြို့၌ သာကီဝင် ဆွေမျိုးသားချင်းများ ရှိလေရာ ကားလမ်းမပေါက်သဖြင့် ၁၄-ရက်တိုင်တိုင် ကုန်းကြောင်းလျှောက်ရသည်။ မကြာမီပင် မဟာပညာ မထေရ်လည်း သူ့ထံ ရောက်လာ၏။ မကြာပါလေ။ ဘောဂျပူမြို့ပိုင်သည် ပြည်နှင်ဒဏ်ပေးထားသူ ပြန်ဝင်လာကြောင်း သိသည်နှင့် မဟာပညာအား ချက်ချင်းဖမ်းပြီးချုပ် ထားလိုက်သည်။ ကိုရင်ကိုလည်း. . .

'ဘောဂျပူက ထွက်မလား၊ မထွက်ဘူးလား' မေးရာ-

ကိုရင်က 'မွေးကတည်းက ဗုဒ္ဓဘာသာတစ်ယောက်ပဲ၊ ကျွန်ုပ် ဆရာနှင့်ခွဲပြီး မသွားလိုဘူး'ဟု ဖြေလိုက်သဖြင့် ကိုရင့်ကိုပါ ဖမ်းချုပ်ပြီး ထောင်ထဲ ထည့်ထားလိုက်တော့သည်။ ဆရာတပည့် သက်နှန်းများကို ချွတ်လဲခံရကာ ထောင်ထဲ၌ လပေါင်းအတန်ကြာ ဆင်းရဲစွာ နေကြရသည်။ ထောင်မှလွတ်လာသောအခါ 'နောင် ဤနိုင်ငံသို့ ပြန်မလာရ' အမိန့်ထုတ်၍ အိန္ဒိယနယ်စပ်အရောက် ပုလိပ် နှစ်ယောက်က လိုက်ပို့သည်။

မဟာပညာမထေရ်လည်း အကြောင်းအမျိုးမျိုးကြောင့် နောင်အခါ လူထွက်သွားခဲ့၏။ ကိုရင် အမရိတာနန္ဒကား ၁၉၃၇-ခုနှစ်မှာပင် ကုသိနာရုံ ဆရာတော်၏ စီစဉ်ချက်အရ မြန်မာနိုင်ငံ မော်လမြိုင်မြို့ တောင်ပေါက်ဆရာတော်ထံ ပညာသင်ရန် ထွက်သွားခဲ့၏။ ထိုအချိန်က တောင်ပေါက်ဆရာတော်ထံ၌ နီပေါရဟန်းတော် ဦးသကျာနန္ဒနှင့် ဦးဓမ္မာလောက၊ ဆရာတော်ကြီး၏သားဖြစ်သူ ဦးအနိရုဒ္ဓ (ယခုလုမ္ဗိနီမှာ သီတင်းသုံးသူ)တို့ ရှိနေနှင့်ကြ၏။ မော်လမြိုင်၌ လပိုင်းမျှသာ နေပြီးနောက် သီဟိုဠ်သို့ကူးကာ ၁၉၄၀-ပြည့်နှစ်တွင် ရဟန်းပြုသည်။

ဆရာတော် အရှင်အမရိတာနန္ဒသည် ယခုအခါ နီပါနိုင်ငံ၌ဦးဆောင်ထေရဝါဒ သံဃာ့မထေရ်ကြီး ငါးပါးတွင် တစ်ပါးအပါအဝင်ဖြစ်၍ အာနန္ဒကုဋိဝိဟာရ၌ သီတင်းသုံးလျက်ရှိ၏။ (ဤအကြောင်းအရာကိုလည်း ဆရာတော်ရေးသော 'မျက်မှောက်ခေတ် နီပေါနိုင်ငံ ထေရဝါဒသာသနာအကျဉ်းချုပ်' အင်္ဂလိပ်စာအုပ်ငယ်မှ ထုတ်နုတ်၍ ဘာသာပြန် ဖော်ပြထားခြင်း ဖြစ်ပါသည်။)

ပြည်နှင်ဒဏ် အပေးခံရသော နီပေါရဟန်းတော်များသည် မိမိတို့နှင့် သင့်တော်ရာ အရပ်၌ ပညာသင်ခြင်း စသည်ဖြင့် ခိုလှုံနေထိုင်ရာမှ အခြေအနေ စူးစမ်းရင်း နီပေါပြည်တွင်းသို့ တိတ်တဆိတ် ဝင်ရောက် လာကြည့်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com


ရနိုင်သလောက် စည်းရုံးရေးလုပ်ကြ၏။ ဦးဓမ္မလောက၏ ကြိုးပမ်းမှုအရ အမျိုးသား ၅-ယောက် တစ်သုတ်၊ ကုသိနာရုံသို့ရောက်၍ ဆရာတော်က ရှင်ရဟန်းပြုပေးပြီး ကျွေးမွေးစောင့်ရှောက်ထားသည်။ သကျာနန္ဒ၊ အမတာနန္ဒ၊ သုဘောဂ၊ စူဠပန္တက၊ မဟာပန္တက စသည်ဖြင့် အသုတ်လိုက် ရဟန်းပြုသူများလည်း မရှားပေ။ ဥပဒေနှင့် ပညတ်ထားသည့်ကြားကပင် ရဟန်း သမဏေ သီလရှင်များ တစ်နေ့တခြား တိုးပွား၍သာ လာခဲ့သည်။

အမျိုးသမီးများလည်း တစ်ဖွဲ့ပြီးတစ်ဖွဲ့ ရောက်လာကြပြန်ရာ ဓမ္မပါလီ၊ သံဃပါလီ၊ ရတနပါလီ၊ ဓမ္မနန္ဒီ၊ သီလစာရီ၊ သံဃမိတ္တာ၊ ဂါရုဏာ၊ မုဒိတာ၊ ဥပေက္ခာ၊ ပြဟ္မနန္ဒီ၊ မဟာနန္ဒီ၊ ပါရမီ စသည်ဖြင့် သီလရှင်ဝတ်၍ အမျိုးသားများနှင့် အားကျမခံ သာသနာပြုကြလေသည်။

## အားလုံး ပြည်နှင်ဒဏ် ပေးပြန်ခြင်း

၁၉၄၂-ခုနှစ်တွင် ဦးဓမ္မာလောကနှင့် ကိုရင်ကြီး ဦးသုမင်္ဂလတို့သည် ကဋ္ဌမဏ္ဍူ ဆင်ခြေဖုံး ကင်ဒိုကျောင်းဝယ်၌ လာရောက် သီတင်းသုံးနေကြ၏။ အိန္ဒိယ၊ သီဟိုဠ်၊ မြန်မာနိုင်ငံတို့၌ စာသင်သွားကြသော ရဟန်းသာမဏေအချို့လည်း သင့်ရာ သင့်ရာအရပ်၌ ဝင်ရောက် နေထိုင်လာကြ၏။ ထိုပုဂ္ဂိုလ်များတွင် ကုသိနာရုံ ဆရာတော်ထံ၌ 'ကာမသီလ' အမည်ဖြင့် သာမဏေဝတ်ပြီးနောက် မြန်မာနိုင်ငံသို့ သွားရောက်ပညာသင်လျက် ၁၉၃၂-ခုနှစ် မြန်မာနိုင်ငံ ဆရာတော် ဦးစန္ဒိမာထံ၌ ရဟန်းဖြစ်ခဲ့သူ ကာမသီလထေရ်ဟုလည်းကောင်း၊ ပညာနန္ဒ မထေရ်ဟုလည်းကောင်း ထင်ရှားသော ရဟန်းတော်တစ်ပါးလည်း ပါဝင်၏။ (ယခု သက်တော် ၉၀-ကျော်၊ နီပေါနိုင်ငံ၌ အကြီးဆုံး ဖြစ်သည်။)

ယင်းသို့ ဟိုမှသည်မှ လာရောက် နေထိုင်ကြသော်လည်း 'တရား-မဟောရ၊ တရားစာပေ မဖြန့်ရ၊ လူစုလူဝေး မလုပ်ရ' ဥပဒေများအောက်တွင် နေထိုင်ကြရသည်။ ကျူးလွန်သူများ သေဒဏ်အထိ အပြစ်ပေးခြင်းခံရ၍ ထောင်ထဲ၌ ချထားခံရသူများလည်း အများပင် ရှိနေ၏။ ဦးအမရိတာနန္ဒလည်း သီဟိုဠ်မှ ပြန်ရောက်လာပြီး သယမ္ဘူတောင်ကုန်းပေါ်၌ နေထိုင်လျက် ညလုံးပေါက် ပရိတ်များကို ရွတ်သည့်အခါ ရွတ်နေ၏၊ ဥပဒေ ထုတ်ထားသည့်ကြားကပင် ရနိုင်သမျှ ဟောပြော စည်းရုံးနေ၏၊ တစ်စတစ်စ ဟောပြောရင်း ပရိတ်သတ်များ များ၍လာ၏။ ဗုဒ္ဓဝင်၊ ဂိဟိဝိနယ (လူ့ကျင့်ဝတ်) ငါးပါးသီလ စသော စာအုပ်များကိုလည်း ဖြန့်ဝေ၏။ ပရိတ်တန်ခိုး

www.burmeseclassic.com

www.burmeseclassic.com



တော်ကြောင့် တစ်စုံတစ်ရာ အခက်အခဲမရှိ ဖြစ်သည်။ အမရိတာနန္ဒ သီဟိုဠ်အိန္ဒိယဘက် ပြန်သွားပြန်၏။

၁၉၄၄-ခုနှစ် ပညာနန္ဒမထေရ်သည် သူ၏ တပည့်မတစ်ဦးအား သီလရှင်ဝတ်ပေးမည်ရှိစဉ် ယုဒ္ဓရှုမ်ရှာဂျင်းဘဟာဒူးရန ဝန်ကြီးချုပ် အစိုးရက ကဋ္ဌမဏ္ဍုမြို့ပေါ်ရှိ ရဟန်းတော် ရှစ်ပါးတို့အား တရားမဟောရ တစ်ချက်လွှတ်အမိန့်ထုတ်ပြန်လိုက်ပြန်သည်။ ၅-ယောက်ထက်လည်း ပို၍ မစုဝေးရချေ၊ ထိုအခါ ရဟန်း သီလရှင်များ အားလုံးအား ရုံးတော်သို့ ဆင့်ခေါ်လိုက်၏။ တန်းစီပြီး တစ်ယောက်ချင်း စစ်ဆေးရာ ခေါင်းဆောင်လုပ်သူ၏ အမည်ကို မေးသောအခါ အားလုံးကပင် ကုသိနာရုံဆရာတော် ဖြစ်ကြောင်း တစ်သံထဲ ထွက်ဆိုကြသည်။

တရားသူကြီးက ရဟန်းတော် သာမဏေ သီလရှင်များအား 'တရားမဟောရ မစုဝေးရ ဥပဒေအတိုင်း နေထိုင်ပါမည်' ဟု ကတိဝန်ခံချက်လက်မှတ် ရေးထိုးရန် အသီးသီး အမိန့်ချရာ အားလုံးကပင် ငြင်းပယ်ကြ၏၊ 'လက်မှတ် မထိုးနိုင်လျှင် သင်တို့အားလုံး ဒီအဝတ်အစားတွေကို အားလုံး ချွတ်ပယ်ရမည်' ဟု ထပ်ဆင့်အမိန့်ချပြန်ရာ ရဟန်း သာမဏေ သီလရှင်များအားလုံး ပြိုင်တူပင် 'မချွတ်နိုင်ဘူး' ဟု ငြင်းဆိုလိုက်ကြပြန်၏။ ထိုအခါ တရားသူကြီးက 'သုံးရက်အတွင်း တိုင်းပြည်က အားလုံးထွက်သွားစေ' အမိန့်ချလိုက်သည်။ ဇူလိုင် ၃၀-ရက် ၁၉၄၄-ခုနှစ်။

ထိုအခါ ရဟန်းတော်များက ဘာသာရေးအရ ဝါဆို ဝါကပ်ချိန် ဖြစ်သည်က တစ်ကြောင်း၊ မိုးတွင်းဖြစ်၍ သွားလာ ခက်ခဲသည်ကတစ်ကြောင်းတို့ကြောင့် သီတင်းဝါလ ကျွတ်သည်ထိ နေထိုင်ခွင့်ပြုရန် တရားသူကြီးအား မေတ္တာရပ်ခံကြရာ သီလရှင်များကိုသာ 'မိန်းမသားများ'ဟူသော သက်ညှာမှုဖြင့် နေခွင့်ပြု၍ ရဟန်းသာမဏေများ အားလုံး လမ်းပန်းခရီး ခက်ခဲစွာဖြင့် သပိတ်ကိုယ်စီ လွယ်ကာ အိန္ဒိယပြည်ဘက် ကုသိနာရုံသို့ ထွက်ခွာခဲ့ကြရလေသည်။ ယင်းသို့ မိုးထဲလေထဲတွင် ဆင်းရဲပင်ပန်းစွာ မိမိ တိုင်းပြည်မှ ထွက်ခွာခဲ့ကြရသည်မှာ (တစ်စုံတစ်ခုသော ယုံကြည်ချက်သာ ရှိမထားပါလျှင်) အလွန် ရင်နာဖွယ် ကောင်းလှ၏။ ဤနေရာ၌ ဗုဒ္ဓ၏ အဆုံးအမတော်အရ မည်သူ့အားမျှ အပြစ်မတင်ဘဲ မိမိတို့ ကံကြမ္မာကိုသာ ဆင်ခြင် နှလုံးသွင်းကြရပေလိမ့်မည်။ သတ္တဝါတို့မည်သည် မလိုလားအပ်သော ကိစ္စ တစ်စုံတစ်ရာ ကြုံလာလျှင် မိမိကိုယ်ကို အကောင်းထား၍ တစ်ဖက်သား အပေါ်၌သာ အပြစ်ကို ပုံ၍ ချတတ်ကြသည်။ ဗုဒ္ဓဘာသာဝင် ဖြစ်ကြရသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စကြုံတိုင်း ဗုဒ္ဓအဆုံးအမနှင့် နေထိုင်သည့်အတွက် ရရှိသော ချမ်းသာမျိုးကား အဘယ် ဘာသာတရား၊ အဘယ်စာပေပညာတို့ကမျှ မပေးစွမ်းနိုင်ပါချေ တကား။

## နီပေါ၌ ထေရဝါဒ သာသနာကွယ်ခဲ့ပုံ

ဤနေရာ၌ 'အရင်းစစ် အမြစ်မြေက' ဟူသကဲ့သို့လည်းကောင်း၊ 'ဘယ်သူမပြု မိမိမှု' ဟူသကဲ့သို့ လည်းကောင်း သမိုင်းကြောင်းချီ၍ စဉ်းစားပါလျှင်လည်း အဖြေမှန် ရတတ်ပါသည်။ နီပေါနိုင်ငံသည် မြတ်စွာဘုရားသခင်၏ မြင့်မြတ်သော ဇာတိမြေမှန် ဘူမိနက်သန်ကြီး ဖြစ်ပါ၏။ အသောကမင်းတရားကြီး လက်ထက်တွင်လည်း အသောက အင်ပိုင်ယာ ဖြစ်သည်။ ၆-ရာစု၊ ၇-ရာစုတွင်လည်း နီပေါနိုင်ငံ လိစ္ဆဝီ လူမျိုးတို့သည် အလွန် ဘာသာရေး ကိုင်းရှိုင်းသူများဖြစ်ကြောင်း၊ နီပေါနိုင်ငံမှ ပညာရှင်ကြီးများလည်း ထိပ်တန်းအကျော်အမော် ပညာရှင်ကြီးများဖြစ်ကြောင်း တရုတ်ရဟန်းတော် ဟူယင်ဆင်၏ ဂုဏ်ပြု မှတ်တမ်းတင်ခြင်းခံရသော နိုင်ငံ တစ်နိုင်ငံ ဖြစ်ခဲ့၏။ ကန္တိပုရခေါ် ကဋ္ဌမဏ္ဍူ၊ လလိတပုရခေါ် ပါတန်မြို့များအနီးရှိ ယခု ဘဒဂွန်း ခေါ်သော မြို့၏ အခြားအမည်တစ်ခုမှာ ဘတ္တပုရ=ဘ-က်တပုရ ဖြစ်ရာ ထိုအမည်ကပင် ဘာသာတရား ကိုင်းရှိုင်းသူတို့၏ နေထိုင်ရာမြို့ဟု အဓိပ္ပာယ် ဆောင်လေသည်။

ဗုဒ္ဓဖွားမြင်ရာဒေသ ဤမျှ အစဉ်အဆက် ဘာသာ သာသနာ ထွန်းကား ခဲ့ရာ ဌာန၌ အဘယ့်ကြောင့် သာသနာ အမြစ်ပြတ်ခဲ့ရလေသနည်း။ အဖြေကား ရှင်းပါသည်။ သံကိုသံဖျက် သံချေးတက်သောကြောင့်တည်း။ မည်သည့်ဒေသ၌မဆို သာသနာတော် ဆုတ်ယုတ်ခြင်း၊ တိမ်ကောပပျောက်ရခြင်း၏ အဓိက အကြောင်းရင်းမှာ သာသနာ့ဝန်ထမ်းများ၌ အတွင်း သာသနာ့အင်အား ချို့တဲ့ခြင်းကြောင့်ပင် ဖြစ်သည်။

ရံခါ စစ်ရေး၊ နိုင်ငံရေး၊ ပြည်တွင်းရေး၊ မိစ္ဆာဒိဋ္ဌိဘေးကြောင့်ဟု ဆိုရန် ရှိသော်လည်း၊ ရံခါ မည်သည့် မိစ္ဆာဒိဋ္ဌိလူမျိုးများက စစ်တပ်ကြီးနှင့် ဖျက်ဆီး သတ်ဖြတ်သောကြောင့်ဟုပင် အကြောင်းပြရန် ရှိသော်လည်း ထိုဟာသည် ပဓာန အကြောင်းရင်း မဟုတ်ပါ။ ထိုအတွက် ကြောက်စရာလည်း မလိုပါ။

စစ်သားစစ်သည်တော်တို့မည်သည် ရန်သူ အရိပ်အကဲကို အမြဲစောင့် ကြည့်ကာ သတိမလစ် နေထိုင်လျက် မိမိ အားကိုးရာဖြစ်သော လက်နက်ကို အမြဲတစေ တိုက်ချွတ် ပွတ်သ, နေရသကဲ့သို့ ရဟန်းရှင်လူ မည်သူမဆို ဘုရား အဆုံးအမတော် ဖြစ်သော သီလ သမာဓိ လက်နက်တို့ကို အမြဲတစေ တိုက်ချွတ်

www.burmeseclassic.com

www.burmeseclassic.com



ပွတ်သကာ သဘောတရားရေးတွင်လည်း (သင်တန်းပေး၊ ဟန်ရေး အခမ်းအနား သဘောမျိုးလောက်သာ မဟုတ်စေမူ၍) ကြံ့ခိုင်အောင် ထူထောင် လေ့ကျင့်နေကြပါလျှင် မည်သည့်အန္တရာယ်မျှ မဝင်နိုင်ပါ။

သာသနာတော်၌ မည်သည့်အန္တရာယ်များ ကျရောက်လာနိုင်ကြောင်း သာသနာ ကွယ်ပပျက်စီးနိုင်သော အကြောင်းများကို မြတ်စွာဘုရား နေရာများစွာမှာ အတိအလင်း ဟောတော်မူခဲ့ပြီး ဖြစ်ပါသည်။ (ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများတွင် ဟောကြားချက်များ အားလုံးကို စုပေါင်းပြဆိုထားပါသည်။) မြတ်စွာဘုရား ဟောကြားတော်မူချက်များကို အလေးအနက် မစဉ်းစားဘဲ မိမိတို့မျက်မြင်နှင့် အပေါ်ယံ သမိုင်း ထောက်အထားများကို(မြင်သလောက် ကလေး) ကိုးကား ယူဆကာ အပြင်ကလာမည့် အန္တရာယ်များကိုချည်း ယိုးမယ်ဖွဲ့နေကြသည်မှာ ဘုရားရှင် အမြင်တော်နှင့် ဖီလာ ဖြစ်နေတတ်ပါသည်။

နီပေါနိုင်ငံ သာသနာနှင့်စပ်၍ စပ်၍ အိန္ဒိယသမိုင်းဆရာတို့က '၇-ရာစုမှစ၍ ဝိသေသ ရည်ညွှန်းချက်များပါသော ဗုဒ္ဓရုပ်ပွား ပုံစံအမျိုးမျိုးကို သွန်းလုပ်ကာ မဟာယာန တန္တရဗုဒ္ဓဘာသာ ဖြစ်လာကြောင်း၊ ဗုဒ္ဓတရားတော်များကိုလည်း ဟိန္ဒူအခြေခံများ ပါဝင်လျက်ရှိသော ဒေသဆိုင်ရာ ရိုးရာကိုးကွယ်မှု၊ ယုံကြည်မှုများနှင့် ရောနှော ကျင့်သုံးကာ (ရှေးက) နီပေါ ဘုန်းတော်ကြီးများသည် အာရုံခံစားမှု (ကာမသုခလ္လိကလမ်းစဉ်)ထဲသို့ ထိုးကျသွားပြီးလျှင် အိမ်ထောင်သားမွေးဘဝသို့ ပြန်ဆင်းသွားကြကြောင်း' ဖော်ပြကြသည်။

(Doctrine has mingled with many local cults, Hindu origin. A.H.G, 269.)

ရှေးဟောင်း အိန္ဒိယ ရာဇဝင်ဆရာကလည်း ဗုဒ္ဓဘာသာ ကျဆုံးရရာ၌ ပြင်ပမှ အန္တရာယ်များကို ဖော်ပြပြီးနောက် အတွင်း အန္တရာယ်များကိုလည်း အောက်ပါအတိုင်း သုံးသပ်ဖော်ပြထား၏။

၁။ ဗုဒ္ဓဘာသာ၌ အတွင်းကျိတ် သဘောထားကွဲမှုများ ဖြစ်ကာ ဂိုဏ်းကွဲကြခြင်း၊

၂။ အမူအကျင့် အဆင့်အတန်း နိမ့်ကျ၍ ကိုယ့်ကျင့်သီလ ပျက်ပြားလာခြင်း၊

၃။ သာသနာ့ဘောင်၌ လွတ်လပ်ခွင့်ကို အလွဲသုံးစားလုပ်ကာ အပျော်ကြူးခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



၄။ ဗုဒ္ဓကိုပင် (ဗြာဟ္မဏဘာသာနှင့် ချွတ်စွတ်နီးပါး) ထာဝရဘုရား သခင်အဖြစ် သတ်မှတ်ကာ ရုပ်ပွားတော်များအား ဝတ်ပြုခြင်း အလုပ်ကိုသာ ဘာသာရေး အလုပ်ကြီးတစ်ခုအဖြစ် အလေးအနက် လုပ်လာကြခြင်း၊

'ရှေးဟောင်း အိန္ဒိယ' ကို ရေးသူ အာစီမဂျမ်းဒါးက ဤသို့ ဖော်ပြပြီးနောက် ဗြာဟ္မဏဝါဒက (ဝါ) အသစ်ပြုပြင်ထားသော ဗြာဟ္မဏဝါဒက မျိုဝါးသွားပုံ၊ ပူးကပ်ပြီးသတ်ပုံကို ဤသို့ ပြဆိုထားပါသည်။ (ဗြာဟ္မဏဝါဒသည် ဗုဒ္ဓဝါဒထက် ရှေးကျသဖြင့် တချို့အကြောင်းအရာများကို ဗြာဟ္မဏဝါဒမှ ယူငင်ထားသယောင် ရေးသား ထင်မြင်နေသူများ သတိပြုရန် ကောင်းပါသည်။)

၅။ အသစ်ပြုပြင်ထားသော ဗြာဟ္မဏဝါဒက ဗုဒ္ဓဘာသာကို သမအောင် ရောမွှေပေါင်းစပ်လျက် ဗုဒ္ဓဝါဒထဲမှ ဟောပြောချက် ဓမ္မအဆီ အနှစ်များကို စုပ်ယူလိုက်၏။ ကုန်ကုန်ပြောရလျှင် ဂေါတမဗုဒ္ဓ ကိုပင် ဗိဿနိုး၏ ကိုယ်စားလှယ် ကိုယ်ပွား ၁၀-ဦးတွင် တစ်ဦးအပါ အဝင်အဖြစ် သတ်မှတ်၍ ဟိန္ဒူဘုရားစု စာရင်း၌ ထည့်သွင်းကာ ဗုဒ္ဓဘာသာရုပ်ပွားများကိုလည်း ဟိန္ဒူ နတ်ဘုရားများအဖြစ် ပြောင်းလဲ ပစ်ခဲ့ကြသည်။ (ဗုဒ္ဓဘာသာကို သိမ်းသွင်း ဝါးမျိုခြင်းဖြင့် ဖျောက်ဖျက် ပစ်လိုက်ခြင်းပင်ဖြစ်၏။)

As a matter of fact Budhism was assimliated by the Neo-Brhmanical religion made a very close approach to Brhmanical theism. On the other hand the Hindu imbibed the essential teachings of Buddhism. To crown all, the Buddha was included iu the Hindu Pantheon and is still regarded as one of the ten incarnations of Vishnu. Buddhist images have been converted in to Hindu Gods.

(Ancient India, 429)

ဤကား ချီကာဂို၊ ဒါကာ၊ ဗာရာဏသီ ဟိန္ဒူ ယူနီဗာစီတီမှ ပါမောက္ခကြီး အာ၊ စီ၊ မဂျမ်းဒါး၏ အကြိမ်ကြိမ် ပြန်လည်ရိုက်နှိပ်နေရသော 'ရှေးဟောင်း အိန္ဒိယ' စာအုပ်မှ ကောက်နုတ်ချက် ဖြစ်ပါသည်။ အိန္ဒိယပညာရှင်ကြီးများ ကိုယ်တိုင် ရေးသား မိန့်ဆိုချက်များ ဖြစ်ပါသည်။

ယခုအခါ နီပေါနိုင်ငံ၌ သာသနာ ပြန်လည်ထွန်းကားစပြုလာပြီဖြစ်ရာ သမိုင်းဟောင်း အတွေ့အကြုံများကိုလည်း သုံးသပ်ကာ ဆက်လက်ချီတက်ကြရ

www.burmeseclassic.com

www.burmeseclassic.com



ပေတော့မည်။ အထူးသတိပြုရမည်မှာ 'သာသနာတော်ကို မှေးမှိန်အောင်၊ ကွယ်ပအောင် ပြုလုပ်မည့် အန္တရာယ်သည် သာသနာဝင်ထဲမှာပင် ရှိသည်' ဟူသော ဘုရားရှင်၏ ဟောကြားတော်မူချက်ကိုမူ အလေးအနက် သတိမူကြရပေမည်။

ရဟန်းတော်များ၌ အတွင်းသာသနာ အင်အားနည်းရာမှ အကျင့်ပျက်ခြင်း၊ ဂိုဏ်းကွဲခြင်း၊ လူအကြည်ညိုများစေရန် ဒေသခံ ရိုးရာကိုးကွယ်မှုဓလေ့များ ရောနှောကာ လူများစု အကြိုက်ပေး၍ တရားတော် 'လျှော့ဈေးချ' ဆွဲဆောင်ခြင်း၊ မိမိတို့ဘက် အကြည်ညိုများလာအောင် နတ်ကိုးကွယ်မှု ဘိုးတော်ကျင့်စဉ် ဝိဇ္ဇာကျင့်စဉ်-စသည်ဖြင့် ဒေသအလိုက် လူကြိုက်များသော ရိုးရာ ကိုးကွယ်ယုံကြည်မှုများနှင့် ရောထွေးကာ ဆွဲဆောင်ကြ၏။ တရားတော်ကိုသာ အကြိုက်ပေး လျှော့ဈေးချသည်မဟုတ်၊ 'အဆောင်' ကောင်းများလည်း ပေးကြသေး၏။ အဆောင်ပေးရာ၌ အခြားအခြားသော အဆောင် ကောင်းများမှာ လူတိုင်း နှစ်သက်တတ်သည်မဟုတ်၍ သဒ္ဓါတရားသက်သက်မျှသာ ရှိသော၊ သို့မဟုတ် အရမ်းယုံလေ့ အကန်းယုံလေ့ရှိသော သူများကို ဆွဲဆောင်ရန် ပို၍ တန်ခိုးကြီးလေဟန် အစီအရင်နှင့် အာနိသင်များကို ထုတ်ဖော်လျက် ဗုဒ္ဓရုပ်ပွား ရုပ်တုတော်များကို စိတ်ကူးပေါက်သလို အမျိုးမျိုးထုလုပ် သွန်းလုပ်ကြပြန် လေသည်။

From the seventh century onwards Nepalese Buddhism was a Tantric variety of Mahayana marked by the production of many images of metal with distinct characteristics of their own. (Advanced History of India, 270.)

## သံကိုသံဖျက် သံချေးတက်

၇-ရာစု နောက်ပိုင်းမှစ၍ နီပေါနိုင်ငံ သာသနာသည် ပို၍ပုံပျက်လာသော မဟာယာနဖြစ်ကာ သီလအကျင့်မှစ၍ တရိပ်ရိပ် ကျဆင်းလာရာ၌ ဘာသာခြား သမိုင်းဆရာတို့ကပင် လူများစု လူပိန်းတို့အား အကြိုက်ပေး၍ လျှော့ဈေးချ သိမ်းသွင်းပုံ ကလေးများကို မြင်နေကြပါသည်။

သာသနာလှေကြီးကို တက်စီးကြရာ၌ ဂန္ထဓုရ ဝိပဿနာဓုရဟူသော တက် နှစ်ချောင်းတွင် တစ်ချောင်းချောင်းကိုမျှ ကိုင်၍ လှော်ခတ်ဖော်မရဘဲ အမြိန့်သား ထိုင်လိုက်ကာ လှေကြုံစီးသူများ များလာခဲ့သည်ရှိသော် ထိုလှေကြီး စုပ်စုပ်မြုပ်သွားရန်မှာ မကြာတော့ပေ။ နိုင်ငံရေး စစ်ရေးစသော ဆန့်ကျင်ဘက် လေမုန်တိုင်းကြီးများ ဆင်လာလျှင်ကား ချက်ချင်းပင် မြုပ်သွားနိုင်လေသည်။ နောက်ဆုံး သာသနာလှေကြီး ပေါ်၌ လှော်သူအများရှိနေခိုက် အိပ်ကာ စားကာ လိုက်ပါရုံ လိုက်ပါလာခြင်းသည် တော်သေးသည်ဟု ဆိုရဦးမည်။

www.burmeseclassic.com

www.burmeseclassic.com



သာသနာတော်၌ မာရ၏ရန်သည် သိမ်မွေ့၏။ မြင်နိုင်ခဲ၏။ ညီညွတ်နေသည်ကို ကွဲပြားစေရန် 'အက်ကြောင်း'ရာ ထင်နေလျှင် 'သပ်'လျှိုရန် အမြဲ ဝံ့လင့်နေ၏။ ထို့ကြောင့် သာသနာ့ဝန်ဆောင်ပုဂ္ဂိုလ်တို့သည် မိမိတို့ အတွင်းသန္တာန်၌ မာရကိုလက်ယပ်ခေါ်သော လောဘ ဒေါသ မာနနှင့်ပျှင်းရိုးမှုစသော အက်ကြောင်းများ မပေါ်အောင် သတိပြုကြရပေလိမ့်မည်။

တိုက်တာတစ်ခု၌ သံဃာများ နှစ်ပက္ခဖြစ်ပြီး တစ်ဦးမျက်နှာ တစ်ဦးက မကြည့်နိုင်သော အခြေအနေမျိုး ရောက်လာလျှင် (ရောက်လာအောင် ဖန်တီးပြီးလျှင်) တစ်ဖက်၌ ယုတ်ညံ့သော ဖျက်ဆီးရေးအတတ်များကို ချပေး၍ တစ်ဖက်၌မူ 'ဥံဖွ'ဆိုရုံနှင့် ချက်ချင်းရောဂါပျောက် လုပ်သူကို အတပ်သိနိုင်သော ပညာမျိုးကို ချပေးကြသည်။ ထိုအခါ ဥသျှစ်သီးနှစ်လုံးလုံး ကွဲတော့သည်။

လာမည့် အနှစ်ငါးရာတွင် ဤ မြန်မာနိုင်ငံ၌ သာသနာ ကွယ်ပြီဟုဆိုလျှင် သာသနာ့အန္တရာယ်သည် အဘယ်သူ ဖြစ်နိုင်ပါသနည်း။ အပြင်ကလော၊ အတွင်းကလော။ အဝေးကလော၊ အနီးကလော။ ယနေ့ရှိသော ဘာသာခြားတွေထဲကလော။

အပြင်က ပုဂ္ဂိုလ်များသည် အတွင်းလူလောက် လျင်မြန်ထိရောက်အောင် ဖျက်ဆီးနိုင်ကြပါသလော။ မာရ၏ မမြင်ရသော ဌာနချုပ်ကအတွင်း လူများ (အသားထဲကလောက်များ)ကို ဦးစားပေး ရွေးချယ်ကာ သင်တန်းပေး စေလွှတ်နေကြလေပြီ။

ဤ၌ နီပေါနိုင်ငံ သာသနာတော် ယိုယွင်း ပျောက်ကွယ်ခဲ့ရသည်မှာ အိန္ဒိယနိုင်ငံကြီးနည်းတူ ပဓာနအားဖြင့် ရှေးက သာသနာတွင်းနေ ပုဂ္ဂိုလ်များကြောင့်သာ ဖြစ်ကြောင်း ထင်ရှားလှပေသည်။ အနာဂတဘယသုတ်၊ သဒ္ဓမ္မပဋိရူပကသုတ်၊ ကလိင်္ဂရသုတ်၊ သဒ္ဓမ္မသမ္မောသသုတ် (ကိုယ့်စားကျက် အတွင်းမှာသာ ကိုယ်နေရန် ဟောကြားသော) လဗျူကိုကောပမသုတ်၊ သတိပဋ္ဌာနသံယုတ် စသော ပါဠိတော်တို့၌ မြတ်စွာဘုရားရှင် အတိအလင်း ဟောတော်မူထားပြီး ဖြစ်ပါသည်။

ထို့ကြောင့် ညီညွတ်အောင် နေရမည်။ ဂိုဏ်းစိတ် မမွေးရ၊ ဘုန်းမကြီးချင်ရ။ သီလမြဲ ခန္တီလက်ကိုင်စွဲ၍ ကြပ်ကြပ်မေတ္တာ ပွားရသည်မှာ ထိုမမြင်ရသော ဘေးရန်များကြောင့် ဖြစ်သည်။

နီပေါနိုင်ငံ၌ ဦးဓမ္မာလောကစသော အရှင်မြတ်များ ထေရဝါဒသာသနာ ပြန်လည်ထူထောင်ကြရသည်မှာ အသက်နှင့် စတေးယူကြရသည်ဟုပင် ဆိုနိုင်

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ အစိုးရက ပြည်နှင်ဒဏ်ပေးသဖြင့် မိုးထဲလေထဲ ဆင်းရဲပင်ပန်းစွာ ဝါတွင်းကာလကြီးမှာပင် ကုသိနာရုံဆရာတော်ထံ ရောက်လာကြသည်။ ဆရာတော်ကလည်း မိမိပိုင်ဆိုင်ရာ မိဂဒါဝုန်ပို့သူပို့ ကုသိနာရုံမှာ ထားသူထား လက်ခံ စောင့်ရှောက်တော်မူခဲ့၏။

## အဖွဲ့ဖွဲ့လျက် ဆက်လက်လှုပ်ရှားခြင်း

ဆရာတော်ဦးစန္ဒမဏိနှင့် နီပေါသံဃာတော်များသည် ပြည်နှင်ဒဏ်ပေးခြင်း ခံကြရသည်ကို သည်အတိုင်းနေ၍ မဖြစ်၊ တစ်စုံတစ်ခု လုပ်မှဖြစ်မည်ဟု အားလုံး ညှိနှိုင်းတိုင်ပင်ကြသည်။ သံဃအဖွဲ့အစည်း တစ်ခု ဖွဲ့စည်းကာ လုပ်သင့်သည်များကို ဆက်လုပ်ကြရန် သန္နိဋ္ဌာန်ချကာ ၃၀-၁-၁၉၄၄ နေ့၌ 'ဓမ္မောဒယသဘာ' အမည်ဖြင့် အဖွဲ့ဖွဲ့လိုက်သည်။

ထိုအဖွဲ့၌ ဥက္ကဋ္ဌဆရာတော်အဖြစ် ကုသိနာရုံဆရာတော်ကြီးက ဦးစီး၍ အကျိုးတော်ဆောင်အဖြစ် အရှင် အမရိတာနန္ဒက ဆောင်ရွက်သည်။ ထိုအဖွဲ့က အကြောင်းကြားစာ၊ မေတ္တာရပ်ခံစာများကို အလျှင်အမြန် ရေးသား၍ "နီပေါနိုင်ငံ အစိုးရတို့သည် ထေရဝါဒ ရဟန်းသာမဏေ သီလရှင်များအား ဗုဒ္ဓဘာသာတို့၏ ထုံးစံအရ ဝါဆိုဝါကပ်ချိန်ဖြစ်သော မိုးရာသီတွင်း၌ တိုင်းပြည်မှ နှင်ထုတ်သည်ကို ဝိုင်းဝန်း၍ မေတ္တာရပ်ခံဆန္ဒပြုခြင်း၊ ကန့်ကွက်ခြင်း၊ တားဆီးခြင်းများ ပြုလုပ်ပေးကြပါရန်" နှိုးဆော်စာများ နေရာအနှံ့ ပို့ကြသည်။

အိန္ဒိယအစိုးရ၊ မြန်မာပြည်မှ ပြေးလာသော ဆင်းမလားအစိုးရ၊ ဟိန္ဒူအသင်းအဖွဲ့များ၊ နိုင်ငံအသီးသီးရှိ ဗုဒ္ဓဘာသာအသင်းအဖွဲ့များ၊ အရှိန်အဝါရှိသော ပုဂ္ဂိုလ်ကြီးများထံ စသည်ဖြင့် မေတ္တာရပ်ခံစာများ ဖြန့်ဝေလိုက်ကြသည်။ သတင်းစာတိုက်များသို့လည်း သတင်းပေးပို့ကြရာ သတင်းစာများက နီပေါပြည်အစိုးရအား အပြင်းအထန် ရှုတ်ချရေးသားခဲ့ကြ၏။

နီပေါနိုင်ငံ ထေရဝါဒသာသနာ လှုပ်ရှားမှုတွင် ဓမ္မောဒယသဘာ အသင်းကြီး၏ အကျိုးတော်ဆောင် အရှင်အမရိတာနန္ဒ၏ စည်းရုံးမှု နှိုးဆော်မှုများသည် များစွာ ထိရောက်လျက်ရှိ၏။ မျက်မှောက်ခေတ် ထေရဝါဒထူထောင်ရေး သမိုင်းဦးကာလတွင် 'ရှုမ်ရှာဂျန်းဘဟာဒူးရန' အမည်ရှိသော စန္ဒြ(ရန-၁) ယုဒ္ဓ(ရန-၂) ပဒမ(ရန-၃) မိုဟန်(ရန-၄) ရနဝန်ကြီးချုပ်လေးဆက်နှင့် ၁၉၅၁-ခုနှစ်လောက်က

www.burmeseclassic.com

www.burmeseclassic.com



စ၍ 'ဝိရရိကြမ် ရှာလ်ဒေဝ'အမည်ရှိသော တြိဘုဝန် (ဒေဝ-၁)၊ မဟိန္ဒြာ (ဒေဝ-၂)၊ ဗိရိန္ဒြာ (ဒေဝ-၃) ဒေဝဘုရင်သုံးဆက်အားဖြင့် ဝန်ကြီးချုပ်နှင့် ဘုရင်ခုနစ်ဆက် ပြောင်းလဲခဲ့သည်။

၁၉၄၆-ခုနှစ်၊ ဧပြီလ၊ ရန ၃-ပဒမ(ပဒုမ) ဝန်ကြီးချုပ် အစိုးရလက်ထက် ဖြစ်၏။ သီဟိုဠ်မှ ကျမ်းပြုအကျော် ဘိက္ခုနာရဒ ဆရာတော်ဘုရားအမှူးရှိသော ဘုရားဖူးအဖွဲ့တစ်ဖွဲ့ နီပေါနိုင်ငံသို့ ဘုရားဖူးသွားရောက်ကြ၏။ သို့သော် တရားဟောခွင့်ကား မပြု။ အမရိတာနန္ဒ အရှင်သည် တက်သစ်စ ဝန်ကြီးချုပ်အား တွေ့ဆုံမေတ္တာရပ်ခံ၍ အာနန္ဒကုဋီဝိဟာရကျောင်းတိုက်အတွင်း၌ တရားဟောခွင့် ရလာ၏။ ဘုရားဖူးအဖွဲ့နှင့်အတူ သွားရောက်မေတ္တာရပ်ခံပြန်ရာ နီပေါနိုင်ငံအတွင်းသို့ ရဟန်းတစ်ပါး ပြန်လည်ကြွလာနေထိုင်ခွင့် ပြုလိုက်ရာ ဆရာတော် ဦးဓမ္မာလောက ပြန်ကြွလာသည်။

ထိုအချိန်မှစ၍ နီပေါရဟန်းတော်များလည်း တစ်စတစ်စ ပြန်လည် ကြွလာကြသည်။ ၄၇-ခုနှစ်တွင် သီဟိုဠ်မှ ဘိက္ခုနာရဒဆရာတော်နှင့်အဖွဲ့သည် ဗောဓိပင်ပျိုးနှင့် ဓာတ်တော်များ ပင့်ဆောင်လာပြန်၏။ ၄၈-နှစ် တတိယတစ်ခေါက်တွင်ကား ရက်ရှည် သီတင်းသုံး၍ အာနန္ဒကုဋီဝိဟာရအတွင်း အသစ်တည်သော စေတီနှင့် သိမ်သမုတ်ပွဲ အခမ်းအနားများကိုလည်း ကျင်းပကြ၏။ ဝန်ကြီးချုပ် မိုဟန်လည်း ဆရာတော် ဦးနာရဒ၏ မေတ္တာရပ်ခံချက်အရ ကဆုန်လပြည့် ဗုဒ္ဓနေ့ကို ဗုဒ္ဓဘာသာရာထမ်း မှုထမ်းတို့အား ဟောလီဒေး သတ်မှတ်ပေးလိုက်သည်။ သီဟိုဠ်ဆရာတော်များ၏ ပံ့ပိုးမှုသည်လည်း များစွာထိရောက်ခဲ့၏။

## ကုသိနာရုံဆရာတော်ကြီး ခြေကျင်ကြွ၍ ကျောင်းတိုက်များကို အုတ်မြစ်ချပေးခြင်း

၁၉၅၁-ခုနှစ်၊ တြိဘုဝန်ဘုရင်မင်းမြတ် လက်ထက်မှစ၍ နီပေါနိုင်ငံ သာသနာရေးအခြေအနေသည် သိသိသာသာ တိုးတက်လာခဲ့၏။ နန်းတော်တွင်းသို့ပင် ရဟန်းများပင့်ကာ မွေးနေ့ ပရိတ္တပွဲများ ပြုလုပ်လှူဒါန်း ကျွေးမွေးခြင်း၊ တစ်နိုင်ငံလုံး ဗုဒ္ဓနေ့၌ ရုံးပိတ်ရက် ပြုလုပ် သတ်မှတ်ပေးခြင်း၊ 'နေပါလ ဘိက္ခုသံဃအဖွဲ့' ဖွဲ့စည်းခွင့်ပြုခြင်း စသည်ဖြင့် သာသနာတော်အား မဟန့်တားရုံမျှမက ချီးမြှောက်၍ပင် လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကံရှိသူတို့အတွက် ကံအကြောင်း တိုက်ဆိုင်လာသည်ဟုပင် ဆိုရမည်။ ထိုနှစ်မှာပင် ကာလကတ္တားမြို့ မဟာဗောဓိ အသင်းတိုက်မှ ကဌမဏ္ဍုမြို့တော်သို့ အဂ္ဂသာဝကကြီးနှစ်ပါး (အရှင်သာရိပုတြာနှင့် အရှင်မဟာမောဂ္ဂလာန်)တို့၏ ဓာတ်တော်များ ပင့်ဆောင်ပူဇော်ရန် အခွင့်ကြုံခဲ့သည်။ ပင့်ဆောင်ရာတွင် ဘုရင် မင်းမြတ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၏။ အာနန္ဒကုဋိဝိဟာရ၌ နှစ်ပတ်တိုင်တိုင် ဓာတ်တော်ပူဇော်ပွဲသို့ တိုင်းသူပြည်သားများ လာရောက်ကြကာ သူ့ထက်ငါ တိုး၍ ပူဇော်ကြသည်မှာ ခြိမ့်ခြိမ့်သဲမျှ နေ့ညမစဲတော့ချေ။

စွန့်စွန့်စားစား ဗုဒ္ဓဘာသာအဖြစ် ခံယူကြသော လူသစ် အယူသစ် နီပေါ နိုင်ငံသူ နိုင်ငံသားများအား အဂ္ဂသာဝကကြီးနှစ်ပါးကပင် လာရောက်ချီးမြှောက်ကာ ကောင်းချီးပေးတော်မူကြသည်ဟုပင် ဆိုရပေမည်။ ထိုပွဲတော်ကြီး၌ ရဟန်းတော် များအား နန်းတော်သို့ပင့်ကာ ဆွမ်းကျွေးခြင်း၊ ဗုဒ္ဓနေ့များကို ဘုရင်ကိုယ်တိုင် ဦးစီး ကျင်းပသည်အထိ တိုးတက်လာခဲ့လေသည်။

ရဟန်းတော်များကလည်း အထူး စိတ်နှလုံး ချမ်းမြေ့တော်မူကြ၏။ သင့် တော်ရာ ဌာနအသီးသီး၌ ကျောင်းတိုက်များလည်း တည်ထောင်လာကြသည်။ ဦးစွာ ကျေးဇူးရှင်ဖြစ်သော ကုသိနာရုံဆရာတော်ကြီးအား လှမ်း၍ပင့်ကြသည်။ မည်မျှ ဆရာတော်ကြီး စိတ်အား ထက်သန်တော်မူနေကြောင်း ကုသိနာရုံမှ နီပေါ နိုင်ငံသို့ ခြေကျင်ကြွတော်မူသည်ကို ကြည့်ခြင်းအားဖြင့် သိသာလှပေသည်။

ကုသိနာရုံမှ နီပေါနိုင်ငံနယ်စပ်မြို့ (ဘေလဟီးယ)အထိ ဂျစ်ကားနှင့်ပင် ၄-နာရီခွဲသွားရ၏။ ထိုကမှ လုမ္ဗိနီသို့ ၂၅-ကီလိုမီတာ ဝေးသေးသည်။ မြို့ရွာအနှံ့ပင် ကြွကာ တရားများ ဟောကြား၏။ ဗုဒ္ဓဝတီမြို့၊ ပဒုမစေတိယမဟာဝိဟာရ ကာနသေနမြို့၊ သကျနန္ဒဝိဟာရ၊ ပေါက္ခရမြို့၊ ဗုဒ္ဓဇဝိဟာရ၊ ဘောဂျပူမြို့၊ သကျမုနိဝိဟာရ များကိုလည်း အုတ်မြစ်ချပေးတော်မူခဲ့သည်။ ယခုအခါ နီပေါနိုင်ငံ၌ ကဌမဏ္ဍုမြို့တော် တောင်ဝှမ်းမှာ ၁၃-ကျောင်း၊ အပြင်မှာ ၁၅-ကျောင်းနှင့် သိမ် ၃-သိမ် ရှိနေပြီ ဖြစ်သည်။ (သီလရှင်ကျောင်းများ မပါသေး။)

နီပေါနိုင်ငံတွင် သာသနာနှင့်အတူပင် လမ်းပန်းဆက်သွယ်ရေး ကုန်သွယ်ရေး စသော တိုးတက်မှုများလည်း အပြိုင် တိုးတက်လာလေသည်။ ၁၉၅၆-ခုနှစ် သားတော် ဘုရင် မဟိန္ဒြာလက်ထက်တွင် နီပေါနိုင်ငံ ဗုဒ္ဓဘာသာဝင်တို့အတွက် ပို၍ ဝမ်းမြောက် ဖွယ်ကောင်းသော အခြေအနေများ ပေါ်ပေါက်လာခဲ့ပြန်သည်။ စတုတ္ထအကြိမ်မြောက် 'ကမ္ဘာလုံးဆိုင်ရာ ဗုဒ္ဓဘာသာညီလာခံကြီး'ကို နီပေါနိုင်ငံ၌ ကျင်းပကြရာ ကမ္ဘာအရပ်ရပ်က

www.burmeseclassic.com

www.burmeseclassic.com


ဗုဒ္ဓဘာသာ ခေါင်းဆောင်များ အစုံအညီ တက်ရောက်လာကြ၏။ ဓမ္မောဒယသဘာ အသင်းကြီးက တာဝန်ယူလျက် ရှင်ဘုရင် မဟိန္ဒြာကိုယ်တိုင် ဦးစီးဦးကိုင် ပါဝင်ဆောင်ရွက်ခဲ့သည်။

ကုသိနာရုံဆရာတော်ကြီးသည် နီပေါဘုရင်ကိုယ်တိုင် ပင့်လျှောက်စာဆက်ကပ်ခြင်း၊ အိန္ဒိယမှ ဥပဒေပါရဂူကြီး ဒေါက်တာအမ်ဘေဒကာကလည်း ကြွဖြစ်အောင် ကြွပါရန် လျှောက်စာပို့ခြင်းတို့ကြောင့် ယခုတစ်ကြိမ်တွင် မီးရထားဖြင့် ကြွတော်မူ၏။ နီပေါနိုင်ငံ၌ ပထမဆုံးအကြိမ် အစည်ကားဆုံးသော ဘာသာရေးပွဲတော်ဖြစ်ရာ ပရိသတ်ပေါင်း တစ်သိန်းကျော်မျှ တက်ရောက်ကြ၏။ အခမ်းအနားတွင် ရှင်ဘုရင်ကိုယ်တိုင် ဖွင့်လှစ်၍ ဆရာတော်ဘုရားကြီးက ပရိသတ်များအား သရဏဂုံ ငါးပါးသီလ ချီးမြှင့်ပါရန် ဘုရင်မင်းမြတ်က လျှောက်ထား၍ သရဏဂုံသီလ ပေးပြီးလျှင် ဆရာတော်ကြီးက ဟိန္ဒီဘာသာဖြင့် ဗုဒ္ဓတရားတော်များကို ကလေးငယ်များပင် နားလည်အောင် ဆက်လက် ဟောကြားပေးတော်မူ၏။

ကုသိနာရုံ ဆရာတော်ကြီးသည် ကမ္ဘာ့ဗုဒ္ဓဘာသာ ညီလာခံကြီး ပြီးဆုံးသော်လည်း မပြန်သေးဘဲ တစ်လကျော်ကျော် သီတင်းသုံးကာ ဘာသာ သာသနာအတွက် လိုအပ်သော ဆောင်ရွက်ဖွယ်များကို ညွှန်ကြားတော်မူလေသည်။ ဘုရင်မင်းမြတ်လည်း ထိုနှစ် ဗုဒ္ဓနေ့တွင် လုမ္ဗိနီသို့ကြွကာ နီပေါနိုင်ငံတွင် 'ဗုဒ္ဓနေ့တိုင်း သားငါးမသတ်ရ' အမိန့်ကျော်ကြားစာကို စိုက်ထူလိုက်လေသည်။ ၁၉၇၇-ခုနှစ်၊ မေလ ၅-ရက်။ မဟိန္ဒြာ၏ သားတော် ဗိရိန္ဒြာတက်လာသောအခါတွင် ခမည်းတော်၊ ဘိုးတော်များနည်းတူ ဘာသာရေးပွဲတော်ကြီးများနှင့် ကံအားလျော်စွာ တိုက်ဆိုင်လျက် တက်ရောက်အားပေးခွင့် ရပြန်၏။ ဗိရိန္ဒြာလက်ထက်တွင်ကား နီပေါနိုင်ငံတွင် ပထမဆုံးသော 'ဗုဒ္ဓဇယန္တီပွဲတော်ကြီး' ကျင်းပခဲ့ကြလေသည်။

## နီပေါနိုင်ငံ သာသနာဝင်ဦးရေ

ယခုအခါ နီပေါနိုင်ငံ၌ ရဟန်းသာမဏေ သီလရှင် အရေအတွက်မှာ တစ်နေ့တခြား တိုးတက်လာနေပေသည်။ ရဟန်းတော် ၆၀-ကျော်၊ သီလရှင် ၇၀-ကျော်ရှိ၏။ ရှင်ရဟန်းငယ်များကို နိုင်ငံခြားသို့လည်း ပရိယတ္တိပညာသင်များ စေလွှတ်လျက်ရှိရာ ထိုင်းနိုင်ငံ၌ ၁၀-ပါး။ သီဟိုဠ်၌ ၃၀-ပါးရှိ၏။ မြန်မာနိုင်ငံ၌ကား ဗြိတိသျှခေတ်မှ နိုင်ငံရေး အစိုးရများ လက်ထက်အထိ နီပေါမှ ရဟန်းသာမဏေ သီလရှင်များ ၁၅-ပါး အပါး ၂၀-ခန့် ရှိခဲ့ဖူး၏။ ထိုတွင် အရှင်ဉာဏပုဏ္ဏိကနှင့်

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သုဓမ္မဝတီတို့သည် ၁၃-၄-နှစ် အရွယ်ကပင် မြန်မာပြည်သို့ လာရောက်စာသင်ခဲ့ကြရာ ဓမ္မာစရိယ စာချတန်းကိုပင် အောင်မြင်သွားကြသည်။

အရှင်ဉာဏပုဏ္ဏိကသည် ယခုအခါ ရန်ကုန်မြို့ မဟာစည် သာသနာ့ရိပ်သာ၌လည်း နာယကအဖွဲ့ဝင် တာဝန်ပေးအပ်ခြင်း ခံရသဖြင့် မြန်မာနိုင်ငံနှင့် နီပေါနိုင်ငံ သွားချည်ပြန်လှည့် သီတင်းသုံးတော်မူလျက် ရှိသည်။ ရွှေတောင်ကုန်း သာသနာ့ရိပ်သာ ဆရာတော် ဦးပဏ္ဍိတာဘိဝံသနှင့်အတူ တစ်နှစ်လျှင် နှစ်ကြိမ်ထက်မနည်း ကမ္ဘာလှည့်၍ ပဋိပတ္တိ သာသနာပြုလုပ်ငန်းကို မနေမနား ဆောင်ရွက်လျက်ရှိတော်မူ၏။ ကဌမဏ္ဍူ၌ 'ကမ္ဘာ့ငြိမ်းချမ်းရေး' ကျောင်းရိပ်သာ တည်ထောင်ကာ သာသနာပြုလျက်ရှိ၏။

ဒေါ်သုဓမ္မဝတီကား နီပေါနိုင်ငံ၌ 'ဓမ္မကိတ္တိဝိဟာရ' (ဓရ်မကိရ်တိဗိဟာရ်) အမည်ဖြင့် ကိုယ်ပိုင်ကျောင်း တည်ထောင်၍ မြန်မာ သီလရှင်ဆရာကြီး ဓမ္မာစရိယ ဒေါ်ဂုဏဝတီနှင့်အတူ နီပေါနိုင်ငံ အမျိုးသမီးပိုင်းသာသနာကို ရဟန်းတော်များနှင့် ရင်ပေါင်တန်းကာ စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိ၏။ ထိုမှ နောက်ကာလတွင်ကား ပြည်ဝင် ပြည်ထွက် ဥပဒေသစ်များအရ အနှစ် ၂၀-ကျော် နီပေါ စာသင်သားများ မြန်မာနိုင်ငံသို့ မလာရောက်နိုင်တော့ပေ။ ယခုအခါ၌မူ ရဟန်းသာမဏေ ၂-ပါး သီလရှင် ၅-ပါးခန့် ပရိယတ္တိသင်ယူရန် ရောက်ရှိနေကြသည်။ (ကမ္ဘာအေး ဝိဇ္ဇောတာရုံ စာသင်တိုက်နှင့် တံတားကလေးလမ်းဆုံ မဏိရတနာ သီလရှင်စာသင်တိုက်)။

နီပေါနိုင်ငံ၌ ရဟန်းတော် ၆-ကျိပ်ကျော်တို့တွင် မြန်မာနိုင်ငံ၌ ရဟန်းဖြစ်ကာ ပရိယတ္တိ ဆည်းပူးသွားခဲ့သော အရှင်ပညာနန္ဒမထေရ်သည် အကြီးဆုံး သံဃမထေရ်ကြီး ဖြစ်၏။ သက်တော် ၉၀ ရှိလေပြီ၊ သို့သော် ဆရာတော်ဘုရားကြီးမှာ ကျန်းမာဖျတ်လတ်လျက် ဆွမ်းခံဝတ်ကိုပင် အပျက်မခံပေ။ သက်တော် ၈၆-နှစ် ပြည့်သော ဗုဒ္ဓနေ့တွင် နီပေါသာကီဝင် သူငယ် ၈၆-ဦးတို့အား ဒုလ္လဘ သာမဏေဝတ်ပွဲကိုပင် ပြုလုပ်ပေးတော်မူခဲ့၏။ နေဝါရီဘာသာဖြင့် ဗုဒ္ဓဘာသာ ကျမ်းစာပေါင်း ၂၀-ကျော်ကိုလည်း ပြုစုတော်မူထားသည်။

၃-၇-၈၄ နေ့ နေပါလ ဘိက္ခုသံဃအဖွဲ့ကြီးက ဆရာတော်အား 'အရိယဓမ္မရက္ခိတ နေပါလဗုဒ္ဓသာသန ဝံသာလင်္ကာရသီရိ' တံဆိပ်ဘွဲ့ ကပ်၍ သံဃမဟာနာယကမထေရ်အဖြစ် တင်မြှောက်ခဲ့ကြသည်။ မြန်မာနိုင်ငံတော် (နု၊ ဝ၊ တ) အစိုးရ၏ ၁၉၉၁-ခုနှစ်၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့ ကပ်လှူခံရသော ဆရာတော်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုမှတစ်ပါး လက်ရှိ နီပေါနိုင်ငံ ထေရဝါဒ ဗုဒ္ဓသာသနဝန်ဆောင် မထေရ်ကြီး ၄-ပါးတို့မှာ ဆရာတော် ဦးသကျနန္ဒ၊ ဆရာတော် ဦးအနိရုဒ္ဓ၊ ဆရာတော် ဦးအမရိတာနန္ဒနှင့် ဆရာတော် ဦးသုဗောဓာနန္ဒ မဟာထေရ်ကြီးများပင် ဖြစ်တော်မူကြ၏။

## နိုင်ငံရပ်ခြားမှ ပံ့ပိုးမှု ပေးခြင်း

သီဟိုဠ်နိုင်ငံမှ ဆရာတော်အရှင်နာရဒ စသော မထေရ်ကြီးများလည်း အကြိမ်ကြိမ်ကြွရောက် ပံ့ပိုးတော်မူကြသည့်နည်းတူ ထိုင်းနိုင်ငံမှ (ထိုအချိန်က) ဥပသံဃရာဇာဖြစ်သော 'စုမ်ဒက်ဖရာ့ဉာဏသံဝရ' မထေရ်ကြီးလည်း နီပေါစာသင်သားများအား လက်ခံ သင်ကြားပေးနေသည့်အပြင် ၂၅-၁၁-၈၅ နေ့က နောက်ပါ တပည့်ရှင်လူများ ခြံရံလျက် လေယာဉ်စင်းလုံးဖြင့် နီပေါနိုင်ငံသို့ ကြွလာချီးမြှောက်တော်မူ၏။ ဆရာတော် သက်တော် ၇၃-နှစ်ပြည့် အထိမ်းအမှတ်အဖြစ် နီပေါသာကီဝင် သူငယ် ၇၃-ယောက်တို့ကိုလည်း ရှင်သာမဏေ ပြုပေးတော်မူခဲ့သည်။ သာသနာနှင့်စပ်သော လိုအပ်သော အကြံဉာဏ် ပံ့ပိုးမှုများကိုလည်း ပေးတော်မူခဲ့၏။

ဗြိတိသျှခေတ်မှစ၍ မြန်မာတို့၏ ပံ့ပိုးမှုကား ပိုမိုများပြား၍ ထိရောက်မှုလည်း ရှိသည်ဟု ဆိုသော် ဆိုနိုင်ကောင်း၏။ နီပေါ စာသင်သားများ မြန်မာနိုင်ငံသို့ လာရောက်ခွင့် မရသော အချိန်မှာပင် ပဋိပတ္တိဘက်မှ အကူအညီများကို ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးနှင့် ဆရာတော် ဦးပဏ္ဍိတာဘိဝံသ၊ ဦးသုန္ဒရာဘိဝံသ (ဘီအေ) တို့ နီပေါနိုင်ငံသို့ အကြိမ်ကြိမ်ကြွရောက်၍ တစ်နိုင်ငံလုံးသို့ လှည့်လည်ကာ သတိပဋ္ဌာန် ဝိပဿနာရှုနည်းများကို ရည်ရှည် ပြသပေးတော်မူကြသည်။

ဦးဉာဏပုဏ္ဏိက၊ ဦးသုမင်္ဂလ၊ ဦးအဿဃောသ၊ ဒေါ်သုဓမ္မဝတီ၊ ဒေါ်မာဂဓိ၊ ဒေါ်မာဓဝီ၊ ဒေါ်ဥပ္ပလဝဏ် စသော ရဟန်းတော်များနှင့် သီလရှင်များသည် မြန်မာနိုင်ငံ၌ ပရိယတ္တိ သင်ယူပြီးနောက် မဟာစည်သာသနာ့ရိပ်သာ၌လည်း ဝိပဿနာတရားများအားထုတ်သွားကြသဖြင့် တိုင်းသူပြည်သား (ရန်ကုန်သို့မလာရောက်နိုင်သူများ) အားလည်း မိမိတို့ကဲ့သို့ ဝိပဿနာအသိဉာဏ်များ ရရှိကြပါစေရန် ရည်ရွယ်လျက် မဟာစည်ဆရာတော်ဘုရားကြီးအား အကြိမ်ကြိမ် ပင့်လျှောက်ခဲ့ကြသည်။ လုမ္ဗိနီ စီမံကိန်း ဥက္ကဋ္ဌ မစ္စတာ လူဒါးဆန် စသော ပုဂ္ဂိုလ်များကလည်း ပင့်လျှောက်ကြသဖြင့် ၁၃၄၂-ခုနှစ် တပို့တွဲလ၊ လပြည့်ကျော် ၅-ရက်နေ့တွင် မဟာစည်ဆရာတော်ဘုရားကြီး

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တော်တိုင် နောက်ပါအဖွဲ့ဝင်များနှင့်အတူ နီပေါနိုင်ငံသို့ ကြွရောက်ချီးမြှောက်တော်မူ၏။

ဆရာတော်ဘုရားကြီးသည် မြတ်စွာဘုရား ဖွားတော်မူရာ လုမ္ဗိနီဥယျာဉ်တော်၌ ၉-ရက်စခန်း ဖွင့်ကာ တရားပြတော်မူသည်။ အခြားမြို့ကြီးများသို့လည်း လှည့်လည်၍ တရားပြတော်မူရာ ပရိသတ် တစ်သောင်းခွဲအထိပင် ရှိလေသည်။ (နီပေါနိုင်ငံ၌ ဟောကြားတော်မူခဲ့သော တရားများကို အင်္ဂလိပ်မြန်မာ နှစ်ဘာသာဖြင့် သီးသန့်စာအုပ်ရိုက်နှိပ်ပြီးရှိ၏။) ငွေကြေးတတ်နိုင်သူများလည်း မဟာစည် သာသနာ့ရိပ်သာသို့ လာရောက် အားထုတ်ကြသည်မှာ အဆက်မပြတ်ပေ။

## မြန်မာနိုင်ငံမှာ ဗုဒ္ဓစာပေ သင်ချင်လွန်း၍ အချုပ်အဖမ်း တရားစွဲခံရသူ

နီပေါသာသနာ့ဝင်တွင် ခေတ်ဦးပိုင်းက သက်စွန့်ဆံဖျား ကြိုးစားတော်မူခဲ့ကြသော အရှင်များကို ကြည်ညိုကြရသည့်နည်းတူ ဗုဒ္ဓစာပေသင်ချင်လွန်း၍ တောလမ်းက ခိုးဝင်လာသော ၁၄-နှစ်သမီး နီပေါသူကလေးတစ်ဦးအကြောင်းကလည်း နီပေါနိုင်ငံသူ နိုင်ငံသားတို့၏ စိတ်ဓာတ်နှင့် နီပေါသာသနာ၌ မှတ်တိုင်တစ်ခုအဖြစ် တည်ရှိနေပေလိမ့်မည်။

သူ့နာမည်က ဂဏေသ၊ မြန်မာနိုင်ငံ၌ စာပေသင်ကြားသွားသော ဆရာတော်အရှင်သိရီဗုဒ္ဓဃောသ၏ တပည့်မလေး၊ မဟာယာနမှ ထေရဝါဒ ဗုဒ္ဓဘာသာဖြစ်လာသည်မှာ တစ်နှစ်မျှသာ ရှိသေး၏။ အင်္ဂလိပ်ကျောင်းမှ ဘုန်းတော်ကြီးကျောင်းသို့ ပြောင်း၍ မင်္ဂလသုတ် ပရိတ်ကြီး ဓမ္မပဒနှင့် ပါဠိဘာသာကို သင်ကြားလျက်ရှိ၏။ မိဘတို့မှာ ကဋ္ဌမဏ္ဍုနှင့် ၄-မိုင်မျှဝေး၍ ဒုတိယမြို့တော်ဖြစ်သော လလိတ်ပူရ်ခေါ် ပါတန်မြို့မှ ဦးဟေရသမာနနှင့် ဒေါ်ဟေရာထကူတို့ဖြစ်ကြသည်၊ ကဋ္ဌမဏ္ဍုနှင့် ပါတန်၌ ပန်းကန်ခွက်ယောက်ကြေးထည်ဆိုင်များ ဖွင့်လှစ်ရောင်းချ၍ အသက်မွေးကြသော နေဝါခေါ် သကျမျိုးများဖြစ်၏။

တစ်နှစ်အတွင်းမှာပင် ပါဠိဘာသာ ရေးတတ်ပြောတတ်စ ရှိလာခါမှ ဆရာဘုန်းကြီး ဦးဗုဒ္ဓဃောသ သာသနာရေးကိစ္စဖြင့် ကုသိနာရုံသို့ ရက်ရှည်ကြွသွား၍ အားငယ်နေကြ၏။ ထိုအခိုက် ကုသိနာရုံမှ မြန်မာဘုန်းတော်ကြီး ဦးဓမ္မာဝုဓ ပါတန်သို့တရားဟောကြွလာ၍ တော်ပေသေးသည်၊ ဂဏေသကုမာရီတို့ စာသင်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



လူကြီးများ တရားနာရ၏။ သို့သော် ဘုန်းတော်ကြီးကား ရက်ပိုင်းမျှသာ နေမည် ဖြစ်သည်။

ဘုန်းတော်ကြီးဦးမွှာဝုသေည် တစ်နေ့တွင် ပရိသတ်များအား တရားဟောရာ 'ဇာတိပိ ဒုက္ခာ . . . ယံ ပိစ္ဆံ န လဘတိ တမ္ပိ ဒုက္ခံ' စသော မွေစကြာပါဠိတော်လာ သစ္စာလေးပါးတရားကို ဟော၏။ နားလည်မလည် ပရိသတ်များအား ပြန်လှန် မေးခွန်းထုတ်၍လည်း ဟောသည်။ ဒုက္ခသစ္စာအဓိပ္ပာယ်ကို ဖွင့်ဆို ဟောကြားပြီး -

"လောကမှာ ဘာအဆင်းရဲဆုံးလဲ" ဟု မေးခွန်းထုတ်ရာ မည်သူမျှ မဖြေကြ။ ထပ်၍မေးလျှင် ပရိသတ်အစွန်မှ အသံတစ်သံ ထွက်လာ၏။ ထိုအသံက ကြောက်ရွံ့မှု မရှိ၊ ရဲရင့်ပြတ်သား၏။

"တပည့်တော်မတော့ ကိုယ်သင်ချင်တဲ့ ဗုဒ္ဓစာပေကို မသင်ရတာ အဆင်းရဲဆုံးပါပဲဘုရား" ဟု လျှောက်သံတစ်သံ။ အသံလာရာသို့ ပရိသတ်ကြီးက လှည့်ပြီး ကြည့်ကြရာ လျှောက်ထားသူမှာ ၁၃-နှစ်သမီးကလေး ဂဏေသကုမာရီ၊ ဘုန်းတော်ကြီးမှာ ခေတ္တမျှ နေမည်ဟုဆိုဖြစ်ပြီး ကြွလာခဲ့သော်လည်း သကျသာကီဝင် ကလေးမကလေး များအား သနားလာကာ ၃-လမျှ ကြာသွား၏။ ဆရာဘုန်းကြီးလည်း ပြန်ကြွ မလာသေး။ အာဂန္တုဘုန်းကြီးလည်း ကုသိနာရုံသို့ ပြန်ကြွသွားရာ နီပေါသူ ကလေးများ မျက်နှာငယ်နှင့် ကျန်ရစ်ခဲ့ကြရှာ၏။

"ဗုဒ္ဓစာပေ သင်ချင်ရင် မြန်မာနိုင်ငံက သီလရှင်ကျောင်းတိုက်ကြီးတွေကို ပို့ပေးမယ်" ဟူသော ဘုန်းတော်ကြီး၏ စကားကိုမူ ဂဏေသကုမာရီက အသေ ကိုင်ထား၏။ စာမသင်ရသည့် နေ့ကစပြီး မိခင်အား တတွတ်တွတ်ပူဆာနေ၏။ အစ်ကိုနှစ်ယောက် မောင်နှစ်ယောက်ကြားတွင် မိန်းကလေးတစ်ယောက်သာ ရှိသူဖြစ်၍ မိခင်ကရော ဖခင်ကပါ မြန်မာပြည်သို့ စာသင်လွှတ်ရန် သဘောမတူနိုင်။ ငယ်လည်း ငယ်သေး၏။ နေ့စဉ်နှင့်အမျှ တစာစာပြောနေသူ သမီးငယ်အား ကြာလာသောအခါ မိခင်ကြီးမှာ သနား၍ပင်လာ၏။ "အဖော်ကောင်းတဲ့အခါ ထည့်ပေးမှာပေ့ါ သမီးရယ်" ဟု ပြီးစလွယ် နှစ်သိမ့်စကား ပြောလိုက်သောအခါ သမီးငယ်က -

"မနော်ဟာရ ဒေဝီ (၁၆-နှစ်)၊ သုဘ လက်ချမီ (၁၃-နှစ်) တို့လဲ လိုက်မယ် အမေ၊ သူတို့အမေက ဘုန်းဘုန်းဦးမွှာဝုခနေတဲ့ ကုသိနာရုံအထိ လိုက်ပို့မယ်တဲ့" ဟု ဝမ်းသာအားရ ပြောလိုက်ရာ မိခင်ကြီးမှာ အချိန်မဆွဲသာတော့။ တစ်ခါတည်း

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းတော်ကြီးထံ အပ်စာရေးရတော့၏။ သို့သော် ဖခင်ကြီးက ဘယ်လိုမှ သဘောမတူသည့်အတွက် သူ ကဌမဏ္ဍုဆိုင် စာရင်းစစ်သွားတုန်း လွှတ်မှဖြစ်မည်။

၁၉၅၀-ပြည့်နှစ်၊ မေလ ၁၅-ရက်နေ့ ဖခင်ကြီး ကဌမဏ္ဍုသို့ ထွက်သွား၏။ ဂဏေသတို့ နောက်တစ်ရက် ကားငှားပြီး-အိန္ဒိယသို့ ထွက်ခဲ့ကြသည်။ မိခင်ကြီးမှာ နေ့ဖို့ညစာအတွက် အစ်ကိုငယ်တစ်ယောက်ကိုပါ ဆန်၊ ဆီ၊ စားနပ်ရိက္ခာထုပ်ထမ်းရန် ထည့်လိုက်ရ၏။ ကားပေါ်၌ သူငယ်ချင်းမသုံးဦး အူမြူးနေကြ၏။ သို့သော် ကားမှာ ကဌမဏ္ဍုဘက်သို့ မောင်းပြီးမှ တောင်ကြားလမ်းခွဲမှ သွားရမည်ဖြစ်၍ ဦးစွာ ကဌမဏ္ဍုဘက်သို့ တောင်ကြားလမ်းမှ ဦးတည် မောင်းသွားကြရသည်။ မိုးက တဖွဲဖွဲရွာနေ၏။ ကားဘီးချော် မကျစေရန် သတိနှင့် မောင်းနေရစဉ် ကဌမဏ္ဍုဘက်မှ ကားတစ်စီးက အပြင်းမောင်းနှင်လာရာ ကားချင်းတိုက်လုမတတ် ဖြစ်သွား၍ ကားသမားက ဆဲဆိုပြီး ကားရပ် ရန်တွေ့မည်လုပ်၏။ ပွတ်၍ ရှောင်သွားသော ကားကလည်း ချက်ချင်း ထိုးရပ်ပြီး နောက်ဆုတ်လာသည်။ ရန်ပွဲဖြစ်နေလျှင် ကြန့်ကြာနေမည်စိုး၍ ဒရိုင်ဘာအား တောင်းပန်ပြီး အမောင်းခိုင်းရသည်။

အရှိန်ပြင်းစွာ ဇောတိုက်မောင်းနှင်လာသော ကားမှာ ဂဏေသ၏ ဖခင်ကြီးကားဖြစ်နေ၏။ ကဌမဏ္ဍုဆိုင်တွင် ၂-ရက်၊ ၃-ရက် နေလေ့ရှိသော်လည်း ဒီတစ်ခေါက်တွင် သမီးငယ်အား စိတ်မချသဖြင့် တစ်ညအိပ်နှင့် ပြန်လာခြင်းဖြစ်သည်။ ကားနှစ်စီး ရန်မဖြစ်ကြလို့ တော်ပေသေးသည်။

တစ်နာရီခွဲလောက် မောင်းမိလျှင် စန္ဒာဂိရိတောင်ခြေသို့ ရောက်ကြ၏။ ကားဆက်၍ မသွားနိုင်။ အထုပ်အပိုးများကို ကူလီငှား၍ သယ်ကြရ၏။ အိန္ဒိယဘက် ၁၅-မိုင်သာ လိုတော့သည်။ မိုးက ရွာနေ၏။ တောင်ခြေလျှောတွင် ရွှံ့စေးများကပ်နေ၍ ခရီးမတွင်။ ဂဏေသ၏ အစ်ကိုလေးကား အထမ်းသမားများကို စောင့်ခေါ်ရင်း နောက်မှာကျန်ခဲ့၏။ မိုးကရွာနေ၍ တောင်ခြေလျှောတွင် ရွှံ့စေးများကို ခြစ်ခွာနေရသည့်ကြားက ကျွတ်များက ကိုက်၍ ခဏခဏရပ်ပြီး ဖြုတ်ချနေရသည်။ သစ်ပင်ကြီးအောက်တွင် ရပ်မိပါက လူနံ့ရသဖြင့် သစ်ပင်ပေါ်ရှိ ကျွတ်များက အထွေးလိုက် လူပေါ် ဖြုတ်ချကြ၏။ သူငယ်ချင်းမ ၃-ဦးမှာ စကားတပြောပြောနှင့် မမောနိုင်။ ရှေ့ကတွင်တွင် ပြေးသွားကြ၍ မနောဟရတို့မိခင်မှာ မနည်းလိုက်နေရ၏။

နယ်ခြားဂိတ်သို့ ရောက်ကြ၏။ နေလည်း ဝင်လာပြီ။ အထမ်းသမားများက ပေါ်မလာကြသေး။ ခဏမျှ စောင့်သေး၏။ နေဝင်လျှင် အိန္ဒိယဘက်သို့ မဝင်ရ။

www.burmeseclassic.com

www.burmeseclassic.com


အထမ်းသမားများ မလာနိုင်ကြသဖြင့် အိန္ဒိယမြေဘက်သို့ ကူးထားနှင့်ပြီး တစ်ဖက်က စောင့်မျှော်နေကြသည်။ ဂဇောသ၏ အစ်ကိုလေးနှင့် အထမ်းသမားများ ဂိတ်သို့ ရောက်လာကြ၏။ ဂိတ်တံခါး ပိတ်လိုက်သည်ကို တွေ့ရသည်။ နေလည်း ဝင်လေပြီ။ ဂဇောသ ရင်ထဲတွင် လှိုင်းခတ်သွား၏။ မနောဟရမိခင်ကြီးက ဂိတ်နားသို့ တိုးသွား၏။ အရာရှိက ဂဇောသအစ်ကိုလေးအား စစ်ဆေးနေသံ ကြားရသည်။ နေဝင်သွား၍သာ မထွက်ရသည်မဟုတ်။ ဂဇောသဖခင်ကြီးက ဂိတ်မှူးအား ဤပုံ ဤလူများလာလျှင် ထွက်ခွင့်မပြုရန် ဖုန်းလှမ်းဆက်သောကြောင့် ဖြစ်သည်။ အဘွားကြီးသည် သမီးများဆီ ချက်ချင်းပြန်လှည့်လာပြီး ပြောပြောဆိုဆို အထုပ်ကိုယ်စီသယ်ကာ ဂိတ်ဘက်သို့ လက်ကို တစ်ချက်ဝှေ့ယမ်းပြပြီး ခရီးဆက်ကြလေ၏။

အိန္ဒိယနယ်ခြားဂိတ်နှင့် နှစ်မိုင်မျှဝေးသော ဘင်ဖရီမြို့သို့ လေးကန်သော ခြေများဖြင့် လာခဲ့ကြရာ ထိုမြို့၌ တစ်ညတည်းခိုပြီး၊ နောက်တစ်ရက် ရထား၊ ကားတို့ဖြင့် ကုသိနာရုံသို့ ရောက်ကြသည်။ ဆရာဘုန်းကြီး ဦးဗုဒ္ဓဃောသနှင့် ဦးဓမ္မာဝုဓတို့ကို ဖူးတွေ့လိုက်ရသောအခါ လျှို့ဝှက်သည်းဖိုစွန့်စားခန်း ခရီးပန်း သည်ကိုပင် မေ့ပျောက်သွားကြ၏။ ကုသိနာရုံဆရာတော်ဘုရားကြီးကလည်း ကောင်းစွာ နေရာပေး၍ ကျွေးမွေးစောင့်ရှောက်ထားရာ အိမ်ကျန်ရစ်သော ဖခင်ကြီး စိတ်ဆိုး ဆင်းရဲသလောက်၊ ဂဇောသတို့ သူငယ်ချင်းမ သုံးယောက်မှာ ပျော်မဆုံးကြတော့ပေ။ အိန္ဒိယရောက်လျှင် မကြာမီ မြန်မာပြည်ရောက်ပြီး ဗုဒ္ဓကျမ်းစာများ သင်ရတော့မည် ဟု အကျေနပ်ကြီး ကျေနပ်နေကြ၏။

မနောဟရဒေဝီတို့၏ မိခင်ကြီးကား ဂဇောသကုမာရီ၏ မိခင် အပ်နှံစာ နှင့်အတူ သမီးများအား မြန်မာပြည်ကို အမြန်ဆုံး ပို့ပေးပါရန် လျှောက်ထား အပ်နှံပြီး တစ်ပတ်ခန့်အကြာတွင် နီပေါသို့ ပြန်သွားသည်။ ဦးဓမ္မာဝုဓသည် နိုင်ငံကူးလက်မှတ်လုပ်ရင်း တစ်ဖက်က မော်လမြိုင်မြို့ နာမည်ကြီးခေမာရာမ သီလရှင်တိုက်အုပ်ဆရာကြီး ဒေါ်ပညာစာရီထံ စာရေးအကြောင်းကြား၏။ ဗုဒ္ဓ စာပေများ လက်ခံ သင်ကြားပေးမည်ဟု ပြန်စာရသဖြင့်၊ ဂဇောသတို့ ဝမ်းမြောက် နေကြ၏။ သို့သော် နိုင်ငံကူးလက်မှတ်ကား မလွယ်။ မိဘအုပ်ထိန်းသူလည်း မပါ။ အရွယ်ရောက်သေးသူများလည်း မဟုတ်ဟု ဆိုကာ နိုင်ငံကူးလက်မှတ်မှာ အခက် တွေ့နေ၏။ ရသည့်တိုင်အောင် အဆင့်ဆင့် လုပ်ရဦးမည်၊ ကုသိနာရုံမှာပင် စောင့်ရင်း စောင့်ရင်း ၇-လ ကြာသွားသည်။ ဦးဓမ္မာဝုဓကား မလျှော့သေး။ ကာလကတ္တား

www.burmeseclassic.com

www.burmeseclassic.com



သွားပြီး ကောင်စစ်ဝန်နှင့် တွေ့ဆုံ၍ အကျိုးအကြောင်းပြောပြလျှင် ရနိုင်ဖွယ်ရှိသည်ဟု မျှော်လင့်ထား၏။ ကလေးမများကလည်း ဖွတ်ပူဆာနေကြသည်။

ကုသိနာရုံမှာပင် သောင်တင်နေကြောင်း ကြားသည်နှင့် ဂဏေသမိခင်ထံမှ စာတစ်စောင် ရောက်လာ၏။ မနောဟရမိခင်နှင့်အတူ ဖခင်ကြီးကိုယ်တိုင်လာခေါ်မည့်အကြောင်း၊ မြန်မြန်သီလရှင်ဝတ်လိုက်ကြလျှင် ခေါ်မည်မထင်ကြောင်း။ သို့နှင့် သူငယ်ချင်းသုံးယောက် သီလရှင်ဝတ်လိုက်ကြသည်။ ဘုန်းတော်ကြီးများကလည်း မြန်မာသီလရှင်တို့ ဆင်ယင်ထုံးဖွဲ့မှုကို ကောင်းစွာ သတိမပြုမိကြသဖြင့် နီပေါသီလရှင်များနည်းတူ လုံချည်အဝါ၊ အင်္ကျီလက်ရှည်အဝါ ကြယ်သီးတပ်၊ ကော်လာနှင့်၊ ဘွတ်ဖိနပ်စီး၊ ဖဲထီးဆောင်း။

မကြာမီ မနောဟရမိခင်နှင့် အဖော်တစ်ယောက် ကလေးမများကို ခေါ်ရန် ရောက်လာ၏။ ဂဏေသကား ငြင်းဆန်နေသဖြင့် သူ့သမီးနှစ်ယောက်ကိုသာ ခေါ်ပြီးပြန်သွားသည်။ ဂဏေသတို့ ဆရာတပည့်လည်း ကာလကတ္တားသို့ ထွက်လာခဲ့ကြသည်။ သို့သော် မှန်းချက်မကိုက်။ ဦးဓမ္မာဝုဓပင် လက်လျှော့သွား၏။ တပည့်မကိုသာ အမျိုးမျိုး ချော့မော့ နားချရတော့သည်။ တဖွတ်ထိုးမကလေးကား တားမရ။

"မြန်မာပြည်ကို ဖြစ်တဲ့နည်းနဲ့ အရောက်သွားမယ်၊ ဗုဒ္ဓစာပေ မသင်ရဘဲနဲ့တော့ တပည့်တော်မ နောက်ကြောင်း မပြန်တော့ဘူး။ ဘုန်းဘုန်း လိုက်မပို့နိုင်လဲ နေရစ်ပါ" ဟူသတည်း။

ကုသိနာရုံမှ ဒီဇင်ဘာ ၁၅-နေ့က ထွက်လာကြရာ လ,တောင် ကုန်တော့မည်။ ၁၄-နှစ်မျှသာ ရှိသေးသော တပည့်မလေးက 'အာသံဘက်ကနေ ကုန်းကြောင်းသွားမယ်' ဟုပင် ဖွတ်အတင်း ပူဆာနေရာ ယောကျ်ားရင့်မကြီးများပင် စိတ်ကူးထည့်ရဲသော ခရီးလမ်းမဟုတ်၍ ဦးဓမ္မာဝုဓ သက်ပြင်းချ၍သာ နေရတော့သည်။ တပည့်မကား မလျှော့။ နောက်ဆုံး သူ့အလိုလိုက်လျှောရကာ ကာလကတ္တားမှ အာသံဘက်သို့ ဆရာတပည့် ထွက်ခွာခဲ့ကြသည်။

အာသံ ဘုန်းကြီးကျောင်းတစ်ကျောင်းတွင် တည်းခိုလျက် ခြေကျင်ခရီးသွားအဖော်များကို စောင့်နေကြခိုက် ကာလကတ္တားမှ စာတစ်စောင် ရောက်လာ၏။ အာသံတို့ ထွက်ခွာသည့်နေ့ကပင် ဂဏေသအစ်ကိုကြီး ကာလကတ္တားသို့ ရောက်လာကြောင်း။ ဖခင်ကြီးက မရ ရတဲ့နည်းနဲ့ ခေါ်ခဲ့ရန် မှာလိုက်ကြောင်း။ သုံးကြိမ်တိုင်တိုင် သီသီကလေး လွတ်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အာသံ၌ ရက်အတန်ငယ်နေပြီးနောက် ဆင်ရောင်းလာသော ရှမ်းကြီးများနှင့်အတူ နာဂတောင်တန်းကြီးကို ဖြတ်ကျော်လျက် ၇-ရက်၊ ၇-ညအကြာ မြစ်ကြီးနားသို့ ချောမောစွာ ရောက်ရှိကြလေသတည်းဟူပင် အကျဉ်းချုံးရပါမည်။

ရေးပြရလျှင် စာမျက်နှာလည်းမလောက်၊ ခက်ခဲစွာ ဖြတ်သန်းခဲ့ရသော ဒုက္ခကိုလည်း စေ့ငအောင် ရေးပြနိုင်မည် မဟုတ်ပါ။

(ရဝေထွန်းရေးသားသော 'သမီးချစ်' စာအုပ်တွင် အကျယ်ဖတ်ရှုကြရန် ညွှန်းပါသည်။ ထိုဟာလည်း တကယ့် စွန့်စားခန်းကို အကြမ်းစား ရိပ်စားနိုင်ရုံမျှသာ ရှိပါဦးမည်။)

မိုးနှင်းများ တဖွဲဖွဲကျနေသော ဒီဇင်ဘာ၊ ဇန်နဝါရီအကူး လမ်းဟူ၍ အတိအကျမရှိသော နာဂတောင်တန်းကြီး၊ သွားနေကျ ရှမ်းကြီးများပင် လမ်းမှားသွား၍ တစ်ရက်စာရိက္ခာပြတ်ပြီး သစ်ဥသစ်သီးများ စားရပုံ၊ နှင်းမှုန်တွေကြားမှာ ရှေ့သို့ ၁၅-ကိုက်လောက်ကိုသာ လှမ်း၍ကြည့်လို့ရရာ မြွေကြီး ကျားကြီးများနှင့် တွေ့ရပုံ။ ညဥ့်အခါ ဆရာတပည့်အတွက် သစ်ရွက်ခြောက်တဲထိုးပြီး တစ်ညလုံး မီးဖိုကာ အလှည့်ကျ စောင့်ရပုံ၊ ဆရာတပည့်အား အလယ်မှာထားပြီး ဝိုင်း၍အိပ်ကြပုံ မြန်မာ့မြေပြင်သို့ ခြေချမိသည်ဟု သိသည်နှင့် တစ်ပြိုင်နက် ဝမ်းသာအားရ ရှေ့က သွားသော သူငယ်မ ရှေ့သုံးကိုက်လောက်အလိုမှ လူကိုယ်လုံးလောက်ရှိသော မြွေနက်ကြီးတစ်ကောင် သစ်ပင်ငယ်များ ပြားချပ်ယိမ်းယိုင်သွားအောင် ဖြတ်သွားသည်ကို မြင်လိုက်ရသဖြင့် အံ့အားသင့်ပြီး ကြွက်သေ သေသွားပုံ။ တောင်တက်လိုက်၊ ဆင်းလိုက်၊ စမ်းရေများကို ဖြတ်လိုက်နှင့် ၇-ရက်၊ ၇-ည တွေ့ကြုံရသော ဒုက္ခမှာ မည်မျှကြီးမားကြောင်း စာရှုသူတို့ ခန့်မှန်းကြည့်ကြပါတော့ဟုသာ နိဂုံးချုပ်လိုပါသည်။

မြစ်ကြီးနားသို့ရောက်၍ တောင်တန်းသာသနာပြုကျောင်း၌ ဆရာတပည့် တည်းခိုကြ၏။ ဂေါ်ရခါးလူမျိုးများ မြင်သွားရာ ဝမ်းသာအားရ နှုတ်ဆက်ကြ၏။ မြန်မာဘုန်းကြီးတစ်ပါးက ဂေါ်ရခါးမလေးတစ်ယောက် ခေါ်လာသည့်သတင်းသည် ချက်ချင်းပြန့်သွားရာ လူများ ဝိုင်းအုံလာကြည့်ကြသည်။ အမျိုးမျိုး သံသယဝင်ကာ သနားစိတ်ဖြင့် အိမ်ခေါ်သူက ခေါ်ကြ၏။ မလိုက်သောအခါ စိတ်မချနိုင်သဖြင့် ရဲစခန်းသို့တိုင်ကြသည်။ ဂဏေသ၊ ဗုဒ္ဓစာပေ သင်ရတော့မည်ဟု ဝမ်းသာလုံး ဆို့နေသော ဂဏေသ အချုပ်ခံရရှာလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းတော်ကြီးက တာဝန်ရှိသူများအား ရှင်းပြကာ မိခင်က အပ်နှံလိုက်သော စာကိုပါပြသဖြင့် အများသံသယ ဖြစ်နေကြသည့်အတိုင်းကား မဟုတ်။ သို့သော် နိုင်ငံကူးလက်မှတ်မဲ့ ဝင်လာသူအဖြစ် ဥပဒေအရ ရဲများက အရေးယူရတော့သည်။ သို့ရာတွင် အချုပ်မှာမထား၊ ရဲမှူးအိမ်မှာပင် ထား၏။

ဦးဓမ္မာဝုဓလည်း ရန်ကုန်-မော်လမြိုင် အဆက်အသွယ်ရှိရာ အမြန်လှမ်း၍ စာရေးကြေးနန်း ရိုက်၏။ စာရင်းစစ်မင်းကြီး ဦးစံလွင်နှင့် ဗုဒ္ဓသာသနာအဖွဲ့တို့သို့လည်း အကြောင်းကြားသည်။ အမှုတွဲကို ရန်ကုန်မှာ အမြန် ပြောင်းရွှေ့စစ်ရန် မျှော်မှန်းသည်ထက်ပင် စောပြီး လေယာဉ်ဖြင့် ပို့လိုက်သဖြင့် စောင့်ကြိုရန် စီစဉ်သူများနှင့် လွဲသွား၍ ဘားလမ်းအချုပ်၌ ၂-ည အချုပ်ခံရသေးသည်။ မင်းကြီး ဦးစံလွင်အိမ်၌ နေထိုင်ခွင့်ပြုကာ အမှုကို ရင်ဆိုင်ရသည်။ မင်းကြီးမိသားစုက သမီးအရင်းကဲ့သို့ စောင့်ရှောက်ကာ မြန်မာစကား သင်ပေး၏။ အမှုဆိုင်ရသည်မှာ ၆-လပင် ကြာသွားသဖြင့် ဂဏေသ စိတ်ကူးယဉ်ခဲ့သော မော်လမြိုင် ခေမာရာမစာသင်တိုက်ကြီးသို့ ၁၉၅၂-ခု စက်တင်ဘာလ ၂၃-ရက်နေ့တွင်မှ ရောက်ရတော့သည်။ သူ့ကို 'မနိပေါ' ဟု ချစ်စနိုး ခေါ်ကြ၏။

ဆရာကြီး ဒေါ်ပညာစာရီနှင့် စာချဆရာလေးများကလည်း ကြိုးစား ပန်းစား သင်ပြ၊ ဂဏေသကုမာရီတစ်ဖြစ်လဲ မသုဓမ္မဝတီခေါ် မနိပေါကလည်း အားတက်သရော သင်ယူ။ တစ်နှစ်အတွင်းမှာပင် သဒ္ဒမ္မပါလစာမေးပွဲကို ကောင်းစွာ ဖြေဆိုအောင်မြင်သည်။ မြန်မာစာနှင့် မြန်မာစကားသင်ယူသည့်ကြားကပင် နောက်နှစ်နှစ် (၁၉၅၄-၅၅)တွင် နိုင်ငံတော် အဘိဓမ္မာစာမေးပွဲ ၃-ဆင့်လုံးနှင့် ပထမငယ်တန်းကို အောင်မြင်သွားသည်။ ၅၆-ခုနှစ် ပထမလတ်၊ ၅၇-ခုနှစ် သုသမာစာရ အငယ်တန်းနှင့် ၅၈-ခုနှစ် (အသက် ၂၂-နှစ်တွင်) မြန်မာရဟန်း သာမဏေများပင် အောင်မြင်ခဲသော ပထမကြီးတန်းကို တောက်လျှောက် နှစ်ဆက် အောင်မြင်သွားသည်။

မိဘများက ၈-နှစ်ပင် ရှိသွားသဖြင့် ခဏခေတ္တပြန်လာရန် အတန်တန် စာရေးမှာကြားသဖြင့် 'စာမေးပွဲကြီးတစ်ခု အောင်မြင်လျှင် ပြန်လာမည်' ဟုသာ စာရေးလိုက်သည်။ နေ့ရက် အတိအကျ မရေးဖြစ်။ မိဘဆွေမျိုးများကား တမျှော်တည်း မျှော်နေကြရရှာ၏။ လူကြုံဖြစ်စေ၊ စာဖြစ်စေ ရောက်များလာမလားဟု မျှော်လင့်နေခိုက် သားငယ်ဖြစ်သူက "အိမ်ရှေ့မှာ ဘုန်းကြီးတစ်ပါး ရပ်နေတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောသဖြင့် ဒေါ်ဟေရာထက္ကူမှာ သမီးဆီက လူကြုံများလား အောက်မေ့ကာ ကပျာကယာအိမ်ရှေ့သို့ထွက်လာပြီး 'အိမ်ထဲကြွပါဘုရား' ဟု ရိုသေစွာ လက်အုပ်ချီလျှောက်ထားခါမှ 'မေမေ. . . သမီးလေ၊ နေကောင်းကြရဲ့လား' ဟု ဆိုမှ အသံကို ကျက်မိကာ သမီးမှန်း သိလေတော့သည်။

'အမယ်လေးတော်' ဟု အံ့အားသင့်ကာ ခြေမကိုင်မိ လက်မကိုင်မိဖြစ်လေ၏။ မိဘဆွေမျိုးများကား ဝမ်းသာ၍မဆုံး၊ သမီးချစ် ပြောသည့် မြန်မာပြည်အကြောင်းကား သူတို့ နားတွင် ကြားပြီးရင်း ကြားချင်ရင်း ဖြစ်နေကြ၏။

သူငယ်ချင်းမများဖြစ်ကြသော မနောဟရဒေဝီ (မမာဂဓိ)၊ သုဘလက္ခမီ (မမာဓဝီ)တို့ ညီအစ်မလည်း ၂၅၀၀-သာသနာပွဲတော် အချိန်က မြန်မာပြည်သို့ လာရောက်ကာ ၃-နှစ်ကြာ စာသင်ပြီး နီပေါပြည် ပါတန်မြို့၌ 'ယသောဓရာဝိဟာရ' ဟု ကိုယ်ပိုင်ကျောင်း တည်ထောင်ကာ သာသနာပြုနေနှင့်ကြ၏။ မသုဓမ္မဝတီ ရောက်လာသောအခါ ထိုညီအစ်မလည်း ရှေးဖြစ်နောက်ဟောင်း ပြန်ပြောင်းပြောဆို၍ မပြီးကြတော့ပေ။

မသုဓမ္မဝတီလည်း ၂-လခန့်မျှသာနေပြီး ပြန်လာခဲ့သည်။ "မသုဓမ္မဝတီ ၂-လလောက်ကြာပြီး သာသနာပြုတာ တို့တစ်တွေ ၂-နှစ်နေပြီး သာသနာပြုတာထက်တောင် အောင်မြင်သဟေ့" ဟုပင် နီပေါဆရာတော်များက ချီးကျူးစကားမြွက်ကြားကြသေးသည်။ ၁၉၆၂-ခုနှစ် (အသက် ၂၅-နှစ်)တွင် ဓမ္မာစရိယ စာချတန်းကို ဆုံးခန်းတိုင် အောင်မြင်သွားသဖြင့် 'သာသနဓဇ ဓမ္မာစရိယဘွဲ့' ကို အလှူခံယူရရှိခဲ့၏။ စာမေးပွဲအလုပ် ပရိယတ္တိကိစ္စများ ပြီးဆုံးသွားပြီးနောက် မဟာစည် သာသနာ့ရိပ်သာ၌ ပဋိပတ္တိအလုပ်ကို ဆက်လက် အားထုတ်ပြန်သည်။

၆၃-ခုနှစ်တွင် မော်လမြိုင် ခေမာရာမ စာချဆရာကလေး ဒေါ်ဂုဏဝတီနှင့်အတူ အမိ နီပေါနိုင်ငံသို့ ပြန်လည် ကျေးဇူးဆပ်ရန် ပြန်သွား၏။ မိဘ ဆွေမျိုးများက ကဋ္ဌမဏ္ဍုမြို့ပေါ်၌ပင် 'ဓမ္မကိတ္တိ' အမည်ဖြင့် ကိုယ်ပိုင်သီလရှင်ကျောင်းတည်ထောင် လှူဒါန်းကြသည်။ မိဘမဲ့ ကလေးမများ၊ ဆင်းရဲနွမ်းပါးသော ကလေးမများအား ကျောင်းအိပ်ကျောင်းစား ပညာသင်ပေး၏။ အတန်းကျောင်းသားများအား ကျောင်းမတက်မီ၊ ကျောင်းပိတ်ရက်များ၌ မင်္ဂလာ၊ အဘိဓမ္မာ၊ ဓမ္မပဒ သင်ကြားပေးကြသည်။ အမျိုးသမီးကြီးများကိုလည်း ဥပုသ်နေ့တိုင်း သီလယူ၊ ဘုရားပူဇော်ပွဲ တရားပွဲများ လုပ်ပေး၏။ အမျိုးသမီးကြီးများ ၅၀၀-ပင် ရှိသည်။ အမျိုးသမီးကြီး

www.burmeseclassic.com

www.burmeseclassic.com



များအား ဓမ္မစကြာ၊ အနတ္တလက္ခဏာသုတ်များ အလွတ်ရအောင် သင်ပြပေးသည်။ တိုင်းရင်းဖြစ် ပင်နီရောင် ဆင်တူဝတ်ကြရ၏။

နီပေါနိုင်ငံ ထုံးစံအရ အမျိုးသမီးငယ်များ ၁၂-နှစ်ပြည့်လျှင် အခန်းတစ်ခုတည်း၌ လှောင်ပိတ်ထားရ၏။ ကျင်ကြီး ကျင်ငယ် အစားအသောက်မှစ၍ ထို နေမမြင်၊ လမမြင် အခန်းထဲ၌သာ ပြုလုပ်ရသည်။ ယောကျ်ားတရုံဆံမကြည့်ရ။ မုဆိုးမများလည်း လင်သားကွယ်လွန်လျှင် နောက် အိမ်ထောင် မပြုရသည့်အပြင် အိန္ဒိယပြည် တန်ခိုးကြီးဘုရားများသို့ ရောက်လျှင် ခေါင်းတုံး တုံး၍ လင်သားများအား ရည်စူးကာ ထမင်းဆုပ် ပေးလှူရ၏။ ထိုဓလေ့များနေရာ၌ ဒုလ္လဘသီလရှင် ဝတ်ပေးခြင်းဖြင့် အစားထိုးပေးကြသည်။

မျိုးရိုးအစဉ်အဆက် စွဲကပ်လာသော နတ်အယူ၊ ဗြာဟ္မဏ အမူအကျင့်၊ မဟာယာနဓလေ့၊ အသားစွဲ အရိုးစွဲနေသော အငွေ့အသက်များကို ချေးစင်အောင် ချွတ်နိုင်ပါမှ နောက်ထပ် ဆိုးပေးမည့်အရောင်သည် ပို၍ တောက်ပြောင်လာမည် ဖြစ်သည်။ သို့မဟုတ်ပါက နောက်ထပ် တင်ပေးလိုက်၊ ဆိုးပေးလိုက်သော အရောင်လည်း မူလချေးညှော်များနှင့် ရောထွေးသွားကာ ဆေးရောင် အသစ်ပင် နာမည်ပျက်နိုင်လေသည်။ ဆေးဆိုးတာထက် ချေးချွတ်ရတာ ပိုခက်၏။ စင်လည်း စင်နိုင်ခဲ၏။

ဒေါ်သုဓမ္မဝတီ၊ ဒေါ်ဂုဏဝတီတို့၏ ဓမ္မကိတ္တိသာသနာ့စစ်ကြောင်းမှာ မီးဖိုချောင်အထိ ထိုးစစ်ဆင်နိုင်သဖြင့် ရဟန်းတော်များထက် ပိုမို ခရီးပေါက်အောင်မြင်နေသော အရာတို့လည်း များလှပေသည်။ အာဂုံပြန်စာမေးပွဲများ၊ ဆုပေးပွဲများ၊ ဗုဒ္ဓပူဇာ၊ သံဃပူဇာပွဲများ အခါရာသီအလိုက် ၁၂-ရာသီ မလပ်အောင် စီစဉ်ထား၍ ဒကာ၊ ဒကာမများအား ညွှန်ကြားပေး၏။ ကထိန်သင်္ကန်းကပ်ပွဲ၊ ဆေးရုံရှိ ဂိလာန အလှူပွဲပါ မကျန်ရအောင် စေ့ငလှပေသည်။

၁၄-ပြည်နယ် ကျေးရွာများအထိပင် နှစ်စဉ် ကွင်းဆင်းကြရာ အမျိုးသမီးများအနေဖြင့် အမျိုးဘာသာ သာသနာအတွက် ဆောင်ရွက်နေကြသည်မှာ စာပေ၊ အကျင့်ဓလေ့ကောင်း ပျိုးထောင်ရေး၊ ဘာကလေးတစ်ခုဖြင့် လိုပါသေးသည်ဟု ဆိုစရာမရှိအောင် နံနက်၊ ညနေ၊ စနေ၊ တနင်္ဂနွေ၊ လပတ်၊ နှစ်ပတ် တရစပ် အစီအစဉ်များ ပြည့်ညပ်၍ပင် နေတော့သည်။ သာဓု . . . သာဓု . . . သာဓု . . .။

www.burmeseclassic.com

www.burmeseclassic.com



နီပေါနိုင်ငံ ဗုဒ္ဓဇာတိမြေ၌ သားစဉ်မြေးဆက် ချောမွေ့စွာ ဆက်လက်လျှောက်လာနိုင်အောင် အသက်စတေး၍ လမ်းထွင်ပေးခဲ့ကြသော ကျေးဇူးရှင် ဦးစန္ဒြမဏိနှင့် ဦးဓမ္မာလောက ဆရာတော်ကြီးများ ပျံလွန်တော်မူခဲ့ပြီ။ တဗွတ်ထိုးနိုင်လှသော တပည့်မအတွက် အသက်စွန့် ဆောင်ကြဉ်းခဲ့ရသော ကျေးဇူးရှင် ဦးဓမ္မာဝုဓလည်း ပျံလွန်တော်မူခဲ့ပြီ။ ဘဝနေနည်း၊ ဘဝကိုရင်ဆိုင်နည်း၊ လောကကြီးကို ကျော်လွှန်နည်း ပေးခဲ့သော ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးလည်း ဘဝကို လွန်တော်မူခဲ့ပြီ။ အရွယ်နှင့် မလိုက်အောင် တဗွတ်ထိုး စွန့်စားချင်လှသော သမီးချစ်အတွက် ကရုဏာ ဒေါသဖြစ်ရ အလိုလိုက်ခဲ့ရ၊ ပူပန်ကြောင့်ကြခဲ့ရရှာသော ခမည်းတော် မယ်တော်တို့လည်း ကွယ်လွန်ကြရှာပြီ။

သို့သော် သူတို့ သူတို့ လုပ်ဆောင်လိုသည့် အမျိုးဘာသာ၊ သာသနာတာဝန်များကို သမီးချစ်အပေါ် ပန်းပြောင်း လွှဲအပ်ထားခဲ့ကြသည်ကို သမီးချစ်လည်း သိခဲ့ပါ၏။ တကယ်တော့ ထိုထို ကျေးဇူးများက သမီးချစ်ဘဝကို သမီးချစ် မပိုင်တော့ကြောင်း ဖော်ပြနေကြပြီ။ သမီးချစ် ရှေ့တိုးပြီး တဗွတ်ထိုးလုပ်ရန်သာ ရှိတော့သည်။ အထွတ်အထိပ် အောင်မြင်မှုဆုလာဘ်များသည် ကောင်းမြတ်သော အလုပ်၌ ရှုပ်ရှုပ်ချွံချွံ တဗွတ်ထိုးလုပ်တတ်သူများ အတွက်သာလျှင် ဖြစ်သတည်း။

၀

www.burmeseclassic.com

လွန်ခဲ့သော နှစ်ပေါင်း ၁၃၀ ကျော်က
ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ရာဇဂုရု သုံးဘွဲ့ရ ပထမဆုံး မြန်မာသာသနာပိုင်

# ဆရာတော်ဘုရားကြီး

ကျွန်ုပ်တို့သည် အိမ်နီးနားချင်း နိုင်ငံများ၏ သာသနာဝင်ကို များစွာ စိတ်ပါဝင်စားလျက် နေခဲ့၏။ လက်လှမ်းမီသမျှ စာအုပ်စာတမ်းများကိုလည်း ကြိုကြားကြိုကြား ဖတ်ရှုခဲ့ပါသည်။ အိမ်နီးနားချင်း နိုင်ငံတို့သည် အယူဝါဒအားဖြင့်လည်းကောင်း၊ ယဉ်ကျေးမှုအားဖြင့်လည်းကောင်း ဘိုးစဉ်ဘောင်ဆက် ကတည်းက အတူ လက်တွဲရပ်တည်ခဲ့ကြသည် မဟုတ်ပါလော။

ယခုအခါ လူများစုသည် တရုတ်၊ ဂျပန်၊ အင်္ဂလန်၊ အမေရိကန်စသော တိုးတက်သော နိုင်ငံကြီးများကို လှမ်းမျှော်နေကြမည် ထင်ပါ၏။ ကျွန်ုပ်တို့ကား ထိုယေဘုယျအမြင်နှင့် မတူတတ်။ အိမ်နီးချင်းကောင်းတို့မည်သည် တစ်ဦးနှင့် တစ်ဦး ကိုယ်တတ်နိုင်သည့်ဘက်က ရိုင်းပင်းကူညီကြရ၏။ အကူအညီ တောင်းစရာ ရှိလျှင် တောင်းရ၏။ ပေးစရာရှိလျှင် ပေးကြရသည်။ အိမ်နောက်ပူလျှင် အိမ်ရှေ့လည်း မချမ်းသာနိုင်။

ကျွန်ုပ်တို့နိုင်ငံသည် ရုပ်ဝတ္ထုအားဖြင့် ချို့ငဲ့သော်လည်း အသိအလိမ္မာနှင့် စပ်လျှင် ကမ္ဘာက မော့ကြည့်ရလောက်အောင် အတုမရှိ ကြွယ်ဝပါ၏။ ထိုအချက်ကို မည်သူမျှ မငြင်းနိုင်ပါ။ ယခုအခါ ပြန်လည်ဆန်းသစ်လာသော နိုင်ငံခြား သာသနာပြု (အသိအလိမ္မာ ဖြန့်ဖြူးရေး)နှင့် စပ်၍လည်း အနီးအဝေး ဦးစားပေး ပံ့ပိုးမှုကို သတိပြု နိုင်ကြပါစေရန် တင်ပြရပါသည်။

## မဏိပူရ အာသံနှင့် ဘင်္ဂလားဒေ့ရှ်မှ သာသနာပြုလက်ငုတ်များ

ကျွန်ုပ်တို့နှင့် အိမ်နီးနားချင်းဖြစ်သော မဏိပူရ၊ အာသံနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံများ၏ အတိတ်နှင့် ပစ္စုပ္ပန် သာသနာဝင်ကို လေ့လာသောအခါ ထိုဒေသတို့၌

www.burmeseclassic.com



ရှေးက မြန်မာ ရခိုင် သျှာမ်းဆရာတော်ကြီးများ၏ လုံ့လဝီရိယနှင့် သာသနာပြု စိတ်ဓာတ်ကို ချီးကျူးဖွယ်ရာ လေ့လာတွေ့ရှိရသည်။ ထိုနိုင်ငံတို့၌ ထေရဝါဒသာသနာ ယခု တည်ရှိနေခြင်းမှာ အဆိုပါ ရှေးက သာသနာပြု ဆရာတော်ကြီးများ၏ ကျေးဇူးပင် ဖြစ်သည်။

ပို၍ အံ့ဖွယ်ကောင်းသည်မှာ မဏိပူရ အာသံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ ကြွရောက်သာသနာပြုသည့် ပုဂ္ဂိုလ်များမှာ ရဟန်းပျိုများမဟုတ်။ မထေရ်ကြီးများ ဖြစ်ကြ၏။ ထိုမျှသာမက ရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်များ ဖြစ်နေသည်မှာ ထူးခြားလှပေ၏။ ဤခေတ် သာသနာ့ဝန်ဆောင် ဆရာတော်များ သတိပြုရန် ဖြစ်ပါသည်။

## ရာဇဂုရု ပယင်းတွင်း ဆရာတော်ကြီး

အိန္ဒိယ အရှေ့မြောက်ပိုင်း မဏိပူရ အာသံ၌ ပွဲကျောင်းဘုန်းကြီးများသာ အနည်းအကျဉ်းရှိနေခဲ့ရာ ၁၂၅၃-ခုနှစ်မှ ၁၂၆၂-ခုနှစ်အထိ ရာဇဂုရု ဘွဲ့တံဆိပ်တော် နှစ်ထပ်ရ ပယင်းတွင်း ဆရာတော်ကြီး ကြွရောက်၍ ထေရဝါဒ သာသနာမျိုးစေ့ ချတော်မူခဲ့သည်။ တန်ခိုး အဘိညာဉ်ရသော ပုဂ္ဂိုလ်ကြီးအဖြစ် ကျော်ကြား၏။ တပည့် လက်သားလည်း များစွာ ထွန်းကားခဲ့သည်။ သို့သော် ယခုအခါ မဏိပူရ အာသံ ထေရဝါဒ သာသနာမှာ လွန်စွာ အားနည်းလျက်ရှိချေပြီ။

သင်္ဂါယနာခေတ်က မြန်မာနိုင်ငံမှ သာသနာပြု ကြွရောက်နေကြသော ဆရာတော် အနည်းငယ်ရှိသေးသော်လည်း အိုမင်းကုန်ကြပြီ။ နောက်ထပ်လည်း သာသနာပြု တပ်ကူ မပို့လွှတ်နိုင်ခဲ့ကြ။ မဏိပူရ အာသံမှ စာသင်သားများလည်း ယခင်က အပါး ၂၀-ခန့် ရှိခဲ့ဖူးရာ ယခုအခါတွင် အသွားအလာ အဝင်အထွက် ခက်ခဲသဖြင့် မြန်မာနိုင်ငံသို့ စာသင်မလာနိုင်ကြ။ ၁၅၊ ၉၊ ၁၉၈၇ ဗုဒ္ဓမမ္မလောက စာစောင်၌ တောင်တန်း သာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရထံ အာသံမှ ဆရာတော်ကြီး ဦးတေဇဝန္တ၏ ပေးစာရှည်ကြီးကို ဖတ်ရှုရရာ အာသံသာသနာ အတွက် လွန်စွာ စိတ်မချမ်းမြေ့ကြပါ။ ယခု ဦးတေဇဝန္တလည်း ပျံလွန်တော်မူ လေပြီ။

"တပည့်တော် တစ်ပါးတည်းသာ မနိုင်မနင်း အိုမင်းမစွမ်းနှင့် လက်ရှိ ဗုဒ္ဓသာသနာတော် မညှိုးမှိန်ရအောင် စောင့်ရှောက်နေရပါသည်။ ယခု အတိုင်းသာ ဆိုလျှင် အာသံနယ်၌ ဗုဒ္ဓသာသနာတော်သည် တဖြည်းဖြည်းနှင့်

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တခြား ရေတိမ်နစ်ရတော့မလို တိမ်ကောသွားမည့် အခြေအနေ ရောက်နေပါပြီ။ သာသနာ့ ဝန်ထမ်းဘက်မှာ အလွန်ကို အားနည်းနေပါပြီ ဘုရား။ မြန်မာပြည်မှ အချိန်မီ ကူညီ တော်မူကြရန် အားနာစွာနှင့်တောင်းပန် ရပါသည်။ မြန်မာပြည်က ဆရာတော် သံဃာတော်များရော၊ သာသနာ့ ဒါယကာဖြစ်ကြသော လူဒါယကာများပါ အာသံနယ် သာသနာ၏အရေးကို မေ့ထားခြင်း မပြုကြပါနှင့်၊ ဥပေက္ခာ ရှုမထားကြပါနှင့်၊ လေးလေး စားစား အရေးယူတော်မူကြပါရန် ဝမ်းနည်းစွာနှင့် တောင်းပန်အပ်ပါသည် ဘုရား။ မြန်မာပြည်ကလွဲ၍ တပည့်တော်များ မမျှော်မှန်းနိုင်ပါ။ မမြင်နိုင်ပါ ဘုရား”

မဏိပူရ အာသံ သာသနာ့သမိုင်းကို တောင်တန်းသာသနာပြု ဦးဥတ္တမ သာရ၏ ကိုယ်တွေ့မှတ်တမ်း (၂)နှင့် ကျွန်ုပ်တို့၏ ဓမ္မဒူတ (ပထမအုပ်)၌ အပြည့်အစုံ ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ မဏိပူရ အာသံ၌ သာသနာပြုမည့် ရဟန်းတော်သည် မြောက်ပိုင်း သျှမ်း (မိုးညှင်းသျှမ်း) စကားတတ်လျှင် ပို၍ အောင်မြင်နိုင်ကြောင်း လေ့လာသိရှိရပါသည်။

ဤကား အိမ်နီးချင်းဖြစ်သော အိန္ဒိယ အရှေ့မြောက်ပိုင်း၌ မြန်မာ ဆရာတော် ကြီးများ အမြော်အမြင်ကြီးစွာ ဒုက္ခခံ၍ သာသနာပြုတော်မူခဲ့ကြပုံ သမိုင်းအကျဉ်း ဖြစ်ပါသည်။ ယနေ့ ထိုအမွေကို ဆက်လက်ထိန်းသိမ်းရန် အချိန် မနှောင်းသင့်ပါ။

## ဘင်္ဂလားဒေ့ရှ်မှ ထေရဝါဒသာသနာ

လွန်ခဲ့သော ၂-နှစ်က ဘုံဘေမြို့အနီး ဂုရုကြီး ဦးဂိုအင်ကာ၏ အိဂတ်ပူရီ ဓမ္မဂိရိသာ၌ နိုင်ငံအသီးသီးမှ ယောဂီပေါင်း ၃၀၀-ကျော် စုပေါင်းတရားထိုင်ကြပြီး ဝိပဿနာဆွေးနွေးပွဲ ကျင်းပစဉ် ဘင်္ဂလားဒေ့ရှ်မှ ဆရာတော်ကြီး ၅-ပါး စာရေးသူ တို့နှင့်အတူ တရားလာထိုင်ကြသည်ကို ဖူးတွေ့ခဲ့ရပါသည်။ မြန်မာနိုင်ငံ၌ စာသင် ဖူးသော ဆရာတော်နှစ်ပါးလည်း ပါပါသည်။

လွန်ခဲ့သော ၅-နှစ်ခန့်ကလည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဗုဒ္ဓသံဃရက္ခိတ အသင်း ဆရာတော်များက စာရေးသူ၏ စာအုပ်များကို ဝယ်ယူမှာကြား၍ မရသဖြင့် စာအုပ်နှစ်စုံ လှူဒါန်းပါရန် မေတ္တာရပ်ခံစာ ရောက်လာပါသည်။ စာရေးသူ အိန္ဒိယ ရောက်စဉ် ဘုံဘေမှတစ်ဆင့် စာအုပ်တစ်စုံ လှူဒါန်းခဲ့ရဖူးပါသည်။ သယ်ဆောင်

www.burmeseclassic.com

www.burmeseclassic.com



သွားရသည်မှာ မလွယ်ကူ၍ တစ်စုံသာလျှဒါန်းနိုင်ခဲ့၏။ စိတ်မကောင်းရပါ။ မည်သို့ပင် ဖြစ်စေ၊ ဝမ်းမြောက်၍ မဆုံးပါ။

အိမ်နီးနားချင်းဖြစ်သော ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ထေရဝါဒ သာသနာဝင်ကို ရှေးမဆွကပင် ကျွန်ုပ်တို့ စိတ်ဝင်စားလျက်ရှိခဲ့ရာ အရှေ့အနောက် ပါကစ္စတန် နှစ်နိုင်ငံ မခွဲမီက "ပါကစ္စတန် ဗုဒ္ဓဘာသာ" စာအုပ်တစ်အုပ် ထွက်ခဲ့ဖူးရာ ကျွန်ုပ်တို့ဖတ်ပြီး ဝမ်းမြောက်ခဲ့ရဖူးသည်။ အထူးသဖြင့် ပါကစ္စတန်အစိုးရက လွတ်လပ်စွာ ဘာသာ ကိုးကွယ်ခွင့်နှင့် အခွင့်အရေးများ ပေးထားပါကြောင်း ဖတ်ရှုရသောကြောင့် ဖြစ်ပါသည်။ သို့ရာတွင် လွန်ခဲ့သော အနှစ် ၂၀-လောက်ကစ၍ ယနေ့အထိ အိန္ဒိယ စာနယ်ဇင်းများ၌ ဘင်္ဂလားဒေ့ရှ်မှ အိန္ဒိယပြည်မကြီးထဲသို့ သောင်းနှင့်ချီ၍ ထွက်ပြေး လာသော ဗုဒ္ဓဘာသာ ခိုလှုံသူများ စခန်းများ အကြောင်းကို ဖတ်ရှုနေရသည် မှာတော့ စိတ်မချမ်းမြေ့နိုင်ပါ။ မည်သူ့ကိုမျှလည်း ပြစ်တင်ရှုတ်ချလိုစိတ် အလျှင်း မရှိပါ။

အိမ်နီးနားချင်းနိုင်ငံများအပေါ် မိမိတို့တတ်နိုင်သည့်ဘက်က ကူညီ စောင့်ရှောက်ခဲ့ကြသော ရှေးမြန်မာ ဆရာတော်ကြီးများနှင့် ညီရင်းအစ်ကိုစိတ်ထား ရှိခဲ့ကြသော မြန်မာရှေးလူးကြီးတို့ လမ်းစဉ်အရ တတ်နိုင်သည်ကို ကူညီလိုသော ဆန္ဒများသာ တဖွားဖွားဖြစ်ပေါ်ရပါသည်။ မည်သည့်လူမျိုး၊ မည်သည့် ဘာသာဝင် ဟု ခွဲခြားသောအမြင် မထားပါ။

## ဘင်္ဂလားဒေ့ရှ်သို့ ထေရဝါဒ ရောက်ရှိပုံ

မဇ္ဈိမဒေသ အိန္ဒိယပြည်မကြီး၌ ဗုဒ္ဓသာသနာ ဆုတ်ယုတ်ပျက်ပြားနေစဉ် မဂဓိပူရ အာသံနှင့် အထူးသဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားတို့သည် မိမိတို့နိုင်ငံကို ဗဟိုဌာနထားကာ အရှေ့တောင်အာရှတစ်ခွင်လုံးသို့ သာသနာပြုခဲ့ကြောင်း တိဘက်လားမား ဘုန်းတော်ကြီး တာရနာထ၏ မှတ်တမ်းများအရ သိရှိရ၏။ ဗင်္ဂလားသားတို့ ဂုဏ်ယူဖွယ်ဖြစ်ပါသည်။

ဗင်္ဂါဒေသသို့ ဗုဒ္ဓသာသနာရောက်သည်မှာ အသောက မတိုင်မီ ဘီ၊စီ ၃-ရာစုအတွင်းက ဖြစ်သည်ဟု သမိုင်းပညာရှင်တို့ ဆိုကြ၏။ ဗုဒ္ဓခေတ်ကပင် သာသနာထွန်းကားကြောင်း ဝိနည်းပိဋကနှင့် မဇ္ဈိမနိကာယ် စသည်တို့ကို ကြည့်လျှင် သိနိုင်ပေသည်။ အင်္ဂတိုင်း၊ ဝင်္ဂတိုင်း၊ စမ္ပာမြို့ စသည်တို့သည် ဘင်္ဂလားနယ်

www.burmeseclassic.com

www.burmeseclassic.com



တစ်လျှောက်တွင် တည်ရှိ၍ ဗုဒ္ဓခေတ်မတိုင်မီကပင် (နိပါတ်တော်ခေတ်ကပင်) ထင်ရှားခဲ့သော ဒေသဖြစ်လေသည်။

ဘင်္ဂလားဒေ့ရှ် အပါအဝင်ဖြစ်သော ရှေးအခါက အင်္ဂတိုင်း၊ ဝင်္ဂတိုင်းသည် ဘုရားပွင့်တော်မူရာ နီပေါနိုင်ငံနှင့်လည်း ဆက်စပ်လျက်ရှိခဲ့သည်။ မဂဓတိုင်း ဗိဟာ (ဝိဟာရ) နယ်နှင့်လည်း ထိစပ်နေရာ စစ်ရေးကိစ္စကြောင့် နယ်နိမိတ်များလည်း ရောနှောပေါင်းစပ်လျက်ရှိခဲ့၏။ အိန္ဒိယရာဇဝင်တွင် ရှစ်ရာစုမှ ဆယ့်နှစ်ရာစုအတွင်း အလွန်ကျော်ကြားခဲ့သော ပါလမင်းများ လက်ထက်တွင် ဗင်္ဂါနယ်သည် ဗိဟာနယ် ကဲ့သို့ပင် သာသနာ အလွန်ထွန်းကားသော နယ်မြေဖြစ်ခဲ့၏။ ဝိက္ကမသီလာတက္ကသိုလ်ကြီးသို့ပင် ဗင်္ဂါနယ်၌ တည်ထောင် အားပေးခဲ့ကြသည်။

## တရုတ်ဘုန်းတော်ကြီးများ မှတ်တမ်း

အေဒီ ၄-ရာစု ၅-ရာစုက တရုတ်ဘုရားဖူး ခရီးသည်ကြီး ဖာဟီယန်သည် အနောက်ဗင်္ဂါရှိ တာမလိတ္တိ (တာမရလိပတိ-ယခု တာမလွတ်) သင်္ဘောဆိပ်မှ သီဟိုဠ် မလေးကျွန်း၊ ထိုကမှ သင်္ဘောနှင့် တရုတ်ပြည်သို့ ပြန်လာခဲ့၏။ တာမလိတ္တိ၌ ၂-နှစ်ခန့် နေထိုင်ပြီး ဗင်္ဂါဒေသ၌ ကျောင်းတိုက် ၂၂-တိုက်ကို လေ့လာမှတ်တမ်း ပြုသွားသည်။

၇-ရာစုက တရုတ်ဘုန်းတော်ကြီး ဆူအန်ဆင်ကလည်း ဗင်္ဂါဒေသရှိ ပုဏ္ဍဝဒ္ဓန ဝါဒန (ယခု မဟာစတန်)၌ ကျောင်းတိုက်ပေါင်း ၂၀၊ သံဃာ ၃၀၀၀၊ ရှိပိုး၌ သံဃာ ၇၀၀၊ သမတဋနယ် (ရှေးအခေါ် ဝင်္ဂတိုင်းအမည်)၌ ကျောင်းတိုက်ပေါင်း ၃၀၊ သံဃာ ၂၀၀၀ ရှိကြောင်း စသည်တို့ကို မှတ်တမ်းပြုသွားခဲ့ကြသည်။ ၁၂-ရာစုအထိ ဘင်္ဂလားဒေသ သာသနာသည် အလုံးအရင်းနှင့်ပင် စည်ပင် ထွန်းကား နေဆဲပင်ဖြစ်၏။ သို့ရာတွင် မဟာယာန အမူအကျင့်များသာလျှင် ဖြစ်ခဲ့ပေသည်။

## အိန္ဒိယမှာ သာသနာ လုံးဝ အမြစ်ပြတ်ခဲ့သလော

အိန္ဒိယသာသနာနှင့်စပ်၍ ရာဇဝင်၊ ဆောင်းပါးတို့၌ ယေဘုယျအားဖြင့် ရေးသားတတ်ကြသည်မှာ "ဗုဒ္ဓပွင့်ရာ မဇ္ဈိမဒေသခေါ် အိန္ဒိယ၌ ဗုဒ္ဓသာသနာသည် ၁၂-ရာစု သို့မဟုတ် ၁၄-ရာစုတွင် လုံးဝအမြစ်ပြတ်သွားပြီ" ဟုသာ ပြောဆို ရေးသား နေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ မဇ္ဈိမဒူတ ပထမအုပ်၌ အာသံ၊ မဏိပူရပြည် သာသနာအကြောင်း ရေးသားခဲ့စဉ်က အိန္ဒိယတွင် မည်သည့်အခါကမျှ သာသနာတော် ဆိတ်သုဉ်းခြင်း မဖြစ်နိုင်ဟု ယုံကြည်ရင်းစွဲလည်း ရှိထားသဖြင့် "၁၄ ရာစုတွင် သာသနာကွယ်သွားပြီ" ဆိုသော အဆိုပြုချက်ကို ကျွန်ုပ်တို့ စဉ်းစားဆဲပင် ရှိသည်ဟု ဖော်ပြခဲ့၏။ တစ်စုံတစ်ရာ ခိုင်မာသော အထောက်အထား မပြနိုင်သေးသောကြောင့် ဖြစ်၏။

အာ၊ စီ မဂျုမ်းဒါး (R.C Magumdra) ရှေးဟောင်း အိန္ဒိယရာဇဝင် (Ancient India) စာအုပ် ၄၂၈-တွင် မိုဟန်မေဒင်တို့ အန္တရာယ်ကြောင့် ၁၁၉၈ အေဒီတွင် ဗုဒ္ဓဘာသာသည် အိန္ဒိယနိုင်ငံ၌ အလုံးအရင်းနှင့် ပျောက်ကွယ်သွား ကြောင်း၊ သို့ရာတွင် တသီးပုဂ္ဂလ အနေအားဖြင့်ဖြစ်စေ၊ အဖွဲ့အစည်းငယ် အနေအားဖြင့် ဖြစ်စေ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သောနည်းဖြင့် ဗုဒ္ဓဘာသာ ကိုးကွယ်နေသူ တို့မှာ ယနေ့ထိအောင်ပင် ရှိနေကြသည်ဟု ဆိုနိုင်ကြောင်း ရေးသားဖော်ပြထား လေသည်။

တစ်ဖန် အိန္ဒိယ သုတေသနဌာန ဒေါက်တာ ကုမာရ်ချတ္တဂျီး ပြုစုသော "ဗင်္ဂါ၌ ကြွင်းကျန် ရှင်သန်နေသော ဗုဒ္ဓဘာသာဝင်များ (Buddhist Suivivals in Bengal) အကြောင်းနှင့်စပ်၍ ၁၉၇၁-ခု အောက်တိုဘာလထုတ် မဟာဗောဓိ ဂျာနယ်တွင် ဒေါက်တာဆုကောမာလ်ချောက်ဓူရီက ထပ်ဆင့်၍ ဆောင်းပါးရေးသား ဖော်ပြခဲ့သည်။ ၁၉-ရာစု ဗင်္ဂါ ဗုဒ္ဓသာသနာအကြောင်း ဖြစ်၏။ ထိုသမိုင်းသည် မြန်မာ့သာသနာနှင့် တိုက်ရိုက် ဆက်စပ်နေသဖြင့် စိတ်ဝင်စားဖွယ် ကောင်းလှပေသည်။ မင်းတုန်းမင်းကြီးလက်ထက်က သီဟိုဠ်မှ ဣန္ဒာသဘ၊ သီလက္ခန္ဓမထေရ်များ ကြီးမှူး သော သာသနာ့မစ်ရှင် အဖွဲ့တစ်ခု မန္တလေး နေပြည်တော်သို့ လာရောက်သည့် အကြောင်းလည်း အဆိုပါ ဆောင်းပါး၌ နှီးနွှယ်ပါဝင်လျက်ရှိသည်။ သီဟိုဠ်မစ်ရှင် အဖွဲ့အကြောင်း မြန်မာရာဇဝင်နှင့် သာသနာဝင်၌ မှတ်တမ်းရှိပြီး ဖြစ်သော်လည်း ဘင်္ဂလား၌ မြန်မာတို့ သာသနာပြုသည့် အကြောင်းကိုမူ မတွေ့ရဖူးသေးချေ။

ထိုဆောင်းပါးကို အခြေခံလျက် ဘင်္ဂလားဒေသရှိသာသနာအကြောင်းကို ဤ၌ အကျဉ်းချုပ် ဘာသာပြန် ဖော်ပြလိုက်ပါသည်။ အဆိုပါ ချောက်ဓူရီ၏ ဆောင်းပါးတွင် "ဗုဒ္ဓဘာသာသည် ဘင်္ဂလားဒေသ၌ လုံးဝပျောက်ကွယ်သွားသော ဘာသာသေတစ်ခု မဟုတ်ပါ" (Buddhism was not at all a dead religion in Bengal.)ဟု အစချီကာ ၁၉-ရာစုတွင် ရခိုင်ဆရာတော် ကြွရောက်သာသနာပြုပုံ

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကိုဖော်ပြထားသည်။ စစ်တကောင်းလွင်ပြင်၌ မူရင်း ဗုဒ္ဓဘာသာဝင်များ ညှဉ်းပန်း နှိပ်စက်သည့်ကြားကပင် ရှင်သန် ရပ်တည်လျက် ရှိနေကြောင်းကိုလည်း ဖော်ပြထား၏။

စစ်တကောင်းလွင်ပြင်၌ ဗုဒ္ဓဘာသာဝင်များ မူရင်းအတိုင်း ရှိနေခြင်းမှာ မြန်မာပြည်၏ ကျေးဇူးဟုပင် ဆိုအပ်၏။ ခေတ်အဆက်ဆက် ရခိုင် ဆရာတော်များနှင့် လူဒကာများ ကူးလူးဆက်ဆံခဲ့ကြသည်မှာ ကြာညောင်းခဲ့ပြီဖြစ်သည်။ မဏိပူရ အာသံပြည်တို့လည်း ထို့အတူ မြန်မာတို့နှင့် ဆက်သွယ်နေခဲ့ကြသည်မှာ ကြာပေပြီ။ ၁၂-ရာစု မတိုင်မီကပင် အိန္ဒိယ၌ သာသနာ့ဘေးရန်များ ပေါ်ပေါက် နေချိန်တွင် အိမ်နီးနားချင်းနိုင်ငံတို့၌ သာသနာ အမြစ်တွယ်လျက် ရှိလေပြီ၊ အာရှတိုက် တစ်ခွင်လုံးလည်း စည်ပင်ပြန့်ပွားနေ၏။

အိန္ဒိယနိုင်ငံကြီးသည် အိမ်နီးနားချင်း နိုင်ငံတို့နှင့်သာမက အင်ဒိုနီးရှား ကျွန်းဆွယ် နိုင်ငံများနှင့်လည်း လူမှုရေး စီးပွားရေး ဆက်သွယ်မှုများ ခေတ်အဆက် ဆက်ကပင် ရှိနေခဲ့သည်ဖြစ်ရာ ဗုဒ္ဓပွင့်တော်မူရာ အိန္ဒိယပြည်ကြီး၌ ဗုဒ္ဓသာသနာတော် ကွယ်ပ ဆိတ်သုဉ်းခြင်းမှာ မည်သို့မျှ မဖြစ်နိုင်ပါချေ။ အထက်ဖော်ပြပါ ပါမောက္ခကြီး ချတ္တာဂျီနှင့် ဒေါက်တာ ချောက်ဓူရီတို့၏ လေ့လာတွေ့ရှိချက်များသည် ကျွန်ုပ်တို့၏ အယူအဆနှင့် ထပ်တူထပ်မျှရှိကြသဖြင့် ကျေးဇူးတင် ဝမ်းမြောက်ရပါသည်။ ၁၈-ရာစု နှင့် ၁၉-ရာစု ကြားကာလ အထောက်အထားများကိုလည်း ဆက်လက် ဖော်ထုတ်နိုင်ပါစေဟု မျှော်လင့်ရပါသည်။

## ဘင်္ဂလားဒေ့ရှ်က မြန်မာသာသနာပိုင်

ရခိုင်ဆရာတော်ကြီး ဦးသာရမေဓာ (ဦးသာရမိတ္တ) ဘင်္ဂလားဒေ့ရှ်သို့ ကြွရောက် သာသနာပြုသည့်အချိန်က ဘင်္ဂလားဒေ့ရှ် သာသနာမှာ ပွဲကျောင်း သာသနာမျိုး ဖြစ်နေပေပြီ၊ ဒေသခံ အယူဝါဒမျိုးစုံ ရောနှောလျက်ရှိချေပြီ၊ ဘုန်းကြီးများ ဘက်တွင် သာသနာဟု ဆိုနိုင်လောက်အောင်ပင် မရှိတော့ချေ။ လိင်္ဂသာသနာ (အသွင်သာသနာ) အပြင်ပန်း သာသနာမျှသာရှိတော့သည်။ သို့ရာတွင် ရခိုင် မရမာကြီးများနေသော ရွာများမှာမူ ထေရဝါဒသာသနာ မူရင်းအတိုင်း ရှိနေခဲ့မည်ကို ယုံမှားစရာ မရှိပါ။

၁၉-ရာစု လွန်ခဲ့သော နှစ်ပေါင်း တစ်ရာကျော်က ဘင်္ဂလားဘုန်းကြီးများကို 'ရာအူးလိစ်' (RAULIS) ဟုလည်းကောင်း၊ (ဟိန္ဒူဘုန်းကြီးများ အမည်ကိုယူ၍) 'ထာအူး

www.burmeseclassic.com

www.burmeseclassic.com



ထာကူးရ် (THAUR? THAKUR) ဟုလည်းကောင်း ခေါ်ကြသည်။ မထေရ်ကြီးများအား 'မာထေရ်' (MATHER) ဟု လည်းကောင်းခေါ်ကြ၏။ မဟာထေရ်ပင် ဖြစ်သည်။

အဆိုပါ ဘုန်းကြီးများသည် သိက္ခာတင်ခြင်း၊ သိမ်ဝင်ခြင်း မရှိ။ အသက် ၂၀-မပြည့်သော်လည်း ၁၀-ပါးသီလဖြင့် ဘုန်းကြီးဝတ်ကြသည်။ ၁၀-ပါးသီလကိုလည်း ရက်ပိုင်မျှယူပြီး အိမ်ထောင်သားမွေး နေကြ၏။ ဘာသာရေးအခမ်းအနားရှိမှသာ သင်္ကန်းကို လည်ပင်းမှာ ရစ်ပတ်ထားတတ်ကြသည်။ ဘုန်းကြီးများသည်လည်း အမျိုးမျိုးသော နတ်များနှင့် ဂြိုဟ်ကြီးကိုးလုံးကို ပူဇော်ကြသည်။ ဒကာများကိုယ်စား ဆိတ် စသည်ကို သတ်ဖြတ်၍ သားစိမ်းလိုက် နတ်တင်ကြ၏။

ဘင်္ဂလားဒေသ၌ ဗုဒ္ဓသာသနာ ဤအခြေအနေ ရောက်ရှိနေချိန် ၁၈၅၆-ခုနှစ်တွင် စစ်တွေမှ သာရမေဓာအမည်ရှိ ဆရာတော်သည် စစ်တကောင်းတောင်တန်းကို ဖြတ်ကျော်လျက် ဗုဒ္ဓဂယာ မဟာဗောဓိသို့ ဘုရားဖူးကြွတော်မူသည်။ စစ်တကောင်းတွင် 'ရောဓာရမ်မာထေရ်' ခေါ် ဘရူးဝါးဘုန်းတော်ကြီးတစ်ပါးနှင့် ရင်းနှီးကာ ဗုဒ္ဓဘာသာ ရွာများသို့ လှည့်လည်တော်မူ၏။ ဘင်္ဂလားဒေသ၏ သာသနာ အခြေအနေကို မြင်တွေ့ရသောအခါ များစွာ စိတ်မကောင်းခြင်းဖြစ်၍ ၂-နှစ်ခန့်နေပြီး သာသနာပြုရန် ဆုံးဖြတ်ချက် ချတော်မူ၏။ ပျက်စီးယိုယွင်းနေသော ဗုဒ္ဓသာသနာတော်ကိုလည်း စွမ်းအားရှိသမျှ ပြုပြင်ရေးလုပ်မည်ဟုလည်း သန္နိဋ္ဌာန် ချတော်မူလေသည်။

ဦးစွာ ပါဟာရ်တလီမြို့ မဟာမုနိရွာ ဘုရားကျောင်းဘေး၌ တဲကျောင်းတစ်ကျောင်း ထိုးကာ သီတင်းသုံးတော်မူလျက် ဘရူးဝါးနှင့် ကျာကမ (Cakama) ဗုဒ္ဓဘာသာဝင်လူမျိုးများနေထိုင်ရာ ကျေးရွာများသို့ လှည့်လည်၍ ပြုပြင်ရေးတရားများ ဟောကြားတော်မူလေသည်။ ဦးစွာမှားယွင်းစွာ ယုံကြည်စွဲလမ်းနေကြသော တန္တရအယူ၊ ယဇ်နတ်ပသမှုအယူတို့ကို စွန့်လွှတ်စေတော်မူ၏။ ဘရူးဝါးဘုန်းကြီး ကျာကမဘုန်းကြီးများကိုလည်း သာသနာတော်အား ညစ်နွမ်းစေသော အယူအစွဲ အမူအကျင့်များတို ့စွန့်ပယ်ကြရန် ဖျောင်းဖျတော်မူရ၏။

## ကျာကမ ပြည်နယ်ဘုရင်မ အားပေးခြင်း

ဆရာတော်သည် ၁၈၅၇-ခုနှစ်တွင် ကျာကမ ပြည်နယ်ဘုရင်မကြီး 'ကာလင်ဒါ'က ပင့်ဖိတ်သဖြင့် ကြွရောက် ဟောပြောရာ ဘုရင်မကြီးမှာ ဗုဒ္ဓတရားတော်များကို မူရင်းအတိုင်း ကြားနာရသဖြင့် လွန်စွာ ဝမ်းမြောက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



အယူပြောင်းများကို စွန့်လွှတ်ကာ ဆရာတော့်ထံ၌ ထေရဝါဒ ဗုဒ္ဓဘာသာဝင် အဖြစ် သရဏဂုံ သီလခံယူလိုက်သည်။ ထို့နောက် အခမ်းအနားတစ်ခု ပြုလုပ်ကာ ဆရာတော်အား 'သံဃရာဇ ဝိနယဓရ' ဘွဲ့တံဆိပ်တော်ကို ကပ်လှူလေသည်။ ဘွဲ့ကပ်ပွဲပြီးလျှင် ဆရာတော်သည် စစ်တွေမြို့သို့ ပြန်ကြွတော်မူသည်။ ထိုဒေသရှိ ဗုဒ္ဓဘာသာဝင် ဒကာ-ဒကာမများအား ညွှန်ကြားပြသ ပြုပြင်ဆုံးမ၍ ရတနံသလောက် ရရှိသော်လည်း ဘုန်းကြီးများမှာ သူတို့၏ အယူပြောင်းကို စွန့်လွှတ်ရန် ငြင်းဆန် နေခဲ့ကြလေသည်။

## ဘရူးဝါးဘုန်းကြီး စန္ဒြမိုဟန်နှင့် ကံစီမံမှု

ဘင်္ဂလားဒေသ၌သာသနာအတွက် အချိန်ကိုက် ကံစီမံသော (သာသနာစောင့် နတ်များ နှိုးဆော်သော) ဖြစ်ရပ်တစ်ခု တိုက်တိုက်ဆိုင်ဆိုင် ဖြစ်ပေါ်ခဲ့၏။ ထိုဖြစ်ရပ်ကား ၁၈၅၁-ခုနှစ်ဖြစ်သည်။ စစ်တကောင်း ဥနိုင်းပူရာ(Unainpura)မှ ဘရူးဝါးဘုန်းကြီး စန္ဒြမိုဟန်သည် ဘုန်းကြီးဝတ်ပြီး ကာလကတ္တားသို့ ပညာသင်ရန် သွားခဲ့၏။ ၁၈၅၅-ခုနှစ်တွင် ကာလကတ္တား၌ သီဟိုဠ်မှ မစ္စတာပေါ (Mr. Paul) ခေါ်သော ပညာရှိကြီးနှင့် ကာလကတ္တားမှာ ဆုံစည်းမိကြ၏။ မစ္စတာပေါကား ၃၃-ဘာသာ တတ်မြောက်သူ ဖြစ်သည်။

စန္ဒြမိုဟန်သည် မစ္စတာပေါနှင့် တွေ့ဆုံသောအခါ ဗုဒ္ဓ၏ မူရင်း တရား ဒေသနာများနှင့်စပ်၍ အလွန်သိလိုစိတ် ပြင်းပြလျက်ရှိသည့်အတိုင်း အချိန်ရှိသမျှ ထိုအကြောင်းကိုသာ မေးမြန်း စပ်စုလေသည်။ မစ္စတာပေါကလည်း ဝမ်းသာအားရ ပြောပြပေး၏။ မစ္စတာပေါသည် စန္ဒြမိုဟန်အား ထေရဝါဒနှင့် အခြေခံပါဠိကိုပါ သင်ကြားပေးနေစဉ် ရဟန်းတို့ ကျင့်ဝတ်ဖြစ်သော ဘိက္ခုပါတိမောက်အကြောင်း ရောက်သွားသောအခါ ဘရူးဝါး ဘုန်းကြီးစန္ဒြမိုဟန်သည် အကြီးအကျယ် တုန်လှုပ် ချောက်ချားသွားသည်။ အဘယ်ကြောင့်ဆိုသော် အသက်နှစ်ဆယ်ပြည့်မှသာ ရဟန်းပြုလို့ရကြောင်း စန္ဒြမိုဟန် သိသွားသောအခါ ၁၇-နှစ်သားက ဘုန်းကြီးဝတ် ခဲ့သော သူ့ဘဝကို သူ နောင်တဖြစ်လာလေတော့၏။

## ပထမဆုံး ထေရဝါဒ ရဟန်းတော်

သို့နှင့် စန္ဒြမိုဟန်သည် မိမိနေရပ် စစ်တကောင်းသို့ ပြန်လာ၏။ ထေရဝါဒ ရဟန်းအဖြစ် ခံယူရန် အခွင့်အလမ်းကို ရှာကြံလျက် နေခဲ့လေသည်။ ကံအားလျော်စွာ

www.burmeseclassic.com

www.burmeseclassic.com



၁၈၆၀-ပြည့်နှစ်တွင် စစ်တွေမြို့ သံဃရာဇာကျောင်းတိုက် သံဃရာဇာ ဆရာတော်ကြီး (ဘဒ္ဒန္တသာရမေဓာ) ထံသို့ ရောက်လာ၏။ ဆရာတော်ကြီးသည် စန္ဒြမိုဟန်အား မိမိကိုယ်တော်တိုင် ဥပဇ္ဈာယ်ပြုကာ ရဟန်းခံ ပေးတော်မူသည်။ ဤမှာဘက် ခေတ်တွင် စန္ဒြမိုဟန်သည် ပထမဆုံးသော ထေရဝါဒီ ဘင်္ဂလားရဟန်းတော် ဖြစ်လာ၏။

ဘိက္ခု စန္ဒြမိုဟန်သည် သာသနာပိုင်ဆရာတော်ကြီးထံ ၂-လခန့်နေထိုင်ပြီး စစ်တကောင်းသို့ပြန်လျက် စစ်တကောင်းဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူတို့အား ထေရဝါဒ မူရင်း ဗုဒ္ဓတရားတော်များကို လှည့်လည် ဟောပြောနေခဲ့သည်။ သို့ရာတွင် ကံမကောင်း အကြောင်းမလှသဖြင့် စန္ဒြမိုဟန် လူဝတ်လဲရရှာသည်။ အကြောင်းကား ရောဂါဝေဒနာ ပြင်းထန်စွာ ခံစားလာရသောကြောင့် ဖြစ်၏။ လအနည်းငယ်ကြာ၍ ရောဂါသက်သာလာသောအခါ စန္ဒြမိုဟန်သည် ကာလကတ္တားသို့ သွားပြန်သည်။ စန္ဒြမိုဟန် ကာလကတ္တားသို့ ရောက်ချိန်တွင် တိုက်တိုက်ဆိုင်ဆိုင် မန္တလေး နေပြည်တော်သို့ သွားရောက်ကြမည့် သီဟိုဠ်ဆရာတော်များအဖွဲ့နှင့် ကြုံကြိုက်ရသည်။

## သီဟိုဠ် သံဃမစ်ရှင်အဖွဲ့ မန္တလေးနေပြည်တော်သို့

မန္တလေး နေပြည်တော်သို့သွားရန် သီဟိုဠ်မှ ကြွလာသော ဓမ္မဒူတ သာသန မစ်ရှင်အဖွဲ့မှာ ခြောက်ဦးပါဝင်၍ အဖွဲ့ခေါင်းဆောင်မှာ အမ္ဗဂဟာဝတ္တေ ဣန္ဒာသဘ-ဝရဉာဏ မထေရ်ဖြစ်၍ နောက်ပါအဖွဲ့ဝင် ပုဂ္ဂိုလ်များမှာ သီလက္ခန္ဓထေရ်၊ ဓမ္မဒဿီထေရ် ဓမ္မပါလသာမဏေ၊ သုမင်္ဂလသာမဏေနှင့် ဥပါသကာနှစ်ယောက်တို့ ဖြစ်ကြသည်။

သီဟိုဠ် ဆရာတော်ကြီးသည် ရခိုင်ပြည် စစ်တွေသာသနာပိုင်ကြီးနှင့် ရင်းနှီး ကျွမ်းသူ စန္ဒြမိုဟန်ကို တွေ့ရသောအခါ အလွန်အားတက်သွား၏။ စန္ဒြမိုဟန်အား ၎င်းတို့အဖွဲ့ကို စစ်တွေသာသနာပိုင်ကြီးထံ လိုက်လံပို့နိုင်၊ မပို့နိုင် မေးမြန်းတော်မူရာ စန္ဒြမိုဟန်လည်း ဝမ်းသာအားရပင် ပို့ပေးနိုင်ကြောင်း ဝန်ခံလျှောက်ထားလျက် ၁၈၆၁-ခုနှစ်တွင် စစ်တွေသာသနာပိုင်ကြီးထံ သွားရောက်ကြလေသည်။ သာသနာတော်ပိုင် ဆရာတော်ကြီးလည်း တပည့်ဟောင်း စန္ဒြမိုဟန်ကိုပါ တွေ့ရသောအခါ များစွာ အားရ တော်မူလျက် ချက်ချင်း မန္တလေးနေပြည်တော် မင်းတုန်းမင်းတရားကြီးထံ သီဟိုဠ် သံဃအဖွဲ့ လာရောက်ကြောင်း သတင်းပို့လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## သီဟိုဠ်ကျွန်း၌ ရာမညနိကာယ တည်ထောင်

နေပြည်တော်မှ နှစ်လခန့်အကြာ သတင်းပြန်ကြားချက် ရရှိသဖြင့် သီဟိုဠ်မှ သာမဏေနှစ်ပါးနှင့်အတူ စန္ဒြမိုဟန်အား ရဟန်းခံပေးတော်မူကြ၏။ စစ်တွေ သာသနာပိုင် ဆရာတော်ကြီးသည် စန္ဒြမိုဟန်အား အင်္ဂလားဒေသ၌ ထေရဝါဒ သာသနာပြုရန် ထက်သန်ပြင်းပြသော ဆန္ဒရှိသည်ကို အားရတော် မူလှသဖြင့် 'ပုဏ္ဏာစာရ ဓမ္မစာရီ' ဟူသော ဘွဲ့တံဆိပ်ကို ချီးမြှင့်တော်မူလိုက်သည်။

လအနည်းငယ် ကြာပြီးနောက် ပုဏ္ဏာစာရမထေရ်သည် သီဟိုဠ်မှ သံဃာအဖွဲ့နှင့်အတူ သီဟိုဠ်ကျွန်းသို့ လိုက်ပါသွား၏။ အဖွဲ့ဝင် သံဃာများအားလုံး လမ်းခရီး၌ တစ်စုံတစ်စရာ အခက်အခဲမရှိစေရန် မင်းတုန်းမင်းတရားကြီးက အောက်မြန်မာနိုင်ငံ ဗြိတိသျှမင်းကြီး ဖယ်ရာထံ မေတ္တာရပ်ခံ သဝဏ်လွှာတစ်စောင်ကိုပါ ရေးပေးလိုက်လေသည်။ သီဟိုဠ်ကျွန်း ဂေါလေ (Galle)ရှိ ဝိဇယာနန္ဒ ကျောင်းတိုက်ကြီးသို့ ချောမောစွာ ပြန်လည် ရောက်ရှိကြပြီးနောက် ပုဏ္ဏာစာရမထေရ်နှင့် ဣန္ဒာသဘ ဝရဉာဏ မထေရ်တို့သည် ၁၉၆၄-ခုနှစ်တွင် 'ရာမညနိကာယ' ကို တည်ထောင်ကြလေသည်။

(သီဟိုဠ်ကျွန်း၌ မြန်မာ့ ဥပနိဿယ၊ မြန်မာသာသနာနှင့် ဆက်သွယ်သော ဂိုဏ်းနှစ်ဂိုဏ်းရှိရာ အမရပူရ ဘိုးတော်လက်ထက် မောင်းထောင် ပထမသာသနာပိုင်နှင့် ဆက်သော ဂိုဏ်းကို 'အမရပူရ နိကာယ-အမရပူရဂိုဏ်း' ဟု ခေါ်၏။ ၁၈၀၂-ခုနှစ် တည်ထောင်သည်။ အထက်မြန်မာပြည်ဂိုဏ်းဖြစ်၏။ ရာမညဂိုဏ်းကား အောက်မြန်မာပြည် သာသနာနှင့် ဆက်သော ဂိုဏ်းတည်း။)

## ဘင်္ဂလားသားတို့ အစုလိုက်အပြုံလိုက် ရဟန်းခံခြင်း

ထို ၁၈၆၄-နှစ်မှာပင် သံဃရာဇာ သာရမေဓာ ဆရာတော်ကြီးသည် စစ်တကောင်း ဗုဒ္ဓဘာသာဝင်တို့၏ ပင့်လျှောက်ချက်အရ ဒုတိယအကြိမ် မဟာမုနိ ရွာသို့ ကြွတော်မူရ၏။ နောက်ပါသံဃာများကိုလည်း ခေါ်ဆောင်သွားသည်။ ပါဟာတလီ၌ မဟာမုနိဘာသာရေး ပွဲတော်ကြီးကို ခမ်းနားစွာ ကျင်းပကြ၏။ မဟာယာနဘုန်းကြီး ၇-ပါးတို့ သံဃရာဇ၏ ဩဝါဒကိုခံယူကာ ထေရဝါဒ ရဟန်း အဖြစ် ရေသိမ်၌ ရဟန်းပြုကြသည်။

သာသနာပိုင် ဆရာတော်ကြီးလည်း စစ်တကောင်းမှာပင် တစ်နှစ် သီတင်း သုံးတော်မူလျက် ရဟန်းသစ်များအား ထေရဝါဒ ဝိနည်းဓမ္မကံအရ နေနည်း

www.burmeseclassic.com



ထိုင်နည်းများနှင့်တကွ ဗုဒ္ဓဘာသာအကြောင်း သိကောင်းစရာများကို ဟောကြား သင်ပြတော်မူသည်။ ရာအူးလီခေါ် အခြားဘုန်းကြီးများလည်း သာသနာပိုင် ဆရာတော်ကြီးကို ဥပဇ္ဈာယ်ပြု၍ ထေရဝါဒ ရဟန်းပြုကြသည်မှာ အလွန်များပြားလှ ပေသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် သာသနာ့ သမိုင်းမှတ်တိုင်ကြီး စိုက်ထူ လိုက်ခြင်းပင် ဖြစ်ပေတော့သည်။

သို့ရာတွင် ရိုးရာဘုန်းကြီး တော်တော်များများမှာ ရဟန်းသစ်ခံရန် ငြင်းဆန် ကြလေရာ ဘင်္ဂလားဒေ့ရှ်၌ ထိုအချိန် (၁၈၆၅) မှစ၍ သံဃာဂိုဏ်းနှစ်ဂိုဏ်း ကွဲပြား လာခဲ့တော့၏။ သံဃရာဇာဂိုဏ်းနှင့် မာထေရ်ဂိုဏ်း။ မည်သို့ဖြစ်စေ သံဃရာဇာ၏ အားပေးမှု၊ ထေရဝါဒ ရဟန်းသစ်များ၏ ကြိုးစား အားထုတ်မှုတို့ကြောင့် ဘင်္ဂလားဒေ့ရှ် ထေရဝါဒ သာသနာသည် တစ်ရှိန်ထိုး တိုးတက်လာ၏။ ၁၈၆၆ - ခုနှစ်တွင် ပုဏ္ဏာစာရမထေရ် သီဟိုဠ်မှ ပြန်ကြွလာစဉ် ထိုအခြေအနေကို တွေ့မြင် ရရာ များစွာ ပီတိဖြစ်မိလေသည်။

## ကျောင်းကန် စာပေထူထောင်ခြင်း

ပုဏ္ဏာစာရမထေရ် သီဟိုဠ်မှ ပြန်လာသောအခါ ဗင်္ဂါရဟန်းတော်များအား ဗုဒ္ဓစာပေနှင့် ပါဠိဘာသာကို ကိုယ်တိုင်ကြပ်မကြီး သင်ကြားပေးသည်။ သီဟိုဠ်မှ ပညာရှင်များကိုလည်း ပင့်ခေါ် သင်ကြားစေသည်။ မိမိတို့နိုင်ငံ၌ ပရိယတ္တိ စာပေပညာ အောက်တန်း နောက်တန်းကျနေလျှင် ဦးစွာ မိမိတို့၏ ချွတ်ယွင်းချက်ကိုမျှ မြင်နိုင် မည်မဟုတ်ကြောင်း ကောင်းကောင်း သဘောပေါက်တော်မူသဖြင့် ကျောင်းကန်များကို စတင် တည်ထောင်ကြသည်။ ပထမဆုံး ဗုဒ္ဓသာသနာပြု စံပြကျောင်း ၃-ကျောင်းကို တည်ထောင်လိုက်ကြ၏။

၁၈၆၉-ခုနှစ်တွင် ရခိုင် စစ်တွေမှ သာသနာပိုင် ဆရာတော်ကြီးကို ပင့်လျှောက်ကာ ရာဂျာနဂါးတွင် သာသနာတော်၏ အသက်ဖြစ်သော သိမ်ကို သမုတ်ကြသည်။ ရဟန်းခံနည်းဖြစ်လော ပါတိမောက္ခစသော ကျမ်းစာများကိုလည်း ဗင်္ဂါလီဘာသာပြန်ဆို၍ ပုံနှိပ်ကြလေသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ၁၉-ရာစု ထေရဝါဒ သာသနာ ပြန်လည်တည်ထောင်ကြရာတွင် ပုဏ္ဏာစာရမထေရ်သည် ခေါင်းဆောင်ဖြစ်၍ ၎င်းနှင့် တစ်စိတ်တစ်ဝမ်းတည်း တက်ညီလက်ညီ သာသနာပြုဖက်များမှာ ဟရဂေါဝိန္ဒ မုတ်သုဒ္ဒိ ချန္ဒြချောက်ဓူရီ ဂုဏာမဉ္ဇူထေရ်နှင့် (၇-ပါး ပထမအသုတ် ရဟန်းခံရာတွင် ပါဝင်သော) ဉာဏာလင်္ကာရမထေရ် စသည်တို့ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပုဏ္ဏာစာရမထေရ်သည် နူးညံ့သိမ်မွေ့သူဖြစ်သည့်အလျောက် စာပေသင်ကြားရေး၊ ဟောရေး၊ ပြောရေးများကို တာဝန်ယူဆောင်ရွက်ရာ ရဟန်း ရှင်လူအားလုံးက လေးစားချစ်ခင်ကြ၏။ ဒုတိယခေါင်းဆောင်ဖြစ်သော ဉာဏာလင်္ကာရမထေရ်မှာ ထက်မြက်သွက်လက်သူဖြစ်၍ စည်းရုံးရေး၊ လက်တွေ့ အကောင်အထည်ဖော်ရေးတွင် တင်းတင်းကြပ်ကြပ် ကိုင်တွယ်ဆောင်ရွက်သဖြင့် အားလုံးက 'ရှိန်း' ကြလေသည်။ အကြမ်းအနု တက်ညီလက်ညီ ဆောင်ရွက်ခဲ့ကြသဖြင့် ဘင်္ဂလားဒေ့ရှ်သာသနာမှာ လျင်စွာ တိုးတက်လာ၏။ ပုဏ္ဏာစာရမထေရ်အား ဗုဒ္ဓဂယာ မဟာဗောဓိကိုရှာဖွေရာ၌ အင်္ဂလိပ် ကျော်စာမင်းကြီး 'အလက်ဇန်းဒါးကန်နင်ဃမ်' မတူးဖော်မီကပင်ရှာဖွေ ထုတ်ဖော်သူအဖြစ် မှတ်တမ်းတင်ကြလေသည်။

## သာသနာပိုင်ဆရာတော် နောက်ဆုံးကြွခြင်း

စစ်တွေမြို့ ဘဒ္ဒန္တသာရမေဓာဆရာတော်သည် ပြည်တွင်းသာသနာကိုသာမက အိမ်နီးချင်းဒေသ ပြည်ပသာသနာပြု လုပ်ငန်းကိုပါ ကြိုးပမ်း ဆောင်ရွက်တော်မူသဖြင့် ၁၈၆၈-ခုနှစ်တွင် မင်းတုန်းမင်းတြားကြီးက 'သာရမေဓာဘိတိသာသနဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု' ဘွဲ့တံဆိပ်တော်ကို ကပ်လှူတော်မူခဲ့သည်။ (၁၈၅၇-ခုနှစ်က ကျာကမာပြည်နယ် ဘုရင်မကြီး ကာလင်ဒါက 'သံဃရာဇဝိနယရေ'ဘွဲ့ ဆက်ကပ်ကြောင်း ပြခဲ့ပြီ။) တစ်ဖန် ၁၈၆၄-ခုနှစ်ကပင် ဗြိတိသျှအစိုးရက 'သာရမေဓာလင်္ကာရာဘိ တိသာသနဓရ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု' ဘွဲ့တံဆိပ်တော်ကို ကပ်လှူခဲ့လေသည်။

သံဃရာဇာ သာရမေဓာဆရာတော်ဘုရားကြီးသည် ၁၈၇၇-ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ် (စစ်တကောင်း)သို့ စတုတ္ထမြောက် နောက်ဆုံး အကြိမ်အဖြစ် ကြွရောက်တော်မူ၏။ ဆရာတော်သည် ပုဏ္ဏာစာရမထေရ်အား ဘင်္ဂလားဒေ့ရှ်ရှိ 'သံဃရာဇ နိကာယ' တာဝန်အရပ်ရပ်ကို လွှဲအပ်တော်မူလေသည်။ သာသနာပိုင်ဆရာတော်ဘုရားကြီးသည် ၁၈၈၂-ခုနှစ်တွင် စစ်တွေမြို့၌ ပျံလွန်တော်မူသည်။ (ဆရာတော်ကြီး၏အကြောင်း ရခိုင်မှတ်တမ်းများကို ဆက်လက် လေ့လာရပါဦးမည်။)

ပုဏ္ဏာစာရမထေရ်သည် ထိုအချိန်(၁၈၇၇)မှစ၍ ဘင်္ဂလား သာသနာပိုင်တင်မြောက်ခြင်းခံရသော်လည်း ထိုနှစ်မှာပင် သီဟိုဠ်သို့ ကြွရောက်၍ ၈-နှစ်ခန့်ဆက်လက်၍ ပညာသင်ကြား ဆည်းပူးနေသဖြင့် ဉာဏာလင်္ကာရ မထေရ်အားသာသနာပိုင် တင်မြောက်ထားကြရသည်။ ၈၄-ခုနှစ် သီဟိုဠ်မှ ပြန်ကြွလာသောအခါ

www.burmeseclassic.com

www.burmeseclassic.com



သာသနာပိုင်တာဝန်များကို တာဝန်ယူ ဆောင်ရွက်သည်။ ဉာဏာလင်္ကာရမထေရ်အား ဂိုဏ်းသံဃာများက 'မဟာထေရ်' ဟူသော ဘွဲ့တံဆိပ်ကို ကပ်လှူကြ၏။

## သီဟိုဠ်ပညာရှင်များနှင့် ဆက်လက်၍

ထိုအချိန်မှစ၍ ဘင်္ဂလားဒေ့ရှ် ထေရဝါဒသာသနာသည် ပါဠိပညာ သင်ကျောင်းများ တည်ထောင်ကာ ဘင်္ဂါလီဘာသာပြန်လုပ်ငန်းများကို တိုးတက် ဆောင်ရွက်လာကြသည်။ အထူးသဖြင့် သီဟိုဠ်မှ ပညာရှင်များ အကူအညီကိုလည်း များစွာရရှိကာ ခေတ်မီတိုးတက်လာ၏။ ဘရူးဝါးပညာရှင်များလည်း များစွာ ပေါ်ထွန်းခဲ့လေသည်။ ၁၉၀၉-ခုနှစ်တွင် ဒုတိယဘင်္ဂလားသာသနာပိုင် ပုဏ္ဏာစာရ ဓမ္မဓာရီမဟာထေရ် ပျံလွန်တော်မူရာ ဉာဏာလင်္ကာရမဟာထေရ် တတိယ သာသနာပိုင် ဖြစ်တော်မူလာသည်။

ထိုအချိန်ကား သီဟိုဠ်မှ ကမ္ဘာကျော် သာသနာပြုပုဂ္ဂိုလ် အနာဂါရိက ဓမ္မပါလသည် အိန္ဒိယ၌ သာသနာမျိုးစေ့ ပြန်လည်ပျိုးချချိန်ဖြစ်သဖြင့် သီဟိုဠ်မှ ပညာရှင်များကလည်း ဘင်္ဂလားဒေ့ရှ်သာသနာကိုပါ အားသွန်ခွန်စိုက်ကြိုးပမ်း ဝိုင်းဝန်း ပြုစုပေးခဲ့ကြ၏။ စာပေလုပ်ငန်းများလည်း များစွာ တိုးတက်လာခဲ့၏။ တတိယ သာသနာပိုင်ဆရာတော်ကြီး ဉာဏာလင်္ကာရမဟာထေရ်လည်း ဘင်္ဂလား သာသနာရေး ဆောင်ရွက်လို့ ကောင်းနေခိုက် ၁၉၂၇-ခုနှစ်တွင် ပျံလွန်တော်မူခဲ့ရပြန်ပါသည်။ စတုတ္ထသာသနာပိုင်အဖြစ် ဝရဉာဏမဟာထေရ်က တာဝန်ယူတော်မူ၏။ ကရိပါ့သျှာရန် မဟာထေရ်ကလည်း ကာလကတ္တားစသော မြို့များ၌ ..သင်းအဖွဲ့များ၊ ကျောင်းတိုက် များကို တည်ထောင်တော်မူခဲ့သည်။ ကျွန်ုပ်တို့ ကာလကတ္တားရောက်စဉ်က ၁၉၀၀-ပြည့်နှစ်က ဆရာတော်တည်ထောင်ခဲ့သော ဓမ္မင်္ကုရ်ဝိဟာရ (တရားညွှန့် ကျောင်းတိုက်)သို့ သွားရောက်ကာ ကရိပါ့သျှာရန် ဆရာတော်၏ ကြေးရုပ်တော် ကိုလည်း ကြည်ညိုခဲ့ကြ၏။ ဆရာတော်လည်း ၁၉၂၆-ခုနှစ်တွင် ပျံလွန်တော် မူသည်။ (ရှေ့၌ပြမည်။)

## သာသနာပိုင်များ

စစ်တွေသာသနာပိုင်ဆရာတော်ကြီးမှစ၍ ဘင်္ဂလားဒေ့ရှ်၌ နှစ်ပေါင်း ၁၃၂-နှစ်အတွင်း သာသနာပိုင် အစဉ်အဆက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၁။ ပထမ သာသနာပိုင် သာရမေဓ မဟာထေရ်၊ (၁၈၅၇-၁၈၇၇)

၂။ ဒု-သာသနာပိုင် ပုဏ္ဏာစာရဓမ္မဓာရီမဟာထေရ်၊ (၁၈၇၇-၁၉၀၈)

၃။ ဉာဏာလင်္ကာရမဟာထေရ်၊ (၁၉၀၈-၁၉၂၇)

၄။ ဝရဉာဏမဟာထေရ်၊ (၁၉၂၇-၁၉၃၆)

၅။ ကမ္မဂီရထေရ ဝဏ္ဏမဟာထေရ်၊ (၁၉၃၆-၁၉၄၂)

၆။ ဓမ္မကထိက ဓမ္မာနန္ဒမဟာထေရ်၊ (၁၉၄၂-၁၉၅၇)

၇။ သတ္တမ သာသနာပိုင် သံဃရာဇာ သဒ္ဓမ္မကတ္တိအဘယတိဿ မဟာထေရ် (၁၉၅၇-၁၉၇၄)

၈။ (ယခုလက်ရှိ သာသနာပိုင်မှာ မသိရသေး။)

## လက်ရှိ သာသနာရေး

အိမ်နီးချင်းလည်းဖြစ် သာသနာပြုလက်ငုတ်လည်းဖြစ်သော ဘင်္ဂလားဒေ့ရှ်ကို ကျွန်ုပ်တို့ အလွန် စိတ်ပါဝင်စားနေပါသည်။ အိမ်နီးချင်းနိုင်ငံများ၏ သာသနာရေးရာများကိုလည်း လက်လှမ်းမီသမျှ ရှာဖွေဖတ်ရှုကြည့်ရှုနေပါသည်။ ယနေ့ ဘင်္ဂလားဒေ့ရှ်ရှိ သာသနာနှင့်စပ်၍ ကျွန်ုပ်တို့ လေ့လာသိရှိရသည်မှာ ယခုအခါ ကျောင်းနှင့် ဘုရားကျောင်းပေါင်း ၃၁၈-ရှိရာ၊ ၂၄၅-မှာ စစ်တကောင်း၌ရှိကြ၍ ကျန်ကျောင်းများမှာ နိုဒါအာလီ၊ တိပိရနှင့် ဘေကာဂန့်ဂျ် ဒေသများတွင် တည်ရှိကြ၏။ ကျောင်းပေါင်း ၂၆၀-မှာ သာသနာပိုင်၏ အုပ်ချုပ်မှုအောက်တွင်တည်ရှိ၍ ပါဠိစာသင်တိုက်များပင် ရှိကြသည်။ ဒါကာမြို့ပေါ်မှာပင် ကျောင်း ၂-ကျောင်းရှိလေသည်။ စစ်တကောင်းနှင့် ကောက်(ခ်)စ်ဘဇား မြို့၊ ကပ်ပဟိုင်းမြို့၊ တောင်ပေါ်ရှိ ရန်ဂါမာတီမြို့များ၌လည်း ဘုန်းတော်ကြီးများရှိရာ ကမ္မဋ္ဌာန်းရိပ်သာများလည်း ရှိနေပေသည်။ ဥပုသ်နေ့များတွင် ကျောင်းသို့ လာရောက်၍ ဥပုသ်စောင့်သူများပင်ရှိရာ သာဓုခေါ် ရပါ၏။ ကျောင်းသား ၁၀၀ ကျော်ရှိသော ပရဟိတ မိဘမဲ့ကျောင်းများလည်း ရှိကြသည်။

ဘင်္ဂလားဒေ့ရှ်အစိုးရကလည်း နှစ်စဉ် ဗုဒ္ဓဘာသာဆိုင်ရာ စာမေးပွဲများ ကျင်းပပေးကြောင်း၊ ရုပ်မြင်သံကြားမှ တနင်္ဂနွေနှစ်ပတ်လျှင် တစ်ကြိမ်ကျ ၅-မိနစ်ခန့် ဟောပြောခွင့် ပြုထားကြောင်းများကိုလည်း သိရှိရပေရာ အစိုးရအားလည်း

www.burmeseclassic.com

www.burmeseclassic.com



များစွာကျေးဇူးတင်ရပါသည်။ လူဦးရေ သန်းတစ်ရာကျော်ရှိရာတွင် ဗုဒ္ဓဘာသာဝင်မှာ ၃-သိန်းခန့်ရှိကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်မှ ရဟန်းငယ်များ မြန်မာနိုင်ငံသို့ လာရောက်နေထိုင်၍ ပညာသင်ကြားလိုကြောင်း ကြားသိရရာ တတ်နိုင်သမျှ ကူညီကြရန် လိုအပ်ပါသည်။ အိမ်နီးချင်းနိုင်ငံများသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုစသည်ဖြင့် ကူးလူးဆက်ဆံကြရသည်မှာ တစ်ခေတ်တစ်ခါမျှသာ မဟုတ်ပါချေ။ ထာဝစဉ်ဆက်သွယ် သွားကြရမည်သာ ဖြစ်ပါသည်။ ထို့ကြောင့် ဘာသာတရားထွန်းကားသော မြန်မာနိုင်ငံကလည်း အမြဲတမ်း ပရိယတ် ပဋိပတ် အကူအညီ မျှော်လင့် တောင့်တနေကြသော ဘင်္ဂလားဒေ့ရှ် ဗုဒ္ဓဘာသာဝင်များ၏ ဆန္ဒကို တတ်စွမ်းသမျှ ကူညီရန် လိုအပ်နေပါသည်။

## သဘာဝအန္တရာယ် ကူညီကာကွယ်ကြစို့

နှစ်နိုင်ငံ အစိုးရတို့ကလည်း ဆက်သွယ်ရေးလမ်းကြောင်း ဖြောင့်ဖြူးစေရန် ခွင့်ပြုကြလိမ့်မည်ဟု မျှော်လင့်ရပါသည်။ စာရေးသူ တသီးပုဂ္ဂလအနေအားဖြင့် ဤဆောင်းပါးကို ရေးသားနိုးဆော်ခြင်းအားဖြင့်လည်းကောင်း၊ ကိုယ်တိုင်ရေး စာအုပ်များကို ပေးပို့လှူဒါန်းခြင်းအားဖြင့်လည်းကောင်း တတ်နိုင်သမျှ ဆောင်ရွက်နေပါသည်။ နောင်အခါတွင်လည်း လိုအပ်သော အကူအညီများပေးရန် အသင့်ပင်ဖြစ်ကြောင်း ပြောလိုပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ပထဝီဝင် အနေအထားအရ သဘာဝအန္တရာယ် အလွန်ကြမ်းတမ်းလှပါသည်။ ရာသီဥတု အခြေအနေအလိုက် မြန်မာနိုင်ငံမှ သူတော်ကောင်းကြီးများကလည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံအား မေတ္တာဘာဝနာပို့လွှတ် ကူညီနေကြပါသည်။ စာရေးသူလည်း အကြောင်းအားလျော်စွာ ၈-၁၂-၁၉၈၆ နေ့ညက ဒါကာမြို့တွင် ၁၂-ထပ်ရှိ ဟိုတယ် ပါဘနီ၏ ၇-ထပ်၊ အခန်း-၇၃၄ ၌ တစ်ညတည်းခိုကာ ဓမ္မစကြာ အနတ္တလက္ခဏာသုတ်များ ရွတ်ဖတ်သရဇ္ဈာယ်ပြီးနောက် မေတ္တာဘာဝနာ ပွားများခွင့်ရခဲ့ပါ၏။

ဘင်္ဂလားဒေ့ရှ်အစိုးရကလည်း နှစ်စဉ် ဗုဒ္ဓဘာသာဆိုင်ရာ စာမေးပွဲများ ကျင်းပပေးကြောင်း၊ ရုပ်မြင်သံကြားမှ တနင်္ဂနွေနှစ်ပတ်လျှင် တစ်ကြိမ်ကျ ၅-မိနစ်ခန့် ဟောပြောခွင့် ပြုထားကြောင်းများကိုလည်း သိရှိရပေရာ အစိုးရအားလည်း

www.burmeseclassic.com

www.burmeseclassic.com



မေတ္တာဘာဝနာကို အင်အားပါပါ အသုံးပြုနိုင်ကြပါစေဟု ဆုတောင်းလိုက်ပါကြောင်း။

## ကရိပါရှရန်မဟာထေရ်

ဘင်္ဂလားဒေ့ရှ် သာသနာပိုင် သာရမေဓာဆရာတော်ကြီးမှ ဆင်းသက်လာသော ဘင်္ဂလားသာသနာဝင်နှင့်စပ်၍လည်းကောင်း၊ အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓသာသနာတော် ပြန်လည်ထူထောင်မှုသမိုင်းနှင့် စပ်၍လည်းကောင်း အထူးမှတ်သားသင့်သော စစ်တကောင်းဇာတိ သမိုင်းဦး ပုဂ္ဂိုလ်ကျော်တစ်ပါး ရှိပါသေးသည်။ ယင်းကား (အထက်ပါတွင် ဖော်ပြခဲ့သော) ကရိပါရှရန် မဟာထေရ်ပင်ဖြစ်ပါသည်။ ထေရုပ္ပတ္တိ အပြည့်အစုံမှာ ဤသို့ဖြစ်ပါသည်။

ဆယ့်ကိုးရာစုနှစ် အိန္ဒိယကို လေ့လာကြည့်လျှင် ဗုဒ္ဓဘာသာ စတင်ပေါ်ပေါက်ရာဖြစ်သော ပင်ရင်းဒေသ၌ သာသနာတော် ကွယ်ပလျက်ရှိကြောင်း တွေ့ရပေသည်။ အိန္ဒိယ၌ ဗုဒ္ဓဘာသာ ကွယ်ပျောက်ရခြင်း အကြောင်းများစွာ ရှိသည့်အနက် အခြားဘာသာ အယူဝါဒ အကျင့်များနှင့် ပူးပေါင်း ရောနှောသွားခြင်းသည် အဓိက အကြောင်း ဖြစ်ပေသည်။ ထို့ကြောင့် ဆယ့်ကိုးရာစုနှစ် အလယ်ပိုင်းနှင့် နောက်ဆုံးပိုင်း ခေတ်တွင် သီဟိုဠ်ရဟန်းတော် အနာဂါရိကဓမ္မပါလ၊ မြန်မာရဟန်းတော် အရှင်စန္ဒြမုနိ (ကုသိနာရုံဆရာတော်) နှင့် အိန္ဒိယရဟန်းတော် ကရိပါရှရန်တို့က ပြန်လည်၍ ထေရဝါဒ သာသနာတော်ကို ပြုစုပျိုးထောင် ပေးခဲ့ကြသည်။ ပြန်လည်အမြစ်တွယ်နိုင်ခဲ့သည်။

အထက်ပါ သာသနာ့ပြုပုဂ္ဂိုလ်မြတ်ကြီး သုံးပါးအနက် အရှင်ဓမ္မပါလ၊ အရှင်စန္ဒြမုနိတို့၏အကြောင်းကို အတ္ထုပ္ပတ္တိများနှင့် မှတ်တမ်းများ ရေးသားပြီးဖြစ်၍ လူသိများကြပေသည်။ ကရိပါရှရန် မဟာထေရ်အကြောင်းကိုကား ကြားဖူးသူ နည်းပါးလှ၍ ရှာဖွေတင်ပြလိုက်ရပေသည်။

ရဟန်းတော် ကရိပါရှရန် ဖြစ်လာမည့် သတို့သားကလေးကို ခရစ်နှစ် ၁၈၆၅-ခုနှစ်၊ ဇွန်လ ၂၂-ရက်တွင် စစ်တကောင်းနယ်ရှိ ဦးနိုင်ပုရာ အမည်ရှိသော ရွာကလေးတွင် မွေးဖွားခဲ့လေသည်။ မိဘနှစ်ပါးမှာ အလွန်ဆင်းရဲလှသော လယ်ယာလုပ်သားများ ဖြစ်၍ သူတို့၏ သားငယ်ကို ငယ်စဉ်ကပင် အလုပ်ကြမ်း လုပ်ကိုင်စေခဲ့ရလေသည်။ ဆယ်နှစ်သားတွင် ဖခင်သေဆုံးသွား၍ မိခင်နှင့်အတူ

www.burmeseclassic.com

www.burmeseclassic.com



ဈေးရောင်းရ၊ လယ်တောအလုပ်လုပ်ရဖြင့် ဘဝကို ရုန်းကန်ခဲ့ရသည်။ အတန်းကျောင်းဟူ၍ တစ်ခါမျှမနေခဲ့ရပေ။ သို့သော် ပင်ကိုကပင် ဉာဏ်ထက်မြက်သူဖြစ်၍ ထူးခြားစွာ သာသနာပြုနိုင်သူ ဖြစ်လာရပေသည်။

ထိုခေတ်က စစ်တကောင်းနယ်၌ မြန်မာ-ရခိုင် ဗုဒ္ဓဘာသာ အနည်းအကျဉ်းရှိပြီး ဗုဒ္ဓဘာသာ စစ်တကောင်းဘုန်းကြီး သုံးလေးပါးခန့်ကို ရှားရှားပါးပါး ဖူးတွေ့နိုင်သော အခြေအနေသို့ရောက်ရှိနေသည်။ ထိုခေတ်က အာသံနယ်၊ စစ်တကောင်းနယ်တို့တွင် တန်တြဟိန္ဒူဝါဒ ရဟန်းတော်များကြီးစိုးနေ၍ ထေရဝါဒ ဘုန်းကြီးကျောင်းနှစ်ကျောင်းသာ ရှိလေသည်။ ဝိနည်းတော်သိသူ ရှားပါးလှသည်။ စစ်တကောင်းဗုဒ္ဓဘာသာဝင်ဖြစ်နေသော ကရိပါရှရန်ကလေးသည် ဆယ့်ခြောက်နှစ်သားအရွယ်တွင် မိခင်က သုဒ္ဒါစန္ဒြမဟာထေရ်ထံ၌ ရှင်ပြုပေးခဲ့သည်။ မထေရ်ကြီးကသူငယ်ကလေး၏ ဣန္ဒြေရှိပုံ၊ ရုပ်ရည်သန့်ပြန့်ပုံ၊ ဉာဏ်ထက်မြက်ပုံ၊ ပညာလိုလားပုံတို့ကို သိမြင်သွားသောကြောင့် ပါဠိတော်ကြီးများအထိ သင်ကြားပို့ချ ပေးလေသည်။ သာမဏေဘဝ၌ပင် နိကာယ်ကြီးများကို အဋ္ဌကထာနှင့် ဖတ်ရှုနားလည်နိုင်၍ အခြား ရှင်သာမဏေတို့က အံ့သြ ချီးကျူးခဲ့ကြရသည်။ သူကား ဘဝပေးပါရမီရှိသူဖြစ်၍ သာမဏေဘဝမှာ ပျော်ပိုက်ကာ ရဟန်းဘောင်သို့ ဆက်လက်တက်ရောက်ပြီး အမြဲသာသနာ့ဝန်ထမ်း ရဟန်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့လေသည်။

အာစရိယဂုရု မဟတ္တမ ပုဏ္ဏာစာရမထေရ်က မြတ်ဘုရားတို့ မစွန့်ရာလေးဌာနသို့ ဘုရားဖူးခေါ်သွားရာ ဗုဒ္ဓဂယာ၌ ဗုဒ္ဓဘာသာဝင်တစ်ယောက်မျှမရှိပုံကို တွေ့မြင်ခဲ့ရသည်။ ထို့ကြောင့် ဗုဒ္ဓဂယာဒေသမှစ၍ အိန္ဒိယနိုင်ငံအနှံ့ ဗုဒ္ဓဘာသာ ပြန်လည်ထွန်းကားလာရန် ကြိုးစားလေတော့သည်။ သူသည် ပါဠိတော်များကို ဟိန္ဒီဘာသာနှင့် ဖြန့်ချိသည်။ ဟိန္ဒီဘာသာဖြင့် လိုက်လံ တရားဟောသည်။ ဆွေးနွေးပွဲများ ပြုလုပ်ပေးသည်။ ၁၈၉၂-ခုနှစ်တွင် ကာလကတ္တားမြို့၌ ဗင်္ဂါလီဗုဒ္ဓဘာသာ အသင်းကြီးကို စတင် တည်ထောင်ဖွဲ့စည်းပြီး လက်ကနောင်၊ အလ္လာဟာဘတ်၊ ဒေလီ၊ ဆင်းမလား၊ ဒါဂျီလင်၊ ကန်ပူ စသော မြို့ကြီးများ၌ အဖွဲ့ခွဲများ ဖွင့်လှစ်ပေးသည်။ ကာလကတ္တားမြို့၌ ဗုဒ္ဓဝိဟာရတစ်ခု၊ ဗုဒ္ဓဘာသာတစ်ခု ဖွင့်လှစ်ပေးခဲ့သည်။

ရဟန်းတော် ကရိပါရှရန် မထေရ်မြတ်၏ မွန်မြတ်သော သာသနာပြုလုပ်ငန်းများနှင့် အနစ်နာခံ ကြိုးစားဆောင်ရွက်မှုများကြောင့် ဆရာသခင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တော်မူသော ပုဏ္ဏာစာရကာ အားရနှစ်သက်တော်မူသည်။ ထို့ကြောင့် ဆရာတော်က အသက် ၃၆-နှစ်သာ ရှိသေးသော တပည့်ကို မဟာထေရဘွဲ့တော်၊ မဟာပဏ္ဍိတ်ဘွဲ့တော်တို့ကို ချီးမြှင့်လိုက်သည်။ ၁၉၀၂-ခုနှစ်တွင် နှစ်ပေါင်းများစွာ ကွယ်ပျောက်နေခဲ့သော ဇေတဝန်ကျောင်းတော်ကို သူ၏ ကြိုးစားရှာဖွေချက်ကြောင့် နီပေါလ်အနီး ဘာလာရန်ပူရွာ သစ်တောကြီးထဲတွင် စတင်ရှာဖွေ တွေ့ရှိခဲ့လေသည်။

ထို့ကြောင့် ကမ္ဘာအရပ်ရပ်ရှိ ဗုဒ္ဓဘာသာခေါင်းဆောင်များ၊ သူတော်စင်များက သူ့ထံသို့ ကျေးဇူးတင်လွှာများ ပေးပို့ကြသည်။

ဆရာတော်သည် ပညာရေးကို အထူး စိတ်ပါဝင်စား၍ အထူး အားပေးခဲ့သည်။ သာစကေပြရလျှင် ကာလကတ္တား တက္ကသိုလ်တွင် ပါဠိဌာန အသစ်ဖွင့်လှစ်ရန် ကြိုးစားရာ အောင်မြင်ခဲ့သည်။ ပါဠိပညာရှင်များ အဆင့်မြင့်မြင့် မွေးထုတ်နိုင်ရန် ဉာဏ်ထက်မြက်သော ကျောင်းသား ဘီနီမာဒဗ်ဘရူးဝါးကို လန်ဒန်အောက်စဖို့တက္ကသိုလ်သို့ စေလွှတ်ပြီး ပါဠိသုတေသနကျမ်းဖြင့် ဒီလစ်ဘွဲ့ကို ရယူစေခဲ့သည်။ မစ္စတာ ဘရူးဝါးသည် ၁၉၁၄-ခုနှစ်တွင် အောက်စဖို့တက္ကသိုလ်မှ ပါဠိဒီလစ်ဘွဲ့ရရှိသော ပထမဆုံးသော အာရှတိုက်သားပင်ဖြစ်သည်။ ထို့ပြင် သက္ကတပညာရှင်ကြီး ဆာအာတုစ်မူခါပဓေး၊ ဒေါက်တာတဂိုးစသော ပုဂ္ဂိုလ်များနှင့် လက်တွဲ၍ ကောလိပ်များ၊ ကျောင်းများ တည်ထောင်ပေးခဲ့လေသည်။ ဆာအာတုစ်-မူခါပဓေးက သူ့ကို အထူးကြည်ညိုလေးစားပြီး ခေတ်ပညာဘွဲ့မရသော ထိပ်တန်းပညာရှင်ဟု ခေါ်ဝေါ်ခဲ့သည်။ သူ၏ လုံ့လနှင့်စေတနာကို လေးစား၍ ဘင်္ဂလားသူဌေးများက ကျောင်းဆောက်ရန် မြေဧက တစ်ထောင် လှူဒါန်းကြလေသည်။

ထိုခေတ် မြန်မာနိုင်ငံမှ ရဟန်းတော်အချို့နှင့် စစ်တကောင်း ဘင်္ဂလားဒေသရှိ ရဟန်းတော်အချို့ ကူးလူးဆက်ဆံမှု များပြားခဲ့ရာ ကရိပါရှရန်၏ ဂုဏ်သတင်းမှာ မန္တလေးမှာပင် ကျော်ကြားနေတော့သည်။ ထို့ကြောင့် မထေရ်မြတ်ကို မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ရန် ဆရာတော်ဦးဇာဂရ၊ ဆရာတော် ဦးတေဇဝန္တတို့က အထူး ဖိတ်ကြားခဲ့ကြသည်။ ၁၉၀၈-ခုနှစ်တွင် မြန်မာနိုင်ငံသို့ ကြွရောက်လာကြရာ ကြီးကျယ်ခမ်းနားစွာ ကြိုဆိုခဲ့ကြလေသည်။ ဆရာတော်သည် မန္တလေး၌ နေထိုင်စဉ် မြန်မာသာသနာပိုင် ဆရာတော်ဘုရား၊ ရွှေကျင်သာသနာပိုင် ဆရာတော်ဘုရားကြီးတို့နှင့်အတူ ပါဠိပညာရေး တိုးတက်ရန်ကိစ္စ၊ အိန္ဒိယနိုင်ငံ၌ ထေရဝါဒသာသနာ ထွန်းကားရန် ကိစတိကို ဆွေးနွေး အကြံပေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



စစ်ကိုင်း၊ မုံရွာ၊ မေမြို့၊ မော်လမြိုင်၊ ရန်ကုန်၊ ပဲခူး စသော မြို့များသို့ ကြွရောက်ရာ လူအများ တိုးဝှေ့ ဖူးမြော်ကြရာ သမိုင်းမှတ်တိုင်တစ်ခု ဖြစ်ခဲ့ရလေသည်။

အပြန်တွင် မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ ဤစစ်တကောင်း ထေရဝါဒ ဗုဒ္ဓဘာသာ ရဟန်းတော်မှတစ်ဆင့် ပိဋကတ်သုံးပုံ သုံးစုံနှင့်တကွ ဘုရားဆင်းတုတော် ဆယ်ဆူကို လှူဒါန်းလိုက်ကြသည်။ ယင်း ပါဠိတော်ကြီးများကို သူ၏ တပည့်ကြီးများ ဖြစ်သော အရှင်ဓမ္မာနန္ဒကောသမ္ဗိ အရှင်အာနန္ဒ ကောသလ္လာယန၊ ဘိက္ခု ဇဂဒိဿကဿပ၊ ဘိက္ခု ရာဟုလာသံကိစ္စည်း စသော ပညာတတ် အိန္ဒိယရဟန်းတော်များက ဟိန္ဒီဘာသာသို့ပြန်ဆိုခဲ့၍ ထေရဝါဒသာသနာ ပြန်လည်ထွန်းပြောင်လာခဲ့သည်။ မြန်မာနိုင်ငံကဲ့သို့ စေတနာသဒ္ဓါတရား အားကောင်းသော နိုင်ငံမရှိပါဟု သူက ချီးကျူးဖော်ထုတ်ခဲ့လေသည်။ သူသည် နာလန္ဒာဥယျာဉ်ကြီးတွင် ၁၉၂၄-ခုနှစ်၌ ပထမဆုံးသော အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာညီလာခံကြီးကို ဦးဆောင်ကျင်းပပေးခဲ့ရာ သမိုင်းဝင်ဖြစ်ရပ်ပင် ဖြစ်သည်။ ညီလာခံအပြီးတွင် သိမ်အလုံးပေါင်း နှစ်ဆယ် သမုတ်သည်။

ဤသို့ ကိုယ်ကျိုးမဖက် သာသနာတော် ပြန်လည်ထွန်းကားရေးအတွက် မနားမနေ ဆောင်ရွက်သောကြောင့် ကျန်းမာရေး ချို့တဲ့လာပြီး ၁၉၂၆-ခု၊ ဧပြီလ ၃၀-ရက်နေ့တွင် ကာလကတ္တားမြို့၌ ပျံလွန်တော်မူခဲ့သည်။ သူ၏ဆန္ဒအရ သူ၏ မွေးဖွားရာရွာ၌ ပြောင်းရွှေ့သင်္ဂြိုဟ်ခဲ့ကြပေသည်။

သူသည် အသက် ၆၁-နှစ်အတွင်း ဤမျှ ထေရဝါဒသာသနာတော် အိန္ဒိယ၌ ပြန်လည်ထွန်းကားရန် ကြိုးစားဆောင်ရွက်မှုတို့မှာ အံ့သြဖွယ်ရာ အောင်မြင်မှုပင်ဖြစ်သည်။ ယနေ့တိုင် သူချပေးသော မျိုးစေ့မှ အသီးအပွင့်များ ပေါ်ထွက်လျက်ရှိပေသည်။ ၁၉၆၅-ခုနှစ်တွင် သူ၏ အနှစ်တစ်ရာမြောက် အထိမ်းအမှတ် ပွဲတော်များကို အိန္ဒိယဝိဟာရများ၌ တစ်ပြိုင်နက်ကျင်းပကြသည်။

ဤမထေရ်မြတ်ကား ကိုယ်ကျိုးစွန့်၍ သာသနာတော်ကို စွဲစွဲမြဲမြဲ ချီးမြှင့်ပံ့ပိုးပေးသော အလွန်ရှားပါးသော ပုဂ္ဂိုလ်ထူးကြီး ဖြစ်ပါသည်ဟု ဘင်္ဂလားနယ်ဝန်ကြီးချုပ် သျှရီပီ၊ စီ၊ ဆင်းက ထုတ်ဖော် ချီးကျူးခဲ့လေသည်။ ဤပုဂ္ဂိုလ် မထေရ်မြတ်ကြီးကို မမေ့စကောင်းသော သာသနာ့ဝန်ထမ်းသူရဲကောင်းဟု ဆိုပါက မမှားတော့ပေ။

## ရန်ကုန်မှ သမိုင်းဦးဆရာတော်

မြတ်စွာဘုရားရှင်၏ သာသနာတော်(ဝါ) အာဏာဓမ္မစက်တော်သည် အမျိုးမျိုးသော အန္တရာယ်တို့ကို ကာကွယ် ချေမှုန်းနိုင်စွမ်းရှိကြောင်း လက်တွေ့သိရှိသူများ အလွန်များပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဘာသာသည် နယ်ချဲ့ရန်, စိုးမိုးရန် ဖြစ်ပေါ်လာသော ဝါဒမဟုတ်။ လူသားတို့၏ ဘေးရန်ကို ဖယ်ရှား၍ လူသားတို့ ကောင်းကျိုးချမ်းသာအတွက် သက်သက်ဖြစ်ပေါ်လာသော လောကလွန် သဘောတရားဖြစ်၏။ တစ်စုံတစ်ခုသော အတိုင်းအတာထိ နယ်ချဲ့ရန်, စိုးမိုးရန်ဟူသော ရည်ရွယ်ချက်ပါခဲ့သော် ထိုဘာသာ, သာသနာသည် ဘာသာ, သာသနာမဟုတ်ချေ။

ထို့ကြောင့် အထူးသဖြင့် ဘေးရန်အန္တရာယ် စစ်မက်ထူပြောသော ဒေသမျိုးအတွက် စစ်မှန်သော ဘာသာ သာသနာသည် ပို၍ ထွန်းကားရန် လိုအပ်ပါသည်။

ဘင်္ဂလားသာသနာ သမိုင်းတွင် ဘင်္ဂလားနှင့် မြန်မာသာသနာ အတုံ့အလှည့် ရှိခဲ့ကြသည်မှာလည်း အစဉ်အလာကောင်းတစ်ရပ်ပင် ဖြစ်ပါသည်။

၁၉-ရာစုတွင် မြန်မာမှ ဘင်္ဂလားသို့ ထေရဝါဒသာသနာ ပြန်လည် ပို့ပေးပုံကို ယခုအခါ မြန်မာ ရခိုင် ရဟန်းတော်များ ဘင်္ဂလားဒေ့ရှ်၌ သီတင်းသုံးကာ သာသနာပြုနေကြသကဲ့သို့ ဘင်္ဂလား(စစ်တကောင်း)သား ရဟန်းတော်များလည်း မြန်မာနိုင်ငံ၌ သီတင်းသုံးကာ သာသနာပြုခဲ့ကြကြောင်း (ဘင်္ဂလားနှင့် မြန်မာသာသနာ အတုံ့အလှည့်ရှိနေပုံ) ကို ဆက်လက် ဖော်ပြပါအံ့။

လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀ ကျော် (သာသနာ ၁၀၅၀-ခန့်) က ဘင်္ဂလားပြည် မဟာယာနဂိုဏ်းချုပ်ဘုန်းတော်ကြီး အရှင်သုဗန္ဓုသည် သူ၏ တပည့်များအား ပုဂံနှင့် ပဲခူး (ရာမည) ဒေသများသို့ သာသနာပြုစေလွှတ်ကြောင်း တာရနာထခေါ် တိဗက်ဘုန်းတော်ကြီး၏ မှတ်တမ်းအရလည်းကောင်း၊ တစ်ဖန် သာသနာတော်နှစ် ၁၅၇၀-ကျော်လောက်တွင် ဘင်္ဂလားပြည်သား ဇာတိ 'အတီသ' ခေါ် အရှင်ဒီပင်္ကရသီရိဉာဏသည် မြန်မာနိုင်ငံရာမညသို့ လာရောက် ပညာသင်ယူပြီးနောက် တိဗက်သို့ ကြွကာ သာသနာပြုကြောင်း ၎င်း၏တပည့် 'ဗြွမ်တွန်' ၏ မှတ်တမ်းအရလည်းကောင်း သိရှိရပေရာ ဘင်္ဂလားတို့က မြန်မာတို့အပေါ် သာသနာနည်းဖြင့် ကျေးဇူးပြုခဲ့သည့် အစဉ်အလာကို မမေ့ကြပေ။

သို့ရာတွင် ထိုစဉ်က သာသနာသည် မဟာယာန သာသနာဖြစ်၍ မြန်မာတို့ ကြာရှည်စွာ လက်မခံခဲ့ကြချေ။

## သမိုင်းဦးပုဂ္ဂိုလ်ကျော် ဦးပညာလောက

ထိုအစဉ်အလာကောင်းကို ထိန်းသိမ်းသော ဘင်္ဂလားဆရာတော်ကြီးများနှင့် ဂျာစာရေးသ ဆငသာဂိါယနာခေတ်က ဆံဆည်းခဲ့ရ၏။ စာရေးသမာ အသက်

www.burmeseclassic.com

www.burmeseclassic.com



၂၀ ကျော်မျှသာ ရှိသေးသဖြင့် ပါဠိစကားပြောဖက် ဆရာတော်များ အဖြစ်သာ မြင်ခဲ့သည်။ ထိုဆရာတော်များကား စစ်တကောင်းဆရာတော်ကြီး ဦးအရိယဝံသနှင့် ရန်ကုန်မြို့ အထက်ပန်းဆိုးတန်း အမှတ်-၁၆၈၊ ဓမ္မဒူတကျောင်းတိုက် (စစ်တကောင်းကျောင်းတိုက်) အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ကြီး ဦးပညာလောကတို့ ဖြစ်ကြပါသည်။

ယခု ဘင်္ဂလားထေရဝါဒ သာသနာသမိုင်းကို ရေးသောအခါတွင်မှ ထိုဆရာတော်ကြီးများသည် ဘင်္ဂလားဒေ့ရှ် ထေရဝါဒ သာသနာသမိုင်းတွင် သမိုင်းဦးပုဂ္ဂိုလ်ကျော် သာသနာပြုဆရာတော်ကြီးများဖြစ်ကြောင်း ကောင်းစွာ သိလာရပါသည်။ ထိုစဉ်က သမိုင်းကြောင်းများ မမေးလျှောက်ထားခဲ့မိ၍ နောင်တဖြစ်မိပါသည်။

ဆရာတော်ကြီး ဦးပညာလောကသည် ပါဠိ၊ ဗင်္ဂါလီ၊ အင်္ဂလိပ်ဘာသာတို့ဖြင့် ကျမ်းပေါင်း ၆၀ ကျော်ပြုစု၍ သာသနာပြုတော်မူခဲ့၏။ စစ်တကောင်းဗုဒ္ဓဘာသာအသင်းက အင်္ဂလိပ်ခေတ်ကပင် အထက်ပန်းဆိုးတန်းလမ်း၌ ကျောင်းတိုက်တည်ကာ သာသာပြုပုံနှိပ်တိုက်ကိုပင် ကျောင်း၌ လှူထားကြသည်။ မြန်မာပြည်နေဘင်္ဂလားသား ဗုဒ္ဓဘာသာဝင်တို့၏ သဒ္ဓါတရား ကြီးမားသလောက် ဆရာတော်၏ လုံ့လဝီရိယကလည်း အားကောင်းလှပေသည်။

ထို့ကြောင့်လည်း ၁၉၃၁ ခုနှစ်က ရန်ကုန်မြို့ရှိ ဆရာတော်ကြီး ၇၅-ပါးတို့က ဆရာတော် ဦးပညာလောကအား 'ဗုဒ္ဓသာသန ဝီရိယာရမ္ဘ သာသနာဓဇ' ဘွဲ့တံဆိပ်တော်ကို နှင်းအပ်တော်မူကြလေသည်။

ဆရာတော်သည် ဆဋ္ဌသင်္ဂါယနာပွဲတော်ကြီး၌လည်း ပိဋကတော် ပြင်ဆင်ခြင်းတာဝန်နှင့် ဩဝါဒစရိယ တာဝန်များကို ရွက်ဆောင်တော်မူသဖြင့် နိုင်ငံတော်အစိုးရတို့က ၁၃၁၆-ခုနှစ် (၄-၁-၁၉၅၅)တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ကပ်လှူခဲ့၏။

## ဆရာတော်ဇာတိ၊ ပဝတ္တိနှင့် လုပ်ဆောင်ချက်များ

ဆရာတော်လောင်းလျာသည် စစ်တကောင်းမြို့နယ် ဘူဒပါရရွာ၊ နဂါချန်ဘရူးဝါး၊ သုဘဒြာဘရူးဝါးတို့မှ ၁၈၇၉-ခုနှစ်၊ ဒီဇင်ဘာလတွင် ဖွားမြင်တော်မူခဲ့ရာ

www.burmeseclassic.com

www.burmeseclassic.com



၁၉၀၀ ပြည့်နှစ်တွင် သကျမုနိသိမ်ကျောင်း ဆရာတော် ဦးပုဏ္ဏာစာရ (ဘင်္ဂလားဒေ့ရှ် ဒုတိယသာသနာပိုင်) ဆရာတော်ထံ ရှင်သာမဏေပြုသည်။

ထိုနှစ်မှာပင် မြန်မာပြည် မော်လမြိုင်မြို့၌ လာရောက် ပညာသင်စဉ် ဓမ္မရက္ခိတ အသင်းကြီး၏ ပစ္စယာနုဂ္ဂဟ၊ ဝေဇယန္တာကျောင်း ဆရာတော်ကြီး ဦးသာဂရ၏ ဓမ္မာနုဂ္ဂဟဖြင့် ရဟန်းဘောင်သို့ တက်ရောက်ခဲ့၏။ ပရိယတ္တိစာပေကိုလည်း ကြိုးစား သင်ယူလေသည်။ မူလဆရာ၊ ဆရာတော် ဦးပုဏ္ဏာစာရထံ၌လည်း ပါဠိဘာသာနှင့် ဝိနည်းပိဋကကို ၂-နှစ် သင်ကြား၏။

၅-ဝါရသောအခါ ဘင်္ဂလားသို့ သီဟိုဠ်မှ ကြွလာသော ဆရာတော် ဦးသာရနန္ဒထံ ၂-နှစ် သင်ယူပြန်၏။ ရဟန်း ၈-ဝါတွင် သီဟိုဠ်သို့ သွားရောက်၍ ၃-နှစ်ခန့် ပညာသင်ယူလျက်နေခဲ့သည်။ ၁၀-ဝါမှစ၍ ဘင်္ဂလားပြည် မူလ ဥပဇ္ဈာယ် ဆရာတော်ထံ၌ ခိုလှုံကာ ကျေးဇူးရှင်ဆရာတော်ကြီး၏ ပါရမီကိုလည်း ကူညီဖြည့်ရင်း ဘဝတူ ဘင်္ဂလားသားတို့အား ဗုဒ္ဓဓမ္မကို ဟောပြောသင်ကြားပေးလေသည်။

ဆရာတော်၏ ဟောပြော သင်ကြားပေးမှုကြောင့် ဘင်္ဂလား ဗုဒ္ဓဘာသာ ဦးရေမှာ များစွာ တိုးပွားလာခဲ့၏။ နှစ်အတန်ကြာ ပရိယတ်သာသနာပြုပြီးနောက် တစ်ပါးတည်း တောရဆောက်တည်ကာ ကမ္မဋ္ဌာန်းဘာဝနာအလုပ်ကိုလည်း ၁၀-ဝါမှ ၁၉-ဝါအတွင်း အပြင်းအထန် အားထုတ်တော်မူ၏။

**ဗုဒ္ဓဝါဒဟူသည် ကမ္မဋ္ဌာန်း ပဓာနဖြစ်ပုံကို လည်းကောင်း၊ ဓမ္မဒူတ သာသနာပြု ပုဂ္ဂိုလ်ဟူသည် စာတွေ့နှင့် လက်တွေ့ ခိုင်မာရသည်ကိုလည်းကောင်း စံပြတော်မူသကဲ့သို့ ရှိပေ၏။**

## မြန်မာနှင့် ဘင်္ဂလား သွေးချည်ပြန်လှည့်

ဓညဝတီ ရခိုင်ပြည်ရှိ ဘင်္ဂလားသား ဗုဒ္ဓဘာသာဝင် ၅၀၀ ကျော်တို့သည် ဆရာတော် အရှင်ပညာလောက၏ အရည်အချင်းနှင့် သတင်းများကို ကြားသိရသောအခါ ဓညဝတီသို့ ကြွရောက်သာသနာပြုရန် ပင့်လျှောက်ကြ၏။ ၁၉-ဝါမှ စ၍ ၅-နှစ်တိုင်တိုင် သီတင်းသုံးလျက် သာသနာပြုရာ ဗုဒ္ဓဘာသာဝင် ဦးရေ ငါးထောင် ကျော်ထိ တိုးတက်သွားလေသည်။ ဓညဝတီရှိ ဗင်္ဂါလီဗုဒ္ဓသာသနာပြုကျောင်းမှာ ဆရာတော် သာသနာပြုရာဌာန ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



၂၅-ဝါအရတွင် စစ်တကောင်းက ပင့်လျှောက်၍ ကြွရောက် သာသနာပြုရပြန်သည်။ ဗုဒ္ဓဘာသာဝင်ဦးရေလည်း တစ်နေ့တခြား တိုးပွားလာခဲ့၏။ တစ်ဖန် စစ်တကောင်းနယ် ခါနိုက်မာကရိရွာကြီး၌ ၄-နှစ်တိုင်တိုင် သာသနာပြုပြီးနောက် ၂၉-ဝါမှ ဝါ ၃၀-ထိ ဗုဒ္ဓဂယာ၌ သီတင်းသုံးတော်မူသည်။

ထိုမှနောက် ဆရာတော်သည် ရန်ကုန်မြို့ရှိ ဗင်္ဂါလီဗုဒ္ဓဘာသာဝင်တို့၏ ပင့်လျှောက်ချက်အရ ရန်ကုန်မြို့၌ ရာသက်ပန် သီတင်းသုံးတော်မူလျက် မြန်မာနှင့် ဘင်္ဂလား သွားချည်ပြန်လှည့် သာသနာတော် ပြုတော်မူခဲ့ရာ သက်တော် ၉၃-နှစ် အရ ၁၃၃၃-ခုနှစ်၊ (၁၂-၅-၇၀) နေ့တွင် ရန်ကုန်မြို့၌ပင် ပျံလွန်တော်မူခဲ့သည်။

ဘင်္ဂလားဒေ့ရှ် ထေရဝါဒ သမိုင်းဦး ပုဂ္ဂိုလ်ကျော် ဆရာတော်ကြီး ဘဒ္ဒန္တ ပညာလောက၏ သာသနာပြု အရိုက်အရာကို ယခုအခါ ရန်ကုန်ဓမ္မဒူတကျောင်း၌ လက်ရင်းတပည့်များကလည်းကောင်း၊ ကလောမြို့ နမ့်ပလန် ဘုရားကုန်း အာနန္ဒာ ဗောဓိကျောင်း၌ လက်ရင်းတပည့်များကလည်းကောင်း သာသနာ ပြုတော်မူလျက် ရှိကြပါသည်။

မြန်မာ ဘင်္ဂလား နှစ်နိုင်ငံ အစိုးရမင်းများနှင့် ပြည်သူအများကလည်း ၂-နှစ်ငံ ချစ်ကြည်ရေး အသိအလိမ္မာ ဖွံ့ဖြိုးရေး အစဉ်အလာကောင်း သမိုင်းကြောင်းများကို ထောက်မြော်လျက် ၂-နိုင်ငံရှိ သာသနာပြုဆရာတော်များ လွတ်လွတ်လပ်လပ် ချမ်းချမ်းသာသာ သာသနာပြုနိုင်ရေး အားပေးကူညီကြလိမ့်မည်ဟု မျှော်လင့် ယုံကြည်လျက်ရှိပါကြောင်း။

အမျိုးမျိုးသော တွင်းပအန္တရာယ်များကို သည်းခံသနား ခွင့်လွှတ်ခြင်း စသော အင်အားကြီးမား၍ စင်ကြယ်သော ဗုဒ္ဓဓမ္မဖြင့်သာ လွယ်ကူစွာဖယ်ရှား ကျော်လွှန်လျက် သတ္တဝါအများ ကောင်းကျိုးကို သည်ပိုးနိုင်ကြပါစေ။

၀

www.burmeseclassic.com

www.burmeseclassic.com

## နှစ်ပေါင်းလေးရာကျော်က

# မြန်မာနိုင်ငံ ဇောတိဂိုဏ်းအကြောင်း

(လွန်ခဲ့သော နှစ်ပေါင်း ၄၀၀–ကျော်တိုင်တိုင် အင်းဝခေတ်မှသည် ယနေ့တိုင် ရှင်သန်ကြီးပွားလျက်ရှိသော သံဃာ့ဂိုဏ်းကြီးတစ်ခုအကြောင်း)

မြန်မာနိုင်ငံ၌ လွန်ခဲ့သော နှစ်ပေါင်း လေးရာကျော်က သံဃာ့ဂိုဏ်းတစ်ဂိုဏ်း ရှေးအစဉ်အလာမပျက် အသက်ရှင်သန် တည်ရှိနေခြင်းမှာ အံ့သြစရာလည်း ကောင်း၏။ မြန်မာလူမျိုးတို့၏ သာသနာတော်အပေါ် သက်ဝင်ယုံကြည်မှု အင်အားကိုလည်း ချီးကျူးထိုက်ပါပေ၏။

### အတုယူစရာ အစဉ်အလာကောင်းများ

ဇောတိဂိုဏ်း၏ လက်ရှိတည်ရာ ဗဟိုဌာနမှာ မြစ်ကြီးနားခရိုင် မိုးညှင်းမြို့ နတ်ကြီးကုန်းရပ်မှာ ရှိသည်။ လက်ရှိသံဃာတော် ၂၀၀–ခန့် ရှိ၏။ ဂိုဏ်းဝင်ကျောင်းခွဲများလည်း မြန်မာပြည်အနှံ့ ရှိသည်ဟု သိရသည်။ ဂိုဏ်းဝင်ပုဂ္ဂိုလ်များ ရှင်လည်း ရှင့်အလိုက်၊ လူဒကာများလည်း လူ့အလိုက်၊ တင်းကျပ်လှသော စည်းကမ်းများကို ပေါ့ပေါ့ပါးပါး ထိန်းသိမ်းထားကြသည်မှာ အလွန်ဂုဏ်ယူဖွယ် ကောင်း၏။ ထိုအစဉ်အလာ ထိန်းသိမ်းနိုင်မှုကြောင့်လည်း အနှစ်လေးရာခရီးကို ကျော်လွှားလာနိုင်ခဲ့ကြခြင်း ဖြစ်၏။

ယင်းဇောတိဂိုဏ်းကြီးကို စတင်တည်ထောင်သော ပုဂ္ဂိုလ်မှာ အင်းဝခေတ်အခါ မြန်မာသက္ကရာဇ် ၉၁၆–ခုနှစ် မွေးဖွား၍ ၁၀၀၆–ခုနှစ်တွင် ပြန်လွန်တော်မူသော ဝရဇောတိ ဆရာတော်က စတင်ခဲ့သည်။ ၁၂၉၂–ခုနှစ်ဖွား ယခု လက်ရှိဆရာတော် ဦးပညာသာရမှာ ထိုဂိုဏ်း၏ ၂၁–ဆက်မြောက် ပုဂ္ဂိုလ်ဖြစ်၏။ ၂၁–ဆက်ရှိ ဇောတိဂိုဏ်းချုပ် ဆရာတော်များ၏ အမည်၊ သိက္ခာ၊ ဖွားသက္ကရာဇ်၊ လွန်သက္ကရာဇ်များကို မြန်မာ သာသနာ ခုနှစ်–နှစ်မျိုးစလုံး အတိအကျ မှတ်တမ်းတင်ထားကြသည်ကို တွေ့ရှိရရာ မြန်မာသာသနာဝင်အတွက် များစွာ အထောက်အကူ ရစေလေသည်။

www.burmeseclassic.com



ဂိုဏ်းဝင် သံဃာတော်များ၊ လူဒကာ ဒကာမများ လိုက်နာရန် စည်းကမ်းများကလည်း တင်းကျပ်လှ၏။ ရဟန်းသာမဏေများမှာ ဒကာမများကို မကြည့်ရ၊ ဓာတ်ပုံရိုက်ခံခြင်းမရှိ။ ဆွမ်းကွမ်းစသော ဝေယျာဝစ္စအဖွဲ့များကလည်း စနစ်တကျ နေ့စဉ် ဆောင်ရွက်ကြပုံ၊ သမ္မာအာဇီဝနှင့် ရလာသော ငွေ ဟုတ်-မဟုတ် စိစစ်ပြီးမှ လက်ခံပုံ စသည်တို့မှာလည်း ချီးကျူးဖွယ် ကောင်းလှ၏။ ဒကာ ဒကာမများ နတ် မကိုးကွယ်ရ၊ မူးယစ်ဆေးဝါး၊ အရက်သေစာ၊ ကြက် ဝက်၊ လက်နက်စသည့် စားသုံး၊ မွေးမြူ ရောင်းဝယ်ခြင်း မလုပ်ကြရချေ။ ဘုန်းကြီးများကလည်း ပစ္စည်းဘဏ္ဍာ၊ ငွေဘဏ္ဍာ ဘာမှ လက်ခံသိမ်းဆည်းခြင်း မရှိ။ လှေ လှည်း မြင်းလှည်း ဘာမှ မစီး၊ အလွန် ဝိနည်းစိုရှ်ကြသည်။

လူများမှာ ကျောင်းဝင်းအတွင်း အညစ်အကြေးဆိုလို့ တံတွေးမျှကိုပင် ထွေးခြင်းမရှိ၊ ဘာသာရေး စာအုပ်များကို ယူဆောင်ရာ၌လည်း မရိုမသေ ချိုင်းကြား ညှပ်ခြင်း၊ လက်ကဆွဲသွားခြင်းမပြု၊ ဘုရားရုပ်ပွား ပင့်သကဲ့သို့ ဦးထိပ်၌ ရွက်သွားရသည်။ လက်နှစ်ဖက်နှင့် ရိုသေစွာကိုင်၍ ပခုံးပေါ်တင်ပြီး ယူဆောင်ကြသည်လည်း ရှိ၏။ ကျမ်းစာများကို ရွတ်ဖတ်သောအခါတွင်လည်း အိမ်အောက်၊ ကျောင်းအောက်၌ မဖတ်ရ၊ ဖတ်ခါနီး ဦးသုံးကြိမ် ကန်တော့ပြီးမှသာ ဖတ်ကြရသည်။ အံ့ဖွယ်ကောင်းလေစွ။

## ဇောတိဂိုဏ်းတစ်ဖြစ်လဲ စာသင်တိုက်

ယခုအခါ နိုင်ငံတော် သံဃနာယကအဖွဲ့ကြီးက လက်ရှိသံဃဂိုဏ်းကြီး ၉-ဂိုဏ်းမှတစ်ပါး သီးခြား ရပ်တည်ခွင့် မရှိဟူသော ဥပဒေထုတ်ထားသော်လည်း ဇောတိဂိုဏ်းသည် ၁၃၄၇-နှစ်အထိ သံဃနာယက အဖွဲ့အစည်းတွင်းသို့ မဝင်သေးချေ။ လေ့လာ ဆွေးနွေးသူများကလည်း ဇောတိဂိုဏ်းကို ပွဲကျောင်းဂိုဏ်း၊ ယွန်းဂိုဏ်းကဲ့သို့ ထင်မှတ်မှားခဲ့ကြ၍လည်း ဖြစ်သည်။ ဇောတိဂိုဏ်းဝင်တို့သည် အခြား သံဃာများထက် ထူးခြားချက် တစ်ခုကား ရှိနေ၏။ ယင်းကား ထိုင်းဘုန်းကြီးများကဲ့သို့ ရင်စည်းတဘက် စည်းကြခြင်းပင် ဖြစ်သည်။ (ကျောင်းတိုက်အရံကို 'ဝတ်'ဟု သုံးသည်။ ထိုင်းနှင့် တူညီနေပြန်၏။)

၁၃၄၈-ခုနှစ်သို့ ရောက်လာသောအခါတွင်ကား မြစ်ကြီးနားမြို့ ဝန်းသိုကျောင်း ဆရာတော် ဦးသီလဝံသ (အဂ္ဂမဟာပဏ္ဍိတ) နှင့် ဒေသခံ မြို့ခံ ရဟန်းရှင်လူ အကြီးအကဲများ၏ ချဉ်းကပ်ဆွေးနွေး လေ့လာမှုကြောင့် ဂိုဏ်းကြီး ၉-ဂိုဏ်းတွင် ၎င်းတို့

www.burmeseclassic.com


ဆန္ဒအလျောက် သုဓမ္မာ သံဃာအဖြစ် ခံယူ၍ နိုင်ငံတော် သံဃနာယကအဖွဲ့ ဒဋ္ဌိကမ္မကြီး၏ လက်အောက်၌ ပါဝင်လာခဲ့၏။ ဒဋ္ဌိကမ္မ (မြရာသံပတ်)ဖြစ်စေရန် သိက္ခာလည်း ထပ်ကြလေသည်။ ဇောတိဂိုဏ်း 'ဝတ်' ကျောင်းကိုလည်း 'ပညာလင်္ကာရ ပရိယတ္တိစာသင်တိုက်' ဟု ပြောင်းလဲ မှည့်ခေါ်ထားကြ၏။

နှစ်ပေါင်း လေးရာကျော် ရှေးမူ အစဉ်အလာမပျက် လက်ဆင့်ကမ်း ထိန်းသိမ်းခဲ့ကြသော ဇောတိဂိုဏ်းကြီး၏ ဦးဆောင်ဆရာတော် ဦးပညာသာရနှင့် ဂိုဏ်းခေါင်းဆောင် ရဟန်းရှင်လူတို့၏ သံဃာ့ညီညွတ်ရေးကို အလေးမူကာ နိဝါတ၊ နိမာနဂိုဏ်းတို့ကား အလွန်ချီးကျူး ဂုဏ်ပြုထိုက်ပေသည်။ ဇောတိဂိုဏ်း၏ ဗဟို 'ဝတ်'ခေါ်သော ကျောင်းတိုက်ကြီးသည်လည်း သံဃာ ၂၀၀-ဝန်းကျင်ရှိပညာလင်္ကာရ စာသင်တိုက်ကြီးအဖြစ် သမိုင်းတစ်ခေတ် ကူးပြောင်းလာနေလေပြီ။ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းကာ သာသနာပြုနိုင်ပါစေဟု ဆန္ဒပြုရပါသည်။

ဇောတိဂိုဏ်းအကြောင်း အပြည့်အစုံကို ပညာလင်္ကာရစာသင်တိုက် ဂေါပကအဖွဲ့ကြီးက ရေးသား ပြုစုထားသော ဇောတိဂိုဏ်း၏ သမိုင်းမှတ်တမ်းကြီးကို 'ဘဒ္ဒန္တ သီလဝံသ၊ အဂ္ဂမဟာပဏ္ဍိတ ပူဇာစာတမ်း' မှ မူရင်းအတိုင်း ကူးယူ ဖော်ပြထားသည်ကို ဆက်လက် ဖတ်ရှုကြည့်ကြ၊ အတုယူကြစေလိုပါသည်။

## ဇောတိဂိုဏ်း ပေါ်ထွန်းချိန်

လွန်ခဲ့သည့် နှစ်ပေါင်း ၄၅၀-နှစ်က ပိဋကတ်တော် ကျမ်းဂန်များ အဖျက်ဆီးမီးရှို့ခံခဲ့ရ၏။ တောင်ပလူလယ်ပြင်၌ သံဃာတော် ၃၀၀ ကျော် သတ်ဖြတ် ခံခဲ့ရ၏။ ထိုအထဲတွင် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ ကျမ်းဂန်တတ်ကျွမ်းသည့် သံဃာတော် ၃၀ ကျော် ပါဝင်သည်။ ယင်းမှာ မြန်မာသက္ကရာဇ် ၉၀၁-ခုနှစ်တွင် ဖြစ်ခဲ့ပေသည်။ ရွှေနန်းကြော့ရှင် ဘုရင်နရပတိမင်းနောက် အင်းဝခေတ်တွင် နန်းတက်သည့် မိုးညှင်းစဝ်လုံ၏သား ဆေဟုန်ဖ မြန်မာအခေါ် သိုဟန်ဘွား (မြန်မာနှစ် ၈၆၇-ခုတွင် ဖွား၍ ၉၀၄-ခုနှစ် ကွယ်လွန်) လက်ထက်ဖြစ်၏။ သိုဟန်ဘွားသည် မြန်မာနှစ် ၈၈၆-ခုနှစ်တွင် စစ်ကိုင်းသို့ချီပြီး ပြည်သတိုးမင်းစောနှင့် ပူးပေါင်းကာ အင်းဝကို တိုက်ခိုက်အောင်မြင်ခဲ့ပြီး နောက်ပိုင်းကာလ ဖြစ်လေသည်။

ထိုအရေးအခင်းကြောင့် သံဃာတော်များသည် အင်းဝနေပြည်မှ ဝေးရာ အောက်ပိုင်းအရပ် အထက်ပိုင်းအရပ်များနှင့် ပြည်စွန်ပြည်ပသို့ ရှောင်တိမ်း ကြွသွား

www.burmeseclassic.com

www.burmeseclassic.com



တော်မူကြသည်။ ဖျက်ဆီးမည့်အန္တရာယ် ကာကွယ်ရန် ပိဋကတ်ကျမ်းဂန်များကိုလည်း မန်ကျည်းစေ့ ကမ္ပဝါအရေး အသားစားလုံးများဖြင့် ရေးသားတင်မှတ်ထားလေ့ ရှိကြသည်။ အင်းဝနေပြည်တော်ဝယ် ထာဝရအခြေစိုက် သီတင်းသုံးမှု နည်းပါး လာကြတော့သည်။

မြန်မာနှစ် ၉၁၆-ခုနှစ်တွင် မိုင်းမော်စော်ဘွားမှ သားတစ်ယောက် ထွန်း ကား၏။ သားငယ် ၁၅-နှစ်သားအရွယ် ၉၃၁-ခုနှစ်တွင် စော်ဘွားမိဘများက စစ်ကိုင်းဘုန်းကြီးကျောင်းတွင် အပ်နှံပြီး သာမဏေဘောင်သို့ သွတ်သွင်းခဲ့ကြသည်။ ဘွဲ့အမည်မှာ ရှင်ဝရဇောတိဖြစ်၏။ ၉၃၆-ခုနှစ်တွင် သက်တော် ၂၀-ပြည့်၍ နမော ဆရာတော်က ဥပဇ္ဈာယ်ဆရာအဖြစ်ယူပြီး ရဟန်းဘောင်သို့ ချီးမြှင့်ပေးသည်။ သာမဏေဘဝနှင့် ရဟန်းငယ်ဘဝတွင် နမောဆရာတော်၏ အထံတော်တွင် အခြေခံ မှစ၍ အထက်တန်း ပါဠိကျမ်းဂန်များကို သင်ယူရာ ဝိနည်းငါးကျမ်းကို အာဂုံဆောင်နိုင် ခဲ့သည်။

ယင်းသို့လျှင် စာသင်တတ်မြောက်ပြီးနောက် မြန်မာနှစ် ၉၇၂-ခုနှစ်၊ တော်သလင်းလကွယ်၊ သောကြာနေ့တွင် အရှင်ဝရဇောတိသည် မိုးကောင်းခေါင်တိုက်မှ ရဟန်း (၂)ပါး၊ တလိုင်းအိမ်ပြေမှ ရဟန်း (၂)ပါး၊ ဆတောင်မှ ရခိုင်အမျိုးသား ရဟန်း (၂)ပါး၊ မိုင်းတုံမှ ညီနောင် ၂-ပါး၊ ပေါင်း (၈)ပါးတို့နှင့် အတူ အေးချမ်းသာယာစွာ သာသနာရေးတာဝန်ကို ထမ်းဆောင်နိုင်လောက်ရာ နယ်မြေဖြစ်သော ရှမ်းပြည်နယ် ပွေးလအွန် အရပ်ဒေသသို့ ကြွရောက် သီတင်းသုံးတော်မူကြလေသည်။

ထိုနောက် မြန်မာနှစ် ၉၇၆-ခုနှစ်တွင် အရညဝါသီ ညီနောင်နှစ်ပါးဖြစ်သော အရှင်နန္ဒမာလာနှင့် အရှင်သုဇာတ၊ မြင်စိုင်းမြို့ နာယေးဖော် မသက်တင်ကျီးခက်၊ ခမိုးဝ တမောဝ အရပ်ဒေသများမှ ရဟန်း ၇-ပါးတို့သည်လည်း လာရောက်ကာ ဆရာတော် အရှင်ဝရဇောတိ မထေရ်အား ဆရာအဖြစ်ထား၍ နိဿယည်းခံယူ နေထိုင်ကြပြန်သည်။ ထိုရဟန်းတို့အား ဥဒကုက္ခေပ ရေအိမ်တွင် ဥတ္တိစတုတ္ထ ကမ္မဝါစာဖြင့် သိက္ခာထပ်ပေးသည်။

ထိုအရပ်ဒေသမှာပင် တရားဟော စာချအဖြစ် သာသနာပြုကာ မြန်မာနှစ် ၉၇၆-ခု၊ နယုန်လဆန်း ၈-ရက်နေ့တွင် ပျံလွန်တော်မူသည်။ ဤဆရာတော် အရှင်ဝရဇောတိ တည်ထောင်ခဲ့သော သံဃာ့ဂိုဏ်းကို ဆရာတော်အမည်ကို စွဲ၍ 'ဇောတိဂိုဏ်း' ဟု ခေါ်ဝေါ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



## ဇော်တိဂိုဏ်း၏
## ကျောင်းထိုင်မထေရ်များ စာရင်း

| | မွေးဖွားခုနှစ် | | | | ပျံလွန်ခုနှစ် | | ပျံလွန်သည့်အရပ် |
|---|---|---|---|---|---|---|---|
| စဉ် ဘွဲ့တော် | သာသနာ | မြန်မာ | သက် | ဝါ | သာသနာ | မြန်မာ | ဒေသ |
| ၁။ အရှင်ဝရဇောတိ | ၂၀၉၈ | ၉၁၆ | ၉၀ | ၇၀ | ၂၁၈၈ | ၁၀၀၆ | ဥမင် |
| ၂။ အရှင်နန္ဒမာလာ | ၂၁၂၈ | ၉၄၆ | ၈၀ | ၆၀ | ၂၂၀၈ | ၁၀၀၆ | ဟုံးမလင်း |
| ၃။ အရှင်သုဇာတ | ၂၁၂၈ | ၉၄၆ | ၉၆ | ၇၆ | ၂၂၂၄ | ၁၀၄၂ | ပွေးလအုန် |
| ၄။ အရှင်ပညာကိတ္တိ | ၂၁၈၈ | ၁၀၀၆ | ၅၁ | ၃၁ | ၂၂၃၉ | ၁၀၅၇ | ပွေးလအုန် |
| ၅။ အရှင်နန္ဒလာဘ | ၂၁၈၄ | ၁၀၀၂ | ၅၃ | ၃၃ | ၂၂၄၇ | ၁၀၆၅ | ဟိုပိုက် |
| ၆။ အရှင်နန္ဒမေဓာ | ၂၁၉၉ | ၁၀၁၇ | ၆၀ | ၄၀ | ၂၂၅၉ | ၁၀၇၇ | ဆောင်းချိုမိုင်းစွန် |
| ၇။ အရှင်ကုန္ဒပဏ္ဍဝတီ | ၂၂၂၇ | ၁၀၄၅ | ၅၀ | ၃၀ | ၂၂၇၇ | ၁၀၉၅ | လွယ်လိမ်တာရော်နယ် |
| ၈။ အရှင်ဝရဓမ္မ | ၂၂၃၉ | ၁၀၅၇ | ၅၇ | ၃၇ | ၂၂၉၆ | ၁၁၁၄ | လွယ်လိမ် |
| ၉။ အရှင်ယသဓမ္မ | ၂၂၄၇ | ၁၀၆၅ | ၇၁ | ၅၁ | ၂၃၁၈ | ၁၁၃၆ | လွယ်လိမ် |
| ၁၀။ အရှင်ယသဝတီ | ၂၂၈၃ | ၁၁၀၁ | ၈၅ | ၆၅ | ၂၃၆၈ | ၁၁၈၆ | လွယ်လိမ် |
| ၁၁။ အရှင်ကိတ္တိသာရ | ၂၃၃၇ | ၁၁၅၄ | ၇၀ | ၅၀ | ၂၄၀၇ | ၁၂၂၅ | ခမ်းတိန်း |
| ၁၂။ အရှင်ကုန္ဒသာရ | ၂၃၇၃ | ၁၁၉၁ | ၆၀ | ၄၀ | ၂၄၃၃ | ၁၂၅၁ | ကောင်းမော် |
| ၁၃။ အရှင်နန္ဒပညာ | ၂၃၈၇ | ၁၂၀၅ | ၅၈ | ၃၈ | ၂၄၄၅ | ၁၂၆၃ | မိုင်းခေး |

www.burmeseclassic.com

www.burmeseclassic.com



## ဇောတိကဂိုဏ်း၏
## ကျောင်းထိုင်မထေရ်များ စာရင်း

| | | မွေးဖွားခုနှစ် | | | | ပျံလွန်ခုနှစ် | | ပျံလွန်သည့်အရပ် |
|---|---|---|---|---|---|---|---|---|
| စဉ် | ဘွဲ့တော် | သာသနာ | မြန်မာ | သက် | ဝါ | သာသနာ | မြန်မာ | ဒေသ |
| ၁၄။ | အရှင်ပဏ္ဍိတ | ၂၃၈၉ | ၁၂၀၇ | ၆၅ | ၄၅ | ၂၄၅၄ | ၁၂၇၂ | ကောင်းမောဝ် |
| ၁၅။ | အရှင်ဝေဖယန္တ | ၂၄၀၃ | ၁၂၂၁ | ၆၀ | ၄၀ | ၂၄၆၃ | ၁၂၈၁ | နမ့်ခမ်း |
| ၁၆။ | အရှင်ကိတ္တိနန္ဒ | ၂၄၁၁ | ၁၂၂၉ | ၅၅ | ၃၅ | ၂၄၆၆ | ၁၂၈၄ | နမ့်ခမ်း |
| ၁၇။ | အရှင်ဂေါဝိန္ဒ | ၂၄၁၆ | ၁၂၃၄ | ၆၀ | ၄၀ | ၂၄၇၆ | ၁၂၉၄ | နမ့်ခမ်း |
| ၁၈။ | အရှင်သုနန္ဒ | ၂၄၂၀ | ၁၂၃၈ | ၆၅ | ၄၅ | ၂၄၈၅ | ၁၃၀၃ | လွယ်ခေး |
| ၁၉။ | အရှင်ယသဓမ္မ | ၂၄၂၅ | ၁၂၄၃ | ၇၀ | ၅၀ | ၂၄၉၅ | ၁၃၁၃ | မိုးမိတ် |

www.burmeseclassic.com

www.burmeseclassic.com



## ဇောတိကိုဏ်းလက္ခဏာနှင့် နေထိုင်ကျင့်သုံးပုံ

သင်္ကန်းကို လက်ကန်တော့ထိုးပြီး အနံ ရှစ်လက်မ၊ အလျား (၂) တောင်ရှိ သင်္ကန်းရောင် အစ, တစ်စနှင့် အပေါ်ကထပ်၍ ရင်ကို ရစ်ပတ်၍ စည်းထားသည်။ ရှင်ကျင့်ဝတ်တွင် သင်္ကန်းကို 'အဝန်း' ညီညာစွာ ဝတ်ရုံရမည်ဟု ပါရှိသော 'ပရိမဏ္ဍလ' သိက္ခာပုဒ်နှင့်အညီ ထောင့်စွန်း မညီမညာဖြစ်မည်စိုး၍ ရင်ကို ပတ်စည်းထား သည်ဟု ဆိုသည်။

မာတုဂါမများကို မကြည့်၊ အတွေ့လည်းမခံ၊ ဓာတ်ပုံရိုက်ခြင်း၊ ဓာတ်ပုံ အရိုက်ခံခြင်း မပြုပါ။ လမ်းခရီး သွားလာစရာ မော်တော်ယာဉ်၊ သင်္ဘောယာဉ်၊ မီးရထားမှတစ်ပါး လူယာဉ်၊ လှည်းယာဉ်၊ လှေယာဉ်၊ မြင်းယာဉ်များကို မစီးဘဲ စင်္ကြံလှည့်ချ၍ ခြေလျင်ခရီးဖြင့်သာ ကြွသွားတော်မူကြသည်။

ဂိုဏ်းချုပ် ဆရာတော်ကြီး၏ 'ဝတ်' ခေါ် ကျောင်းကိုနေရာဌာန အတည်တကျ အမြဲမထားဘဲ အခါကာလ အားလျော်စွာ တစ်မြို့မှတစ်မြို့ ပြောင်းရွှေ့သီတင်း သုံးသည်။ မိုးမိတ်မြို့တွင် တစ်ကြိမ်၊ သီပေါမြို့နယ် မိုင်းခေးတွင် တစ်ကြိမ်၊ မြောက်ပိုင်း သိန္နီနယ်၊ နန်းခမ်းမြို့တွင် တစ်ကြိမ်နှင့် ကချင်ပြည်နယ် မြစ်ကြီးနားခရိုင်၊ မိုးညှင်းမြို့မှ (၇)မိုင်ကွာ ဘီလူးမြို့စသော အရပ်များတွင် 'ဝတ်' ဆောက်လုပ်ထားရှိပြီး သီတင်းသုံး ခဲ့ကြသည်။

ဂိုဏ်းချုပ်ဆရာတော်ကြီး၏ 'ဝတ်' တွင် သီတင်းသုံးသော ရဟန်း သာမဏေ ပေါင်းမှာ (၁၀၀)ကျော်၊ (၂၀၀)ခန့် ရှိသည့်အခါလည်း ရှိပါသည်။ (ဝါခေါင် လပြည့်ကျော် ၁-ရက်) နေ့မှ ဝါကပ်၍ တန်ဆောင်မုန်းလပြည့်ကျော် (၁) ရက်နေ့ ဝါထွက်တော်မူကြသည်။ ဆွမ်းခံခြင်း အလျဉ်းမပြုပါ။ 'ပူချိန်း' အဘိုး ကပ္ပိယ၊ 'နိုင်းချိန်း' အဘွား ကပ္ပိယတို့က ကွပ်ကဲချက်ပြုတ်၍ နံနက်ဆွမ်းအတွက် ယာဂု၊ နေ့ဆွမ်းအတွက် ဘောဇဉ်တို့ကို 'ဝတ်' ဝင်းအတွင်းရှိ ဆွမ်းစားကျောင်းတွင် ဆက်ကပ်ကြသည်။ 'ပူချိန်း' အဘိုးကပ္ပိယနှင့် 'နိုင်းချိန်း' အဘွားကပ္ပိယကို အပြည့်အစုံ မခေါ်ဘဲ 'ချိန်း' နှင့် 'နိုင်း' ဟုလည်း ခေါ်ကြသေးသည်။ 'ချိန်း' ဝေါဟာရ၏ ရှမ်းဘာသာ အပြည့်အစုံမှာ 'ချိန်းစလွန်းအိမ်' ဟု ခေါ်သည်။ 'ရဟန်းများ၏ ပြုလုပ်ဖွယ်ကိစ္စ အဝဝကို ပြည့်စုံအောင် ဆောင်ရွက်ပေးရသည် ဟု ဆိုလိုသည်။' 'ချိန်း' ကို 'ဝတ်' ကျောင်းဝင်းအတွင်း (သို့မဟုတ်) ကျောင်းဝင်းနှင့် အနီးကပ်ဆုံးနေရာတွင် နေစေပြီး 'နိုင်း' ကို ကျောင်းဝင်းနှင့် မနီးမဝေးတွင် နေစေပါသည်။ အသက်အရွယ်ကြီးပြီး

www.burmeseclassic.com

www.burmeseclassic.com



သီလသမာဓိနှင့် ပြည့်စုံသူ အိမ်ထောင်သူ မဟုတ်သူများကိုသာ ချိန်းနှင့်နိုင်းအဖြစ် ထားရှိသည်။ ၎င်းတို့၏ ဝတ်စား နေထိုင်ရေးအတွက် ရပ်ရွာက လှူဒါန်းကြသည်။

မြန်မာပြည်အရပ်ရပ်၊ မန္တလေး၊ ရွှေကျင်၊ ကျောက်ကြီး၊ ရန်ကုန်၊ အင်းစိန်၊ ပြည် အစရှိသော မြို့များရှိ ဂိုဏ်းသားများက ဂိုဏ်းချုပ်ဆရာတော်ကြီး သီတင်းသုံးရာ 'ဝတ်'သို့ အနည်းဆုံး တစ်နှစ်တစ်ကြိမ်ကျ၊ မှန်မှန် တင်ပို့လှူဒါန်းကြသောကြောင့် 'ဘဏ္ဍာရေး'မှာ တောင့်တင်းလျက်ရှိပါသည်။

သံဃာတော်များနှင့် စပ်ဆိုင်သော ဆန်၊ ဆီ၊ ဆေး၊ ဆား၊ ငါးပိ၊ ငါးခြောက်၊ ငရုတ်၊ ကြက်သွန်၊ ငွေ အစရှိသည်များကို 'ချိန်း'နှင့် 'နိုင်း' တို့က ချင့်ချိန်ဝေဖန် သုံးစွဲကြရသည်။

ဆရာတော်ကြီး၏ "ဝတ်" တွင် တစ်နှစ်တစ်ကြိမ်ကျ ရှင်သာမဏေပြုပွဲ ပြုလုပ်ကျင်းပရာ ရှင်သာမဏေပေါင်း ၈၀၀-၁၀၀၀ မျှ ရှိတတ်ပါသည်။

အသက်(၁၀)နှစ်အောက် ငယ်ရွယ်သူများကို ဆရာတော်က သင်္ကန်း ဝတ်ပေးခြင်း မပြုပါ။ ဂိုဏ်းသားများက မိမိတို့သား၊ ညီ၊ တူ၊ မြေး၊ စသည်တို့ကို ရှင်သာမဏေမပြုမီ သင်္ကန်းတောင်း၊ လိင်(၁၀)ပါး၊ ဒဏ်(၁၀)ပါး၊ သေခိယ (၇၅)ပါး၊ ခန္ဓကဝတ် (၁၄)ပါး စသည်တို့နှင့် သရဏဂုံ ပီသအောင် သင်အံလေ့ကျင့်ရန် "ဝတ်"သို့ အနည်းဆုံး တစ်နှစ်ခန့်က ပို့ထားကြသည်။ သာမဏေလောင်းများကို ဆရာတော်ထံ မပို့အပ်မီ ရှင်ပြုအလှူ ရည်ရွယ်သတ်မှတ်ထားသော ငွေများကို ဆန်ပန်းပေါက်ပေါက်နှင့် ရော၍ အုပ်ထဲသို့ထည့်ပြီး ဂိုဏ်းဆိုင်ရာ သမာဓိလူကြီး များထံ အပ်နှံရသည်၊ လူကြီးများက ထိုငွေသည် သမ္မာအာဇီဝ-အသက်မွေးဝမ်းကျောင်း ကောင်းသောနည်းလမ်းနှင့် ရှာဖွေ၍ ရရှိသော ငွေဟုတ်သည် မဟုတ်သည်ကို စစ်ဆေးမေးမြန်းသည်။ တရားသောနည်းလမ်းနှင့် ရရှိသောငွေဖြစ်ကြောင်း၊ သန့်ရှင်းစင်ကြယ်သော ငွေဖြစ်ကြောင်းကို သိမှ လက်ခံပြီး သာမဏေလောင်းနှင့် အတူ ဆရာတော်ထံ ပို့သည်။

ဆရာတော်က ထပ်မံစစ်ဆေးပြီး ကျေနပ်မှလက်ခံ၍ ထိုငွေကို လူကြီး များအား ဘဏ္ဍာထိန်းအဖြစ်နှင့် ပြန်လည်အပ်သည်။ ထိန်းသိမ်းထားပြီးနောက် ရှင်ပြုသောအခါ ရှင်းတမ်းနှင့်တကွ သေချာစွာ ဆောင်ရွက် ပြုလုပ်ပေးသည်။ သာမဏေတစ်ပါးသည် အသက် (၂၀) ပြည့်သောအခါ ရဟန်းဘောင်တက်ရသည်၊ သို့ရာတွင် သမဏသာရုပ္ပ ကြည်ညိုဖွယ်ဆောင်သော ရုပ်ဆင်းအင်္ဂါမရှိဘဲ ချို့ယွင်း

www.burmeseclassic.com

www.burmeseclassic.com



နေပါက သာမဏေအဖြစ်နှင့်သာ နေရပါသည်။ ဆရာတော် သီတင်းသုံးရာ "ဝတ်" ရှိသော မြို့ရွာများနှင့် "ဝတ်" အနီးအပါး ရွာများက ဂိုဏ်းဝင်များသည် သီတင်းနေ့ များတွင် သီလ၏ခံယူရန် နံနက်(၈)နာရီလောက်က "ဝတ်" အနီးသို့ ရောက်လာ ကြသည်။

ထိုအခါ "ချိန်း"က ဆန်ပန်းပေါက်ပေါက်နှင့် ပန်းကတော့များကို ကလပ်ပေါ်တင်၍"ဝတ်"ပေါ်သို့တက်သွားပြီး ဆရာတော်အား ဦးသုံးကြိမ်ချ၍ "တပည့်ဒါယကာ ဒါယိကာမအပေါင်းတို့က သီလခံယူလို၍ လာရောက် နေကြကြောင်း" လျှောက်ထားရသည်။ ဆရာတော်က "အေး...... လီယောက် လီယောက် အေး... ကောင်းပြီ ကောင်းပြီ" အမိန့်ရှိလိုက်မှ "ချိန်း"က ထသွားပြီး "ဝတ်"၏ အရှေ့ဆောင် ခန်းမကြီးကို အလျားလိုက် ကြိုးသွယ်တန်း ချုပ်လုပ်တပ်ဆင်ထားသော ကန့်လန့်ကာ ခန်းစည်းကို ဆွဲယူဖွင့်လိုက်သည်။ ဆရာတော်က "တုံး" (ကလတက်) ခေါက်လိုက်သောအခါ ယောကျ်ားများက ခေါင်းပေါင်းချွတ်၍ လက်ကပတ်ထိုးပြီး "ဝတ်" ပေါ်သို့ တက်လာကြသည်။ 'ဝတ်'ပေါ်တွင် ယောကျ်ားများက ကန့်လန့်ကာ အနီးတွင် ထိုင်၍ မိန်းမများက ယောကျ်ားများနောက်ဘက် ကြမ်းပြင် အနည်းငယ် နိမ့်သောနေရာက ထိုင်ကာ ပန်းကတော့များ ကိုယ်စီကိုယ်ငှကိုင်လျက် မလှုပ်မယှက် ငြိမ်သက်စွာ ကြည်ညိုကြသည်။

ဆရာတော်ကြီးနှင့်တကွ "ဝတ်"ရှိရဟန်း သာမဏေ အားလုံး သင်္ကန်းကို သပ်ရပ်စွာရုံပြီး ကန့်လန့်ကာအတွင်းရှိ နေကထိုင် ဖုံများပေါ်တွင် ဝါစဉ်အလိုက် သီတင်းသုံးကာ စကျွန်ခြေချပြီး ကြည်ညိုဖွယ်ရှိသော အခါမှ "ချိန်း"က ခန်းစည်း ကန့်လန့်ကာကို တဖြည်းဖြည်းခွဲ၍ ဖွင့်သည်။ ဒါယကာ ဒါယိကာမများက ဦး(၃)ကြိမ် ချ၍ ကြည်ညိုကြသည်။ "ချိန်း" (သို့မဟုတ်) "ဝတ်" ဒါယကာ တစ်ဦးတစ်ယောက်က ဖြစ်စေ၊ ဂိုဏ်းဆိုင်ရာ သမာဓိတစ်ဦးဦးက ဖြစ်စေ၊ ဆန်ပန်းပေါက်ပေါက်နှင့် ပန်းကတော့ပါသော ကလပ်ကို ကိုင်လျက် ဦးညွှတ် အရိုအသေပြုပြီး-

"ယခုရောက်ရှိနေသော ဒါယကာ ဒါယိကာမကြီးငယ်တစ်စုတို့ကို သံသရာ ဝဋ်ဆင်းရဲမှ လွတ်မြောက်ရန် အလို့ငှာ ပန်း၊ ဆီမီး၊ ဆွမ်း၊ ဆေး၊ ခဲဘွယ် ဘောဇဉ်၊ ချိုချဉ်၊ အဖျော်ယမကာ စသည်တို့ကို လှူဒါန်း ပူဇော်ပါသည်ဘုရား၊ တပည့်တော် တပည့်တော်မတို့အား သုံးပါးသော သရဏဂုံ ရှစ်ပါးသော သီလတော်မြတ်များနှင့် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားတော်မူပါဘုရား" ဟု ရှမ်းကဗျာ

www.burmeseclassic.com

www.burmeseclassic.com



လက်ာနှင့် ဖွဲ့နွဲ့စပ်ဆိုထားသော လျှောက်ထုံးကို (၅)မိနစ်ကျော် (၁၀)မိနစ်ခန့် သံနေသံထားဖြင့် လျှောက်ထားရပါသည်။ ထို့နောက် ဒါယကာဒါယိကာမများက ထုံးစံအတိုင်း ဩကာသ(၃)ကြိမ်ကစ၍ 'နိဗ္ဗာန်ချမ်းသာတရားတော်မြတ် ရပါလို၏ အရှင်ဘုရား' ရှိန်းဆုတောင်း ဆုံးသောအခါ ဆရာတော်က နှုတ်ရွတ်ဆုပေးသည်။

အဟံ ဘန္တေ . . . မေ ဘန္တေ . . . သီလတောင်းဂါထာ ပါဠိကို ဆရာတော်က နှုတ်မြွက်ချမပေးဘဲ ဒါယကာ၊ ဒါယိကာမများကိုယ်တိုင် ဆိုကြရသည်။ နမော တဿမှစ၍ သရဏဂုံသုံးပါးနှင့် သီလပေးအထိ ဆရာတော်က နှုတ်မြွက်ချပေး၍ ဒါယကာ ဒါယိကာမများက လိုက်ဆိုကြရသည်။ ပြီးလျှင် ဆရာတော် သံဃာတော်များက ပရိတ်တော် ရွတ်ဆိုတော်မူကြသည်။ ၎င်းနောက် ဒါန၊ သီလ၊ ဘာဝနာ တရားတော်များကို ဆရာတော်က ဟောကြားတော်မူသည်။ ဆရာတော်က တရားတော်ကို ဟောကြားသည့်အခါ ပါဠိကို မြန်မာအသံထွက် ပါဠိအတိုင်း ရွတ်ဆို၍ အနက်အဓိပ္ပာယ် အကျယ်ဝိတ္ထာရကို ရှမ်းဘာသာနှင့် ချဲ့ထွင်ဟောပြောသည်။ ဆရာတော် တရားအဆုံးသတ် အဘိဓမ္မာချပြီးသောအခါ "ချိန်း" က (၅)မိနစ်ကျော် (၁၀)မိနစ်ခန့် ရေစက်ချပြီး အမျှဝေလျှင် သာဓု(၃)ကြိမ် စိတ်ပါလက်ပါနှင့် အားရပါးရ ခေါ်ကြပါသည်။

"ချိန်း" က ပစ္စည်းလေးပါး ဒါယကာ ဒါယိကာမများ ကိုယ်စား "ဝတ် အတွင်း၌ သီတင်းသုံးတော်မူကြကုန်သော ဆရာတော် သံဃာတော်အရှင်မြတ်များ ကျန်းမာ ချမ်းသာတော်မူကြ၍ သပ္ပာယ မျှတော်မူကြပါရဲ့လားဘုရား" ဟု လျှောက် ထား၍ ဆရာတော်က "သပ္ပာယမျှတော်မူကြောင်း" ပြန်လည် မိန့်ကြားတော် မူပြီးမှ ကန့်လန့်ကာကို "ချိန်း" က တဖြည်းဖြည်း ဆွဲ၍ပိတ်လိုက်သည်။ ဒါယကာ ဒါယိကာမများက ဦးသုံးကြိမ်ချ၍ ကြည်ညိုကြသည်။

ဆရာတော် သံဃာတော်များထ၍ ခမ်းဆောင်အတွင်းသို့ အသီးသီး ဝင်သွားပြီးနောက် ခန်းဆီးကန့်လန့်ကာကို "ချိန်း" က တဖြည်းဖြည်း ဆွဲဖွင့်သည်။ ထိုအခါမှ မိန်းမများက 'ဝတ်' ပေါ်က အရင်ဆင်း၍ ယောကျ်ားများက နောက်မှ ဆင်းကြသည်၊ ရောနှော တိုးဝှေ့၍ မဆင်းကြပါ။ ယောကျ်ား နှစ်ယောက် သုံးယောက်က နေရစ်ခဲ့ပြီး သီလခံယူစဉ်အခါက ပန်းကတော့များမှ ကြွေကျနေသော ပန်းရွက်၊ ပန်းခက်၊ ပန်းဝတ်မှုန်ကလေးများနှင့် မြေစာမှုန့် အစရှိသည်များကို သန့်ရှင်း စင်ကြယ်အောင် တံမြက်စည်းနှင့် လှဲကျင်းပြီးမှ 'ဝတ်' ပေါ်က ဆင်းကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော် သီတင်းသုံးရာ 'ဝတ်' နှင့် ဝေးကွာသော ရပ်ရွာရှိ ဂိုဏ်းဝင်များက မိမိတို့ရပ်ရွာတွင် 'ဝတ်' တစ်ဆောင် ဆောက်လုပ်လှူဒါန်းထားပြီး ရုပ်ပွားဆင်းတုတော် တစ်ဆူကို ဘုရားကျောင်းဆောင်အတွင်း၌ထား၍ ပူဇော်လေ့ရှိကြသည်။ သီတင်းနေ့များ၌ ဘုရားရှေ့တွင် ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီး ဆက်ကပ်လှူဒါန်း၍ အလှူဒါန ပြုလုပ်ကြပြီး သီလခံယူဆောက်တည်လျက် တရားဘာဝနာ အားထုတ်ပွားများကြသည်။ ဇောတိဂိုဏ်းဝင်များ ဘုရားကို ဆက်ကပ်လှူဒါန်းသော ဆွမ်းခဲဘွယ် ဘောဇဉ်များကို အခြားဂိုဏ်းဝင်များကဲ့သို့ ခွေး၊ ဝက်၊ ကြွက်၊ ငှက် အစရှိသော သတ္တဝါများ စားသောက်စေရန် စွန့်မပစ်ဘဲ ကျင်းထဲထည့်၍ မြှုပ်ပစ်ကြသည်။

အခြားနေရာတွင် စွန့်ပစ်ထားခဲ့သော် ခွေးများ လာစားလျှင်လည်း ခွေးချင်း ကိုက်မည်။ ခွေးကလေးကိုလည်း ခွေးကြီးက ကိုက်မည်။ ကြွက်ကလေး, ငှက် ကလေးများ လာစားလျှင်လည်း စွန်တို့ သိမ်းငှက်တို့က လာရောက် သုတ်ချီသွားမည်။ ကျီးများ, ငှက်များက ဘောဇဉ်များကို ချီယူသွားပြီး ဘုရားစေတီ, ရုပ်ပွားဆင်းတု တော်များအပေါ် နားကာ စားသောက်နေသော်လည်းကောင်း၊ ဘုရားတန်ဆောင်း ကျောင်းဦးပြာသာဒ်များ၏ အမိုးပေါ်မှာချကာ စားသောက်ခဲ့သော်လည်းကောင်း ဆွမ်းခဲဘွယ်အစအနများ ပေကျံလျက် မသန့်မပြန့် ဖြစ်ကုန်မည်။ ထိုအခါ ငါတို့ပယောဂ မကင်းဟု သံသယရှိသဖြင့် ကျင်းထဲထည့်ကာ မြှုပ်ပစ်သည်ဟု ဆိုသည်။

ဂိုဏ်းဝင်များသည် ဘုရားတန်ဆောင်း ကျောင်းဝင်းအတွင်းများ၌ စက်ဆုပ်ဖွယ် (၄)ပါးဟု ဆိုအပ်သော နှပ်ညှစ်ခြင်း၊ တံတွေးထွေးခြင်း၊ ကျင်ကြီးကျင်ငယ် စွန့်ခြင်း များကို မပြုမလုပ်ကြ။ ယောင်မှား သတိလစ်ဟင်းပြီး ပြုလုပ်မိခဲ့သော် နတ်ယုံကြည် သူများ နတ်ကိုကြောက်ရွံ့သကဲ့သို့ ကြောက်ရွံ့ကြသည်။ ချက်ချင်း သုတ်သင် ရှင်းလင်းပြီး ကန်တော့ကြသည်။

ဘုရားဟော ဒေသနာ ကျမ်းဂန်များသည် "ဓမ္မစေတီ" ထိုက်သဖြင့် ပုရပိုက် (သို့မဟုတ်) စာအုပ်ကိုမဖတ်မီ ရှိခိုးသုံးကြိမ်ချပြီးမှ ဖတ်ကြသည်။ လက်ညှိုးကို တံတွေးဆွတ်ပြီး စာရွက်များကို လှန်ခြင်းလည်းမပြု။ အိမ်အောက် ကျောင်းအောက် မှာလည်း မဖတ်၊ ပက်လက်အိပ်၍လည်း မဖတ်၊ ပက်လက်အိပ်၍ စောင်း၍လည်း မဖတ်၊ အရိုအသေပြုကာ ဝပ်၍ ဖတ်ကြသည်။ 'ဝတ်' အပေါ်မှဖြစ်စေ အိမ်တစ်အိမ်မှ ဖြစ်စေ စာပေကျမ်းဂန်များကို တစ်နေရာမှ တစ်နေရာသို့ ယူသွားသောအခါ ဝတ္ထု၊ ဂျာနယ်၊ မဂ္ဂဇင်း သတင်းစာများကို ယူသွားကြသလို ချိုင်းကြားညှပ်၍ ယူခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



ဘေးကကိုင်၍ ယူသွားခြင်းမျိုးဖြင့် မယူဘဲ ရုပ်ပွားဆင်းတုတော်များကို ပင့်၍ သွားသလို ယောကျ်ားများက လက်ပေါ် ပခုံးပေါ် တင်၍ ပင့်သွားကြသည်၊ မိန်းမများက ခေါင်းပေါ် တင်၍ ပင့်သွားကြသည်။

လူသေလျှင်လည်း ငိုကြွေးခြင်းမပြုကြ၊ သင်္ခါရတရားတော်အတိုင်း တစ်နေ့နေ့ သေကြရမည့် သတ္တဝါများ ဖြစ်ကြသည်။ သူ၏ အတိတ်ဘဝက ကုသိုလ် ဆုတောင်းသည့်အတိုင်း ပြည့်လေပြီဟု သဘောထားကြပြီး စိတ်ငြိမ်နိုင်သမျှ စိတ်ငြိမ်အောင် နေလျက် ကုသိုလ်ကောင်းမှုများကိုသာ ပြုကြသည်။

အိမ်တွင်း မင်းမဟာဂီရိ အစရှိသော နတ်များကိုလည်း ယုံကြည်ကိုးကွယ်မှု မရှိ၊ အမျှဝေ၍ မေတ္တာသာပို့ကြသည်။ ငါးပါးသီလ စောင့်ထိန်းကြပြီး ဖရုသဝါစာ ကြမ်းကြုတ်ခက်ထန်သော စကားများ မပြောဆိုခြင်း၊ သမာအာဇီဝ အသက်မွေး ဝမ်းကြောင်းဖြင့် ရှာဖွေစားသောက်ကြခြင်း၊ ပန်းပဲမလုပ်ခြင်း၊ ဓား၊ လှံ၊ သေနတ်၊ ယမ်း၊ မီးခြစ်၊ အဆိပ်စသည့်ကုန်များကို ကူးသန်းရောင်းဝယ်မှု မပြုလုပ်ခြင်း၊ ငွေတိုးမစားခြင်း၊ ဂိုဏ်းသူဂိုဏ်းသားအချင်းချင်း ငွေကြေးရည်တက်သူများက တတ်နိုင်သလောက် ကူညီထောက်ပံ့ချေးငှားခြင်း၊ ချေးယူသူ မြီးစားများကလည်း ကြေလည်အောင် မှန်ကန်စွာ ပြန်လည်ပေးဆပ်ခြင်း၊ အမျိုးတူ ဂိုဏ်းတူအချင်းချင်းမှ လက်ထပ်ပေးစားခြင်းအမှုကို ပြုလုပ်ခြင်း၊ ခိုက်ရန်ဖြစ်ပွားမှု၊ ဆဲဆိုမှုမရှိခြင်း၊ အကယ်၍ စိတ်အခန့်မသင့်၍ ဆဲဆိုမှုပြုကြသော်လည်း မကြားဝံ့မနာသာ ယုတ်မာ ကြမ်းကြုတ်သော ဆဲရေးခြင်းမျိုး မဟုတ်ဘဲ . . .

"မင်းတို့က လူလိမ္မာတွေပေါ့၊ တယ်လိမ္မာတယ်နော်၊ တို့က မလိမ္မာပါဘူး၊ မင်းတို့ကသာ လူလိမ္မာ လူပဏ္ဍိပညာရှိတွေပါ၊ ညည်းတို့သာ မိန်းမချော၊ မိန်းမလှ တွေပါအေ၊ အို . . . ရှင်တို့ကရော မိန်းမချော မိန်းမလှတွေ မိန်းမလိမ္မာတွေ မဟုတ်လား" အစရှိသဖြင့် သုံးနှုန်း ရေရွတ်မှုပြုကြသည်။ ကာလသား လူငယ် လူရွယ်များ အပေါင်းအသင်းများကြောင့် တစ်ခါတစ်ရံ သေရည်သေရက် သောက်စား မူးယစ်လာမိသော် နောက်တစ်နေ့တွင် မိဘများက ထိုလူငယ်အား "မင်း အခု အရက်သောက်တတ်လာပြီနော်၊ အော . . . အဲဒါ လူလိမ္မာ လူပညာရှိကြီး ဖြစ်တာ ပေါ့ကွယ့်" စသည်ဖြင့် ဆိုဆုံးမကြသည်။ ဆိုဆုံးမခံရသူကလည်း အလွန်အမင်း အရှက်ရသည်ဟု ဆိုပါသည်။

အမြို့မြို့၊ အရွာရွာ၊ အရပ်ရပ်ရှိ တန်ခိုးကြီးဘုရားများကို လှည့်လည်၍ ရှိခိုးပူဇော်မှုပြုကြသော်လည်း ဇောတိဂိုဏ်းဆိုင်ရာ သံဃာတော်များမှ တစ်ပါး

www.burmeseclassic.com

www.burmeseclassic.com


'အခြား ဂိုဏ်းသံဃာတော်များကို ရှိခိုးခြင်းမပြု။' အခြားဂိုဏ်းဝင်များက အလှူ မင်္ဂလာဖိတ်ကြားလျှင် လာလည်းလာသည်။ လှူဖွယ်ဝတ္ထုများကိုလည်း ပါဝင် လှူဒါန်းကြသည်။ သို့ရာတွင် တရားနာ ရေစက်ချသောအချိန်၌ ထ၍ပြန်သွား ကြသည်။

ဂိုဏ်းဝင်များသည် အလွန်သိပ်သည်း၍ နှုတ်ခိုလှသည်။ "ဂိုဏ်း"အကြောင်းကို မေးလျှင် လွှဲဖယ်နိုင်သမျှ လွှဲဖယ်ပြောကြသည်။ မေးနိုင်လွန်းမှ တစ်ခွန်းစ နှစ်ခွန်းစ လောက်ပြောပြီး "မထူးပါဘူး၊ ဗုဒ္ဓဘာသာချင်းအတူတူပဲ" ဟု လေအေးအေးနှင့် ပြန်ပြောကာ နှုတ်ပိတ်နေတတ်ကြသည်။

ဇောတိဂိုဏ်းနေ ရဟန်းသာမဏေများ ကျင့်သုံးပုံ

၁။ နံနက် ၄ နာရီအချိန်တွင် အိပ်ရာမှနိုးထခြင်း။

၂။ နံနက် ၅ နာရီတွင် ဘုရားဝတ်ပြုခြင်းနှင့် မေတ္တာမျှဝေ ရွတ်ဆိုသရဇ္ဈာယ် ခြင်း။

၃။ နံနက် ၅ နာရီ ၃၀ မိနစ် မနက် အရုဏ်ဆွမ်း ဘုဉ်းပေးခြင်း။

၄။ နံနက် ၆ နာရီတွင် ဆွမ်းဘုဉ်းပြီး၍ ကျောင်းခန်းမဆောင်ကြီးသို့ သင်ပုန်း ကြီးကို ယူဆောင်သွား၍ ၁ နာရီတိတိ တရားစာအံကျက်မှတ်ရခြင်း။

၅။ နံနက် ၇ နာရီတွင် မိမိနေရာ ကျောင်းသို့ပြန်လာ၍ ၁ နာရီ တိတိ စာ ကျက်မှတ်ရပြန်ခြင်း။

၆။ နံနက် ၈ နာရီမှ ၁၁ နာရီထိ အားလပ်ချိန်။

၇။ နံနက် ၁၁ နာရီတွင် နေ့ဆွမ်းဘုဉ်းပေးခြင်း။

၈။ နံနက် ၁၁ နာရီ ၃၀ မိနစ်တွင် ကျောင်းခန်းမဆောင်ကြီးသို့ ထွက်၍ စာ ကျက်မှတ်ပြန်ခြင်း။

၉။ မွန်းလွဲ ၁၂ နာရီ ၃၀ မိနစ်တွင် မိမိကျောင်းနေရာ၌ တစ်ဖန် ၁ နာရီ တိတိ စာကျက်မှတ်ပြန်ခြင်း။

၁၀။ မွန်းလွဲ ၁ နာရီ ၃၀ မိနစ်မှ ညနေ ၃ နာရီအထိ အားလပ်ချိန်။

၁၁။ ညနေ ၃ နာရီမှ ၄ နာရီ ၃၀ မိနစ်အထိ ရှမ်းတရားစာပေများကို သင်အံ ကျက်မှတ်ပြန်ခြင်း။

၁၂။ ညနေ ၄ နာရီ ၃၀ မိနစ်မှ ညနေ ၅ နာရီ အကြား ရေသပ္ပာယ်ချိန်။

www.burmeseclassic.com

www.burmeseclassic.com



၁၃။ ညနေ ၅ နာရီမှ ညနေ ၆ နာရီအထိ ကျောင်းခန်းမဆောင်ကြီးသို့ ထွက်၍ စာကျက်မှတ်ပြန်ခြင်း။

၁၄။ ညနေ ၆ နာရီတွင် ဘုရားဝတ်ပြုခြင်းနှင့် ကျောင်းထိုင်မထေရ် ဆရာတော်အား ဝတ်ချကန်တော့ပြီး ဩဝါဒ အဆုံးအမကို နာယူခြင်း။

၁၅။ ည ၇ နာရီ မှ ည ၈ နာရီအထိ ကျောင်းခန်းမဆောင်ကြီးသို့ ထွက်၍ အာဂုံဆောင်ရထားသော တရားစာများကို မမေ့ရအောင် သရဇ္ဈာယ်ပွားများခြင်း။

ဤနေရာတွင် နေ့စဉ်ကဏ္ဍကို အသေးစိတ် ပြန်လည် တင်ပြလိုသည်မှာ-

၁။ နံနက် ၄ နာရီ အိပ်ရာမှ နိုးထခြင်းဆိုသည်မှာ ရဟန်းများ ဒေသနာကြားခြင်းနှင့် သာမဏေများ သပိတ်ဆေး၍ ရေစွေးတည်ရပါသည်။

ထို့နောက် ကျောင်းခန်းမသို့ ထွက်၍ တံမြက်လှည်းခြင်းစသော ဝတ်ကြီးဝတ်ငယ်များ ဖြည့်စွက်နေရပါသည်။

၂။ နံနက် ၅ နာရီတွင် ဆရာတော်က ကလတက်အသံပေးလိုက်သောအခါ ရဟန်းသာမဏေအားလုံး ဒုက္ကုဋ်ကို ဘယ်ဘက်ပခုံးပေါ် တင်၍ ဘုရားဝတ်တက်ကြပါသည်။

ဘုရားဝတ်ပြုပြီး ကျောင်းဆောင်သို့ ပြန်ကြွလာကာ မေတ္တာပို့အမျှဝေ သရဇ္ဈာယ်ပွားများရသည်။ ၎င်းနောက် ၅ နာရီ ၃၀ တွင် အရုဏ်ဆွမ်းဘုဉ်းပေးရန် ဆွမ်းစားကျောင်းမှ ကလတက်တုံးခေါက်ပါသည်။ ထို့နောက် သာမဏေငယ်များ ကမ္ဗလာဖုံခင်းကျင်းသည်။ သာမဏေကြီးများက ဆွမ်းလောင်းပြီး သောက်ရေ သုံးရေ ကည်ထားပါသည်။ ကလတက်တုံး (၂)ချက်လောက် အချက်ပြလိုက်သောအခါ ရဟန်းသာမဏေအားလုံး ဆွမ်းစားကျောင်းထဲသို့ ဝင်သွားပါသည်။ ထို့နောက် သာမဏေများက ရဟန်းများအား ဆွမ်းဟင်းကပ်ပေးပြီး မိမိနေရာသို့ လာ၍ သုံးဆောင်ပေးကြပါသည်။ ရဟန်းတစ်ပါးလျှင် သပိတ်တစ်လုံး ဆွမ်းဟင်းခုံ တစ်စုံဖြစ်ပြီး၊ သာမဏေများမှာ (၅)ပါးလျှင် တစ်ခုံကျစီ ဖြစ်ပါသည်။ ရဟန်းများ၊ သာမဏေများအားလုံး ကမ္ဗလာဖုံခင်းပေါ် မှာ ကောင်းမွန်စွာ သေချာထိုင်ပြီးလျှင် အနံတစ်တောင်၊ အလျား နှစ်တောင်ခန့်ရှိသော (ဖာစိတ်ဆောင်း) ခေါ် အဝတ်စသန့်စင်ကြူကို ပေါင်ပေါ် သို့သေချာစွာတင်၍ ဘုဉ်းပေးကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းဟင်းကိုလည်း လောင်းထည့်ထားသော စားခုံပေါ်ရှိ ဟင်းခွက်ထဲတွင် ပြည့်ပြည့် မပြည့်ပြည့် မဖြည့်ရတော့ဘဲ မျှတစွာ သုံးဆောင်ကြရသည်။ ရဟန်းများမှာမူကား ထိုင်ရာမှ ထသွားပြီးလျှင် နောက်ထပ် တစ်ဖန် မသုံးဆောင်ရတော့ပေ။ ဆွမ်းဘုဉ်းပေးရာတွင် ဆွမ်းလုတ်ကို ပမာဏ အနေအထားလောက် လုပ်ပြီးမှ ဘုဉ်းပေးရပါသည်။ ဆွမ်းခွက်ထဲတွင် ဟင်း မပေစေရပါ။ ဆွမ်းဘုဉ်းပေးပြီးလျှင် ကလတက်တုံးခေါက်ပြီး ဆေးကြော သုတ်သင် တံမြက်လှည်းခြင်းနှင့် ဆွမ်းဘုဉ်းကိစ္စ ပြီးနေတော့သည်။

* နေ့လယ် ဆွမ်းဘုဉ်းချိန်၌လည်း ဤနည်းအတူပင် နေ့လယ်ဆွမ်း ဘုဉ်းပေး ပြီးလျှင် ရေမှလွဲ၍ ဘာမျှ မသုံးဆောင်ရတော့ပေ။

* စာစ်ဦးဦးသော ဒါယကာ၊ ဒါယိကာမများက စေတနာ သဒ္ဓါတရား ထက်သန်၍ အဖျော်ယမကာအမိုးမျိုး ကပ်လှူလာပါက သုံးဆောင်ရပါသည်၊

ဤကား နေ့စဉ်မပျက်သောကြောင့်ပင်ဖြစ်သည်။

စာကျက်မှတ်ရာတွင်လည်း ရှေးဦးစွာ သင်ပုန်းကြီးထဲ၌ ရေးကူး ထားသော တရားစာများကို ဦးသုံးကြိမ် ကန်တော့ပြီးမှ စာရွတ်အံရသည်။ တစ်နာရီပြည့်သောအခါ သိက္ခာဝါကြီး ရဟန်းက ဦးဆောင်၍ ရဟန်းသာမဏေ အားလုံး ဦးညွှတ်၍ ဩကာသ ဘုရားကန်တော့မျိုးဖြင့် နိဗ္ဗာန်ချမ်းသာ ရောက်ရပါလို၏ အထိ ကန်တော့ရပါသည်။ နေ့လယ်ပိုင်းနှင့် ညနေပိုင်း ၌လည်း ဤသို့ပင် စာကျက် စာဖတ်ချိန်တွင်ဖြစ်စေ၊ အနည်းငယ် အားလပ်ချိန် တွင်ဖြစ်စေ တစ်ပါးနှင့်တစ်ပါး ခေါက်ခြင်း၊ တို့ခြင်း၊ နောက်ပြောင်ခြင်း၊ ကစားခြင်း စသည်တို့ကို မပြုလုပ်ရပါ။ ဩဝါဒ ဆုံးမထားသော စည်းကမ်း ချက်ကို ကျော်လွန်လျှင် ဆရာက ခေါ်စစ်ဆေးပြီး ရေဒဏ် သဲဒဏ်ပေးသည်။ ဒဏ်ပေးသည်ဆိုသည်မှာ ယဉ်ကျေးသိမ်မွေ့ နူးညံ့အောင် ဘုရားဥပဒေ တော်ကို ရိုသေကြောက်ရွံ့ရန်နှင့် အာပတ်ဒုက္ကဋ်မဖြစ်အောင် ပြုလုပ် ပေးသည်ဟု ဆိုပါသည်။

နံနက် ၈ နာရီမှ ၁၁ နာရီအထိ အားလပ်ချိန်ဆိုသည်မှာ- ပစ္စဝေက္ခဏာ တရားများကို ပွားများ ဆင်ခြင် အားထုတ်နေရပါသည်။

ပစ္စဝေက္ခဏာ လေးပုဒ်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



စီဝရံ သက်န်း၊ ပိဏ္ဍပါတံ ဆွမ်း၊ သေနာသနံ ကျောင်း၊ ဂိလာန ဆေးတို့ပင်ဖြစ်သည်။ ၎င်းတို့ကို တစ်ပုဒ်လျှင် အကြိမ်ပေါင်း ၆၀-၇၀-၈၀ အထိ သရဇ္ဈာယ်ပွားများ ဆင်ခြင်ရသည်။ အကြိမ်ပေါင်း ၆၀ အောက် လျော့ခဲ့လျှင် ကတိကဝတ်ပျက်သည်။ ဒဏ်သင့်သည်။

ထို့ကြောင့် တစ်ပုဒ်လျှင် ၆၀ ကြိမ်၊ ၄ ပုဒ်ရှိသောကြောင့် ၂၄၀ ကြိမ် ဖြစ်သည်။ မွန်းလွဲ ၁ နာရီ ၃၀ မိနစ်မှ ညနေ ၃ နာရီအထိ အားလပ်ချိန် ဆိုသည်မှာ ပစ္စဝေက္ခဏာမပြီးသေးလျှင် ပြီးစီးအောင် ထပ်မံသရဇ္ဈာယ် ပွားများ ဆင်ခြင်ရပါသည်။ အားလပ်သောအချိန်ကို မဖြုန်းတီးရဘဲ စာကျက်၊ စာသင်၊ စာမှတ်၊ စာကြည့်၊ စာရေးနေရသည်။ ထို့နောက် ရဟန်းများ ညနေ ၅ နာရီ မထိုးမီအချိန်တွင် ဒေသနာကြား အာပတ်ဖြေ ရသည်။ ဒေသနာကြားခြင်းမှာ တစ်နေ့ ၂-ကြိမ်ဖြစ်ပေသည်။ ညနေ ၆ နာရီ ၃၀ မိနစ်မှ ည ၇ နာရီထိ နာရီဝက် အားလပ်ချိန်တွင် ဘုရားဝတ် ပြုပြီး ပြန်အလာ ရဟန်း သာမဏေအားလုံး ဆရာတော်မထေရ်အား ကန်တော့ပြီး ဩဝါဒခံယူလေသည်။ ဆရာတော် ခွင့်ပြုမှ အားလုံး နေရာမှ ထသွားကြရသည်။ ၎င်းနောက် မိမိထက် သိက္ခာဝါကြီး ဦးပဉ္စင်း ဆရာတော် များကို နှိပ်နယ်ဝတ်ပြုပြီး တရားစာပြန် သရဇ္ဈာယ်ချိန်ကိုသာ စောင့်မျှော်နေ တော့သည်။ ထို့နောက် ကျောင်းထိုင်မထေရ် ဆရာတော်က ကလတက်သံ ပေးလိုက်သောအခါ ရဟန်း သာမဏေအားလုံး ကျောင်းခန်းဆောင်သို့ ကြွသွားပြီး ၁ နာရီတိတိ သရဇ္ဈာယ်နေရင်း နောက်ထပ် စာချခေါက်တော့မှ ကျောင်းထိုင်မထေရ်ဆရာတော်အား ကန်တော့ပြီး တစ်နေ့တာအတွက် ဩနားယူနေကြတော့သည်။

"ဤရက်ဆက်ကျင့်သုံးပုံမှာ နေ့တိုင်းပင်ဖြစ်ပြီး အဖိတ်နေ့နှင့် ဥပုသ်နေ့ များအတွက်"

အဖိတ်နေ့တွင် ကျောင်းတွင် စေတီပုထိုး၊ ဘုရား၊ ကျောင်း၊ သိမ်များကို သွားရောက်ပြီး တံမြက်လှည်း သုတ်သင်ရှင်းလင်းကြပါသည်။

သိမ်မှာ ရေသိမ်ဖြစ်သည်။ အစဉ်မပြတ် ဇောတိကျောင်းသည် ရေသိမ်ကိုမှ ကျေနပ်အားရစွာ သုံးခဲ့ကြသည်။ ဥပုသ်နေ့ နံနက်ပိုင်းတွင် ရဟန်းသာမဏေအားလုံး ဝါစဉ်အလိုက် ကမ္ဗလာဖုံခြင်းပြီး မိမိကျောင်းနေရာတွင် တိတ်တဆိတ် နေကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းထိုင်မထေရ်ဆရာတော် ကလတက်ခေါက်လျှင် ဝါစဉ်အလိုက် မိမိကမ္ဗလာဖုံခင်းတွင် သက်နှန်းရုံ၍ စကျွန်ရွေချုပြီး ငြိမ်ဝပ်စွာ နေကြရသည်။ တရားနာ ရေစက်ချပြီးလျှင် ဒါယကာ၊ ဒါယိကာမများ လှူဒါန်းထားသော ခဲဘွယ်ဘောဇဉ်များကို ဝေငှပြီး အေးအတူပူအမျှ မျှတကြရပါသည်။

ဤကား ဥပုသ်နေ့တိုင်းပင်ဖြစ်သည်။

နေ့လယ် ဆွမ်းဘုဉ်းပေးပြီး စာကျက်အံပြီး၍ ၁၂း ၃၀ နာရီတွင် ရဟန်းများ ဒေသနာကြားပြီး လပြည့်လကွယ်တိုင်း သိမ်ထဲတွင် ဥပုသ်ကံပြုကြသည်။

တစ်နှစ်လျှင် ၂၄ ဥပုသ်ရှိသောကြောင့် ရဟန်းများ ၂၄ ကြိမ် ဥပုသ်ကံပြုကြသည်။

ညနေပိုင်းတွင်လည်း ဘုရားအနေကဇာတင် ဝတ်ပြုပြီး ခန်းမဆောင်သို့ ပြန်လာ၍ သာမဏေများအားလုံး ဆယ်ပါးသီလ တောင်းခံကြရပြန်သည်။ တစ်လလျှင် ၄ သီတင်း ရှိသောကြောင့် ၄ ကြိမ် ဆယ်ပါးသီလ တောင်းခံကြရသည်။

ဤကား ရဟန်းသာမဏေများ ဥပုသ်နေ့နှင့် အဖိတ်နေ့တွင် ကံဆောင်ခြင်း အကြောင်းပင်ဖြစ်သည်။

## ဇေတဝိဂိုဏ်း ဒါယကာ၊ ဒါယိကာမများ ကျင့်ဝတ်

ပြည်ထောင်စု မြန်မာနိုင်ငံပေါ်ရှိ ထေရဝါဒ ဗုဒ္ဓဘာသာဝင် လူမျိုးများသည် မိမိတို့ မြို့နယ်ပယ်ရှိ သံဃာ့ကျောင်းတော်များကို မှီတင်း ခိုကိုး နေထိုင်ကြသလို ရှမ်းတို့နေပြည် မြတ်ဌာနီမှ အမိဇေတဝိကျောင်းကို အမှီပြု၍ မိရိုးဖလာအတိုင်း ရိုသေကိုင်းရှိုင်း ဆည်းကပ် ကိုးကွယ်လျက်ရှိကြသော ထေရဝါဒ ဗုဒ္ဓဘာသာဝင် လူများစုကိုလည်း တွေ့ရပေမည်။ ဇေတဝိကျောင်းတွင်ရှိသော သံဃာတော်များကို ဆည်းကပ်ကိုးကွယ်နေကြသော လူမျိုးစုမှာ ရှမ်း၊ ပလောင်၊ တောင်သူ၊ ခန္တီး၊ မြန်မာ၊ ကရင်၊ ကချင်၊ တရုတ်၊ ကုလား၊ များသောအားဖြင့် ရှမ်းလူမျိုးများဖြစ်ကြသည်။ ဇေတဝိကျောင်းကို ကိုးကွယ်ကြသော ဒါယကာ၊ ဒါယိကာမများသည် ငယ်ရွယ်စဉ်ကပင် သရဏဂုံမြတ်သုံးပါးနှင့် ပဉ္စသီလ ခံယူဆောက်တည်ကြရပြီး ခါးဝတ်ပုဆိုးကဲ့သို့ မြဲအောင် စောင့်ရှောက် ထိန်းသိမ်းကြရသည်။ မိစ္ဆာအာဇီဝဖြစ်သည့် ကုန်သွယ်ခြင်း အမှုကို မပြုလုပ်ကြရပါ။

www.burmeseclassic.com

**ဓမ္မာစရိယဦးဌေးလှိုင်**

**ရေးသားသော ထွက်ပြီးကျမ်းစာများ**

၁။ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ
၂။ ရတနာသုံးပါး ကျေးဇူး
၃။ အနာဂါမ်ဆရာသက်ကြီး
၄။ မေတ္တာဝါဒ (မြဟ္မဝိဟာရအဖွင့်)
၅။ ကမ္ဘာကိုချုပ်ကိုင်မည့်သူ
၆။ သီဟိုဠ်ခေတ် စံတော်ဝင်အရိယာများ
၇။ ဓမ္မဒူတ (ပထမ-ဒုတိယ-တတိယ)
၈။ ခရီးဖော်
၉။ ချမ်းမြေ့စွာ ဘဝနေနည်းလမ်းညွှန်တရားတော်
(တောင်တန်းသာသနာပြုဆရာတော်ဦးဥတ္တမသာရ)
၁၀။ The Buddhist Way Of Daily Life.
ချမ်းမြေ့စွာဘဝနေနည်း (အင်္ဂလိပ်ဘာသာပြန်)
၁၁။ မေတ္တာခရီးသည်ကြီး (ဆရာတော်ဦးဥတ္တမသာရ)
၁၂။ မေတ္တာခရီးသည်ကြီး (ဒုတိယပိုင်း)
(ဆရာတော်ဦးဥတ္တမသာရ)
၁၃။ တောင်တန်းတရား(ပထမ) (ဆရာတော်ဦးဥတ္တမသာရ)
၁၄။ သန္တိဌီကတရားတော်များ၊ (ဝေဘူဆရာတော်ဘုရားကြီး)

## မကြာမီ ဆက်လက်ထွက်လာမည့်စာအုပ်

အိန္ဒိယနိုင်ငံ ဘုံဘေမြို့၌ကျင်းပသော
အပြည်ပြည်ဆိုင်ရာ
**ဝိပဿနာဆွေးနွေးပွဲ သုတေသနစာတမ်းများ**
(မြန်မာ+အင်္ဂလိပ်)

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းထိုင်မထေရ်ဆရာတော် ကလတက်ခေါက်လျှင် ဝါစဉ်အလိုက် မိမိကမ္ဗလာဖုံခင်းတွင် သက်နှိုင်းရုံ၍ စကြာနွေချပြီး ငြိမ်ဝပ်စွာ နေကြရသည်။ တရားနာ ရေစက်ချပြီးလျှင် ဒါယကာ၊ ဒါယိကာမများ လှူဒါန်းထားသော ခဲဘွယ်ဘောဇဉ်များကို ဝေငှပြီး အေးအတူပူအမျှ မျှတကြရပါသည်။

ဤကား ဥပုသ်နေ့တိုင်းပင်ဖြစ်သည်။

နေ့လယ် ဆွမ်းဘုဉ်းပေးပြီး စာကျက်အံပြီး၍ ၁၂း ၃၀ နာရီတွင် ရဟန်းများ ဒေသနာကြားပြီး လပြည့်လကွယ်တိုင်း သိမ်ထဲတွင် ဥပုသ်ကံပြုကြသည်။

တစ်နှစ်လျှင် ၂၄ ဥပုသ်ရှိသောကြောင့် ရဟန်းများ ၂၄ ကြိမ် ဥပုသ်ကံပြုကြသည်။

ညနေပိုင်းတွင်လည်း ဘုရားအနေကဇာတင် ဝတ်ပြုပြီး ခန်းမဆောင်သို့ ပြန်လာ၍ သာမဏေများအားလုံး ဆယ်ပါးသီလ တောင်းခံကြရပြန်သည်။ တစ်လလျှင် ၄ သီတင်း ရှိသောကြောင့် ၄ ကြိမ် ဆယ်ပါးသီလ တောင်းခံကြရသည်။

ဤကား ရဟန်းသာမဏေများ ဥပုသ်နေ့နှင့် အဖိတ်နေ့တွင် ကံဆောင်ခြင်း အကြောင်းပင်ဖြစ်သည်။

## ဇောတိဂိုဏ်း ဒါယကာ၊ ဒါယိကာမများ ကျင့်ဝတ်

ပြည်ထောင်စု မြန်မာနိုင်ငံပေါ်ရှိ ထေရဝါဒ ဗုဒ္ဓဘာသာဝင် လူမျိုးများသည် မိမိတို့ မြို့နယ်ပယ်ရှိ သံဃာ့ကျောင်းတော်များကို မှီတင်း ခိုကိုး နေထိုင်ကြသလို ရှမ်းတို့နေပြည် မြတ်ဌာနီမှ အမိဇောတိကျောင်းကို အမှီပြု၍ မိရိုးဖလာအတိုင်း ရိုသေကိုင်းရှိုင်း ဆည်းကပ် ကိုးကွယ်လျက်ရှိကြသော ထေရဝါဒ ဗုဒ္ဓဘာသာဝင် လူများစုကိုလည်း တွေ့ရပေမည်။ ဇောတိကျောင်းတွင်ရှိသော သံဃာတော်များကို ဆည်းကပ်ကိုးကွယ်နေကြသော လူမျိုးစုမှာ ရှမ်း၊ ပလောင်၊ တောင်သူ၊ ခန္တီး၊ မြန်မာ၊ ကရင်၊ ကချင်၊ တရုတ်၊ ကုလား၊ များသောအားဖြင့် ရှမ်းလူမျိုးများဖြစ်ကြသည်။ ဇောတိကျောင်းကို ကိုးကွယ်ကြသော ဒါယကာ၊ ဒါယိကာမများသည် ငယ်ရွယ်စဉ်ကပင် သရဏဂုံမြတ်သုံးပါးနှင့် ပဉ္စသီလ ခံယူဆောက်တည်ကြရပြီး ခါးဝတ်ပုဆိုးကဲ့သို့ မြဲအောင် စောင့်ရှောက် ထိန်းသိမ်းကြရသည်။ မိစ္ဆာအာဇီဝဖြစ်သည့် ကုန်သွယ်ခြင်း အမှုကို မပြုလုပ်ကြရပါ။

www.burmeseclassic.com

www.burmeseclassic.com



ကြက်၊ ဝက်၊ ဘဲများကိုလည်း မမွေးကြရပါ၊ နတ်များကိုလည်း မကိုးကွယ်ကြရပါ၊ စာရိတ္တ ၄၃ ပါး၊ ဝါရိတ္တ ၁၅ ပါးနှင့်အညီ မိမိကိုယ်ကို ကောင်းမွန်သည်ထက် ကောင်းမွန်အောင် ကျင့်ဆောင်ကြရသည်။

ရပ်ရွာတစ်ရွာလျှင် 'ချိန်း သမာဓိ' တစ်ဦးစီ တင်ထားကြသည်။

ကျောင်းဝေယျာဝစ္စအတွက်လည်း ချိန်းဂေါပက (၅)ဦး တင်မြှောက်ထားကြသည်။ ယခု ဂေါပက (၅)ဦး တို့မှာ-

| | | |
|---|---|---|
| ၁။ ချိန်းခေးခမ်း | ဟဲဟိုး | ဥက္ကဋ္ဌ |
| ၂။ ချိန်းမောက်ခမ်းဟိန်း | နတ်ကြီးကုန်း | အတွင်းရေးမှူး |
| ၃။ ချိန်းဆွယ်ခမ်းစင် | အုတ်ကျင်း | ဘဏ္ဍာထိန်း |
| ၄။ ချိန်းစက်ငင်း | အုတ်ကျင်း | အဝယ်တော် |
| ၅။ ချိန်းယွတ်ခမ်းဟိန်း | မရမ်းကုန်း | ပန်းတကာ |

တို့ ဖြစ်ကြသည်။

ဤကား သုံးနှစ်တွင် တစ်ကြိမ်ကျ တင်မြှောက်ထားသော ချိန်း ဂေါပက လူကြီးများဖြစ်သည်။

## ရှင်ပြုပွဲပြုလုပ်သည့် အစဉ်အလာ

ဇေတဝိကျောင်းသည် များသောအားဖြင့် သုံးနှစ်လျှင် တစ်ကြိမ်မှ နှစ်ကြိမ်အထိသာ စုပေါင်းရှင်ပြုပွဲပြုသည်။ ဆင်းရဲချမ်းသာမရွေး အေးအတူ ပူအမျှ တစ်လုံးတစ်စည်းတည်းဖြစ်အောင် ကျောင်းဘာသာဝင်များအားလုံးက ကုန်ကျစရိတ်ကို တာဝန်ယူကြသည်။ ရှင်ပြုနှစ် မရောက်မီ တစ်နှစ်ခန့်က အမြို့မြို့အနယ်နယ် အရပ်ရပ်ရှိ ကျောင်းသားများကို ကြိုတင် ပို့ထားကြရသည်။

အသက် ၁၀ နှစ်အောက် ငယ်ရွယ်သူများကို သင်္ကန်းဝတ်ပေးခြင်း မပြုရ၊ တစ်နှစ်ကြိုတင် ပို့ထားခြင်းမှာလည်း ကျောင်းတွင် သီတင်းသုံးနေထိုင်ကြသော ဆရာတော်နှင့် တကွ ရဟန်း သာမဏေအားလုံး ၎င်း သာမဏေလောင်းလျာများကို ဘုရားရှိခိုး သင်္ကန်းတောင်း လိင် ၁၀ ပါး၊ ဒဏ် ၁၀ ပါး၊ သေခိယ ၇၅ ပါး၊ ခန္ဓကဝတ် ၁၄ ပါး၊ ပရိတ်ကြီးပါဠိတော်အနက် ပစ္စဝေက္ခဏာ ၄ ပုဒ် အစရှိသော ဝိနည်း

www.burmeseclassic.com

www.burmeseclassic.com



ကျင့်ဝတ်တော်များနှင့် သရဏဂုံ ပီသအောင် သင်ကြားတတ်မြောက် ပေးပြီးသော အခါ သတ်မှတ်ထားသော တပို့တွဲလပြည့်နေ့အထိ ရှင်သာမဏေဘောင်သို့ သွတ်သွင်း ချီးမြှောက်ပေးကြပါသည်။

နောက်ထပ်တစ်ဖန် သာမဏေလောင်း ရှိပြန်လျှင်လည်း ချိန်းသမာဓိ ဂေါပကလူကြီးများ လျှောက်ထားချက်အရ ဆရာတော်က သာမဏေလောင်းများကို ထပ်မံ လက်ခံပြန်ရင်း စာသင်စာချပြုလုပ်၍ တတ်မြောက်သောအခါ နောက်ထပ် တစ်ဖန် သာမဏေဘောင်သို့ ချီးမြှင့်ပြန်လေသည်။

ထို့ကြောင့် ဇော်တိကျောင်းရှင်ပြုပွဲသည် (၃)နှစ်မှာ တစ်ကြိမ်သာ ဖြစ်တတ်သည်။

ပညာလင်္ကာရပရိယတ္တိစာသင်တိုက်

ဂေါပကအဖွဲ့(မိုးညှင်း)

BURMESE CLASSIC

(ဓမ္မဒူတ၊ တတိယတွဲ ဤတွင် ရပ်နားလိုက်ပါကြောင်း။)

အသိမှန်ရ၍ ချမ်းသာကြပါစေ။

ဓမ္မာစရိယဦးဌေးလှိုင်

www.burmeseclassic.com

www.burmeseclassic.com

**ဓမ္မာစရိယဦးငွေကျိုင်**

**ရေးသားသော ထွက်ပြီးကျမ်းများ**

၁။ ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ

၂။ ရတနာသုံးပါး ကျေးဇူး

၃။ အနာဂါမ်ဆရာသက်ကြီး

၄။ မေတ္တာဝါဒ (မြဟွဲ့ဝိဟာရအဖွင့်)

၅။ ကမ္ဘာကိုချုပ်ကိုင်မည့်သူ

၆။ သိဟိုဠ်ခေတ် စံတော်ဝင်အရိယာများ

၇။ ဓမ္မဒူတ (ပထမ-ဒုတိယ-တတိယ)

၈။ ခရီးဖော်

၉။ ချမ်းမြေ့စွာ ဘဝနေနည်းလမ်းညွှန်တရားတော်
(တောင်တန်းသာသနာပြုဆရာတော်ဦးဥတ္တမသာရ)

၁၀။ The Buddhist Way Of Daily Life.
ချမ်းမြေ့စွာဘဝနေနည်း (အင်္ဂလိပ်ဘာသာပြန်)

၁၁။ မေတ္တာခရီးသည်ကြီး (ဆရာတော်ဦးဥတ္တမသာရ)

၁၂။ မေတ္တာခရီးသည်ကြီး (ဒုတိယပိုင်း)
(ဆရာတော်ဦးဥတ္တမသာရ)

၁၃။ တောင်တန်းတရား(ပထမ) (ဆရာတော်ဦးဥတ္တမသာရ)

၁၄။ သန္တိဌိကတရားတော်များ၊ (တောင်ဆရာတော်ဘုရားကြီး)

မကြာမီ ဆက်လက်ထွက်လာမည့်စာအုပ်

အိန္ဒိယနိုင်ငံ ဘုံဘေမြို့ဥကျင်းပသော

အပြည်ပြည်ဆိုင်ရာ

ဝိပဿနာဆွေးနွေးပွဲ သုတေသနစာတမ်းများ

(မြန်မာ+အင်္ဂလိပ်)

www.burmeseclassic.com